

ရန်ကင်းတောင်စာစဉ်(၈)

# ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ

(တတိယပိုင်း)

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

ဆဋ္ဌမအကြိမ်

# 0a&mya,m*\ u,awl0yóem

(ww,yi;)

ဆဋ္ဌမအကြိမ်

**အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၊ သပြေပင်**

Email : ven.khemananda.brahmana@gmail.com

website:www.dhammatrainingcenter.com

&efuif;awmifpmpOf trSwf (8)


အဖုံးနှင့်အတွင်းပုံနှိပ် = ရွှေနိုင်ငံ (၀၀၂၆၉) အမှတ်(၉၀)စီ၊ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်။

ထုတ်ဝေသူ = ဦးမောင်မောင်လှ (ရွှေနိုင်ငံ–၀၀၄၄၇)

ဖြန့်ချိရေး = ရန်ကင်းတောင်စာစဉ်
နေပြည်တော်
ဖုန်း–၀၉–၄၃၀ ၇၅၇၀၄၊ ၀၉–၇၉၇ ၃၀၃၀၂၁၊
၀၉–၈၃၀ ၄၄၄၆
ရန်ကုန်
ဖုန်း–၀၉–၅၁၇၀ ၉၇၉၊ ၀၉–၇၃၀ ၇၀၇၈၁၊
၀၁–၆၄၅ ၈၉၄
သစ္စာမဏ္ဍိုင်ပိဋကစာပေ (ရွှေတိဂုံဘုရားတောင်ဖက်မုခ်)
ဖုန်း –၀၉–၇၃၀ ၉၆၈၉၈၊ ၀၁–၃၈၇၈၄၉

တန်ဖိုး = ၁၈၀၀ ကျပ်

| | | | |
|---|---|---|---|
| ထုတ်ဝေသည့်အကြိမ် = ပထမအကြိမ် | ၂၀၀၇ | ဒီဇင်ဘာလ | ( ၁၀၀၀ ) |
| ဒုတိယအကြိမ် | ၂၀၀၈ | ဒီဇင်ဘာလ | ( ၁၀၀၀ ) |
| တတိယအကြိမ် | ၂၀၁၀ | ဇူလိုင်လ | ( ၁၀၀၀ ) |
| စတုတ္ထအကြိမ် | ၂၀၁၁ | အောက်တိုဘာလ | ( ၁၀၀၀ ) |
| ပဉ္စမအကြိမ် | ၂၀၁၃ | ဇွန်လ | ( ၂၀၀၀ ) |
| ဆဋ္ဌမအကြိမ် | ၂၀၁၅ | စက်တင်ဘာလ | ( ၂၀၀၀ ) |

**"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း"** (CIP)

၂၄၉ ∙ ၃
အရှင်ခေမာနန္ဒ(ရန်ကင်းတောရ) သပြေပင်။
ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (တတိယပိုင်း) ဆဋ္ဌမအကြိမ်
ရန်ကုန်၊ ရွှေနိုင်ငံစာပေ ၂၀၁၅။ ၃၄၈ စာ၊ ၁၃ ∙ ၉၇ x ၂၀ ∙ ၃၂ စင်တီ။
(၁) ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (တတိယပိုင်း)

## ကျေးဇူးဥပကာရတင်မှတ်တမ်း

ဤစာအုပ် ဖြစ်ပေါ်လာနိုင်ရေးအတွက် သာသနာ့တာဝန်များ ပြားလှသည့်ကြားမှ စာမူကြမ်းများကို အပင်ပန်းခံကာ စိတ်ရှည်စွာဖြင့် တည်းဖြတ်ပြုပြင်ပေးတော်မူခဲ့သည့် နာယကဆရာတော် ဦးစန္ဒသိရီ (ဓမ္မာစရိယ၊ ဝိနယဝိဒူ) သာသနာ့ဝန်ဆောင်ကျောင်းတိုက်နှင့် စာချ ဆရာတော်များအားလည်းကောင်း၊ စာမူပြုစုရာတွင် အားတက်သရော ပါဝင် ကူညီ ဆောင်ရွက်ပေးတော်မူသည့် သက်တော်ရှည် ရန်ကင်း တောရကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒအားလည်းကောင်း၊ ကိုးကား ရည်ညွှန်းပြုရာ ကျမ်းများကို ရက်မှ လကြာသည့်တိုင် ကူးယူ ပြင်ဆင် ပေးတော်မူကြသည့် ရန်ကင်းတောရမှ ဦးနန္ဒ၊ ဦးစန္ဒိမာ၊ ဦးဉာဏဓဇ နှင့် ဦးပညာဝံသတို့အားလည်းကောင်း၊ ဥရောပယောဂီ ပထမပိုင်းနှင့် ဒုတိယပိုင်းတို့ကို ဖတ်ရှုခဲ့ပြီးနောက် ဤ(တတိယပိုင်း) စာအုပ် ထွက် ပေါ်လာနိုင်ရေးအတွက် တိုက်တွန်းအားပေးကာ ချီးမြှောက်ပေးခဲ့ကြ သည့် ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ တပည့် ဒါယကာ ဒါယိကာမများအားလည်းကောင်း၊ စာအုပ်ဖြစ်မြောက်အောင် ကွန်ပျူတာကိစ္စ၊ ရုံးလုပ်ငန်းစသည့် အုပ်ချုပ်မှုကိစ္စ အဝဝကို ဆောင် ရွက်ပေးကြသည့် ဦးတင်ထွန်း (ရန်ကုန်)၊ မစန္ဒာလင်းနှင့် ရွှေနိုင်ငံတို့ အားလည်းကောင်း ကျေးဇူးဥပကာရ တင်ရှိပါသည်။

# ဤစာအုပ်အကြောင်း

ဥရောပယောဂီ (ဒုတိယပိုင်း)ကို ဖတ်ရှုခဲ့ကြသည့် ပြည်တွင်း ပြည်ပ ရပ်နီးရပ်ဝေးမှ ယောဂီသူတော်ကောင်း ပုဂ္ဂိုလ်တို့သည် ဖတ်၍ အားမရဖြစ်ကာ ထပ်မံ၍လည်း ဤစာများကိုဖတ်ရှုရန် ဆန္ဒအာသီသ ပြင်းပြကာ မေးမြန်းစုံစမ်းမှုများ အကြိမ်ကြိမ် ရှိနေခဲ့ပါသော်လည်း စာရေးသူအရှင်မြတ်၏ ကျန်းမာရေးကို ငဲ့ကွက်ကာ မဝံ့မရဲဖြင့် အချိန် အခါအားလျော်စွာ လျှောက်ထားခဲ့မိရာတွင် "ရေးတော့မှပဲ ကျေးဇူး များမယ်ဆိုရင်တော့ မတွန့်မဆုတ်ရေးရုံပါပဲ။ တွန့်ဆုတ်ပြီးရေးလို့ လည်းမဖြစ်ဘူး။ ကျန်းမာရေးကောင်းအောင် စောင့်နေလို့လည်း မဖြစ်နိုင်တော့ဘူး။ ဒါပေမယ့် ဒီဥရောပယောဂီကို ဘာသာပြန်ထားတဲ့ စာမူလို့ပဲ စာဖတ်သူတချို့က ထင်နေကြဟန် တူတယ်။"ဟု မိန့်ကြား တော်မူခဲ့ပြီးသည့်နောက် ရက်၊ လ၊ နှစ် ကာလ အတန်ကြာလတ်သော အခါသမယ၌ ဤစာအုပ် ဖြစ်ပေါ်လာခဲ့ရပါသည်။

စာရေးသူ အရှင်မြတ်မှ စာမူရေးပေးခြင်း၊ ကျမ်းညွှန်းများ စိစစ်ခြင်း Proof ဖတ်ရှုကာ ပြင်ဆင်ခြင်းမျှသာ ပြုပေးတော်မူပြီး စာမူ ကို မငဲ့မကွက် ရန်ကင်းတောင်စာစဉ် စီစဉ်သူများ၏ လက်ဝယ်သို့ ပေးအပ်ပြီးနောက်ပိုင်းတွင်မူ မေးမြန်းစုံစမ်းမှုပင် နည်းလွန်းလှပါသည်။ စာအုပ်ပုံနှိပ်မှု၊ ထုတ်ဝေမှု၊ ဖြန့်ချိမှုကိစ္စအဝဝသည် ရန်ကင်းတောင် စာစဉ် ကပ္ပိယများ၏ တာဝန်သာ ဖြစ်လေသည်။

ဤစာမူကိုလည်း အဆင့်ဆင့် ကျမ်းကိုးကျမ်းကားများဖြင့် စိစစ်ပြီးသည့်နောက် ရန်ကင်းတောင်စာစဉ် စီစဉ်သူ ကပ္ပိယများ၏

လက်ဝယ်သို့ ပေးအပ်စဉ် "စာရေးသူကလည်း ဇရာ ဗျာဓိ ဒုက္ခ အနာရောဂါ နှိပ်စက်မှုကို ခံနေရပြီး ဥရောပယောဂီကလည်း ဇရာ ဒုက္ခအိုမင်းမစွမ်းပြီဆိုတော့ ဒီနောက်ပိုင်း တရားတွေကော ဇရာ ဒုက္ခသည်ယောဂီက လျှောက်နိုင်ပါဦးတော့မလား။ ဗျာဓိ ဒုက္ခသည် ဆရာကကော ဖြေနိုင်ပါဦးမလားတော့ မသိဘူး။ ဒီတော့ ဒါကိုပဲ နိဂုံးဆိုရင်ကော ဖြစ်ပါ့မလား"ဟု မိန့်ကြားပါသည်။

ဥရောပယောဂီ တတိယပိုင်းသည်သာ နိဂုံးပိုင်းဖြစ်လျှင် ဖြစ်သွားပါစေ ဤအရှင်မြတ်၏ စာများမှာမူ နိဂုံးအပြီးသတ် မဖြစ်ပါသေးလျှင်မူ ကောင်းလေစွဟု ဆန္ဒပြုမိကြပါသည်။

စီစဉ်သူများ
ရန်ကင်းတောင်စာစဉ်
၂၀၀၇ ခု၊ နိုဝင်ဘာလ(၁)ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျေးဇူးဥပကာရတင်မှတ်တမ်း | က |
| ၂။ | ဤစာအုပ်အကြောင်း | ခ |
| ၃။ | အမှာစကား | င |
| ၄။ | နိဒါန်း | ဇ |
| ၅။ | ဥဒါန်း | ဓ |
| ၆။ | ဆရာတော်နှင့် တပည့်ယောဂီတို့၏ ပြန်ကြားစာနှင့် လျှောက်ထားစာများ | ၁ |
| ၇။ | နိဂုံး | ၂၈၅ |
| ၈။ | မေတ္တာကမ္မဋ္ဌာန်းဆိုင်ရာမေးခွန်းနှင့် အဖြေ | ၂၉၂ |
| ၉။ | ကျမ်းညွှန်း | ၃၁၈ |

## အမှာစကား

ဤစာကို ပြုစုရေးသားတော်မူသည့် စာရေးသူအရှင် သီတင်းသုံးရာ တောရကျောင်းသို့ ခေတ္တရောက်ခဲ့ပါသည်။ စာရေးသူအရှင်နှင့် အတူတကွ ရက်အတန်ကြာ နေပြီးသော အခါတွင်မူ လိုလိုလားလား ပွင့်ပွင့်လင်းလင်း တစ်ဘက်သားအပေါ် နားလည်နိုင်စွမ်းရှိမှု၊ ဝိနည်းလေးစားမှုတို့ကို များစွာ ကြည်ညို လေးစားခဲ့မိပါသည်။

တောရကျောင်းတွင်နေစဉ် ဥရောပယောဂီ၏ ကိုယ်တွေ့ ဝိပဿနာ တတိယပိုင်း စာမူကြမ်းကို ဖတ်ရှုခွင့် ရခဲ့ပြန်ပါသည်။

ဖတ်ရှုပြီးသောအခါ "ကောင်းလိုက်တာ၊ ယောဂီဒါယိကာ မကြီးကလည်း အသိရှင်းလိုက်တာ၊ ပြောတတ်လိုက်တာ၊ ဆရာတော်ကလည်း အသိအမြင် ဗဟုသုတ များလိုက်တာ ကျမ်းဂန် နှံ့စပ်လိုက်တာ" ဟု စိတ်ထဲတွင် ချီးကျူးမိပါသည်။ တရားအားထုတ်သော ယောဂီများအတွက် များစွာ အထောက်အကူပြုသော စာအုပ်ကောင်း တစ်အုပ်ဖြစ်သောကြောင့် မိမိနှင့် နီးစပ်ရာကိုလည်း ဖတ်ရှုစေချင်သောစိတ် ဖြစ်ပေါ်ခဲ့ပါသည်။ သတိပဋ္ဌာန်၏ အကျိုးတရားသည် ပင်လျှင် သတိပဋ္ဌာန် ရှုမှတ်ခြင်း၏ ရည်ရွယ်ချက် ဖြစ်ပါသည်။ တရားအားထုတ်ခြင်းသည် ကိလေသာများ စင်ကြယ်ရန် ဖြစ်ပါသည်။ တရားတိုးတက်မှု ရှိ မရှိ သိလိုလျှင် ကိလေသာနည်းမနည်း ဖြစ်ကြောတိုမတိုနှင့် မှတ်ကျောက် တင်ကြည့်ရပါမည်။

သတိပဋ္ဌာန် ရှုမှတ်၍ လောဘ ဒေါသ မောဟ စသော ကိလေသာများ နည်းပါးလာသည်နှင့်အမျှ လောကအပေါ် ဘဝ အပေါ် ကာမဂုဏ်များအပေါ် တန်ဖိုးထားမှုများ သဘောထားမှုများ အသိအမြင်များ ပြောင်းလဲလာပါသည်။

လောဘစင်ကြယ်လာသည်နှင့်အမျှ ကာမဂုဏ်များကို မမက်မောတော့၊ အရေးတကြီး မရှိမဖြစ်ဟု မယူဆတော့၊ အကောင်းအမွန်ကြီးဟု အထင်မကြီးတော့ ဤသည်ပင် လောဘဖြင့်မြင်သော အသိအမြင်မှ အလောဘဖြင့်မြင်သော အသိအမြင်သို့ ပြောင်းလဲလာခြင်းဖြစ်ပါသည်။

ဒေါသစင်ကြယ်လာသည်နှင့်အမျှ ရန်ငြိုးဖွဲ့မှု၊ မုန်းတီးမှု၊ အလိုမကျမှု မကျေနပ်မှုများ လျော့နည်းလာပြီး အလိုလို မေတ္တာစိတ်များဖြစ်နေတတ်ပါသည်။ အရင်ကခွင့်မလွှတ်နိုင်သူများကိုပင် လွယ်လွယ်ကူကူ ခွင့်လွှတ်နိုင်လာပါသည်။ မေတ္တာပွားရန် အလွန် လွယ်ကူသွားပါသည်။ ဤသည်မှာ ဒေါသဖြင့် မြင်သောအသိအမြင်မှ အဒေါသ(မေတ္တာ)ဖြင့် မြင်သောအသိအမြင်သို့ ပြောင်းလဲလာခြင်းဖြစ်ပါသည်။

မောဟစင်ကြယ်လာသောအခါ ရုပ်နာမ်အပေါ် ငါ သူတစ်ပါးယောကျ်ား မိန်းမပဲဟုယူသော အယူမှားများပျောက်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှပဲဟု သိသောအသိ သစ္စာနှင့် လျော်သောအသိသစ္စာနုလောမိကဉာဏ် ဖြစ်ပေါ်လာပါသည်။ ဤဉာဏ်သည် ဘုရားပွင့်မှ ရရှိနိုင်သော ဉာဏ်ဖြစ်၍ တန်ဖိုးကြီးပါသည်။ သိသည်နှင့်အမျှစိတ်၏ အရည်အသွေးများ တိုးတက် မြင့်မားလာပါသည်။ အသိဉာဏ် မြင့်မား ရင့်ကျက်လာခြင်းသည် မောဟမှ အမောဟသို့ အသိအမြင် ပြောင်းလဲလာခြင်းပင် ဖြစ်ပေသည်။

လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာများ နည်းပါးလာလျှင် လောဘ၊ ဒေါသ၊ မောဟတို့ကြောင့်ဖြစ်သော သောကပရိဒေဝ ဒုက္ခ ဒေါမနဿများ လွန်မြောက်ချုပ်ငြိမ်းသွားသဖြင့် လောကခံ

များနှင့် ကြုံတွေ့သောအခါ မတုန်လှုပ်တော့ဘဲ ခံနိုင်ရည်ရှိလာသည်။ မဂ်ဖိုလ် နိဗ္ဗာန်ကိုလည်း ရနိုင်ပါသည်။

ဤအသိအမြင်များ ပြောင်းလဲလာပုံသည် သတိပဋ္ဌာန် အကျိုး တရားများကို ဘဝမခြား သန္ဒိဋ္ဌိက အကာလိက အကျိုး ခံစားရပုံများ ကို ဤစာအုပ်တွင် ဖတ်ရှုခဲ့ရပါသည်။ *တရားအားထုတ်ထားသူ ဖတ်လျှင်လည်း မိမိကိုယ်တွေ့နှင့် တိုက်ဆိုင်လိုက်တာဆိုပြီး ကျေနပ်မှု ရနိုင်ပါသည်။ တရားအားမထုတ်ဖူးသေးသူ ဖတ်လျှင်လည်း တရား အားထုတ်လျှင် ဒီလို စိတ်ကောင်း စိတ်မြတ်တွေ ရမှာပါလားဟု အသိအမြင် တိုးစေ၊ အားတက်စေပါသည်။*

ထို့ကြောင့် ဤစာအုပ်သည် ကိုယ်နှင့်မကွာ သွားလေရာရာ ဆောင်ထားပြီး မကြာခဏ ဖတ်ရှုကာ နှလုံးသားထဲတွင် အမြဲမကွာ ဆောင်ထားသင့်သည့် ဩပနေယျိယဂုဏ်နှင့် ပြည့်စုံသော စာအုပ် ကောင်းတစ်အုပ် ဖြစ်ပါပေသည်။

လူသားအများ အသိအမြင်များ ပြောင်းလဲနိုင်ကြပါစေ။

အရှင်ဝရသာမိ(သာသနဓဇ ဓမ္မာစရိယ)
ပင်လုံရတနာကျောင်း၊ ပုလဲမြို့သစ်၊ ရန်ကုန်။
၂၀၀၇ ခုနှစ်၊ ဇွန်လ(၂၆)ရက်

ဤကောင်းမှု ကုသိုလ်ကြောင့်

ကမ္ဘာပေါ်တွင်

မြတ်ဗုဒ္ဓသာသနာတော်

အစွန့်ရှည်ကြာ တည်တံ့၍

ကမ္ဘာသူ ကမ္ဘာသားများ

ဝိမုတ္တိသုခကို

ရရှိခံစားနိုင်ကြပါစေသော်(ဝ်)

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)

# သတိပဋ္ဌာန်ကြောင့်ရရှိမည့်အကျိုးကျေးဇူး

၁။ သတ္တဝါတို့ရဲ့ စိတ်စင်ကြယ်ခြင်း အကျိုး

၂။ စိုးရိမ်ပူပန်ခြင်း သောကမီးကို လွန်မြောက်ခြင်းအကျိုး

၃။ ဝမ်းနည်းပူဆွေး ငိုကြွေးမြည်တမ်းခြင်း ပရိဒေဝကို လွန်မြောက်ခြင်းအကျိုး

၄။ ကိုယ်ဆင်းရဲခြင်း ဒုက္ခမီးတို့ ချုပ်ငြိမ်းခြင်းအကျိုး

၅။ စိတ်နှလုံးမသာယာခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း၊ ဒေါမနဿမီးတို့ ချုပ်ငြိမ်းခြင်းအကျိုး

၆။ အရိယမဂ်ဉာဏ်ကို ရစေခြင်းအကျိုးနှင့်

၇။ အသင်္ခတဓါတ်နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းအကျိုးတို့ကို ရရှိနိုင်ပါသည်။

## နိဒါန်း

ဝိနည်း(ရဟန်းသီလ)ဆိုင်ရာတို့၌ မသိမလိမ္မာသည့် ကိစ္စရပ်များ၊ အားထုတ်သည့် ကမ္မဋ္ဌာန်းဆိုင်ရာတို့၌ စိတ်ထဲမရှင်းလင်းသည့် အကြောင်းအရာများနှင့် ပရိယတ္တိစာပေဆိုင်ရာ အနက်မထင်နိုင်သည့် အခါကာလများ၌ ရွှေဥမင်ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ သွားရောက် လျှောက်ထားလိုပါသော်လည်း ဝါးနက်ချောင်းတော၌ သီတင်းသုံးခဲ့သည့် ကာလရှည်တစ်လျှောက်လုံး၌ပင် စိတ်သွားတိုင်း ကိုယ်မပါနိုင်သည်က များခဲ့ပါသည်။

ဝါးနက်ချောင်းတောမှ ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့သွားသော ခရီးစဉ်အတွက် ထိုစဉ်ကာလက ဦးစွာ ခြေလျင်ခရီးလျှောက်ရပါသည်။ ထို့နောက်မြေသယ်ကား(ဝါ) ထွေလာဂျီ စီးရပါသည်။ ထို့နောက် လိုင်းကားစီးရပါသည်။ ထို့နောက် ဘတ်စ်ကားစီးရပါသည်။ ထို့နောက်တစ်ဖန် ခြေလျင်ခရီးလျှောက်မှသာ ဆရာတော်ဘုရားကြီးထံတော်ပါး ရောက်ရှိရပါသည်။ အသွားလည်း ဤနည်းအတိုင်းဖြစ်ပြီး အပြန်လည်း ထိုနည်းလည်းကောင်း ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ကပ္ပိယနှင့် အခြားအပ်စပ်ရာရာ အကြောင်းအကျိုးများ ပြည့်စုံမှသာလျှင် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ ရောက်ရှိခွင့် ရှိခဲ့ပါသည်။

ဆရာသခင်ထံပါးမှ ချိုမြိန်သော၊ အနှစ်သာရပြည့်ဝသော၊ တန်ဖိုးကြီးမြတ်သော၊ အဓိပ္ပာယ်နက်နဲလှသော ဩဝါဒစကားများကို ခံယူခွင့်ရခြင်းနှင့် ရင်ထဲမရှင်းလင်းသည့် ကင်္ခါတို့ကို ဖြေဖျောက်ပေးစွမ်းသည့် ဆရာ့ထံပါးဆည်းကပ်ခွင့် ရရှိခဲ့ခြင်းသည် ဘဝ၌ တန်ဖိုးမဖြတ်နိုင်ခဲ့ပေ။

"ဦးခေမာ အစောကြီးရောက်လာတယ်၊ တရားလျှောက်ထားဖို့ရှိသလား?ဟု ဆရာတော်ကြီးမှ နွေးထွေးစွာ မိန့်တော်မူလေ့ရှိပါသည်။ ထို့နောက် စံကျောင်း၏ အခန်းတွင်းသို့ခေါ်၍ ထိုင်စေကာ တရားလျှောက်ထားရန် မိန့်တော်မူပါသည်။

"ဘုရားတပည့်တော်မှာ ဝိနည်းဆိုင်ရာမရှင်းလင်းသည့် ကိစ္စတစ်ခုနှင့် ကမ္မဋ္ဌာန်းဆိုင်ရာလျှောက်ထားရန် (၃)ခု ရှိနေပါသည်ဘုရား။ ဘုရားတပည့်တော် အားထုတ်နေသည့် ဝိပဿနာ ကမ္မဋ္ဌာန်းဆိုင်ရာကို ဦးစွာ လျှောက်ထားပါရစေဘုရား။"

"နေဦး ဦးဇင်း၊ နေဦး ဝိနည်းဆိုင်ရာသံသယကို အရင်လျှောက်ပါဦးလား"

တရားလျှောက်ထားအပြီး ဆရာတော်ဘုရားကြီး၏ နိဂုံးချုပ်သြဝါဒစကား၌မူ *"ဦးဇင်း ဝိပဿနာတရား အားထုတ်တာ အသိအမြင်တွေ ပြောင်းဖို့သာ ပဓာနနော်"*ဟု ရံခါ ဆုံးမတော်မူပါသည်။ ရံခါ၌လည်း *"ဦးခေမာ သတိပဋ္ဌာန်တရား အားထုတ်လာတာနှင့်အမျှ စိတ်နေစိတ်ထားတွေ၊ အသိအမြင်တွေ ပြောင်းဖို့သာ လိုရင်းနော်"*ဟု သြဝါဒပြုတော်မူပါသည်။

မသိမလိမ္မာ အသိမကြွယ်သည့် တပည့်သည် ဆရာတော်ထံပါး တရားတို့ကို ပြောင်းလဲ၍ ပြောင်းလဲ၍ ရှည်လျားစွာ၊ ရှည်လျားစွာ လျှောက်ထားမိခဲ့ပါသော်လည်း ဆရာတော်ဘုရား၏ သြဝါဒကား ပြောင်းလည်း မပြောင်းခဲ့ပါ။ ရှည်လည်း မရှည်လျားခဲ့ပါ။

ကပိလဝတ်ပြည်၏ နန်းတော်တွင်းမှ သာကီဝင်မင်းသား တစ်ပါးမှ ရဟန်းဖြစ်လာသည့် အရှင်အနုရုဒ္ဓမထေရ်၏ လူ့လောက

အပေါ် အမြင်ပြောင်းလဲခြင်းကို မဟာဝဂ္ဂသံယုတ် ပါဠိတော်၌ ဤသို့ ဖော်ပြပါသည်။ မင်းမူးမတ်တို့သည်လည်းကောင်း၊ အဆွေခင်ပွန်း မိဘ သားချင်းတို့သည်လည်းကောင်း၊ ရာထူးအာဏာ စည်းစိမ်ဥစ္စာ တို့ဖြင့် ဖိတ်ခေါ်သည် ဖြစ်ငြားအံ့။

"ပင်ပန်းဆင်းရဲလှသော ရဟန်းအဖြစ်ကို စွန့်၍ ထိုထိုသော စည်းစိမ်တို့ကို ခံစားလှည့်ပါလော့"ဟု တိုက်တွန်းငြားအံ့။

ထိုတိုက်တွန်းသူတို့သည် ပင်ပန်းဆင်းရဲရုံသာ ရှိပေလိမ့်မည်။ သတိပဋ္ဌာန်ကို ဆင်ခြင်ပွားများပြီးသော ရဟန်းသည် လူ့ဘောင်သို့ ကူးပြောင်းလိမ့်မည် မဟုတ်ပေ။ ရာထူး အာဏာ စည်းစိမ် ဥစ္စာတို့ကို တွယ်တာ မက်မောလိမ့်မည် မဟုတ်တော့ပေ။[၁]

ခုဇ္ဇုတ္တရာကျွန်မသည် ကောသမ္ဗီပြည့်ရှင်ဘုရင်၏ နန်းတော်မှ တစ်နေ့လျှင် ပန်းဖိုး(၄)အသပြာကို ခိုးယူခဲ့သည်မှာ ကာလကြာမြင့်ခဲ့ လေပြီ။ ထိုတစ်နေ့ သုမနပန်းသည်အိမ်၌ မြတ်ဘုရားထံတော်ပါးမှ တရားတော်ကို နာကြားအပြီးတွင် အရိယာဖြစ်ခဲ့ပြီ။

ထိုနေ့တွင် ဥတေနမင်းမြတ်မှ သာမာဝတီမိဖုရားအား ချီးမြှင့် သည့် ပန်းဖိုး (၈)အသပြာအပြည့်ဖြင့် ပန်းများ ဝယ်ယူသွားပါသည်။ အခါတိုင်းရက်များထက် ပန်းများသည်(၂)ဆ ဖြစ်လာပါသဖြင့် မင်း၏ မိဖုရားမှ မေးလေသည်။

"ခုဇ္ဇုတ္တရာ ဘုရင်မင်းမြတ်က ယနေ့ ပန်းဖိုး(၂)ဆ ပေးလေ သလား။" ဤမေးခွန်း၏အဆုံး၌ ဘုရင့်ဘဏ္ဍာတော်ကို ခိုးယူမှု၊ အလွဲ သုံးစားလုပ်မှု၊ လိမ်လည်မှုများ ပေါ်ပေါက်ပေတော့မည်။ ထိုအခါ ပဒေသရာဇ်မင်းမှ သေဒဏ်လည်း ပေးနိုင်သည်၊ ခြေလက်တို့လည်း

၁။ (၉၀၆) သလဋ္ဌာဂါရသုတ္တ၊ အနုရုဒ္ဓသံယုတ္တ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။

ဖြတ်ပြစ်နိုင်သည်၊ အကျဉ်းလည်း ချထားနိုင်သည်။ ဒါကို ခုဇ္ဇုတ္တရာ မသိမဟုတ်၊ သေသေချာချာ သိသည်။

သို့သော် ခုဇ္ဇုတ္တရာသည် အပြစ်ပေးရင်လည်း ကျခံတော့မည်၊ အကယ်၍ အသက်သတ်လျှင်လည်း အသေခံတော့မည်။ ထိုတစ်နေ့မှစ၍ ခုဇ္ဇုတ္တရာသည် မခိုးတော့ပါ။ လိမ်လည်း မလိမ်တော့ပါ။ ထိုဆုံးဖြတ်ချက်အတိုင်း ဘဝကို ရပ်တည်သွားပါသည်။ ဤသည်ပင် *သတိပဋ္ဌာန် တရားတော်ကြောင့် အသိအမြင် ပြောင်းလဲခြင်းပေတည်း။*

ကာမဂုဏ်တို့သည် မဆုံးနိုင်လောက်အောင် များပြားသော အပြစ်ရှိကုန်၏။ များသော ဆင်းရဲရှိကုန်၏။ ပြင်းသော အဆိပ်နှင့်တူကုန်၏။ (ဓားသွားဖျား၌တည်သော ပျားရည်ကဲ့သို့) သာယာမှုနည်းပါးကုန်၏။ ပြင်းစွာတပ်စွန်းမှု 'ရာဂ'စသော ကိလေသာကို ပွားစေတတ်ကုန်၏။ ဖြူစင်သော ကုသိုလ်အဖို့ကို ခြောက်ကပ်စေတတ်ကုန်၏။[၁]

*ကာမဂုဏ်ကို ဘဝ၏ပန်းတိုင်၊ ဘဝ၏အားထားရာ ဘဝ၏ မှီခိုလဲလျောင်းရာဟုယူသော လောက၌ ဤဥဒါန်းစကားတို့သည် အမြင်ပြောင်းလဲခြင်းပင် မဟုတ်ပေလော? အသိပြောင်းလဲခြင်းပင် မဟုတ်ပေလော?*

ထေရီထေရာအရှင်မြတ်တို့သည် စည်းစိမ်ဥစ္စာ အာဏာရာထူး ဟူသမျှတို့ကို မတည်မြဲဘူးဟု ကောင်းစွာ သဘာကျထားကုန်သည်။

ထိုနည်းတူ ဆင်းရဲကင်းရာ ချမ်းသာအစစ် ဧကန်ကိုလည်း သေချာ သိမြင်ထားပြီး ဖြစ်ပါသည်။ စည်းစိမ်ဥစ္စာ အာဏာရာထူး ဌာနန္တရ လောကီအာရုံ ကာမဂုဏ်များသည် ချမ်းသာကို မပေးနိုင်ပါဟူ၍လည်း ပိုင်ပိုင်နိုင်နိုင် သိမြင် ထားတော်မူကြပါသည်။

---

၁။ (၃၆၀) သုဘာကမ္မာရဓိတုထေရီ၊ ထေရီဂါထာပါဠိ။

ယံ ပရေ သုခတော အာဟု၊ တဒရိယာ အာဟု ဒုက္ခတော၊
ယံ ပရေ ဒုက္ခတော အာဟု၊ တဒရိယာ သုခတော ဝိဒူ။[၁]

ဤအာဂုံပါဠိဂါထာတော်သည် ပုထုဇဉ်နှင့် သူတော်ကောင်းပုဂ္ဂိုလ်တို့၏အမြင် ခြားနားခြင်းပေတည်း။

ပုထုဇဉ်လူသားအများစုတို့မှ ဒုက္ခဆင်းရဲဟု ထင်မြင်ယူဆသဘောကြထားသောအရာတို့သည် သူတော်သူမြတ်တို့အဖို့မူ သုခဖြစ်လေပြီ။

ပုထုဇဉ်လူသားထုမှ သုခချမ်းသာဟု မှတ်ထင်ယူဆကာနှစ်သက်သဘောကျသော အရာတို့သည် သူတော်ကောင်းများအဖို့မူ ဒုက္ခဟုမြင်တော်မူကြပေသည်။

*<u>တစ်နည်းဆိုရသော် ပုထုဇဉ်နှင့် အမြင်ခြင်းမတူသော ခြားနားချက်များပေတည်း။ ပုထုဇဉ်အမြင်၌ “ချမ်းသာတယ်၊ မြင့်မြတ်တယ်”ဆိုသောအရာများကို အရိယာအမြင်၌မူ “ယုတ်နိမ့်တယ် ဆင်းရဲတယ်”ဟု မြင်တော်မူကြခြင်းမှာ အသိအမြင် ပြောင်းလဲခြင်းကြောင့်ပေတည်း။</u>*

*<u>သို့ဖြစ်ပါ၍ စွန့်နိုင်ခဲသည့် ကြီးကျယ်ခမ်းနားလွန်းသောဘုရင်ဧကရာဇ်မင်းစည်းစိမ်များ၊ မိဖုရားခေါင်ကြီး စည်းစိမ်များ၊ ရာဇကုမာရ ရာဇကုမ္မာရီတို့၏ စည်းစိမ်များ၊ နုပျိုလှပသည့် အရွယ်၏ဂုဏ်များ သူဌေးသူကြွယ်တို့၏ ကြီးကျယ်များပြားလှသည့် စည်းစိမ်ဥစ္စာများကို တပ်မက်ခြင်းမရှိ၊ တွယ်တာခြင်းမရှိ၊ စွန့်စွန့် လွတ်လွတ်ကြီး စွန့်ထားခဲ့ကြသည်မှာ အမြင်ပြောင်းလဲခြင်းကြောင့်ဖြစ်ပါသည်။ အသိပြောင်းလဲခြင်းကြောင့်ပင် ဖြစ်ပါသည်။</u>*

---
၂။ (၁၃၆) ပထမရူပါရာမသုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။

ဤသည်မှာ ရဟန္တာ၊ အနာဂါမ်၊ သောတာပန်စသည် အရိယာပုဂ္ဂိုလ်တို့၏ ကိလေသာကင်းစင်သည့် လောကအမြင်ကို ဖော်ပြနေခြင်း မဟုတ်ပေလော? ဟု စောဒနာလိုပါလျှင် စောဒနာခွင့် ရှိပါသည်။

*ဤလမ်းဖြင့် သွားရာတွင် ထိုမျှ ခရီးပေါက်၍ ထိုမျှကိလေသာကင်းကာ ထိုမျှ လောက အသိအမြင် ပြောင်းခဲ့သည်ကို သဘောကျလက်ခံနိုင်မည်ဆိုပါက ဤမျှ ခရီးပေါက်လျှင်လည်း ဤမျှ ကိလေသာကင်းကာ ဤမျှ လောကအမြင် ပြောင်းရမည်သာ။*

ဤကိလေသာ ကင်းစင်သည့် သတိပဋ္ဌာန် လမ်းကြောင်းသည်ကား ထိုထို မရေမတွက်နိုင်သည့် အရိယာတို့ သွားခဲ့ဖူးလှပြီးဖြစ်သည့် ဖုန်ထနေသော လမ်းရိုးလမ်းဟောင်းကြီး ဖြစ်ပေသည်။

ဤစာအုပ်၌ ဥရောပယောဂီ ဒါယိကာမကြီး၏ အသိအမြင်ပြောင်းလဲမှုကို ပေးစာပြန်စာတို့ဖြင့် မြန်မာစာဖတ် ပရိသတ်များအားပါးတရ ဖတ်ရှုရပေမည်။

ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ *"အသိအမြင်ပြောင်းဖို့သာ ပဓာနနော်ဦးခေမာ"*ဟူသော နက်နဲလှသည့် ဩဝါဒစကားတော်၏ အနက်အဓိပ္ပာယ်ဆိုလိုရင်းကို တစ်စိတ် တစ်ပိုင်း အနည်းငယ်ဖြစ်စေကာ ဤစာအုပ်၌ ထင်ဟပ် ပေါ်လွင်ပေလိမ့်မည်ဟု ယုံကြည်မိပါသည်။

## ဥဒါန်း

လောကစည်းစိမ်အရာ၌လည်းကောင်း ကာမဂုဏ်အရာ၌လည်းကောင်း အမြင့်ဆုံး စံထားလောက်အောင် ခံစားကာနေခဲ့သည့် ရာဇကုမ္မာရီ မဒ္ဒရာဇ်မင်း၏သမီးတော် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရ မင်း၏အလှထိပ်ခေါင် ခေမာဒေဝီမိဖုရားခေါင်သည် ဤသာသနာတော်၌ ရဟန်းမတို့တွင် ဉာဏ်ပညာ ကြီးမားသည့်အရာ၌ အသာဆုံး အမြတ်ဆုံး ဧတဒဂ် ရရှိတော်မူခဲ့ပါသည်။ ထိုရဟန္တာထေရီတစ်ပါး၏ နှုတ်မြွက် ဥဒါန်းတော်မှာ. . .

သတ္တိသူလူပမာ ကာမာ၊ ခန္ဓာ'သံ အဓိကုဋ္ဋနာ။

ယံ တွံ ကာမရတိံ ဗြူသိ၊ အရတီ ဒါနိ သာ မမ။

သဗ္ဗတ္ထ ဝိဟတာ နန္ဒီ၊ တမောခန္ဓော ပဒါလိတော။

ဧဝံ ဇာနာဟိ ပါပိမ၊ နိဟတော တွမသိ အန္တက။[၁]

ကာမဂုဏ်တို့သည် ဓားလှံနှင့် တူကုန်၏။ သံတံကျင်နှင့် တူကုန်၏။ ဥပါဒါနက္ခန္ဓာငါးပါးသည် ထိုကာမဂုဏ်တို့၏ ခုတ်စဉ်း ဖြတ်ပိုင်းရာ စဉ်းတီတုံးနှင့်တူကုန်၏။ ငါသည် ထိုကာမဂုဏ်တို့၌ မမွေ့လျော်တော့ပြီ။ ငါသည် ခပ်သိမ်းသော အာရုံတို့၌ နှစ်သက်မှု တဏှာကို ပယ်ဖျောက်အပ်ပြီ။ မောဟ အစု အမိုက်ထုကို ဖောက်ခွဲ အပ်ပြီဟု ဥဒါန်းကျူးရင့်ခဲ့ပါသည်။

လောကလူသားတိုင်း အားကျလောက်သည့် ရှင်ဘုရင့် သမီးတော် ခေမာဒေဝီဧကရာဇ်မင်း၏မိဖုရားတစ်ပါး ကာမအာရုံပေါ် နှစ်သက်သာယာ သဘောကျခြင်းကိုမူ လူတိုင်းခံစားနိုင်လောက်သည်၊ လူတိုင်းနားလည်နိုင် လောက်ပေမည်။

ဤဥဒါန်းပါဠိတော်ပါ ခေမာထေရီ၏ စကားဝါကျများကိုမူ နားလည်ရန် ကြိုးစားရပေမည်။ သို့မှသာ တရားအားထုတ်မှု အဆင့်ဆင့်ကြောင့် ဘဝအသိအမြင် ပြောင်းလဲသွားခြင်းကို နားလည်ရန် ခက်ခဲတော့မည် မဟုတ်တော့ပါဟု တိုက်တွန်းလိုပါသည်။

၁။ (၁၄၁-၁၄၂) ခေမာထေရီ၊ ထေရီဂါထာပါဠိ။

## ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။

ဆရာတော်ဘုရားထံပါးမှ နက်နဲသော တရားများကို နာကြားမှတ်သားခွင့်ရခဲ့တာ ဘုရားတပည့်တော်ဘဝမှာ ရခဲလှစွာသော အခွင့်ထူးပါပဲဘုရား။ တပည့်တော်မဘဝမှာ *ယခုလိုဆရာ၊ ယခုလိုတရားနှင့် ဆုံဆည်းခွင့်ရတာဟာ သာမန်တစ်ခဏ၊ တစ်ဘဝ အကြောင်း တိုက်ဆိုင်မှုကြောင့်တော့ ဟုတ်တယ်လို့ မထင်မိပါဘူး။ အတိတ်ဘဝများစွာရဲ့ ပါရမီထူးကြောင့်ပဲလို့ ထင်မိပါတယ်ဘုရား။*

*ဘုရားတပည့်တော် Fantasy World ထဲမှာ အနေနည်းလာလို့ သောကဖြစ်တာလည်း သိသိသာသာ ပါးလာပါတယ်ဘုရား။ လောဘ၊ ဒေါသ၊ မောဟစတဲ့ကိလေသာရဲ့ နှိပ်စက်မှုတို့ ကင်းလာမှပဲ ယခင်ကိလေသာရဲ့ နှိပ်စက်ပူလောင်မှုကို ကွက်ကွက်ကွင်းကွင်း သိလာပါတော့တယ်။ အဲဒီလို ပူလောင်မှုတွေ တိုးပွားစေတဲ့ အပြော၊ အလုပ်၊ အတွေးတွေကို တပည့်တော် နောက်နောင် မလုပ်ချင်တော့ပါဘူးဘုရား။ ယခင်ကတပည့်တော် မသိလို့ လုပ်မိခဲ့ပါတယ်။ အခုသိပါပြီ။ တပည့်တော်မ မလုပ်တော့ပါဘူး။*

ဣရိယာပုထ်တွေ ပြောင်းပြောင်းသွားတယ်။ အာရုံတွေ ပြောင်းပြောင်းသွားတယ်။ ရှုကွက်တွေလည်း ပြောင်းပြောင်း သွားတယ်။ *စိတ်ထဲမှာတည်ငြိမ်မှု၊ အေးငြိမ်းမှုကတော့ အာရုံပြုလိုက်တိုင်း ရှိနေပါတယ်။ ကိလေသာတွေ ကင်းဆိတ်နေပါတယ်။ အသိသတိ ဆက်နေပါတယ်။ ဘဝဟာ အခုမှပဲ အဓိပ္ပာယ် ပြည့်ဝတယ်လို့ ခံစားမိပါတယ်။ တစ်စုံတစ်ယောက်ယောက်ကို ပြောပြလို့တော့ နားလည်မယ် မထင်တော့ပါဘူးဘုရား။*

လွန်ခဲ့တဲ့ ငါးရက်လောက်က လျှောင်လှုပ်ပါတယ်ဘုရား။ လျှောင်ရဲ့ ပြင်းအားက(၅. ၄)ရစ်ချက်စကေးရှိပြီး ည (၁၀)နာရီကျော်မှာ စက္ကန့်ပိုင်းမျှပဲ လှုပ်ပါတယ်ဘုရား။ ဘုရားတပည့်တော် မအိပ်သေးပါဘူး။ အိပ်ခန်းထဲမှာ တရားထိုင်နေပါတယ်ဘုရား။ လျှောင်လှုပ်လိုက်တာနဲ့ ပန်းအိုးတွေ ပစ္စည်းပစ္စယတွေ၊ ပန်းကန်တွေ ကြမ်းပြင်ပေါ် ကျကွဲတဲ့အသံတွေ ဆူညံသွားပါတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း အော်ဟစ်သံတွေ ပစ္စည်းပစ္စယ ကျကွဲသံတွေ အပြင် မြေကြီးကလည်း အသံမြည်ဟိန်းနေပါတယ်။ အင်မတန်မှ ကြောက်ရွံ့ ထိတ်လန့်စရာကောင်းတဲ့ အခြေအနေပါပဲ။ စက္ကန့်ပိုင်းအထိ အသိသတိလွတ်သွားပါတယ်။ ဘာဖြစ်တာပါလိမ့်လို့ ဆင်ခြင်မိတယ်။ ဒါလျှောင်လှုပ်တာပဲဆိုတာသိပြီး ငါဘာလုပ်နိုင်မလဲလို့ တွေးကြည့်တယ်။ တပည့်တော် ဘာမှမတတ်နိုင်ဘူး။ ဘာမှမတတ်နိုင်တဲ့ကိစ္စ ဖြစ်နေတဲ့အတွက် တပည့်တော်အနေနှင့် တရားကိုပဲ အိပ်ယာထဲလှဲပြီးတော့ ဆက်လက် ရှုမှတ်နေပါတော့တယ်။

တပည့်တော် တွေးကြည့်တယ်၊ နောက်ထပ်စက္ကန့် အနည်းငယ်ကြာအောင်သာ လှုပ်ခါမယ်ဆိုရင် ဒီအဆောက်အအုံကြီး လဲပြိုသွားနိုင်တယ်။ နံရံတွေလည်း လဲကျနိုင်တယ်။ မျက်နှာကျက်က ကိုယ်ပေါ်ကို ပြုတ်ကျလာနိုင်တယ်၊ ငါလည်းပဲ ပိပြီးသေသွားနိုင်တယ်။ သေချင်လည်း သေသွားပါစေ။ <u>*ဒီတရားကိုတော့ နှလုံးသွင်းလျက်ပဲ အသေခံတော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ကြောက်တဲ့စိတ်တွေတော့ ရှိသေးတယ်ဘုရား။ ဘာကိုမှလည်း အားမကိုးတော့ပါဘူး။ ဒီတရားပဲ အားထားရာပါဘုရား။*</u>

<u>*ဒီမေးလာတဲ့ခန္ဓာဟာ တစ်နေ့ သေမှာပဲဆိုတဲ့ သဘောကို တပည့်တော်အနေနှင့် အဲဒီစက္ကန့်ပိုင်း အတွင်းမှာ ရဲရဲတင်းတင်း*</u>

*သေသေချာချာ ကျေကျေနပ်နပ်ကြီး လက်ခံထားမိတော့တယ်။*

ဒါမှပဲ တပည့်တော်စိတ်ထဲမှာ ပေါ့ပါးသွားပါတယ်။ စိတ်ပင်ပန်းမှု၊ ကြောက်ရွံ့မှု အနည်းငယ် နည်းပါးလာပါတယ်။

ဟိုးအရင်တုန်းကလည်း ငလျင်လှုပ်တာကို ကြုံဖူးပါတယ်။ တပည့်တော် အလွန့်အလွန် ပူပင်သောက ဖြစ်တတ်ပါတယ်ဘုရား။ အဆောက်အအုံတွေပဲ ပျက်စီးသွားမလား။ ငါများ သေလေမလား။ အဝေးမှာရှိတဲ့ သားတွေ မြေးတွေကို ထိခိုက်လေရော့ပြီလားဆိုပြီး တော့ စိုးရိမ်ပူဆွေးမှုတွေ ဖြစ်ခဲ့ဖူးပါတယ်။ ဒီတစ်ခါတော့ အဲဒီ အတွေးတွေမလာတော့ဘဲ တရားပဲ ရှုမှတ်နေမိပါတယ်။

မိနစ်အနည်းငယ်ကြာတဲ့အထိ ပြင်းထန်တဲ့ ငလျင်မဟုတ် သော်လည်း အနည်းငယ်လေး တုန်ခါမှုတွေ ရှိနေပါသေးတယ်။ အရှိန် မကုန်သေးတာနဲ့ တူပါတယ်။ လျှပ်စစ်မီးတွေလည်း ပြတ် တောက်သွားပါတယ်။ တပည့်တော်မ သတိထားပြီးတော့မှ အခန်းရဲ့ အခြေအနေကို အကဲခတ်ကြည့်ပါတယ်ဘုရား။ မနက်ဖြန်မှာ ဘာလုပ် ရမယ်ဆိုတာကိုလည်း တပည့်တော်စိတ်ထဲမှာ မှတ်သားထားပြီး တပည့်တော် အခန်းထဲကိုဝင်ကာ တရားနှလုံးသွင်းပြီး နေလိုက် ပါတော့တယ်ဘုရား။

ဒါပေမယ့် နောက်ရက်မနက် မိုးလင်းတဲ့အခါမှာ ဒီငလျင် လှုပ်တဲ့ အကြောင်းကို သတင်းစာတွေ၊ စာစောင်တွေ၊ ရေဒီယိုတွေ၊ ရုပ်မြင်သံကြားတွေမှာ ရေးကြတယ်၊ ပြောဆိုကြပါတယ်။ တပည့် တော်စိတ်ထဲမှာတော့ ဒီကိစ္စဟာ ပြီးသွားပြီပဲ။ ပြောချင်စိတ်လည်း မရှိတော့ဘူး။ ပြောနေစရာလည်း မလိုတော့ဘူးလို့ ထင်မိပါတယ်။ ပြောနေလို့လည်း ဘာအကျိုးမှ မထူးတော့ပါဘူးဘုရား။

တပည့်တော် သိမ်းဆည်းစရာရှိတာ သိမ်းဆည်းတယ်။ လုပ်စရာရှိတာ လုပ်တယ်။ တပည့်တော်ကတော့ သတိပဋ္ဌာန်ပဲ ဆက်ပြီး အားထုတ်ပြီးနေပါတယ်ဘုရား။

ဒီငလျင်နှင့် ပတ်သက်လို့ လူအများပါးစပ်ထဲမှာ ပြောလို့ဆိုလို့ မပြီးနိုင်လောက်အောင် ဖြစ်နေကြတာ ကြားကြားနေရပါတယ်။ မနက်ဖြန် ငလျင်လှုပ်ဦးမယ်တဲ့၊ သန်ဘက်ခါ ငလျင်လှုပ်ဦးမယ်တဲ့ ကောလာဟလတွေပြောပြီးတော့ ဒါကိုပဲ သည်းတထိတ်ထိတ် ရင်တဖိုဖိုဖြစ်ပြီး နေကြပါတယ်ဘုရား။ _သူတို့စိတ်တွေ ပင်ပန်းအောင် သူတို့ကိုယ်တိုင် လုပ်နေမိတာကိုလည်း မသိကြပါလားလို့ တွေးမိပါတယ်ဘုရား။_

ပါဠိစာပေမှာ ပုထုဇဉ်ဟာ အပါယ်မှလာပြီးတော့ အပါယ်ကို သွားတယ်။ ကိလေသာထူပြောလွန်းလို့လည်း ပုထုဇဉ်လို့ခေါ်တယ်။ ဆရာ့မျက်နှာကို ကြည့်နေရလို့လည်း ပုထုဇဉ်လို့ခေါ်တယ်။ ဒါ့ကြောင့် သူဟာ လက်ရှိဘဝမှာ အပြစ်တွေများစွာနှင့် အကုသိုလ်တွေများစွာ သယ်ပိုးပြီးတော့ ယူတယ်ဆိုတာကို တပည့်တော်တို့မြို့မှာ ငလျင်လှုပ်ပြီးတဲ့နောက် တပည့်တော်ပိုပြီး နားလည်သဘောပေါက်လာပါတယ်ဘုရား။

_သူတို့ စိတ်ငြိမ်းချမ်းအောင် လုံး၀ မလုပ်တတ်ကြပါလားလို့လည်း သနားကရုဏာ ဖြစ်မိတဲ့အကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါတယ်ဘုရား။_

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၇ခု၊ ဇန်နဝါရီလ(၂၇)ရက်။

**ကြည်ညိုလေးမြတ်စွာဖြင့် စာရေးသျှောက်ထားပါသည်ဘုရား။**

ဘုရားတပည့်တော်သည် ဘာသာတရားများကို ငယ်စဉ်အရွယ်ကစပြီး လေးလေးစားစား မရှိခဲ့ပါဘုရား။ မိဘများကလည်း ဘာသာတရားများနှင့် ပတ်သက်လို့ အထူး လေးစားမှုရှိအောင် မသွန်သင် ပေးခဲ့ကြပါဘုရား။

ဒါ့ကြောင့်တပည့်တော်မ ငယ်စဉ်မှသည် ကျောင်းနေအရွယ် တက္ကသိုလ်ပညာ သင်ကြားကာ ဆရာဝန်ဖြစ်သည့် နောက်ပိုင်းတွင်လည်း ဘာသာတရားကို လေ့လာမှုထက် မိမိဝါသနာပါရာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆေးပညာရပ်များကိုသာ အများဆုံး လေ့လာဆည်းပူးခဲ့ပါတယ်။ ဒါ့ကြောင့် ဘာသာတရားနှင့်ပတ်သက်လို့ တပည့်တော်မဟာ ဘာသာမဲ့ Atheist လို့ပဲ သဘောထားခဲ့ဖူးပါတယ်ဘုရား။ ဘာသာတရားများ ကိုးကွယ်ရာမှာ တပည့်တော်အနေနှင့် ထူးကဲတဲ့ အနှစ်သာရတွေ မတွေ့မိခဲ့လို့လည်း ဖြစ်နိုင်ပါလိမ့်မယ်ဘုရား။

တပည့်တော်မ အသက်(၅၀)ကျော်တဲ့အခါမှာတော့ Article ဆောင်းပါးတစ်ခုကို ဖတ်ခဲ့ရပါတယ်။ ဆောင်းပါးထဲမှာဘာသာတရားမျိုးစုံနှင့်ပတ်သက်တဲ့ အကြောင်းအရာတွေကို အထူးတလည် ဖော်ပြထားပြီး အရှေ့တိုင်း အနောက်တိုင်း အတွေးအခေါ် Philosophy တွေကို ရေးသားထားပါတယ်။ တပည့်တော် အမှတ်မထင် ဖတ်ရှုရင်းက အဲဒီစာထဲမှာ စိတ်နှင့် ပတ်သက်ပြီးတော့ ရေးသားထားတာ သတိပြုမိပါတယ်။

တပည့်တော် အပြည်ပြည်ဆိုင်ရာ ဥပဒေဘာသာရပ်တွေကိုလည်း လေ့လာ ဆည်းပူးထားပါတယ်။ အဲဒီစာထဲက စိတ်နှင့်ပတ်သက်တဲ့ အကြောင်းအရာတွေက ဥပဒေမှာ အသုံးပြုတဲ့ ဝေါဟာရတွေလိုပဲ တိကျ ခိုင်မာပြတ်သားတာကို သတိပြုမိပါတယ်။

*ဝမ်းမြောက်ရွှင်လန်းခြင်းနှင့် တကွဖြစ်ပြီး ကံ၏အကျိုးကို သိကာ အသိဉာဏ်နှင့်ယှဉ်ပြီး မတိုက်တွန်းရဘဲ ပကတိ အလိုလို ထက်သန်မှုရှိတဲ့စိတ် (သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ်, အသင်္ခါရိက)တွေက အလွန်ပဲ အင်အားကြီးမားတဲ့ စိတ်လို့ ဖော်ပြထားပါတယ်ဘုရား။*

တပည့်တော် အလွန်ပဲ အံ့ဩသွားပါတယ်ဘုရား။ အဲဒီစာအုပ်ကို ကိုင်ရင်းကနေ ကြက်သီးများ ထလာပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားတယ်လို့ ခံစားရပါတယ်။ ထိုင်လျက်စဉ်းစားရင်းကနေ အလိုအလျောက် မတ်တပ်ရပ်ကာ စဉ်းစားမိလျက်သား ဖြစ်သွားပါတယ်ဘုရား။

ဒီစကားက ဘယ်ပုဂ္ဂိုလ်ရဲ့စကားလဲ? နက်နဲလှချည့်လား၊ အံ့ဩစရာ ကောင်းလှချည့်လား ဆိုပြီးတော့ ဒီဩဝါဒစကား ပြောကြားသူကို လေ့လာခဲ့ရာမှာတော့ ဗုဒ္ဓဖြစ်နေတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်ဘုရား။ ဗုဒ္ဓက ဘယ်တုန်းက ဟောခဲ့တာလဲတော့ တပည့်တော် မသိခဲ့ပါဘူး။ ဘယ်နေရာမှာ ဟောခဲ့တာကိုလည်း တပည့်တော် မသိခဲ့ပါဘူး။ ဒါပေမယ့် ဒီဩဝါဒက အမှန်တကယ်ပဲ နက်နဲလှပါတယ်။ ဒါကြောင့် ဒီစာမျိုး ဘယ်မှာ ရနိုင်ဦးမလဲဆိုတာကို တပည့်တော် စူးစမ်း လေ့လာပြီးတော့မှ အချိန်အနည်းငယ်စီ လေ့လာကြည့်ဖြစ်ခဲ့ပါတယ်ဘုရား။

Process of consciousness ဝီထိစိတ် အစဉ်ကို ဖတ်ရပြန်တော့ ပိုလို့ အံ့ဩခဲ့မိပါတယ်ဘုရား။ စိတ်အလုပ် လုပ်ပုံတွေကို အလွန်တိကျခိုင်မာပြတ်သားစွာ ဖော်ပြထားတဲ့စာကို ဗုဒ္ဓစာပေမှအပ အခြားအရှေ့တိုင်း အနောက်တိုင်း ဘယ်စာပေတွေမှာမှ မတွေ့ရှိခဲ့ဖူးပါ။

သို့သော် တပည့်တော်အနေနှင့် ဗုဒ္ဓအဘိဓမ္မာတွေထဲက နတ်ဘုံ ပြဟ္မာဘုံတွေကို အဲ့ဒီတုန်းက စိတ်မဝင်စားခဲ့ပါဘူး။ အဲဒီ နတ်ဘုံ ပြဟ္မာဘုံတွေကို ရောက်ဖို့ လှူဒါန်းမှုတွေ၊ လေ့လာအားထုတ်မှုတွေ ဆုတောင်းမှုတွေလည်း ဝါသနာ မပါခဲ့ပါဘုရား။

ဘုရားဟော စာအုပ်ထဲမှာပါတဲ့ စိတ်နှင့် ပတ်သက်တာတွေကို တော့ လက်တွေ့ စမ်းသပ်လို့လည်း ရနေတယ်၊ လေ့လာ စူးစမ်းလို့ လည်းရနေတယ်၊ သုတေသန လုပ်လို့လည်း ရနေတယ်။ စိတ်ဆိုတာ အချိန်ရှိတိုင်း သိလည်း သိနေရတယ်။ ဒ့ါကြောင့် စိတ်နှင့် ပတ်သက်တဲ့ ဟောကြားချက်တွေကိုတော့ တပည့်တော် အသေးစိတ် ဖတ်ခဲ့ပါ တယ်။ စိတ်၊ စေတသိက်တွေကိုလည်း လေ့လာခဲ့ပါတယ်ဘုရား။

တစ်ဖန် ဗုဒ္ဓအဘိဓမ္မာတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆည်းပူး နိုင်ရန်အတွက် အခွင့်အရေးကို ရှာကြည့်တော့ ဗုဒ္ဓဘာသာ ရဟန်း တော်များကို သတိပြုမိပါတယ်။ အနောက်တိုင်းနိုင်ငံကို ကြွရောက် သီတင်းသုံးတော်မူတဲ့ ဗုဒ္ဓဘာသာ ရဟန်းတော်တွေက အဘိဓမ္မာ ဘာသာရပ်နှင့် ပတ်သက်ပြီး ကျွမ်းကျင်မှု ရှိတယ်လို့ ထင်မှတ်ပြီး ချဉ်းကပ်ကာ တပည့်တော်သိလိုတဲ့ ဗုဒ္ဓအဘိဓမ္မာဆိုင်ရာများကို လျှောက်ထား မေးမြန်းခဲ့ဖူးပါတယ်။

အနောက်တိုင်းနိုင်ငံများကို ရောက်ရှိလာတဲ့ ဗုဒ္ဓဘာသာ ရဟန်းတော်များကို အခွင့်သင့်တိုင်း မေးလျှောက်ခဲ့ပါသော်လည်း အချို့ ရဟန်းတော်များက တပည့်တော် မေးလျှောက်တဲ့မေးခွန်းကို နားထောင်ပြီး တအံ့တသြ ဖြစ်နေကြပါတယ်ဘုရား။

တပည့်တော် အနေနှင့် Pali Text Societies Pali-English Dic-

tionary T.W Rhys Davids and William Staden. နှင့် The Higher Sanskrit Grammar by Mr. Kale စာအုပ်များကို သေသေချာချာ လေ့လာပြီး ပါဠိစာပေကို ဖတ်ရှုနိုင်အောင် ကြိုးစားခဲ့ပါတယ်ဘုရား။

ဘာသာတရားအနေနှင့် လေ့လာခြင်းမဟုတ်ဘဲ ရှေးဟောင်းစာပေတစ်ရပ်အနေနှင့် လေ့လာတာပါဘုရား။ *သို့ပါသော်လည်း ဗုဒ္ဓရဲ့ အဘိဓမ္မာ သဘောတရားတွေဟာ အလွန့်အလွန် နက်နဲပြီး တပည့်တော်ရဲ့ စိတ်ကို ဆွဲဆောင်နိုင်ခဲ့ပါတယ်ဘုရား။*

ဗုဒ္ဓစာပေ (ပရိယတ်)နှင့် တရားအားထုတ်မှု (ပဋိပတ်)တို့မှာ ကျွမ်းကျင်နှံ့စပ်တော်မူတဲ့ မြန်မာနိုင်ငံမှ ဆရာတော်တစ်ပါး အနောက်တိုင်းနိုင်ငံ ရောက်ရှိစဉ်က နာရီများစွာ မေးမြန်း ဆွေးနွေးပြီးတဲ့ နောက်တော့ ဆရာတော်ကြီးက ဗုဒ္ဓဘာသာကိုသိချင်ရင် စာအုပ်စာပေတွေ ဖတ်နိုင်ရုံနှင့် မရသေးဘူး။ *ဝိပဿနာတရား အားထုတ်မှသာလျှင် သိချင်တာတွေ ရှင်းလာပါလိမ့်မယ်လို့ တိုက်တွန်းတော်မူခဲ့ပါတယ်ဘုရား။*

တပည့်တော် အားထုတ်ဖို့ စိတ်ဝင်စားနေပါပြီ။ သို့ပါသော်လည်း တရားအားထုတ်ဖို့အတွက် အခွင့်အခါ၊ အခြေအနေနှင့် အချိန်အခါ မပြည့်စုံသေးဘဲ ဖြစ်နေပါတယ်ဘုရား။ ဒါကြောင့် ဘုရားတပည့်တော်အနေနှင့် တရားအားထုတ်ရမယ်ဆိုရင် အားထုတ်ပါမယ်၊ သို့သော် တရားအားထုတ်ခြင်းနှင့် စပ်လျဉ်းတဲ့ ဗဟုသုတတွေ ကြိုကြိုတင်တင် လေ့လာဖို့ လိုလိမ့်မယ်လို့ တွေးမိဖူးပါတယ်။ တကယ်တမ်း လေ့လာတဲ့အခါမှာ ထင်တာထက် အတော်ကြီးကို ရှုပ်ထွေး နက်နဲ ကျယ်ပြန့်နေတာကို သိလာရပါတယ်ဘုရား။

အဲဒီတုန်းက လေ့လာ စမ်းသပ် အားထုတ်မိခဲ့တာတွေ

ကတော့ ယောဂကျင့်စဉ်တွေ၊ ကသိုဏ်းကျင့်စဉ်တွေ၊ သမထကျင့်စဉ်တွေ၊ ဇင်ကျင့်စဉ်တွေ၊ ဝိပဿနာကျင့်စဉ်တွေဆိုပြီး အကျင့်တွေတော်တော်ကို များပါတယ်။ ဘယ်ဟာကို ကျင့်ရမယ်ဆိုတာ ဝေခွဲရခက်ခဲခဲ့ပါတယ်။ သို့သော် တပည့်တော် *တရားတစ်မျိုးစီ၊ တရားတစ်မျိုးစီကို စမ်းလုပ်ကြည့်တဲ့ အခါမှာတော့ စိတ်ရဲ့ကြည်လင်မှု၊ စိတ်ရဲ့အေးချမ်း တည်ငြိမ်မှုကို ရတန်သလောက်တော့ ရယူနိုင်ခဲ့ပါတယ်ဘုရား။*

အဲဒီလောက်နှင့်တော့ မတင်းတိမ်နိုင်ခဲ့ပါဘုရား၊ ဒီထက် ပို၍လိုချင်၊ သိချင်ခဲ့ပါတယ်ဘုရား။ ဒါ့ကြောင့် တပည့်တော်အသက် (၅၈)နှစ် နောက်ပိုင်းမှာတော့ ဝိပဿနာဆိုတဲ့ ရေစီးကြောင်းကြီးထဲကို တဖြည်းဖြည်း ဝင်ရောက်ခဲ့ပါသော်လည်း *ဆရာသမားကောင်းရဲ့နည်းပေး လမ်းညွှန်မှုကို မရရှိနိုင်ခဲ့တဲ့အတွက်ကြောင့် တပည့်တော်မ လုပ်သလောက် အကျိုး မဖြစ်ထွန်းခဲ့တာကို အခုအခါမှာ သေသေချာချာ ကောက်ချက်ချလို့ ရပါပြီဘုရား။*

(၁၉၈၀) ပြည့်လွန်နှစ် နောက်ပိုင်းကစပြီး ဆရာတော် အရှင်မြတ်ထံပါး ဘုရားတပည့်တော် အဆက်အသွယ်ရပြီး လမ်းညွှန်သွန်သင်မှုများ ရရှိခဲ့ပါတယ်ဘုရား။ ပေးစာများဖြင့်ခံယူကာ အားထုတ်ကြည့်ရာမှာ အကျိုးပိုပြီး ရှိလာပါတယ်ဘုရား။

ဘုရာတပည့်တော် ဇင်ကျင့်စဉ်ကို ကျင့်ဖူးခဲ့ပါတယ်။ ယောဂကျင့်စဉ်ကိုလည်း ကျင့်ဖူးခဲ့ပါတယ်၊ သမထကိုလည်း လုပ်ဖူးခဲ့ပါတယ်၊ ကသိုဏ်းတွေလည်း လုပ်ခဲ့ဖူးပါတယ်၊ ဂါထာမန္တန်တွေလည်း ရွတ်ဆိုခဲ့ဖူးပါတယ်။ *ဒါပေမဲ့ ဘုရားတပည့်တော် အသိဉာဏ် မပွင့်ထွန်းခဲ့ပါဘူး။ စိတ်ဓာတ်တွေလည်း သိသိသာသာ မရင့်ကျက်ခဲ့ပါဘူး၊*

*စိတ်ထားတွေ ပြောင်းလဲတာ Mind Changing မရှိခဲ့ပါဘူးဘုရား။ သောက ပရိဒေဝတွေ ကင်းပြီးတော့ ငြိမ်းချမ်းတဲ့စိတ်နှင့်လည်း မနေခဲ့ရပါဘူး။ ဘဝရဲ့ ပြဿနာတွေကို အားထုတ်တဲ့ တရားနှင့် ဘယ်လိုမှ မဖြေရှင်းတတ်ခဲ့ပါဘူးဘုရား။*

*ဘဝကို Just that dreaming အိပ်မက်မျှပဲလို့ ယခု နားလည်လာပါတယ်ဘုရား။ ဝိပဿနာ ဉာဏ်လမ်းကိုရောက်မှပဲ ဘုရားဟော သတိပဋ္ဌာန်တရားရဲ့ အကျိုးကျေးဇူးကို မနေ့အမြန် ခံစားခွင့် ရရှိခဲ့ပါတယ်ဘုရား။*

တပည့်တော်မ အသက် (၆၄)နှစ်နောက်ပိုင်း Intensive အနေနှင့် ကြိုးကြိုးစားစား စူးစူးစိုက်စိုက် မနေမနားဆိုသကဲ့သို့ အားထုတ်ခဲ့ရာ ယခုအခါ တရား အားထုတ်လာခဲ့တဲ့ကာလ (၆)နှစ်တာ ကျော်ခဲ့ပါပြီဘုရား။

*ဒီ(၆)နှစ်တာ ကာလမှာ လပေါင်း (၇၀)ကျော် ရှိတဲ့အနက် တစ်လလုံးလုံး တရားနှင့် ကင်းကွာပြီး နေတဲ့ရက် မရှိပါဘူးဘုရား။ ရက်သတ္တတစ်ပါတ်လုံးလုံး တရားနှင့် ကင်းကွာခဲ့တာ မရှိပါဘူးဘုရား။ (၂၄)နာရီ တစ်ရက်လုံးလုံး တရားနှင့် လုံးဝ ရာခိုင်နှုန်းပြည့် ကင်းကွာတဲ့နာရီ မရှိဘူးလို့ ရဲရဲကြီး လျှောက်ထားဝံ့ပါတယ်ဘုရား။*

*အိပ်ပျော်ချိန်မှအပ တစ်နေ့ခင်းလုံးလုံး တရားနှင့် ကင်းကွာတာ မရှိဘူးလို့ တပည့်တော် လျှောက်ထားပါရစေဘုရား။ သို့သော် အချို့နာရီများမှာ အသိသတိ အားနည်းပြီးတော့ တချို့ နာရီများမှာတော့ အသိသတိ အားကောင်းနေတာမျိုး ရှိခဲ့ပါတယ် ဘုရား။*

တပည့်တော် အခု နားလည်လာပါပြီဘုရား၊ ဒီတရားမှအပ တပည့်တော်မ ဘဝအတွက် မှီခိုရာ၊ အားထားရာ၊ လဲလျောင်းရာ

တခြား မရှိတော့ပါဘူး။

တပည့်တော်ဘဝမှာ ဒီတရားဟာ ဇဝေဇဝါ မဟုတ်တော့ဘူး ဆိုတာ သေသေချာချာ နားလည်လာပါပြီ။ မရေမရာ မဟုတ်တော့ပါဘူးဘုရား။ မရှင်းမလင်း မဟုတ်တော့ပါဘူးဘုရား။ ရှင်းရှင်းလင်းလင်း သေသေချာချာကို နားလည်လာတာပါဘုရား။ တပည့်တော် ဆုံးဖြတ်ထားပြီးပါပြီ၊ *ဒီတရားနှင့်ပဲ ဘဝကိုနေမယ်၊ ဒီတရားနှင့်ပဲ ဒီဘဝရဲ့ နောက်ဆုံးသေခြင်းကို ရင်ဆိုင်တော့မယ်လို့ ဆုံးဖြတ်ထားပါတယ်ဘုရား။*

ဘုရားတပည့်တော်ထံပါးမှာ ထပ်မံ စုဆောင်းရရှိမိတဲ့ ဗုဒ္ဓစာပေဆိုင်ရာ စာအုပ်စာရင်းကိုလည်း ရေးသားဖော်ပြ လျှောက်ထားပါဦးမယ်ဘုရား။

၁။ Jataka-Mala, ed. H. Kern (Harvard ser. 1) Boston 1891(Jtm).
(ဇာတက မာလာကျမ်း)

၂။ Buddha Manual of Psychological Ethics (trsl. of the Dhamma sangani) by Mrs. Rhys Davids (R. As. Soc. Trsl Fund XII), London 1900.
(ဓမ္မသင်္ဂဏီကျမ်း)

၃။ Compendium of Philosophy (trsl. of the Abhidhamm'attha-sangaha) by S.Z Aung and Mrs. Rhys Davids, PTS. Trsl. 1910.
(အဘိဓမ္မတ္ထသင်္ဂဟကျမ်း)

၄။ Expositor (trs. of the Attha-salini) by Maung Tin, PTS. Trsl.1920.
(အဋ္ဌသာလိနီကျမ်း)

၅။ Kathavatthu trsl ("Points of Controversy") by S.Z Aung and Mrs. Rhys Davids, PTS. trsl. 1915
(ကထာဝတ္ထုကျမ်း)
၆။ Kindred Sayings (Sanyutta NiKaya 1), by Mrs. Rhys Davids, PTS, Trsl. 1917.
(သံယုတ္တနိကာယကျမ်း၊ ပထမတွဲ)
၇။ Mahavansa trsl. by W. Geiger. PTS. trsl. 1912
(မဟာဝံသကျမ်း)
၈။ Question of Milinda (trsl. T. W. Rhys Davids).
(မိလိန္ဒပဥှကျမ်း)
၉။ Dhammapada. PTS. 1914
(ဓမ္မပဒ)
၁၀။ "Cariya-Pitaka. PTS. 1882
(စရိယပိဋက)
၁၁။ Vinaya-Pitaka. PTS.1879
(ဝိနယပိဋက)

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၇ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်။

ဝိညာဉ်လိပ်ပြာနှင့် စပ်လျဉ်း၍ ဥပမာ ဥပမေယျတို့ဖြင့် စိတ်ဝင်စားဖွယ် မှတ်တမ်းတင်ထားသော ဆရာတော်ဘုရား၏ ပေးစာဖြစ်ပါသော်လည်း မှတ်တမ်းတင် ရေးသားသူ အမည် လက်မှတ်နှင့် နေရပ် မသိရှိရသည့် အပြင် ရက်စွဲ၌ ခုနှစ်သက္ကရာဇ်ကိုသာ ဖော်ပြထားပြီး လမပါသဖြင့် သင့်တော်သလို File တွဲထားရပါသည်။

တဖန် ဥရောပရောဂီ ဒါယိကာမ၏ (၂၇. ၁. ၈၇) ရက်စွဲပါ ပေးစာအတွက်လည်း ဆရာတော်ဘုရား၏ ပြန်ကြားစာကို မတွေ့ရှိရပါ။ မလိုအပ်၍ မပြန်ကြားခြင်းလည်း ဖြစ်နိုင်သကဲ့သို့ ဖိုင်တွဲ၌ ပျောက်ဆုံးခြင်းလည်း ဖြစ်နိုင်ပါသည်။ စာဖတ်သူများအနေဖြင့် ဖြည့်စွက်၍သာ နားလည်ရပေတော့မည်။

**ဒါယိကာမထံသို့ ပြန်ကြား အသိပေးအပ်ပါသည်။**

ဝိညာဉ်လိပ်ပြာနှင့် ပတ်သက်ပြီး ပုံပြင်ပမာ မှတ်တမ်းတင်ထားတဲ့ ခရီးသွားမှတ်တမ်း စာတစ်ပုဒ်ရှိပါတယ်။ ဖတ်ရှုကာ အသိအမြင် ဗဟုသုတ တိုးနိုင်ဖို့ ပေးပို့လိုက်ပါတယ်။

ဝေသီခေါင်ဖျား တောတောင်မြစ်ချောင်းများ ခြားကန့်ထားတဲ့ ဒေသများသို့ ဝါသနာကြောင့် ရောက်သွားခဲ့ပါတယ်။ ထိုကျေးရွာတို့မှ အနီးဆုံးမြို့သည်ပင် တစ်နေ့တစ်ယူဇနာ ခရီးလျှောက်ပါက ရက်သတ္တတစ်ပတ်မက သွားမှ ရောက်နိုင်မယ်လို့ ဆိုကြပါတယ်။

ကားလမ်းမယ်မယ်ရရ မရှိတာကြောင့် လမ်းဖောက်၊ တံတားများ ယာယီဆောက်ကာ သွားရတဲ့ခရီးဖြစ်လို့ ရံခါ တစ်နေ့ဝင် တစ်နေ့ထွက်သော်လည်းပဲ ခရီးက ရှေ့(၅)မိုင်ပင် မရောက်နိုင်ခဲ့ပါဘူး။ အဲ့ဒီရွာကို တစ်ညနေ၏ နေဝင်ရိုးရီအချိန်မှာ ရောက်ရှိသွားပါတယ်။ ရွာက ကလေးလူကြီးတွေ အိမ်စောင့်ပါမကျန် ရွာအပြင်ထွက်ပြီး ကြိုဆိုကြပါတယ်။

အမှန်တကယ်ကတော့ ကြိုဆိုတာမဟုတ်ဘဲ ကားသံကြားလို့ မကြားစဘူး၊ မမြင်စဘူးဘဲ အံ့သြကာ တစ်ရွာလုံး ကလေးလူကြီး ပါမကျန် လာရောက်ကြတာ ဖြစ်ပါတယ်။ သူတို့ဟာ ကားကို ဝိုင်းအုံပြီး ကြည့်နေကြပါတယ်။ ထိုင်ပြီးတော့လည်း တို့ထိ စမ်းသပ်ကြပါတယ်။ လက်နှင့် ခေါက်ပြီးလည်း စမ်းသပ်ကြပါတယ်။ အင်ဂျင်ကို နားနှင့် ကပ်ပြီးတော့လည်း နားထောင်ကြတယ်။ ကားဘီး တာယာကိုလည်း သူတို့ခေါင်းက ဆံပင်နှင့် ပွတ်ကြည့်ကြပါတယ်။

မိုးမမှောင်ခင် ကားဒရိုင်ဘာတွေက ကားတွေကို စစ်ဆေးနေကြတယ်။ ကားစက်ဖုံးကို ဖွင့်တယ်။ ရေထည့်သူက ထည့်တယ်။

ကားဘီးဖြုတ်ဖို့ လိုအပ်ရင် ဖြုတ်လဲကြတယ်။ အဲဒီဝေသီခေါင်ဖျား ဒေသက လူကြီးလူငယ်မကျန် ကားသမားတွေ လုပ်ဆောင်နေတဲ့ အရာရာတိုင်းကို မျက်ခြေမပြတ် ကြည့်ရှုနေကြပါတယ်။ ဝေဖန်တာ လည်း ရှိကြပါတယ်။ သူတို့နားလည်သလို ကောက်ချက် ထုတ်ကြဟန် တူပါတယ်။ တစ်ဦးပြောစကားကို ကျန်လူများက ခေါင်းညိမ့်ကြပါ တယ်။ ရံခါ အပြန်အလှန် မေးဖြေပြုကြပြန်တယ်၊ ပြီးနောက် သဘော ပေါက်သလိုမျိုး ခေါင်းငြိမ့် ခေါင်းခါကြပါတယ်။

သူတို့ကားနားကို ဝိုင်းအုံကြည့်နေတာဟာ စိတ်ဝင်စားစရာ ဆပ်ကပ်ရုံရှေ့ သတ္တဝါတစ်ကောင်ကောင်ကို လာရောက် ကြည့်ရှု လေ့လာနေကြပုံပါပဲ။

ကားအကြောင်း ရှင်းပြနေသူကတော့ အသက်(၇၀)ကျော် ပြီလို့ ထင်ရတဲ့ ခါးကုန်းနေတဲ့ လူအိုတစ်ဦး ဖြစ်ပါတယ်။ သူဟာ ကားအကြောင်းကို နားလည် သဘောပေါက်လို့ ရှင်းပြတာ ဆိုရ မှာထက် သူ့မျက်စိထဲ မြင်မြင်ရာရာကို သူတွေးထင်မိသလို သူ့ဘဝ နောက်ခံ အတွေ့အကြုံတွေနှင့် ရှင်းပြတာသာ ဖြစ်ပါလိမ့်မယ်။

ကားစက်ဖုံး ဖွင့်တာကိုတော့ ပါးစပ်ဟတာလို့ ရှင်းပြဟန်တူပါ တယ်။ ကားမီးကြီးနှစ်လုံးကို မျက်လုံး၊ ဘီးကိုခြေလေးချောင်း စသည် ဖြင့်ရှင်းလင်းပြတယ်လို့ စကားပြန်မှတဆင့် ကြားရပါတယ်။ ဒရိုင် ဘာတွေက ကားစက်နှိုးကြတယ်။ မီးတွေကို စမ်းသပ်ကြတယ်။ ကား ကို ရှေ့တိုး နောက်ဆုတ်ပြုပြီး သင့်လျော်ရာမှာ ကားကို ရပ်ထားလိုက် တယ်။ ထိခိုက်မှာစိုးရိမ်လို့ လူတွေကို ဖယ်ခိုင်းရတယ်။

ကားအကြောင်း ရှင်းပြနေတဲ့ သူအိုဟာ ကားတွေခုလို သွားလာနိုင်တာ၊ ရှေ့တိုး၊ နောက်ဆုတ်ပြုနိုင်ပြီး အသံမြည်နေတာဟာ

ကားထဲက အသက်ဝိညာဉ်ကောင်က လုပ်ပေးနေတာ၊ အသံကကို မကောင်းဆိုးဝါးအသံ၊ ဂုတ်ကိုကိုက် အရိုးချိုးပြီး သွေးစုပ်တတ်တယ်လို့ ရှင်းပြပြီး သူ့ ရှင်းလင်းပွဲကို နိဂုံးချုပ်တယ်၊ ပြီးတော့ သူ့အိမ်ရှိရာကို တောင်ဝှေးထောက်ပြီး ပြန်သွားပါတယ်။

မိုးလည်းမှောင်ပြီဖြစ်လို့ လူအိုရဲ့နောက်ကို လူငယ်များလည်း ပြေးပြီး ပြန်သွားကြတယ်။ လူကြီးလူလတ် ကလေးတို့လည်း နောက်ကို တစ်ချက်လှည့်ကြည့်ပြီး ခပ်သုတ်သုတ် အမြန်ပြန်သွားကြတယ်။

သူတို့အတွက် ယနေ့မြင်တွေ့ရတဲ့ အကောင်ဟာ အသက်ရှိတယ်၊ ဝိညာဉ်ရှိတယ်၊ ဒါကြောင့် သွားလာနိုင်တာဖြစ်တယ်။ ဒါကြောင့် အသံမြည်နေနိုင်တာဖြစ်တယ်။ ဒါကြောင့် အရိုးချိုးပြီး ဂုတ်သွေးစုပ်နိုင်တာလို့ လက်ခံရုံသာမက ယုံကြည်ထားကြတော့တယ်။ သူတို့ဟာ ကားဆိုတာ ဝိညာဉ်ရှိတဲ့ သတ္တဝါကြီး ဖြစ်ကြောင်းကို ကြီးသူကငယ်သူကို အဆင့်ဆင့် လက်ဆင့်ကမ်းပြီး ဗဟုသုတအယူအဆအမွေကို ပေးရစ်ကြပေလိမ့်မယ်။

*ဒါပေမဲ့ ကားဆိုတာ သံတုံး၊ သံပြား၊ သံလုံး၊ သံချောင်းတွေနှင့် ပြုလုပ်ထားတဲ့ အရာမျှသာလို့ သိရှိထားတဲ့ လူကတော့ ကားကိုအသက်ရှိ (ဝါ)ဝိညာဉ်လိပ်ပြာ ရှိတယ်လို့ ယုံကြည်အောင် ပြောရင်လည်း ယုံမှာမဟုတ်ပါဘူး။ အဲ့ဒီဝေသီခေါင်ဖျား ဒေသမှ လူသားဟာ ကားရဲ့အဖြစ်မှန်ကို မသိသေးသမျှတော့ ကားတိုင်းမှာ အသက်ရှိတယ်၊ အထဲက ဝိညာဉ်ကောင်က ခိုင်းလို့ ဟိုပြေးဒီပြေး ဖြစ်နေတာလို့ပဲ တသတ်မတ်တည်း ယူဆမှာပါ။*

*လူဟာလည်း လှုပ်ရှားပြေးလွှား ပြောဆိုကာနေတဲ့ လူ့ခန္ဓာ အကြောင်း မသိသေးလို့သာ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်ကခိုင်းလို့*

*ပြုံးတာ၊ ရယ်တာ၊ ကြံစည်တာ၊ တွေးတောတာ သွားလာ လုပ်ကိုင်နေကြတာလို့ ယူဆနေတာ ဖြစ်ပါတယ်။ အဲဒီဝေသီခေါင်ဖျား ဒေသကသူအိုဟာ ကားတစ်စီးရဲ့ ဝိညာဉ်၊ လိပ်ပြာကို မြင်တွေ့ခဲ့ဖူးတာကြောင့်ရှိတယ်လို့ ပြောတာတော့ မဟုတ်ပါဘူး၊ သူမမြင်ဖူးပါဘူး။ သူမမြင်ဖူးတာဟာမရှိလို့။*

*လူဟာလည်း လူရဲ့ဝိညာဉ်၊ လိပ်ပြာကို မြင်တွေ့ပြီး သတ်မှတ်တာတော့ မဟုတ်ဘူး။ သူတို့လည်း ဝိညာဉ်၊ လိပ်ပြာကို မမြင်ဖူးပါဘူး။ မမြင်ရခြင်းမှာ မရှိလို့ဘဲဖြစ်ပါတယ်။*

*အဲဒီဝေသီခေါင်ဖျားမှ တောင်ငွေးနှင့် သွားလာတဲ့သူအိုကို ကားဆိုတာ ခုလို သံလုံး၊ သံချောင်း၊ သံပြား၊ သံတုံးတွေနှင့် ပြုလုပ်ထားခြင်းမျှသာ ဆိုတာကို ကူညီ ပြသ ပေးစွမ်းပါလျှင် အမြင်မှန် ရမှာပါ။*

*လူဟာလည်း လူခန္ဓာကိုယ်လို့ သမုတ်ထားတဲ့ ရုပ်ခန္ဓာ တစ်ပါး၊ နာမ်ခန္ဓာလေးပါးတို့ရဲ့ အစုအပုံကို အပေါင်းအစုမျှ သာဆိုတာ ကူညီပြသ ပေးစွမ်းပါလျှင် အမြင်မှန် စရကြမှာပါပဲ။*

တမ္ပိ ခေါ ဘိက္ခဝေ စရဏံ နာမ စိတ္တံ စိတ္တေနေဝ စိတ္တိတံ၊ တေနပိ ခေါ ဘိက္ခဝေ စရဏေန စိတ္တေန စိတ္တညေဝ စိတ္တတရံ။ ပ။ တေပိ ခေါ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ စိတ္တေနေဝ စိတ္တိတာ။[၁]

ချစ်သားတို့ ထိုလက်စွမ်းပြ ပန်းချီကားကိုလည်း စိတ်ဖြင့်သာ ကြံစည်ထား၏။ ချစ်သားတို့ ထိုလက်စွမ်းပြ ပန်းချီကားထက်လည်း စိတ်သည်သာ၍ ဆန်းကျယ်၏။

ချစ်သားတို့ ထိုသို့ ဖြစ်သောကြောင့် ဤစိတ်ကို စွဲမက်မှု အမျက်ထွက်မှု တွေဝေမှုတို့က ညစ်ညူးအောင် ပြုထားသည်မှာ

၁။ (၁၀၀) ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။

အချိန် ကြာလှပြီဟု မိမိစိတ်ကို မပြတ် ဆင်ခြင်ရမည်။ ချစ်သားတို့ စိတ်ညစ်ညူးခြင်းကြောင့် သတ္တဝါတို့ ညစ်ညူးကုန်၏။ စိတ်ဖြူစင်ခြင်းကြောင့် သတ္တဝါတို့ ဖြူစင်ကုန်၏။

ချစ်သားတို့ တိရစ္ဆာန်သတ္တဝါတို့သည် ဆန်းကြယ်သကဲ့သို့ ဆန်းကြယ်သော အခြားသော အပေါင်းအစည်း တစ်ခုကိုမျှ ငါမမြင်။ ချစ်သားတို့ ထိုတိရစ္ဆာန်သတ္တဝါတို့ကိုလည်း စိတ်ဖြင့်သာ ဆန်းကြယ်အောင် ပြုထား၏လို့ ခန္ဓာဝဂ်သံယုတ်မှာ မြတ်ဘုရား ဟောတော်မူပါသည်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။

မေတ္တာတရားဖြင့်

ဆရာတော်

ရက်စွဲ-၁၉၈၇ခု၊ ? လ (၃)ရက်။

**ရှိသေလေးမြတ်စွာ ဦးတင်လျှောက်ထားအပ်ပါသည်ဘုရား။**

ကမ္မဋ္ဌာန်းတရားကို တစိုက်မတ်မတ် အားထုတ်နေပါတယ်ဘုရား။ တရားထိုင်စဉ်၊ စင်္ကြံလျှောက်နေစဉ်သာ မဟုတ်ဘဲ သတိက အလိုလို မြဲနေပါတယ်ဘုရား။ ကပ်ငြိမှု၊ ကြောင့်ကြမှု ကင်းဝေးနေပါတယ်ဘုရား။

အရာရာတိုင်း တပည့်တော်လုပ်လို့ ဖြစ်တာမဟုတ်ဘဲ ကံရဲ့အကျိုးဆက်ကြောင့် ဖြစ်လာတယ်ဆိုတာကို ပိုပြီး သဘောပေါက်လာပါတယ်ဘုရား။ သားသမီးတွေကို မိဘတွေက သူတို့အလိုကျ

ဖြစ်စေချင်ကြတာ ဖြစ်မလာကြဘူး။ အဲ့ဒီမှာ မိဘတွေ စိတ်ဆင်းရဲတတ်ကြပါတယ်။

တပည့်တော်ဘဝလည်း တပည့်တော်မိဘတွေ ဖြစ်စေချင်တဲ့ ပုံစံအတိုင်း ဖြစ်လာခဲ့တာမဟုတ်ပါဘူး။ သူတို့ဖြစ်စေချင်တဲ့ ပုံစံက တစ်မျိုး၊ တပည့်တော်ဘဝ ဖြစ်လာတဲ့ ပုံစံက တစ်မျိုးပါဘုရား။

အခု တပည့်တော်ဘဝဟာ ဖြစ်ချင်တဲ့အတိုင်း ဖြစ်နေတာ မဟုတ်ပြန်ပါဘူး။ ဘဝဟာ သူဖြစ်ချင်သလို ဖြစ်နေတယ်ဆိုတာကို တဖြည်းဖြည်း ပိုပြီးနားလည်လာပါတယ်ဘုရား။ အတ္တရဲ့ သဘော မဟုတ်ဘူး။ အနတ္တရဲ့သဘော၊ အနိစ္စရဲ့ သဘောလို့ တပည့်တော် ထင်ပါတယ်ဘုရား။

ကုန်လွန်ခဲ့တဲ့ဘဝတာ ကာလမှာ ဟိုလိုမလုပ်မိခဲ့လေခြင်းဆိုပြီး စိတ်ပင်ပန်းခဲ့ဖူးပါတယ် ဘုရား။ ဘဝမှာ ဒီလိုလုပ်မိလေခြင်းဆိုပြီး တော့လည်း စိတ်ညစ်နွမ်းခဲ့ ဖူးပါတယ်ဘုရား။

*အခုတော့ တပည့်တော် နားလည်လာပါပြီ။ ဒီလိုလုပ်လည်း လွဲပါတယ်၊ ဟိုလိုလိုလုပ်လည်း လွဲပါတယ်။ ဘာလုပ်လုပ် အကုန်လုံး အလွဲချည်းပဲဆိုတာကို သဘောပေါက်လာပါတယ်ဘုရား။ ဘာဖြစ်လို့လဲဆိုတော့ ကိလေသာရဲ့ ဆုံးဖြတ်ချက်တိုင်း၊ ဆုံးဖြတ်ချက် တိုင်းဟာ အလွဲချည်းပဲ ဖြစ်နေလို့ပါဘုရား။*

ကိလေသာခိုင်းသမျှ အားလုံးဟာ အမှန်မရှိဘူး ဆိုတာကို နားလည် လာတာနှင့်အမျှ အရင်က မသေချင်ခဲ့ဘူး၊ အခုလည်း မသေချင်သေးဘူး။ *အရင်က မသေချင်တာက ဘာမှန်းမသိဘဲနှင့် မသေချင်တာပါဘုရား။ အခု မသေချင်သေးတာက ဝိပဿနာတရား အားထုတ်ချင်သေးလို့၊ မသိသေးတဲ့ တရားတွေသိချင်လို့ မသေချင်*

*သေးတာပါဘုရား။* သေဖို့ အကြောင်းပြည့်စုံရင် သေမှာပါပဲ။ ဒီနေ့ တပည့်တော် အသက်ရှင်နေတာ ရှင်ချင်လို့ရှင်တာ မဟုတ်ပါဘုရား။ အသက်ရှင်ဖို့ အကြောင်းပြည့်စုံလို့ ရှင်နေတယ်ဆိုတာကို တပည့်တော် လက်ခံ လာနိုင်ပါပြီဘုရား။

ဆက်လက်လျှောက်ထားခွင့် ပြုတော်မူပါဘုရား။ ဘုရားတပည့်တော်မကို မိဘနှစ်ပါးက လူ့လောကဝယ် မွေးဖွားပေးခဲ့ပြီးနောက် ငွေရှာနည်း၊ ပေါင်းသင်း လူမှုဆက်ဆံနည်း၊ လူပေါ် လူဇော် လုပ်နည်း၊ ဝတ်စားဆင်ယင် နေထိုင်နည်းတွေအပြင် လူ့ယဉ်ကျေးမှု၊ ရိုးရာလူမှု စည်းကမ်းစတဲ့ ပြောလို့မဆုံးနိုင်တဲ့ ဘာသာရပ်များကို သင်ကြား ပေးခဲ့ပါတယ်။

အရှင်မြတ်ထံပါးမှ သတိပဋ္ဌာန်တရားကို သင်ကြားခွင့်ရတဲ့ နောက်ပိုင်းမှာမှ *ဘုရားတပည့်တော် ဘဝဟာ ဒုတိယအကြိမ်မြောက် မွေးဖွားလာသလို ခံစားရပါတယ်ဘုရား။* ရုပ်ကိုယ်ကာယကတော့ မိဘမွေးတဲ့အတိုင်းပင် ဖြစ်ပါသော်လည်း စိတ်နေစိတ်ထားက လုံးဝ ဥဿုံနီးပါး အသစ် ဖြစ်လာလို့ပါ အရှင်ဘုရား။

ခုမှပဲ ကာမဂုဏ်ရဲ့ အပြစ်ကို သေသေချာချာ သိမြင်လာပါတယ်၊ သီလစင်ကြယ်ခြင်း၊ စိတ်စင်ကြယ်ခြင်း၊ အယူအမြင် စင်ကြယ်ခြင်းရဲ့ အကျိုးတွေလည်း သိလာပါတယ်ဘုရား၊

ရိုးသားစွာနေဖို့ အလိုဆိုး မရှိဖို့၊ သူတထူးရဲ့ ဂုဏ်ကျေးဇူးကို မချေဖျက်ဖို့၊ မနာလို ဝန်တိုကင်းဖို့ မာန်မာနကင်းဖို့၊ မလိမ်ညာ မဝါကြွားဖို့၊ ခြိုးခြံဖို့၊ မရှိတဲ့ဂုဏ်ကို မဖော်ဖို့၊ ရှိတဲ့ အပြစ်အနာ အဆာကို မဖုံးဖို့စတဲ့ အသိဉာဏ်ပညာ ဗဟုသုတတွေကို သိရှိ လာပါတယ်။

*သဘာဝကို သဘာဝအတိုင်း လက်ခံနိုင်လာတာနှင့်အမျှ သောကကင်းတဲ့ ဘဝကို ဘုရားတပည့်တော် တဖြည်းဖြည်း ပိုင်ဆိုင်လာနိုင်ပြီ ဖြစ်တဲ့အကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါတယ်ဘုရား။*

ခုလိုဘဝနေနည်း (Art of Living)ကို ယှဉ်သိဖို့ဝေးစွာ ကြားပင်မကြားခဲ့ဘူးပါဘုရား။ သို့ဖြစ်၍ ရုပ ကိုယ်ကာယ မပြောင်းသော်လည်း အသိအမြင် ပြောင်းလဲတာကို ဒုတိယအကြိမ် မွေးဖွားခြင်းလို့ တင်စားလျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား။ မှားရင် သည်းခံခွင့်လွှတ်ပေးတော်မူပါရန် ရိုသေစွာ တောင်းပန်ပါသည်ဘုရား။

ကြည်ညိုလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၇ခု၊ ဖေဖော်ဝါရီလ (၂၇)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

ဖေဖော်ဝါရီလ (၂၇) ရက်စွဲပါ ဆက်ကပ်လာတဲ့စာကို လက်ခံရရှိပါတယ်။ လူတွေက နွားတွေကိုခိုင်းတာကို ဘုန်းဘုန်း ဦးဆုံးမြင်ခဲ့ဖူးပါတယ်။ နောက် ကျွဲတွေကိုပါ ခိုင်းနိုင်ကြတာ မြင်ဖူးတယ်၊ ဒီနောက် မြင်းတို့ ဆင်တို့ ကုလားအုပ်တွေကို ခိုင်းနိုင်တာ မြင်ရတော့လည်း လူ့ရဲ့ ဉာဏစွမ်းပကားကို ကျေနပ်ခဲ့ အံ့သြခဲ့ဖူးတယ်။ *ဒါပေမယ့် လူက တိရစ္ဆာန်ကိုသာ ခိုင်းတာ မဟုတ်ဘူး၊ လူလူချင်းကိုလည်း လူက ပြန်ခိုင်းတာ တွေ့ရပြန်တယ်။ ပမာပြရရင် သားကျွန်၊ လင်ကျွန်၊ မယားကျွန်၊ သမီး ကျွန်၊ မြေးကျွန်တွေ တွေ့နေရလို့ပါပဲ။*

တိရစ္ဆာန်တွေကို အလိုမတူဘဲ ခိုင်းနေသော်လည်းပဲ လူလူချင်းကျတော့ အလိုတူအလိုပါ ခိုင်းခံနေကြတာကို တွေ့မိပြီး အလွန်အံ့သြခဲ့ရပြန်ပါတယ်။

*ဒါပေမယ့် လူကိုရော၊ တိရစ္ဆာန် အရိုင်းအစိုင်းတွေကိုပါ ခိုင်းနိုင်စွမ်းရှိတဲ့ လူသားတွေကို အဝိဇ္ဇာ၊ တဏှာက ဂုတ်ခွစီးပြီး ခိုင်းနေတာပါလားဆိုတာကို သိလာရပြန်တော့ မအံ့သြဘဲ မနေနိုင်ပါဘူး။*

အဝိဇ္ဇာ၊ တဏှာရဲ့ နှိပ်စက်မှုအောက်က မလွတ်သရွေ့ အခိုင်းခံနေတဲ့ တဏှာကျွန်ဘဝက လွတ်မှာမဟုတ်သေးပါဘူး။ ဘုံဘဝထောင်တစ်ခုမှ နောက်ဘုံဘဝထောင် တစ်ခုသို့ ပြောင်းရွှေ့တာပဲရှိမယ်။ အဝိဇ္ဇာတဏှာရဲ့ ကျေးကျွန်ကတော့ ကျေးကျွန်ပါပဲ။

ဘဝသံသရာက ရှည်လျားလှပါပြီ။ ကြွက်စားတဲ့အမေရဲ့ ဝမ်းဗိုက်ထဲ ရောက်တုန်းက ကြွက်စားနည်း သင်ယူခဲ့ရတယ်။ မြွက်စားတဲ့အမေ့ဗိုက်ထဲ ရောက်တော့လည်း မြွက်စားတဲ့နည်း သင်ယူခဲ့ရပါတယ်။ ထမင်းစားတဲ့ အမေ့ဗိုက်ထဲ ရောက်တဲ့ဘဝမှာ ထမင်း စားနည်းကို ခက်ခဲစွာသင်ကြားခဲ့ရပါတယ်။

စို့ခဲ့တဲ့နို့ရည်တွေက သမုဒ္ဒရာလေးစင်းမက များခဲ့ပြီလို့ မြတ်စွာဘုရား ဟောတော်မူခဲ့ပါတယ်။ အဲ့ဒီလိုစို့ခဲ့တဲ့ နို့ရည်တွေဟာ လူအမေရဲ့ နို့ရည်တွေချည်းပဲလို့ ပြောလို့မရပါဘူး။[၁]

ဒါကြောင့် ဘေးရန်များလှတဲ့ ဘဝသံသရာက လွတ်မြောက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းရပါမယ်။

၁။ (၁၂၇) ခီရသုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။

အနိစ္စသညိနော ဘိက္ခဝေ အနတ္တသညာ သဏ္ဌာတိ၊ အနတ္တသညီ အသ္မိမာနံ သမုဂ္ဃါတံ ပါပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနန္တိ။[၁]

ချစ်သားတို့ ခန္ဓာငါးပါးပေါ်မှာ မမြဲ ပြောင်းလဲနေတဲ့ သဘောကို ဉာဏ်သက်ဝင်လာနိုင်သူဟာ ငါဆိုတဲ့အမာခံ အကောင်အထည် မရှိပါလား၊ အစိုးမရပါလားဆိုတဲ့ တဏှာထောင်လွှား မာနတရား ကင်းပြတ်ခြင်းသို့ ရောက်နိုင်ပါတယ်။ ဒီဘဝမှာပင် ကိလေသာငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။ ဒါ့ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ ကိလေသာဝင်ရာ တံခါးတွေကို စောင့်ရှောက်ရပါမယ်။

မြတ်စွာဘုရားရှင်က လိပ်ဥပမာနှင့် ဟောတော်မူတဲ့ ဒေသနာတော်တစ်ခုကို ဖော်ပြပေးပါဦးမယ်။ လိပ်တကောင်နှင့် မြေခွေးတစ်ကောင်တို့ဟာ ညနေချမ်းအခါ မြစ်ကမ်းအနီးမှာ လှည့်လည် ကျက်စားနေတယ်။ မြေခွေးကလိပ်ကို မြင်လိုက်ရင်ပဲ လိပ်ရှိတဲ့ ကမ်းစပ်ဆီကို လာပါတယ်။ လိပ်က ရန်သူ မြေခွေးကို မြင်တော့ ခြေနှစ်ချောင်း လက်နှစ်ချောင်း၊ ခေါင်းတွေကို အခွံထဲမှာ ထည့်သွင်းပြီး ဘေးရန်ကင်းစွာ နေလိုက်ပါတယ်။ ဒါကြောင့် မြေခွေးဟာ လိပ်ကို သတ်ဖြတ် ညှဉ်းဆဲဖို့ အခွင့်အရေး မရတော့ပါဘူး။

ဒီဥပမာအတိုင်းပဲ *မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ တံခါးတွေ မလုံခြုံလို့ရှိရင်တော့ အခွင့်ရတဲ့ အခိုက်မှာ ကိလေသာ မာရ်ယုတ်က အနီးအနားမှာ အမြဲတမ်း စောင့်နေလျက်ပါပဲ။*

မျက်စိနှင့်အဆင်းကို မြင်တဲ့အခါမှာ မိန်းမ၊ ယောကျ်ား၊ ခြေလက်အင်္ဂါ၊ ပြုံးဟန်ရယ်ဟန်၊ အမူအယာတွေကို ဆွဲယူလိုက်မိ

၁။ (၁)သမ္ဗောဓိသုတ္တ၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ။

တာနဲ့ (စက္ခုန္ဒြေကို မစောင့်စည်းလိုက်မိတာနှင့်) အဘိဇ္ဈာ ဒေါမနဿ ယုတ်ညံ့တဲ့ အကုသိုလ်တရားတွေက မိမိစိတ်ကို ဝင်ရောက် နှိပ်စက်တော့တာပဲ။

ဒါကြောင့် မြတ်စွာဘုရားက ချစ်သားတို့ သင်တို့သည် မနိန္ဒြေကို စောင့်စည်းပြီး နေကြကုန်လော့။ ဣန္ဒြေတရားတွေမှာ လုံခြုံတဲ့ တံခါးရှိတဲ့အတွက် လိပ်ကို မြေခွေးက မနှောက်ယှက်နိုင်သလို ကိလေသာ မာရ်ယုတ်ကလည်း သင်ချစ်သားတို့ကို မနှိပ်စက်နိုင်တော့ဘူးလို့ ဆုံးမတော်မူပါတယ်။[၁]

ဝရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ စက္ခုန္ဒြိယံ သမ္ပလိမဋ္ဌံ၊ န တွေဝ စက္ခုဝိညေယျေသု ရူပေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော။[၂]

ချစ်သားရဟန်းတို့-နီရဲအောင်မီးဖုတ်ထားတဲ့ သံချောင်းနှင့် စက္ခုန္ဒြေခေါ်တဲ့မျက်စိကို ထိုးဖောက်တာဟာ ကောင်းပါသေးတယ်။ မျက်စိနှင့် တွေ့မြင်ရတဲ့ ရူပါရုံတွေမှာ လက်၊ ခြေ၊ ပြုံးပုံ၊ ရယ်ပုံစတဲ့ အသေးစိတ်နေနှင့် မိန်းမ၊ ယောကျ်ား တင့်တယ်ဟန် စတဲ့ပုံသဏ္ဌာန် အာရုံကိုယူခြင်းဟာ မကောင်းပါဘူးလို့ မြတ်စွာဘုရား ဟောတော်မူပါတယ်ဘုရား။

ဆက်လက်ပြီး ပြန်ကြားသိစေလိုတာကတော့ ငှက်တွေဟာ အမိဝမ်းက ဦးစွာမွေးဖွားရတယ်။ ပြီးရင် အခွံထဲကတစ်ခါ မွေးဖွားပါတယ်။ ဒါပေမဲ့ အသိုက်ထဲက လိုရာပျံနိုင်မှသာ ငှက်ဖြစ်ပြီလို့ မှတ်ရပါမယ်။ <u>*ဒါယိကာမကြီး မိဘကမွေးဖွားခဲ့တာက တစ်ကြိမ်၊ သတိပဋ္ဌာန်တရားရဲ့ ကျေးဇူးကြောင့် အသိအမြင်ပြောင်းလို့ မွေးဖွားတာက*</u>

---

၁။ (၂၄၀) ကုမ္မောပမသုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။
၂။ (၂၃၅) အာဒိတ္တပရိယာယသုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။

*တစ်ကြိမ်ဆိုတော့ အခွံထဲက ထွက်ရုံပဲ ရှိသေးတယ်။ အတောင်စုံပြီး ကောင်းကင် မပျံနိုင်သေးပါဘူး။*

*ကိလေသာကို အပြီးပယ်သတ်ကာ ပုထုဇဉ်ဘုံမှ အရိယာဘုံကိုကူးပြောင်းတာသည် တောင်ပံနှင့် ကောင်းကင်ပျံတက်တာပါ။ တတိယအကြိမ် ဖွားမြင်လာခြင်းပါပဲ။ ယောဂီ ဒါယိကာမကြီး ဘဝသံသရာ အကျဉ်းထောင်ကနေ ဝေးရာကို ပျံသန်းနိုင်ပါစေ။*

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၇ ခုနှစ်၊ မတ်လ (၁၅)ရက်။

**ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။**

ဆရာတော်ဘုရား ကျန်းမာစွာဖြင့် သာသနာ့တာဝန်များ ထမ်းဆောင်နိုင်ပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သပါတယ်ဘုရား။ ဆရာတော်ဘုရား ထံပါးမှ (၁၅. ၃. ၈၇)ရက်စွဲပါ စာကို လက်ခံရရှိလို့ ဝမ်းမြောက်ပါတယ်ဘုရား။

ဘုရားတပည့်တော် တရားအတွေ့အကြုံများ လျှောက်ထားပါရစေဘုရား။

တရားထိုင်၍ ရှုပွါးချိန်မှာ ရုပ်နာမ်သင်္ခါရတို့ရဲ့ ပြောင်းလဲဖေါက်ပြန်မှုတွေက ယခင်သိတာထက် ပိုလို့ နူးညံ့ သိမ်မွေ့လာပါတယ်။ သတိတရားလည်း အရင်ထက်ပိုလို့ ဆက်စပ်လာပါတယ်ဘုရား။

လောကရေးရာနှင့် ပတ်သက်တာ၊ လောကုတ္တရာရေးရာနှင့် ပတ်သက်တာ၊ နိဗ္ဗာန်နှင့်ပတ်သက်တာ၊ ဝိပဿနာနှင့် ပတ်သက်တာတွေ တပည့်တော်မရဲ့ စိတ်ထဲမှာ ပို၍ပို၍ ရှင်းရှင်းလာနေပါတယ်ဘုရား။ လူတွေ ပြောနေသလိုမျိုး၊ တပည့်တော် အရင်က သိထားသလိုမျိုး မဟုတ်ပါဘူး။ တွေးလို့သိတာ၊ စာဖတ်လို့သိတာနှင့် လက်တွေ့ သဘောပေါက်ပြီး သိလာတာက ကွာခြား လွန်းပါတယ်ဘုရား။

*တချို့အကြောင်းအရာကိစ္စပေါ်မှာ အရင်ကလည်းအသိအမြင်တွေ ပြောင်းခဲ့တာကို သတိပြုမိဖူးတယ်။ အခုတစ်ခါပြန်ပြီးတော့ အသိအမြင် ပြောင်းလဲသွားပြန်တယ်။ ထူးခြားတာက အရင်ထက် ပိုလို့ သိသာပါတယ်၊ အရင်နှင့်စာရင် ပို၍ အတ္တ လျော့ပါးလာတယ်လို့ ရိုးသားပွင့်လင်းစွာ လျှောက်ပါရစေ။*

အာရုံသင်္ခါရနှင့် မှတ်သိမှုဝိပဿနာသင်္ခါရတို့ရဲ့ ရှေ့ဆင့်နောက်ဆင့် ဖြစ်ပျက်ပြောင်းလဲနေတာကို ရှင်းရှင်းလင်းလင်း သိလာပါတယ်ဘုရား။ ဝိပဿနာက သိပ်ကိုနက်နဲ လှပါတယ်ဘုရား။ အသိရဲ့ အဆုံးထိကို ဒီတစ်သက်သိနိုင်ဖို့ အချိန်တောင် လောက်ပါ့မလားဆိုပြီး ရံခါ တွေးမိပါတယ်ဘုရား။

သို့သော် *ရည်မှန်းရာ လိုရာပန်းတိုင်ကို မရောက်ခင်ဘဲ ဒီခန္ဓာပျက်စီးသွားရင် နောင်ရမယ့်ခန္ဓာနှင့် လိုရာပန်းတိုင်ကို ဆက်သွားဖို့ ဆုံးဖြတ်ချက် ချထားပါတယ်ဘုရား။ တပည့်တော်ရဲ့ ဝိပဿနာလုပ်ငန်းစဉ်က တပည့်တော် သေခြင်းကြောင့် ရပ်တန့်ခြင်း၊ အဟန့်အတားဖြစ်ခြင်း မရှိနိုင်ဘူးလို့ ဆရာတော် ဘုရား၏ သွန်သင်ဆုံးမမှုကို ခုတော့ နားလည် ယုံကြည်ပါတယ်ဘုရား။*

လောကလူ့ရွာမှာတော့ လူတစ်ယောက်သေရင် သူ့ရဲ့ လုပ်ငန်းကိစ္စအဝဝအားလုံး ရပ်တန့် ပျက်စီး သွားကြတာချည်းပါပဲ။ တစ်နည်းပြောရရင် သေရင် အလုပ် အကုန်ပျက်သွားပါတယ်ဘုရား။ ဘုရားတပည့်တော်တို့အလုပ်ကတော့ ဒီဘဝသေရင်လည်း မပျက်တော့ဘူးဆိုတာကို သိလာရတော့ သိပ်ကို အားတက်မိပါတယ်။ လောကမှာလူသေသွားလို့လည်း မပျက်တဲ့ အလုပ်ကတော့ ဝိပဿနာ အလုပ်တစ်ခုပဲ ရှိမယ် ထင်ပါတယ်ဘုရား။ ပုထုဇဉ်ကနေ သောတာပန်ဖြစ်ဖို့ကျင့်တဲ့တရားနှင့် သူ့ထက်မြင့်တဲ့ အရိယာအဆင့်ဆင့်မှာ ကျင့်ရမယ့်တရားက ဘယ်ကဲ့သို့ ခြားနားချက် ရှိပါသလဲဆိုတာ ရိုသေစွာလျှောက်ထား တောင်းပန်ပါရစေဘုရား။

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၇ ခုနှစ်၊ မတ်လ (၂၅)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

ဒါယိကာမထံမှ (၂၅. ၃. ၈၇)ရက်စွဲပါ လျှောက်ထားစာပြန်ကြားပေးပါမယ်။ ဒေါသ၊ လောဘတွေကို အရိယာမဂ်က မပယ်သတ်သေးသရွေ့ အာရုံနှင့် တိုက်ဆိုတဲ့အခါ အနုသယသတ္တိကြောင့်ကိလေသာတွေ ဖြစ်ဦးမှာပါ။ ဒါပေမဲ့ အားထုတ်ထားတဲ့ ဉာဏ်ရဲ့သတ္တိက အဲ့ဒီဒေါသ၊ အဲဒီလောဘဖြစ်ရတဲ့ အကြောင်းရင်းကို သိနိုင်ပါတယ်။

အဲဒီအကြောင်းအရင်းကို သိရတာက ဖေါ်မပြနိုင်လောက်အောင် တန်ဖိုးရှိသွားပြီး ဒိုးရိုပေါက် ရှင်းရှင်းလင်းလင်းကြီး မြင်လိုက်ရသလိုပါပဲ။ သူ့အကြောင်းအရင်းကို သိလိုက်မှတော့ ဘာလို့ဆက်ပြီးတော့မှ ဒေါသ ဖြစ်ရတော့မလဲ။ ဘာလို့ဆက်ပြီးတော့မှ ဝမ်းနည်းပူဆွေးသောက ဖြစ်ရဦးမလဲ။ ခုလို အသိဉာဏ်ရှိလာတဲ့သူရဲ့ စိတ်အိမ်ကို အရင်ကလို ကိလေသာက လွှမ်းမိုး ချယ်လှယ်ချင်တိုင်း ချယ်လှယ်လို့ မရတော့ပါဘူး။

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။

ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။[၁]

ရေပွက်ကို ရှုမြင်သကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း ထိုနည်းတူ (ခန္ဓာငါးပါးဟူသော)လောကကို ကြည့်ရှုသူအဖို့ သေမင်းမမြင်နိုင်ပါလို့ ဓမ္မပဒပါဠိတော်မှာ ဟောကြားတော်မူထားပါတယ်။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့ရဲ့ ဖြစ်မှုပျက်မှုကို ဉာဏ်ထဲ မြင်နိုင်မှသာ ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်နိုင်ပါတယ်။

အနိစ္စတာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ၊ ပညာယေတံ နာမံ။[၂]

ရုပ် နာမ် ပရမတ်တို့၏ သင်္ခါရ ဖြစ်ပျက်များကို အမှန်အတိုင်း သိမြင်နိုင်စွမ်းတဲ့ ဉာဏ်ပညာကို ဝိပဿနာ သမ္မာဒိဋ္ဌိလို့ ခေါ်ပါတယ်။ ရုပ်နာမ် အမှန်သဘော ပရမတ်ကို အမှန်အတိုင်း သိခြင်းသည်သာ ဉာဏ်ပညာမည်ဖြစ်ပါတယ်။

ပုထုဇဉ်က သောတာပန်အရိယာဖြစ်ဖို့လည်း အခုရှုပွားနေတဲ့ တရားကိုပဲ ရှုပွားရမှာပါ။ သောတာပန် အရိယာကလည်း သကဒါဂါမ်၊

---

၁။ (၁၇၀) လောကဝဂ္ဂ၊ ဓမ္မပဒပါဠိ။

၂။ (၂၅) ဘာဝေတဗ္ဗနိဒ္ဒေသဝဏ္ဏနာ၊ ပဋိသမ္ဘိဒါမဂ္ဂ-ဋ္ဌ။

အနာဂါမ်၊ ရဟန္တာဖြစ်ဖို့လည်းပဲ ခုရှုပွားနေတဲ့ တရားပါပဲ။ ရဟန္တာ အရှင်မြတ်များ မျက်မှောက်ဘဝမှာ ချမ်းသာစွာနေဖို့လည်း ဒီတရားပဲ ရှုပွားရတာပါပဲ။[၁]

အခါတစ်ပါးမှာ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာကောဋ္ဌိက မထေရ်မြတ်ကြီးတို့ဟာ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောမှာ သီတင်းသုံးတော်မူနေကြပါတယ်။ ညချမ်းအခါမှာ အရှင်မဟာကောဋ္ဌိက မထေရ်မြတ်ကြီးက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးထံ ချဉ်းကပ်ပြီး *"ငါ့ရှင်သာရိပုတ္တရာ သီလရှိတဲ့ ရဟန်းက ဘယ်တရားတို့ကို နှလုံးသွင်းအပ်ပါသလဲ"*လို့ မေးလျှောက်တော်မူပါတယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက "ဥပါဒါနက္ခန္ဓာ(၅)ပါးတို့ကို အနိစ္စတော-မမြဲဟူ၍လည်းကောင်း၊ ဒုက္ခတော-ဆင်းရဲဟူ၍လည်းကောင်း၊ ရောဂတော-ရောဂါဟူ၍လည်းကောင်း၊ ဂဏ္ဍတော-အနာဟူ၍လည်းကောင်း၊ သလ္လတော-ငြောင့်ဟူ၍လည်းကောင်း၊ အဃတော-ပင်ပန်းမှုဟူ၍လည်းကောင်း၊ အာဗာဓတော-နာကျင်မှုဟူ၍လည်းကောင်း၊ ပရတော-သူစိမ်းပြင်ပဟူ၍လည်းကောင်း၊ ပလောကတော-အပျက်ဟူ၍လည်းကောင်း၊ အနတ္တတော-အတ္တအနှစ်သာရမရှိဟူ၍လည်းကောင်း၊ အသင့်အားဖြင့် နှလုံးသွင်းမယ်ဆိုရင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ပါတယ်"လို့ မိန့်တော်မူပါတယ်။

*"အရှင်သာရိပုတ္တရာ သောတာပန်ရဟန်းကတော အဘယ်တရားတို့ကို နှလုံးသွင်းရပါသလဲ"*လို့ အရှင်မဟာကောဋ္ဌိကမထေရ်မြတ်ကြီးက မေးတဲ့အခါ "သောတာပန်ရဟန်းကလည်း ဥပါဒါနက္ခန္ဓာ(၅)မျိုးတို့ကို အနိစ္စတော-မမြဲဟူ၍လည်းကောင်း၊ ဒုက္ခတော-ဆင်းရဲ

---

၁။ (၁၂၂)သီလဝန္တသုတ္တာ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။

ဟူ၍လည်းကောင်း၊ ရောဂတော-ရောဂါဟူ၍လည်းကောင်း၊ ဂဏ္ဍတော-အနာဟူ၍လည်းကောင်း၊ သလ္လတော-ငြောင့်ဟူ၍လည်းကောင်း၊ အဃတော-ပင်ပန်းမှုဟူ၍လည်းကောင်း၊ အာဗာဓတော-နာကျင်မှုဟူ၍လည်းကောင်း၊ ပရတော-သူစိမ်းပြင်ပဟူ၍လည်းကောင်း၊ ပလောကတော-အပျက်ဟူ၍လည်းကောင်း၊ သုညတော-ဆိတ်သုဉ်းသည့် တရားဟူ၍လည်းကောင်း၊ အနတ္တတော-အတ္တအနှစ်မရှိဟူ၍လည်းကောင်း အသင့်အားဖြင့် နှလုံးသွင်းမယ်ဆိုရင် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ပါတယ်"လို့ မိန့်တော်မူပါတယ်။

ဆက်လက်ပြီး *"အရှင်သာရိပုတ္တရာ သကဒါဂါမ် ရဟန်းကတော အဘယ်တရားတို့ကို နှလုံးသွင်းရပါသလဲ?*ဟု မေးလျှောက်တဲ့အခါ "သကဒါဂါမ် ရဟန်းကလည်း ဥပါဒါနခက္ခန္ဓာ(၅)ပါးတို့ကို အနိစ္စတော-မမြဲဟူ၍လည်းကောင်း၊ ဒုက္ခတော-ဆင်းရဲဟူ၍လည်းကောင်း၊ ရောဂတော-ရောဂါဟူ၍လည်းကောင်း၊ ဂဏ္ဍတော-အနာဟူ၍လည်းကောင်း၊ သလ္လတော-ငြောင့်ဟူ၍လည်းကောင်း၊ အဃတော-ပင်ပန်းမှုဟူ၍လည်းကောင်း၊ အာဗာဓတော-နာကျင်မှုဟူ၍လည်းကောင်း၊ ပရတော-သူစိမ်းပြင်ပဟူ၍လည်းကောင်း၊ ပလောကတော-အပျက်ဟူ၍လည်းကောင်း၊ သုညတော-ဆိတ်သုဉ်းသည့်တရားဟူ၍လည်းကောင်း၊ အနတ္တတော-အတ္တအနှစ်သာရမရှိဟူ၍လည်းကောင်း အသင့်အားဖြင့် နှလုံးသွင်းမယ်ဆိုရင် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ပါတယ်"လို့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက မိန့်တော်မူပါတယ်။

*"အရှင်သာရိပုတ္တရာ အနာဂါမ်ရဟန်းကတော အဘယ်တရားတို့ကို နှလုံးသွင်းရပါမလဲ?* "လို့ မေးလျှောက်တဲ့အခါ "အနာဂါမ်

ရဟန်းကလည်း ဒီဥပဒါနက္ခန္ဓာ(၅)ပါးတို့ကို အနိစ္စတော-မမြဲဟူ၍ လည်းကောင်း၊ ဒုက္ခတော-ဆင်းရဲဟူ၍လည်းကောင်း၊ ရောဂတော-ရောဂါဟူ ၍လည်းကောင်း၊ (ပ)အသင့်အားဖြင့် နှလုံးသွင်းမယ်ဆိုရင် အရဟတ္တဖိုလ် မျက်မှောက် ပြုနိုင်ပါတယ်လို့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက မိန့်တော်မူပါတယ်”။

ဆက်လက်ပြီး *“အရှင်သာရိပုတ္တရာ ရဟန္တာ မထေရ်မြတ်ကြီးကတော အဘယ်တရားကို နှလုံးသွင်းရပါသလဲ?”*လို့ မေးလျှောက်တဲ့အခါ ငါ့ရှင်ကောဋ္ဌိက ရဟန္တာသည်လည်း ဒီဥပါဒါနက္ခန္ဓာ(၅)မျိုးတို့ကို အနိစ္စတော-မမြဲဟူ၍လည်းကောင်း၊ ဒုက္ခတော-ဆင်းရဲဟူ၍လည်းကောင်း၊ ရောဂတော-ရောဂါဟူ၍လည်းကောင်း၊ ဂဏ္ဍတော-အနာဟူ၍လည်းကောင်း၊ သလ္လတော-ငြောင့်ဟူ၍လည်းကောင်း၊ အဃတော-ပင်ပန်းမှုဟူ၍လည်းကောင်း၊ အာဗာဓတော-နာကျင်မှုဟူ၍လည်းကောင်း၊ ပရတော-သူစိမ်းပြင်ပဟူ၍လည်းကောင်း၊ ပလောကတော-အပျက်ဟူ၍လည်းကောင်း၊ သုညတော-ဆိတ်သုဉ်းသည့် တရားဟူ၍လည်းကောင်း၊ အနတ္တတော-အတ္တအနှစ်မရှိ ဟူ၍လည်းကောင်း အသင့်အားဖြင့် နှလုံးသွင်းအပ်ပါတယ်။ *“ရဟန္တာပုဂ္ဂိုလ်ကား တစ်စုံတစ်ခုသော ရဟန်းကိစ္စကို နောက်ထပ်ပြုဖွယ် မရှိတော့သော်လည်း စင်စစ်သော်ကား ဤတရားတို့ကို ကြိမ်ဖန်များစွာ ပွားများအပ်ကုန်သော မျက်မှောက်ဘဝမှာ ချမ်းသာစွာနေရခြင်း အကျိုးနှင့် သတိသမ္ပဇဉ် အလို့ငှာ ဖြစ်ပါတယ်လို့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက မိန့်တော်မူပါတယ်”*။ သီလရှိတဲ့ ပုထုဇဉ်ရဟန်းကနေ သောတာပန် ဖြစ်ဖို့လည်းကောင်း၊ သောတာပန်မှသည် ရဟန္တာ ဖြစ်သည်ထိလည်းကောင်း ဤဥပါဒါ

နက္ခန္ဓာ (၅)ပါးတို့ကိုပင် နှလုံးသွင်းရပါတယ်။ နှလုံးသွင်းရတဲ့ တရားက အတူတူပဲ ဖြစ်ပါတယ်။ ယောဂီဟာ ဥပါဒါနက္ခန္ဓာ (၅)ပါး တို့ပေါ်မှာ အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော၊ ဂဏ္ဍတောစတဲ့ အခြင်းအရာတွေထဲက အခြင်းအရာ တစ်ခုခုကို ဉာဏ်နှင့်ကောင်း မွန်စွာ သိမြင် သဘောကျလျှင်ပင် မဂ်ဉာဏ်သို့ ရောက်နိုင်အောင် ဝိပဿနာဉာဏ် ပြည့်စုံပြီ ဖြစ်ပါတယ်။[၁]

မေတ္တာတရားဖြင့်

ဆရာတော်

ရက်စွဲ-၁၉၈၇ ခုနှစ်၊ ဧပြီလ (၁၀)ရက်။

## ရှိသေစွာ ကြည်ညိုဦးခိုက် လျှောက်ထားအပ်ပါသည်ဘုရား။

ထူးမြတ်သော တရားတော်များကို ပါဠိစာပေ အထောက် အထားများစွာနှင့် သွန်သင် ပေးသနားတော်မူတဲ့ ကျေးဇူးတရားကို ဘုရားတပည့်တော်မ ဘဝမှာ ပေးဆပ်၍မကုန် ဖြစ်ရပါတယ်ဘုရား။

ဘုရားတပည့်တော်မ ဆရာတော်ဘုရား ခြေတော်ရင်းသို့ လာရောက်ရန် စီစဉ်ထားပါတယ်ဘုရား။ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတောတရားက အလွန်ပဲ နက်နဲလှပါသဖြင့် လာရောက်သည့် နေ့မှာ ဆရာတော်ဘုရားထံပါး ထပ်မံ နာကြား မှတ်သားလိုပါသေး တယ်ဘုရား။ ယခုလ တတိယအပတ်ထဲ လာခွင့်ပြုပါရန် ရှိသေစွာ လျှောက်ထားပါတယ်။ (ဒါယိကာမ၏ တော ၄၀ မေးခွန်း၏ အဖြေတို့ကို နောက်ဆက်တွဲ၌ ဖော်ပြထားပါသည်။)

၁။ ဝိပဿနာကထာ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိ။

*လူဘဝရဲ့လွတ်လပ်မှု (Freedom)ကို အရင်က တပည့်တော်မ မြင်ပမှာ ရှာခဲ့မိပါတယ်။ သူ့ကြောင့် ငါမလွတ်လပ်တာ၊ သူတို့က ငါ့ရဲ့လွတ်လပ်မှုကို ချုပ်ချယ်တာလို့ ထင်ခဲ့ဖူးပါတယ်။ တကယ် တမ်းတော့ တပည့်တော်မရဲ့ လွတ်လပ်မှုကို တပည့်တော်မပဲ တည် ဆောက်ရမယ်ဆိုတာ အခု နားလည်ပါပြီဘုရား။ ကိလေသာက လွတ်မှပဲ လွတ်လွတ်လပ်လပ် နေရတော့မယ် ဆိုတာကို သေသေ ချာချာ ယုံကြည်ပါတယ်။ လောဘ၊ ဒေါသ၊ မာန၊ ဣဿ မစ္ဆရိယ ကိလေသာရဲ့ စက်ကွင်းက နည်းနည်း လွတ်ရင် နည်းနည်း လွတ်လပ် လာပါတယ်ဘုရား။ အများကြီးသာလွတ်ရင် အများကြီး လွတ်လပ် မယ်ဆိုတာ သံသယ မရှိတော့ပါဘူးဘုရား။ ကိလေသာက အလုံး စုံသာလွတ်ရင်တော့ အလုံးစုံ လွတ်လပ်ပါပြီ။ ဒါကြောင့် တပည့်တော် လွတ်လပ်မှုကို ပြင်ပမှာ မမျှော်ကိုးတော့ပါဘူးဘုရား။*

တပည့်တော်တို့ တက္ကသိုလ်က ပါမောက္ခတစ်ဦးနှင့် မနေ့က မရှိချမ်းသာအကြောင်းကို ဆွေးနွေးကြပါတယ်ဘုရား။ သူကဘယ်လို နည်းနှင့်မှ မရှိချမ်းသာဆိုတာမျိုး လောကမှာ မရှိနိုင်ဘူးလို့ ငြင်းပါတယ်။ ဒါကြောင့် သူ့ကို တပည့်တော်မလည်း ဆက်ပြီးမရှင်းပြ တော့ပါဘူးဘုရား။ သူတစ်ပါးကို တပည့်တော် ပို၍ ပို၍ နားလည် လာနိုင်ပါသော်လည်း သူတစ်ပါးက တပည့်တော်မကို နားလည်ဖို့ ပို၍ ပို၍များ ခက်လာသလားလို့ တွေးထင်မိပါတယ်ဘုရား။

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၇ခုနှစ်၊ ဧပြီလ (၂၅)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

(၂၅. ၄. ၀၇)ရက်စွဲပါစာကို ပြန်ကြား သိစေပါတယ်။ မရှိ ချမ်းသာကို နားလည်လက်ခံဖို့ ညာဏ်လိုပါတယ်။ အများကြီး ရှာဖွေ စုဆောင်း သိမ်းဆည်းရတာကိုပဲ ကံကောင်းတယ်လို့ ခေတ်ကာလ အဆက်ဆက်ကတည်းက လူသားအများစုက လက်ခံလာခဲ့ကြတာပါ။

*သဘာဝမှာကတော့ ကွဲကွာရတတ်တယ်၊ ပျက်တတ်တယ်၊ အစိုးမပိုင်တဲ့ သဘောတရားပါပဲ။ ဒါပေမယ့် ဒါကို လူသားထုက မေ့လျော့နေကြပါတယ်။*

ဘုရားရှင်လက်ထက်တော်အခါက ဘုရားရှင်ရဲ့ ညီတော် အာနန္ဒာနှင့် နာမည်ခြင်းတူတဲ့ အာနန္ဒာသူဌေးဆိုတာရှိတယ်။ သူ့မှာ မူလသိရိလို့ခေါ်တဲ့ သားတစ်ဦးရှိတယ်။ “ဒီရွှေ၊ ငွေ၊ ဥစ္စာ၊ ပစ္စည်း၊ ရတနာတွေကို ဘဏ္ဍာတိုက်ထဲကို သွင်းပဲသွင်းရမယ် ငါ့သား၊ အပြင်ကို ထုတ်ရင် ကုန်သွားမယ်။ ပမာပြရရင် ခြများ စုဆောင်းသလို စုဆောင်းတတ်ဖို့ အရေးကြီးတယ်”လို့ သားကို အဆုံးအမ ပေးလေ့ရှိ ပါတယ်။ ဒါပေမယ့် သူ့သားကိုလည်း စိတ်ချဟန်မတူဘူး၊ တစ်နေ့မှာ တော့ ရွှေအိုး(၅)လုံးကို သီးသန့်ဖယ်ပြီး ခြံထောင့်က မြေကြီးထဲ မြှုပ် ထားလိုက်တယ်။ အာနန္ဒာသူဌေးက ဒီသားနှင့် ဒီစည်းစိမ်ဥစ္စာ ရွှေငွေ ကိုပဲ အနှစ်သာရလို့ ထင်ထားခဲ့ပါတယ်။

သူဌေးကြီး ကွယ်လွန်အနိစ္စ ရောက်ပြီးတဲ့အခါမှာတော့ သူတောင်းစားမ တစ်ဦးရဲ့ ဗိုက်ထဲမှာ ပဋိသန္ဓေ နေရရှာပါတယ်။ အဲဒီအချိန်ကစပြီး သူတောင်းစားရွာ တစ်ရွာလုံး တောင်းစားလို့ မကောင်းကြတော့လို့ သူတောင်းစား ရွာသူကြီးက “ငါတို့ရွာမှာ သူယုတ်မာ တစ်ကောင်ကောင်တော့ ရောက်နေပြီ။ သူ့ကိုဖော်ထုတ်မှ ဖြစ်တော့မယ် နို့မဟုတ်ရင် ငါတို့အားလုံး ဒုက္ခရောက်တော့မယ်”လို့ အမိန့်ပေးပါတယ်။

လွန်ခဲ့တဲ့ဘဝက ရှင်ဘုရင်ကတောင် အသိအမှတ်ပြုခံထားရတဲ့ သူဌေးကြီးဟာ ပေးကမ်း လှူဒါန်းတဲ့အား နည်းတော့ ဘဝလည်း ခြားရော သူတောင်းစားမ ဝမ်းဗိုက်ထဲမှာပဲ ရှိသေးတယ် တောင်းစားတဲ့ သူတောင်းစားရွာကတောင်မှ သူယုတ်မာလို့ အခေါ်ခံရတဲ့ အခြေအနေ ရောက်ရှိသွားပါပြီ။

အဲဒီကနေ သူတောင်းစားသူကြီးက သူတောင်းစားတွေ (၁၀၀၀) ရှိတဲ့ဟာကို (၅၀၀)စီခွဲ၊ ထပ်ပြီး (၅၀၀)ကို (၂၅၀)စီခွဲ၊ အဲဒီလို အဆင့်ဆင့်ခွဲပြီး စိစစ်တဲ့အခါမှာတော့ သူယုတ်မာ ပေါ်လာလို့ အာနန္ဒာသူဌေး ပဋိသန္ဓေလွယ်ထားတဲ့ သူတောင်းစားမကို ရွာကနေ အပြီး မောင်းထုတ်လိုက်ကြပါတယ်။

သူတောင်းစားမဟာ ဆင်းဆင်းရဲရဲ ခက်ခက်ခဲခဲ ငြိုငြိုငြင်ငြင်နဲ့ ကိုးလလွယ် ဆယ်လဖွား သူတောင်းစားကလေးကို မွေးဖွားရှာပါတယ်။ သို့သော် ကလေးဟာ မျက်စိနေရာ မျက်စိမရှိ၊ နှာခေါင်းနေရာ နှာခေါင်းမရှိ ချို့တဲ့တဲ့ ကိုယ်အင်္ဂါနှင့် လူ့ဘီလူး ပုံသဏ္ဍာန် မွေးဖွားလာပါတယ်။

မိခင်ခမျာ ဗိုက်ထဲမှာ လွယ်ထားတာတောင်မှ တောင်းစားလို့ မရခဲ့ရှာတာ၊ အခုလို အသွင်အပြင်သဏ္ဍာန်ကို လူတွေ မြင်ရမှတော့ တောင်းစားဖို့ ပိုလို့တောင် ခက်ပါလိမ့်မယ်။ ဒါပေမယ့် ခက်ခက်ခဲခဲပဲ သွားနိုင် လာနိုင် တောင်းနိုင် စားနိုင်တဲ့ အရွယ်ထိ ကျွေးမွေးပြီးတော့ သူတောင်းစားမိခင်က သူ့ကို အမွေအဖြစ် နှုတ်ခမ်းပဲ့ ခွက်တစ်လုံး ပေးပြီး အပြီး လမ်းခွဲလိုက်ပါတော့တယ်။ အာနန္ဒာသူဌေးရဲ့ အတိတ်ကံက မွေးတဲ့အမေတောင်မှ မေတ္တာ ပျက်လောက်နေပါပြီ။

သူလည်းပဲ သာဝတ္ထိမြို့ကို လှည့်ပတ်တောင်းရင်းနဲ့ အတိတ်ဘဝက သူ့ရဲ့အိမ်ရှေ့ကို အမှတ်မထင် ရောက်သွားပါတယ်။ အိမ်ရှေ့

ရောက်တာနှင့်ပဲ အိမ်ထဲကို တန်းဝင်သွားပြီး သူမြတ်နိုးလွန်းတဲ့ ဘဏ္ဍာတိုက်နားအထိ ရောက်သွားတော့တယ်။ အဲဒီချိန်မှာ သူဌေးကြီး မူလသိရိရဲ့သား၊ အတိတ်ဘဝက အာနန္ဒာသူဌေးရဲ့ မြေးတွေက လူ့ ဘီလူးကလေးကို မြင်ရလို့ ထိတ်လန့် ကြောက်ရွံ့ပြီး ငိုယိုကြတော့မှ အစောင့်အရှောက်တွေက မြင်တွေ့ပြီး အဲဒီ လူ့ဘီလူးကလေးကို ရိုက် နှက်ပြီးတော့ လမ်းဘေး အမှိုက်ပုံနားမှာ သွားပစ်ထားလိုက်ကြတယ်။

မြတ်စွာဘုရားနဲ့ သံဃာတော်များ ဆွမ်းခံကြွလာတော်မူပြီး အမှိုက်ပုံနားမှာ မြတ်ဘုရား ရပ်တော်မူတဲ့အတွက် အရှင်အာနန္ဒာက ဘယ်လို အကြောင်းများ ရှိပါသလဲဘုရားလို့ မေးလျှောက်ပါတယ်။ မြတ်စွာဘုရားက မူလသိရိသူဌေးကို ခေါ်ခိုင်းတော်မူပါတယ်။

မူလသိရိသူဌေးရောက်လာတော့ ဘုရားရှင်က အမှိုက်ပုံဘေး က လူ့ဘီလူးကလေးကို လက်ညှိုးထိုးပြတော်မူပြီး "သင့်အဖေ"ပဲလို့ အမိန့်ရှိလိုက်တော့ မူလသိရိက ယုံဖို့ ခက်ခဲနေပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်က အာနန္ဒာသူဌေးဘဝက မြှုပ်ထားခဲ့တဲ့ ရွှေအိုး (၅)လုံးကို ဖော်ပေးလိုက်ပါလို့ လူ့ဘီလူးကို မိန့်တော်မူတဲ့အခါမှာ ခြံထောင့်ကိုသွားပြီး ရွှေအိုးကို ဖော်ပေးလိုက်ပါတယ်။ ဒီတော့မှ မူလ သိရိသူဌေးက သူ့ရဲ့အဖေမှန်း သက်သေ အထောက်အထားနှင့် တကွ သိသွားပါတော့တယ်။

သို့သော် အာနန္ဒာသူဌေး အားကိုးခဲ့တဲ့ ဥစ္စာ ပစ္စည်းကလည်း အားကိုးရာ မမြောက်တော့ပါဘူး။ သူဖော်ထုတ်ပေးလိုက်တဲ့ ရွှေအိုး တွေကိုလည်း သူ မပိုင်ဆိုင်တော့ပါဘူး။ အာနန္ဒာသူဌေးအတွက် ရွှေအိုး ငွေအိုးတွေက ဘဝသံသရာအတွက် အားထားရာ ခိုကိုးရာ မဖြစ်နိုင်ခဲ့ပါဘူး။

"ပုတ္တာ မတ္ထိ ဓနမ္မတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။
အတ္တာ ဟိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တာ ကုတော ဓနံ" [၁]

လူမိုက်သည် မိမိ၌ သားသမီးတို့ ရှိကုန်၏။ မိမိ၌ ဥစ္စာတို့ ရှိကုန်၏ဟု စွဲလမ်းမှု တဏှာကြောင့် ဆင်းရဲ ပင်ပန်းရ၏။ စင်စစ်မှာကား မိမိ၌ မိမိ ငါ (အတ္တ)မရှိပါဘဲလျက် အဘယ်မှာ သားသမီး ရှိပါအံ့နည်း။ အဘယ်မှာ ဥစ္စာ ရှိပါအံ့နည်း။

*ငါသည် ချစ်မြတ်နိုးအပ်သော အရာအားလုံးနှင့် တစ်နေ့ ရှင်ကွဲ ကွဲရခြင်း၊ သေကွဲ ကွဲရခြင်းသည် မုချ ဖြစ်ချေမည်ဟူ၍ မပြတ် ဆင်ခြင်အပ်၏။*

ငါသည် ကံသာလျှင် မိမိဥစ္စာရှိ၏။ ကံ၏ အမွေခံဖြစ်၏။ ကံသာလျှင် အကြောင်းရှိ၏။ ကံသာလျှင် အဆွေအမျိုး ရှိ၏။ ကံသာလျှင် ကိုးကွယ်မှီခိုရာရှိ၏။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ငါပြုမိသောကံ၏ အမွေခံသာ ဖြစ်ရပေမည်ဟု မပြတ် ဆင်ခြင်အပ်၏လို့ မြတ်စွာဘုရား ဆုံးမတော်မူပါတယ်။[၂]

*စိတ်ကပဲသတ္တဝါတွေကို ဗြာဟ္မဏဖြစ်အောင် မင်းဖြစ်အောင် ပြုလုပ်ပါတယ်။ စိတ်ရဲ့အစွမ်းကြောင့် သတ္တဝါတွေက ရံခါ ကုန်သည်၊ ရံခါ သူဆင်းရဲဖြစ်ကြရပြီး၊ ရံခါ နတ်၊ အသုရာ၊ ငရဲသူ၊ ငရဲသား၊ တိရစ္ဆာန်၊ ပြိတ္တာတို့ ဖြစ်ကြရပါတယ်။*[၃]

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၇ ခုနှစ်၊ မေလ (၁၂)ရက်။

၁။ (၆၂) အာနန္ဒသေဋ္ဌိ၊ ဓမ္မပဒဋ္ဌကထာ။
၂။ (၅၇) ဌာနသုတ္တ၊ ပဥ္စကနိပါတ၊ အင်္ဂုတ္တရပါဠိ။
၃။ (၁၁၃၀-၁၁၃၁) တာလပုဋ္ဌတ္ထေရဂါထာပါဠိ။

**ရှိသေးလေးစားစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

မနေ့ညဦးက တရားထိုင်ပါတယ်ဘုရား။ ပြီးတော့ စင်္ကြံ လျှောက်ပါတယ်။ ည (၁၁း၀၀)နာရီကျော်တဲ့အထိ မအိပ်ချင်သေး တာနဲ့ အခန်းထဲမှာ စာဖတ်နေပါတယ်။ စာက စိတ်ဝင်စားစရာ ကောင်းပါတယ်။ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်က ရိပ်သာတစ်ခုမှာ တရားအားထုတ်တဲ့ ပြင်သစ် ယောဂီတစ်ဦးရဲ့ တရားအတွေ့အကြုံကို ရေးထားတဲ့ ဆောင်းပါးတစ်ခုပါဘုရား။

စာဖတ်နေရင်းမှာပဲ ခြင်ဇကာအလုံပိတ်ထားတဲ့ အခန်းထဲကို ခြင်တစ်ကောင် ရောက်လာပြီး အနားမှာ တဝီးဝီး အသံပြုလာပါ တယ်။ ခြင်ကို ဖတ်လက်စ စာရွက်နှင့်ပဲ ယပ်ခတ်ပြီး မောင်းလိုက် ပါတယ်ဘုရား။ *တစ်ကြိမ်မောင်းတော့ တပည့်တော် သတိရှိပါတယ်။ နှစ်ကြိမ်လည်း သတိရှိပါသေးတယ်။ သုံးကြိမ်မှာတော့ စိတ်နည်း နည်း တိုသွားတယ်ထင်တယ်။* သူ့ကို ခတ်ဆတ်ဆတ်ကလေး ဖတ် လက်စ စာရွက်နှင့်ပဲ ခြောက်လှန့်လိုက်မိပါတယ်။ သူက မျက်နှာကျက် ပေါ်ကို တည့်တည့် ပျံတက်သွားပါတယ်။ ခြင်က တပည့်တော်မကိုပဲ စိတ်ဆိုးလေရော့သလား မသိပါဘုရား။

မျက်နှာကျက်ဆီကို ပျံတက်သွားတဲ့ခြင်ကို တပည့်တော်လည်း သေသေချာချာ ကြည့်နေမိပါတယ်။ သူဘယ်ကို သွားမှာပါလိမ့်၊ ငါ့ဆီကိုများ ထပ်ပြီး လာလေဦးမလား၊ စိုးရိမ်စိတ် ရှိနေတာလည်း ပါတယ်ဘုရား။ အဲဒီ အချိန်မှာပဲ မျက်နှာကျက်ရဲ့ ဒေါင့်တစ်နေရာမှာ ပင့်ကူ သေးသေးလေးတစ်ကောင်က အိမ်ဖွဲ့ထားတာ တွေ့ရပါတယ်။ မထင်မရှား ဖြစ်နေတော့ သန့်ရှင်းရေး လုပ်တဲ့အချိန်မှာ ကျန်ရစ်ခဲ့ ဟန် တူပါတယ်ဘုရား။

ခြင်က တည့်တည့်မတ်မတ်ပဲ ပင့်ကူအိမ်ဘက်ကို ပျံသွား လိုက်တော့ ပင့်ကူက နည်းနည်းလေး လှုပ်ရှားလာပါတယ်၊ ကြည့် နေရင်းမှာပဲ ခြင်က ပင့်ကူအိမ်မှာ သွားပြီးတော့ ငြိပါတော့တယ်။

_တပည့်တော်စိတ်ထဲ ရုတ်တရက် သဘောကျပြီး ကျေနပ် မိသွားပါတယ်ဘုရား။_ အတော်အံ့သြစရာကောင်းတဲ့ စိတ်ပါပဲဘုရား။ ဒီခြင်သေးသေးကလေးကို ဒေါသကိုလေသာက ရန်သူအကြီးစားလို့ သတ်မှတ်ထားပြီနှင့် တူပါတယ်ဘုရား။

ပင့်ကူက ရွေ့လျားလာတယ်၊ ဘာများ ထပ်ဖြစ်လာလိမ့်မလဲ လို့ စိတ်လှုပ်ရှားစွာနှင့် ဘုရားတပည့်တော် ကြည့်နေတုန်း ပင့်ကူ ကလေးအနား ရောက်လာလို့ ခြင်က အတင်းရုန်းလိုက်တော့ လွတ် သွားပါတယ်ဘုရား။ _ခြင်ကလေး လွတ်သွားတာကို စိတ်ထဲ မနှစ် သက်ဘူး ဖြစ်သွားပြန်ပါတယ်။_

သြော်. . . ဒေါသဟာ အံ့သြစရာပါကလား။ တပည့်တော် ထင် ပါတယ်။ အဲဒီခြင်ကို ပင့်ကူက ကိုက်စားလိုက်ရင် တော်တော်ဝမ်း သာမိမယ် ထင်ပါတယ်ဘုရား။ အချိန် အတန်ကြာသွားဟန် တူပါ တယ်။ _ခြင်ရယ်၊ ဒေါသရယ်၊ ပင့်ကူရယ်ဖြစ်နေတဲ့ အဲဒီဇာတ်လမ်း ကို ကြည့်နေတာက တစ်ဦးရှိနေပါတယ်ဘုရား။ သိနေတာကို ပြန်ပြီး နောက်က ထပ်ချပ်မကွာ သိနေတာတစ်ခု ရှိတာကို ဒီနေ့ သိလာရလို့ အလွန်ပဲ တအံ့တသြ ဖြစ်ရပါတယ်ဘုရား။_

ဒေါသဟာ ဘာအသိဉာဏ်မှ မရှိဘူးဆိုတာ ဆရာတော်ဘုရား ဆုံးမထားတော်မူတာကို တပည့်တော် မှတ်မိနေပါတယ်ဘုရား။

“ကုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ ကုဒ္ဓေါ ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ ကောဓော သဟတေ နရံ။”[၁]

---

၁။ (၆၄) ကောဓနသုတ္တ၊ သတ္တကနိပါတ၊ အင်္ဂုတ္တရပါဠိ။

ပါဠိတော်ကို တပည့်တော် မှတ်သားထားတဲ့အကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါတယ် အရှင်ဘုရား။

ဒါကြောင့် အလွန်ကြီးကျယ်တဲ့ သတ်မှု၊ ဖြတ်မှု၊ ဖျက်စီးမှုတင်မကဘဲ ဒေါသဟာ အလွန်သေးငယ်တဲ့ ခြင်တစ်ကောင် အပေါ်မှာလည်း သေစေလိုတဲ့ဆန္ဒ၊ ပျက်စီးစေလိုတဲ့ဆန္ဒ၊ မလိုမုန်းထားတဲ့ဆန္ဒ၊ မနှစ်သက်တဲ့သဘောဆန္ဒ၊ ပြစ်မှားချင်တဲ့ ဆန္ဒတွေ ဟာ အတူတူပါပဲလားဆိုတာကို တပည့်တော်မ မနေ့ညက သင်ခန်းစာ တစ်ခုရတဲ့အကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၇ခုနှစ်၊ မေလ(၂၃)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

ဒါယိကာမ၏ မေလ (၂၃)ရက်စွဲပါ လျှောက်ထားစာကို ဖတ်ရှုရပါတယ်။ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေဟာ ကိလေသာတွေဖြစ်ပြီးတော့မှ ကာယကံ လွန်ကျူးမှု၊ ဝစီကံ လွန်ကျူးမှု၊ ဝီတိက္ကမထိ ဖြစ်ပွားတာဟာ ပင်ပန်းတယ်ဆိုတာ မှန်ပါတယ်။

ဒါက သိပ်ပြီး ကြမ်းလွန်းသွားပါပြီ၊ အာရုံနှင့်ဆုံတိုင်း ဆုံတိုင်း ကြိုက်၊ မကြိုက်စိတ်တွေ လှစ်ခနဲ လှစ်ခနဲ ဖြစ်နေတာကိုက ပင်ပန်းလှပါပြီ။ ဒါကို သဘောပေါက်ရင် ကိလေသာရန်သူဟာ ဒီရုပ်၊ ဒီနာမ်

ခန္ဓာကို ရက်ရက်စက်စက်ကြီးကို နှိပ်စက်တတ်တယ်ဆိုတာ ပိုပြီး နားလည်နိုင်ပါတယ်။

တစ်ကြိမ်တစ်ခါမှ မကြားရဖူးတဲ့ အာရုံမှာ ကိလေသာဖြစ်ဖို့ အကြောင်းမရှိပါဘူး။ ကြားရတဲ့ အသံအာရုံမှာလည်း အသိသတိနှင့် ရှုမှတ်နိုင်လာခဲ့ရင် ကိလေသာ မဖြစ်တော့ပါဘူး။ ကြားရုံမျှ၊ ကြား ရုံမျှသာ ဖြစ်နိုင်ပါတယ်။

အသိသတိ လွတ်သွားရင်တော့ ဓာတ်ပုံရိုက်ထားသလို၊ Video ရိုက်ထားသလို စိတ်မှာ ထင်ကျန်ရစ်ပြီး နှစ်သက်သာယာ မှုတွေ၊ ပြစ်မှားမှုတွေ ဆက်တိုက် ခဏမခြား ဖြစ်လာနိုင်ပါတယ်။

စဉ်းစားမိတိုင်း၊ ခုပဲ ကြားနေ၊ ကြုံနေရသလို ရုပ်ပုံတွေ၊ အသံ တွေ စိတ်ထဲမှာ ပြန်ပြန်ပေါ်နေတတ်တယ်၊ ထင်ရှားနေတတ်တယ်။

အဲဒီမြင်တုန်း၊ ကြားတုန်း၊ ထိတွေ့တုန်းက ရယ်ရယ်ပြုံးပြုံး လေး ဆိုရင် စိတ်ထဲ ပြန်ပေါ်တော့လည်း ရယ်ရယ်ပြုံးပြုံးပဲ ပြန်ပေါ် တတ်တယ်။ အဲဒီတုန်းက ရှုံ့ရှုံ့မဲ့မဲ့ စိတ်ဆိုးနေတာနဲ့ မြင်ခဲ့၊ ကြားခဲ့၊ ကြုံခဲ့ရတာ ဆိုရင်လည်း စိတ်ဆိုးနေတဲ့အတိုင်း Video ရိုက်ထားသလို၊ ဓာတ်ပုံ ရိုက်ထားသလို၊ စိတ်ထဲမှာ ပေါ်နေတတ်ပါတယ်။

အဲဒီကြားခဲ့၊ ကြုံခဲ့ဖူးတဲ့ အာရုံကို ထပ်မံ ဆင်ခြင်မိတိုင်း လည်း နှစ်သက်သာယာတဲ့ ရာဂစိတ်တွေ၊ မနှစ်သက် သဘောမကျတဲ့ ဒေါသစိတ်တွေ၊ အမြဲ တည်မြဲတယ်ဆိုတဲ့ မောဟစိတ်တွေ၊ မနာလို ဝန်တို ဣဿာမစ္ဆရိယစိတ်တွေ ဖြစ်တတ်တယ်။ ဘာ့ကြောင့်လဲ ဆိုရင် အဲ့ဒီအာရုံနှင့် ဆုံခဲ့တုန်းက အသိသတိမရှိခဲ့လို့၊ မရှုမှတ်ခဲ့မိလို့ပါပဲ။

*အကြောင်းတိုက်ဆုံလို့ ကြုံဆုံခဲ့တဲ့ အခါတိုင်းမှာ ရှုမှတ်မှု သာရှိခဲ့မယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အခြင်းအရာအားဖြင့် အမှန်*

*အတိုင်းသာ သိခဲ့မယ်ဆိုရင် အကြောင်းတိုက်ဆုံလို့ အဲ့ဒီအာရုံနှင့် ပတ်သက်ပြီး ပြန်ပြောင်း စဉ်းစားမိခဲ့ရင်လည်းပဲ စိတ်ထဲမှာ ကိလေသာ ဖြစ်ဖို့အကြောင်းမရှိပါဘူး။ တမင်စဉ်းစားမယ် ဆိုရင်တောင်မှ မထင်ရှားတဲ့ ခံစားမှုမျှသာ ရှိမှာပါ။ ဒါကို ကိုယ်တိုင် အားထုတ် ထားရင် သေချာ နားလည်နိုင်ပါတယ်။*

ကိလေသာ ကိန်းတယ်ဆိုတာက စိတ်ထဲမှာ ခန္ဓာကိုယ်ထဲမှာ၊ တစ်ခုခု တစ်နေရာရာမှာ ကိန်းနေတယ်၊ တည်နေတယ်၊ အစိုင်အခဲ ကြီးဖြစ်ပြီး နေနေတယ်ဆိုတဲ့ သဘောမျိုးမဟုတ်ဘူး။ အာရုံနှင့် တိုက် ဆိုင်ခိုက်၊ အကြောင်း တိုက်ဆိုင်ခိုက် ဖြစ်တာပါ။

*ရှုမှတ်မှုနှင့် ပယ်နိုင်တဲ့ အာရုံပေါ်မှာ ကိလေသာဖြစ်ခွင့် မရှိသလို၊ မကြားရ၊ မကြုံရဖူးတဲ့အာရုံ၊ ဘယ်တော့မှကြားဖို့ ကြုံဖို့ မဖြစ်နိုင်တဲ့ အာရုံမှာလည်း ကိလေသာဖြစ်ခွင့် မရှိပါဘူး။*

အဲဒီလို မကြားရ၊ မကြုံရရင် ကိလေသာမဖြစ်ဘူး။ ကြားရ၊ ကြုံရမှ ကိလေသာဖြစ်တယ်၊ ဒါဆိုရင် ကိလေသာ ကင်းငြိမ်းပြီး သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်လိုတယ်ဆိုရင် ဒွါရ ခြောက်ပါး မှာ တိုက်ဆုံတဲ့ အာရုံတိုင်းအပေါ်မှာ ရှုမှတ်ပြီး ကိလေသာဖြစ်ခွင့် မရလေအောင် ပယ်ရပါမယ်လို့ မြတ်စွာဘုရားက မာလုကျပုတ္တကို ဟောတော်မူပါတယ်။[၁]

ဒီသဘောက အရေးကြီးတော့ တစ်နည်း ပြန်ပြီးရှင်းပြပါဦး မယ်။ မြင်တုန်း၊ ကြားတုန်း၊ နံတုန်းမှာ အဆင်းမျှပဲ၊ အသံမျှပဲလို့ အသိသတိနှင့် ရှုမှတ်နိုင်ခဲ့ရင် ကြားရုံမျှ၊ မြင်ရုံမျှနှင့် ရပ်စဲသွားမယ်၊ ပညတ်အာရုံထိ မရောက်ပါဘူး။

---

၁။ (၉၅) မာလုကျပုတ္တသုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။

ဥပမာ- ကြောင်ဆိုတဲ့ အသံကိုကြားရင် စစချင်းအသံမျှပဲ ရှိသေးတယ်၊ ကြောင်ဖြူ ကြောင်ဝါ၊ ကြောင်နက်မပေါ်သေးဘူး၊ အမြီးရှည်၊ အမြီးတို မပေါ်သေးဘူး၊ အဲဒီကျန်ရှိတဲ့ ဝီထိအခြားမဲ့မှာ ရှုမှတ်နိုင်ရင်လည်းပဲ ပရမတ်အသံမျှပဲလို့ သိရုံမျှ ရှုမှတ်နိုင်ပါသေးတယ်။ မရှုမှတ်နိုင်ခဲ့ရင်တော့ ကြောင်ပုံပန်းသဏ္ဌာန် အစစထင်ရှားလာပါတော့တယ်။ ဒီကြောင်ရဲ့ ဥပမာနေရာမှာ မိန်းကလေး၊ ယောကျ်ားလေး အဝတ်အစားစတဲ့အကြောင်းအရာကို အစားထိုးကြည့်ပါ၊ စာဖတ်တာခဏရပ်ပြီး ပုံဖော်ကြည့်ပါလား။

အဲဒီလို ပညတ်တွေပေါ်သွားရင် နောင်ဆင်ခြင်တဲ့အခါမှာ ကိလေသာတွေ ဖြစ်တော့တာပါပဲ။ ငါ့ကြောင်၊ သူ့ကြောင်၊ ခိုးတတ်တဲ့ကြောင်၊ ပျင်းတဲ့ကြောင် စသည်ဖြင့် ပေါ်လာပါတော့တယ်။ *လိုရင်းကတော့ အဲဒီလို ကိလေသာအထိ ဆက်လက်မဖြစ်ဘဲ ကြားရုံမျှမှာ ရပ်စဲသွားအောင် ကြားသိ ဝီထိမှာ ရှုမှတ်ပြီး သိဖို့ပါပဲ။ အဲဒါ ပရမတ်အာရုံမှာနေတာပါပဲ၊ ပညတ်ဘက် မရောက်တော့တာပါ။*

ကိလေသာအာရုံကတော့ ပညတ်ပါပဲ။ သာမန်အားဖြင့် တရားအားမထုတ်ထားတဲ့ လူတစ်ယောက်အဖို့တော့ ကြားစဉ်မှာ၊ မြင်စဉ်မှာ နံစဉ်မှာ. . ကြားတာကို ကြားတယ်၊ မြင်တာကို မြင်တယ်၊ နံတာကို နံတယ်လို့ ရှုသိရမယ်ဆိုတာ မသိတတ်ကြပါဘူး။ ဝိပဿနာတရား အားမထုတ်ဘူးတဲ့လူက ရှုသိချင်စိတ်လည်း မရှိပါဘူး၊ ရှုမှတ်ရကောင်းမှန်းလည်း မသိပါဘူး။

အဲဒီတော့ ချစ်စရာအာရုံနှင့်ဆုံရင် သဘောကျတဲ့စိတ်တွေ၊ လောဘစိတ်တွေ၊ ရာဂစိတ်တွေ ဖြစ်မြဲ ဖြစ်တာပါပဲ။ မုန်းစရာ၊ မနှစ်သက်စရာ အာရုံနှင့် ဆုံရင်တော့ သဘောမကျတဲ့ စိတ်တွေ

မုန်းတဲ့ စိတ်တွေ ဖြစ်မြဲဖြစ်တာပါပဲ။ *အဲဒီလို နေတာကို ရှုမှတ်မှု အမှတ် သတိမရှိဘူး။ မှေ့မှေ့ လျော့လျော့ နေတယ်လို့ဆိုရပါတယ်။*

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မိယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။[၁]
သတိရှိကာ သိနေတာ သေမှာလွတ်ဖို့ အကြောင်းတည်း၊
သတိကင်းပ မေ့နေက သေကြဖို့ရာ အကြောင်းတည်း၊
လုပ်ကိုင်ပြောကြား သတိထား မေ့အားမကြီးနှင့်။[၂]

တရားအသိ သတိမရှိတဲ့သူတွေဟာ များသောအားဖြင့် သဘောကျစရာကောင်းတဲ့ အာရုံတွေ၊ ချစ်စရာကောင်းတဲ့အာရုံတွေ၊ နှစ်သက် စရာကောင်းတဲ့အာရုံတွေနှင့် ကြုံရဆုံရရင် ကြားချင်တယ်၊ မြင်ချင်တယ်၊ ထိတွေ့ချင်တယ်၊ လိုချင်တယ်၊ နမ်းချင်တယ်၊ ရှုချင် တယ်၊ စားချင်တယ်၊ အာရုံဆိုးတွေကိုတော့ သူတို့မတွေ့ချင်ကြဘူး၊ မတွေ့လိုကြဘူး။

*ဒါကြောင့် နားနှင့် စူးစူးစိုက်စိုက် နားထောင်လိုက်၊ မျက်လုံးနှင့် စူးစူးစိုက်စိုက် ကြည့်လိုက်တာနှင့် ဘာကိုရှာတာလဲဆိုရင် အကောင်းတွေ့ချင်၊ ကြားချင်လို့ ရှာနေကြတာ။ စားတဲ့နေရာမှာ သိပ်ထင်ရှားတယ်၊ သတိရှိမယ်ဆိုရင် ထမင်းဝိုင်းမှာ သိပ်ထင်ရှား တယ်။ စားပွဲဝိုင်းကို ရောက်လိုက်တာနှင့် တပြိုင်နက်ထဲ ငါကြိုက်တာ ဘာလေးပါသလဲဆိုတာ စူးစမ်းတော့တာပဲ။ နှစ်သက်သဘောကျ တာကို ရှာတော့တာပါပဲ။*

ဒါကို သိပေးဖို့ ရှုမှတ်တတ်ဖို့ လိုပါတယ်။ လောဘဖြစ်တာကို လည်း ဖြစ်မှန်းသိရမယ်လို့ မြတ်စွာဘုရား သွန်သင်တော်မူပါတယ်။[၃]

---

၁။ (၂၁) သာမာဝတီဝတ္ထု၊ အပ္ပမာဒဝဂ္ဂ၊ ဓမ္မပဒပါဠိ။
၂။ ရွှေဥမင်ဆရာတော်ဘုရားကြီး
၃။ (၃၈၁) မဟာသတိပဋ္ဌာနသုတ္တ၊ မဟာဝဂ္ဂပါဠိ။

ယောဂီတာဝန်က လောဘစိတ်ဖြစ်ဖြစ်၊ ဒေါသစိတ်ဖြစ်ဖြစ် ဖြစ်တဲ့ စိတ်ကို ဖြစ်တိုင်း ဖြစ်တိုင်း သိသိပေးဖို့ပါပဲ။

ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းသာစွာနှင့် တရားအားထုတ်နိုင်ပြီး မဂ်ဖိုလ် နိဗ္ဗာန်တရားထူးတိုင်အောင် မျက်မှောက်ပြုနိုင်ပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၇ခုနှစ်၊ ဇွန်လ (၅)ရက်။

**ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဆရာတော်ဘုရားထံတော်ပါးမှ ဇွန်လ(၅)ရက်စွဲပါ စာကို ဖတ်ရှုခွင့်ရလို့ ဘုရားတပည့်တော်မ များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်ဘုရား။ (How to stop the worry) သောက ကင်းဝေးအောင်နေနည်း ခိုင်ခိုင်မာမာ သေသေချာချာကတော့ ဗုဒ္ဓတရားတော်မှာပဲ ရှိတယ်ဆိုတာကို တပည့်တော် ယုံကြည်ပါပြီဘုရား၊ လက်ခံပါပြီဘုရား၊ သဘောကျ ကျေနပ်ပါပြီဘုရား။ ဗုဒ္ဓရဲ့တရားတော်ကိန်းဝပ်ရင် စိတ်ကျရောဂါ (Depression) မဖြစ်နိုင်ဘူးလို့လည်း ကိုယ်တိုင် သိလာရလို့ ယုံကြည်လာပါတယ်ဘုရား။ မနက် (၄း၀၀) နာရီမှာ တရားထိုင်ပါတယ်ဘုရား။ မိုးလင်းလာတော့ စင်္ကြံကမ္မဋ္ဌာန်းကို ကျင့်ပါတယ်ဘုရား။

ဘုရားတပည့်တော် ခန္ဓာကိုယ်ကို ပြုပြင်နေရပါတယ်ဘုရား။ ခေါင်းကိုက်ရင် ပျောက်အောင် ကြောင့်ကြ စိုက်ခဲ့ဖူးပါတယ်ဘုရား။

အစာအိမ်ဖောက်ပြန်ရင် ပျောက်အောင် ကြောင့်ကြ စိုက်ခဲ့ဖူးပါတယ်။ ကိုယ်တွေ လက်တွေ နာရင် နာကျင်မှုပျောက်အောင် ကြောင့်ကြ စိုက်ခဲ့ဖူးပါတယ်ဘုရား။

အခု အသက်အရွယ်မှာတော့ ပြုပြင်ချင်တိုင်း ပြုပြင်လို့ မရတော့တာကို တပည့်တော် နားလည်လာပါတယ်။ *ပြုပြင်လို့ မရတာကို ပြုပြင်ဖို့ ကြောင့်ကြမစိုက်တော့ဘဲ လက်ခံနိုင်တာသည်သာ စိတ်ချမ်းသာတယ်၊ စိတ်သက်သာရာ ရတယ်လို့ ဆရာတော်ရဲ့ ဆုံးမမှုကို တပည့်တော် တဖြည်းဖြည်း နားလည်လာပါတယ်။* ပမာအားဖြင့် ရံခါ အိပ်မပျော်ပါဘုရား။ အိပ်မပျော်တာကို စိတ်အနှောင့်အယှက် အဖြစ်မခံဘဲ တရားရှုမှတ်ပြီး နေလိုက်ပါတယ်၊ ရံခါ စားလို့ မဝင်အောင် ခံတွင်း ပျက်လာပါတယ်ဘုရား။ ဝင်သလောက်ပဲ စားပါတော့တယ်၊ ဒီဇရာဒုက္ခ ဖိစီးခံထားရတဲ့ ခန္ဓာအိုကြီးကို တပည့်တော် ပြုပြင်ချင်တိုင်း ပြုပြင်လို့ မနိုင်တော့ပါဘုရား။

ဒါကြောင့် ရှေ့ဆက်လည်းပဲ တပည့်တော် ပြင်လို့မရတော့တဲ့ အကြောင်းတရားကို မဖြစ်မနေ မရမက ပြုပြင်မနေတော့ဘဲ ဖြစ်နေတဲ့ အခြေအနေအတိုင်းကို လက်ခံနိုင်အောင်ပဲ ကြိုးစားနေပါတယ်ဘုရား။ ကိုယ်ပင်ပန်းမှု အမျိုးမျိုးကိုတော့ ဘဝမှာ မလွှဲမရှောင်သာ ကြုံရမှာပဲ ဆိုတာကို တပည့်တော် နားလည်လာပါတယ်။ စိတ်မပင်ပန်းအောင်ပဲ ကြိုးစားနေပါတယ်ဘုရား။

*စိတ်က ကိလေသာကြောင့် ပင်ပန်းရတယ်ဆိုတာကို သိရှိလာရတဲ့အတွက် အဲဒီအကြောင်းရင်းကို ပယ်လိုက်နိုင်မယ်ဆိုရင် စိတ်ပင်ပန်းတယ်ဆိုတဲ့ အကျိုးလည်း ဖြစ်ပေါ်လာစရာ အကြောင်း မရှိတော့ပါဘုရား။ ဟိုးတုန်း မသိခင်ကတော့ စိတ်ပန်း ကိုယ်နွမ်း နှင့်ပဲ ဘဝခရီးကြမ်းကို ရှန်းခဲ့သူပါဘုရား။*

ကိလေသာ နည်းနည်း ပယ်လာနိုင်တော့ စိတ်ပင်ပန်းမှု နည်းနည်း လျော့လာနေပါပြီဘုရား။ များများပယ်နိုင်ရင် များများ လျော့လာမယ် ဆိုတာကို လက်တွေ့ လုပ်ငန်းခွင် အတွေ့အကြုံ အားဖြင့် ယုံကြည်ပါတယ်ဘုရား။ ဒါကြောင့် ကိုယ်ပန်းသော်လည်း စိတ်မန္ဒမ်းအောင် လေ့ကျင့်နေပါတယ်ဘုရား။ တပည့်တော်အဖို့ ဘဝနေနည်း အသစ်လို့ပဲ လျှောက်ထားပါရစေဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၇ခုနှစ်၊ ဇွန်လ (၁၇)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

ဒါယိကာမရဲ့ (၁၇. ၆. ၈၇)ရက်စွဲပါ လျှောက်ထားစာကို ပြန်ကြား အသိပေးအပ်ပါတယ်။ ပိန်းရွက်၊ ကြာရွက်ပေါ်မှာ ရေတင် ရုံတင်ပြီး မစိုစွတ်သကဲ့သို့ အာရုံများကိုလည်း သုံးဆောင်ရုံ သုံးဆောင်ပြီး မငြိတွယ်အောင် နေတတ်ဖို့ လိုပါတယ်။ အသက် ရှင်ဖို့အတွက်ကိုတော့ သုံးဆောင်နေရမှာပါပဲ။ ခံစားနေရမှာပါပဲ။ လောကနှင့် မငြိကပ်ဘဲ ခံစားတတ်မှ သက်သာပါလိမ့်မယ်။

*ရုပ်က ရောင့်ရဲတာလည်း မသိဘူး။ မရောင့်ရဲတာလည်း မသိနိုင်ဘူး။ မရောင့်ရဲ မတင်းတိမ်နိုင်တာကတော့ တဏှာလောဘ ကိလေသာတွေပါပဲ။ ဒီရုပ်ရဲ့ အဆုံးကတော့ အိုမင်းရင့်ရော်ပြီး ပျက်ဖို့၊ သေဖို့ပဲ ရှိပါတယ်။*

ဝိပဿနာတရားကို ရှုမှတ်လာပြီး ရုပကာယရုပ်ကိုယ်ကောင်ကြီးအကြောင်းကို ပို၍ပို၍ သိသိလာနိုင်ပါတယ်။ ပြုပြင်လို့ကို မပြီးနိုင်အောင် ဖောက်ပြန်နေတာကိုလည်း ပို၍ပို၍ သိလာနိုင်ပါတယ်။ ဥတုကြောင့်လည်း ဖောက်ပြန်နေပါတယ်။ အစာအဟာရကြောင့်လည်း ဖောက်ပြန်နေပါတယ်။ သူ့သဘာဝကိုက ဖောက်ပြန်တတ်တဲ့ သဘောတရားကြီးပါ။

ဘယ်တော့မှ ကောင်းစရာ၊ နှစ်သက်စရာ ဖြစ်လာဖို့ အလားအလာ မရှိတော့ပါဘူး။ အရင်တုန်းကလည်း ဒီ (Process) ပါပဲ၊ ဒါပေမယ့် မသိနိုင်ခဲ့ဘူး။ အခုဝိပဿနာတရားရဲ့ သတ္တိကြောင့် ရိပ်မိလာတာပါ။

ဒီရုပ်ခန္ဓာကိုယ် ကောင်ကြီးဟာ အမြဲတမ်း နာကျင်ပြီး နှိပ်စက်နေတဲ့ လူမမာရဲ့ ကိုယ်ခန္ဓာမျိုးသာ ဖြစ်ပေတယ်လို့ မြတ်စွာဘုရားက ခန္ဓဝဂ္ဂသံယုတ်မှာ ဟောတော်မူပါတယ်။[၁]

ဒီကိုယ်ဟာ ရွှေအဆင်းလို လှတပတ ကြည့်လို့မဝ၊ ရှုလို့မဝ ဘယ်လောက်ပဲ ဖြစ်စေကာမူ ခန္ဓာကိုယ်ကနေ အမြဲမပြတ် ယိုစီးထွက်ကျနေတဲ့ အမျိုးမျိုးသော အညစ်အကြေးတွေကို သုတ်သင်ပေးနေရတာဟာ မိမိကိုယ်တိုင် မိမိရဲ့ လူမမာ ခန္ဓာကိုယ်ကောင်ကြီးကို ပြုစုနေရပါတယ်။

မပြုစု မသုတ်သင်ဘဲ နေလို့ကို မရအောင်ပါပဲ။ ပမာအားဖြင့် တစ်ချက်ကလေး သတိမေ့ပြီးတော့ သုတ်သင်ဖို့ လစ်ဟင်းရင် လူကြားပရိတ်သတ်ကြားထဲ ဝင်လို့ မဖြစ်တော့ပါဘူး။ ဒါကြောင့် ဒီခန္ဓာဟာ အလိုလိုနေရင်းကို အမြဲမပြတ် ကုမရတဲ့ရောဂါ ကပ်ရောက်နေတဲ့ လူမမာကြီးသဖွယ် ဖြစ်ပါတယ်။

---

၂။ (၁) နကုလပိတုသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တ-၃။

ဝိပဿနာတရား ရှုပွားလာပြီး ကိလေသာ ကင်းစင်လာတာနှင့်အမျှ စိတ်ကတော့ ပို၍ပို၍ စင်ကြယ်လာပါတယ်။ ကြည်လင်လာပါတယ်၊ ထက်သန်လာပါတယ်။ စိတ်အားတွေ ပြည့်လာပါတယ်။ ကိုယ်ကာယ ရုပ်ခန္ဓာကြီးနှင့်တော့ ပြောင်းပြန် ဖြစ်နေပါတယ်။

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌန္တိ။[၁]

(ဘဝင်)စိတ်ဆိုတာဟာ အရောင်တလက်လက် ထွက်နေပါတယ်။ ဖြူစင် သန့်ရှင်းပါတယ်။ အဲဒီ ဖြူစင်တဲ့စိတ်ဟာ ဧည့်သည်အာဂန္တုဖြစ်တဲ့ ကိလေသာကြောင့် ညစ်နွမ်းရပါတယ်။

ရုပ ကိုယ်ကာယကြီးကတော့ ဖောက်ပြန် ပြောင်းလဲပြီး ကျပြီးရင်း ကျရင်း၊ ကျပြီးရင်း ကျရင်း နောက်ဆုံး မီးပုံပေါ် ရောက်ဖို့ မြေကြီးထဲ ရောက်ဖို့ပဲ ရှိပါတော့တယ်။

စိတ်ကတော့ ပို၍ပို၍ တောက်ပြောင်သထက် တောက်ပြောင်၊ ထက်မြက်သထက် ထက်မြက်၊ ဘယ်တုံးကမှ မသိခဲ့ဘူးတဲ့ နက်နဲတဲ့ တရားအသိတွေကို သိလာလို့၊ ဘယ်တုံးကမှ မကြုံခဲ့ဘူးတဲ့ ချမ်းသာကို ကြုံလို့ကို စိတ်အားတွေ တက်ပြီးရင်းတက် ပို၍ပို၍ ထက်သန်ပြီးရင်း ထက်သန် လာနိုင်ပါတယ်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် ဝိပဿနာတရားများ အားထုတ်နိုင်ပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၇ ခုနှစ်၊ ဇူလိုင်လ (၂)ရက်။

---

၁။ (၄၉) ပဏိဟိတအစ္ဆဝဂ္ဂ၊ ဧကကနိပါတ၊ အင်္ဂုတ္တရပါဠိ။

လူသားအများနှင့် သက်ဆိုင်သည့် သောကကင်းဝေးနည်းကို ဖော်ပြသည့် စာဖြစ်ပါသည်။

သို့သော် ဇူလိုင် (၅)ရက် ရက်စွဲပါ ဒါယိကာမ၏ စာကို File ထဲ မတွေ့ရှိပါဘဲ ဇွန်(၅)ရက်စွဲပါစာကိုသာ ဖတ်ရှုရပါသည်။ ရက်စွဲ မှားယွင်း မှတ်တမ်းတင်ထားသည်ဟု ယူဆရပါသည်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်**။

ဒါယိကာမ၏ ဇူလိုင်လ (၅)ရက် ရက်စွဲဖြင့် ပေးပို့ဆက်ကပ်စာကို ဖတ်ရှုရပါတယ်။ လူ့ဘဝမှာ သောကဖြစ်စရာတွေ အလွန်ပဲ များလွန်းလှပါတယ်။ တိုးတက်ချင်တယ်၊ ကြီးပွားချင်တယ်။ အသက်ရှည်ချင်တယ်။ ဂုဏ်ပြုခံချင်တယ်၊ တည်တံ့ချင်တယ်၊ ခိုင်မာချင်တယ်။ ဒါလူတိုင်းလိုလားတဲ့ ဆန္ဒတွေပဲ။ ဒါပေမယ့် သဘာဝ ဓမ္မက အဲလို မဟုတ်ဘူး။ လူရဲ့စိတ်ဆန္ဒနှင့် ပြောင်းပြန်ဖြစ်ပါတယ်။ လူတွေဖြစ်ချင်ကြတာနှင့် သဘာဝတရားကြီးကတော့ ဆန့်ကျင်ဘက် ဖြစ်တယ်ဆိုတာကို လူတွေမသိတာတော့ မဟုတ်ဘူး။ လူက ဒါကို ရိပ်မိပါတယ်။

ဒါပေမယ့် လူက ဒီလိုလုပ်လို့ မရတာပါ။ ဟိုလိုဆိုရင် ရမယ်ထင်ပြီး တစ်ခုထပ်ပြီး ကြိုးစားပြန်ပါတယ်။ ဒီလိုလုပ်လို့ မတည်တန့်တာပါ။ ဟိုလိုလုပ်ရင် တည်တန့်ပါလိမ့်မယ်။ ဒီလိုလုပ်လို့ မခိုင်မာတာပါ။ ဟိုလိုလုပ်ရင် ခိုင်မာပါတယ်လို့ ထင်ပြီးကြိုးစားပြန်တယ်။

ဒီလိုလုပ်လို့ ဆုံးရှုံးတာပါ၊ ဟိုလိုလုပ်ရင် မဆုံးရှုံးပါဘူး။ ဒီနေရာမှာမို့ ဒီအလုပ်မှား သွားတာပါလို့ ကောက်ချက်ဆွဲထုတ်ရင်း၊ သုံးသပ်ရင်း ESfyJb 0[ mt o u f ½G faw BB DyD t kdi f;v mw , f *အစိုးမရတဲ့ သဘောတရားကြီးဆိုတာကို ဉာဏ်နှင့် ကျေကျေနပ်နပ် လက်မခံနိုင်သေးခင်မှာပဲ ဘဝတစ်ခု ကုန်ဆုံးကြရရှာပါတယ်။*

မြတ်စွာဘုရား ဟောတော်မူထားတာ ရှိပါတယ်။ ရေမြုပ်ဆိုင်နှင့် ခွက်တွေ၊ အိုးတွေ လုပ်လို့မှ မရတာ။ ငှက်ပျောပင်ကို အနှစ်ရှာလို့မှမရတာ။ ငှက်ပျောပင်က အနှစ်မှမရှိတာ။ ဒါကြောင့် ဒီနေရာမှာ *သဘာဝတရားကို သဘာဝတရားအတိုင်းပဲ လက်ခံနိုင်ရင် အများကြီး သက်သာပါတယ်။ ဥပမာအားဖြင့် ကွဲတတ်တဲ့ သဘောရှိတယ်။ ကွဲတတ်တဲ့ သဘာဝတရားကို ကွဲတတ်တယ်လို့ လက်ခံနိုင်တဲ့လူနှင့် လက်မခံနိုင်တဲ့လူ အများကြီး ကွာခြားသွားပါတယ်။ လက်မခံနိုင်ရင် တကယ် ကွဲကွာရတဲ့အခါမှာဖြစ်စေ၊ ခွဲခွါရတဲ့အခါမှာ ဖြစ်စေ ပင်ပန်းရှာတော့မယ်။*

သေတတ်တဲ့ သဘောတရားချည်းပဲ။ မသေတတ်တဲ့သူ တစ်ယောက်မှ မရှိဘူး။ *သေတတ်တဲ့ သဘောတရား၊ ပျက်တတ်တဲ့ သဘောတရားကို လက်မခံကြတဲ့သူနှင့် လက်ခံကြတဲ့သူ သိပ်ကိုကွာသွားပြီ။* လက်ခံလိုက်မယ်ဆိုရင် တကယ်တမ်းသေဘေးနှင့်ကြုံရင် သောက ဟိုလောက်ကြီးတော့ မဖြစ်တော့ဘူး။ အဲဒီလိုပဲ ကိုယ်လုပ်တိုင်း ဖြစ်တာမဟုတ်ဘူး။ ကံ ကံ၏အကျိုး တရားပဲဆိုတာကို သေသေချာချာ လက်ခံနိုင်မယ်ဆိုရင်လည်း သောကဖြစ်ရတာ သက်သာပါတယ်။ လူသားတွေ ဒီနေ့ လက်ခံကျင့်သုံးမှုနှင့် တကယ့်သဘာဝတရားကြီးနှင့်တော့ အဝေးကြီးကို ဆန့်ကျင်ဘက် ဖြစ်နေပါ

တယ်။ ပမာဆိုရရင် လူဆိုတာ သေတတ်တယ်။ ဒါကြောင့် ငါတို့မှာ သားသမီးတွေ ရှိလာလို့ရှိရင် သေနိုင်တယ်။ သူတို့သေရင် ငါတို့ ငိုနေရဦးမယ်။ သူတို့ မကျန်းမာရင် အနာရောဂါတွေ ရလို့ရှိရင် ငါတို့ စိတ်ဆင်းရဲရမယ်။ သားသမီးမရှိရင် ကောင်းမှာပဲလို့ မိဘတွေ တွေးဖူးကြပါ့မလား။ ဒီမေးခွန်းက တော်တော်ဖြေဖို့ ခက်ပါလိမ့်မယ်ထင်ပါတယ်။ ဒါပေမယ့် တရားအားထုတ်လို့ အသိဉာဏ်မြင့်လာနေတဲ့ ယောဂီ ပုဂ္ဂိုလ်အနေနှင့် ဒါကို သေသေချာချာ လက်ခံနိုင်ပါတယ်။ နားလည်နိုင်ပါတယ်။

သားသမီးတွေ စီးပွားဥစ္စာတွေ မရှိရဘူးလို့ မဆိုလိုပါဘူး။ ရှိထားခဲ့ပြီးပြီ။ ရှိထားပြီးသားတွေကို တစ်နေ့ ခွဲခွာရမယ်ဆိုတာ လက်ခံလိုက်နိုင်ရင် သက်သာမယ်။ လက်မခံနိုင်ရင် စိတ်ပင်ပန်း ဆင်းရဲမယ်။

*ဒါသောကကို အတိုင်းအတာ တစ်ခုထိ ပယ်ဖျောက်ပြီး နေတဲ့ နည်းပါပဲ။ သဘာဝကို သဘာဝအတိုင်း လက်ခံတဲ့ ဘဝနေနည်းပါပဲ။ လူသား အများစုကတော့ သဘာဝတရားနှင့် ဆန့်ကျင်ပြီး နေကြတယ်။ သဘာဝနှင့် ဆန့်ကျင်ပြီး နေရတာ ပင်ပန်းပါတယ်။ သဘာဝကို သဘာဝအတိုင်း လက်ခံပြီးနေရတာ သက်သာပါတယ်။*

ဘာဖြစ်လို့ လက်မခံနိုင်ရတာလဲ။ လက်ခံလိုက်ပါလားလို့ အတင်းအကြပ် လက်ခံခိုင်းလို့တော့ မရနိုင်ပါဘူး။ ဒီမှာ အသိဉာဏ် လိုပါတယ်။ ဒါကို သဘောပေါက်နိုင်မယ့် အခြေအနေလိုပါတယ်။ နည်းပညာတွေ လိုပါတယ်။ ဒါကို လက်ခံနိုင်လောက်အောင် သွန်သင်ပေးနိုင်တဲ့ ဆရာတွေလိုပါတယ်။

*ဆရာမြတ်ကတော့ ဗုဒ္ဓပါပဲ။ နည်းပညာကတော့ သတိပဋ္ဌာန်တရားပါပဲ။ မြတ်စွာဘုရား ဟောတော်မူထားတဲ့ တရားတော်တွေက ဒီအသိကို ပေးပါတယ်။ ဒီအသိကို (Knowlage level) နှင့် လက်ခံထားရင်ကို ထိုက်သလောက် သက်သာပါတယ်။*

နောက်တစ်ခုကတော့ စိန္တာမယအသိ (Intellectual level)နှင့် လက်ခံနိုင်ရင်တော့ တော်တော်ကြီးကို သက်သာပါပြီ။(Experiential level)နှင့် သဘောပေါက် လက်ခံရင်တော့ လုံးလုံး သက်သာသွားပြီ။

ဒီအသိတွေကို အဆင့်ဆင့်ဆည်းပူးပြီး၊ အားထုတ်ပြီး၊ နာကြားပြီး၊ ဖတ်ရှုပြီးတော့မှ လက်ခံဖို့ ခက်ခက်ခဲခဲကြီး မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် မြတ်စွာဘုရားရှင်ရဲ့ သာသနာတော် ဒီကမ္ဘာမှာ ရှိနေသေးလို့ပါပဲ။ ပညာတွေလည်း ရှိနေသေးလို့ပါပဲ။ သင်ကြားပေးတဲ့ ဆရာသခင်တွေလည်း ရှိနေသေးလို့ပါပဲ။

သဘာဝတရားကြီးဟာ ပြောင်းလဲနေတဲ့ သဘောတရားကြီး မတည်တံ့ဘူး၊ မခိုင်ခံ့ဘူး၊ အစိုးမရဘူးဆိုတဲ့ သဘောဟာ ပတ်ဝန်းကျင်ကို ကြည့်မယ်ဆိုရင်ကို နားလည်နိုင်မှာ ဖြစ်သော်လည်းပဲ အဲဒီလောက်နှင့်တော့ ရင်ထဲ စွဲစွဲမြဲမြဲ လက်မခံကြပါဘူး။ ဒါကို လက်ခံနိုင်ဖို့အတွက်က ဘယ်ကနေ စရမလဲဆိုရင် ဒီသတိပဋ္ဌာန်တရားက နေပြီးတော့မှ စရတာပါပဲ။ *ရုပ်ခန္ဓာ၊ နာမ်ခန္ဓာအပေါ်မှာ ရှုမှတ်ရာကနေ ဒီအပေါ်မှာ ပထမဦးဆုံး သုတေသနပြုပြီး ကြည့်ရပါတယ်။ ဒီခန္ဓာကိုပဲ အရင်းအနှီး လုပ်ပြီးတော့မှ သွားရတာပါ။* အဲဒီအပေါ်မှာ ဘယ်လိုဖြစ်နေသလဲ။ ဘာတွေဖြစ်နေသလဲဆိုတာကို တဆက်တည်း သိနိုင်ဖို့ရာ အသိဆက်ဖို့ပါပဲ။ အသိဆက်ရာကနေ အသိခိုင်ဖို့ ကြိုးစားရတာပါ။

မြတ်စွာဘုရားရှင်၏ အပ္ပမာဒ တရားသဘောနည်းနှင့် ကြည့်ရတာပါ။ ဒီခန္ဓာကိုယ်ကြီးဟာ ဘယ်ကဲ့သို့ ပြောင်းလဲနေသလဲ။ ဒီ သဘောတွေကို အေးအေးဆေးဆေး ကြည့်ရတာပါ။ စိတ်ကို ကြည့်ရင်လည်း စိတ်တွေ တစ်လုံးပေါ်လိုက် ပျောက်လိုက်၊ နောက်တစ်လုံး ပေါ်လိုက် ပျောက်လိုက် အဲဒီလိုဖြစ်နေတယ်။

ခန္ဓာကိုယ်မှာလည်း ဟိုနားက တစ်ခုခု ဖြစ်လိုက်၊ ဒီနားက ပူကနဲဖြစ်လိုက်၊ ဒီနားမှာ တင်းကနဲ ဖြစ်လိုက်၊ သိမ့်ကနဲဖြစ်လိုက် အမျိုးမျိုးဖြစ်နေတယ်။ စက္ကန့်တိုင်းမှာကိုပဲ ခြေဖျားကနေ ခေါင်း ဖျား အထိ အမျိုးမျိုးကို ဖြစ်လာနေပါတယ်။ အဲဒီသဘောတွေကို ကြည့်ပြီး တော့မှ နေတတ်လာရင် စိတ်ဝင်စားစရာ သိပ်ကောင်းပါတယ်။ အလွန့်လွန်ကို နက်နဲတယ်။ ဒီထက် နက်နဲတာကို ကမ္ဘာပေါ်မှာ မရှိဘူး ထင်တယ်လို့တောင် ဝိပဿနာကို သဘော ပေါက်လာကြတဲ့ ပညာတတ်ယောဂီတွေ ပြောကြပါတယ်။

*<u>အလွန် နက်နဲလွန်းတယ်။ ဒီသဘောတရားတွေကို သိသိပြီး နေရင် အဲဒီပေါ်မှာ အသိတွေ တိုးတိုးလာတယ်။ သြော်. . . ဒီသဘောတရားကြီးဟာ မမြဲတဲ့ သဘောတရားကြီးပဲ။ သဘာဝ သဘောတရား phenomenon မျှပဲ။</u>*

*<u>ဒီလို အသိတွေ ရှင်းလာတယ်။ အဲဒီလိုအသိတွေ ရှင်းလာ တာနှင့်အမျှ ပတ်ဝန်းကျင် အပေါ်မှာလည်း အသိအမြင်တွေ ပြောင်းလာတယ်။</u>*

*<u>နောက်တစ်နည်း ပြောမယ်ဆိုရင် ခိုင်ခံ့တယ်လို့ ယူထားတဲ့ သဘောတရားကြီးဟာ မခိုင်ခံ့ဘူး၊ ဒါကိုလက်ခံနိုင်ဖို့ပဲ။ သေသေ ချာချာ လက်ခံနိုင်ဖို့ လေးလေးနက်နက် လက်ခံနိုင်ဖို့ပဲ လေ့ကျင့် ရတာပါ။ မခွဲခွါရဘူးလို့ ထင်ထားတဲ့ သဘောတရား ကြီးဟာ</u>*

*ပျက်စီးမှာ၊ အဲဒီသဘောတရားကို နားလည်ဖို့ သေသေချာချာ သဘောပေါက်သွားဖို့ လေ့ကျင့်ရတာပါ။ အဲဒါက သဘာဝကို သဘာဝအတိုင်း နားလည်သွားတယ်လို့ ခေါ်ပါတယ်။*

Natural Unfolding, Natural ဆိုတာက သဘာဝပါ။ Folding ဆိုတာ ပိတ်ထားတာ၊ Unfolding ဆိုတာ ပိတ်ထားတဲ့ဟာ ပွင့်သွားတာ။ ဟိုတုန်းက ဖုံးထားတဲ့ သဘာဝတရားကြီး၊ အကွယ်ခံထားရတဲ့ သဘာဝ တရားကြီးကို အခုကျတော့ Unfolding ဖြစ်သွားတယ်၊ ပွင့်သွားတယ်။ တစ်နည်းပြောရရင် သဘာဝကို သဘာဝအတိုင်း နားလည်သွားတယ်လို့ ဆိုလိုတာပါပဲ။ ဒါဟာ လောက လူသား အများ သဲသဲမဲမဲ ရှာဖွေနေကြတဲ့ သောကကင်းဝေး နေထိုင်နည်းရဲ့ အစပါပဲ။ ဒါကြောင့် ဥဒါန်းပါဠိတော်မှာ ခုလိုလာရှိပါတယ်။

မသာယာအပ်သော သဘောတရားကို သာယာဖွယ် အသွင်သဘောဖြင့်လည်းကောင်း၊ မချစ်ခင်အပ်သော သဘောတရားကို ချစ်ခင်ဖွယ် အသွင်သဘောဖြင့်လည်းကောင်း၊ ဆင်းရဲသော သဘောတရားကို ချမ်းသာဖွယ် အသွင်သဘောဖြင့်လည်းကောင်း၊ မေ့လျော့နေသူကို စိတ်ပင်ပန်းမှုသောက လွှမ်းမိုးဖိစီး၏။[၁]

လူတစ်ယောက်ယောက်က အခြားလူတစ်ဦးဦးကို တင်းတင်းကြပ်ကြပ်၊ လွှမ်းမိုးခြယ်လှယ် ကန့်သတ် ချုပ်ခြယ် တားမြစ်ထားရင်တောင်မှ သူ့ကွယ်ရာမှာ တစ်ခဏကလေးဖြစ်စေ လွတ်လပ်နိုင်ခွင့် ရှိပါသေးတယ်။

ကိလေသာ၊ သံယောဇဉ်တွေရဲ့ တုတ်နှောင်လွှမ်းမိုး၊ ခြယ်လှယ် ကန့်သတ် ချုပ်ခြယ်မှုကနေကျတော့ တစ်စက္ကန့်၊ တစ်ခဏ၊ တဒင်္ဂက လေးတောင်မှ မလွတ်လပ်နိုင်ပါဘူး။ ဒီဘဝတင်မက ဘဝါ ဘဝခြား

၁။ (၁၈) သုပ္ပဝါသာသုတ္တ၊ ဥဒါနပါဠိ။

သည့်တိုင်အောင်လည်း မလွတ်လပ်နိုင်လောက်အောင်ကို ချုပ်ခြယ်၊ တားမြစ်မှုက အားကြီးလှပါတယ်။

ထပ်ပြီးအသိပေးလိုတာကတော့ ဝီရိယနှင့် သမာဓိ ပိုတယ် လိုတယ် မရှိရပါဘူး။ သဒ္ဓါနှင့် ပညာညီရပါမယ်။ ဒါကများရင်လည်း ပျက်ပါတယ်။ နည်းရင်လည်း ပျက်ပါတယ်။ ကြိယာပုထ်မရွေး အချိန်မရွေး အပိုအလိုမရှိ မျှတအောင် ညှိတတ်၊ ချိန်ဆတတ်ပြီး အားထုတ်တတ်ဖို့ အရေးကြီးပါတယ်။

ဒီလို Balance နှင့် နေတတ်လာရင် ခန္ဓာကိုယ်မှာရော စိတ်မှာပါ စွမ်းအင် (Energy)တွေ၊ အလေအလွင့် မဖြစ်တော့ပါဘူး။ တကယ်တော့ လောဘ၊ ဒေါသ၊ မောဟ၊ ကြဿာ၊ မာနတွေကြောင့် စိတ်စွမ်းအင်၊ ခန္ဓာကိုယ် စွမ်းအင်တွေ ကုန်ခမ်းနေတာပါ။ ခုလို အသိသတိ ဆက်နေရင် စိတ်ရော ကိုယ်ပါ အနားရနေတယ်။ ဒါကြောင့် နည်းနည်း အိပ်ရင်လည်း လုံလောက်နေပါတယ်။ နည်းနည်းစားရင်လည်း လုံလောက်နေပါတယ်။ အလွန်ကောင်းတဲ့ ဘဝနေနည်းပါပဲ။ အသိသတိ ဆက်ပြီးတော့ ကိလေသာကင်းတဲ့ တဒင်္ဂတွေဟာ (Precious Moments) အဖိုးမဖြတ်နိုင်တဲ့ တဒင်္ဂတွေပါပဲ။

ကိလေသာရန်သူရဲ့ ချုပ်ခြယ်တားမြစ်မှုမှ အပြီးတိုင် လွတ်မြောက်နိုင်ပါစေ။

မေတ္တာကရုဏာဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၇ ခုနှစ်၊ ဇူလိုင်လ (၁၅)ရက်။

**ရှိသေ့စွာလျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

တရားအတွေ့အကြုံများ လျှောက်ထားပါရစေဘုရား။

သောကတွေ၊ နောင်တတွေ၊ ပူပန်မှုအတွေးတွေ ဝင်လာရင်တော့ ပင်ပန်းမယ်ဆိုတာ သိလာပါပြီဘုရား။ ဒါကို ဆက်တွေးရင် ပင်ပန်းတော့မယ်လို့ သိလာတော့ ဉာဏ်က ရှေ့ဆက်တွေးခွင့်မပေးတော့ပါဘူး။ ဒါကြောင့် *အချိန်တွေ နာရီတွေ ကုန်ကုန်သွားပေမယ့် စိတ်မပင်ပန်းဘဲ ငြိမ်းအေးစွာနှင့်ပဲ နေလာနိုင်ပါတယ်ဘုရား။*

*ကိလေသာ ကင်းငြိမ်းတဲ့ တဒင်္ဂဟာ ချမ်းသာပါတယ်။ ကိလေသာ မကင်းတဲ့ တဒင်္ဂဟာလည်း တဒင်္ဂအလျောက် ပူလောင်ပင်ပန်းပါတယ်ဘုရား။ ဆင်းရဲပါတယ်။ ဒီနှစ်ခုရဲ့ ခြားနားချက်က အလွန်ပဲ ကွာဟလွန်းပါတယ်ဘုရား။* အခုလို တဒင်္ဂချင်း ကိလေသာကင်းဆိတ်ပြီး သတိမြဲလာ၊ ငြိမ်းချမ်းစွာ နေတတ်လာမှပဲ *လူ့ဘဝဟာအဓိပ္ပါယ် ပြည့်ဝလာတယ်လို့ ခံစားရပါတယ်။* နေရတာလည်း သဘာဝ ကျလာပါတော့တယ်။ သတိဆက်ပြီး ကိလေသာကင်းငြိမ်းတဲ့ တဒင်္ဂနှင့်နေမှပဲ ဉာဏ်တွေလည်း ပွင့်ထွန်းလာပါတယ်။ သတိဆက်ပြီး ကိလေသာကင်းငြိမ်းတဲ့ တဒင်္ဂနှင့်နေမှပဲ စိတ်လည်း ညီညွတ် မျှတလာပါတယ်ဘုရား။

ဒါကြောင့် တပည့်တော်မ ဘဝအသစ်တစ်ခု ဖြစ်လာသလို စိတ်ထဲလေး လေးနက်နက် ခံစားရပါတယ်။ *အရင်နှင့်တော့ စိတ်ထားတွေ၊ အပြုအမူတွေ၊ အနေထိုင်တွေ မတူတော့ပါဘူး။ အခုလို စိတ်ချမ်းသာစွာ နေတတ်တော့မှပဲ အရင် ပူလောင်ပင်ပန်းခဲ့တာကို သိလာပါတယ်။* ဒါကြောင့် ဒါကိုဘဝနေနည်း Art of living လို့ပဲ တပည့်တော်မ လျှောက်ထားပါရစေဘုရား။

တဏှာ လောဘ မာန ဒိဋ္ဌိစတဲ့ ကိလေသာ အကုသိုလ်ဓမ္မတွေ ရင်ထဲမှာ ရှင်းလာတာနှင့် ဘဝဟာ အလိုလိုပဲ Easy, Meaningful, Beautiful ဖြစ်လာပါတယ်ဘုရား။ ဒါကို တပည့်တော် လုပ်နေရတာ မဟုတ်ပါ။ ငါမရှိဘူးဆိုတာလည်း ပို၍ပို၍ ရှင်းလာတယ်။ ငြင်းစရာမလိုအောင်ကို အဓိပ္ပါယ် ပေါ်လွင်လာပါတယ်။ မှောက်ထားတဲ့အိုးကို လှန်ကြည့်ရသလို သေသေချာချာ သိလာတာပါဘုရား။

သတိပဋ္ဌာန်တရားတော်ရဲ့ နိဒါန်းမှာ ဝိပဿနာတရား အားထုတ်ရင် သောကတွေ ကင်းဝေးမယ်လို့ ဟောတော်မူထားပါတယ်။ တရားအားထုတ်လာတာနှင့်အမျှ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေ ပါးလာတာနှင့်အမျှ စိတ်ငြိမ်းအေးလာတယ်။ အသိအမြင်တွေ ရှင်းလာပါတယ်။ ဘဝကို အေးချမ်းအောင် နေတတ်လာပါတယ်။ တစ်နေ့တာ ဘဝမှာကို အပူအပင် ကင်းဝေးအောင် ထူးထူးခြားခြား နေတတ်လာပါတယ်ဘုရား။ *ဒီတရားကိုသာ သိခွင့် မရလျှင် တပည့်တော်ဘဝမှာ ကိလေသာသောက ဒေါသ မာန ဗလပွနှင့်နေပြီး ကိလေသာ ဗလပွနှင့်ပဲ သေရမှာပါလားလို့ ရံခါတွေးမိပြီး ဆရာတော်ဘုရားကို ကျေးဇူးအထပ်ထပ် တင်ပါတယ်ဘုရား။*

တပည့်တော်မ ဒီထက်ပိုပြီး လျှောက်ထားလိုပါသော်လည်း ပညတ်တင်ရန် စကားလုံးဝေါဟာရက ဒီမျှပဲ ရှိပါတော့တယ်ဘုရား။ နားလည်ခွင့်လွှတ်ပေးတော်မူပါ သူတော်ကောင်းကြီးဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၇ ခုနှစ်၊ ဇူလိုင်လ (၁၇)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

ဝိပဿနာတရားတွေ အားထုတ်တတ်လာလျှင် လောကကြီးဟာ နှစ်မျိုးနှစ်စား ဖြစ်လာပါတယ်။ *သတိဉာဏ်ရှိရင် ဒိဋ္ဌလောက၊ သတိဉာဏ်မရှိတော့ရင် အိပ်မက်လောကပါ။*

*တရားအားထုတ်တဲ့ ယောဂီတွေ တစ်ခါတစ်ရံ အိပ်မက်လောကမှာ နေကြတယ်။ တစ်ခါတစ်ရံ ဒိဋ္ဌလောကမှာ နေကြတယ်။ တရားအားမထုတ်တဲ့ သူကတော့ ထာဝရ အစဉ်အမြဲ ဘာမှန်းမသိ ညာမှန်းမသိအောင်ကို အိပ်မက်လောကထဲမှာပဲ ပျော်နေရှာပါတယ်။*

အိပ်မက်လောကကိုတော့ ကိလေသာက မောင်းနှင်နေတယ်။ ကိလေသာက တွန်းပြီးခိုင်းနေတယ်။ ဒါကြောင့် အကုန်လုံး အရေးကြီးတယ်လို့မြင်တယ်။ လုပ်ကို လုပ်ရမယ်။ ပြောကို ပြောရမယ်။ သွားကို သွားရမယ်။ ဒါက အိပ်မက်လောကရဲ့ သဘောပါ။

သောမနဿနှင့် ဒေါမနဿကြားမှာ ဥပေက္ခာရှိတယ်။ အတ္တကိလမတ္တ လမ်းစဉ်နှင့် ကာမသုခလ္လိက လမ်းစဉ်ရဲ့ ကြားမှာ မဇ္ဈိမပဋိပဒါလမ်းရှိတယ်။ သုခနှင့် ဒုက္ခကြားမှာ အဒုက္ခမသုခရှိတယ်။ Positive နှင့် Negative ကြားမှာ Nutral ရှိတယ်။ Pessimism နှင့် Optimism ကြားမှာ Realism ရှိတယ်။

ဥပေက္ခာ၊ မဇ္ဈိမပဋိပဒါ Nutral way နှင့် Realism တွေကို လက်တွေ့ကျကျ သိရှိနားလည် သဘောပေါက်ဖို့ကတော့ ဗုဒ္ဓကပဲ ဆိုဆုံးမ ပေးတော်မူပါတယ်။ အခြား အတွေးအခေါ် ပညာရှင်တွေ တိတိကျကျ လမ်းညွှန် မပေးနိုင်ကြပါဘူး။

ဒီနည်းဟာ ဘဝနေနည်း အမှန်ပဲဆိုတာကိုတော့ ပညာရှိကြီးတွေ ရိပ်မိကြပါတယ်။ ပဋ္ဌာလည်း ရှိတယ်။ ပဋ္ဌာကတော့ ဘဝနေနည်း

ဟာ ဘာလဲဆိုတဲ့ ပုစ္ဆာပါပဲ။ အဖြေကတော့ Realism မဇ္ဈိမပဋိပဒါ၊ ဥပေက္ခာပါပဲ။ ဒါပေမယ့် ဒီအဖြေကို ဘယ်လို တွက်ထုတ်ရမယ်ဆိုတဲ့ Method နည်းလမ်းကို သာမန်လူတွေ မဖော်ထုတ်နိုင်ကြဘူး။ အသင်္ချေများစွာနှင့် ကမ္ဘာများစွာကြာ ပါရမီဖြည့်တော်မူခဲ့တဲ့ ဗုဒ္ဓဘုရားရှင်များကသာ သိတော်မူနိုင်ပါတယ်။

ပညာရှိကြီးတွေကတော့ အဆိုးမြင်ဝါဒ (Pessimism) နှင့် အကောင်းမြင်ဝါဒ (Optimism) တွေက ပင်ပန်းကြောင်း ပြောကြ၊ ဆိုကြ၊ ရေးကြ၊ ဆွေးနွေးတတ်ကြပါတယ်။ ဒါပေမယ့် ပညာမဲ့တဲ့ Crazy world မှာတော့ Pessimism ကို ပင်ပန်းတယ်လို့ သိကြပါသော်လည်း Optimism ကိုတော့ ကောင်းတယ်ပဲ ထင်ကြတယ်။ ဒုက္ခဒေါမနဿကို ပင်ပန်းတယ်လို့ သိပေမယ့် သုခသောမနဿကိုတော့ ရကောင်းတဲ့အရာ အသင့်လျော်ဆုံးပဲလို့ သူတို့ခံစားကြတယ်။

ဥပေက္ခာ, Realism, မဇ္ဈိမပဋိပဒါကို သိခွင့်ရတဲ့ဘဝ အရအတော်ဆုံးပါပဲ။ ဒီထက် မြင့်မြတ်တဲ့ သဘောတရား၊ ဒီထက် မြင့်မြတ်တဲ့ အယူဝါဒ ဒီကမ္ဘာပေါ်မှာ မရှိဘူးလို့ ရဲရဲကြီးကို ပြောနိုင်ပါတယ်။ နောင်ရော အရင်ပါ မရှိနိုင်ပါဘူး။ အကြောင်းရင်းကတော့ ခိုင်တယ်၊ ဟုတ်တယ်၊ မြဲတယ်လို့ ထင်ထားလို့သာ ပျက်မှာစိုးရိမ်ရ၊ ကုန်မှာ ပျောက်မှာ စိုးရိမ် ပူဆွေးနေကြရတာပါ။

*<u>သူ့သဘာဝအတိုင်း ပျက်တတ်တာ၊ ကုန်တတ်တာ၊ သေတတ်တာ၊ မတည်တံ့တာ၊ မခိုင်မြဲတတ်တာကို သေသေချာချာ လက်ခံနိုင်လာရင် သောကက စိတ်အိမ်ကို ဘယ်လိုလုပ် ဝင်ပြီး နှောင့်ယှက်လို့ ရပါတော့မလဲ?</u>*

အရင်က ဒီသဘောကို ဉာဏ်ထဲ မသိသေးလို့သာ နှိပ်စက်ခံနေရတာပါ။ ကိလေသာက နှောင့်ယှက်နိုင်ခဲ့တာပါ။ လူကိုသာ ကိလေသာက နိုင်ချင်တိုင်း နိုင်သော်လည်း သတိဉာဏ်ကိုတော့ ကိလေသာက ကြောက်ပါတယ်။

ဟိုကိစ္စက မလုပ်မဖြစ် ရှိလာပြီဆိုရင် ပထမဦးဆုံး ခဏလောက်ဖြစ်ဖြစ် တရားထိုင်လိုက်ပါဦး။ တရားနှလုံးသွင်းလိုက်ပါဦး။ စကြံလျှောက်ပြီးမှ ပြန်စစ်ဆေးကြည့်လိုက်ပါ။ *အဲဒီပြဿနာဟာ အခုနလောက် အရေးကြီးသေးသလား။ စိတ်အေးအေးနှင့် ကြည့်တတ်လာရင် အမြင် ပြောင်းသွားပါတယ်။*

အရေးကြီးရင်လည်းကြီးသလို အရေးမကြီးရင်လည်း မကြီးသလို ဆုံးဖြတ်လုပ်ကိုင်နိုင်ပါပြီ။ အရေးကြီးနေတယ် ဆိုရင်တောင်မှ အဲဒီလောက် အရေးကြီးတာတော့ မဟုတ်လောက်ပါဘူး။ ဘာဖြစ်လို့ အရေးကြီးနေတာလဲဆိုရင် ကိလေသာ တွန်းထိုးခိုင်းနေလို့ပါပဲ။ ကိလေသာက စိတ်အိမ်ကို ခြယ်လှယ်မင်းမူ စိုးမိုးချုပ်ကိုင်နေတဲ့ တဒင်္ဂတိုင်းဟာ မငြိမ်းချမ်းဘူး။

မြန်မာနိုင်ငံသာသနာတော်မှာ ထင်ရှားတော်မူခဲ့တဲ့ ကျမ်းပြုဆရာတော် တောင်မြို့ဆရာတော်ဘုရားကြီးရဲ့ အလွန်ရိုးရှင်းတဲ့ ဩဝါဒကလည်း လေးလေးစားစား မှတ်သားထိုက်ပါတယ်။

*“ကိုယ့်စိတ်ကို ကိုယ်ချမ်းသာအောင်မှ မထားတတ်သေးဘူးဆိုရင် မိမိမှာ ဘာပညာမှ မရှိသေးဘူးလို့ မှတ်ပါ။”*

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၇ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်။

ဆရာတော်ဘုရားထံ ပါးမှ (၂၉. ၇. ၈၇)ရက်စွဲ ပေးစာနှင့် ဒါယိကာမ၏ (၂၀. ၇. ၈၇)ရက်စွဲ လျှောက်ထားစာတို့သည် ဆက်စပ်မှု ရှိနေပါသော်လည်း ရက်စွဲ r n D W f mr v pmw G File မတူပါသဖြင့် ခွဲ၍ ဖော်ပြပေးပါသည်။

**ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဆရာတော်ဘုရားထံပါးမှ ထူးမြတ်သော တရားတော်များကို ညွှန်ကြားပြသပေးနေသည့်အတွက် ဘုရားတပည့်တော်မ ဦးစွာ ရိုသေစွာ ဦးညွှတ် ကန်တော့ပါသည်ဘုရား။

ယမန်နေ့ည ၂း၃၀ မှာ တရားရှုမှတ်လျက်ရှိပါတယ်ဘုရား။ မျက်စိကိုလည်း မှိတ်ထားပါတယ်ဘုရား။ စိတ်နှင့် ရုပ်တို့မရှိဘဲ သတိတစ်ခုသာ ထင်ရှားနေပါတယ်။ အရာရာတိုင်းဟာ ညီညွတ်မျှတပြီး နေပါတယ်။ အံ့သြစရာ အတွေ့အကြုံပါပဲဘုရား။

တပည့်တော်ဘဝမှာ မသိခဲ့လို့ ဒုက္ခကို သုခလုပ်မိခဲ့ပါတယ်ဘုရား။ ဒါကြောင့် လောကကနေ သုခချမ်းသာကို ရှာမှီးခဲ့ပါတယ်။ ရရှိခဲ့ဖူးပါတယ်။ ဒါပေမယ့် အခုနားလည်ပါပြီ။ တပည့်တော်မဘဝမှာ *ရခဲ့ဖူးတဲ့ သုခတွေဟာ သုခအတု ချမ်းသာအတုတွေပါပဲ။* သို့သော် အဲဒီတုန်းက သုခအတုကို အပျောက်မခံနိုင်ခဲ့ပါဘူး။ အဆင်မသင့်လို့ ပျောက်ခဲ့ရင်၊ ကုန်ခဲ့ရင်၊ သေခဲ့ရင်၊ ခွဲခွါခဲ့ရင် တပည့်တော်မ စိတ်ပင်ပန်းလို့မဆုံး သောကဖြစ်လို့မပြီး ဖြစ်ခဲ့ဖူးပါတယ်ဘုရား။

*မခိုင်တာကို ခိုင်မြဲချင်ခဲ့ပါတယ်။ သေတတ်တာကို မသေစေချင်ခဲ့ပါဘူး။ ပျက်တတ်တာကို မပျက်စီးစေချင်ခဲ့ပါဘူး။ ဒါကြောင့်လည်း တပည့်တော်မဘဝမှာ စိတ်တွေ ဆင်းရဲခဲ့ရပါတယ်ဘုရား။* စိတ်တွေ ပူလောင်ခဲ့ရပါတယ်ဘုရား။ စိတ်တွေ ပင်ပန်းခဲ့ရပါတယ်ဘုရား။ အခုတွေးမိတော့ မသိလို့ မိုက်မဲခဲ့ပါလား၊ ငှက်ပျောပင်၊ လက်ပံပင်ရဲ့ အနှစ်ကို ရှာဖွေမိသကဲ့သို့ အနှစ်မရှိတဲ့ ဘဝထဲမှာ အနှစ်ရှာဖွေခဲ့မိတာ ပါကလားလို့ တွေးမိပါတယ်။

ရခဲ့တဲ့ ကာမဂုဏ်အာရုံတွေဟာလည်း ခေးသွားပေါ်က ပျားရည်စက် လျက်ရသလို အလွန့်အလွန်ကို အန္တရာယ်များပြီး အလွန့်အလွန်ကို မရေရာ မသေချာပါလားလို့ တပည့်တော် ခုသဘောပေါက်လာပါတယ်ဘုရား။ ဆရာတော်ဘုရား၏ ဆုံးမသွန်သင်မှုအောက်မှာ ဒီမတည်တံ့တဲ့သဘောကို မတည်တံ့ဘူး၊ မခိုင်ခံ့တဲ့သဘောကို မခိုင်ခံ့ဘူးလို့ ကြားရ၊ နာရ၊ ကျင့်သုံးရတာဟာ ကံထူးလှပါတယ်ဘုရား။

*မတည်တံ့ဘူး၊ မခိုင်ခံ့ဘူး၊ မမြဲဘူး၊ ကွဲတတ်တဲ့သဘောသဘာဝကြီး၊ သေတတ်တဲ့ သဘောသဘာဝကြီး၊ ခွဲခွါရမဲ့ သဘောသဘာဝကြီးပဲလို့ သိရှိနားလည် လက်ခံပြီး နေတတ်လာတာ သက်သာလှပါတယ်ဘုရား။ သဘာဝလည်း ကျလှပါတယ်ဘုရား။ ယခင်က တည်တံ့ချင်ခဲ့တာ မကွဲကွာစေချင်ခဲ့တာတွေကို လက်ခံပြီး နေမိတာတွေဟာ ပင်ပန်းကြီးလှပါတကားလို့ အခုမှ ဉာဏ်ထဲ နှိုင်းယှဉ်ပြီး သဘောပေါက်လာပါတယ်ဘုရား။*

*သဘာဝကို သဘာဝတိုင်း လက်ခံခြင်းဟာ ဗုဒ္ဓရဲ့ တရားတော်ပါတကား၊ အလွန်ရိုးရှင်းတဲ့ သဘောတရားကြီးပါတကား၊ အလွန်ရိုးရှင်းတဲ့ တရားတော်ပါတကားလို့ သိလာရလို့ မြတ်စွာဘုရားရှင်ခြေတော်ရင်းကို ရည်မှန်းကာ မကြာခဏပဲ ကန်တော့ပါတယ်ဘုရား။*

ဘုရားရှင်၏ တရားတော် ရင်ထဲ ကိန်းဝပ်လာတာနှင့်အမျှ ဆရာတော်ဘုရားကိုလည်း ကျေးဇူးတင်မဆုံးသဖြင့် ရိုသေစွာ ခြေတော်စုံ ရည်မျှော်မှန်းကာ ရှိခိုး ကန်တော့ပါတယ်ဘုရား။

ဆရာတော်ဘုရား ကျန်းမာစွာဖြင့် သတ္တဝါအများအား ပညာမျက်စိ ပေးသနားတော်မူနိုင်ပါစေလို့ ဆုတောင်းပါတယ်ဘုရား။

ရိုသေလေးစားစွာဖြင့်

ဒါယိကာမ

ရက်စွဲ-၁၉၈၇ ခုနှစ်၊ ဇူလိုင်လ (၂၀)ရက်။

**ရိုသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဆရာတော်ဘုရား၏ သွန်သင်ဆုံးမှု၊ ဩဝါဒစကားများဟာ တပည့်တော်မဘဝအတွက် ကျေးဇူးကြီးလှပါပြီဘုရား ပေးဆပ်လို့ မကုန်နိုင်အောင်ကို ကျေးဇူးများလှပါပြီဘုရား။

လူ့လောကမှာ လူသားတစ်ယောက်မွေးဖွားလာပြီး အရွယ်ရောက်လာတဲ့အချိန်ကစပြီးတော့ အမျိုးမျိုးသော ပညာတွေ သင်ကြား ဆည်းပူးရပါတယ်။ အောင်မြင်တဲ့ဘဝဖြစ်ဖို့ အင်မတန် ကြိုးစားပြီးတော့မှ တည်ဆောက်ကြရပါတယ်။ ကြိုးကြိုးစားစား ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲနှင့် ကာယအားတွေ ဉာဏအားတွေ အပြည့်အဝသုံးပြီးတော့မှ တည်ဆောက်လာခဲ့လိုက်တာ သက်တမ်းစေ့တဲ့အခါကျတော့ လူသားတွေ သေဆုံးကြရပါတယ်။ တပည့်တော် ဒါကို သိပ်မကျေနပ်ခဲ့ပါဘူး။ သေသွားတဲ့အခါမှာ ဒီလူသားတစ်ယောက်

အနေနှင့် ဒီလောက်ကြီး ကြိုးကြိုးစားစား ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ ဘဝမှာလုပ်လာခဲ့တာ ဘာမှလည်း မကျန်ရစ်ခဲ့ပါဘူး။ ကြာတော့ လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားတာပါပဲ။ လူ့လောက လူ့ ဘဝမှာ ဒီလောက်ကြီး လုပ်လာခဲ့တာ တစ်ခုခုတော့ အနှစ်အသား အဖြစ်နှင့် မပျက်စီးဘဲ ကျန်နေခဲ့သင့်တယ်လို့လည်း တပည့်တော် တွေးထင်ခဲ့ပြီး ဘဝကို အားမရ ဖြစ်ခဲ့ဖူးပါတယ်ဘုရား။

ဝိပဿနာတရားတွေအားထုတ်ပြီး အသိဉာဏ်တွေ ထိုက်သ လောက် ရှင်းလာပြီး ဆရာတော်ဘုရားထံပါးမှ (၁၀. ၈. ၈၇)ရက်စွဲပါ စာကို ဖတ်ရှုခွင့်ရမှ သဘောကျလာပါတယ်ဘုရား။ အခုတပည့်တော် နားလည်လာပါပြီဘုရား။ ဆရာတော်ဘုရားထံပါးမှ ဒီအသိကို လွန်ခဲ့တဲ့ကာလ အတန်ကြာကသာ ရရှိခဲ့မယ်ဆိုရင် တပည့်တော် ကျေနပ်မှာမဟုတ်ဘူး။ ငြင်းချက်ထုတ်မိမှာ သေချာပါတယ်။ လက်ခံ နိုင်မှာ မဟုတ်ပါဘုရား။

လွန်ခဲ့တဲ့လက ဆရာတော်ဘုရား ဩဝါဒပေးတော်မူတဲ့အခါ မှာတော့ လျှပ်စစ်ဓာတ် လိုက်ခံရသလို (Shock) ရသွားတယ်။ ဒီစကား ကြောင့် ခန္ဓာကိုယ်ပါ တောင့်တင်းသွားတယ်။ အံ့ဩလွန်းလို့ပါ ဘုရား။ တပည့်တော် သိချင်လွန်းနေတဲ့ အကြောင်းအရာကို နာကြား ရလို့ အလွန်ပဲ အံ့ဝင်ဂွင်ကျ ဖြစ်သွားပါတယ်ဘုရား။ တပည့်တော်မ အတွက် မှောက်ထားတဲ့အိုး လှန်လိုက်သလို၊ ဖုံးထားတဲ့အဖုံး လှပ် လိုက်သလို ရှင်းလင်းသွားပါပြီဘုရား။ ဒီစကားကို ဘုရားတပည့်တော် လက်ခံပါပြီဘုရား။ သဘောလည်း ကျပါပြီဘုရား။ တကယ်အနှစ်ရှိတဲ့ တန်ဖိုးဖြတ်မရတဲ့ ဆုံးမ ဩဝါဒစကားဆိုတာကို နားလည်ပါပြီဘုရား။

*ဘဝမှာ ဒီလောက်ကြီး လုပ်ရပြီးတော့မှ ဘာဖြစ်လို့ အနှစ်အသား မကျန်ရစ်ခဲ့တာလဲဆိုတော့ ဘာမှ အနှစ်အသားမရှိလို့ကို မကျန်ရစ်ခဲ့တာပါ။ ဘာဖြစ်လို့ မကျန်ရစ်တာလည်းဆိုတော့ ဘာမှကို မဟုတ်လို့ မကျန်ရစ်ခဲ့တာပါဆိုတဲ့ ဆုံးမစကားက အလွန် သဘောကျပါတယ်ဘုရား။ အလွန် သဘာဝကျပါတယ်ဘုရား။ ဉာဏ်ထဲ လင်းသွားပါပြီဘုရား။ မြတ်စွာဘုရားက အနိစ္စသဘောပါ၊ ဒုက္ခသဘောပါ၊ အနတ္တသဘောပါလို့ အထပ်ထပ်အပြန်ပြန် ဟောထားတော်မူသော်လည်း နားမဝင်နိုင်တဲ့အထိ မိုက်မဲခဲ့မိပါတယ်ဘုရား။*

မြတ်ဘုရားဗုဒ္ဓ၏ ဓမ္မတရားတော်များကို အကြိမ်ကြိမ် ဦးခိုက်ကန်တော့ပြီး ဆရာတော်ဘုရား၏ ခြေတော်ကိုလည်း ဦးညွှတ်ကန်တော့ပါတယ်ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၇ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

လူ့ဘဝရဲ့ အောင်မြင်မှုကို ဖော်ကြူးတဲ့ ဒဏ္ဍာရီတစ်ခုရှိပါတယ်။ ပင်လယ်ကမ်းစပ်မြို့မှာ အလွန်ကြီးကျယ်တဲ့ ငါးမန်းအန္တရာယ်ဘေးကြီးတစ်ခု ကြုံနေရပါသတဲ့။ အဲဒီငမန်းကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက လိုက်လံ သုတ်သင် ရှင်းလင်းပေးမယ့် ဆုံးရှုံးခဲ့ကြရတယ်။ အဲဒီငါးမန်းကို သက်ဆိုင်ရာ ဒေသခံတွေလည်း စုစည်း

ပြီးတော့ နှိမ်နင်းကြတယ်။ မနိုင်ကြပါဘူး။ အဆုံးမှာတော့ သင်္ဘောတွေ လှေကြီးတွေပါဝင် လူတွေလည်း အများကြီး ဆုံးရှုံးခဲ့ရတယ်။

လစ်ရင်လစ်သလို ငါးမန်းကလည်းပဲ ကမ်းစပ်လာပြီးတော့ ရေချိုးတဲ့လူတွေ၊ နေပူစာလှုံတဲ့လူတွေ၊ အပန်းဖြေသူတွေကို အသက်အန္တရာယ်ပြုတယ်။ လူတွေ သေပေါင်းများပါပြီ။ အလွန်လည်း ဆိုးဝါးလှတဲ့ အန္တရာယ်တစ်ခုကို အဲဒီကမ်းစပ်မြို့မှာ ကြုံနေရပါတယ်။

အဲဒီလိုနှင့်ပဲ လူပေါင်းများစွာက ငါးမန်းကို မသုတ်သင် မရှင်းလင်းနိုင်ဘဲ ငါးမန်းစာပဲ ဖြစ်နေပါတော့တယ်။ အဲဒီလိုကာလမှာ သူရဲကောင်းတစ်ဦး ပေါ်ပေါက်ခဲ့ပါတယ်။ သူကတော့တစ်ကိုယ်တော် သူရဲကောင်းပါ။ သင်္ဘောတစ်စီးပေါ်မှာ ငါးမန်းကို တိုက်ခိုက်နိုင်ဖို့ လိုအပ်တဲ့ လက်နက် ပစ္စည်းကိရိယာတွေ အကုန်လုံး တပ်ဆင်ပြီးတော့ သူကိုယ်တိုင် သင်္ဘောကိုမောင်းပြီး ရေနက်ထဲသွားပါတယ်။

ငါးမန်းကလည်း မကြာခင်ဘဲ အဲဒီတစ်ကိုယ်တော် သူရဲကောင်းရဲ့သင်္ဘောဆီ ရောက်လာပါတယ်ပဲ။ ငါးမန်းကသင်္ဘောကို စတင်တိုက်ခိုက်ပါတယ်။ သူရဲကောင်းကလည်း လက်နက်ကိရိယာမျိုးစုံနှင့် ငါးမန်းကို အသက်ပေးပြီး တိုက်ခိုက်ခဲ့တယ်၊ သူရဲကောင်းကလည်း သွေးချင်းချင်းရဲနေပြီး ငါးမန်းကလည်း ထိခိုက်ဒဏ်ရာတော်တော်ကြီး ရသွားပြီ။ ဒါပေမယ့် ငါးမန်းကလည်း သတ္တိကောင်းတယ်။ သူရဲကောင်းကလည်း ငါးမန်းထက် သတ္တိကောင်းလွန်းပါတယ်။

နောက်ဆုံးမှာတော့ သေလုမျောပါးဖြစ်နေတဲ့ ငါးမန်းကို ကြိုးတွေ သံချိတ်တွေနှင့် တုတ်နှောင်ပြီး သင်္ဘောကို ကမ်းစပ်ဆီ ဦးတည်ပြီး မောင်းနှင်ခဲ့ပါတယ်။ သင်္ဘောပဲ ကမ်းစပ်ကို ရောက်ခဲ့ပါတယ်။

ငါးမန်းနှင့် အပြန်အလှန် တိုက်ခိုက်ခဲ့တဲ့ ဒဏ်ရာတွေကြောင့် သူရဲကောင်းကြီးဟာ သင်္ဘောပေါ်သွေးအိုင်ထဲ ကွယ်လွန်အနိစ္စ ရောက်ခဲ့ရှာပါတယ်။ ငါးမန်းကို ဆွဲလာတဲ့ မောင်းသူမဲ့ သင်္ဘောကတော့ ကမ်းစပ် သဲသောင်ပြင် ကုန်းတစ်ဝက်ထိ တက်ခဲ့ပါတယ်။ သူရဲကောင်းကြီးက တာဝန် ကျေပွန်ပါတယ်။ အသက်နှင့် လဲပြီးတော့ ငါးမန်းအန္တရာယ်ကို နှိမ်နင်းပေးသွားပါတယ်။

ဒါကြောင့် သက်ဆိုင်ရာမြို့ အာဏာပိုင်တွေဟာ အဲဒီ ငါးမန်းဆိုးကြီးအန္တရာယ်ကို နှိမ်နင်းပေးခဲ့တဲ့ သူရဲကောင်းကြီးအတွက် ဂုဏ်ပြုတဲ့အနေနှင့် အလွန်ကြီးကျယ်တဲ့ ငါးမန်းပြတိုက်ကြီး တစ်ခုကို တည်ဆောက် ပေးကြပါတယ်။ အံ့မခန်းတဲ့ ဂုဏ်ပြုပွဲကိုလည်း လုပ်ပေးကြပါတယ်။

ငါးမန်းအရိုးတွေကိုတော့ ပုံမပျက် ပြတိုက်ထဲမှာ ထားရှိပြီး တစ်ကိုယ်တော် သူရဲကောင်းကြီးရဲ့ ငါးမန်းကို သုတ်သင်ရှင်းလင်းနိုင်ခဲ့တဲ့ သမိုင်းမှတ်တမ်း အကြောင်းကိုလည်း ကမ္ဘာ့ည်းကျောက်စာ မှတ်တမ်းဓာတ်ပုံတွေနှင့် အဲဒီပြတိုက်မှာ တခမ်းတနား ပြသထား ပါတယ်။

နှောင်းခေတ်လူများနှင့် ဒီနေ့ ခေတ်လူတွေက အဲဒီပြတိုက်ကို သွားပြီးတော့ ကြည့်ရှု လေ့လာကြပါတယ်။ ကြည့်ပြီးတဲ့ အခါမှာ တော့ သြော်. . . သတ္တိ ကောင်းပါပေရဲ့ "သြော်. . အင်းအင်း။ သြော်. . . တော်ပါပေရဲ့။ သြော်. . . အင်းအင်း"နှင့် မှတ်ချက်ပြု ပြောကြပါသတဲ့။

ဒဏ္ဍာရီပုံပြင်လေးကတော့ ဒီလောက်ပါပဲ။ ဒီနေရာမှာ စဉ်းစားစေချင်တာက အဲဒီသူရဲကောင်းကြီးသာလျှင် သက်ရှိထင်ရှား

ရှိပြီး အနားကနေ ကြည့်နေမယ် (ဝါ) နားထောင်နေမယ်ဆိုလျှင် “ဩော်. . . အင်း အင်း”ဆိုတဲ့ ချီးကျူး ဂုဏ်ပြုစကားလောက်နှင့် သူ ကျေနပ်မယ် မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် သူ့အသက်နှင့် လဲပြီး လုပ်ခဲ့တဲ့ စွမ်းဆောင်မှုတစ်ခု ဖြစ်လို့ပါပဲ။

*ဒါကို လေးလေးနက်နက် စဉ်းစားကြည့်မယ်ဆိုရင် လူ့ဘဝရဲ့ ဖြစ်တည်မှုက ဒီလောက်ပါပဲ။ ဘဝဟာ ဒီမျှပါပဲ။* ဒီဒဏ္ဍာရီကို ဗုဒ္ဓရဲ့ တရားတော်များနှင့် စပ်ဟပ်ပြီးတော့မှ နားမလည်နိုင်ဘူး ဆိုရင်တော့ ဘဝကို တစ်မျိုးတစ်မည် အဆိုး မြင်သွားနိုင်စရာ အကြောင်းရှိ ပါတယ်။ ဒီဒဏ္ဍာရီကို ဗုဒ္ဓရဲ့ တရားတော်များနှင့် စပ်ဟပ်ပြီးတော့ နားလည်နိုင်မယ်ဆိုရင်လည်း ဘဝရဲ့ အနှစ်သာရ ဘဝရဲ့လုပ် ဆောင်ချက်တွေဟာ ဘယ်ကဲ့သို့ ဖြစ်သင့်တယ်၊ ဘယ်မျှထိရှိတယ် ဆိုတာ ဒီမှာ အရိပ်အယောင် ပေါ်လွင်နေပါတယ်။

တစ်ခုသောကာလမှာ မြတ်စွာဘုရားရှင် လက်သည်းဖျား ပေါ်မှာ မြေမှုန့်အနည်းငယ် တင်ထားပြီးတော့ ရဟန်းတို့ကို မိန့်တော် မူဖူးပါတယ်။ *ရဟန်းတို့ မြဲတာ၊ ခိုင်ခံ့တာ၊ တည်တံ့တာ ဖောက်ပြန် ခြင်းမရှိတဲ့ သဘောတရားဆိုလို့ ဟောဒီ လက်သည်းဖျားပေါ်က မြေမှုန့်လောက်သာ ရှိမယ်ဆိုရင် မြတ်သောအကျင့် ကျင့်ဖို့ မလိုတော့ ပါဘူး။ မြတ်သောအကျင့်လည်း ဒီလောကမှာရှိဖို့ မလိုတော့ပါဘူး။*

ရှေးရှေးဘဝတုန်းက ငါဘုရား ဦးထိပ်မှာ ဘိသိက်သွန်းခဲ့ ဖူးတဲ့ ကုသဝတီပြည့်ရှင်ဘုရင် ဖြစ်ခဲ့ဖူးတယ်။ မြို့ပေါင်း ၈၄၀၀၀၊ ပြဿဒ် ပေါင်း ၈၄၀၀၀၊ မဟာဗျူဟာ ကူဋာဂါရအမျိုးရှိတဲ့ အိမ်တော် ပေါင်း ၈၄၀၀၀၊ ဥပေါသထအမျိုးရှိတဲ့ ဆင်ပေါင်း ၈၄၀၀၀၊ ရထား

ပေါင်း ၈၄၀၀၀၊ သုဘဒ္ဒါအမျိုးရှိတဲ့ မိဖုရားပေါင်း ၈၄၀၀၀၊ သားကြီး ရတနာ အမျိုးရှိတဲ့ နောက်လိုက်မင်းပေါင်း ၈၄၀၀၀၊ အသီးသီးသော ဖော်မပြနိုင်လောက်တဲ့ စည်းစိမ်ဥစ္စာ ရတနာတွေ အပါအဝင် ရာထူး ဌာနကို ပိုင်စိုးခဲ့ဖူးတယ်။ အုပ်စိုးခဲ့ဖူးတယ်။ ဘုန်းတန်းခိုးအာနုဘော် ကြီးမားတဲ့ ရှင်ဘုရင်တစ်ပါး ဖြစ်ခဲ့ဖူးပါတယ်။

ချစ်သားတို့ အဲဒီသင်္ခါရတရားတွေ အားလုံး အခုကုန်လွန်ခဲ့ပြီ။ ချုပ်ပြီးခဲ့ပြီ။ ကုန်ပျောက်ခဲ့ပြီ။ ဖောက်ပြန်ခဲ့ပြီ။ ပြောင်းလဲခဲ့ပြီ။ ချစ်သား တို့ သင်္ခါရတို့ဟာ မမြဲကြဘူး။ သင်္ခါရတို့ဟာ မခိုင်ခံ့ကြဘူး။ သင်္ခါရ တို့ဟာ မတည်တံ့ကြဘူး။ သင်္ခါရတို့ဟာ သာယာဖွယ် မရှိကြဘူး။[၁] တစ်ချိန်က ဒီကမ္ဘာပေါ်မှာ စာမဖွဲ့နိုင်လောက်အောင်ကို ကြီးကျယ် ခဲ့တဲ့ အကြောင်းအရာတွေဟာ ဘာအစအနတစ်ခုမှကို ရှာမရ နိုင်လောက်အောင် ချုပ်ပျောက် ပျက်စီး ကွယ်သွားခဲ့ကြပါတယ်။

မြတ်စွာဘုရား ရှေးရှေးဘဝတုန်းက ပိုင်စိုးခဲ့တဲ့ ဒီမျှကြီးကျယ် တဲ့ စည်းစိမ်တွေ ကွယ်ပျောက်ခဲ့တယ်။ ဒီကနေ့ မိမိတို့ရဲ့ ပတ်ဝန်းကျင် မှာလည်း ဒီအတိုင်းပါပဲ။ အစအနကို ရှာမရနိုင်လောက်အောင် ကွယ် ပျောက်သွားတာကို ရှင်းရှင်းကြီး မြင်နေရပါသော်လည်း တစ်လောက လုံးက အနှစ်သာရရှိတဲ့ပမာ တွေးတောကြံဆ ပြောဆို လုပ်ကိုင်နေကြ ပါတယ်။

အသာရေ သာရမတိနော၊ သာရေစာ သာရဒဿိနော[၂]

အနှစ်မရှိတဲ့ သဘောတရားမှာ အနှစ်သာရ ရှိတယ်လို့ ယူဆကြပြီး အနှစ်ရှိတဲ့ သဘောတရားကိုတော့ အနှစ်သာရမရှိဘူး

၁။ (၉၆) ဂေါမယပိဏ္ဍသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ (၉၇) နခသိခါသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။
၂။ (၁၁) သာရိပုတ္တထေရဝတ္ထု၊ ဓမ္မပဒပါဠိ။

လို့ ယူဆကြပါတယ်။ ရှေးအရင်တုန်းက လူသားတွေလည်း ဒီလိုပဲ တွေးတောကြံဆခဲ့ပြီး ဒီလိုပဲ လုပ်ကိုင်ခဲ့ကြတယ်။ နှောင်းခေတ် လူသားများလည်း ဒီလိုပဲ တွေးတောကြံဆပြီး ဒီလိုပဲ လုပ်ကိုင်ကြပါ လိမ့်မယ်။ ယနေ့ခေတ်လူသားများလည်း ဒီလိုပဲ တွေးတောကြံဆပြီး ဒီအတိုင်းပဲ လုပ်ကိုင်နေကြပါတယ်။

*အဝိဇ္ဇာအိပ်မက်ရှည်က နိုးထလာတဲ့ လူသား အနည်း ငယ်မျှလောက်ကသာ သင်္ခါရလောကဟာ မတည်တံ့ဘူး၊ မခိုင်မြဲဘူး။ အနှစ်သာရ မရှိလို့ဘဲ ဘာမှ မကျန်ရစ်ခဲ့တာ ပါကလားဆိုပြီး အမှန် ကို အမှန်အတိုင်း၊ သဘာဝကို သဘာဝအတိုင်း သိမြင်နိုင်ကြပါတယ်။*

သဘာဝကို သဘာဝအတိုင်း သိသွားတာကိုပဲ ဓမ္မကို နားလည် သွားတယ်၊ တရားအသိ ရသွားတယ်လို့ ခေါ်ဆိုရပါတယ်။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၇ ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်။

**ရှိသေစွာလျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဆရာတော်ဘုရားထံပါးမှ (၁၀. ၈. ၈၇) ရက်စွဲပါစာကို ရရှိ သဖြင့် ဝမ်းမြောက်ပါတယ်ဘုရား။ ဘဝရဲ့ တကယ့်အမှန်သရုပ်ကို ဖတ်ရှုရလို့ ကျေးဇူးတင်ပါတယ်ဘုရား။

ဘုရားတပည့်တော်မ ဘဝမှာ ဆုံးရှုံးခဲ့လို့ နစ်နာခဲ့လို့ ကွေကွင်းခဲ့ရလို့ ဝမ်းနည်းပူဆွေး သောကတွေ ဖြစ်ဖူးပါတယ်။

*အခုတလော ဝမ်းနည်း ပူဆွေးမှု သောကဖြစ်တာ နည်းပါးလာပါတယ်။ ဘယ်ဟာကမှ ဘာမှမဟုတ်မှန်း တစ်နေ့တခြား ပို၍ ပို၍ နက်နက်ရှိုင်းရှိုင်း ထဲထဲဝင်ဝင် လက်ခံလာနိုင်လို့နှင့် တူပါတယ် ဘုရား။*

ဟိုတုန်းက သောကဖြစ်ခဲ့တာက တည်တယ်၊ မြဲတယ်၊ ခိုင်တယ်လို့ ယူထားတာကြောင့် ဖြစ်ရတာဆိုတာလည်း သဘောပေါက်လာပါတယ်ဘုရား။ အရင်က *ဇဝေဇဝါနှင့် သိနေခဲ့တာတွေ အခု နည်းနည်း ပိုရှင်းလာပါတယ်ဘုရား။* တပည့်တော် နားလည်လာတာကို ခြုံငုံပြီး လျှောက်ထားရပါလျှင် ဘယ်ဟာကမှ ဘာမှ မဟုတ်ဘူးဆိုတာ ပို၍ပို၍ တစ်နေ့တစ်ခြား ရှင်းလင်းလာပါတယ်ဘုရား။ ဝိပဿနာပညာက အံ့ဖွယ် ပညာရပ်ပါတကားလို့ နားလည်လာပါတယ်ဘုရား။

ဆရာတော်ဘုရား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ သာသနာ့ဝန် ထမ်းဆောင်ရွက်နိုင်ရန် ဆုတောင်းမေတ္တာပို့သပါတယ် ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၇ ခု၊ ဩဂုတ်လ(၂၉)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

*ဘာမှမဟုတ်တဲ့ သဘောတရားကို ဘာမှမဟုတ်ဘူးလို့ လက်ခံနိုင်တာဟာ ချမ်းသာပါတယ်။ အနှစ်သာရမရှိတဲ့ သဘောတရားကို လက်ခံပြီး၊ တည်တံ့ခိုင်ခံ့တဲ့ သဘောတရားကို မရှာတာလည်းဘဲ ငြိမ်းချမ်းပါတယ်။ မခိုင်မြဲတဲ့ သဘောတရားကနေ ခိုင်မြဲတဲ့သဘောကို မရှာတော့ဘဲ မခိုင်မြဲတဲ့ သဘောတရားကို မခိုင်မြဲဘူးလို့ လက်ခံလာနိုင်တာ ဓမ္မနည်းလမ်းကျပါတယ်။*

ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယောပိ ဟေတု ယောပိ ပစ္စယော ရူပဿ ဥပ္ပါဒါယ၊ သောပိ အနိစ္စော၊ အနိစ္စသမ္ဘူတံ ဘိက္ခဝေ ရူပံ၊ ကုတော နိစ္စံ ဘဝိဿတိ။[၁]

ရုပ်ဟာ မမြဲဘူး။ ရုပ်ဖြစ်ဖို့ အကြောင်း အထောက်အပံ့ကလည်း မမြဲဘူး။ ဒါကြောင့် မမြဲတဲ့အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ရုပ်ဟာ ဘယ်မြဲပါလိမ့်မလဲ။ ရုပ်ဟာ မမြဲ၊ ဆင်းရဲ၊ ငါမဆိုင်၊ ငါမပိုင်တဲ့သဘော ဖြစ်တယ်လို့ သေသေချာချာ သိထားတဲ့ ယောဂီရဲ့ဉာဏ်မှာ ရုပ်ကို အမှီပြုပြီးမှဖြစ်တဲ့ ဝေဒနာဟာလည်းပဲ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ ငါမပိုင် ငါမဆိုင်တဲ့သဘော။ သညာကလည်း မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ ငါမဆိုင် ငါ မပိုင်တဲ့သဘော။ ဝိညာဏ်ကလည်း မမြဲတဲ့သဘော ဆင်းရဲတဲ့ သဘော၊ ငါမပိုင် ငါမဆိုင်တဲ့သဘောတွေဟာ ဉာဏ်ထဲ ရှင်းတော့တာပဲ။

*ဒီသဘော အမှန်တွေကို ထဲထဲဝင်ဝင် သိနေမှတော့လည်း တစ်နေ့နေ့ တစ်ချိန်ချိန် ကွေကွင်းရတဲ့အခါ၊ ခွဲခွာရတဲ့အခါ ဝမ်းနည်းဖို့၊ ငိုကြွေးဖို့၊ ပူဆွေးဖို့၊ သောကဖြစ်ဖို့ အကြောင်း မရှိတော့ပါဘူး။*

---

၁။ (၁၈) သဟေတုအနိစ္စသုတ္တံ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။

သုခံ ဝေဒယမာနဿ၊ ဝေဒနံ အပ္ပဇာနတော။
သော ရာဂါနုသယော ဟောတိ၊ အနိဿရဏဒဿိနော။[၁]

ချမ်းသာတဲ့ ခံစားမှုကို ခံစားပြီး အဲဒီခံစားမှုရဲ့ ဖြစ်ခြင်း ပျက်ခြင်းသဘောကို မသိတဲ့အတွက် ကိလေသာတို့ ကိန်းဝပ် ရောက်ရှိပါတယ်။

ဆင်းရဲတဲ့ခံစားမှုကို ခံစားပြီး အဲဒီခံစားမှုရဲ့ ဖြစ်ခြင်း ပျက်ခြင်းကို မသိတဲ့အတွက် ပဋိဃ ဒေါသကိလေသာတို့ ကိန်းဝပ် ရောက်ရှိပါတယ်။

ဒါတွေကို သဗ္ဗညုတမြတ်စွာဘုရားရှင်၏ တရားတော်များရဲ့ အကူအညီ တပည့်သံဃာတော်များရဲ့ အကူအညီမပါဘဲနှင့်တော့ သိဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိ အသီးသီးသော တရားဆိုးတို့က ဖုံးကွယ်ထားလို့ မသိမမြင်နိုင်တာပါ။

အမှန်ကတော့ မတည်တံ့တဲ့သဘော၊ မခိုင်မြဲတဲ့သဘော အနှစ်အသား မရှိတဲ့သဘောတရားက အလွန့်အလွန်ကို ထင်ရှား ပီပြင်လှပါတယ်။ *အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားဟာ ဘယ် ဘက်လှည့်လို့မှ ရှောင်မရနိုင်လောက်အောင်ကို ထင်သာ မြင်သာ လှပါတယ်။*

နက်နဲတရားများ သိမြင်နိုင်ပါစေ
မေတ္တာကရုဏာဖြင့်
ဆရာတော်
ရက်စွဲ- ၁၉၈၇ ခု၊ စက်တင်လာလ (၁၂)ရက်။

---

၁။ (၂၅၁) ပဟာနသုတ္တ၊ ဝေဒနာသံယုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။

**ကြည်ညိုလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။**

ဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေက ဖွံ့ဖြိုးဆဲ နိုင်ငံများကို မသင့်တဲ့ ဆေးဝါးတွေ ပေးပို့ပြီး စမ်းသပ်တယ်လို့လည်း ကြားရပါတယ်ဘုရား။ လက်နက်တွေ ပေးပို့ပြီး သူတို့ဩဇာတွေ လွှမ်းမိုးအောင် ကြိုးပမ်းကြတယ်လို့လည်း ရေးသားပြောဆိုနေကြပါတယ်။

လူသားတွေဟာ လိုချင်မှု လိုချင်မှုဆိုတဲ့ လိုချင်မှုရဲ့ကျေးကျွန်၊ မလိုချင်မှု မလိုချင်မှုဆိုတဲ့ အာဃာတတွေ မုန်းတီးမှုရဲ့ ကျေးကျွန် ဖြစ်နေပါတယ်။ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကလည်း ရေရှည်မှာ ပို၍ ဆိုးဝါးမယ်လို့ ပညာရှင်တွေ ခန့်မှန်းကြပါတယ်ဘုရား။

ဘုရားတပည့်တော် တရား လျှောက်ထားပါမယ်ဘုရား။ *<u>ဝိပဿနာ သတိဆက်နေရင် ကြားရသလိုလို၊ မြင်ရသလိုလို၊ တွေးနေသလိုလို၊ တရားမရှုသလိုလိုနှင့် ရှုနေမိလျက်သား ဖြစ်နေပါတယ်ဘုရား။ နဂိုအတိုင်း ရပ်၊ ထိုင်၊ လျှောင်း၊ သွားနေတာပါပဲ ဒါပေမယ့် သတိကတော့ မြဲနေပါတယ်ဘုရား။</u>*

ပတ်ဝန်းကျင်တစ်ခုလုံးကတော့ အသဲအသန် ဖြစ်နေပါတယ်။ လှုပ်ရှားနေကြပါတယ်။ ပြာယာခတ်နေကြပါတယ်။ ဒါပေမယ့် ဘုရားတပည့်တော်ရဲ့စိတ်ကို မထိခိုက်ပါဘုရား။ မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ တရားတော်ထဲက ကာလာလမသုတ်ကို သိလိုပါတယ်ဘုရား။ ဆရာတော်ဘုရား တပည့်တော်မေးခွန်းကြောင့် အနှောင့်အယှက်ဖြစ်မှာကိုလည်း မလိုလားပါဘုရား။ ဆရာတော်ဘုရား နေကောင်း ကျန်းမာလောက်ပြီဟု မျှော်လင့်မိပါတယ်ဘုရား။

ရိုသေလေးမြတ်စွာဖြင့်

ဒါယိကာမ

ရက်စွဲ- ၁၉၈၇ ခု၊ စက်တင်ဘာလ (၂၄)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်ဘုရား။**

*တစ်လောကလုံး အသဲအသန် ဖြစ်နေတာ မငြိမ်မသက် လှုပ်ခတ်နေတာဟာ မထူးဆန်းပါဘူး။ တည်ငြိမ် အေးချမ်းစွာ နေနိုင်တာသာ ထူးဆန်းတာပါ။ သတ္တဝါတွေ သေနေကြတာ မထူးဆန်းပါဘူး။ အခုလောက် အသက်ရှင်ပြီး နေလာခဲ့တာသာ အံ့သြစရာပါ။*

ဥတုဘောဇနဝသေန ဟိ အာယု ဟာယတိပိ ဝဍ္ဎတိပိ။[၁]

လူများရဲ့သန္တာန်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဖြဟ္မစိုရ် အအေးဓာတ် ခမ်းခြောက်လို့ ဒုစရိုက် အပူဓာတ်များ အားကြီးလာတဲ့ အခါ အဲဒီလူတွေရဲ့ အပူဓာတ်က နေ၊ လ၊ နက္ခတ်တို့ကို အရှိန်ဟပ်တဲ့ အတွက် နေ၊ လ၊ နက္ခတ်တို့လည်း အနေအထား အသွားအလာ မမှန်မကန် ဖြစ်လာရပါတယ်။ နေ၊ လ၊ နက္ခတ်တို့က အသွားအလာ မမှန်လို့ရှိရင် မိုးလေဝသ၊ ရာသီဥတု မကောင်းတဲ့အတွက် ကောက်ပဲ သီးနှံများမှာ အဆီသြဇာဓာတ် ညံ့လာရပါတယ်။ အဲဒီအဆီသြဇာ ဓာတ် ညံ့တဲ့အစာအဟာရကို စားရသူတို့ဟာ တဖြည်းဖြည်း အသက် တိုလို့ တိုလို့ လာကြရပါတယ်။ ဒါသဘာဝပါပဲ။

ကာလာမသုတ်ကို ဦးစွာဖြေကြားပေးပါမယ်။[၂]

၁။ ကလေးဘဝမှစ၍ ကြားနာ မှတ်သားခဲ့ခြင်းဖြင့်လည်း ဟုတ်တယ်၊ မှန်တယ်လို့ အစွဲအမြဲ မယူကြနှင့်။

၂။ မိဘ ဘိုးဘွားစသည်တို့မှ ဆင်းသက်ပြီး (ပရမ္ပရ အဆက်ဆက်) မှတ်ယူလုပ်ကိုင်ရိုး ဖြစ်လို့လည်း အစွဲအမြဲ မှတ်ယူ မထားကြနှင့်။

---

၁။ (၅) အာယုပရိစ္ဆေဒဝဏ္ဏနာ၊ မဟာဝဂ္ဂ-၄၅။
၂။ (၆၆) ကေသမုတ္တိသုတ္တ၊ တိကနိပါတ၊ အင်္ဂုတ္တရပါဠိ။

၃။ "ဤကတိကိရ-ဒီဟာက ဒီလိုတဲ့"ဟု တစ်ခြားတစ်ယောက်က ပြောလိုက်ရုံ မျှဖြင့်လည်း အစွဲအမြဲ မှတ်ယူမထားကြနှင့်။
၄။ ဒီအယူအဆသာ ငါတို့သင်အပ်သော ကျမ်းစာနှင့် ညီတယ်လို့ မိမိတို့ကျမ်းစာနှင့် ညီနေရုံဖြင့်လည်း အတည်တကျ မှတ်ယူ မထားကြနှင့်။
၅။ မိမိဘာသာ ကြံစည်အပ်သော အရာကိုလည်း "ဟုတ်လှပြီ မှန်လှပြီ"ဟု အမြဲအစွဲ ယူမထားကြနှင့်။
၆။ အခြားနေရာ (အခြားနိုင်ငံတို့)က သူတစ်ပါးတို့ လုပ်နည်း ကိုင်နည်းကို သဘောကျလို့လည်း ဤနေရာ၌ သင့်တော်လှပြီဟု အမြဲအစွဲ ယူမထားကြနှင့်။
၇။ တစ်စုံတစ်ခု ဖြစ်ဖို့ရန် အကြောင်း အထောက်အထားကို စဉ်းစားရာမှာ အထောက်အထားကောင်းကို ရလို့ သဘောကြလို့လည်း အမြဲအစွဲ ယူမထားကြနှင့်။
၈။ သူပြောတဲ့ အယူဝါဒဟာ ငါတို့ စဉ်းစား ကျေနပ်ထားတဲ့ အယူနှင့် ညီမျှပါပေတယ်လို့ဆိုပြီး အယူဝါဒချင်း တူရုံမျှနှင့်လည်း အမြဲ အစွဲ ယူမထားကြနှင့်။
၉။ "ဤရသေ့၊ ရဟန်း၊ ဤဆရာသမားက ဂုရုတစ်ဆူဖြစ်တယ်။ ယုံကြည်ထိုက်တဲ့ အထက်တန်းပုဂ္ဂိုလ်ပဲ။ ဒီလိုပုဂ္ဂိုလ်ရဲ့ စကားကို လေးလေးစားစား မှတ်သားထိုက် ပါပေတယ်လို့လည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်။
၁၀။ "ဤရသေ့ရဟန်း၊ ဤဆရာသမားက ဂုရုတစ်ဆူဖြစ်တယ် ငါတို့ ကိုးကွယ်နေတဲ့ ဆရာလည်းဖြစ်တယ်။ ငါ့ဆရာစကားကို ငါ မှတ်ထားသင့်တယ်"လို့လည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်။

## Kãlãmã Sutta

1. Do not believe just because it is a traditional maintained by oral repetition.
2. Do not believe just because it is an unbroken succession of practise.
3. Do not believe merely because it is hearsay.
4. Do not believe just because it is in the scriptures.
5. Do not believe just because it fits with one's point of view.
6. Do not believe just because it is correct on the ground of met physical theories.
7. Do not believe just because it appeals to one's consideration.
8. Do not believe just because it agree with one's opinions and theories.
9. Do not believe just because the speaker appears believable.
10. Do not believe just because "Our teacher says thus and they."

မြတ်စွာဘုရားရှင်ရဲ့ စေတနာ ဆန္ဒသဘောကို ပေါ်လွင်စေတဲ့ ဒေသနာတော် တစ်ခုကိုလည်း သိစေလိုက်ပါတယ်။

*“အိုချစ်သားတို့ ဤအလွန်ရှင်းလင်း ပြတ်သားလှသောတရားကိုတောင်မှ အသင်တို့သည် ဆုပ်ကိုင်ထားရင်၊ ယုယပိုက်ထွေးထားရင်၊ မြတ်နိုးစွာ သိမ်းဆည်းထားရင်၊ စွဲလမ်းနေရင် မသင့်ကြောင်း၊ တရားတော်သည် ဖောင်နှင့်တူကြောင်း၊ တစ်ဖက်ကမ်းသို့ ကူးခတ်သွားရန်သာ အသုံးပြုရမည်ဖြစ်ကြောင်း၊ ဆုပ်ကိုင်ထားရန် မဟုတ်ကြောင်း သင်တို့ နားမလည်ကြသေး”*လို့ ဗုဒ္ဓမိန့်မြွက်တော်မူပြီးနောက် ဥပမာတင်စားပြီး ခုလို ဟောကြားတော်မူတယ်။

လူတစ်ယောက်ဟာ ခရီးထွက်လာခဲ့တာ ကျယ်ပြန့်တဲ့ ရေပြင်ကြီး တစ်ခုကို ဆိုက်ရောက်လာတယ်။ ဒီဘက်ကမ်းက

၁။ A Manual of self awareness by Jittasubho thus....." ၁

အန္တရာယ် ထူပြောတယ်။ ဟိုဖက်ကမ်းကတော့ ဘေးကင်း ရန်ရှင်းတယ်။ ဒါပေမယ့် ဟိုဖက်ကမ်းကိုကူးဖို့ လှေလည်းမရှိဘူး။ တံတားလည်းမရှိဘူး။ ဒါကြောင့် ခရီးသွား ယောကျ်ားက မြက်ခြောက်၊ သစ်သား၊ သစ်ကိုင်း၊ သစ်ရွက်များကို စုဆောင်းပြီး ဖောင်တစ်ခုဖွဲ့ပြီး သူ့ရဲ့ခြေလက်တို့နှင့် လှော်ခတ်ပြီး တစ်ဖက်ကမ်းကို ဘေးကင်းစွာ ကူးမြောက် သွားနိုင်ခဲ့ပါတယ်။

တစ်ဖက်ကမ်းကို ရောက်ပြီးတဲ့နောက်တော့ ဒီဖောင်ဟာ ငါ့အတွက် အလွန်အသုံးဝင်ခဲ့ပြီ၊ တစ်ဖက်ကမ်း ရောက်အောင်တောင် ကူညီ ပို့ဆောင်ပေးပါပေတယ်။ ဒါကြောင့် ဒီဖောင်ကို ကျောကုန်းထက်မှဖြစ်စေ၊ ဦးခေါင်းထက်မှာဖြစ်စေ သယ်ယူသွားရရင် ကောင်းပေမယ်လို့ တွေးမိတယ်။

"ချစ်သားတို့ အသင်တို့မည်သို့ သဘောရသလဲ။ ထိုလူသည် ဤအကြံအတိုင်း ဆောင်ရွက်သော် ဖောင်နှင့်ပတ်သက်၍ လျောက်ပတ်စွာ ဆောင်ရွက်ခြင်း မည်ပါသလော" "မမည်ပါဘုရား" လို့ ရဟန်းတော်များက ဖြေကြားကြတယ်။

ဒီဖောင်ကြောင့် ငါတစ်ဖက်ကမ်း ရောက်ပြီ။ ဖောင်ကို ကမ်းဆီစွဲကပ်ပြီး ကမ်းစပ်မှာ ချည်နှောင်ကာ အလိုရှိရာ သွားဖို့ပဲ ဖြစ်ပါတယ်။ ဒါလုပ်နည်း မှန်ပါတယ်။

"အို ချစ်သားတို့ ထိုနည်းတူစွာ ဖောင်နှင့်တူသော တရားဓမ္မကို ငါဘုရား ပြသတော်မူပေပြီ။ တစ်ဖက်ကမ်းသို့ ကူးမြောက်ရန်အတွက်သာဖြစ်၍ ယူဆောင်သွားရန်(ဆွဲကိုင်ထားရန်)မဟုတ်ပေ၊ သင်ရဟန်း တို့သည်လည်း တရားဓမ္မသည် မဂ္ဂင်ဖောင်နှင့် တူညီကြောင်း သဘောပေါက် နားလည်ပါက ကောင်းမွန်သော အရာများ (ဓမ္မ)ကို

ပင် စွန့်လွှတ်ကြရပေမည်။ မကောင်းမွန်သော အရာများ (အဓမ္မ)ကို စွန့်လွှတ်ကြရန်မှာ အဘယ်ဆိုဖွယ် ရှိတော့သနည်း။

*ဒေသနာတော်များဟာ လူသားတို့ကို ဘေးကင်းရာ၊ ငြိမ်းချမ်းရာ၊ ပျော်ရွှင်ရာ၊ တည်ငြိမ်ရာ နိဗ္ဗာန်ကို အရောက် သယ်ယူပို့ဆောင်ဖို့ပဲ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓဒေသနာတော် တစ်ရပ်လုံးဟာ ဒီရည်ရွယ်ချက်ကိုပဲ ဦးတည်ပါတယ်။ လက်တွေ့ သင်ပြတဲ့ ဆရာတစ်ဆူ ဖြစ်တော်မူတဲ့အတွက် လူသားတို့ရဲ့ဘဝ ပျော်ရွှင် ချမ်းမြေ့မှုနှင့် ငြိမ်းချမ်းမှုကို ပေးနိုင်စွမ်းမည့် အကြောင်းအရာတွေကိုသာ ဟောကြား ပြသတော်မူခဲ့ပါတယ်။ ဒါပေမယ့် အဲဒီလို မွန်မြတ်တဲ့ တရားတော်များကိုလည်း ဆွဲယူဖို့ မဟုတ်ကြောင်း ဤဒေသနာတော်က ပြဆိုပါတယ်။*[၁]

ခုလို တရားတော်တွေက သာသနာတွင်း ကာလမှာသာ ကြားရ၊ နာရ၊ ကျင့်သုံးကာ သုံးဆောင်ခံစားရတာပါ။ သာသနာပ ကာလမှာတော့ ဝိက္ခမ္ဘနအားဖြင့် ကိလေသာကို ပယ်ခွါဖို့တောင် မလွယ်ကူပါဘူး။

ယနေ့ မြတ်စွာဘုရားရဲ့ သာသနာ ကမ္ဘာပေါ်မှာ ရှိနေပါသော်လည်းပဲ သာသနာပဖြစ်နေတဲ့ အခြေအနေတွေ ရှိနေတာကို ကြည့်ရင် ဒါက ထင်ရှားပါတယ်။ ဆက်လက်ပြီးတော့ မိမိ အားထုတ်နေတဲ့ ဝိပဿနာတရားဟာ မဂ္ဂင်ရှစ်ပါးနှင့်ဖြစ်စေ၊ ဗောဇ္ဈင်ခုနစ်ပါးနှင့်ဖြစ်စေ ညီညွတ်ပြီဆိုရင်ဖြင့် အောက်ပါ အကျိုးသုံးပါး ရရှိနိုင်တဲ့ အကြောင်း အသိပေးလိုပါတယ်။

(က) သတိပဋ္ဌာန်မှန်ကန်ပြီလို့ ဝမ်းမြောက်ရတဲ့ အကျိုးကို ရပါတယ်။

---

၁။ (၂၃၄)အလဂဒ္ဒူပမသုတ္တ၊ မူလပဏ္ဏာသပါဠိ။

(ခ) အနိစ္စ ဒုက္ခ အနတ္တထင်မှု စိတ်ချရတဲ့အကျိုးကိုလည်း ရပါတယ်။
(ဂ) ကာယိကဝီရိယ၊ စေတသိကဝီရိယအတွက် စိတ်အေးရပြီ။ ဒါကြောင့် အနမတဂ္ဂသံသရာမှာ အိပ်မက်တောင် မမြင်မက်ခဲ့ဘူးတဲ့ နိဗ္ဗာန်ကို ငါ ဧကန်ရတော့မယ်လို့ ဝမ်းမြောက်ရပါတယ်။[၁]

ပမာအားဖြင့် ဝိပဿနာတရား စအားထုတ်ခါစမှာ ကိုယ်ရော စိတ်ရော ပင်ပန်းခဲ့ဖူးတယ်။ တဖြည်းဖြည်းနှင့် သဘောပေါက်လာတဲ့ အခါမှာ၊ နားလည်လာတဲ့အခါမှာ အရင်က ပင်ပန်းတာကို သိလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု မပင်ပန်းတော့လို့ပါ။ ဒီထက် ဉာဏ်တိုးလာလေ၊ ကိလေသာပါးလေ၊ ပင်ပန်းမှု နည်းလာလေပါပဲ။ အဲဒီအချိန်ကျမှပဲ အရင်က ပင်ပန်းခဲ့တာကို သိနိုင်ပါတယ်။

အကြောင်းမှာ ဗောဇ္ဈင်တွေဖြစ်တဲ့ သတိရယ်၊ ဝီရိယရယ်၊ ပညာရယ်၊ အလုပ် ပြည့်စုံလာလျှင် အကျိုးဖြစ်တဲ့ ပီတိ၊ ပဿဒ္ဓိ၊ ဥပေက္ခာ သမာဓိ သတ္တိတွေကြောင့် *စိတ်မှာ ကြည်လင် အေးချမ်းလာတယ်။ စိတ်ရဲ့ ကြည်လင်အေးချမ်းမှုဟာ ရုံခါ ရုပ်ထိအောင် ထင်ဟပ်ပြီးတော့မှ ရုပ်တွေပါ ကြည်လင် အေးချမ်းလာတယ်။ လန်းဆန်းလာပါတယ်။ ဒါက ရှုမှတ်မှု တစ်ချက်တိုင်း တစ်ချက်တိုင်းမှာ ဖြစ်နေတဲ့ ဓမ္မရဲ့သတ္တိတွေပါပဲ။*

အမှောင်ထဲမှာ အမှောင်ကို ရှာမတွေ့နိုင်ဘူး အလင်းရှိမှ အမှောင်ကို ရှာလို့သိနိုင်သလိုပါပဲ။ အလင်းထဲမှာလည်း အလင်းကို ရှာမတွေ့နိုင်သလို၊ အမှောင်ထဲမှာ ပိုစုန်းကြူးရဲ့မီးဟာ အလင်းပါပဲ။ အဲဒီဥပမာအတိုင်းပဲ *ယုံမှားသံသယ ကင်္ခါရှိနေရင် ကင်္ခါရှိခဲ့တာကို သိကို မသိနိုင်ဘူး။ အဲဒီ ယုံမှားသံသယ ကင်္ခါပြေပျောက်မှပဲ*

၁။ လယ်တီဆရာတော်ဘုရားကြီး၏လယ်တီဒီပနီ။

*အရင်က ယုံမှားသံသယ ကင်္ခါရှိခဲ့တယ်ဆိုတာ ရှင်းတော့တယ်။ မှောင်ရာကနေ လင်းသွားသလိုပါပဲ။* သဘောမပေါက်တာကို သဘောပေါက်လာသလိုပါပဲ။ သဘောမပေါက်ခင်တုန်းကတော့ သဘောမပေါက်တာကိုလည်း မသိဘူး။ သဘောပေါက်တာကို လည်း မသိဘူး။ သဘောပေါက်တော့မှပဲ ဟိုတုန်းက သဘောမပေါက် တာကို ရှင်းရှင်း သိလာပါတော့တယ်။

သိသင့်သိထိုက်တဲ့ တရားတွေကို သိရှိနိုင်ပြီးတော့ မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ- ၁၉၈၇ ခု၊ အောက်တိုဘာလ(၁၀)ရက်။

## ကြည်ညိုလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။

တရားကိုဝါသနာပါတဲ့ ဂျာမနီနိုင်ငံသား ယောဂီတစ်ယောက် ဟာ နယူးယောက်မြို့က တရားပြဆရာ တစ်ဦးထံမှ တရားထိုင်ရင်း သူ့ရဲ့နာကျင်မှု ဝေဒနာတွေဟာ (၃)နာရီကျော်ကျော်လောက် ကြာတဲ့ အခါမှာ ချုပ်ငြိမ်းပြီးတော့ လုံးဝ ငြိမ်းချမ်းသွားတယ်လို့ ပြောပါတယ်။ အဲဒီလိုဝေဒနာတွေ ချုပ်ငြိမ်းသွားတဲ့အထိ အားထုတ်နိုင်တာ နှစ်ကြိမ် ရှိသွားပြီဖြစ်ကြောင်းနှင့် သူသည် အရိယာဖြစ်ကြောင်း၊ တစ်ကြိမ်နှင့် တစ်ကြိမ် (၁၂)ရက်သာ ခြားကြောင်း၊ သူ့တရား အတွေ့အကြုံကို အကျယ်တဝင့် တပည့်တော်မကို ပြောပြပါတယ်ဘုရား။

ဝေဒနာ ချုပ်ငြိမ်းလို့ အရိယာ ဖြစ်တာကို တပည့်တော် နှစ်သက် သဘောကျပါတယ်ဘုရား။ အံ့သြစရာလည်းကောင်းပြီး သကဒါဂါမ်အရိယာ ဖြစ်သွားတာလည်း (၁၂)ရက်လောက်ပဲ ကြာ တယ်ဆိုတာကို တပည့်တော် အားကျမိပါတယ်ဘုရား။ Short way အရိယာဖြတ်လမ်းပဲလို့ တပည့်တော် ထင်ပါတယ်ဘုရား။ သို့သော် *အရိယာမဂ္ဂင် လမ်းချော်ရင်တော့ သံသရာ တစ်နံ့တစ်လျား ရှည် သွားနိုင်ဆိုတာကိုတော့ တပည့်တော် စိုးရိမ်ပါတယ်ဘုရား။* သတိ လက်လွတ်ကာ ပမာဒတရားနှင့်တော့ တပည့်တော်ဘဝမှာ နေလို့ မရတော့ပါဘူးဘုရားလို့ ရိုသေလေးစားစွာ လျှောက်ထား အပ်ပါ တယ်ဘုရား။

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ- ၁၉၈၇ ခု၊ ဒီဇင်ဘာလ (၂၂)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်**။

ဒါယိကာမ (၂၂၊ ၁၂၊ ၈၇)ရက်စွဲပါ မှတ်ပုံတင်စာကို လက်ခံ ရရှိလို့ ပြန်ကြား အသိပေးအပ်ပါတယ်။

ဒီရုပ်ခန္ဓာကိုယ်ကောင်ကြီး ရှိနေသရွေ့တော့ နာကျင်မှုတွေ၊ ကိုက်ခဲမှုတွေ၊ အဆင်မပြေမှုတွေ Disease ကတော့ ခန္ဓာကိုယ်အနှံ့ အပြားမှာ ဖြစ်နေတတ်တာပါပဲ၊ သက်တောင့်သက်သာ စိတ်အေး အေးထားပြီး ခန္ဓာကိုယ်ကို လေ့လာကြည့်ပါ။ တစ်နေရာမဟုတ်

တစ်နေရာမှာ အဆင်မပြေမှုတွေ၊ တောင့်တင်းမှုတွေ၊ နာကျင်မှုတွေ၊ မာနေတာတွေ၊ ပူနေတာတွေ အဆင်မပြေတဲ့ သဘောကတော့ ရှိနေမြဲပါပဲ။

ယခု ဒီစာဖတ်နေရင်းပဲ သတိပြုကြည့်ပါ။ ဇက်ကြောနေရာကလည်း အဆင်မပြေဘူး ဖြစ်နေတယ်။ အဲဒီနေရာက သိပ်သိသာတယ်။ တစ်ကိုယ်လုံးကိုလည်း ဖြန့်ကြည့်ပါ။ အဆင်မပြေတာတွေ နေရာတိုင်းမှာ ရှိနေတယ်။ ကျောကုန်းမှာလည်း အဆင်မပြေဘူး ဖြစ်နေတယ်။ တင်ပါးနှင့်ကြမ်းပြင် ထိနေတဲ့ နေရာတွေ၊ ခြေထောက်နေရာတွေမှာလည်း အဆင်မပြေဘူး ဖြစ်နေတာပါပဲ။

*ဆေးရုံ တက်ရလောက်အောင်လည်း မဟုတ်ဘူး ဆေးခန်းပြရလောက်အောင်လည်း မဟုတ်ဘူး။ ဆေးသောက်ရ လောက်အောင်လည်း မဟုတ်ပါဘူး။* ဒီလိုပဲ ဟိုဘက် လှည့်ပြင်လိုက်ရ၊ ဒီဘက်လှည့်ပြင်လိုက်ရ၊ ကွေးထားတာ ဆန့်ပေးလိုက်ရ၊ ဆန့်ထားတာ ကွေးပေးလိုက်ရ၊ ခေါင်းငုံ့ထားတာကြာရင် မော့ပေးလိုက်ရ၊ ထိုင်တာကြာရင် ထပေးလိုက်ရ၊ လျှောင်းနေတာကြာရင်လည်း ထိုင်ပေးလိုက်ရ အဲဒီလိုပဲ ခန္ဓာကိုယ်ကြီးကို ပြင်ပေးနေရတာပါ။

*ထိုင်ပြီးတော့ ခြေထောက်ကို ကွေးထားမယ်၊ လက်ကို ကွေးထားမယ် မပြင်ဘူးဆိုရင် အတန်ကြာတော့ နာကျင်မှုက သူ့သဘာဝအတိုင်းပဲ ပေါ်လာမှာပဲ။ နာတာကျင်တာ၊ ကိုက်တာ၊ ခဲတာ၊ ထုံတာတွေဟာ ဒီခန္ဓာရဲ့သဘာဝပါ။ ထိုင်တဲ့အချိန် ကြာတာနှင့်အမျှ၊ လက်ခြေကွေးထားတာ ကြာတာနှင့်အမျှ တဖြည်းဖြည်း တိုးပြီး တိုးပြီး နာလာပါမယ်။*

အထိုင်ကို ပြင်လိုက်ရပါမယ်။ ပြင်လိုက်ရင် သက်သာသွားတာပါပဲ။ နာတာမရှိတော့ပါဘူး။ ဘာထူးဆန်းတာမှ မဟုတ်တာ အခု

ပကတိ နေတဲ့အခါမှာ မသိမသာ ခဏခဏ ပြင်ပေးနေရတယ်လေ။ ဟိုဘက် လှည့်ပြင်ပေးလိုက်ရ ဒီဘက် လှည့်ပြင်ပေးလိုက်ရနှင့် ပြင်ပြင်ပေးနေရတယ်။ ဒါကို သတိထားရင် သိသာပါတယ်။

တရားအားထုတ်မှ မဟုတ်ပါဘူး။ သာမန် အခြေအနေမှာလည်း သိသာနေပါတယ်။ မကြာခဏ ပြင်ပေး ပြင်ပေးလို့သာ သက်သာနေတာပါ။ တရားထိုင်မှ မဟုတ်ဘဲ ထမင်းစား ကုလားထိုင်မှာ ထိုင်နေတုန်းလည်း မပြုမပြင်ဘဲ နေကြည့်ပြီးတော့မှ *စမ်းသပ်ရင်ရပါတယ်။ မပြုပြင်ပေးရင် တဖြည်းဖြည်း အဆင်မပြေမှုက ပို၍ပို၍ တက်တက်လာပါတယ်။ တိုးပြီး တိုးပြီး နာလာမယ်၊ ကိုက်လာမယ်၊ ထုံကျင်လာမယ်၊ ခြေထောက်ကြီး တစ်ခုလုံး ရွှေ့လို့ကို မရလောက်အောင် သစ်တုံးကြီး ကျောက်တုံးကြီးလို ဖြစ်လာပါမယ်၊ မပြင်ဘဲနေရင် အလွန် ထင်ရှားပြီး ပြလာတာပါပဲ။*

တိုးပြီး ဖောက်ပြန်ပြီးတော့မှ ဒီနာကျင်ကိုက်ခဲမှု အမြင့်ဆုံးတစ်ခု Pick point ကို ရောက်ပြီးတဲ့ အခါမှာတော့ ပြန်ကျသွားတာပါပဲ။ နဂိုမူလအတိုင်းပဲ ပြန်ဖြစ်သွားတယ်။ သူ့ထက်ပိုပြီး ဖြစ်စရာမရှိတော့တဲ့အခါမှာ လျော့ပြီးတော့ နဂိုပုံမှန် ပြန်ဖြစ်သွားတာပါ။ ဒါက ခန္ဓာရဲ့ သဘာဝပါပဲ။

တတ္ထ ဟတ္ထပါဒေ အတိစိရံ သမိဉ္ဇေတွာ ဝါ ပသာရေတွာ ဧဝ ဝါ ဋ္ဌိတဿ ခဏေ ခဏေ ဝေဒနာ ဥပ္ပဇ္ဇန္တိ၊ စိတ္တံ ဧကဂ္ဂံ န လဘတိ ကမ္မဋ္ဌာနံ ပရိပတတိ၊ ဝိသေသံ နာဓိဂစ္ဆတိ။[၁]

လက်ခြေတို့ကို အကြာကြီး ကွေးထားဆန့်ထားရင် မခံသာတဲ့ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာမှာမို့ ကမ္မဋ္ဌာန်း လျော့ကျပါတယ်။ မဂ်ဖိုလ်

၁။ (၁၀၉) သတိပဋ္ဌာနသုတ္တ၊ မူလပဏ္ဏာသ-ဋ္ဌ။
(၂၁၄) သတိသမ္ဗောဇ္ဈင်္ဂကထာ၊ သီလက္ခန္ဓဝဂ္ဂ-ဋ္ဌ။

နိဗ္ဗာန်ကိုလည်း မရောက်နိုင်တော့ပါဘူး။ ဣရိယာပုထ် တစ်ခုတည်းနှင့် အချိန်အကြာကြီး နေရင်ဖြစ်စေ အချိန်အကြာကြီး မပြုပြင်ဘဲ ထိုင်ရင်ဖြစ်စေ၊ ရပ်ရင်ဖြစ်စေ၊ လျောင်းရင်ဖြစ်စေ၊ သွားရင်ဖြစ်စေ၊ အနတ္တဖြစ်တဲ့ ဒီခန္ဓာကိုယ်ကောင်ကို အနှောင့်အယှက် ဖြစ်နေပြီဆိုတာကို သတိပြုရပါမယ်။ တရားအားထုတ်နေတဲ့ ယောဂီတွေက အဲဒီလို ဣရိယာပုထ် တစ်ခုတည်းမှာ ငြိမ်ငြိမ်ထားတာကို သတိထားဖို့ ကောင်းပါတယ်။ သတိ သမာဓိလည်းမရ၊ ရှုတဲ့ ဉာဏ်ပညာလည်းကျတယ်ဆိုတော့ မိမိ တရားလုပ်ငန်းစဉ် ဖြောင့်မှန် တိုးတက်ဖို့ ခက်ခဲပါတယ်။ မပြုပြင်ဘဲ အကြာကြီး နေလိုက်ရင် စိတ်ရောကိုယ်ပါ အလွန့်အလွန် တင်းတင်းကြပ်ကြပ်ကြီး ဖြစ်လာရပြီး ပင်ပန်းတတ်ပါတယ်။

ပြုပြင်လိုက်မယ် (သို့) အချိန်ကာလ ကြာသွားမယ်ဆိုရင် သဘာဝအတိုင်းပဲ နာတာကျင်တာတွေ လျော့ပြီး ပုံမှန် ပြန်ဖြစ်သွားတတ်ပါတယ်။ အဲဒီအခါမှာ စိတ်ထဲမှာ ကျေနပ်မှု တစ်မျိုးမျိုးကို ရပါလိမ့်မယ်။

*<u>ဘာဖြစ်လို့ ကျေနပ်မှု ရတာလဲဆိုတော့ ခုနက ကိုယ်မှာ နာကျင် ကိုက်ခဲ ထုံကျင်လို့ စိတ်ထဲ မကျေနပ်လို့ပါပဲ။ အခုအဲဒီ မကျေနပ်စရာ ခံရခက်တဲ့ နာကျင်ကိုက်ခဲတဲ့ အာရုံ မရှိတော့လို့ပါဘဲ။</u>*

အဲဒါ ဘာမှ ထူးဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး။ အဲဒီလိုဖြစ်စဉ်တစ်ကြိမ်ဖြစ်တာကိုပဲ တရားရတယ်လို့ ယူဆလိုက်တာဟာ တော်တော်စဉ်းစားစရာပါပဲ။ အကြောင်းအကျိုးလည်း မဆီလျော်ပါဘူး ဒါလူတိုင်းစမ်းသပ်နိုင်တာပါပဲ။ ပက်လက်ကုလားထိုင်လေးမှာ သက်တောင့်သက်သာလေးထိုင်ပြီး ခန္ဓာကိုယ်ကို မပြုပြင်ဘဲနှင့် သေချာစမ်းသပ်

ကြည့်စမ်းပါ။ တော်တော်လေးကြာလာတော့ တောင့်လာမယ်၊ တင်းလာမယ်၊ ထုံလာမယ်၊ ကျင်လာမယ်၊ မပြင်ဘဲ ဒီအတိုင်းပေပြီးထားလိုက်ပါ၊ တဖြည်းဖြည်းနှင့် တိုးတိုးပြီး နာကျင်လာပါမယ်။ နောက်ဆုံးအမြင့်ဆုံး Pick Point ရောက်ပြီးတဲ့ အခါမှာတော့ ပြန်ပြီး တဖြည်းဖြည်း ကောင်းလာတာပါပဲ။ ဒီခန္ဓာရဲ့ သဘာဝပါပဲ။ အဲဒီ အပေါ်မှာ မူတည်ပြီးတော့မှ *တရားအဆင့်အတန်း သတ်မှတ်ဖို့ကတော့ မဖြစ်ကောင်းတဲ့ကိစ္စ လုံးလုံးမသက်ဆိုင်တဲ့ ကိစ္စတစ်ရပ်ပါပဲလို့ နားလည်စေချင်ပါတယ်။*

*ဒီလိုနာကျင်ကိုက်ခဲ ထုံကျင်မှုတွေ တစ်ကြိမ်ပျောက်သွားပြီး သက်သာသွားတဲ့အခါမှာ ဘာများအသိတိုးသလဲ။ ဘာဉာဏ်တွေဖြစ်သလဲ။ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ စတဲ့ ကိလေသာတွေ ဘယ်လောက်ပါးသွားသလဲ။ သောက ပရိဒေဝတွေ ဘယ်လောက် လျော့သွားပြီလဲဆိုတာကို ဘုရားဟောပါဠိတော် မဟာသတိပဋ္ဌာနသုတ္တန်နှင့်ပဲ စစ်ဆေးရပါမယ်။*

မဟာဝဂ္ဂပါဠိတော်၊ မဟာသတိပဋ္ဌာနသုတ်မှာ 'အာတာပီ o r Ümaemo w dm}[၁] လို့ မြွတ်စွာဘုရား ဟောတော်မူထားပါတယ်။

*ဒါကို ပင်ပင်ပန်းပန်း အားထုတ်ရမှာ မဟုတ်ပါဘူး။ ကိုယ်ပင်ပန်းဖို့လည်း မဟုတ်ပါဘူး။ စိတ်ပင်ပန်းဖို့လည်း မဟုတ်ပါဘူး။ ကိလေသာကို ပူလောင် ခြောက်သွေ့ ကင်းပျောက်စေနိုင်တဲ့ သမ္မပ္ပဓာန် လုံ့လဝီရိယကို ဆိုလိုတာပါ။ အဲဒါကို ပင်ပင်ပန်းပန်းကြီး ဒုက္ခခံပြီး ကျင့်ရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။*

---

၁။ (၃၇၃) မဟာသတိပဋ္ဌာနသုတ္တ၊ မဟာဝဂ္ဂပါဠိ။

*ကမ္မဋ္ဌာန်း အချိုးကျကျ အားထုတ်တတ်ပြီ ဆိုရင်တော့ အကြာကြီးထိုင်မှ ကမ္မဋ္ဌာန်း တိုးတက်တယ်ဆိုရင် ထိုင်ရပါမယ်။ အကြာကြီး စင်္ကြံလျှောက်လို့မှ ကမ္မဋ္ဌာန်း တိုးတက်မယ်ဆိုရင် လည်း လျှောက်ကို လျှောက်ရပါမယ်။*

မိမိအတွက် သပ္ပါယဖြစ်တဲ့ ဣရိယာပုထ်ကို မှီဝဲပြီးတော့မှ နိဗ္ဗာန်ကို မရမချင်း အားထုတ်မယ် ဆိုရင်လည်း ရပါပြီ။ အခုလို လေ့ကျင့် သင်ကြားနေတဲ့ အချိန်မှာတော့ ပင်ပင်ပန်းပန်းကြီး ခန္ဓာကိုယ် ဆင်းရဲအောင်၊ စိတ်တွေ ဆင်းရဲအောင်လုပ်ရမှာ မဟုတ်ပါဘူး။ *အခုလို ပင်ပင်ပန်းပန်းကြီး ဆရာက လုပ်ခိုင်းရင် အတွေ့အကြုံ မရှိတဲ့ ယောဂီတွေ တရားအားထုတ်ရမှာကို ကြောက်လန့် သွားတတ်ပါတယ်။*

*ပရမတ္ထဓမ္မဉာဏ်ထဲ သက်ဝင်လာပြီဆိုရင်တော့ ပြောင်းလဲနေတာ၊ မတည်တံ့တာ၊ ဖောက်ပြန်တာတွေ ထင်ရှားလာတော့တာပါပဲ။ အဲဒါက ဒုက္ခသစ္စာပါ။ သိတာက မဂ္ဂသစ္စာပါ။ ပယ်တာက သမုဒယသစ္စာ၊ ဆိုက်တာက နိရောဓသစ္စာ၊တဒင်္ဂနိရောဓပေါ့* အရိယာဓမ္မလမ်းကြောင်းဟာ လုံးလုံးကြီး ရှင်းနေပါတယ်။

ခန္ဓာက နှိပ်စက်လွန်းလှပါတယ်။ ညောင်းတော့ ထိုင်ပေးရ၊ ထိုင်တာ ညောင်းပြန်တော့ လျှောင်းပေးရ၊ တော်ကြာညောင်းလာတော့ မတ်တတ်ရပ်ပေးရ၊ မတ်တတ်ရပ်တာ ညောင်းပြန်တော့ လမ်းလျှောက်ပေးလိုက်ရနှင့် အလွန့်အလွန်ကို နှိပ်စက်အား ကြီးလွန်းပါတယ်။

ရန်သူထက်ကို ရာထောင်မက နှိပ်စက်နေတဲ့ခန္ဓာပါ။ ဘုရားသာသနာနှင့်ကြုံလို့သာ သဘောအမှန်ကို သိရတာပါ။ သို့မဟုတ်ရင်

လက်ပြင်ငုတ်လို့ ဒုက္ခဒုက္ခ၊ လက်ပြင်ငုတ်လည်း ပျောက်ရော ဒုက္ခမရှိဘူး။ ဆူးစူးတော့ ဒုက္ခ ဒုက္ခ၊ ဆူးလည်း နှုတ်လိုက်ရော ဒုက္ခပျောက်ရော။ ဒုက္ခမရှိတော့ဘူး။

*မြတ်စွာဘုရားသည် ကိလေသာ သတ်သောတရား၊ ကိလေသာကို ခေါင်းပါးစေသော တရားကိုသာ ဟောတော်မူလေ့ရှိပါတယ်။ ကိလေသာတို့ တိုးပွားစေသော တရားကို ဘယ်သောအခါမှ ဟောတော်မမူပါ။*

ယဉ္စ စုန္ဒ ရတ္တိံ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈတိ၊ ယဉ္စ ရတ္တိံ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတိ၊ ယံ ဧတသ္မိံ အန္တရေ ဘာသတိ လပတိ နိဒ္ဒိသတိ။ သဗ္ဗံ တံ တထေဝ ဟောတိ နော အညထာ၊ တသ္မာ"တထာဂတော"တိ ဝုစ္စတိ။[၁]

"စုန္ဒ အကြင်ညဉ့်၌ မြတ်စွာဘုရားသည် အတုမရှိသော သဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၏။ အကြင်ညဉ့်၌ ခန္ဓာနာမ် ရုပ်အကြွင်းမရှိသော နိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထို (သဗ္ဗညုတဉာဏ်ရသော ညဉ့်နှင့် ပရိနိဗ္ဗာန်ပြုတော်မူသော ညဉ့်) အတွင်း၌ အကြင်တရားကိုဟော၏၊ ပြော၏၊ ညွှန်ပြ၏။

တံသဗ္ဗ-ထိုအလုံးစုံ ငါဘုရားဖြစ်သည်မှ၊ ပရိနိဗ္ဗာန်ပြုသည့်အတွင်း၌ ဟောသမျှ၊ ပြောသမျှ၊ ညွှန်ပြသမျှ ဥဿုံအလုံးစုံသည် တထေဝ-မချွတ်မယွင်း ဖြောင့်စင်းမှန်ကန်စွာ ကိလေသာသတ်သောတရားတို့သာလျှင်၊ ဟောတိ-ဖြစ်၏။ အညထာ-ကိလေသာသတ်သောတရားမှ သွေဖယ်၍ ဟောသောတရားမျိုးသည် နော ဟောတိ-မဖြစ်"။

၁။ (၁၈၈)ပဉ္စာဗျာကရဏ၊ ပါသာဒိကသုတ္တ၊ ပါထိကဝဂ္ဂပါဠိ။

ကိလေသာနှင့် ဉာဏ်ရဲ့သဘောကို ခွဲခွဲခြားခြား နားလည်ဖို့ အရေးကြီးပါတယ်။ ဘဝမှာ အချိန်တိုင်းအချိန်တိုင်း ဘာနှင့်တွေးနေသလဲ? ဘာနှင့်ပြောနေသလဲ? ဘာနှင့်လုပ်နေသလဲ? လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိစတဲ့ ကိလေသာတွေ ခိုင်းတဲ့အတိုင်း ပြောနေ၊ လုပ်နေ၊ တွေးနေတာလား? ဆိုတာကိုဉာဏ်နှင့် သေသေချာချာ သိလာနိုင်ရင် စဉ်းစားဉာဏ်နှင့် လုပ်တတ်၊ ဉာဏ်နှင့်ပြောတတ်၊ ဉာဏ်နှင့်စဉ်းစား တွေးတတ်လာပါလိမ့်မယ်။

ကိလေသာကို အကြွင်းမဲ့ပယ်သတ်နိုင်ပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ- ၁၉၈၇ ခု၊ ဇန်နဝါရီလ (၅)ရက်။

**ကြည်ညိုစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဆရာတော်ဘုရား၏ (၁၀၊ ၁၀၊ ၈၇)ရက်စွဲပါစာနှင့် (၁၀၊ ၈၊ ၈၇)ရက်စွဲပါ စာတို့ဟာ ဘုရားတပည့်တော် ဖတ်လို့ကို မပြီးနိုင်ပါဘူးဘုရား နက်နဲလွန်းလို့ပါဘုရား၊ မပြီးနိုင်ပါဘူးလို့ လျှောက်ထားမိတာက ဉာဏ်နှင့်ဖတ်ရတာ မပြီးသေးတဲ့အကြောင်းကို လျှောက်ထားအပ်ပါတယ်ဘုရား။ တပည့်တော်ဘဝအတွက် မီးအလင်းရောင် ထွန်းလင်း ပြလိုက်သလိုပါပဲ။ လင်းလင်းထင်ထင် မြင်သာလွန်းပါတော့တယ်ဘုရား။

*ဘဝရဲ့ အဓိပ္ပါယ်၊ ဘဝရဲ့ပန်းတိုင်က ဘာလဲဆိုတာ တပည့်တော် ပို၍ ပို၍ သဘောပေါက် လာပါပြီဘုရား* ဝိပဿနာ တရားအပေါ် မှာလည်း ပို၍ ပို၍ ပြောမပြနိုင်အောင် ယုံကြည်မှုရလာပါတယ်။ အရင်က သူများ အထင်အမြင်သေးမှာကို ရှက်တယ်ဘုရား။ အမှန်တကယ်က ဘဝမှာ *သတိမရှိဘဲ နေတာဟာ ရှက်စရာအကောင်းဆုံး၊ အကုသိုလ်စိတ်နှင့် နေရတာဟာ ရှက်စရာအကောင်းဆုံး အပြစ် အကြီးဆုံးဆိုတာကို သိလာပါပြီဘုရား။*

တရား လျှောက်ထားပါရစေဘုရား။ တပည့်တော်ဘဝမှာ အနာဂတ် သို့မဟုတ် မနက်ဖြန် မရှိသလို ခံစားလာရပါတယ်။ နောက် တစ်နာရီမှာ၊ မနက်ဖြန်ခါမှာ၊ နောက်လမှာ ဘာလုပ်မယ်ဆိုတဲ့ စီမံကိန်း တပည့်တော်မှာ မရှိတော့ပါဘူး။ တပည့်တော်မတွေးတောပြီး ကြံစည်ပြီးနေတာ နည်းလာတယ်။ စားတဲ့အချိန် စားလိုက်ပါတယ်။ ရေချိုးတဲ့အချိန် ရေချိုးလိုက်ပါတယ်။ အိပ်ဖို့သင့်တဲ့အချိန် အိပ်လိုက်ပါတယ်။ စင်္ကြံလျှောက်ဖို့ သင့်တဲ့အချိန် လျှောက်ပါတယ်။ အနာဂတ် Planning က လုပ်ဖို့မရှိတော့ပါဘူး။ အလုပ်က နေ့တိုင်း တူညီနေပါတယ်ဘုရား။ ဒါကြောင့် ဘာကို ဘယ်လို လုပ်ရဦးမယ်လို့လည်း ပူပင် စရာမရှိတော့ပါဘူး။

ဝိပဿနာပဲ လုပ်နေပါတယ်။ မနက်ဖြန်လည်း ဝိပဿနာပဲ လုပ်ပါမယ်။ သဘက်ခါမှာလည်း ဝိပဿနာပဲ လုပ်ပါမယ်။ နောက် တစ်နာရီလည်း ဝိပဿနာပဲ လုပ်ပါမယ်။ ဒါလောက်ကြီးကို အမြဲ လုပ်နေပါသော်လည်း မငြီးငွေ့သွားဘူး၊ မရိုးသွားပါဘူးဘုရား။

သို့သော် အာရုံတွေ ရှိတာရယ်၊ ခန္ဓာဝန်ကို ထမ်းရတဲ့ တာဝန်ရယ်၊ ကိလေသာဝန် နှိပ်စက် ခံနေတာရယ်ကတော့ ရှိနေပါသေးတယ်ဘုရား။

ဆုတောင်းပတ္တနာပြုမှုနှင့် ပတ်သက်တဲ့ ဗဟုသုတ ဘုရားတပည့်တော်မှာ နည်းပါးပါတယ်ဘုရား။ တစ်ချို့ ဘာသာရေးရာ အခမ်းအနားမှာတော့ ဆုတောင်းမှုကိုပဲ ကျယ်ကျယ်ပြန့်ပြန့် လုပ်ရတာလည်း ရှိပါတယ်ဘုရား။ မြတ်စွာဘုရားရှင် သာသနာတော်မှာ တရားအားထုတ်တိုင်း တရားမရနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာ ရှိပါသလားဘုရား။ အားထုတ်ရင်တော့ တရားရမယ်လို့ပဲ တပည့်တော် တွေးထင်မိပါတယ်ဘုရား။ *လူတိုင်း လူတိုင်း တရားအားထုတ်ပြီးတော့ စိတ်ချမ်းသာစေချင်ပါတယ်ဘုရား။ ကမ္ဘာ့လူသားအားလုံးကို တရားအားထုတ်ပြီးတော့ ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းစေချင်လှပါတယ်ဘုရား။*

*လူသားတွေ စိတ်ဆင်းရဲပြီးတော့ စိုးရိမ်ထိတ်လန့်နေတဲ့ စိတ်ရောဂါကို ဝိပဿနာဆေးနှင့် ကုသပေးနိုင်ရင် ကမ္ဘာ့လူသားတွေရဲ့ဘဝဟာ တမဟုတ်ချင်း ငြိမ်းချမ်းသွားမယ်ဆိုတာ တပည့်တော်မ ယုံကြည်ပါပြီဘုရား။ လူသားအများရဲ့ ဘဝကို ငြိမ်းချမ်းစေနိုင်တဲ့ တရားတော်မြတ်ကို သွန်သင်ပေးတော်မူတဲ့ ဆရာသခင်အရှင်မြတ်ကို ခြေတော်ဦးခိုက် ရှိသေစွာ ကန်တော့ပါတယ်ဘုရား။*

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၈ ခု၊ ဇန်နဝါရီလ(၂၅)ရက်။

**ဒါယိကာမထံသို့ ပြန်ကြား အသိပေးအပ်ပါသည်။**

ဒါယိကာမထံမှ (၂၅၊ ၁၊ ၈၈) ရက်စွဲပါစာကို ရရှိပါသဖြင့် ပြန်ကြား အသိပေးအပ်ပါတယ်။

*လူဟာနာရမှာ၊ အိုရမှာ၊ သေရမှာကို အလွန်အမင်းကြောက်လန့်ကြတယ်။ ဒါပေမယ့် လူဖြစ်နေတာကိုက နာဖို့၊ အိုဖို့၊ သေရဖို့ပါ။ လူဘာကြောင့် ဖြစ်ရတာလဲဆိုတော့ လူဖြစ်အောင် ကံတွေလုပ်ခဲ့လို့ ဖြစ်လာတာပါ။ လူဖြစ်ကြောင်း လုပ်ခဲ့လို့ လူဖြစ်လာတာ၊ ဘာကြောင့် လူဖြစ်ကြောင်း လုပ်ခဲ့ရတာလဲဆိုတော့ လူဖြစ်ချင်အား ကြီးလွန်းလို့ပါ။*

*ဘာကြောင့် လူဖြစ်ချင်အား ကြီးခဲ့ရတာလဲဆိုတော့ လိုချင်မှုတဏှာ၊ မသိမှု အဝိဇ္ဇာကြောင့်ပါပဲ။ အမှန်တရားကို မမြင်တဲ့ မသိမှုအဝိဇ္ဇာက တရားခံပါ။* သူ့ကို လိုချင်လို့ကို ရလာတာပါ။ မလိုချင်တော့ရင် မရတော့ပါဘူး။ သူသဘော အမှန်ကိုသိပြီး မငြီးငွေ့သရွေ့တော့၊ မစွန့်လွှတ်သရွေ့တော့ နောင်လည်း ရဦးမှာပါပဲ။ ဒီခန္ဓာကြီးဟာ အလုံးစုံသော လောကဒုက္ခ၊ သံသရာ့ဒုက္ခကို ခံဖို့မျှပဲ။ ကိလေသာတွေဖြစ်ဖို့ ဆင်းရဲဒုက္ခတွေ စုံဖို့အတွက်ပါပဲ။

ဒီခန္ဓာဝန်ထုပ်ကြီးဟာ အနှစ်သာရမရှိ။ အဖိုးတန်တာ နတ္ထိဗလာဝန်ထုပ်ပါပဲ။ မြတ်စွာဘုရားရှင်က ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ ရဟန်းတွေကို *(က) ထမ်းဆောင်အပ်တဲ့ဝန်ထုပ် (ခ) ဝန်ကိုထမ်းဆောင်သူ (ဂ) ဝန်ထုပ်ထမ်းယူတာ (ဃ) ဝန်ထုပ်ချတဲ့အရပ်တွေ*ကို ဟောတော်မူထားပါတယ်။

ဝန်ထုပ်ဝန်ပိုး ဆိုတာတွေကတော့ (၁) ရုပ်ဆိုတဲ့ ဥပါဒါနက္ခန္ဓာ၊ (၂) ဝေဒနာဆိုတဲ့ ဥပါဒါနက္ခန္ဓာ၊ (၃) သညာဆိုတဲ့ ဥပါဒါ

နက္ခန္ဓာ၊ (၄) သင်္ခါရဆိုတဲ့ ဥပါဒါနက္ခန္ဓာ၊ (၅) ဝိညာဏ်ဆိုတဲ့ ဥပါဒါနက္ခန္ဓာတွေပါ၊ အဲဒီခန္ဓာ(၅)ပါး အစုအပုံကြီးဟာ ဆင်းရဲစင်စစ် ဒုက္ခသစ္စာဖြစ်တယ်။ အဲဒါ ဝန်ထုပ်ဝန်ပိုးပါပဲ။

ဝန်ထုပ်ထမ်းဆောင်သူဟာ ဘယ်သူတုန်းဆိုတော့ မိန်းမ၊ ယောကျ်ား၊ လူ၊ တိရစ္ဆာန်၊ ပုဂ္ဂိုလ်သတ္တဝါလို့ ခေါ်ယူသုံးစွဲနေကြတဲ့ သတ္တဝါတွေပါပဲ။ ဒုက္ခဝန်ထုပ်ကြီးကို တစ်ဘဝကနေ တစ်ဘဝ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ပြဟ္မာဖြစ်လိုက်၊ အပါယ်ဘုံ ရောက်သွားလိုက်နှင့် သံသရာခရီးရှည်ကို သွားနေကြတာပါ။ ရောက်လေရာဘုံဘဝမှာ ဘယ်သူကမှ ဝန်ထုပ် ထမ်းခိုင်းတာ မဟုတ်ပါဘူး။ ကိုယ့်ကိုယ်တိုင်ပဲ လိုလိုလားလား ထမ်းဆောင်နေတာ ဖြစ်ပါတယ်။

ဘယ်တရားက ဝန်ထုပ်ကို ထမ်းဆောင်ယူနေတာလဲဆိုတော့ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဆိုတဲ့ နှစ်သက် စွဲလမ်းတဲ့ တဏှာပါပဲ။ ဒီဝန်ထုပ်ဆိုတဲ့ ခန္ဓာ(၅)ပါးကို ပုဂ္ဂိုလ်သတ္တဝါ ငါဆိုတဲ့ ဝန်ထမ်းဆောင်သူက တဏှာတစ်မျိုးမျိုးနှင့် ထမ်းပြီးတော့မှ သံသရာ လှည့်နေတော့တာပါပဲ။ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်နဲ့ အသီးသီးဘဝတွေ လှည့်ပြီးတော့မှ သံသရာ ရှည်လျားနေရတာပါပဲ။

ခန္ဓာ(၅)ပါး ဝန်ထုပ်ကို ပစ်ချတယ်ဆိုတာကတော့ တဏှာအကြွင်းမဲ့ချုပ်ငြိမ်းတာ၊ မကပ်ငြိတာ၊ လွတ်တာ၊ မတွယ်တာတော့တာကို ဝန်ချထားတာလို့ ခေါ်ပါတယ်။

နိဗ္ဗာန်သွားလမ်းခရီးကို အဝိဇ္ဇာက ဉာဏ်မျက်စိကို ပိတ်ပေးထားတော့ သစ္စာဉာဏ်အလင်းကို မရခဲ့ဘူး။ ဒါကြောင့် ဒီဝန်ထုပ်ကို ဖြည်မကြည့်ခဲ့ဘူး။ ဖြည်မကြည့်တတ်ပါဘူး။ ဒါကြောင့် တဏှာတင်ပေးလိုက်တဲ့အတိုင်း တစ်ဘဝပြီး တစ်ဘဝ သံသရာလည်နေတာ။ ဘုရားသာသနာတွေနှင့် ကြုံဖူးလှပါပြီ။ ပညာရှိပုဂ္ဂိုလ်

တွေနှင့် ဆုံဖူးလှပါပြီ။ ဒါပေမယ့် သတ္တဝါတွေက ဒီဒုက္ခဝန်ကို ထမ်းရတာ လေးလွန်းလှတယ်လို့ ထင်ကိုမထင်တာ။ အနှစ်သာရ ရှိတယ်လို့တောင် ထင်နေသေးတယ်။ ဝန်ထုပ်ကြီးဟာ ဆင်းရဲအတိ၊ ရွံရှာ စက်ဆုပ်ဖွယ်အတိ ဖြစ်တယ်။ ဒါပေမယ့် ဝိဇ္ဇာပညာမျက်စိ မရှိတော့ မမြင်ရပါဘူး။

ယခုလို သာသနာနှင့် ကြုံတော့မှ အဖိုးတန် ပစ္စည်းတွေ အဖိုးတန် ရတနာတွေလို့ ထင်ထားခဲ့တဲ့ ဝန်ထုပ်ဟာ ခုတော့ သစ္စာ မျက်စိ၊ ပညာမျက်စိနှင့် အလင်းကိုပေးပြီး ဖြည်ကြည့်လိုက်တော့မှ ဒုက္ခတွေ ပြည့်နှက်နေတယ်။ လိုချင်နှစ်သက်ဖွယ် မရှိဘူး၊ အလွန် ဆင်းရဲပါတကား၊ အလွန် ပင်ပန်းစရာကောင်းတဲ့ ဝန်ထုပ်ပါလား။ ဒီဝန်ထုပ်ကို တွယ်တာနေရင်တော့ ပင်ပန်းဆင်းရဲမယ်။ ဒါကြောင့် စွန့်လွှတ်မှုဖြစ်မယ်။ ပြန်လှည့်မကြည့်ချင်အောင် စွန့်ခွါပြီး ဒုက္ခ ဝန်ထုပ်ကို စွန့်နိုင်ကာမှ နိဗ္ဗာန်ချမ်းသာကိုရတာပါ။ ဒါက ဒုက္ခကို စွန့်ခွါခြင်းလို့ ဟောတော်မူထားပါတယ်။[၁]

တရားအားထုတ်ပြီး တရားရတာမှာ ပုဂ္ဂိုလ်(၄)မျိုးရှိပါတယ်။ ၁။ ဉဂ္ဃဋိတညူပုဂ္ဂိုလ်မျိုး ၂။ ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုး ၃။ နေယျပုဂ္ဂိုလ်မျိုး နှင့် ၄။ ပဒပရမပုဂ္ဂိုလ်မျိုးပါပဲ။[၂]

အဲဒါက ဉပမာနှင့် ပြန်ပြီးပြပါအုံးမယ်။ လူမမာတစ်ယောက် ရှိတယ် သူကဆေးဝါးကို မှီဝဲရလျှင် သေသေချာချာပဲ ဧကန်မုချပဲ ရောဂါပျောက်မယ်။ သူက ယခုဘဝမှာ ကျွတ်မယ့် ပုဂ္ဂိုလ်မျိုး ဖြစ်ပါ တယ်။

---

၁။ (၂၂) ဘာရသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။
၂။ (၂၈၃) ပါသရာသိသုတ္တဝဏ္ဏနာ၊ မူလပဏ္ဏာသ-ဋ္ဌ။

နောက်လူမမာတစ်ယောက်ကတော့ ဆေးဝါးခါတ်စာတွေ ဘယ်လောက်ပဲ ကောင်းကောင်း မုချသေမှာပဲ။ သူကတော့ ပဒပရမ ပုဂ္ဂိုလ်မျိုးပဲ။ သူကဒီဘဝမှာ ဘယ်လောက်ပဲ အားထုတ်ထုတ် တရား မရနိုင်ဘူး။ သို့သော် သူ့အနေနှင့်လည်းပဲ အားလျှော့ပြီးတော့ အား မထုတ်ဘဲ နေရမှာတော့ မဟုတ်ပါဘူး။ အားထုတ်နိုင်သလောက် ရှေ့လာမယ့် ဘဝ ဘဝတွေအတွက် ပါရမီဖြစ်ဖို့ အားထုတ်ရမှာပါ။

နောက်တစ်ယောက်ကတော့ ဆေးဝါးခါတ်စာနိုင်ရင် အသက် ရှင်မယ်။ မနိုင်ရင်သေမယ်။ ဆိုလိုတာက ကျင့်ရင်ရမယ်၊ မကျင့်ရင် မရဘူး။ သူက နေယျပုဂ္ဂိုလ်။ သူကလည်း ဆရာကောင်း ရှာမတွေ့ဘဲ နှင့် မိစ္ဆာဒိဋ္ဌိဝါဒတွေ ယူမိတာတို့၊ ကာမဂုဏ် မစွန့်လွှတ်နိုင်တာတို့၊ ဝီရိယနည်းနေတာတို့၊ ဝီရိယရှိပြန်သော်လည်း အသက်အရွယ်တွေ ကြီးရင့်နေတာတို့၊ အသက်ငယ်သေးသော်လည်း ဂိလာနဖြစ်နေ တာတို့ဆိုရင်တော့ သာသနာကြုံပါသော်လည်း ယခုဘဝ ဘယ်လိုမှ မကျွတ်နိုင်တော့ပါဘူး။

အဲဒီအထဲမှာတော့ အဇာတသတ်ဟာ အရိယာဖြစ်နိုင်တယ်။ အရိယာဖြစ်ဖို့ရှိတယ်။ ဆရာပေါင်း မှားခဲ့တဲ့အတွက် သူ့အနေနှင့် ဒီဘဝမှာ တရားမရလိုက်ရှာဘူး။

ထိုနည်းအတူ တရားမရလိုက်ရှာတာက အာဠာရရသေ့တို့ ဥဒကရသေ့တို့ မဟာဓနသူဌေးသားတို့ ဖြစ်ပါတယ်။ ဒီနေရာမှာ အထူးသတိထားဖို့ကတော့ ပါရမီပြည့်တိုင်း သာသနာနှင့်ကြုံတိုင်း ကျွတ်တန်း မဝင်နိုင်ပါဘူးဆိုတာ သိစေလိုရင်းပါပဲ။

ဥဃ္ဃဋိတညူပုဂ္ဂိုလ်မျိုးနှင့် ဝိပဉ္စိတညူ ပုဂ္ဂိုလ်မျိုးကို ပမာပြရရင် ဘုရားလက်ထက်တော်က ဝိသာခါ အနာထပိဏ်သူဌေးတို့လိုပါပဲ။

ပြီးတော့ ဘုရားလက်ထက်တော်အခါက ကျွတ်တန်း ဝင်သွားကြတာနှင့် အရိယာအဖြစ် ရောက်ရှိကြတဲ့ နတ်ပြဟ္မာတွေလည်း ပါတာပါပဲ။ သာသနာရဲ့ နောက်ပိုင်းခေတ်ကတော့ နေယျခေတ်နှင့် ပဒပရမခေတ်လို့ပဲ ကျမ်းတတ် ပေတတ် ဆရာတော်ကြီးများက မိန့်တော်မူပါတယ်။

*နေယျပုဂ္ဂိုလ်ကတော့ အကျင့်ပြည့်ရင် ဒီဘဝ အရိယာဖြစ်နိုင်တယ်။ ဖြစ်နိုင်သေးတယ်။ အကျင့်လျော့ရင်တော့ နတ်ပြည်မှာ အရိယာဖြစ်ခွင့်ရှိတယ်။ အကျင့်မှာပျင်းရင်တော့ ဒီသာသနာ သူနှင့် မပတ်သက်တော့ဘူး၊ မဆိုင်တော့ဘူး။* ပဒပရမပုဂ္ဂိုလ်ကတော့ အကျင့်ကောင်းရင် ရှေ့ဘဝနတ်ပြည်မှာ ဖြစ်ခွင့်ရသေးတယ်။

မြတ်စွာဘုရားရှင်ထံမှ တရားတွေ အခါခါ နာရသော်လည်း တရားမရတဲ့ ပုဂ္ဂိုလ်တွေ အများကြီး ရှိခဲ့ပါတယ်။ ကောသလမင်းကြီးတို့ ဆဗ္ဗဂ္ဂီရဟန်းတို့ သူတို့တစ်တွေ ဘုရားကို ဖူးမြင်ခဲ့ရပါတယ်။ တရားတွေ အထပ်ထပ် နာခဲ့ရသော်လည်းပဲ တရားမရခဲ့ဘူး။

ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ ပါရမီအားတွေ နည်းခဲ့တယ်။ ရှေးရှေး ဘုရားသာသနာတော်မှာ ရုပ်နာမ်ခန္ဓာအပေါ် ဉာဏ်ကျက်စားမှု နည်းခဲ့လို့ပါ။ *ဘုရားကို ပုဂ္ဂိုလ်အားဖြင့် ရင်းနှီးတယ်၊ ခင်မင်တယ်၊ လေးစားတယ်၊ ဒါပေမယ့် တရားမရခဲ့ဘူး၊ ဒါအထူး မှတ်သားဖို့ကောင်းတဲ့ သာဓကတွေ ဖြစ်ပါတယ်။*

ဆုတောင်းမှုနှင့် ပတ်သက်လို့ မှတ်သားစရာကတော့ Mother Teresa လည်း ဆုတောင်းခဲ့ပါတယ်။ ထာဝရဘုရားနှင့် သူရဲ့ ဆက်သွယ်မှုကို အခုလို ဖော်ပြထားပါတယ်။

I don't say anything, she replied "I just listen " "He doesn't say anything", said Mother Teresa. "He just listen" She added, "And if you don't understand that, I can't explain it to you."[1]

ဥပ္ပလဝဏ်ထေရီမ အလောင်းအလျာ ဥမ္မာဒန္တီလည်း ဆုတောင်းခဲ့ဖူးတယ်။ မြင်မြင်သမျှ ယောကျ်ားတွေ ရူးလောက်အောင် လှပတဲ့ကိုယ် ဖြစ်ပါရစေလို့ ဆုတောင်းခဲ့တာပါ။ ဘဝတစ်ခုမှာ မြင်မြင်သမျှ ယောကျ်ားတွေလည်း တကယ်ပဲရူးခဲ့ပါတယ်။

ပြည့်တန်ဆာမ တစ်ယောက်ကလည်း အသတ်ခံရအံ့ ဆဲဆဲမှာ ကျိန်စာဆိုတယ်ပဲ ပြောရမယ် ထင်တယ်။ ဆုတောင်းသွားခဲ့တယ်။ "ဘဝဆက်တိုင်း ဆက်တိုင်း သင်တို့ကို ငါပြန်သတ်ရမှ ကျေနပ်မယ်"လို့ ဆန္ဒပြု (ကျိန်စာဆို)ပြီး သေသွားတယ်။ ဘဝဆက်တိုင်း ဆက်တိုင်း သူသတ်ခဲ့နိုင်ပါတယ်။ ဗာဟိယဒါရု စိရိယ ရဟန္တာပုဂ္ဂိုလ်တောင်မှ သူ့လက်ချက်ကြောင့် ပရိနိဗ္ဗာန် စံဝင်သွားရပါတယ်။ အရိယာဖြစ်တဲ့ သုပ္ပဗုဒ္ဓလည်း သူ့လက်ချက်ကြောင့်ပဲ အနိစ္စရောက်ခဲ့ပါတယ်။ အဲဒီ ဆန္ဒပြု(ကျိန်စာ) ဆုတောင်းကြောင့် ဘီလူးမဘဝရပြီး အရိယာတွေကို သတ်ခဲ့ပါတယ်။ အနာဂတ်ဘဝ အကျိုးပေးက တော်တော့်ကို ဆိုးသွားပါပြီ။

ဓမ္မဒိန္နာ အလောင်းအလျာလည်း ဆုတောင်းခဲ့ပါတယ်။ လှူဒါန်းစရာ ပစ္စည်းမရှိလို့ သူ့ခေါင်းကဆံပင်ကို ဖြတ်ရတဲ့ဝတ္ထုငွေကြေးနှင့် လှူစရာ ဝယ်လှူဒါန်းပြီးတော့မှ ဆုတောင်းခဲ့တာပါ။ အရှင်ဘုရားတို့ သိတဲ့တရားကို အချိန် ကာလတိုတိုနှင့် သိပါရစေလို့ ဆုတောင်းခဲ့တယ်။ ဂေါတမမြတ်စွာ ဘုရားရှင်ရဲ့ သာသနာမှာ

1/ One Dharma by Joseph Goldstein.

အဲဒီဆုတောင်း ပြည့်ခဲ့ပါတယ်။ ရက်ကာလ တိုတိုကလေးနှင့် ရဟန္တာထေရီမ ဖြစ်ခဲ့ပါတယ်။

မဟာသေနပုဏ္ဏားကြီးလည်း ဆုတောင်းခဲ့ပါတယ်။ မဟာသေနပုဏ္ဏားကြီးက ရှင်သာရိပုတြာမထေရ်မြတ်ကြီးကို သူစားမယ့် နို့ထမင်းကို လှူဒါန်းပြီးတော့ အရှင်ဘုရားတို့ သိတဲ့တရားကို လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် သိပါရစေလို့ ဆုတောင်းခဲ့တယ်။

ဒါကြောင့် ဘယ်လိုဆုတောင်းတာက အကောင်းဆုံးလဲ။ ဘယ်လိုဆုတောင်းဟာ တောင်းသင့်သလဲ၊ ဘယ်ဆုတောင်းဟာ ပစ္စုပ္ပန် တမလွန် ဘဝသံသရာ အနာဂတ်အတွက် အကျိုးဖြစ်စေမလဲဆိုတာ ဆင်ခြင် သုံးသပ်နိုင်ပြီလို့ ထင်တယ်။ ဆုတောင်းမမှားစေချင်ပါဘူး။

မေတ္တာကရုဏာဖြင့်
ဆရာတော်
ရက်စွဲ- ၁၉၈၈ခု၊ ဖေဖော်ဝါရီလ(၁၂)ရက်။

**ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဘုရားတပည့်တော်ရဲ့ မိတ်ဆွေ ကနေဒါနိုင်ငံသား ခွဲစိတ်ဆရာဝန်ကြီး တစ်ဦးကလည်း တရားအလုပ်ကို တော်တော်ကြီးဝါသနာ ပါပါတယ်ဘုရား။ ဒါကြောင့်သူဟာ မြန်မာပြည်၊ အိန္ဒိယပြည်၊ နီပေါပြည်၊ သီရိလင်္ကာပြည်၊ တိဘက်ပြည်တို့ကို သွားပြီး ဆရာလည်းရှာ တရားလည်း အားထုတ်ပါတယ်ဘုရား။

Enlightenment တရားရပြီးသား တရားပြဆရာ နှစ်ဦးထံလည်း အမေရိကန်နိုင်ငံမှာ နည်းခံခဲ့ဖူးတယ်လို့ ပြောပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် မနေ့တုန်းက အစည်းအဝေးပွဲ တစ်ခုမှာ ပြန်ဆုံကြပါတယ်။ လှက်ရည်သောက်နားချိန်မှာ စကားပြောဖြစ်ပါတယ်ဘုရား။

သူတွေ့ခဲ့တဲ့ Enlightenment ပုဂ္ဂိုလ်ထူးတစ်ဦးက အမျိုးသမီးကိစ္စ ပြဿနာတစ်ခုကြုံပြီး၊ တစ်ဦးကလည်း ငွေးကြေးကိစ္စ လိမ်လည်မှုနှင့် ပြဿနာတစ်ခု ကြုံနေကြောင်း၊ သူဆရာပေါင်းများပြီလို့ တွေးထင်မိကြောင်း အဲဒီဆရာတွေကို ထပ်မတွေ့ဖြစ်တော့ကြောင်း အဲဒီ တရားရပြီးသား Enlightenment ပုဂ္ဂိုလ်တွေ သင်ပေးထားတဲ့ တရားနည်းစနစ်ကိုလည်း သံသယဖြစ်မိကြောင်း ပြောရှာပါတယ်ဘုရား။

*<u>တရားလောကမှာလည်း ဆရာတင်များ၊ တရားနည်းများချင်စရာ အများကြီးပဲဆိုတာကို တပည့်တော်မ တဖြည်းဖြည်းသဘောပိုပေါက်လာပါတယ်ဘုရား။</u>* အခုလို ကြားရမှပဲ ဘုရားတပည့်တော် ကံကောင်းလိုက်တာလို့ တွေးမိပြီး ဝမ်းမြောက်မိပါတယ်။ အခုအရွယ်မှ ဆရာရှာရရင် ပင်ပန်းပါမယ်ဘုရား။ ပါရမီ၊ ကံတွေရဲ့အကြောင်းအထောက်အပံ့လည်း ပါမယ်လို့ ထင်ပါတယ်ဘုရား။ ဘုရားတပည့်တော်ဟာ အရှင်ဘုရားတည်းဟူသော သူတော်ကောင်းကို ကြုံရဆုံရတာ ဘဝတာမှာ ရတောင့်ရခဲ ဒုလ္လဘ အခွင့်အရေးပါပဲဘုရား။

တရားလျှောက်ထားပါမယ်ဘုရား။ ကင်္ခါဝိတရဏဝိသုဒ္ဓိကို ဉာဏ်သက်ဝင် လာပါတယ်ဘုရား။ ရှုပွားမှု လမ်းစဉ်ပေါ်မှာ သံသယဝိစိကိစ္ဆာတွေ သိသိသာသာ ပို၍ လျော့လာပါတယ်။ အဲဒါဟာ ဒါပဲ

That is it ဆိုတာ ရှင်းလာပါတယ်။ ဒီမဂ္ဂင်လမ်းမှအပ တစ်ခြား လွတ်မြောက်ရာလမ်း မရှိဘူးဆိုတာ တပည့်တော် သေသေချာချာ ကျေနပ်လာပါပြီဘုရား။

*အသိသတိဆက်ပြီး ပရမတ္ထဓမ္မအပေါ်မှာ ဉာဏ်သက်ဝင်ပြီး ကိလေသာကင်းငြိမ်းကာ ငြိမ်းအေးတဲ့စိတ်နှင့် နေလာတာနှင့်အမျှ အသိအမြင်တွေ ပို၍ပို၍ ရှင်းလာပါတယ်ဘုရား။ ဉာဏ်အမြင်တွေ ပိုတိုးလာပါတယ်၊ သတိဝီရိယတွေ လျော့မသွားဘူးဘုရား၊ ပို၍ ပို၍ ခိုင်မြဲပြီး အားရှိ မြဲမြံလာပါတယ်ဘုရား။*

အရိယာကို မြင်တွေ့ချင်ရင် အရိယာတရားကို သိချင်ရင် ကိုယ်ကိုယ်တိုင် အရိယာဖြစ်မှပဲ မြင်နိုင်၊ တွေ့နိုင်၊ သိနိုင်တယ်ဆိုတဲ့ ဆရာတော်ရဲ့ ဆုံးမဩဝါဒစကား ပို၍အသက်ဝင်လာပါတယ်ဘုရား။

*သူတော်ကောင်းတွေ့ချင်ရင် မိမိကိုယ်တိုင်ကပဲ သူတော်ကောင်းဓါတ် ကိန်းမှသာလျှင် သူတော်ကောင်းကို တွေ့နိုင်မယ်လို့ မိန့်တော်မူတဲ့ ဩဝါဒစကားလည်း အခု ပိုပြီး ရုပ်လုံးပေါ်လာပါတယ်ဘုရား။*

တရားလျှောက်ထားပါရစေဘုရား။

တစ်ရက်တုန်းက ဒီကနေ့ ဘာနေ့ပါလိမ့်လို့ မေးကြည့်တော့ တနင်္လာနေ့လို့ သိရပါတယ်ဘုရား။ တပည့်တော် တရားအားထုတ်လျက်ပဲနေပါတယ်။ ရက်အတန်ကြာတဲ့အခါ ကိစ္စတစ်ခု သတိရလို့ ဒီကနေ့ ဘာနေ့ပါလိမ့်လို့ မေးမိပြန်တော့ တနင်္လာနေ့လို့ပဲ ပြောပါတယ်။ တပည့်တော် တရားနှလုံး သွင်းလျက်ပဲနေပါတယ်။ နာရီတွေ နေ့တွေ၊ ရက်တွေကိုလည်းပဲ စိတ်ထဲမှာ အမှတ်မရှိတော့ဘူးဘုရား။

ရက်တော်တော်ကြီး နေပြီးတော့မှ အကြောင်းကိစ္စတစ်ခု တိုက်ဆိုင်လာလို့ ဒီနေ့ ဘာနေ့လဲလို့ မေးကြည့်လိုက်တော့ တနင်္လာ

နေ့လို့ ပြောပါတယ်။ ဩြော်ပြကွဲဒိန်က တနင်္ဂနွေနေ့တို့၊ စနေနေ့တို့၊ ဗုဒ္ဓဟူးနေ့တို့၊ ကြာသပတေးနေ့တို့ မရှိတော့ဘူးလား မေးတိုင်း တနလ်ာပဲ ပြောကြတယ်လို့ တွေးမိပါတယ်ဘုရား။

နာရီလည်း ထိုနည်းအတူ ဖြစ်တတ်ပါတယ်။ နာရီက ရှေ့နံရံမှာ ရှိပါတယ်။ နာရီကို ကြည့်ပါတယ်၊ ဒါပေမဲ့ သူ့ပေါ်မှာ အမှတ်သညာ မရှိပါဘူး။ သိချင်လို့ ကြည့်မှပဲ (၈)နာရီလို့ သိပါတယ်။ တော်တော်ကြာတော့ နာရီကို သတိမပြုမိတော့ပါဘူး။ တစ်ခါပြန်ပြီး နာရီကို သတိပြုမိတဲ့အခါမှာတော့ နာရီလက်တံက (၈)နာရီပဲ ဖြစ်နေပါတယ်။ ဒါပေမဲ့ နံနက်(၈)နာရီနှင့် ည(၈)နာရီ ခြားသွားပါပြီဘုရား။

တနင်္ဂနွေနေ့လည်း တရားရှုပွားပါတယ်။ အင်္ဂါနေ့လည်း ဒီတရားပဲ ရှုပွားပါတယ်။ ဗုဒ္ဓဟူးနေ့လည်း ဒီတရားရှုပွားပါတယ်။ မနက် (၃)နာရီလည်း တရားရှုပွားပါတယ်။ ည(၉)နာရီလည်း ဒီတရားပဲ ရှုပွားပါတယ်၊ နေ့လည်း တရားရှုပွားပါတယ်၊ ညရောတရားပဲ ရှုပွားနေပါတယ်၊ မွန်းတည့်လည်း တရားရှုပွားပါတယ်၊ ညသန်းခေါင်လည်း တရားနှင့် နေနေပါတယ်။ ဒါကြောင့် ဘယ်နှစ်နာရီဖြစ်ဖြစ် အလုပ်ကတော့ အတူတူပါပဲ၊ အချိန်တိုင်း တရားအားထုတ်လျက်ပါဘုရား။

ဆရာတော်ဘုရား အလိုရှိတာတစ်ခုခုကို လျှောက်ထားခွင့်ရချင်ပါတယ်ဘုရား၊ ဆရာတော်ဘုရား ထံပါးမှာလည်း တရားနာချင်ပါသေးတယ်ဘုရား။ ဆရာတော်ဘုရား ခွင့်ပြုမယ်ဆိုရင် တပည့်တော်မရဲ့ အရိုးကို သယ်နိုင်တုန်း ကျောင်းကို လာရောက်ရန် ခွင့်ပြုပေးနိုင်မယ့်ရက်ကို သိရှိလိုပါတယ် အရှင်မြတ်ဘုရား။

ဆရာတော်ဘုရား ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် သာသနာ့တာဝန် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ- ၁၉၈၇ ခု၊ ဖေဖော်ဝါရီလ(၂၃)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

ဒီကမ္ဘာပေါ်မှာ လေးစားစရာကောင်းတဲ့ လူတော်တွေ အများကြီးရှိကြပါတယ်။ ထက်ထက်မြက်မြက် အုပ်ချုပ်နိုင်စွမ်းတဲ့ ပုဂ္ဂိုလ်တွေ၊ အားကိုးစရာ ဉာဏ်ကြီးသူတွေလည်း များစွာရှိကြပါတယ်။ နည်းယူ လောက်အောင်တော်တဲ့ လူရည်ချွန်၊ လူရည်မွန်များလည်း ရှိကြပါတယ်။ သတ္တိကောင်းပြီး စစ်ပွဲတိုင်းကို အောင်မြင်နိုင်စွမ်းတဲ့ စစ်ဗိုလ်ချုပ်ကြီးများလည်း ရှိကြပါတယ်။

*ဒါပေမယ့် အဲဒီပုဂ္ဂိုလ် အကျော်အမော်တွေဟာ ကိလေသာရှေ့မှာတော့ ဒူးထောက် အရှုံးပေးရစမြဲပါပဲ။ သူတို့ နှလုံးသားမှာ မာနပွားတဲ့ အခါမှာတော့ မာနကိလေသာက သူတို့ကို နိုင်သွားပြီ၊ မာနရဲ့ကျေးကျွန် ဖြစ်သွားပါပြီ။ သူတို့ စိတ်နှလုံးမှာ မစ္ဆရိယပွားတဲ့ အခါမှာတော့ မစ္ဆရိယက ထိုပုဂ္ဂိုလ်တို့ကို နိုင်ပါပြီ။ မစ္ဆရိယရဲ့ ကျွန် လုံးလုံးဖြစ်သွားပါပြီ။ သူတို့ နှလုံးသားမှာ သောကပွားခိုက်မှာ သောက ကနိုင်လေပြီ။ ပြင်ပ ဖြစ်တဲ့ဘဝရဲ့ အောင်မြင်မှုဟာ သာမညပါ။ အတွင်းကိလေသာ အောင်မြင်မှုသာ ပဓာနဖြစ်ပါတယ်။*

ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ၊
ဧကဉ္စ ဇေယျမတ္တာနံ၊ သ ဝေ သင်္ဂါမဇုတ္တမော။[၁]

စစ်မြေပြင်မှာ စစ်သားဟာ ရန်သူတို့ကို အကြိမ်တစ်သန်းတိုင်အောင် နိုင်တာထက် မိမိကိုယ်တွင်းက ကိလေသာကို တစ်ကြိမ်တစ်ခါလောက် အောင်နိုင်တဲ့ သူရဲကောင်းသာ စစ်နိုင်သူတို့ထဲမှာ အမြင့်မြတ်ဆုံးဖြစ်တယ်။

ဝိပဿနာတရားကို အချိုးကျကျ အားထုတ်တတ်လာရင် မိမိအားထုတ်နေတဲ့တရားကို မြတ်ဗုဒ္ဓဟောတော်မူခဲ့တဲ့ ဘယ်တရားတော်နှင့် ချိန်လိုက်ချိန်လိုက် ကိုက်ညီနေရပါမယ်။ သစ္စာလေးပါးနှင့်လည်း ကိုက်ညီနေရပါမယ်၊ ဗောဇ္ဈင်(၇)ပါးနှင့်လည်း ကိုက်ညီနေရပါမယ်၊ ပဋိစ္စသမုပ္ပါဒ်နှင့်လည်း ကိုက်ညီနေရပါမယ်၊ မဂ္ဂင်တရားနှင့်လည်း ကိုက်ညီနေရပါမယ်။

ကတမာ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ၊ ယံ ခေါ ဘိက္ခဝေ ဒုက္ခေ ဉာဏံ, ဒုက္ခသမုဒယေ ဉာဏံ, ဒုက္ခနိရောဓေ ဉာဏံ, ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ, အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။[၂]

ချစ်သားတို့- အဘယ်မည်သောတရားသည် (တစ်နည်း) အဘယ်ကဲ့သို့ မြင်သောအမြင်သည် အမှန်ကိုမြင်ခြင်းဖြစ်သနည်း။

(၁) ဒုက္ခသစ္စာဟူသော ဆင်းရဲအမှန်ကို "ဆင်းရဲအမှန်"ဟု ပိုင်းခြားထင်ထင် သိမြင်ခြင်းသည်လည်းကောင်း၊

(၂) ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကို "ဆင်းရဲဖြစ်ကြောင်း အမှန်"ဟု ပိုင်းခြားထင်ထင် သိမြင်ခြင်းသည်လည်းကောင်း၊

---

၁။ (၁၀၃) ကုဏ္ဍလကေသိတ္ထေရီဝတ္ထု၊ ဓမ္မပဒပါဠိ။
၂။ (၄၀၂) မဂ္ဂသစ္စနိဒ္ဒေသ၊ မဟာဝဂ္ဂပါဠိ။

(၃) ဒုက္ခချုပ်ရာ နိရောဓသစ္စာကို “ဆင်းရဲချုပ်ရာအမှန်”ဟု ပိုင်းခြား ထင်ထင် သိမြင်ခြင်းသည်လည်းကောင်း

(၄) ဒုက္ခချုပ်ကြောင်း လမ်းကောင်းအမှန် မဂ္ဂသစ္စာကို “ဆင်းရဲ ချုပ်ကြောင်းအမှန်”ဟု ပိုင်းခြားထင်ထင် သိမြင်ခြင်းသည် လည်းကောင်း သစ္စာလေးပါး အမှန်တရားတို့ကို အမှန်အတိုင်း ပိုင်းခြားထင်ထင် သိမြင်တတ်သော ဉာဏ်ပညာကို (သမ္မာဒိဋ္ဌိ) မှန်သောမြင်မှု (တစ်နည်း)အမှန်ကို အမှန်အတိုင်း သိမြင်မှုဟု ခေါ်ဆိုအပ်၏။

*ရှေးရှေးသူတော်ကောင်းများ သွားတော်မူပြီးသား ဖုန်ထနေတဲ့ လမ်းရိုးလမ်းဟောင်းကို သွားနေရတာပါ။ ပရိယတ္တိဆိုတဲ့ မီးခွက်ငယ်ကို ကိုင်ပြီးတော့ ပဋိပတ္တိခရီး သွားနေရတာ ဖြစ်ပါတယ်။ မိမိတို့အနေနှင့် အဆန်းတီထွင်စရာ၊ ကြံဆစိတ်ကူးပြီး ဖော်စရာ မရှိပါဘူး။ မြတ်ဘုရားရဲ့ ပရိယတ္တိမှာက ဖြည့်စွက်ရန် ထုတ်နုတ်ရန် မလိုအောင်ကို ပြည့်စုံ ကုံလုံပြီးသား ဖြစ်ပါတယ်။*

ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့်တိုင် အထောက်အပံ့ကောင်း ဖြစ်နိုင်ပါစေ။

မေတ္တာဂရုဏာဖြင့်
ဆရာတော်
ရက်စွဲ- ၁၉၈၈ ခု၊ မတ်လ(၃)ရက်။

**ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဆရာတော်ဘုရား ကျန်းမာစွာဖြင့် သာသနာ့တာဝန်များ ထမ်းဆောင်နိုင်ပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သပါတယ်ဘုရား။ တပည့်တော်မ တွေ့ကြုံရတဲ့ တရားအတွေ့အကြုံများကို လျှောက်ထားပါမယ်ဘုရား။

*တပည့်တော် စိတ်တွေ ရှုပ်ခဲ့လို့ အာရုံတွေ ရှုပ်ခဲ့ပါတယ်။ စိတ်တွေပူခဲ့လို့ အာရုံတွေ ပူခဲ့ပါတယ်ဘုရား။ အခု စိတ်တွေ ငြိမ်းအေးလာတော့ အာရုံတွေလည်း ငြိမ်းလာတာကို တဖြည်းဖြည်း သတိထားမိလာပါတယ်။* ပိန်းကြာရွက်ပေါ် ရေတင်ပင်တင်သော်လည်း မစိုသည့်ပမာလို့ လျှောက်ထားပါရစေဘုရား။

*အာရုံကတော့ ပတ်ဝန်းကျင်မှာ ရှိနေတာပါပဲ။ သို့သော် တပည့်တော် စိတ်အိမ်ကို မထိခိုက်စေနိုင်တော့ပါဘူး။* ဒါကြောင့် မြတ်စွာဘုရား ဟောတော်မူထားတဲ့ မာလုကျပုတ္တဒေသနာတော်၊ ဗာဟိယဒါရုစီရိယ ဒေသနာတော်ကို အခုတော့ ပို၍ နက်နက်နဲနဲ နားလည်လာပါတယ်။ အရင်နားလည်တာနှင့် အခုနားလည်တာ မတူတော့ပါဘူးဘုရား။ သိပြီးသား တရားတွေကိုပဲ ထပ်ပြီးတော့ နက်နက်နဲနဲ သိလာတာပါဘုရား။

*နက်နက်နဲနဲ သိလာတာနှင့်အမျှ စိတ်သစ်လူသစ် ဖြစ်သလိုပဲ ခံစားရပါတယ်။* စိတ်က ပိုငြိမ်းအေးနေပါတယ် စိတ်မှာ အသိသတိ ဆက်နေပါတယ်ဘုရား။ ပြင်ပဆိုင်ရာ အာရုံတွေကို မယူလိုဘူး၊ ယူလည်းပဲ တစ်ခဏချင်းလေးပဲယူပြီး စိတ်က သူ့နေရာသူ ပြန်ရောက်ပါတယ်။ စိတ်က ကြည်လင် သန့်ရှင်းနေပါတယ်။ အကုသိုလ်ကင်းငြိမ်းနေပါတယ်ဘုရား။

တပည့်တော်ဘက်က စိတ်ရှင်းတော့ ပတ်ဝန်းကျင်ကိုကြည့်တဲ့ အခါမှာ သူတို့လည်း ပျော်ရွှင်နေကြမှာပဲလို့ ရံခါ တွေးထင်မိတယ်။ လေတိုက်လို့ သစ်ပင်တွေ ယိမ်းနေတာ ကြည့်ပြီးတော့ “သြော်. . သစ်ပင်တွေလည်း ပျော်ရွှင်နေကြတာပဲ”လို့ ရံခါ တွေးထင်မိပါတယ်။ မိုးတွေရွာတော့မှာကိုး။ လယ်သမားတွေရော သစ်ပင်တွေရော “အားလုံးဝမ်းသာကြမှာပဲ”လို့ လျှပ်စီးတွေလက်ပြီး မိုးခြိမ်းနေတဲ့ ကောင်းကင်ပြင်ကြည့်ပြီး တွေးမိပါတယ်။

*ဘာကိုမြင်မြင်၊ ဘာကိုကြားကြား၊ ဘာကိုတွေးတွေး၊ စိတ်ညစ်စရာမပါဘူး။ အရင်ကတော့ ဘယ်အချိန်တွေးတွေး စိတ်ညစ်စရာ၊ ဘာကိုကြားကြား စိတ်ပျက်စရာ၊ ဘာကိုမြင်မြင် စိတ်နောက်ကျိစရာ၊ စိတ်ပင်ပန်းစရာ၊ စိတ်ပူပင်စရာတွေပဲ ဖြစ်ခဲ့ပါတယ်။* အခုတော့ ပြောင်းပြန် ဖြစ်သွားပါတယ်ဘုရား။ ဝိပဿနာတရားရဲ့ သတ္တိဟာ အလွန်အမင်း အံ့သြဘွယ်ပါလားဆိုတာကို ကိုယ်တွေ့ သိလာပါတယ်ဘုရား။

စိတ်ချမ်းသာအောင် နေနိုင်တဲ့နည်းဟာ ဒီနည်းမှအပ ကမ္ဘာပေါ်မှာ ရှိမှာမဟုတ်ပါဘူးဆိုတာ ရဲရဲဝံ့ဝံ့ လျှောက်ထားပါရစေဘုရား။

ဘဝတာမှာ ဆုံဆည်းခဲ့ရတဲ့ ဆရာသမား၊ မိဘများက အကြားအမြင် ဗဟုသုတ ကြွယ်ဝစေဖို့ ရုပ်မြင်သံကြား ကြည့်ခိုင်းခဲ့တယ်။ သတင်းစာ၊ ဂျာနယ်တွေ ဖတ်ရှုခိုင်းခဲ့တယ်။ ရေဒီယိုသတင်းတွေ နားထောင်စေခဲ့ပါတယ်ဘုရား။ ကိုယ်တိုင်လည်း လူငယ်တွေကို အဲသလိုပဲ သွန်သင်ဆုံးမကာ သြဝါဒတွေ ပေးခဲ့ပါတယ်။ လောကမှာ လူရည်မလည်ပဲ ဖြစ်မှာကိုစိုးလို့ ဉာဏ်မဖွံ့ဖြိုးပဲ ဖြစ်မှာစိုးလို့ပါဘုရား။

ခုသိလာတဲ့ အသိနှင့်က ဘာမှ သုံးမရတဲ့ အမှိုက်တွေကို သိုမှီး သိမ်းဆည်းမိတာ ပါကလားလို့ သိလာရတော့ ရှက်မိပါ

တယ်ဘုရား။ တပည့်တော်မရဲ့ အရင်အသိတွေက ဘဝသံသရာမှ လွတ်မြောက်ရေးကို အထောက်အပံ့ မဖြစ်တဲ့အပြင် အနှောင့် အယှက်ကြီး ဖြစ်ခဲ့တာပါကလားလို့ ခုတော့ သိလာပါပြီဘုရား။ ဘဝသံသရာက လွတ်မြောက်ရေးအတွက် လိုအပ်တဲ့ သတင်းအချက် အလက် (Right Information Data)ကိုရနိုင်တဲ့ (Media) ကလည်း ရှားပါးလှပါတယ်ဘုရား။ ကမ္ဘာကြီးဟာ မှောင်မည်းပြီး ဗဟုသုတ ဆင်းရဲ ချို့ငဲ့နေရှာပါကလားလို့ သတိပြုမိလာပါတယ်ဘုရား။

ဆရာတော်ဘုရား ကျန်းမာစွာဖြင့် သာသနာ့တာဝန်တွေ ထမ်းဆောင်နိုင်ပါစေကြောင်း မေတ္တာပို့သပါတယ်ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၈ ခု၊ မတ်လ(၁၂)ရက်။

## ဒါယိကာမထံသို့ အသိပေးပြန်ကြားအပ်ပါသည်။

ဒါယိကာမ ရေးသားလျှောက်ထားတဲ့ (၁၂၊ ၃၊ ၈၈) ရက်စွဲပါ စာကို လက်ခံရရှိလို့ ပြန်ကြား အသိပေးလိုက်ပါတယ်။

ပြင်ပကပူတယ်၊ စိတ်ထဲမပူဘူး၊ ပြင်ပကဆူတယ်၊ စိတ်ထဲမဆူ ဘူး။ ပြင်ပကအာရုံတွေ ရှုပ်နေတယ်၊ စိတ်ထဲမရှုပ်ဘူး။ *အာရုံ တွေရှုပ်လို့ ပူလို့ စိတ်ကပူတာ ရှုပ်တာမဟုတ်ဘူး။ စိတ်ငြိမ်းတော့ အာရုံငြိမ်းတယ်၊ စိတ်အေးတော့ အာရုံအေးတယ်၊ စိတ်မပူလျှင်*

*အာရုံမပူဘူး။ စိတ်က မငြိမ်းချမ်းလို့သာလျှင် အာရုံတွေ မငြိမ်းချမ်း ဖြစ်နေတာပါလို့ သဘောပေါက်လာတာ ကောင်းပါတယ်။ မှန်ကန်စွာ သိလာတာဖြစ်ပါတယ်။*

ဒါကြောင့် စိတ်ကိုငြိမ်းအောင်၊ အေးအောင်၊ စိတ်ပြာယာ မခတ်အောင် နေတတ်ဖို့သာလျှင် ပဓါနပါ။ *ရာဂ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတွေ ကင်းတဲ့စိတ်က ငြိမ်းအေးပါတယ်။ မြတ်စွာဘုရားရှင်က လောဘကုန်ရာကို နိဗ္ဗာန်လို့ ဟောတော်မူထားပါတယ်။ မြတ်စွာဘုရားရှင်က ဒေါသကုန်ရာကို နိဗ္ဗာန်လို့ ဟောတော်မူထားပါတယ်။ မြတ်စွာဘုရားရှင်က မောဟကုန်ရာကို နိဗ္ဗာန်လို့ ဟောတော်မူထားပါတယ်။*[၁]

*ဒါကြောင့် နည်းနည်းကုန်ရင် နည်းနည်းနိဗ္ဗာန် တဒင်္ဂနိဗ္ဗာန် နိရောဓပေါ့။ များများကုန်ရင်တော့ များများနိဗ္ဗာန် ဝိက္ခမ္ဘနနိရောဓပေါ့။ အလုံးစုံကုန်သွားရင်တော့ အလုံးစုံနိဗ္ဗာန် သမုစ္ဆေဒနိရောဓ ဖြစ်ပါတယ်။*[၂]

"ကိံ ပနေတ္ထ အာဝုသော သာရိပုတ္တ သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတ" န္တိ။ ဧတဒေဝ ခွေတ္ထ အာဝုသော သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတံ။[၃]

ငါ့ရှင်သာရိပုတြာ ခံစားမှုမရှိသောနိဗ္ဗာန်၌ ချမ်းသာကား အဘယ်ပါနည်းဟု အရှင်ဥဒါယိကမေး၏။ အရှင်သာရိပုတြာသည် *"ငါ့ရှင် ခံစားမှုမရှိသော ဤနိဗ္ဗာန်၌ ဤခံစားမှု မရှိခြင်းသည်ပင်လျှင် ချမ်းသာမည်၏"လို့ မိန့်ဆိုတော်မူလိုက်ပါတယ်။*

---

၁။ (၃၁၄) နိဗ္ဗာနပဉှာသုတ္တံ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ၊

၂။ A Still Forest Pool by VEN: Achaan Chah.

၃။ (၃၄) နိဗ္ဗာနသုခသုတ္တံ၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ။

ဆက်လက်ပြီး သိစေလိုတာကတော့ အသိဉာဏ်နည်းပါးတဲ့ ကလေးဘဝကို ကြောက်စရာကောင်းတယ်လို့ သိဖို့ မခက်ပါဘူး။ ဒါပေမယ့် အသိဉာဏ်မရှိတဲ့ လူကြီးဘဝလည်း ဘာထူးမလဲ၊ ကြောက်စရာ ကောင်းတာပါပဲ။ တဏှာ၊ မာန၊ အဝိဇ္ဇာနှင့်နေပြီး တဏှာ၊ မာန၊ အဝိဇ္ဇာနှင့် သေရမှာထက် အပြစ်ကြီးတာ တစ်ခြား မရှိပါဘူး။

*ကာမဂုဏ်ငါးပါးဟာ ဘာမှမဟုတ်ဘူး၊ ကာမဂုဏ်ငါးပါး ခံစားဖို့ ပဓါနမဟုတ်ဘူး၊ ကာမဂုဏ်ငါးပါးဟာ အရေးမကြီးဘူး ဆိုတာကို လက်ခံဖို့ ခက်တယ်၊ သဘောကျဖို့လည်း ခက်တယ်၊ လိုက်နာ ကျင့်သုံးဖို့ဆိုတာတော့ အခက်ဆုံးပါပဲ။*

ရှည်လျားလှတဲ့ ဘဝသံသရာနှင့် ယှဉ်ပြီးတော့ အခုရရှိထားတဲ့ ဘဝခန္ဓာရဲ့အပြစ်ကို မြင်တတ်လာရင် ဘာမှမက်မောစရာမရှိဘူး။ ဘာမှ ဝါကြွားစရာမရှိဘူး၊ ဘဝခန္ဓာဟာ ခေတ္တပဲ၊ တစ်ခဏပဲ၊ ရေပွက် ကလေးမျှပဲ။

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။[၁]

ရုပ်ကို ရေမြှုပ်စိုင်နှင့်တူတယ်၊ ခံစားမှုဝေဒနာကို ရေပွက်နှင့် တူတယ်၊ မှတ်သားမှုသညာကို တံလျှပ်နှင့်တူတယ်၊ ပြုပြင်မှုသင်္ခါရ တို့ကို ငှက်ပျောတုံးနှင့်တူတယ်၊ သိမှုဝိညာဏ်ကို မျက်လှည့်နှင့် တူတယ်လို့ မြတ်စွာဘုရား ဟောတော်မူပါတယ်။

ဒီသဘောကို ဉာဏ်မခိုင်ရင်တော့ အားငယ်စရာပါပဲ။ဒါကြောင့် ဒီသဘောကို လူအများမကြိုက်ကြဘူး။ အခုလို ဝိပဿနာတရားကို

---
၁။ (၉၅) ဖေဏပိဏ္ဍူပမသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။

စနစ်တကျ အားထုတ်ထားတဲ့ လူအဖို့တော့ အားတက်စရာပါ။ ယခုလို လူ့ဘဝရထားပြီး သာသနာနှင့်ကြုံတာ ကံကောင်းလိုက်တာ ဆိုပြီး သဒ္ဓါ ဝီရိယတက်စရာ ရှိပါတယ်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့နှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာစသည် တို့ဟာ ထိတွေ့ပြီးပြီးချင်း ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီးချုပ် နေတာကို ဝိပဿနာယောဂီမှပဲ သိနိုင်ပါတယ်။

ဧကေသို့ ဟိ အစ္ဆရာကၡဏေ အနေကာနိ စိတ္တကောဋ္ဌိ-သတသဟဿာနိ ဥပ္ပဇ္ဇန္တိ။[၁]

စိတ်ဟာ အဖြစ်အပျက်လည်း အလွန်မြန်ပါတယ်။ လက်ဖျစ် တစ်ချက်တီးတဲ့ အချိန်အတွင်းမှာပဲ ကုဋေတစ်သိန်းမက များစွာ ရှေ့နောက်ဆက်ကာ ဖြစ်ပျက်နိုင်ပါတယ်။ စိတ်ဟာ အဖြစ်အပျက် မြန်နေတာပဲရှိတယ် စိတ် (၂)မျိုး၊ (၃)မျိုး(အများအပြား) အာရုံ ၂-ခု၊ ၃-ခု (အများအပြား)ပြိုင်တူ ဖြစ်ရိုးတော့မရှိပါဘူး။ *စိတ်တစ်ခု ဖြစ်ပြီး ချုပ်သွားမှ နောက်စိတ်တစ်ခု ဆက်ဖြစ်ပါတယ်။ အာရုံ တစ်ခုကို ယူမှုကိစ္စပြီးသွားမှ အခြားအာရုံတစ်ခုကို ဆက်ပြီးယူရပါ တယ်။* ယခုလို လျှင်လျှင်မြန်မြန် ဖြစ်ပြီးပျက်နေတဲ့ သဘောတရား ကြီးပဲဆိုတာကို ဂယနဏသိလာသူဟာ အနှစ်မရှိတဲ့ ကာမဂုဏ်ငါးဖြာ ကနေ အနှစ်ရှာတော့မှာ မဟုတ်ပါဘူး။

သဘာဝတရားကို သဘာဝတရားအတိုင်း လက်ခံနိုင်ခြင်းဖြင့် စိတ်ချမ်းသာမှု အစစ်ကို တွေ့ရှိနိုင်ပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၈ ခု၊ မတ်လ(၂၄)ရက်။

---

၁။ (၆၁) အဿုတဝါသုတ္တ၊ နိဒါနသံယုတ္တ-၅၂။

**လေးစားရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။**

မနေ့ညက ၁၁း၃၀ နာရီမှာ တရားထိုင်နေပါတယ်ဘုရား။ ပြင်ပမှာ အသံဆူညံမှုတစ်ခုရှိ နေပါတယ်ဘုရား။ ဒါပေမဲ့ ပြင်ပက ဆူသော်လည်း တပည့်တော်မရဲ့ လုပ်ငန်းကို အနှောင့်အယှက် မဖြစ်စေပါဘူး။

စကြဝဠာတိုင်အောင် တပည့်တော် မေတ္တာကို ဖြန့်ပို့နေရတာ မပင်ပန်းပါဘူးဘုရား။ သိမ်းဆည်းရတာလည်း မပင်ပန်းလှပါ။ စက္ကန့်ပိုင်းပဲ ကြာမယ်ထင်တယ်။ အလွန့်အလွန် ငြိမ်းချမ်းတဲ့ မေတ္တာမျှပဲ စိတ်ထဲ တည်နေပါတယ်။ တခြား ဘာစိတ်မှ မရှိတော့တာကိုလည်း အံ့သြစရာ သိနေပါတယ်ဘုရား။

အိုးအိမ်ထူထောင်ခြင်းဟာ ကိလေသာ မြစ်ဖျားခံရာဌာနပါပဲ။ အိုးအိမ်ထူထောင်ပြီး နေကြတဲ့ လူတွေမှာ တစ်နေ့တစ်နေ့ ဘာမှန်းမသိ ညာမှန်းမသိနှင့် ရက်တွေ ကုန်လွန် သွားနေကြပါတယ်ဘုရား။ လူသားအများက ဘဝချမ်းသာကို ကာမဂုဏ်(၅)ဖြာနှင့်ပဲ အပြီးသတ် နေကြပါတယ်ဘုရား။ သို့သော် အိုးအိမ် ထူထောင်တာက တစ်လမ်း၊ ဘဝချမ်းသာရှာမှီးမှုက တစ်လမ်းဆိုတာကို တပည့်တော်မ ထဲထဲဝင်ဝင် နားလည် သဘောပေါက်လာပါတယ်ဘုရား။

သို့ပါသော်လည်း လူသား တစ်ရပ်လုံးရဲ့ ကိုးကွယ်မှု၊ ယုံကြည်မှု၊ ဆုတောင်းပတ္ထနာ ပြုမှုတို့ဟာ အကြောက်တရားကို အခြေခံနေတယ်လို့ ထင်ပါတယ်ဘုရား။ လက်ရှိ အခြေအနေမှာ ချမ်းသာဖို့ ဘေးရန်လုံခြုံဖို့ စသည်စသည် အတွက်သာ အများအားဖြင့် ကိုးကွယ် ဆည်းကပ်နေကြတာကို သတိပြုမိ လာပါတယ်ဘုရား။

တပည့်တော်လည်း ဒီအဝန်းဝိုင်းထဲက ထွက်မြောက်လာခဲ့သူပါဘုရား။ သို့ပါသော်လည်း လွယ်လွယ်နှင့်တော့ ထွက်မြောက်လာ

နိုင်ခဲ့တာမဟုတ်ပါဘူး။ အခုတော့ လွတ်သွားပါပြီဘုရား။

*ကြောက်လို့ မြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ်နေခြင်း မဟုတ်ပါဘုရား။ ကြောက်လို့မို့ ဓမ္မတရားတော်ကို ကိုးကွယ် ဆည်းကပ်နေခြင်း မဟုတ်ပါဘုရား။ ကြောက်လို့မို့လို့ သံဃာတော်မြတ်ကို ကိုးကွယ် ဆည်းကပ်နေခြင်း မဟုတ်ပါဘုရား။*

တပည့်တော် အဲ့ဒီကြောက်ခြင်းကို အခြေခံတဲ့ ကိုးကွယ်ယုံကြည်မှု၊ ပူဇော်ပသမှု၊ ဆုတောင်းပတ္ထနာ ပြုမှုတွေကနေ ဒီဘဝတော့ လွတ်ငြိမ်း ချမ်းသာပါပြီဘုရား ဘဝဆက်တိုင်း ဆက်တိုင်းလည်း လွတ်ငြိမ်း ချင်ပါပြီဘုရား။

ဘဝတစ်ခုရဲ့ ဒီစားဝတ်နေရေးဟာ နောက်ဆုံးမှာတော့ ဘာမှ မဟုတ်ဘူးဆိုတာ လူသားတွေ သိကြမှာ မဟုတ်ပါဘူး။ မြင်လျက်နှင့် မသိရှာတာပါဘုရား။ လူ့ဘဝရဲ့ အဓိကလုပ်ရမဲ့ ကိစ္စရပ်ကို လူတွေ မလုပ်မိဘဲ၊ ဘာမှအရေးမကြီးတာကို သဲသဲမဲမဲ လုပ်နေတာကြည့်ပြီး ဘုရားတပည့်တော် လူသားတွေကို အထူးပဲ သနားကရုဏာ ဖြစ်နေမိပါတယ်ဘုရား။ မိမိဘဝအတွက်လည်း ခုလို တန်ဖိုးရှိပြီး အနှစ်သာရ ပြည့်ဝတဲ့ အသိတွေ ရပေလို့သာ တော်တော့တယ်လို့လည်း တွေးမိပြီး တပည့်တော်မရဲ့ လက်ကျန်နေရဦးမယ့် ဘဝတာအတွက် ကျေနပ် အားရပါတယ်ဘုရား။

မသေသေးခင်လည်း ဝိပဿနာနှင့် နေနေပါတယ်ဘုရား။ သေတော့လည်း ဒီတရားနှင့်ပဲ သေပြီး၊ လိုရာပန်းတိုင် မရခဲ့ရင် နောက်ဘဝတိုင်လည်း ဒီတရားကို ဆက်လုပ်ပါ့မယ်လို့ ကတိပြုပါတယ်ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၈ ခု၊ ဧပြီလ (၆)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားသိစေအပ်ပါသည်။**

*ပရမတ္ထဓမ္မရဲ့နယ်မှာ အမှန်တရားဆိုတာ တစ်ခုပဲရှိပါတယ် ပညတ်နယ်မှာတော့ အမှန်တရားတွေ အများကြီး ရှိပါတယ်။*

ငွေပေါရင် မှန်တယ်၊ ရာထူးကြီးရင် မှန်တယ်၊ ဒါကြောင့် ငွေရှိအောင်၊ ရာထူးရှိအောင် လုပ်ရမယ်၊ ဒါကမှန်တာလုပ်တာ၊ ကောင်းတာ လုပ်တယ်။ ဒါတွေဟာ လူ့လောက အမြင်အားဖြင့်တော့ မှန်ကောင်း မှန်ပါလိမ့်မယ်။

ဒါပေမဲ့ အဲဒီမှာက အမှန်တွေ အများကြီး တွေ့ရမယ်။ မြတ်စွာဘုရားရဲ့ အမြင်မှာ နန်းစည်းစိမ်ဟာ ဘာမှမဟုတ်ဘူး၊ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် စကြဝတေးမင်းရဲ့ စည်းစိမ်ကို စွန့်ပြီးတော့ တောထွက်တော်မူခဲ့ပါတယ်။

ပါရမီရှင်ကြီး ဖြစ်လို့ပါဆိုပြီး စောဒက တက်ချင်လည်းတက်ကြပါလိမ့်မယ်။ ဒါပေမဲ့ မြတ်စွာဘုရားရှင်ရဲ့ညီတော် နန္ဒမင်းသားရှင်ဘုရင်ဖြစ်မယ့်နေ့ ရာဇဘိသိက် အခမ်းအနား၊ လက်ထပ်မင်္ဂလာအခမ်းအနား ကျင်းပမဲ့နေ့မှာပဲ မြတ်စွာဘုရားက သပိတ်ပိုက်ခိုင်းပြီး နန္ဒမင်းသားကို မြတ်စွာဘုရားသတင်းသုံးရာ ကျောင်းတော်သို့ ခေါ်သွားတော်မူပြီး ရဟန်း ပြုပေးတော်မူပါတယ်။ အဲ့ဒီနေ့ ကပိလဝတ်ပြည်မှာ ကျင်းပမယ့် အခမ်းအနားတွေအားလုံး ပျက်သွားပါတယ်။

မြတ်စွာဘုရားရဲ့အမြင်မှာ နန္ဒမင်းသား ရှင်ဘုရင်ဖြစ်ရေး၊ ဇနပဒကလျာဏီနှင့် ထိမ်းမြားမင်္ဂလာပြုရေးကိစ္စတွေ အရေးမကြီးဘူး။ နန္ဒမင်းသား နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက်ပြုရေးသာ အဓိက ပဓာနဖြစ်တယ်။[၁] မြတ်စွာဘုရား ဟောတော်မူထားတဲ့ ပါဠိတော်များနှင့်

---

၁။ နန္ဒတ္ထေရဝတ္ထု၊ ဓမ္မပဒ-၅-၁။

ဓမ္မကထိကဆရာမများမှ မြတ်ဘုရား၏ ဆန္ဒတော်ကို ထင်ဟပ်စေတဲ့ ဒီစာပိုဒ်ကို မှတ်သားနိုင်ဖို့ ရေးပေးလိုက်ပါတယ်။

## လူ၏ပဓာနတာဝန်

*လူ၏ ပဓာနပင်မတာဝန် ဝတ္တရားမှာ ဘဝသံသရာမှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရန်မျှသာ ဖြစ်သည်။*

*အကယ်၍ တစ်စုံတစ်ဦးဦးက အခြားတာဝန်များလည်း လူ၌ ရှိပါသေးသည်ဟု ဆိုလာပါမူကား ထိုတာဝန် ဝတ္တရားတို့သည် လူ၏ ပဓာနတာဝန်မဟုတ် သာမညတာဝန်မျှသာ ဖြစ်ပါသည်။*

## လူ့ဘဝ၏အဓိပ္ပါယ်

*လူ့ဘဝ၏တန်ဖိုး လူ့ဘဝ၏ပန်းတိုင်နှင့် လူ့ဘဝ၏ အဓိပ္ပါယ်ဟူသည် ထိုထိုပဓာန တာဝန်ဝတ္တရားတို့ကို ဆောင်ရွက်နေခြင်းမှ အပ အခြား ဘာမျှမရှိပေ။*

ဒါယိကာမကြီးအနေဖြင့် ပဓာနတာဝန်နှင့် သာမညတာဝန်တို့ကို ခွဲခြားသိရှိနိုင်ပြီး ဘဝသံသရာမှ လွတ်မြောက်နိုင်ပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ- ၁၉၈၈ ခု၊ ဧပြီလ(၂၆)ရက်။

**ရှိသေလေးစားစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

*တပည့်တော်မဘဝမှာ ဘဝလွတ်မြောက်ရေးတာဝန်မှ အပ အခြားတာဝန် တစ်စုံတစ်ရာမှ အရေးတကြီး မရှိတော့ပါဘုရား။ ဒါကြောင့် ရည်မှန်းထားတဲ့ နိဗ္ဗာန်ကို ပန်းတိုင်ထားပြီး ကြိုးပမ်းနေတာ ခရီးလည်း တွင်ကျယ်လှပါတယ်ဘုရား။* တစ်နေ့တစ်ခြား ပို၍ပို၍ ခရီးလည်း ရှေ့ကို တိုးနေပါတယ်ဘုရား။

ဘုရားတပည့်တော် ဘဝမှာ အရေးပါမှု၊ အရာရောက်မှု တို့ကို အရင်က အားကျမိဖူးပါတယ်ဘုရား။ ဖြစ်လည်း ဖြစ်ချင်ခဲ့ဖူးပါတယ်၊ ဖြစ်နိုင်အောင်လည်း ကြိုးစားခဲ့ဖူးပါတယ်။ လာဘ်လာဘတွေရဖို့ ကြိုးပမ်းခဲ့ဖူးပါတယ်။ လူအထင်ကြီး ခံရဖို့ကိုလည်း နှစ်သက်ခဲ့ဖူးပါတယ်။ ဘဝရဲ့ အောင်မြင်မှုကိုလည်း အဲဒီစံနှင့်ပဲ တိုင်းခဲ့ဖူးပါတယ်ဘုရား။

*တပည့်တော်မ အခု နားလည်ပါပြီဘုရား။ အရာရောက်မှု၊ လူအထင်ကြီး ခံရမှုတွေ မဖြစ်ချင်တော့ပါဘူး။ လာဘ်လာဘ ရတာ အပူဇော်ခံရတာ အရာရောက်တာတွေဟာ ဘဝရဲ့ပန်းတိုင် မဟုတ်တော့ပါဘူး။ အားကျစရာလည်း မဟုတ်ပါဘူး၊ ဂုဏ်ယူစရာလည်း မဟုတ်တော့ဘူးဆိုတာ ပိုပြီး နားလည်ပါပြီဘုရား။* ဒါကြောင့် တပည့်တော်မ အနေနှင့် *နောက်နောင် ဘဝဘဝတွေ ရှိနေဦးမယ် ဆိုရင်တောင်မှ ကြီးကျယ်ခမ်းနားတဲ့ ဧကရာဇ် ရှင်ဘုရင်ကြီး မဖြစ်ပါရစေနှင့်၊ သူဌေးသူကြွယ်ကြီး မဖြစ်ပါရစေနှင့်၊ အရာရောက် အရေးပါသူကြီးလည်း မဖြစ်ပါရစေနှင့်လို့ တိတ်တခိုး ဆုတောင်း ဆန္ဒ ပြုနေမိပါတယ်ဘုရား။*

မိမိ ရည်မှန်းထားတဲ့ ဘဝလွတ်မြောက်ရာ ပန်းတိုင်ကိုပဲ မထင်မရှားတဲ့ အညတရဘဝနှင့်ပဲ မမိုတ်မသုန် စိုက်လိုက်မတ်တတ် မနေမနား ကြိုးစားသွားဖို့ ဆန္ဒ ပြင်းပြပါတယ်ဘုရား။

တပည့်တော်မ ကြည်ညိုလေးမြတ်စွာ ဆက်လက် လျှောက်ထားပါမယ်ဘုရား။ ဘုရားတပည့်တော်မ အကြိမ်များစွာ ဘဝကို မကျေမနပ် ဖြစ်ခဲ့ဖူးပါတယ်ဘုရား။ ဘဝအပေါ်မှာ အားမလို အားမရလည်း ဖြစ်ခဲ့ဖူးပါတယ်။ လက်ရှိအခြေအနေထက် ကောင်းတယ်ထင်တာကို မျှော်လင့်ချက် ကြီးစွာနှင့်လည်း ရှာဖွေခဲ့ဖူးပါတယ်။ တစ်နည်း လျှောက်ထားရရင် *ဘဝကို အလိုက်ပေးပြီးလဲဖို့ အကြိမ်များစွာ ကြိုးစားခဲ့ဖူးပါတယ် အရှင်မြတ်ဘုရား။*

ယခုမှပဲ တပည့်တော်မရဲ့ လက်ရှိဘဝအခြေအနေကို လွန်စွာအားရ ကျေနပ်နေပါတယ်ဘုရား။ ပမာအားဖြင့် တစ်စုံတစ်ဦးက အလိုက်များစွာ (ရွှေတစ်တန်)အလိုက်ပေးပြီး လဲမည်ဆိုရင်တောင် လက်ရှိဘဝ အခြေအနေကို ဘုရားတပည့်တော်မ မလဲနိုင်တော့ပါဘုရား။

ဘာဖြစ်လို့လဲဆိုရင် အသိသတိဆက်တဲ့ တဒင်္ဂတိုင်း တဒင်္ဂတိုင်းက တန်ဖိုး အလွန် မြင့်မားနေလို့ပါဘုရား။ *တဒင်္ဂတိုင်း ရာဂ၊ ဒေါသ၊ မောဟ ကိလေသာ ကင်းစင်တဲ့စိတ်က အပူအပင်ကင်းပြီး စိတ်ထဲ ကြည်လင် အေးချမ်းနေပါတယ်ဘုရား။ ဒါကြောင့် တပည့်တော်မအနေနှင့် ကိလေသာ အပူအပင်ကြောင့် ကြောင့်ကြရမယ့် ပူပန်ရမယ့် ဘယ်ဘဝ အခြေအနေနှင့်မှ မလဲလှယ်နိုင်ဘူးလို့ ရိုသေစွာ လျှောက်ထားပါရစေဘုရား။ ဘုရားတပည့်တော်မ ဘဝမှာ ရွှေကို*

*အနှစ်ထင်ခဲ့ဖူးပါတယ်၊ ငွေကို အနှစ်ထင်ခဲ့ဖူးပါတယ်၊ ရာထူး ဌာနန္တရကို အနှစ်ထင်ခဲ့ဖူးပါတယ်၊ စီးပွားကို အနှစ်ထင်ခဲ့ဖူးပါတယ်၊ လင်တွေ သားတွေကို အနှစ်ထင်ခဲ့ဖူးပါတယ်၊ ဂုဏ်အသရေမြင့် တင်မှု၊ အခြွေအရံ ပေါမှုကိုလည်း ဘဝရဲ့အနှစ်၊ ဘဝရဲ့တန်ဖိုးလို့ ယူခဲ့ဖူးပါတယ်ဘုရား။*

အခုသိလာတဲ့အသိနှင့် ယှဉ်ကြည့်တော့မှ တော်တော်ရူးခဲ့တာပဲ။ တော်တော်ရယ်စရာကောင်းတာပဲ။ ခုတော့ အနှစ်မဟုတ်တာကို တပည့်တော်မ အနှစ်မဟုတ်မှန်း သိလာပါပြီဘုရား။ သဘောပေါက်လာပါပြီဘုရား။

တပည့်တော်မရင်ထဲမှာ ရက်လများစွာကပဲ သိချင်စိတ်ပြင်းပြနေတဲ့ မေးခွန်းတစ်ခု မေးခွင့် ပြုတော်မူပါဘုရား။ ဘိက္ခုနီထေရီမများရဲ့ သာသနာရေး အခြေအနေဟာ ယနေ့ကမ္ဘာပေါ်မှာ ဘယ်ကဲ့သို့ ဖြစ်နေပါသလဲဆိုတာ သိပါရစေဘုရား။ ဘိက္ခု (ရဟန်းယောကျ်ား) သာသနာတော်ကို သိရှိနားလည်ပါသော်လည်း ဘိက္ခုနီ (ရဟန်းမိန်းမ)များရဲ့ သာသနာရေး အခြေအနေကို မမြင်ရ မကြားရလို့ ရိုသေစွာ လျှောက်ထားရခြင်း ဖြစ်ပါတယ်ဘုရား။

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ- ၁၉၈၈ ခု၊ မေလ(၁၀)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

*ပုထုဇဉ်က ရံခါ ကောင်းပါတယ်၊ ရံခါ ဆိုးပါတယ်။ အရိယာက အမြဲကောင်းပါတယ်။ ဒါပေမယ့် ပုထုဇဉ်ရဲ့ ကိလေသာ ပေလူးနေတဲ့ မျက်လုံးနှင့် ကြည့်တဲ့အခါမှာတော့ အရိယာကိုလည်း ရံခါကောင်းတယ်လို့ မြင်တယ်၊ ရံခါ မကောင်းဘူးလို့ မြင်ပြန်တယ်။ သူကထင်နေတာပါ။ သိတာတော့ မဟုတ်ပါဘူး ဒါပေမယ့် သူမသိတာကို ငါမသိပါလားလို့ မသိနိုင်စွမ်းရှာဘူး။*

ပမာပြရရင် အရှင်ဒေဝဒတ်ဟာ မြတ်စွာဘုရားကို ရံခါဘုရားလို့ မြင်ခဲ့ပါတယ်။ ရံခါ နောင်တော်လို့ မြင်ခဲ့ပါတယ်။ ရံခါရန်သူလို့ မြင်ခဲ့ပါတယ်။ မာဂဏ္ဍီမိဖုရားကတော့ မြတ်စွာဘုရားကို ဂေါတမလို့ပဲ မြင်နိုင်ခဲ့ရှာတယ်။ အရှင်ကောကာလိက ကတော့လက်ယာရံ အရှင်သာရိပုတြာနှင့် လက်ဝဲရံ အရှင်မဟာမောဂ္ဂလ္လာန်တို့ကို သာမန်ရဟန်းတွေလိုပဲ မြင်နိုင်စွမ်း ခဲ့ရှာပါတယ်။

'ဘိက္ခုနီသာသနာအစ မိထွေးတော်ဂေါတမီက' ဖြစ်ပါတယ်။ မိထွေးတော်ဂေါတမီ ဘိက္ခုနီဖြစ်တဲ့ အချိန်ကာလဟာ မြတ်စွာဘုရားရှင် (၅)ဝါမြောက် ဝေသာလီပြည်မှာ ဝါဆိုတော်မူတဲ့ကာလကဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကတော့ ကပိလဝတ်ပြည် ထီးဖြူအောက်မှာပဲ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးတော့မှ ပရိနိဗ္ဗာန် စံဝင်သွားပါပြီ။

လူ့ဘောင်မှထွက်ပြီး ရဟန်းပြုခဲ့ကြတဲ့ သာကီဝင်မင်းသား (၅ဝဝ)တို့ရဲ့ ဇနီးဟောင်းမင်းသမီး(၅ဝဝ)တို့ကို ဦးဆောင်ပြီး မိထွေးတော်ဂေါတမီက အတူတကွ ဘုရားရှင်ထံပါး ဘိက္ခုနီပြုဖို့အတွက်

လျှောက်ထား တောင်းပန်ခဲ့ဖူးပါတယ်။ မြတ်စွာဘုရား ခွင့်ပြုတော် မမူခဲ့ပါဘူး။ တစ်ခါမှာတော့ မိထွေးတော်က ဆတ္တာသည်ကို ခေါ်ပြီး တော့မှ ဆံပင်တွေကိုရိတ်၊ ဖန်ရည်ဆိုးထားတဲ့ အဝတ်တွေဝတ်ပြီး နန်းတွင်းသူ သာကီဝင်မင်းသမီးတွေကို ခေါ်ဆောင်ကာ ကပိလဝတ် ပြည်မှ ဝေသာလီပြည်ကို စီးတော်ယာဉ်မပါ၊ ဖိနပ်မပါဘဲ ခြေလျင် ခရီးသွားကြပါတယ်။

အာနန္ဒာမထေရ်မှတစ်ဆင့် မြတ်စွာဘုရားကို တောင်းပန်ပြီး၊ ဂရုဓမ်(၈)ပါးကို ခံယူစေပြီး မိထွေးတော်ကြီး ဘိက္ခုနီအဖြစ်ကို ရရှိ ခဲ့တာဖြစ်ပါတယ်။

ဘိက္ခုနီဖြစ်ပြီးတဲ့နောက် ထေရီမ မိထွေးတော်ဂေါတမီဟာ မြတ်စွာဘုရားထံပါးမှ တရားတော်နာကြားကာ ကမ္မဋ္ဌာန်းယူပြီးနောက် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပါတယ်။ ဘိက္ခုနီထေရီမ (၅၀၀)တို့ ကတော့ နန္ဒကောဝါဒသုတ်အဆုံးမှာ အရဟတ္တဖိုလ်ကို မျက်မှောက် ပြုကြပါတယ်။

ဘိက္ခုနီသာသနာကတော့ အစဉ်မပြတ် ပထမသင်္ဂါယနာ၊ ဒုတိယသင်္ဂါယနာနှင့် တတိယသင်္ဂါယနာ အထိတော့ မညှိုးနွမ်း ခဲ့ပါဘူး။

တတိယသင်္ဂါယနာပြီးတဲ့ နောက်ပိုင်းမှာတော့ သီရိဓမ္မာ သောကမင်းကြီး စေလွှတ်တော်မူတဲ့ ကိုးတိုင်း ကိုးဌာနအနက် သီဟိုဠ်ကျွန်းကို ကြွသွားတော်မူတဲ့ အရှင်မဟိန္ဒမထေရ်ထံမှာ သီဟိုဠ်မင်းသမီး အနုဠာဒေဝီနှင့် အမျိုးကောင်း သတို့သမီး တစ် ထောင်တို့က ရဟန်းပြုတယ်လို့ မှတ်တမ်းပြုပါတယ်။ ဒါကြောင့် တတိယသင်္ဂါယနာ နောက်ပိုင်း သီဟိုဠ်ကျွန်းမှာ ဘိက္ခုနီသာသနာ

ထွန်းကားခဲ့တယ်လို့ မှတ်သားရပါမယ်။ ဆက်ပြီးတော့ အပရန္တတိုင်း (ယခုဘုံဘေမြို့)က စပြီးတော့ မြောက်ဘက် ကမ်းရိုးတန်းတလျှောက်မှာလည်း အမျိုးသမီးတစ်ထောင် ဘိက္ခုနီ ပြုကြတယ်လို့ မှတ်တမ်းရှိတယ်။ ကိုးတိုင်း ကိုးဌာနမှ သာသနာပြု ကြွတော်မူခဲ့တဲ့ အရှင်သောနမထေရ်နှင့် အရှင်ဥတ္တရမထေရ်မြတ်တို့ သုဝဏ္ဏဘူမိတိုင်း သထုံပြည်ကို ကြွရောက်တော်မူတဲ့နောက်ပိုင်း အမျိုးသမီး (၁၅၀၀)တို့ဟာ ဘိက္ခုနီပြုတယ်လို့လည်း မှတ်တမ်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် အိန္ဒိယနိုင်ငံနှင့် သုဝဏ္ဏဘူမိမှာလည်း ဘိက္ခုနီသာသနာ ထွန်းကားခဲ့တယ်လို့ မှတ်တမ်းများအရ မှတ်သားနိုင်ပါတယ်။[၁]

ဘိက္ခုနီသာသနာတော်ရဲ့ အစနှင့်အလယ်ကိုတော့ အဲဒီလို မှတ်တမ်း တင်ထားသော်လည်းပဲ ဘိက္ခုနီသာသနာ အဆုံးကိုတော့ အတိအကျ သိမှတ်ဖို့ အခက်အခဲ ရှိပါတယ်။ သို့သော် သီဟိုဠ်ကျွန်းသည်သာလျှင် ဘိက္ခုနီသာသနာ အသက်အရှည်ဆုံး ဖြစ်နိုင်မယ် ဆိုတာကတော့ သေချာတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနှစ်(၄၀၀)ကျော်ကျော်မှာ သီဟိုဠ်ကျွန်းမှာက ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ဆိုက်ရောက်လာတယ်။ အဲ့ဒီကာလတိုင် သီဟိုဠ်ကျွန်းမှာက ဘိက္ခုနီထေရီမများရှိသေးကြောင်း၊ အထောက်အထားအဖြစ် နာဂထေရီနှင့် အခြားဘိက္ခုနီများအကြောင်းကို မဟာဝဂ္ဂအဋ္ဌကထာ[၂] မှာ တွေ့ရပါတယ်။

သို့သော် အခြေအနေ အရပ်ရပ်ကို ထောက်ထားပြီး ဘိက္ခုနီသာသနာတော် အားနည်းနေတဲ့ ကာလလို့ မှန်းဆနိုင်ပါတယ်။

၁။ တတိယသင်္ဂီတိဂါထာ၊ ပါရာဇိကကဏ္ဍ-ဌ။
၂။ (၁၄၁) ဘိက္ခုအပရိဟာနိယဓမ္မ၊ မဟာဝဂ္ဂ-ဌ။

သာသနာသက္ကရာဇ် (၄၅၀) (BC ၉၄) ဝဋ္ဋဂါမဏိမင်းကြီးလက်ထက် သီဟိုဠ်နိုင်ငံမှာ စတုတ္ထသင်္ဂါယနာ တင်ပြီးလို့ နှစ်ပေါင်း မကြာမီ သာသနာ (၅၀၀)ကျော်လောက်မှာ ဘိက္ခုနီသာသနာတော် ပြတ်တောက်ခဲ့တယ်လို့ပဲ လူပညာရှိ ရဟန်းပညာရှိများက ခန့်မှန်းကြပါတယ်။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ- ၁၉၈၈ ခု၊ မေလ(၂၁)ရက်။

**ကြည်ညိုလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဆရာတော်ဘုရား ထံပါးမှ စာများကို ဖတ်ရှုရလို့ လွန်စွာမှ ဝမ်းမြောက်ဝမ်းသာ အားတက်ပါတယ်ဘုရား။

ဘုရားတပည့်တော် အားထုတ်နေတဲ့ တရားတော်ဟာ အရိယာ သူတော်ကောင်းကြီးတွေ အားထုတ်ခဲ့ပြီးသား လမ်းမှန် လမ်းရိုးပဲဆိုတာ ဘုရားဟောပါဠိ စာပေအထောက်အထားဖြင့် ပြသကာ သွန်သင်ပေးတော်မူတဲ့အတွက် အလွန်ပဲ ကျေးဇူးတင်ပါတယ်။ အလွန်ပဲ အားရပါတယ်။ တပည့်တော်မရဲ့ တရားခရီးဟာ ရပ်တန့်မနေပါဘူးဘုရား။ ခရီးက ရှေ့သို့ပဲတက်နေပါတယ်လို့ ဦးစွာပထမ လျှောက်ထား ပါရစေဘုရား။

လူသတ္တဝါတွေဟာ သူတို့ရဲ့အတိတ်ကပါရမီနှင့် ထိုက်တန်တဲ့ ကိုးကွယ် ယုံကြည်မှုကို ရနေကြတာလို့ ထင်ပါတယ်။ ရအောင် လုပ်လို့ ရတာတော့ မဟုတ်လောက်ဘူး ထင်ပါတယ်ဘုရား။

ဘဝမှာ ဖြစ်ချင်တာ၊ လုပ်ချင်တာတွေ ရှိခဲ့ပါတယ်ဘုရား။ ဖြစ်နိုင်တာ၊ လုပ်နိုင်တာ၊ ဖြစ်သင့်တာ၊ လုပ်သင့်တာကို မသိခဲ့ပါဘူး။ အခုတော့ ရိပ်မိလာပါပြီဘုရား။ ဖြစ်ချင်တိုင်း ဖြစ်တာမဟုတ်ဘူး။ ဖြစ်ချင်လို့လည်း ဖြစ်တာမဟုတ်ဘူး။ ဖြစ်ဖို့အကြောင်း အထောက်အပံ့ ပြည့်စုံလို့ ဖြစ်ရတာဆိုတာကို တပည့်တော်မ လက်ခံလာနိုင်ပါပြီဘုရား။

ပြောင်းလဲလာနေတဲ့ ညဏ်နှင့် သတိထားမိတဲ့ အခါမှာတော့ ယခင် တပည့်တော်ထားမိတဲ့တန်ဖိုး (Value) တွေဟာ အသက်ရှုမှားလောက်အောင် လွဲချော်နေတာကို သတိထားမိပါပြီဘုရား။ ခုလိုမြင်လာမှပဲ အသိအမြင်ဟာ တော်တော်ကြီးကို ပြောင်းသွားပါပြီလားဆိုတာ သိရှိရပါတယ်။ ရံခါ သိပ်မကြာသေးခင် ကာလက ထားခဲ့တဲ့ (Value) ပြောင်းလဲ သွားနေတာကိုတောင် သတိထားမိလာပါတယ်။

လူတိုင်းမိမိတို့ ရိုးရာအစဉ်အလာ စသည်တို့ကို မှန်တယ်လို့ တန်ဖိုးထားကြတယ်။ ယဉ်ကျေးတယ်လို့ တန်ဖိုးထားကြတယ်။ သူတစ်ပါးတို့ရဲ့ ယဉ်ကျေးမှု စသည်ကိုတော့ မကောင်းဘူး ရိုင်းတယ်လို့ ပျက်ရယ်ပြုတဲ့ အလေ့အထ လောကမှာ ရှိကြပါတယ်ဘုရား။

တပည့်တော် သိလာတာက လူအများက သတ်မှတ်ရုံနှင့် အမှားအမှန် ဖြစ်မလာဘူး။ ယုံကြည်ရုံမျှနှင့်လည်း အမှားအမှန် ဖြစ်မလာဘူး။ ပျက်ရယ် ပြုပြီးတော့မှလည်း အမှားအမှန်က ပျက်ပြယ်မသွားဘူး။

ပြဋ္ဌာန်းသတ်မှတ်ချက်အားလုံး တစ်ခုမကျန် လူတွေပညတ်ထားတာမျှပဲဆိုတာ နားလည်လာတဲ့ အခါမှာတော့ အမှားအမှန်ကို တပည့်တော် ဝင်ရောက် ဆုံးဖြတ်လိုစိတ် မရှိတော့ပါဘူးဘုရား။

*ဆက်လက် လျှောက်ထားခွင့် ပြုတော်မူပါဘုရား ပတ်ဝန်းကျင်ကို ကြည့်တဲ့အခါမှာ စိတ်ရဲ့ခံစားမှု မတူညီတာကို သတိပြုမိလာပါတယ်ဘုရား။ နေကလည်း ပူလိုက်တာဆိုပြီး မနှစ်သက်တဲ့ အနေနှင့် ကြည့်မိတာရယ်၊ မိုးများ ရွာလေမလားလို့ မျှော်လင့်ချက်ကြီးနှင့် ကြည့်မိတာရယ်၊ အသိသတိဆက်ပြီးတော့ မနှစ်သက်တာလည်း မဟုတ်ဘူး၊ နှစ်သက်တာလည်း မဟုတ်ဘဲ ကြည့်တာရယ်မှာ အနေအထားချင်း စိတ်ထဲခံစားရတဲ့ အပူချင်း ကွာခြားတာကို သတိထားမိပါတယ်။*

ဘုရားတပည့်တော် သိချင်တာတစ်ခု မေးလျှောက်ခွင့်ပြုတော်မူပါဘုရား။ မေးခွန်းကြောင့် အနှောင့်အယှက်ဖြစ်ရင် တောင်းပန်ပါတယ်ဘုရား။ တရားအားထုတ်ရာမှာ တစ်ချို့က ချမ်းချမ်းသာသာ တရားတွေ့ပြီး တစ်ချို့က ပင်ပင်ပန်းပန်းနှင့် တရားအတွေ့လည်း နှေးတာရဲ့ အကြောင်းရင်းများ ရှိပါက သိပါရစေဘုရား။

သီလ၊ သမာဓိ၊ ပညာကို ကြိုးစား ဖြည့်ကျင့်နေပါတယ်ဘုရား။ ဆရာတော်ဘုရားရဲ့ အဆုံးအမကို မြေဝယ်မကျ နာခံလျက်ရှိပါတယ်။

ဆရာတော်ဘုရား ကျန်းမာပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါတယ်ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ- ၁၉၈၈ ခု၊ မေလ(၃၁)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

လူတွေက အမှားအမှန်ကို မာနနှင့်တိုင်းတယ်။ တဏှာနှင့် တိုင်းတယ်၊ မောဟနှင့်တိုင်းတယ်၊ ဒိဋ္ဌိနှင့်တိုင်းတယ်၊ ဒေါသနှင့် တိုင်းတယ်၊ ကုက္ကုစ္စ မစ္ဆရိယနှင့် တိုင်းတာကြတယ်။

ရတဲ့အဖြေကတော့ ဇာတိတွေ၊ ဇရာတွေ၊ ဗျာဓိတွေ၊ မရဏ တွေ၊ သောကတွေ၊ ဒုက္ခတွေ၊ ဒေါမနဿတွေ၊ ဥပါယာသတွေ၊ ပရိဒေဝတွေ ဖြစ်ပါတယ်။ ဒါပေမယ့် ပုထုဇဉ်က ဒါကိုပဲအဖြေမှန်လို့ ယူဆပြီးတော့မှ ဘဝကို တည်ဆောက်ကြတယ်။

*အဖြေမှန်က ဝိဇ္ဇာ အမောဟ ပညာနှင့်သာ တွက်လို့ရ ကောင်းတဲ့ ဘဝပုစ္ဆာ ဖြစ်ပါတယ်။ သို့သော် ပုစ္ဆာက မမှားဘူး။ တွက်နည်း မှားခြင်းကြောင့် အဖြေမှားတွေ ထွက်ပြီး ဘဝမှာ ရှင်းမရတဲ့ အခြေအနေ ရောက်နေကြရတာပါ။*

ဒါယိကာမ၏ မေလ(၃၁) ရက်စွဲပါစာမှာ မေးလျှောက်တာကို ဖြေကြားပေးပါမယ်။ ဝိပဿနာ တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေ ဟာ ဒီဘဝတစ်ခုမှာတင် အားထုတ်နေကြတာ မဟုတ်ပါဘူး။ ဘဝါ ဘဝကလည်း အားထုတ်ခဲ့ကြဖူးလှပြီ။ ဒါပေမဲ့ သာသနာတွင်း ကာလမှာသာ ဝိပဿနာကို အားထုတ်ခွင့် ရကြပြီး သာသနာပမှာက သမထကိုပဲ အားထုတ်ခွင့် ရခဲ့ကြတာပါ။ ဒီမှာလည်းပဲ တစ်ချို့ပုဂ္ဂိုလ် တွေကတော့ သမထရော၊ ဝိပဿနာပါ ဘာမှ အားမထုတ်ခဲ့ပါဘူး။ ခုဒီဘဝရောက်မှ ခု ဒီသာသနာနှင့်ကြုံမှပဲ အားထုတ်ဖြစ်တဲ့ ပုဂ္ဂိုလ် လည်း ရှိနိုင်ကြတာပါပဲ။

ယော စ သမထေ အကတာဓိကာရော၊ တဿ ဒုက္ခာ ပဋိပဒါ ဟောတိ၊ ကတာဓိကာရဿ သုခါ။ ယော ပန ဝိပဿနာယ အကတာ

ဓိကာရော ဟောတိ၊ တဿ ဒန္ဓာ အဘိညာ ဟောတိ၊ ကတာဓိကာ ရဿ ခိပ္ပါ။[၁] အဋ္ဌသာလိနီ အဋ္ဌကထာ ဆိုမိန့်စကားအရ ဝိပဿနာ တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်များကို လေ့လာကြည့်ရင် ပုဂ္ဂိုလ် လေးမျိုး တွေ့ရှိနိုင်ပါတယ်။

၁။ ရှေးက သမထနှင့် ဝိပဿနာတို့ကို အားမထုတ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ် ဖြစ်ခဲ့ရင် တရားရှုမှတ်မှုမှာ ပင်ပန်းငြိုငြင်ပြီး ဝိပဿနာဉာဏ် တိုးရာမှာလည်း နှောင့်နှေးတတ်ပါတယ်။

၂။ ရှေးက သမထတရားကိုသာ အားထုတ်ဖူးပြီး ဝိပဿနာတရား ကို အားမထုတ်ဖူးသူကျတော့ တရားရှုပွားရာမှာ မပင်ပန်းဘူး၊ ဒါပေမဲ့ တရားအသိဉာဏ် တိုးရာမှာ နှောင့်နှေးတတ်ပါတယ်။

၃။ ရှေးက သမထအားမထုတ်ခဲ့ပဲ ဝိပဿနာတရားကိုသာ အား ထုတ်ခဲ့ဖူးရင် တရားလုပ်ငန်းခွင်ကတော့ ပင်ပန်းပေမဲ့ တရား အသိဉာဏ် တိုးရာမှာ မြန်ဆန်တယ်။

၄။ ရှေးက သမထ၊ ဝိပဿနာတရား နှစ်ပါးစုံ လေ့ကျင့်ခဲ့တဲ့ ပုဂ္ဂိုလ် မှာတော့ ချမ်းချမ်းသာသာနှင့် အားထုတ်နိုင်ပြီး မြန်မြန်ဆန်ဆန် ဉာဏ်မြင်တိုးပါတယ်။

ကိုယ်စိတ်ကျန်းမာချမ်းသာစွာဖြင့် တရားအားထုတ်နိုင်ပါစေ။

မေတ္တာကရုဏာတရားဖြင့်
ဆရာတော်
ရက်စွဲ- ၁၉၈၈ ခု၊ ဇွန်လ(၁၇)ရက်။

---

၁။ (၁၇၆-၁၈၀) အဋ္ဌသာလိနီအဋ္ဌကထာ။

**ကြည်ညိုလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဘုရားတပည့်တော်မ မေလ (၃၁)ရက်နေ့ နံနက်ပိုင်းက စာတစ်စောင်ကို မှတ်ပုံတင် ချောစာနှင့် ပေးပို့ ဆက်ကပ် လျှောက်ထားခဲ့ပါတယ်ဘုရား။ တပည့်တော်မ လျှောက်ထားရန် တရားရှိပါသော်လည်း စိတ်ထဲ ဇဝေဇဝါ မရှင်းမလင်းတာတွေတော့ နည်းပါးသွားပါပြီဘုရား။

သို့ပါသော်လည်း ဆရာတော်ဘုရား အသက်အရွယ်နှင့် ကျန်းမာရေးအတွက် ဆေးဝါးများ လှူဒါန်းရန် ဆန္ဒ ပြင်းပြနေပါသဖြင့် ဇူလိုင်လဆန်းထဲမှာ ကျောင်းကို လာရောက်ခွင့် ပြုပေးပါရန် ရိုသေစွာ လျှောက်ထား တောင်းပန်ပါသည်ဘုရား။

ကြည်ညိုလေးမြတ်စွာ လျှောက်ထားအပ်ပါသည်။ ဆရာတော်ဘုရား၏ လမ်းညွှန်မှု၊ သွန်သင်ဆုံးမမှု အောက်မှာ တပည့်တော်မ တရား အားထုတ်နေပါသည်ဘုရား။ *လူ့ဘုံ လူ့ဌာန လူ့လောကမှာ ခေတ္တမှီခိုနေကြရင်း တပည့်တော်တို့ဟာ ခဏတာ အချိန်တိုလေးဆုံစည်းခွင့် ရနေကြတာ ပါကလားဆိုတာကို ပိုပြီး သဘောပေါက်လာပါတယ်ဘုရား။ ခုလို တွေ့ဆုံတဲ့ အခိုက်မှာ သူ့ဆီက ငါဘာရမလဲလို့ ကြည့်ရှုံးကြည့်စဉ် မကြည့်တော့ဘဲ သူ့ကို ငါ ဘာပေးနိုင်မလဲဆိုတဲ့ အမြင်ပြောင်းပြီး တပည့်တော်မ နည်းနည်း ပိုမြင်တတ်လာပါတယ်ဘုရား။ အဲသလို မြင်လာမှပဲ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးလာတယ်၊ စိတ်ချမ်းသာလာတယ်၊ စိတ်ကြည်နူးလာတယ်၊ စိတ်ခေတ် ရင့်ကျက်လာတယ်လို့ ခံစားရပါတယ်ဘုရား။*

ဒါကြောင့် ရောဂါကြောင့်ဖြစ်စေ၊ အသက်အရွယ်ကြောင့်ဖြစ်စေ၊ ရောဂါနှင့်အသက်အရွယ် နှစ်မျိုးစလုံးကြောင့်ဖြစ်စေ၊ ဘဝရဲ့နောက်ဆုံး ဆည်းဆာအချိန် ရောက်နေတဲ့ လူမမာ၊ လူမမာရှင်

များကို ဆုံတွေ့ရတဲ့ အခါမှာတော့ တတ်နိုင်သလောက် အစွမ်းကုန် ကူညီ ဆောင်ရွက်ပေးတဲ့အပြင် မေတ္တာ ပို့သပေးပါတယ်။ ဒီဆင်းရဲက မြန်မြန် လွတ်နိုင်ပါစေလို့ ကရုဏာပွားပါတယ်။ ရံခါလည်း သတိသံဝေဂများ ဖြစ်မိပါတယ်။ သတ္တဝါတစ်ခု ကံတစ်ခုပါကလား လို့ ဥပေက္ခာကမ္မဋ္ဌာန်းကိုလည်း ရှုပွားမိလျက်သား ဖြစ်တတ်ပါတယ်။

*စိတ်နေ စိတ်ထားတွေ ပြောင်းလဲလာတာကို ပို၍ ပို၍ ထင်ထင်ရှားရှား သတိပြု သိလာပါတယ်ဘုရား။ စိတ်ထား ပြောင်းတယ် Mind changing ဆိုတာ အမှန်မှာတော့ မိစ္ဆာမဂ္ဂင်လမ်းကနေ သမ္မာမဂ္ဂင် လမ်းဘက်ကို ပြောင်းတာပါလားလို့ သဘောပေါက်လာပါတယ်ဘုရား။ တပည့်တော် ကမ္မဋ္ဌာန်းလမ်းကြောင်း မှန်ကန်မှုရဲ့ အကျိုး ပြယုဂ်ဆိုတာကို သိရသဖြင့် ဝမ်းသာမိပါတယ်ဘုရား။*

မှားယွင်းစွာ လျှောက်ထားမိရင်လည်း သွန်သင်ပေးတော်မူပါ ကျေးဇူးတော်ရှင် ဆရာတော်ဘုရား။

ကြည်ညိုလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ- ၁၉၈၈ ခု၊ ဇွန်လ(၂၉)ရက်။

## ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။

ဆရာတော်ဘုရား ကျန်းမာစွာဖြင့် သာသနာ့တာဝန်များ ထမ်းဆောင်နိုင်ပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သပါတယ်ဘုရား။

တပည့်တော်မ တွေ့ကြုံရတဲ့ တရားအတွေ့အကြုံများကို လျှောက်ထားပါမယ်ဘုရား။ *တရားထိုင်မှ မဟုတ်ဘဲ သတိအသိက*

အမြဲလိုလို ဆက်နေပါတယ်ဘုရား။ ဒါကြောင့် နေရာမရွေး အချိန်မရွေး သတိက ဆက်ဆက်ပြီးတော့မှ ဉာဏ်ထဲမှာ ရှင်းရှင်းနေပါတယ်ဘုရား။ ကိလေသာက ဝင်တော့ ဝင်ပါတယ်ဘုရား။ အသိသတိ ဆက်နေလို့ စိတ်ကို လွှမ်းမိုး ခြယ်လှယ်လို့တော့ မရပါဘုရား။

အံ့သြစရာက ရံခါ ပဋ္ဌာန်းတရားတွေက ဉာဏ်ထဲမှာ ရှင်းနေပါတယ်ဘုရား။ ရံခါ ပဋိစ္စသမုပ္ပါဒ်တရားတွေ ရှင်းနေပါတယ်ဘုရား။ ဗောဇ္ဈင်တရား၊ ရံခါ မဂ္ဂင်တရားတွေလည်း ဉာဏ်ထဲ အလိုလို ရှင်းနေပါတယ်ဘုရား။ သူ့အလိုလို ဉာဏ်သက်ဝင်လာပါတယ်ဘုရား။

တရားတော်ပေါ်မှာလည်းကောင်း၊ ဘဝသံသရာပေါ်မှာလည်းကောင်း သံသယတွေ အများကြီး ရှင်းသွားတာကို သတိထားမိလာပါတယ်ဘုရား။ မြတ်စွာဘုရားရဲ့ တရားတော် အပေါ်မှာလည်း ပို၍ စူးစူးစိုက်စိုက် နားလည်လာတယ် ဆိုတာကို ရဲရဲဝင့်ဝင့် ပြောရဲလာပါတယ်ဘုရား။ တရားနာတဲ့အခါမှာ စိတ်ပျံ့လွင့်မှုမရှိသလောက် ဖြစ်တာကိုလည်း အံ့သြဖွယ် သတိပြုမိပါတယ်ဘုရား။

ဉာဏ်များ ဥဒဟိုထွက်လာသလားလို့ ထင်မိပါတယ်။ အထူးခြားဆုံးက သဒ္ဓါတရား မြဲမြံလာပါတယ်။ ခိုင်မြဲလာပါတယ် သို့လောသို့လော မဟုတ်ဘဲ စွဲစွဲမြဲမြဲ အသက်ပေးဝံ့တဲ့ သဒ္ဓါမျိုး ဆိုတာကို လျှောက်ထား လိုပါတယ်ဘုရား။ မပျက်စီးနိုင်တော့တဲ့ သဒ္ဓါများ ဖြစ်ပြီလားလို့ စိတ်ထဲ တွေးထင်နေမိပါတယ်ဘုရား။ သို့သော် လယ်တီဆရာတော်ဘုရားရဲ့ ဩဝါဒအတိုင်း (၇)နှစ် စောင့်ကြည့်ရပါမယ် ဆိုတာ ဘုရားတပည့်တော်မ မမေ့ပါဘုရား။

ဘုရားတပည့်တော် အသက်အရွယ် ကြီးရင့်လာပေမယ့် စိတ်အားတွေ ပြည့်လာတယ်လို့ ထင်မြင်မိပါတယ်ဘုရား။ ကျန်းမာရေးလည်းအားရပါတယ်။ အရေးမကြီးတဲ့ ပြင်ပ ဆောင်ရွက်ချက်များ

ကိုတော့ လုံးဝလျှော့ထားပြီး သတိပဋ္ဌာန် ဘာဝနာတရားနှင့်ပဲ နေလာတာ ကြာလို့ထင်ပါတယ် တရားတိုးတက်မှုလည်း အားရပါတယ်ဘုရား။ လမ်းရဲ့အဆုံး ပန်းတိုင် မဝေးတော့ဘူး ဆိုတာကို ရှင်းရှင်းလင်းလင်း သိလာပါပြီဘုရား။

အာရုံတွေနှင့် ဆုံတဲ့အခါမှာ တပည့်တော် *အဲ့ဒီအာရုံပေါ်မှာ ဒေါသကိလေသာ မဖြစ်တာကြာပြီဆိုတာ ရံခါ သတိပြုလာပါတယ်။ တချို့အာရုံမှာလည်း ဣဿာ မစ္ဆရိယမဖြစ်တာ နည်းနည်းကြာပြီ ဆိုတာ တပည့်တော် သတိပြုမိလာပါတယ်ဘုရား။ သတိမပြုမိတာလည်း ရှိမှာပါဘုရား။* နေရာမရွေး၊ ကြိယာပုထ်မရွေး အသိသတိ ဆက်ဖို့ပဲ ကြိုးစားနေပါတယ်။ ကိလေသာ ဖြစ်ကိုမဖြစ်တော့ဘူးလို့ မလျှောက်ရဲသေးပါဘုရား။ ဘာဝနာစွမ်းအားကြောင့် ခေတ္တငုတ်လျှိုးနေတာလည်း ဖြစ်နိုင်မယ် ထင်ပါတယ်ဘုရား။

*ကိလေသာကြောင့် ပူတဲ့အပူလည်း ငုပ်နေ ငြိမ်းနေပါတယ်ဘုရား။ အပူကင်းစင်တော့ အဲဒီငြိမ်းအေးတဲ့ ခေတ်ကတော့ တပည့်တော်ရင်ထဲ နှလုံးထဲမှာ အမြဲတမ်းပဲ ရှိနေပါတယ်ဘုရား။ တပည့်တော် သတိမပြုမိဘဲ၊ အာရုံမပြုမိဘဲ နေမိရင်သာ ရှိမယ်၊ အာရုံပြုလိုက်တိုင်းမှာတော့ ငြိမ်းအေးမှုက ရင်ထဲ ရှိမြဲ ရှိနေပါတယ်ဘုရား။ တပည့်တော်ရင်ထဲ ငြိမ်းအေးမှုက စွဲမြဲပြီ၊ ခိုင်မြဲပြီလို့တော့ မလျှောက်ဝံ့သေးပါဘုရား။ စောင့်ကြည့်နေပါတယ်။ ဘာဝနာ အစွမ်းကြောင့် တဒင်္ဂခြင်း ငြိမ်းအေးနေတာလား၊ တကယ်ပဲ မပျက်မစီး အမြဲ ငြိမ်းအေးပြီလား ဆိုတာကိုတော့ တပည့်တော် ဉာဏ်မမီပါဘုရား။ စောင့်ကြည့်ရုံပဲ စောင့်ကြည့်နေပါတယ်ဘုရား။*

သုဒ္ဓါဝါသ ပြဟ္မာဘဝရဲ့ နိကန္တိကိုတော့ ဘုရားတပည့်တော် ပယ်မရဘဲ ဖြစ်နေတာကို ခုတလော ပို၍ သတိပြုမိပါတယ်ဘုရား။

အသက်လည်း အိုလာပါပြီဘုရား။ သေရဖို့လည်း နီးလာပါပြီဘုရား။ ဒါပေမဲ့ ဘဝနိကန္တိတဏှာကတော့ ဒီဘဝမှာ ကျန်မယ်လို့ ထင်ပါတယ်ဘုရား။ ဒါကိုရှုမှတ်ပြီးတော့ မပယ်ချင်ပါဘူးဘုရား။ ဘဝတစ်ခုခုကိုတော့ ဖြစ်ကို ဖြစ်ချင်နေပါသေးတယ်။ ဘဝ မဖြစ်တော့တာကို နှလုံးသွင်းလို့တော့ မနိုင်သေးပါဘုရား။ မှားရင်လည်း ခွင့်လွှတ်ပေးသနားတော်မူပါဘုရား။

ဆရာတော်ဘုရားရဲ့ ဆုံးမဩဝါဒများကို မြေဝယ်မကျ လိုက်နာလျက် ရှိပါတယ်ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ- ၁၉၈၈ ခု၊ ဇူလိုင်လ(၃)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

ဒါယိကာမရဲ့ ဇူလိုင်လ(၃)ရက်စွဲပါစာကို ရရှိပြီး ပြန်ကြားအသိပေးအပ်ပါတယ်။ အမျိုးသမီးတွေဟာ အရိယာဖြစ်စေ၊ အရိယာမဟုတ်ဖြစ်သည်စေ၊ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံစေကာမူ ဗြဟ္မာဘုံမှာ ဖြစ်ရိုးမရှိပါဘူးဆိုတာ ဦးစွာသိစေလိုပါတယ်။[၁]

*တရားအားထုတ်ပြီး သတိဆက်နေလို့ရှိရင် ကိလေသာတွေ ဘာဝနာရဲ့ သတ္တိအစွမ်းကြောင့် တဒင်္ဂပဟာန်နှင့် လွတ်ကင်းလာတတ်ပါတယ်။ လွတ်လပ်နေတာ ချမ်းသာတာကိုတော့ လွတ်မှဘဲ မငြိတော့မှဘဲ သိနိုင်ပါတယ်။ သတ္တဝါတို့ သဘာဝကိုက ငြိနေတတ်*

၁။ (၅) ပစ္စုပ္ပန္နာနာဂတဝါရ၊ အနုလောမပုဂ္ဂလ၊ ဣန္ဒြိယယမကပါဠိ။

*<u>တယ်။ မငြိကပ်ဘဲကို မနေတတ်ဘူး။ ငြိနေတာ လွတ်ရင် အရိယာပဲ။</u>*

လောဘကြောင့်ငြိတယ်။ ဒေါသကြောင့်ငြိတယ်။ မောဟ၊ မာနကြောင့်လည်း ငြိတတ်တယ်။ ပညတ်တွေ၊ ဒိဋ္ဌိ အမြင်စွဲတွေ၊ ကြိုးတွေကလည်း ငြိစရာ များလှပါတယ်။ ငြိတာ တော်တော်လေး လွတ်လာရင်တော့ အပူငြိမ်းလာတယ်။ ရှင်းလာတယ်။ သဘောပေါက်လာတယ်။ အကြောင်းအကျိုး ခိုင်မာလာတယ်။ တစ်နည်းပြောရရင် အကြောင်းအကျိုး ပေါ်လွင်လာပါတယ်။

*<u>လာဘ်လာဘရဖို့၊ နာမည်ဂုဏ်သတင်း ကျော်ကြားဖို့၊ အပူဇော်ခံရဖို့က ဘဝရဲ့ပန်းတိုင် မဟုတ်ဘူးဆိုတာ လက်ခံနိုင်ရင် အလွန်ပဲ လွတ်လပ် ပေ့ါပါးပါတယ်။ ဝန်ထုပ်တစ်ခုကို ပစ်ချလိုက်သလိုပါပဲ။</u>*

လာဘ်လာဘပေါ်တာ၊ ပူဇော်ခံရတာကို ခံနိုင်ရည်ရှိဖို့ ဓါတ်ခံကောင်းဖို့ လိုပါတယ်။ အရှင်ဒေဝဒတ်ဟာ အဇာတသတ်ရဲ့ ပူဇော်မှု လာဘ်လာဘကြောင့် ပျက်စီးသွားတယ်။ လာဘ်လာဘဟာ ဒေဝဒတ်ကို ဖျက်စီးဖို့ ဖြစ်လာတယ်။ ပမာပြရရင် ဝါးသီးသီးတာဟာ ဝါးပင်ကို သတ်ဖို့ပါပဲ။ ငှက်ပျောသီးသီးတာဟာ ငှက်ပျောပင်ကို သတ်ဖို့အတွက် ဖြစ်သလိုပါပဲ။

သတိပဋ္ဌာန်တရား ရှုပွားနေသူ မိမိနှလုံးသားမှာ ဒေါသဖြစ်ရင် ဖြစ်မှန်းသိ၊ လောဘဖြစ်ရင် ဖြစ်မှန်း သိသိနေနိုင်တဲ့ ယောဂီနှင့် ကိလေသာ ဖြစ်လို့ဖြစ်မှန်း မသိတဲ့ ပုဂ္ဂိုလ်နှစ်ဦးအနက် မိမိစိတ်မှာ ကိလေသာဖြစ်တာကို ဖြစ်မှန်း ဟုတ်တိုင်းမှန်စွာ သိတာ သည်သာ လိုလားအပ်ပါတယ်၊ ဖြစ်သင့်ပါတယ်။ ကိလေသာဖြစ်နေတာ ဖြစ်မှန်းကိုမသိရင် မသင့်တော်ပါဘူး။ မြတ်စွာဘုရားရှင် လက်ထက်တော်ကာလက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ

ဗုဒ္ဓမြတ်စွာနှင့်တကွ ရဟန်းတော်များ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာက ရဟန်းတို့ကို တရား ဟောကြားတော်မူပါတယ်။

"ရဟန်းတို့ ဒီလောကမှာ ပုဂ္ဂိုလ်လေးမျိုးရှိတယ်။ မိမိစိတ်သန္တာန်မှာ ကိလေသာ အညစ်အကြေးရှိနေလျက် ရှိတာကို ဟုတ်တိုင်းမှန်စွာ မသိတဲ့ပုဂ္ဂိုလ်ကတစ်မျိုး၊ မိမိ၏စိတ်သန္တာန်မှာ ကိလေသာ အညစ်အကြေး ရှိနေတာကို ရှိတယ်လို့ ဟုတ်တိုင်းမှန်စွာ သိတဲ့ပုဂ္ဂိုလ်ကတစ်မျိုး၊ မိမိ၏စိတ်သန္တာန်မှာ ကိလေသာအညစ်အကြေး မရှိဘူးလို့ ဟုတ်တိုင်းမှန်စွာ မသိတဲ့ပုဂ္ဂိုလ်ကတစ်မျိုး၊ မိမိစိတ်သန္တာန်မှာ ကိလေသာ အညစ်အကြေး မရှိတာကို မရှိဘူးလို့ ဟုတ်တိုင်းမှန်စွာ သိတဲ့ပုဂ္ဂိုလ်ကတစ်မျိုး ပုဂ္ဂိုလ်လေးမျိုးတို့ ရှိပါတယ်။

ရဟန်းတို့ အဲဒီလေးမျိုးတို့မှာ ကိလေသာ အညစ်အကြေး ရှိတဲ့ ပုဂ္ဂိုလ်ကနှစ်မျိုး၊ ကိလေသာ အညစ်အကြေး မရှိတော့တဲ့ ပုဂ္ဂိုလ်ကနှစ်မျိုး ဖြစ်ပါတယ်။

ရဟန်းတို့-*ကိလေသာ အညစ်အကြေးရှိတဲ့ ပုဂ္ဂိုလ်အနက် ကိလေသာရှိတာကို ရှိမှန်း ဟုတ်တိုင်းမှန်စွာ မသိတဲ့ ပထမပုဂ္ဂိုလ်ဟာ ယုတ်ညံ့တယ်။ မိမိသန္တာန်မှာ ကိလေသာရှိတာကို ရှိမှန်း ဟုတ်တိုင်းမှန်စွာသိတဲ့ ဒုတိယပုဂ္ဂိုလ်က မြင့်မြတ်ပါတယ်လို့ ဟောကြားတော်မူပါတယ်။*[၁]

ကိုယ်ကျန်းမာ စိတ်ချမ်းသာပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ- ၁၉၈၈ ခု၊ ဇူလိုင်လ(၁၂)ရက်။

---

၁။ (၅၇) အနင်္ဂဏသုတ္တ၊ မူလပဏ္ဏာသပါဠိ။

**ကြည်ညိုလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။**

ခန္ဓာပေါ်မှာ အသိသတိတွေ ဆက်နေပါတယ်ဘုရား။ (Clock Time, Calendar Day and Date) နေ့နာရီတွေလည်း ပျောက်နေပါတယ်ဘုရား။ ရံခါ ဘယ်နေ့ ဘယ်အချိန် ဘယ်ရာသီလည်းဆိုတာ မသိတော့ပါဘူးဘုရား။ တရားထိုင်နေခိုက်မှာ ဖြစ်တာမဟုတ်ပါဘူး။ အခြား အချိန်တွေမှာလည်း ဖြစ်နေပါတယ်။ အချိန်နာရီကို တမင်စဉ်းစားရင်တော့ ပေါ်ပါတယ်ဘုရား။

ရံခါ နေရာလည်း ဘယ်နေရာ ရောက်နေမှန်း မသိပါဘူး။ ဘယ်နေရာမှာ တပည့်တော် ရောက်နေတယ်ဆိုတာကို တမင်စဉ်းစားမှပဲ ဒါက ဘယ်နေရာ ဘယ်အရပ်မျက်နှာဆိုတာ သိရပါတယ်ဘုရား။

*ကာလပညတ်တွေ၊ ဒီသာပညတ်တွေဟာ တရားထိုင်မှ မပေါ်တာမဟုတ်ပါဘူး။ အခြားအချိန်တွေမှာလည်း ပျောက်နေတာပါပဲ။ အာရုံပြု စဉ်းစားပေးရင်တော့ ပေါ်ပါတယ်ဘုရား။*

နေ့တွေညတွေ ပြောင်းပြောင်းနေပါတယ်။ အရုဏ်တက်လိုက် ဆည်းဆာချိန် ရောက်သွားလိုက်နှင့် သဘာဝလောကမှာ ပြောင်းလဲနေပါသော်လည်း တပည့်မရဲ့စိတ်ကို မစိုးမိုးနိုင်ပါဘူး။ မလွှမ်းမိုးနိုင်ပါဘူး။ နေ့လည်း ဒီသတိပဋ္ဌာန်ကိုပဲ အားထုတ်နေပါတယ်။ ညလည်း ဒီသတိပဋ္ဌာန်ကိုပဲ အားထုတ်နေပါတယ်ဘုရား။

ဆက်လက် လျှောက်ထားပါရစေဘုရား။ အကြောင်းအကျိုးသဘောတွေ ကံ ကံရဲ့အကျိုးတွေ ပဋ္ဌာန်းပစ္စည်းရဲ့ သဘောတွေ ပဋိစ္စသမုပ္ပါဒ်ရဲ့ သဘောတွေကို တပည့်တော် ပို၍ လေးလေးနက်နက် သဘောပေါက်လာတယ်လို့ လျှောက်ထားပါရစေဘုရား။ အကြောင်းပြည့်စုံလို့လာရင် ဖြစ်လာတယ်။ ငါလုပ်လို့ ဖြစ်တာမဟုတ်ဘူးဆိုတာကို ပိုပြီးရှင်းလာပါတယ်ဘုရား။

ဥပမာ သေဖို့အကြောင်း ပြည့်စုံရင် သေမှာပဲ။ အသက်သေဖို့ အကြောင်းပြည့်စုံလာတဲ့ လူတစ်ယောက်ဟာ လုပ်သမျှ၊ ပြောသမျှ၊ တွေးသမျှ၊ ကြံသမျှတွေဟာ သေစရာအကြောင်းတွေ ချည်းပဲ ဖြစ်လာပါတော့တယ်။

အသက်ရှင်ဖို့ အကြောင်းပြည့်စုံနေတဲ့ လူကလည်း လုပ်သမျှ ကိုင်သမျှ၊ ပြောသမျှ၊ ကြံသမျှ အားလုံးဟာ အသက်ရှင်စရာ အကြောင်းတွေပဲ ဖြစ်နေတော့တယ်ဆိုတာ တပည့်တော် အနေနှင့် ဆေးရုံက လူမမာတွေကိုကြည့်ပြီး ကံ ကံ၏အကျိုးကို ပိုပြီးတော့ သတိထားမိ လာပါတယ်ဘုရား။

ဘယ်ပုဂ္ဂိုလ်ကမှ သေဖို့ရာကိစ္စကို တမင်လုပ်မယ် မထင်ပါဘူး။ မသေဖို့ရာ၊ မသေဖို့ရာ ရှင်ဖို့ရာ၊ ရှင်ဖို့ရာ ဆေးဝါးဓါတ်စာ အမျိုးမျိုးနှင့် ပြုပြင်ပေးရင်း လုပ်ရင်းမတ်တတ်မှာပဲ မမျှော်လင့်ဘဲ ရုတ်တရက် သေသွားကြတာချည်းပါပဲ။

ရှင်ဖို့လုပ်ရင်းနှင့် သေကြရတာပါ။ ငါသေလိုက်ဦးမယ် ဆိုပြီးတော့ သေတာ ရှားပါတယ်ဘုရား။ သတ်သေတာတွေ ရှိတော့ရှိပါတယ်။ ဒါကြောင့် တပည့်တော် သဘောပေါက်လာတာ ရှင်ဖို့လုပ်လို့ ရှင်နေတာ မဟုတ်ပါဘူး၊ ရှင်စရာအကြောင်း ပြည့်စုံနေသေးလို့ ရှင်နေတာ။ ဒါကြောင့် သေဖို့လုပ်လို့လည်း သေမှာ မဟုတ်ပါဘူး။ သေဖို့အကြောင်း ပြည့်စုံရင် သေမယ်။ ဒါကြောင့် တချို့သတ်သေတာပါ။ ဒါပေမဲ့ သူတို့ အချိန်မီ ဆေးရုံရောက်လာလို့ မသေတဲ့ လူလည်း အများကြီး ရှိပါတယ်။

တရားသိဖို့ဆိုရာမှာလည်း တရားသိဖို့ အကြောင်းပြည့်စုံတဲ့ အခါကျရင် ကြံသမျှ၊ လုပ်သမျှ၊ တွေးသမျှ၊ ပြောသမျှအကြောင်းတွေ

*အားလုံးဟာ တရားသိဖို့ရာ၊ တရားပြည့်စုံဖို့ရာ အကြောင်းချည်းပဲ ဖြစ်လာတော့တယ်ဆိုတာကို တပည့်တော် ရိပ်မိလာပါတယ်ဘုရား။ ငါကလုပ်ယူတာ၊ သူကလုပ်တာပါလို့ မပြောဝံ့စရာပါဘဲ ပြောလည်း မပြောထိုက်ပါဘူးဘုရား။*

ဗုဒ္ဓရဲ့တရားတော်မြတ်ဟာ အလွန့်အလွန်ကို အံ့ဩစရာ ကောင်းလှပါတယ်ဘုရား။ မြတ်ဗုဒ္ဓက အလုံးစုံအားလုံးကို သိတော်မူတယ်ဆိုတာကို တပည့်တော် လက်ခံဖို့ မခဲယဉ်းတော့ပါဘုရား။ သဗ္ဗညုတဉာဏ်တော်ကိုလည်း တပည့်တော် သံသယ မရှိတော့ပါဘုရား။

အရင်က ဘုရားတပည့်တော် မသေချင်ခဲ့ပါဘူး။ အခုလည်း မသေချင်ပါဘူး။ သို့သော် အရင်က မသေချင်ဘူးဆိုတာက ဘာမှန်း မသိပဲ မသေချင်ခဲ့တာပါ။ သက်ရှိသတ္တဝါတွေ မသေချင်တဲ့ သဘော ဆန္ဒမျိုး ဖြစ်ပါလိမ့်မယ် ထင်ပါတယ်။ အခုတော့ ဒီထက် နက်နက်နဲနဲ ဝိပဿနာဉာဏ်တွေကို သိချင်ပါသေးတယ်။ ဒါကြောင့် မသေချင် သေးပါဘူးဘုရား။ *သို့သော်လည်း မသေတာလည်းပဲ တပည့်တော် ကိစ္စ မဟုတ်ပါဘူး၊ ရှင်နေတာလည်းပဲ တပည့်တော်ကိစ္စ မဟုတ် ပါဘူး။ သေဖို့အကြောင်း ပြည့်စုံတဲ့နေ့ သေမှာပါပဲဆိုတာကို တပည့်တော် အကြွင်းမဲ့ လက်ခံထားပါတယ် အရှင်မြတ်ဘုရား။*

ဆက်လက် လျှောက်ထားပါရစေ အရှင်မြတ်ဘုရား။ ဘုရား တပည့်တော် တစ်ချိန်က တရားအားထုတ်ခဲ့တဲ့ ကာလမှာ တပည့်တော် တရားတိုးမှ တိုးရဲ့လား။ မသေခင် နိဗ္ဗာန်ကို မျက်မှောက် ပြုကော ပြုနိုင်ပါတော့မလား စသည်တွေကို မကြာမကြာ တွေးတွေးပြီးတော့ စိုးရိမ်ကြောင့်ကြတွေ ဖြစ်ခဲ့ဖူးပါတယ်ဘုရား။

အခုတော့ တပည့်တော်မှာ အဲဒီသံသယစိတ်တွေ ဝင်မလာတာ တော်တော်ကြာခဲ့ပြီ ဆိုတာကို သတိပြုမိလာပါတယ်။ အားထုတ်နေတဲ့ တရားလမ်းစဉ်အရ တပည့်တော်မှာ _တစ်နေ့တစ်ခြား စိတ်တွေ စင်ကြယ်လာတယ်။_ _စိတ်တွေ ငြိမ်းအေးလာတယ်၊ ဒီအကျိုးကျေးဇူးက တရားထိုင်မှသာ မဟုတ်ပါဘူး။ အချိန်မရွေး နေရာမရွေး ရနေတာပါဘုရား။ ဒါကြောင့် ဘုရားတပည့်တော်မရဲ့ တရားလမ်းကြောင်းက ရှေ့ကို တိုးနေတယ်ဆိုတာ တပည့်တော်ကိုယ်တိုင် သိနေပါတယ်ဘုရား။_

ရံခါ ဗုဒ္ဓစာပေတွေကို ဖတ်ရှုလေ့လာပါတယ်။ ဆရာတော်ထံပါးမှ သွန်သင်ဆုံးမမှုပြုတော်မူထားတဲ့ စာများကိုလည်း ဖတ်ရှုပါတယ်။ တပည့်တော်အနေနှင့် ဒီဥပါဒါနက္ခန္ဓာရဲ့ ပြောင်းလဲ ဖောက်ပြန်တာကို သိနေရတာ ဒုက္ခသစ္စာလို့ သိလာပါတယ်။ ဒုက္ခသစ္စာကို သိဖို့က မဂ္ဂင်လမ်းပါ။ မဂ္ဂသစ္စာပွားလို့ ဒုက္ခသစ္စာကို သိလာတာပဲ။ သမုဒယကိုပယ်၊ နိရောဓစိုက်တာကို ခန္ဓာနှင့်ပါတိုက်ဆုံပြီး နားလည်လာပါတယ်ဘုရား။

ကိလေသာတွေ တဖြည်းဖြည်း ပါးလာတယ်ဆိုတာလည်း နားလည်လာပါတယ်။ _ဒါကြောင့် ဤခရီး နီးလာပါပြီ ဆိုတာကိုလည်း တပည့်တော် ရိပ်မိလာပါတယ်ဘုရား။ မတွေမဝေ ဖြစ်တာကို ပိုပြီး ရှင်းရှင်းလင်းလင်း သိလာရပါတယ်ဘုရား။_

တပည့်တော် ဉာဏ်နှင့်ပတ်သက်တာတစ်ခု လျှောက်ထားပါရစေဘုရား။ _ဉာဏ်က အမှန်ကိုသိတယ်၊ အမှားကိုလည်း ခွဲခွဲခြားခြားသိတယ်ဆိုတာ နားလည်ထားပါတယ်။ ဒါအမှန်ပဲဆိုတာ သိပြီးတော့မှ ဒါကအမှားဆိုတာ ဆုံးဖြတ်နိုင်တာပါ။ အမှားထဲမှာတော့ အမှန်ကို ဘယ်တော့မှ မတွေ့ဘူးဆိုတာကို တပည့်တော်_

*သဘောပေါက်လာပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အမှားထဲမှာ အမှန်ရှိမှမရှိတာဘုရား။ အမှန်ကိုသိမှသာလျှင် အဲဒါက အမှားပဲဆိုတာကို တိတိကျကျ သေသေချာချာ သိလာနိုင်တာပါဘုရား။*

*ခုလိုသိလာမှပဲ အဲဒီအမှားကို တမင်တကာပယ်နေစရာ မလိုတော့ပဲ အမှန်ကိုသိတာနှင့် အမှားက ပယ်ပြီးသား ဖြစ်သွားပါတယ်ဆိုတာကလည်း အံ့သြစဖွယ် သဘောပေါက်လာပါပြီ အရှင်မြတ်ဘုရား။*

ဆရာတော်ဘုရား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေလို့ ဆုတောင်းမေတ္တာ ပို့သပါတယ်ဘုရား။

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ- ၁၉၈၈ ခု၊ ဇူလိုင်လ(၂၄)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

မဂ္ဂင်လမ်းဟာ ရှင်းလွန်းပါတယ်။ ရှုမှတ်မှု ပစ္စုပ္ပန်တည့်ပြီးတော့ ဥပါဒါနက္ခန္ဓာ(၅)ပါးပေါ်ကို ဉာဏ်သက်ဝင်နေပြီဆိုရင် လက်ငင်း ကိလေသာတွေ ပယ်သတ်နေပါပြီ။ လက်ငင်းချမ်းသာနေပါပြီ။ လက်ငင်းအကျိုးတွေ ရနေပါပြီ။

ဝိပဿနာ လမ်းကြောင်းပေါ်မှာလည်း သတ်မှတ်ချက်တွေ များပါတယ်။ ရှင်းလင်းနေတဲ့ လမ်းကြောင်းဟာ ရှုပ်ရှုပ်ထွေးထွေးဖြစ်အောင် ယောဂီကလည်း လုပ်နေမိတတ်ပါတယ်။ ဒါကို သတိပြုရ

ပါမယ်။ ပရမတ္တဓမ္မလမ်းစဉ်ကြီးကတော့ မရှုပ်ထွေးပါဘူး။ မိမိကိုယ်တိုင်ကိုက ရှုပ်ထွေးအောင် လုပ်မိတတ်တာပါ။

ပမာပြရရင် ပန်းချီဆရာတစ်ယောက်က သူကိုယ်တိုင် စိတ်ကူးကြံစည်ပြီး ရေးဆွဲ ခြယ်မှုန်းထားတဲ့ အသက်ဝင်လှတဲ့ အင်မတန်ကြီးကျယ်တဲ့ ဘီလူးရုပ်ပုံကားချပ်ကြီးကို ကြည့်ပြီးတော့ ကြောက်လန့်တကြားဖြစ်ကာ ပတ်ဝန်းကျင်ကို အကူအညီ တောင်းနေသလိုဖြစ်တတ်ပါတယ်။[၁]

မိမိစိတ်က မိမိကို ပြန်ပြီး ဒုက္ခပေးတတ်တယ်။ လူဟာကိုယ်တိုင်လုပ်မိတဲ့၊ ကိုယ်တိုင်ပြဋ္ဌာန်းမိတဲ့ (Convention)သတ်မှတ်ချက်တွေကြောင့် ကိုယ်ကိုယ်တိုင် ချည်မိလျက်သား ဖြစ်နေတတ်တယ်။ ဒီပြဿနာဟာ လူသားတို့ရဲ့ နေ့စဉ်ဘဝမှာသာမက ဝိပဿနာတရား နယ်ပယ်မှာလည်း ရှိနေပါတယ်။

ဒါပေမယ့် အထူးသတိပြုဖို့ရာက ဒါကို ဘာနှင့်တိုင်းတာမလဲ။ ဘာနှင့်စစ်ဆေးမလဲ။ အင်္ဂုတ္တရနိကာယ၊ တိကနိပါတ်ပါဠိတော်၊ ကေသမုတ္တိသုတ်နှင့် ဒီဃနိကာယ၊ မဟာဝဂ္ဂပါဠိတော်၊ မဟာသတိပဋ္ဌာနသုတ်မှာ မြတ်ဗုဒ္ဓဟောတော်မူတဲ့ တရားတော်နှင့်လည်း တိုင်းတာနိုင်ပါတယ်။

နိကာယ်ငါးရပ်၊ ပိဋကတ်သုံးဖြာ၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန်ပေါင်းရှစ်သောင်းလေးထောင် များပြောင်လှစွာသော ဒေသနာတော်တွေထဲမှာ ဒီမဟာသတိပဋ္ဌာန် တရားတော်ကြီးဟာ မဂ္ဂဖိုလ်နိဗ္ဗာန်လက်ငင်းရရှိရေးအတွက် အားထုတ်နည်းကို မသွယ်မဝိုက် ဟောတော်မူတဲ့ တစ်ကြောင်းတည်းသောလမ်း ဝိပဿနာ လုပ်ငန်းစဉ်

---

၁။ One Dharma by Joseph Goldstein

တရားတော်ကြီး ဖြစ်ပေတယ်။ တရားတော်ကြီးရဲ့ နိဒါန်းမှာပဲ ဝိပဿနာတရားတော်ကြီးရဲ့ အကျိုးကျေးဇူးကို ဦးစွာ ဟောတော်မူပါတယ်။

ဝိပဿနာ သတိပဋ္ဌာန်တရားအားထုတ်လို့ မိမိရဲ့စိတ်တွေ စင်ကြယ်လာရဲ့လား? မိမိကိုယ်တိုင် စစ်ဆေးရုံပါပဲ။ ကိုယ်ဆင်းရဲမှု ဒုက္ခအပူမီးတွေ ပါးလာသလား? လျော့လာရဲ့လား? မိမိကိုယ်တိုင် စစ်ဆေးရုံပါပဲ။ စိတ်ဆင်းရဲမှု ဒေါမနဿမီးတွေ လျော့ကျလာသလား? မိမိကိုယ်တိုင် စစ်ဆေးဖို့ပါပဲ။ ဒါဟာ မမှားနိုင်တဲ့ နည်းလမ်းတွေပါ။ စံအညွှန်း ပေတံတွေပါပဲ။

တစ်နေ့တာ ခရီးသွားပြီးတိုင်း ရေပြင်မြေပြင် ခရီးသွား ပုဂ္ဂိုလ်များဟာ ခရီးပေါက်ရောက်မှုကို သံလိုက်အိမ်မြှောင် မြေပုံတို့နှင့် စစ်ဆေးရသလိုပဲ ယောဂီကလည်း မိမိတို့ တရားအားထုတ်လာခဲ့တာ မြတ်စွာဘုရားရှင် ပေးတော်မူထားတဲ့ ပဋိညာဉ် ကတိစကားတော်အတိုင်း ဒီတရားအားထုတ်လို့ ဒီအကျိုးတွေ ရရှိလာရဲ့လားလို့ မိမိကိုယ်တိုင် သေသေချာချာ စစ်ဆေးရပါမယ်။

'ကေဝါရံ မဂ္ဂဉာဏေန ပဋိဝိဒ္ဓမ္မော အညေသံ ကထေန္တာနမ္ပိ န သဒ္ဒဟန္တိ န ဂဏှန္တိ၊ ကသ္မာ အတ္တနော ပစ္စက္ခတ္တာတိ'[၁]

တစ်ကြိမ် မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ပြီးသော သောတာပန် ပုဂ္ဂိုလ်သည် တစ်ပါးသူတို့၏ ဟောအပ်သော တရားတို့ကိုလည်း မယုံကြည်နိုင်တော့ကုန်၊ မယူကြတော့ကုန်၊ အဘယ်ကြောင့်ဟူမူ မိမိကိုယ်တိုင် ကိုယ်တွေ့သိမြင်ပြီး ဖြစ်သောကြောင့်တည်း။

---

၁။ (၈၈) ဒုဒ္ဒုဘဇာတက၊ ကုဋိဒူသကဝဂ္ဂ၊ ဇာတက-၄-၃။

ဒါကြောင့် *သောတာပန်ဟာ ဒီဘဝလည်း ဗုဒ္ဓဘာသာပဲ၊ နောင်ဘဝမှာလည်း ဗုဒ္ဓဘာသာပဲ။ ဘာသာမကူးပြောင်းတော့ဘူး။ ကိုးကွယ်ယုံကြည်မှု ခိုင်သွားပြီ၊ ဒါကြောင့် ဘဝတွေသာ ခြားသွားပါမယ် ယုံကြည်ကိုးကွယ်မှု မခြားတော့ပါဘူး။*

ကိုယ်စိတ် ကျန်းမာချမ်းသာစွာဖြင့် ဝိပဿနာတရားအား ထုတ်နိုင်ပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ- ၁၉၈၈ ခု၊ ဩဂုတ်လ(၅)ရက်။

**ကြည်ညိုလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဘုရားတပည့်တော်မ ယမန်နေ့က အသက်(၇၁)နှစ်ပြည့်ပါပြီဘုရား။ (၇၁) ကြိမ်မြောက် မွေးနေ့ ဖြစ်ပါတယ်ဘုရား။ ယခင်ဘုရားတပည့်တော်ရဲ့ မွေးနေ့များမှာတော့ မိဘမဲ့ကလေးများ ဂေဟာတွေ၊ ဆေးရုံတွေ၊ ဆင်းရဲတဲ့ နိုင်ငံတွေကို တတ်စွမ်းသမျှ လှူဒါန်းခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ် ကြုံတဲ့နေရာတွေ၊ ငလျှင်ဘေးတွေ၊ ရေဘေး မီးဘေးတွေ ကြုံတဲ့နိုင်ငံက ဒုက္ခသည်လူသားတွေကိုလည်း တပည့်တော် လှူဒါန်းခဲ့ဖူးပါတယ်ဘုရား။ ဒီနှစ်မွေးနေ့မှာ ဆင်းရဲတဲ့ အခြေအနေမျိုး ကြုံကြိုက်နေတဲ့ လူသားတွေကိုလည်း လှူဒါန်းပါတယ်ဘုရား။ သို့သော်လည်းပဲ

ဒုက္ခသည်တွေကို ခက်ခက်ခဲခဲ ရှာကြံပြီးမှ လှူဒါန်းနေတာမျိုးတော့ မလုပ်ဖြစ်တော့ပါဘူးဘုရား။

သံဃာတော်များကိုလည်း လှူဒါန်းပါတယ်။ သို့သော် ဘယ်လို အလှူခံပုဂ္ဂိုလ်မျိုးကို လှူဒါန်းရပါမလဲဆိုတာ ရံဖန်ရံခါ တပည့်တော် စိတ်ထဲမှာ သေသေချာချာ မရှင်းသေးပါဘူးဘုရား။

*လိုချင်မှုကို မျှော်တွေးပြီး သူများကို လှူဒါန်းရတာ ကူညီ လုပ်ပေးရတာက ပင်ပန်းမှန်း သဘောမပေါက်ခဲ့ပါဘူးဘုရား။ တုန့်ပြန်မှုကို မျှော်ပြီး လုပ်ပေးခဲ့ရာမှာ မိမိထင်သလို ဖြစ်မလာရင် ပင်ပန်းတာလည်း မသိခဲ့ပါဘူးဘုရား။*

သို့သော် *ဒီဘဝ ကာလတိုကလေးမှာ ဘာကိုမှ ရလိုမှု၊ လိုချင်မှုမရှိတဲ့ နှောင်ကြိုးမဲ့ လှူဒါန်းပေးကမ်းရတာ ကူညီရတာက ပိုပြီး စိတ်ချမ်းသာပါတယ်ဘုရား။* တွေးမိတိုင်း တွေးမိတိုင်းလည်း ရင်ထဲ အေးချမ်းပါတယ်ဘုရား။ ယခုထိတော့ နှောင်ကြိုးမဲ့ ကူညီရတာ အကောင်းဆုံးလို့ ထင်ပါတယ်။ မှန်ပါသလားဘုရား။

ဆရာတော်ဘုရား ကျန်းမာစွာဖြင့် အသက်(၁၀၀)ကျော် သည့်တိုင် သာသနာ့တာဝန်တွေ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်း မေတ္တာ ပို့သပါတယ် အရှင်မြတ်ဘုရား။

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ- ၁၉၈၈ ခု၊ ဩဂုတ်(၃၁)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးလိုက်ပါသည်။**

လှူဒါန်းတဲ့နေရာမှာ အလှူအကျိုးကတော့ တိရစ္ဆာန်ကို ပေးလှူလည်း အကျိုးက အဆအရာမက ရနိုင်ပါတယ်။ သူ့ထက်စာရင် သီလမရှိတဲ့ ပုထုဇဉ် လူပုဂ္ဂိုလ်ကို လှူဒါန်းတဲ့ အလှူအကျိုးက အဆအထောင်မက ရပါတယ်။ သူ့ထက်စာရင် သီလရှိတဲ့ ပုထုဇဉ် ပုဂ္ဂိုလ်ကို လှူဒါန်းတဲ့အကျိုးက အဆကုဋေတစ်သိန်းမက ဖြစ်တယ်။ သူနှင့်စာရင် သာသနာပကာလမှာ စျာန်ရ ရသေ့များကို ပေးလှူတဲ့ အကျိုးကလည်း အဆကုဋေတစ်သိန်းမက ဖြစ်တယ်။ သူနှင့် စာရင်တော့ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုဖို့ ကျင့်နေတဲ့ ပုဂ္ဂိုလ်ကို လှူဒါန်းတဲ့ အကျိုးကတော့ မနှိုင်းယှဉ်သာအောင်ပါပဲ။ သောတာပန်ပုဂ္ဂိုလ်ကတော့ ပြောဖို့ မလိုတော့ဘူး၊ သူ့ထက်စာရင် သကဒါဂါမ်ပုဂ္ဂိုလ်ကို လှူဒါန်းတာကတော့ ပြောဖို့မလိုတော့ဘူး။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုဖို့အတွက် ကျင့်နေတဲ့ ပုဂ္ဂိုလ်ကို လှူဒါန်းတာကတော့ အလွန်ပဲ အကျိုးကြီးလှပါပြီ၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုဖို့ ကျင့်နေတဲ့ ပုဂ္ဂိုလ်ကို လှူဒါန်းတာကတော့ ကြီးစွာ အကျိုးများလှပါတယ်။ ရဟန္တာကို လှူဒါန်းတာကတော့ အကျိုး ဘယ်ပြောဖို့ ရှိတော့မလဲ။[၁]

အလှူဒါနနှင့် ပတ်သတ်ပြီး အလှူအင်္ဂါ ခြောက်ပါးရှိပါ သေးတယ်။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါကာလက ဝေဠုကဏ္ဍကီ မြို့သူ နန္ဒမာတာ ဥပါသိကာမက အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အမှူးရှိတဲ့ရဟန်းသံဃာများထံပါး အင်္ဂါခြောက် ပါးနှင့် ပြည့်စုံတဲ့ အလှူကို ပေးလှူနေတယ်လို့ မြတ်စွာဘုရားရှင်က ဒိဗ္ဗစက္ခု အဘိညာဉ်တန်ခိုးနှင့် မြင်တော်မူပြီး ရဟန်းတော်တို့အား မိန့်တော်မူပါတယ်။

---

၁။ (၃၇၆) ဒက္ခိဏာဝိဘင်္ဂသုတ္တ၊ ဥပရိပဏ္ဏာသပါဠိ။

ပေးလှူတဲ့ ဒါယိကာမဟာ *(၁) မပေးမလှူခင်လည်း ဝမ်းမြောက်နေရမယ်၊ (၂) ပေးလှူတဲ့ အခိုက်မှာလည်း စိတ်ကို ကြည်လင်စေရမယ်၊ (၃) ပေးလှူပြီးတဲ့နောက်မှာလည်း နှစ်သက်ကျေနပ်ရမယ်။ ဒါဟာ ဒါယကာ ဒါယိကာမတို့အတွက် အင်္ဂါသုံးပါး ဖြစ်ပါတယ်လို့ ဟောတော်မူပါတယ်။*

*အလှူခံပုဂ္ဂိုလ်ဟာလည်း (၁)တပ်မက်မှုရာဂကင်းရမယ်၊ ဒါမှမဟုတ်ရင် ရာဂကင်းအောင် ကျင့်နေသူဖြစ်ရမယ်၊ (၂) အမျက်ထွက်မှု ဒေါသကင်းရမယ်၊ ဒါမှမဟုတ်ရင် ဒေါသကင်းအောင်ကျင့်နေသူဖြစ်ရမယ်၊ (၃) တွေဝေမှုမောဟကင်းသူ ဖြစ်ရမယ်၊ ဒါမှမဟုတ် မောဟကင်းအောင် ကျင့်နေသူဖြစ်ရမယ်။ ဒါဟာ အလှူခံပုဂ္ဂိုလ်အတွက် အင်္ဂါသုံးပါး ဖြစ်ပါတယ်လို့ ဟောတော်မူပါတယ်။*

ဒီလိုအလှူ့ဒါယကာအတွက် အင်္ဂါသုံးပါး၊ အလှူခံပုဂ္ဂိုလ်အတွက် အင်္ဂါသုံးပါးနှင့် ပြည့်စုံညီညွတ်နေတာကိုပဲ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံတဲ့အလှူလို့ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။[၁]

ဘဝသံသရာမှာ ဒါနဆိုတဲ့စရဏ သတ္တိနည်းပါးလို့ရှိရင် ဖြစ်လေရာ ဘဝတိုင်းမှာ ဥစ္စာစည်းစိမ် ချို့တဲ့တတ်တယ်။ ဥစ္စာ၊ စည်းစိမ် ချို့တဲ့မှုတော့ အသက်မွေးဝမ်းကြောင်း မစင်ကြယ်တော့ပါဘူး။ ဒါကြောင့် ကိုယ်စိတ်မချမ်းသာတော့ဘူး။ အသက်မွေးဝမ်းကြောင်း မစင်ကြယ်တော့ လူတကာရဲ့ ချစ်ခင်မှုကိုလည်း မရနိုင်တော့ဘူး။ လူအများနှင့် ခိုက်ရန်ဖြစ်နိုင်တယ်။ အနာရောဂါတွေ များနိုင်တယ်။ ကိုယ် စိတ် ဆင်းရဲပင်ပန်းတတ်တယ်။ ဒါကြောင့် သူဟာ အပါယ်ကိုပဲ သွားဖို့ ရှိပါတော့တယ်။

ဒီအဖြစ်တွေဟာ ဒီဘဝမှာတင် မကဘူး ဘဝဆက်တိုင်း ဆက်တိုင်း ပါနေဦးမှာပါ။ ဘာဖြစ်လို့လည်းဆိုတော့ ဒါက အထုံ

၁။ (၃၇) ဆဠင်္ဂဒါနသုတ္တံ၊ ဆက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။

ဝါသနာ ပါနေလို့ပါပဲ။ ဒါကြောင့် ဒီပုဂ္ဂိုလ်မျိုးဟာ အပါယ်ကို မကြာမကြာပဲ ရောက်နိုင်တယ်။ သူ့အဖို့ မြတ်စွာဘုရားရဲ့ သာသနာတော်ကြုံဖို့လည်း ခက်ခဲသွားနိုင်တယ်။ အပါယ်ကို တစ်ခါတစ်ခါ ရောက်လိုက်ရင် ဘဝတွေဟာ အသင်္ချေ ကြာတတ်ပါတယ်လို့ လယ်တီဆရာတော်ဘုရားကြီးက ဟောကြားတော်မူပါတယ်။[၁]

ဒါနအကျိုး ဖော်မပြနိုင်လောက်အောင် များပါသော်လည်း ဒီနေရာမှာတော့ ဒီမျှနဲ့ပဲ ကျေနပ်ဖို့ပါပဲ။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် သိက္ခာသုံးပါးကို ကျင့်ကြံအားထုတ်နိုင်ပါစေ။

မေတ္တာကရုဏာဖြင့်

ဆရာတော်

ရက်စွဲ- ၁၉၈၈ ခု၊ စက်တင်ဘာ(၁၁)ရက်။

**ရိုသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

တရားရှုမှတ်မှုနှင့် စပ်လျဉ်းတဲ့ ဆရာတော်ဘုရား မိန့်ကြားရှင်းလင်းပေးတော်မူတဲ့ (၅၊၉၊၈၈) ရက်စွဲပါစာနှင့် (၁၁၊၉၊၈၈) ရက်စွဲပါစာများ စာတိုက်မှ မှတ်ပုံတင်စာဖြင့် တပြိုင်တည်း လက်ခံရရှိခဲ့ပါတယ်ဘုရား။ တရားနှင့်စပ်လျဉ်းပြီး ယခုလို အားပေးချီးမြှောက်မှုအတွက်လည်း တပည့်တော်မ စကားလုံးများနှင့် မဖော်ပြနိုင်လောက်အောင် ကျေးဇူးတင် ဝမ်းမြောက်မိပါတယ်ဘုရား။

ဆရာတော်ဘုရားရဲ့ သွန်သင် ဆုံးမမှုကိုသာ မရရှိခဲ့ရင် တပည့်တော်မအနေနှင့် ဒီမျှမြင့်မြတ်တဲ့ တရားတော်ကို ခုလို အချိန်ကာလတိုအတွင်းမှာ သိရှိနိုင်လိမ့်မယ်လို့ မယုံကြည်ဝံ့ပါဘုရား။

၁။ လယ်တီဒီပနီ။

ရုပ်ခန္ဓာကိုယ် ကောင်ကြီးကတော့ မကျန်းမမာတတ်ပါဘူး။ ဒါကြောင့် တပည့်တော် ဆေးကုပေးနေရပါတယ်။ ဆေးထိုးပေးနေရပါတယ်ဘုရား။ ဆေးလိမ်းပေးနေရပါတယ်။ ဆေးသောက်ပေးနေရပါတယ်ဘုရား။ အစားအစာလည်း စားပေးနေရတယ်။ ရေချိုးပြီးလည်း ပြုပြင်ပေးနေရပါတယ်။ ဣရိယာပုထ်ကိုလည်းပဲ ရပ်တာကြာရင် ညောင်းတော့ ထိုင်ပေးရတယ်။ ထိုင်တာညောင်းပြန်တော့ လမ်းလျှောက်ပေးရ။ လမ်းလျှောက်တာ ညောင်းလာတော့ လဲလျောင်းပေးရ။ လဲလျောင်းတာကြာတော့ ထထိုင်ရ၊ အဲဒီလို အမျိုးမျိုးပြုပြင်ပေးနေရတာတွေဟာ နှစ်သက်စရာ မကောင်းဘူးဆိုတာ သတိထားမိလာပါတယ်ဘုရား။

ဒါပေမယ့် တပည့်တော် သဘောပေါက်လာတာက ခန္ဓာကိုယ်ကိုတော့ နည်းနည်းပါးပါးလောက်ပဲ ပြုပြင်ပေးလို့ ရရှိနိုင်ပါတယ်။ ဘယ်လောက်ပဲပြုပြင်ပြုပြင် သူကတော့ ဖောက်ပြန်ပြီးရင်း ဖောက်ပြန်နေတာပါပဲ။ နောက်ဆုံး အိုမင်းရင့်ရော်ကာ ပျက်စီးပြီး သေမှာဆိုတာကို ပိုပြီး ထဲထဲဝင်ဝင် နားလည်လာပါတယ်ဘုရား။

ဟိုတုန်းကလည်း ဒီသဘောကို မြင်ဖူးပါတယ်။ မွေးတဲ့လူ၊ မမာတဲ့လူ များစွာကိုလည်း တွေ့ဖူးပါတယ်။ အလောင်းကောင်တွေလည်း ဆေးရုံမှာ တွေ့ပါတယ်ဘုရား။ သေခါနီးလူလည်း တွေ့မြင်နေကြပါ။ ဒါပေမယ့် ဒီအပေါ်မှာ အထူးတလည် အသိဉာဏ်တွေနှင့် သံဝေဂသဘောတရားတွေ မဖြစ်ခဲ့ဖူးပါဘုရား။ အခုဝိပဿနာတရားကို အားထုတ်လာမှ ရုပ်ခန္ဓာရဲ့ သဘောသဘာဝကိုက ပေါ်ပြီးပျောက်၊ ဖြစ်ပြီးပျက် ပြောင်းလဲနေတဲ့ သဘောတရားမျှပါလားလို့ နားလည်လာပါတယ်ဘုရား။ တပည့်တော်တို့ လူသားတွေက ခိုင်မာချင်တယ်။ တည်တံ့ချင်တယ်။ မြဲမြံချင်တယ်။ မသေ

ချင်ဘူး။ မနာချင်ဘူး။ မအိုချင်ဘူး။ ဒါပေမယ့် တပည့်တော်တို့ ခန္ဓာရဲ့သဘောသဘာဝကိုက မတည်တံ့ဘူး။ မခိုင်ခံ့ဘူး။ သေ တတ်တယ်ဆိုတာကို မရပ်မနား ပြသနေပါတယ်။ ဗဟိဒ္ဓ ပြင်ပ ကလည်း ဒီသဘောအတိုင်းပဲဆိုတာကို တပည့်တော် ရိပ်မိလာပါ တယ်။ *ခန္ဓာရဲ့ သဘောသဘာဝနှင့် ကိလေသာရဲ့ သဘောကတော့ ဆန့်ကျင်ဘက် ဖြစ်နေပါတယ်ဘုရား။*

ဒါကြောင့် လူတွေအများကြီး စိတ်ဆင်းရဲနေကြရတာဟာ ဘာကြောင့်လဲဆိုတာကို နည်းနည်း ရိပ်မိလာပါတယ်။ အဲဒါကတော့ *မိနစ်တိုင်း မိနစ်တိုင်း စက္ကန့်တိုင်း စက္ကန့်တိုင်းမှာ ဒီခန္ဓာသဘော တရားကြီးဟာ ပေါ်ပြီးပျောက်၊ ဖြစ်ပေါ်လာပြီးပျက် ပြောင်းလဲနေတဲ့ သဘောမျှပဲဆိုတာကို လူတွေ မသိကြသေးလို့ ဆင်းရဲနေကြတာပါ။*

အဲဒီလျှို့ဝှက်ချက်ကို တပည့်တော် နည်းနည်း ရိပ်မိလာ ပါတယ်။ မှားတယ် မှန်တယ်တော့ တပည့်တော်အနေနှင့် မလျှောက်ဝံ့ သေးပါဘုရား။

တပည့်တော် လျှောက်ထားလိုတဲ့ အကြောင်းအရာလေး တစ်ခု ရှိပါသေးတယ်ဘုရား။ အဲဒါကတော့ ရုပ်ကိုယ်ကောင်ကြီး ကိုတော့ ဘယ်ကဲ့သို့မှ ပြုပြင် ပြုပြင် ကောင်းလာအောင် ဘယ်လိုမှ ပြုပြင်နိုင်မှာ မဟုတ်ဘူးဆိုတာကို သေသေချာချာ ယုံကြည် နားလည် လာပါပြီ။ စိတ်ကိုတော့ သတိပဋ္ဌာန်တရားနှင့် ကုသမယ်ဆိုရင် ကုသသလောက် ပြုပြင်နိုင်ရင် ပြုပြင်သလောက် တစ်စတစ်စ ခရီး ရှေ့ကို ရောက်မယ်ဆိုတာကို လက်တွေ့ သိရှိလာပါတယ်ဘုရား။

တပည့်တော် တရားအားထုတ်လာတဲ့ ကာလ(၅)နှစ်အကြာ မှာတော့ တပည့်တော်ရဲ့စိတ်မှာ ဖြစ်တတ်တဲ့ (လိုချင်မှု)လောဘ၊ (စိတ်ဆင်းရဲမှု)သောက၊ မနာလိုဝန်တိုမှု၊ ဂုဏ်ပြိုင်ဝါကြွားမှု စသည့်

စိတ်မှာ ဖြစ်တတ်တဲ့ ရောဂါဘယတွေ နည်းနည်း သက်သာလာပါတယ် ဆရာတော်ဘုရား။

*ဒါက သတိပဋ္ဌာန်ဆေးဝါးရဲ့ အကျိုးတွေပါပဲ ဆိုတာတော့ ရဲရဲဝံ့ဝံ့ လျှောက်ထားပါရစေ။ ဘုရားတပည့်တော်မ ဆရာဝန်တစ်ယောက်အနေနှင့် နားလည်တဲ့ ဆေးလုံး၊ ဆေးရည်၊ ဆေးပြား၊ ထိုးဆေး၊ လိမ်းဆေးကြောင့် စိတ်ထဲ လောဘ၊ ဒေါသ၊ မောဟတွေ ပါးလာတာမဟုတ်ဘူး ဆိုတာလည်း ရဲရဲဝံ့ဝံ့ လျှောက်ထားဝံ့ပါတယ်ဘုရား။*

*စိတ်ကြည်လင် အေးချမ်းလာတာနှင့်အမျှ ရုပ်ပါ ကြည်လင်လာတာကို သတိပြုမိလာပါတယ်။ ဒါပေမယ့် သတိသမာဓိကြောင့် ဖြစ်တဲ့ ကြည်လင်အေးချမ်းမှုရဲ့ နက်နဲမှုက ဉာဏ်ကြောင့် ဖြစ်ပေါ်လာတဲ့ ကြည်လင်မှု၊ ငြိမ်းအေးမှု၊ ချမ်းသာမှုကို မမှီနိုင်ဘူးဆိုတာကို ဘုရားတပည့်တော်ရဲ့ သတိပဋ္ဌာန် လုပ်ငန်းခွင်ကနေ ပိုလို့ သိရှိလာပါတယ်ဘုရား။ အရှင်မြတ်ဘုရား၏ ဆိုဆုံးမမှုတို့သည် မြတ်ဘုရား၏ ဆိုဆုံးမမှုနှင့် လုံးလုံးလျားလျား ထပ်တူနေပါတယ်ဘုရား။*

ဆက်လက် လျှောက်ထားခွင့်ပြုပါဘုရား။

*ဘဝသံသရာ တစ်လျှောက်လုံးမှာ အရေးမပါတာ၊ တန်ဖိုးမရှိတာ၊ အနှစ်သာရ မရှိတာတွေကိုပဲ လုပ်ခဲ့ပြီး ဘဝတွေ ဘဝတွေ ကုန်လွန်ခဲ့တယ်လို့ နားလည် လာတာနှင့်အမျှ ခုဒီဘဝကို အချည်းနှီး အကျိုးမဲ့၊ တန်ဖိုးမရှိတာနှင့် မကုန်လွန်စေရဲတော့ပါဘူးအရှင်မြတ်ဘုရား။*

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၈ ခု၊ စက်တင်ဘာ(၂၅)ရက်။

## ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။

ခန္ဓာကိုယ်ကောင်ကြီးကတော့ ပို၍ပို၍ အိုမင်းလာပါတယ်။ ပို၍ပို၍ ပင်ပန်းလာပါတယ်။ နုံးခွေလာပါတယ်။ ဒါပေမယ့် ဇရာ ရောဂါက ရုပ်ကိုပဲ ဖျက်ဆီးနိုင်သော်လည်း စိတ်ကိုတော့ မဖျက်ဆီး နိုင်ပါဘူး။ စိတ်ရဲ့ရောဂါက ကိလေသာတွေပါ။

ခန္ဓာကိုယ်ကောင်ကြီး အားနည်းရင်တော့ မျက်စိက တစ်ခုခု ကို ကြည့်ချင်လို့ အာရုံစိုက်လိုက်ရင်ကို မူးဝေသွားတတ်ပါတယ်။ နားထဲမှာ ဘာသံလဲလို့ အာရုံပြုမိရင်ကို မူဝေသွားတတ်ပါတယ်။ ဒါပေမယ့် စိတ်က စိတ်ကို ကြည့်ရတဲ့အခါမှာတော့ မပင်ပန်းပါဘူး၊ ချမ်းချမ်းသာသာ သက်တောင့် သက်သာနှင့် နေသားတကျရှိပါတယ်။

'အာတုရကာယဿ မေ သတော စိတ္တံ အနာတုရံ ဘဝိဿတိ'[၁] "ငါသည် နာကျင်သော ကိုယ်ရှိသူဖြစ်လျက် ငါ၏ စိတ်သည် နာကျင်မှု ကင်းသည်ဖြစ်လတ္တံ့ဟု ကျင့်အပ်၏"လို့ မြတ်ဘုရားရှင်က နကုလပိတာသူကြွယ်ကို မိန့်ကြားတော်မူပါတယ်။ *ရောဂါကင်းတဲ့ ကိုယ်ကတော့ ရှိကောင်းရှိနိုင်တယ်။ ဒါပေမယ့် ရောဂါကင်းတဲ့ စိတ်က ရဟန္တာမှပဲ ရှိနိုင်ပါတယ်။* ရဟန်းတို့ ရောဂါတို့သည် ဤ နှစ်မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်းဟူမူ ကိုယ်၌ဖြစ်သော ရောဂါ၊ စိတ်၌ဖြစ်သော ရောဂါတို့တည်း။ ရဟန်းတို့ တစ်နှစ်ပတ်လုံး ကိုယ်၌ဖြစ်သော ရောဂါမရှိခြင်းကို ဝန်ခံကုန်သောသတ္တဝါ နှစ်နှစ် ပတ်လုံး၊ သုံးနှစ်ပတ်လုံး၊ လေးနှစ်ပတ်လုံး၊ ငါးနှစ်ပတ်လုံး၊ ဆယ်နှစ် ပတ်လုံး၊ နှစ်ဆယ်ပတ်လုံး၊ အနှစ်ငါးဆယ်ပတ်လုံး သို့မဟုတ် နှစ်

၁။ (၁) နကုလပိတုသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။

တစ်ရာလွန် ကာလပတ်လုံး ရောဂါမရှိခြင်းကို ဝန်ခံကုန်သော သတ္တဝါတို့ကို တွေ့မြင်ရကုန်၏။ ရဟန်းတို့ ရဟန္တာပုဂ္ဂိုလ်မှ တစ်ပါးခဏမျှလည်း စိတ်၌ဖြစ်သော ရောဂါမရှိခြင်းကို ဝန်ခံသော သတ္တဝါတို့ကိုမူကား လောက၌ အလွန် တွေ့မြင်ရခဲကုန်၏။[၁]

*ခန္ဓာကိုယ်ကြီးကတော့ အချိန်တိုင်း အချိန်တိုင်း "သင်ဟာ ကျွန်ုပ်ရဲ့ ပိုင်ရှင်မဟုတ်ဘူး။ ကျွန်ုပ်ကို သင်မပိုင်ဘူး"လို့ တစ်ဆက်ထဲ ပြောနေပါတယ်။ ဒါပေမယ့် သူက ဓမ္မဘာသာစကား (Dhamma Language)နှင့် ပြောတာဆိုတော့ လူတွေက နားမလည်နိုင်ကြပါဘူး။*[၂]

သ ခေါ သော ဘိက္ခဝေ ဗာလော တိဝိခံ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ။[၃] ယောဂီဒါယိကာမသည် ကိုယ်မှာ နာသော်လည်း စိတ်မှာ မနာအောင် ကျင့်ကြံနေတတ်နိုင်ပါစေ။ *ဇရာဒုက္ခဖြင့် အိုမင်းသော ဤအသုံးမကျတော့သော ကိုယ်ကောင်ကိုပင် အရင်းပြုလျက် မြင့်မြတ်သော အတုမဲ့တရားကို မျက်မှောက်ပြုနိုင်ပါစေ။*

မေတ္တာကရုဏာဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၈ ခု၊ အောက်တိုဘာ(၄)ရက်

---

၁။ (၁၅၇) ရောဂသုတ္တ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။
၂။ Ven: Achaan Chah.
၃။ (၂၄၆) ဗာလပဏ္ဍိတသုတ္တ၊ ဥပရိပဏ္ဏာသပါဠိ။

**ကြည်ညိုလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

တရားအသိအမြင်တွေကို ဦးစွာ လျှောက်ထားပါရစေ ဆရာတော်ဘုရား။

ဘုရားတပည့်တော်ဟာ ဟိုတုန်းက ခရစ်စမတ်ပွဲ (X'max)တို့၊ နှစ်သစ်ကူး (New Year)ပွဲတို့ ရောက်တဲ့အခါမှာ စိတ်ထဲအတော်လှုပ်ရှားခဲ့ ဖူးပါတယ်ဘုရား။ ဘယ်သွားမယ်၊ ဘာဝယ်မယ်စတဲ့ စီမံကိန်းတွေကို တွေးတွေးပြီး ပျော်နေခဲ့ဖူးပါတယ်။

တရားအားထုတ်ပြီးတဲ့ နောက်ပိုင်းမှာလည်းပဲ နည်းနည်းတော့ ပတ်သက်ခဲ့ မိပါသေးတယ် ဝါကျွတ်ပွဲများ၊ သင်္ကြန်ပွဲများ၊ မွေးနေ့များ၊ မွေးလများကိုလည်း စိတ်ထဲ သီးသီးသန့်သန့်တော့ ခံစားခဲ့ ဖူးပါသေးတယ်ဘုရား။

ယခုတော့ ဒါတွေဟာ မဆိုင်သလို ဖြစ်ကုန်ပါတော့တယ်။ ဝိပဿနာတရား အားထုတ်နေတာပါပဲ။ နှစ်ကူးမှာလည်း ဒီအလုပ်ပဲ လုပ်နေပါတယ်။ ခရစ်စမတ်မှာလည်း ဒီအလုပ်ပဲ။ သင်္ကြန်မှာလည်း ဒီအလုပ်ပါပဲ။ မွေးနေ့မှာလည်း ဒီအလုပ်ပဲ လုပ်ပါတယ်ဘုရား။ အားထုတ်တယ်လို့တောင် မဟုတ်တော့ပါဘူး။ တရားအသိသတိနှင့်ပဲ နေနေပါတယ်ဘုရား။

ရံခါ သားတွေ မြေးတွေက *ရှေ့နှစ်မှာ ဘယ်လိုလုပ်မယ်၊ နောက်နှစ်တော့ ဘာတွေဖြစ်လာမယ်၊ မနက်ဖြန် ဘာတွေလုပ်မယ်၊ နောက်လ ဘာတွေဖြစ်လာလိမ့်မယ်လို့ ပြောဆိုကြတာကို ကြားရတဲ့ အခါမှာတော့ စိတ်ထဲမှာ ထူးဆန်းသလို ခံစားရပါတယ်ဘုရား။ မဆိုင်တဲ့ အကြောင်းအရာလို ခပ်စိမ်းစိမ်း စိတ်ထဲ ခံစားရပါတယ်ဘုရား။ ငါ့အဖို့ နောက်နှစ်၊ နောက်လ၊ နောက်ရက်တွေမှာ*

*ဘာလုပ်ဖို့ရှိ သေးသလဲလို့လည်း တွေးမိပါတယ်။* တပည့်တော် အကယ်၍ မသေသေးရင်တော့ *နောက်တစ်နာရီရော နောက်ရက် မှာရော၊ နောက်အပတ်မှာရော၊ နောက်လမှာရော၊ နောက်နှစ်တွေ မှာပါ ဒီမဟာသတိပဋ္ဌာန်တရားကိုပဲ အားထုတ်ပါမယ် ဆရာတော် ဘုရား။*

ဒါမှအပ တပည့်တော်မှာ အနာဂတ်အတွက် ဘာမှ လုပ်စရာ စီမံကိန်း မရှိတော့ပါဘူးဆိုတာ ပိုလို့ ရှင်းလာပါတယ်။ အရှင်ဘုရား ရဲ့ ဆုံးမမှုကို မြေဝယ်မကျ နာခံလျက် ရှိပါတယ်ဘုရား။ ဗုဒ္ဓ အဘိဓမ္မာကို ဖတ်ရှု နေပါတယ်ဘုရား။ ဝီထိစိတ်အစဉ်ကို ဖတ်လို့ နားမလည်နိုင်ပဲ ဖြစ်နေပါသဖြင့် မေးလျှောက်ခွင့် ပြုတော်မူပါဘုရား။

တရားလျှောက်ထားပါမည်ဘုရား။ ဘုရားတပည့်တော်မရဲ့ စိတ်ကို ပူလောင်ပင်ပန်းစေမဲ့ အတွေးစိတ် အပူတွေ ဝင်လာရင် ချက်ခြင်းပဲ အခြားစိတ်တစ်ခုက မောင်းထုတ်ပေးပါတယ်ဘုရား။ အဲဒီ ဖြစ်စဉ် (Process)ကိုလည်း သေသေချာချာ ရှင်းရှင်းလင်းလင်း သေသေချာချာကြီးကို အခြားစိတ်တစ်ခုက သိနေပြန်ပါတယ်ဘုရား။

ဒါကို ဉာဏ်လို့ ခေါ်နိုင်မယ်ထင်ပါတယ်။ ဒါဆိုရင် မြတ်စွာ ဘုရားဟောတော်မူတဲ့ သမ္မပ္ပဓာန် တရားလည်း တပည့်တော် အားထုတ်တဲ့ ဝိပဿနာလမ်းကြောင်းမှာ ပါဝင်လာပြီလို့ ထင်ပါ တယ်ဘုရား။ မှားရင်လည်း ခွင့်လွှတ်ပေးတော်မူပါဘုရား။

ဆရာတော်ဘုရား ကျန်းမာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါတယ်ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၈ ခု၊ အောက်တိုဘာ(၁၆)ရက်။

**ဒါယိကာမထံ ပြန်ကြားအသိပေးအပ်ပါသည်။**

ဒါယိကာမထံမှာ (၁၆၊၁၀၊၈၈)ရက်စွဲပါ လျှောက်ထားစာကို ပြန်ကြား အသိပေးလိုက်ပါတယ်။

အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။

န ဟိ နော သင်္ဂရံ တေန၊ မဟာ သေနေန မစ္စုနာ။[၁]

မနက်ဖန်သေရမှာကို ဘယ်သူမှ မသိဘူး။ ဒါကြောင့် ဒီကနေ့ပဲ ကုသိုလ်ကောင်းမှုတို့ကို ပြုသင့်တယ်။ စစ်သည်ဗိုလ်ပါများတဲ့ သေမင်းနှင့် မိမိတို့ ချိန်းချက်ထားတာ မရှိပေဘူး။

<u>*သတိမြဲနေရင် အပိုအလုပ်တွေ မလုပ်ဖြစ်တော့ပါဘူး။ အပိုတွေ မပြောဖြစ်တော့ဘူး။ အပိုတွေလည်း မတွေးဖြစ်တော့ဘူး။*</u>

ဉာဏ်ဦးစီးတဲ့ သတိက ဖြစ်ချင်တာနှင့် ဖြစ်သင့်တာ (Want & Need)ကို ခွဲခြားပေးပါတယ်။ လုပ်ချင်တာ၊ လုပ်သင့်တာ၊ လုပ်နိုင်တာ၊ ပြောချင်တာ၊ ပြောသင့်တာ၊ ပြောနိုင်တာတွေကို ခွဲခြားပေးပါတယ်။ နောက်ပိုင်းတော့ <u>*တွေးချင်တာ၊ တွေးသင့်တာ၊ တွေးနိုင်တာကိုလည်း နားလည်နိုင်လာပါတော့မယ်။*</u>

သတိမရှိတဲ့အခါ အရာရာတိုင်း အားလုံးငါပါမှ ဖြစ်မယ်လို့ပဲ ထင်တယ်။ သေသေချာချာ ဉာဏ်နှင့် ကြည့်တတ်လာရင်တော့ အပိုတွေ လုပ်နေတာ၊ အပိုတွေ ပြောနေတာတွေကို သေသေချာချာ ခွဲခြားပြီး သိလာနိုင်တယ်။ အဲဒါတွေကို လျှော့လိုက်ရင် ဘဝမှာ အချိန်တွေ အများကြီး ပိုလာတော့တယ်။

မလိုအပ်တာတွေကို လှည့်မကြည့်တော့ပါဘူး။ လုပ်လည်း မလုပ်တော့ပါဘူး။ လူလောကကြီးနှင့်တော့ ဆန့်ကျင်ဘက် ဖြစ်လာ

---
၁။ (၂၇၂) ဘဒ္ဒေကရတ္တသုတ္တ၊ ဥပရိပဏ္ဏာသပါဠိ။

ပါတယ်။ လူ့လောကမှာတော့ ငါမပါရင် ဘယ်အရာမှ မပြီးဘူးလို့ ထင်မြင်ကြတယ်။ ယူဆကြပါတယ်။

ဒါပေမယ့် သူတို့ သတိမပြုမိလို့ပါ။ ဒီဘဝသေရင် လုပ်ငန်းကိစ္စ အားလုံး ရပ်ဆိုင်းသွားပြီ။ အဲဒီကျတော့ ငါမရှိလည်း ဖြစ်သွားတာပါပဲ။

ဣဓ ဝဿံ ဝသိဿာမိ၊ ဣဓ ဟေမန္တဂိမှိသု။

ဣတိ ဗာလော ဝိစိန္တေတိ၊ အန္တရာယံ န ဗုဇ္ဈတိ။[၁]

ဒီအရပ်မှာ တစ်နွေလုံး၊ တစ်မိုးလုံး၊ တစ်ဆောင်းလုံး ငါ နေမယ်လို့ သူမိုက်က ကြံစည်နေသော်လည်း ဘယ်အချိန်၊ ဘယ်အရပ်၊ ဘယ်အရွယ်မှာ သေမှာကိုတော့ မသိဘူးလို့ ဓမ္မပဒပါဠိတော်မှ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

အသိသတိဆက်ပြီးတော့ ခန္ဓာမှာ ပြောင်းလဲနေတာတွေကို အလိုက်သင့်ကလေး သိသိပေးနေရုံပါပဲ။ လေမုန်တိုင်းတွေတိုက်တယ်။ မိုးချုန်းသံတွေ ကြားရတယ်။ လျှပ်စီးတွေ လျှပ်တယ်။ ဒါကိုလည်း စိတ်က လက်ခံလာနိုင်ပါတယ်။ မတုန်လှုပ်သွားဘူး။ အသိသတိ မဆက်ရင်တော့ ငှက်သံလည်း မသာယာတော့ဘူး။ သစ်ရွက်လေတိုးသံကြောင့်လည်း နားငြီးစရာ မနှစ်သက်ဖွယ်ရာ ဖြစ်သွားတတ်ပါတယ်။

အသိဆက်နေရင် ခန္ဓာဒုက္ခကလည်း ပေါ်လွင်တယ်။ ကိလေသာရဲ့ နှိပ်စက်မှုလည်း ပေါ်လွင်တယ်။ ဟိုလို နာကျင်ကိုက်ခဲပြီး နာတာတော့ မဟုတ်ပါဘူး။ ဖြစ်ချင်တိုင်းဖြစ် အမျိုးမျိုး ဖောက်ပြန်ပြီးတော့နေတဲ့ ခန္ဓာရဲ့ သဘောတရားတွေပါ။

စိတ်ကလည်း အမျိုးမျိုး ပေါ်ပြီးပျောက်နေတာပါပဲ။ ဒါတွေကို စိတ်နှင့်သိရတာ မဟုတ်ပါဘူး။ ဉာဏ်နှင့် သိရတာကို ဆိုလိုတာပါ။

၁။ (၂၈၆) မဟာဓနဝါဏိဇဝတ္ထု၊ ဓမ္မပဒပါဠိ။

အဲဒီအခါမှာ သံဝေဂဉာဏ်တွေလည်း ဖြစ်နိုင်ပါတယ်။ ဝိပဿနာဉာဏ်တွေလည်း ပေါ်နိုင်ပါတယ်။

သမ္မုခါ ပဋိဂ္ဂဟိတံ ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ ဒုက္ခသမုဒယမ္ပိ သော ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓဂါမိနိံ ပဋိပဒမ္ပိ ပဿတိ။[၁]

*ချစ်သားတို့ ဆင်းရဲကိုမြင်သောသူသည် ဆင်းရဲဖြစ်ပေါ်ကြောင်းကိုလည်း မြင်၏။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ကိုလည်း မြင်၏။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကိုလည်း မြင်၏။*

ဒုက္ခသစ္စာနှင့် သမုဒယသစ္စာဟာ လောကီရုပ်နာမ် ဝဋ္ဋသစ္စာဖြစ်ပြီး ကမ္မဋ္ဌာန်း နှလုံးသွင်းလို့ရတဲ့ တရားဖြစ်ပါတယ်။ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာ (နိဗ္ဗာန်)ဟာ ဝိဝဋ္ဋသစ္စာဖြစ်ပြီး ကမ္မဋ္ဌာန်း နှလုံးသွင်းလို့ရတဲ့ တရားမဟုတ်ပါဘူး။

ဆက်လက်ပြီး ဝိပဿနာတရား အားထုတ်လာတာနှင့် အမျှ သုတမယအသိများလည်း ဝိပဿနာဉာဏ်ကို အထောက်အပံ့ ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ဒီဝီထိစိတ်အစဉ်ကို ဒါယိကာမကြီးရဲ့ မေးခွန်းကို ပြန်ကြား အသိပေးပါတယ်။

စိတ်က ဘယ်အာရုံကိုမှ မစူးစိုက်ဘဲနေရင် စိတ်ရဲ့မူရင်း အာရုံဖြစ်တဲ့ ဘဝင်ရဲ့အာရုံကို မှီပြီး ဘဝင်စိတ်နှင့်ပဲ နေတယ်။ ဘဝင်စိတ်ဟာ အမြဲမပြတ် "ဟဒယဝတ္ထု"ပေါ်မှာ ဖြစ်ပေါ်နေပါတယ်။ "ဓမ္မာရုံ" ဆိုတဲ့ စိတ်အာရုံတွေ ဖြစ်ရင်သော်လည်းကောင်း၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ စတဲ့ အပြင်အာရုံများ ဖြစ်ရင်သော်လည်းကောင်း၊ အဲဒီအဆက်မပြက် ဖြစ်ပေါ်နေတဲ့ ဘဝင်

၁။ (၁၁၀၀) ဂဝမ္ပတိသုတ္တ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။

စိတ်ဟာ ခေတ္တရပ်နားပြီး မိမိလိုက်နေကျ အာရုံအစား အာရုံ အသစ်ဘက်သို့ လိုက်ပေးလိုက်တယ်။ အဲဒီလို အာရုံသစ်ဘက်ကို လှည့်တဲ့နေရာမှာ စိတ်က နှစ်မျိုးရှိပါတယ်။ အပြင်အာရုံတွေ အတွက် "ပဉ္စဒွါရအာဝဇ္ဇန်း" (ဝါ)ပဉ္စဒွါရ အာဝဇ္ဇနခေါ်တဲ့ စိတ်က လှည့်ပေးပြီး အတွင်းမှအာရုံတွေ (ဓမ္မာရုံတွေ) ဖြစ်ရင်တော့ "မနောဒွါရအာဝဇ္ဇန်း"(ဝါ)မနောဒွါရ အာဝဇ္ဇနစိတ်က လှည့်ပေး လိုက်တယ်။

အဲသည်လို လှည့်ပေးပြီးတဲ့အခါ အပြင်ဘက်က အာရုံဖြစ်ရင် စိတ်ကို သက်ဆိုင်ရာ မျက်စိနှင့်သော်လည်းကောင်း၊ နားနှင့်သော် လည်းကောင်း၊ သက်ဆိုင်ရာနှင့် ဆိုင်ပေးလိုက်တယ်။ ဆိုင်ပြီးတဲ့ အခါ အာရုံကို လက်ခံလိုက်တယ် *(သမ္ပဋိစ္ဆိုင်း)*။ လက်ခံပြီးတဲ့ အာရုံကို စုံစမ်းတယ် *(သန္တီရဏ)*။ အာရုံကို စုံစမ်းပြီးတဲ့အခါ အဲဒီ အာရုံဟာ ဘယ်လိုအာရုံမျိုး ဖြစ်တယ်ဆိုတာ ဆုံးဖြတ်တယ် *(ဝုဋ္ဌော)*။ ဒါကြောင့် ပထမ ဘဝင်စိတ်၊ ဒုတိယ လှည့်ပေးတဲ့စိတ်၊ တတိယ မျက်စိအစရှိတာနှင့် ဆိုင်ပေးတဲ့စိတ်၊ စတုတ္ထ လက်ခံတဲ့ စိတ်၊ ပဉ္စမစုံစမ်းတဲ့စိတ်နှင့် လွန်စွာအရေးကြီးတဲ့ ဆဋ္ဌမမြောက် ဆုံးဖြတ်တဲ့ စိတ်တို့ဟာ အစဉ်လိုက် ဖြစ်ပေါ်ကြပါတယ်။

အာရုံတွေဟာ စိတ်အတွင်းမှလာရင် 'မနောဒွါရအာဝဇ္ဇန်း စိတ်'က (ဝုဋ္ဌော)ဆုံးဖြတ်တဲ့စိတ် အဆင့်မှ ခံယူလိုက်တယ်။ ဒါ့ ကြောင့် မနောဒွါရ အာဝဇ္ဇန်းစိတ်နှင့် ဝုဋ္ဌောစိတ်ဟာ သဘောချင်း တူတယ်လို့ မှတ်ယူနိုင်ပါတယ်။

အဲဒီဝုဋ္ဌော (မနောဒွါရအာဝဇ္ဇနစိတ်)ပြီးတဲ့အခါ (ဇောစိတ်) တွေ ဖြစ်ပေါ်လာပါတယ်။ သင်္ခါရပြုမှုတွေ အားလုံးဟာ အဲဒီအာရုံ တွေ၊ အဲဒီစိတ်တွေနှင့် အစပြုကြတာပဲ ဖြစ်တယ်။ ဒါကြောင့်

ကိုယ်ဖြင့်ပြုမှုမှု အားထုတ်မှု "ကာယကံ"ကို ပြုတိုင်းပြုတိုင်း၊ နှုတ်ဖြင့် ပြုမူအားထုတ်မှု "ဝစီကံ"ကို ပြုတိုင်းပြုတိုင်း၊ ဇော-၇-ကြိမ်-၇-ကြိမ် အကြိမ်ပေါင်း များစွာ အထပ်ထပ် ဖြစ်ပါတယ်။ ဒါပေမဲ့ ဇော-၇-ကြိမ်ဖြစ်ရာမှ တစ်ချိန်နှင့် တစ်ချိန် မတူဘဲ လှုပ်ရှားတဲ့ လှိုင်းလိုပဲ အတက်၊ အကျ၊ အနိမ့်၊ အမြင့် ရှိတတ်ပါတယ်။ *လှိုင်းလုံးရဲ့အမြင့်ဟာ အလယ်ဗဟိုမှာ ဖြစ်သလို စတုတ္ထဇောဟာ အားအကောင်းဆုံး၊ အပြင်းထန်ဆုံး ဖြစ်တယ်လို့ မှတ်ယူနိုင်ပါတယ်။ ပထမဇောကတော့ အားအပျော့ဆုံးဖြစ်တယ်။* ဘာကြောင့်လဲဆိုရင် ပထမဇောက အစပျိုးရတဲ့ အခြေအနေမှာပဲ ရှိသေးလို့ပါ။ ရှေ့မှာ ချုပ်ငြိမ်းသွားတဲ့ စိတ်ရဲ့ အရှိန်ကိုလည်း နည်းနည်းပဲ ခံယူရရှိလို့ပါ။ အခြားအကြောင်းတစ်ရပ်ကတော့ ရှေ့က ချုပ်ငြိမ်းသွားပြီး စိတ်နှင့် သဘောချင်း ကွဲလွဲနေလို့ပါ။

အဲဒီပထမဇောမှာ အားကောင်းတဲ့ လုံ့လစိုက်ထုတ်မှု ယှဉ်ခဲ့ရင်တော့ အဲဒီစေတနာကံဟာ ဒိဋ္ဌဓမ္မဝေဒနီယအနေနှင့် ပစ္စက္ခ ယခုဘဝမှာပဲ အကျိုးပေးနိုင်စွမ်း ရှိပါတယ်။ အဲသည်လို အားမကောင်းရင်တော့ "ဇနကသတ္တိ" မရှိတဲ့အတွက် အချည်းနှီး (အဟောသိကံ)ဖြစ်သွားပါတယ်။ *နောက်ဆုံး သတ္တမဇောဟာ အတော်အတန် အားကောင်းလာပါတယ်။ ဘာကြောင့်လဲဆိုရင် ရှေ့မှာဖြစ်သွားခဲ့တဲ့ အလားတူဇောတို့ရဲ့ ထပ်တလဲလဲ အကြောင်းပြုမှု (အာသေဝနပစ္စယသတ္တိ)ကြောင့် အရှိန်ရရှိလာလို့ ဖြစ်ပါတယ်။*

ဒါပေမယ့် *အလယ်ဇောငါးချက်ထက် အားအရှိန်မပိုပါဘူး။* ဘာကြောင့်လဲဆိုရင် နောက်ဆုံး ကုန်ဆုံးချုပ်ငြိမ်းရမယ့် အခြေကို ရောက်ရှိနေလို့ပါပဲ။ အကယ်၍ အားအရှိန် ကောင်းခဲ့မယ် ဆိုရင်တော့ ဒုတိယဘဝမှာ (ဇနကကိစ္စစွမ်းရည်နှင့်) အကျိုးပေးနိုင်ပါတယ်။

အဲသည် လိုမဟုတ်ဘဲ အားအရှိန်လျော့နေရင်တော့ နောင်ဘဝတစ်ခု ရရှိဖို့ထိ မစွမ်းဆောင်နိုင်တော့ဘဲ အချည်းနှီး (အဟောသိကံ) သဘောသို့ ရောက်သွားရပါတယ်။

*အလယ်ဇောငါးချက်ကိုတော့ "အပရာပရိယဝေဒနီယကံ"လို့ ခေါ်ပါတယ်။* ဘာကြောင့်လဲဆိုရင် အကြောင်းသင့် အခွင့်သာပါက တတိယဘဝမှ အစပြုပြီးတော့ *ပရိနိဗ္ဗာန်စံဝင်တဲ့ ကာလတိုင်အောင် အကျိုးပေးနိုင်တဲ့ သတ္တိရှိလို့ပါပဲ။* အဲဒီဇောတွေဟာ ဘဝအသစ်တစ်ဖန် ပြန်ပြီး ရရှိစေနိုင်ရုံမက ရရှိတဲ့ဘဝတွေမှာလည်း အကြောင်းညီညွတ်ရင် အကျိုးပေးနိုင်စွမ်း ရှိပါတယ်။

ဒါပေမယ့် စေတနာကံတစ်ခုမှာ ဘဝတစ်ခုသာ ပေးနိုင်စွမ်းပါတယ်။ ရရှိထားတဲ့ *ဘဝတစ်လျှောက်မှာ အကြောင်းသင့်တိုင်း သင့်တိုင်း အကျိုးပေးတတ်ဖို့ကတော့ ကန့်သတ်ချက် မရှိပါဘူး။ အခွင့်သာတိုင်း ရုတ်တစ်ရက် ဝင်ရောက်ပြီး အကြိမ်ကြိမ်လည်း အကျိုးပေးနိုင်ပါတယ်။*[၁]

ဆက်လက်ပြီးတော့ ပမာဒ၊ အပ္ပမာဒရဲ့သဘောကို သိစေလိုပါသေးတယ်။ တရားသတိမရှိတဲ့ သူများမှာတော့ ပမာဒ (မောဟ) ကြောင့် မေ့နေတတ်ကြတယ်။ အာရုံကောင်းကို တွေ့ချင်စိတ်၊ မြင်ချင်စိတ်နှင့်ပဲ ကြည့်ကြတာဆိုတော့ *ချစ်စရာမုန်းစရာ အာရုံကို မြင်ရကြားရတဲ့အခိုက် တရားသတိ မရှိတဲ့သူတွေကို မေ့နေတယ်လို့ ခေါ်ရပါတယ်။*

တရားဘက်ကို လိုက်စားနေတဲ့ ပုဂ္ဂိုလ်ဖြစ်ရင်လည်း အာရုံကောင်းကို နှလုံးသွင်းခိုက်မှာ တရားရှုမှတ်နေကျ ဖြစ်တာတောင်မှ

၁။ **U Shwe Zaw Aung Compendium of Philosophy**

ချစ်စရာ မုန်းစရာ အာရုံလို့ ထင်တော့တာပဲ။ ဆိုလိုတာက အဲဒီအချိန် ကလေးမှာ ရှုမှတ်မှု အသိသတိ လွတ်သွားပါတယ်။

ဒါကြောင့် *ဒီအဆင်းကိုမြင်မိရင် မေ့သွားတော့တယ်။ ဒီအနံ့ ကိုရှူရင် မေ့သွားတယ်၊ ဒီအသံကို ကြားရင် မေ့သွားတယ်ဆိုတဲ့ သဘောက လောကမှာ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။* ဒါကို မောဟနှင့် နေ တယ်၊ ပမာဒနှင့်နေတယ်၊ အဝိဇ္ဇာနှင့် နေတယ်လို့ ခေါ်ပါတယ်။ လောကမှာတော့ ဒါဟာ နေရိုးနေစဉ် ရိုးရာအစဉ်ပါပဲ။

သတိမရှိဘူး ဆိုရာမှာလည်း ဟိုလိုလူတွေသိနေတဲ့ သတိက တော့မမေ့ပါဘူး။ ရှိပါတယ်။ အဲသလို မမေ့တဲ့အတွက်လည်းပဲ ဒီအနီ ရောင်ပန်းက နှင်းဆီ၊ ဟိုအနီရောင်ပန်းက စိန်ပန်းပွင့်၊ ဒါယောက်ျား၊ ဟိုက မိန်းမ၊ ဒါ ငါ့အိမ်ကခွေး၊ ဒါ သူ့အိမ်က ကြောင်ဆိုတာကို သူသိနိုင်တယ်။

*ရှုမှတ်မှု မရှိတဲ့လူတွေမှာတော့ မြင်တာ ကြားတာမှာတင် မရပ်တော့ဘူး။ အဲဒီအဆင်းအသံဟာ စိတ်မှာ တစ်ခါထဲ စွဲမှတ် ပြီးတော့ အဲဒီပေါ်မှာ ပြန်စဉ်းစားတိုင်း ပြန်ပြန်သာယာတဲ့ ရာဂ လည်းဖြစ်နိုင်တယ်။ စက်ဆုပ်ရွံမုန်းတဲ့ ဒေါသလည်း ဖြစ်နိုင်တယ်။* ထင်ရှားပေါ်လာသမျှကို မမေ့မလျော့ရှုမှတ်နေတဲ့ ယောဂီအဖို့တော့ ဝိပဿနာဉာဏ်တွေ ရင့်ကျက်လာတာနှင့်အမျှ ထက်သန်လာတာနှင့် အမျှ ဒီရှုသိနေတဲ့အာရုံရော၊ ရှုသိစိတ်ရော ချက်ချင်း ပျောက်ပျောက် သွားတာကို ထင်ထင်ရှားရှား သိနိုင်ပါတယ်။

*မမြဲတဲ့သဘောပဲ၊ ဆင်းရဲတဲ့သဘောပဲ၊ အစိုးမရတဲ့ သဘောပဲ ဆိုတာကို သေသေချာချာသိပြီး သဘောပေါက်တဲ့ ယောဂီအဖို့ စိတ်ထဲစွဲပြီးတော့ ဘာမှ မကျန်ရစ်ခဲ့ဘူး၊ နောက်မှ ဆင်ခြင်ရင်*

*တောင် အဲဒီအာရုံနှင့် စပ်လျဉ်းပြီး မခံစားခဲ့ရသူအဖို့ ကိလေသာဖြစ်ဖို့ အကြောင်း မရှိတော့ပါဘူး။*

ဒါဘာနှင့်တူသလဲဆိုရင် မမြင်ရတာ၊ မကြားရတာလိုပဲ ဖြစ်သွားပါတော့တယ်။ *မမြင်ရတဲ့အာရုံပေါ်မှာ မူတည်ပြီးတော့လည်း ကိလေသာဖြစ်စရာ အကြောင်းမရှိပါဘူး။ မကြားရတဲ့ အာရုံပေါ်မှာ မူတည်ပြီးတော့လည်း ကိလေသာဖြစ်စရာ အကြောင်း မရှိပါဘူး။ သို့သော် အာရုံကိုကြုံပြီး မရှုမှတ်မိရင်တော့ ကိလေသာတွေ ဖြစ်ပါလိမ့်မယ်။*

ရှုမှတ်မှု သတိဆက်နေရင် ကြားလိုက်တဲ့အခါမှာ ဘာသံပဲ၊ ဘယ်သူ့အသံပဲ၊ ဘာကိုပြောတာပဲ ဒီလိုတွေ မရောက်တော့ဘူး။ မြင်တဲ့အပေါ်မှာလည်း ဒီလိုပဲ။ ဘယ်သူလဲ၊ ဘယ်ဝါလဲဆိုတဲ့ ပညတ်တွေဆီကို မရောက်တော့ပါဘူး။ ကြားတယ်၊ နံတယ်ဆိုတဲ့ အဆင့်လောက်မှာပဲ နေတော့တယ်။ ဒါက ဝိပဿနာဉာဏ် အတော်အတန်ရင့်တဲ့ ယောဂီတွေမှာ ထင်ရှားပါတယ်။

*မြင်လည်း မမြင်ဖူးဘူး၊ မြင်ဆဲလည်းမဟုတ်ဘူး၊ မြင်ရလိမ့်ဦးမယ်လို့ စိတ်ကူးထဲမှာတောင် မပေါ်ဖူးသေးတဲ့ယောကျ်ား၊ မိန်းမတွေကို အာရုံပြုပြီးမှ လိုချင်မှု တပ်မက်မှု ဖြစ်ပါ့မလားတဲ့? မြတ်စွာဘုရားရှင်က မာလုကျပုတ္တကို မေးတော်မူပါတယ်။*

*ဆက်လက်ပြီးတော့ ကြားလည်း မကြားဘူးသေးဘူး၊ ကြားဆဲလည်း မဟုတ်ဘူး၊ ကြားရလိမ့်မယ်လို့တောင်မှ စိတ်ကူးထဲမှာ မပေါ်သေးတဲ့ အသံနှင့်ပတ်သက်ပြီးတော့ လိုချင် နှစ်သက် တပ်မက်တဲ့ ချစ်ခင်စိတ် ဖြစ်ပါ့မလားတဲ့ မြတ်စွာဘုရားက မေးတော်မူနေပါတယ်။*

အဲသည်လို အဆင်းအာရုံရှင်၊ အနံ့အာရုံရှင် ပုဂ္ဂိုလ်ရှိတယ် လို့တောင်မှ မသိဘဲ အဲဒီအာရုံနှင့် ပတ်သက်ပြီး ဘယ်လိုလုပ်ပြီး လိုချင် တပ်မက်မှု ဖြစ်နိုင်ပါ့မလဲ? မဖြစ်ပါဘူး။ ဒါဟာ တိကျတဲ့ မှန်ကန်တဲ့ အဖြေပါပဲ။[၁]

ဒါကြောင့် မသိရ၊ မကြားရ၊ မကြုံရသေးတဲ့ အာရုံတွေကို ဘယ်လိုလုပ်ပြီး လောဘဖြစ်မလဲ? ဒါက အရေးကြီးတဲ့ အချက်တစ် ချက်ဖြစ်ပါတယ်။ အဲဒီအာရုံတွေနှင့် ပတ်သက်ပြီး ကိလေသာ မဖြစ် အောင် လုံးလုံးကြောင့်ကြစိုက်စရာ မလိုပါဘူး။ ကိလေသာ အလိုလို ငြိမ်းနေတယ်။

ရှုမှတ်နေတဲ့ ယောဂီမှာလည်းပဲ ရှုနေရတဲ့၊ ရှုသိနေတဲ့ အာရုံနှင့် စပ်ပြီးတော့ ကိလေသာ ဖြစ်ခွင့်မရှိပါဘူး။ အဲဒီလို နားလည်ရမှာပါ။ *မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း ဝိပဿနာ ရှုမှတ်မှုလည်း ပေါ်ပြီးပျောက် ဖြစ်ပေါ်လာပြီးချုပ် ပြောင်းလဲနေတဲ့ သဘောတရားကို ကိုယ်ပိုင်ဉာဏ်နှင့် သိသိထားရင် သွားဆဲ၊ ရပ်ဆဲ၊ ထိုင်ဆဲ၊ စားသောက်ဆဲမှာလည်း နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တာပါပဲ၊ မရောက်နိုင် မရနိုင်တဲ့ အချိန်မျိုးဆိုတာ မရှိဘူး။ ဒါဟာ အားထုတ်နေတဲ့ ယောဂီများအတွက် အလွန်ပဲ အားရစရာ ကောင်းပါတယ်။*[၂]

အဲသည်လို ခန္ဓာမှာ ဖောက်ပြန်ပြောင်းလဲနေတဲ့ သဘောမှန်ကို သိသိနေတဲ့ ယောဂီက ဉာဏ်ရင့်သန်လာတာနှင့်အမျှ ဒီခန္ဓာရဲ့ မမြဲတဲ့ သဘော၊ မခိုင်မာတဲ့သဘော၊ မချမ်းသာတဲ့သဘော သူ့သဘောသူ ဆောင်တဲ့ သဘောကို သိလာတာပါပဲ။

---

၁။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရား၏ မာလုကျပုတ္တတရားတော်။
၂။ (၉၅) မာလုကျပုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။

နိဗ္ဗာနနိန္နော နိဗ္ဗာန်သို့ ညွတ်သည်။
နိဗ္ဗာနပေါဏော နိဗ္ဗာန်သို့ ကိုင်းသည်။
နိဗ္ဗာနပ္ပဗ္ဘာရော နိဗ္ဗာန်သို့ ရှိုင်းသည်။[၁]

*ခန္ဓာသည် မြဲသော၊ ခိုင်သော၊ ချမ်းသာသော၊ ပြုပြင်၍ ရသောသဘော ဘယ်တော့မှ မရှိဘူးလို့သိလာတဲ့ အသိဟာ နိဗ္ဗာန်သို့ ညွတ်ပေပြီ၊ ကိုင်းပေပြီ၊ ရှိုင်းပေပြီ။*

*ဘယ်ဘုံဘဝပင် ဖြစ်စေကာမူ၊ မချမ်းသာဘူး ဆင်းရဲအတိ ပါတကားလို့ သိတာက နိဗ္ဗာန်သို့ ညွတ်ပေပြီ ကိုင်းပေပြီ၊ ရှိုင်းပေပြီ။*

အပိ စ ခွါဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနဉ္စ ပဋိပဒန္တိ။[၂]

စင်စစ်အားဖြင့် သညာလည်းရှိ၊ စိတ်လည်းရှိသော၊ တလံမျှသော ဤခန္ဓာကိုယ်၌ လောက (ဒုက္ခသစ္စာ)ကိုလည်းကောင်း၊ လောက၏ ဖြစ်ပေါ်ကြောင်းဖြစ်သော (သမုဒယသစ္စာ)ကို လည်းကောင်း၊ လောက၏ချုပ်ရာ နိဗ္ဗာန် (နိရောဓသစ္စာ)ကိုလည်းကောင်း၊ လောက၏ ချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်းအကျင့် (မဂ္ဂသစ္စာ)ကိုငါ ပညတ်တော်မူ၏။

မေတ္တာကရုဏာဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၈ ခု၊ အောက်တိုဘာလ (၃၀)ရက်

---

၁။ (၁၇၇) အတ္တဒဏ္ဍသုတ္တ၊ မဟာနိဒ္ဒေသပါဠိ။
(၁၁၅) ပဌမပါစီနနိန္နသုတ္တ၊ မဂ္ဂသံယုတ္တပါဠိ။
၂။ (၁၀၇) ရောဟိတဿသုတ္တ၊ သဂါထာဝဂ္ဂသံယုတ္တပါဠိ။
(၄၅) ရောဟိတဿသုတ္တ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။

**ကြည်ညို့စွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

နက်နဲလှတဲ့ တရားများကို သွန်သင် ဆုံးမသင်ကြားပေးတော်မူတာကို ဝမ်းမြောက်ပါတယ်ဘုရား။ မနေ့ည ၂း၀၀ နာရီမှာ အိပ်ရေးဝပြီး နိုးလာလို့ တရား ထိုင်ပါတယ်ဘုရား။ တစ်နေ့တစ်နေ့ အိပ်ချိန်တွေလည်း နည်းနည်း လာပါတယ်။ သို့သော် အိပ်ချိန်နည်းသော်လည်း နိုးနိုးကြားကြားရှိပြီး အိပ်ရေးတွေ ဝနေပါတယ်။ စကြံကိုလည်း ဣရိယာပုထ် မျှတအောင် လျှောက်ပါတယ်။ ဒီခန္ဓာကိုယ်က ခုလိုတရားအလုပ် လုပ်နိုင်ရုံတော့ ခိုင်းလို့ ကောင်းနေပါသေးတယ်ဘုရား။ ဒီကိုယ်ကောင်ကို ခုလိုရင်းနှီးပြီး တရား ရှုမှတ်ရတာလည်း ရခဲတဲ့လူဘဝကြီး အရတော်လှတယ်လို့ ထင်မိပါတယ်ဘုရား။

ဘုရားတပည့်တော်မ ဘဝမှာ အိမ်ကောင်းကောင်း၊ ကားကောင်းတွေကို အားကျခဲ့ဖူးပါတယ်။ ရုပ်ချောသူကိုလည်း အားကျခဲ့ဖူးတယ်။ ပညာတတ်သူကိုလည်း အားကျခဲ့ဖူးတယ်။ ရာထူးကြီးသူကိုလည်း အားကျခဲ့ဖူးတယ်။ တက္ကသိုလ်ပညာရပ် နယ်ပယ်က နက်နဲတဲ့ ဘာသာရပ်တွေကိုလည်း အားကျခဲ့ဖူးပါတယ်။

အခုတပည့်တော်ရဲ့ ဘဝကို တပည့်တော် ကျေနပ်ပါပြီ။ တပည့်တော်ဘဝကို တပည့်တော် အားရပါပြီ။ သို့သော် ရလာလို့၊ ရှိလာလို့၊ ပြည့်စုံလာလို့ ကျေနပ်တာ မဟုတ်ပါဘူးဘုရား။ ရောင့်ရဲလို့ ကျေနပ် လာရတာပါဘုရား။ ဉာဏ်ရင့်ကျက်လာတာလို့ လျှောက်ထားရရင် မမှားဘူးထင်ပါတယ်။ မှားရင်လည်း ခွင့်လွှတ်ပေးတော်မူပါဘုရား။

ဘဝမှာ မီးရှူးတိုင်ကဲ့သို့ အားကျတဲ့ ပုဂ္ဂိုလ်များကို စံတင်ထားပြီးတော့ အတုယူ အားကျခဲ့ဖူးပါတယ်။ တပည့်တော် ယခုသိရှိလာတဲ့

အသိနှင့်တော့ သူတို့ရဲ့ဘဝကလည်း ဒုက္ခပင်လယ်၊ သောကမုန်တိုင်းတွေနှင့်ပါလား၊ ဒေါသတွေ၊ လောဘတွေ၊ မာနတွေ၊ မစ္ဆရိယတွေ ပြည့်နှက်နေတာပါလား၊ သူတို့ကို အတုယူ အားကျရင် တပည့်တော် ဘဝမှာ ဘာမှ ရမှာမဟုတ်ပါလားဆိုတာကို နားလည်လာပါတယ် ဘုရား။

တပည့်တော် ဘဝလမ်းကြောင်းမှာ စံပြထားခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ပြောင်းရုံမက ဘဝနေနည်းပါ ပြောင်းသွားပါတယ်။ *ဘုရားတပည့်တော်ဘဝအတွက် အကောင်းဆုံး စံပြပုဂ္ဂိုလ်* *(Good Example)* *ကတော့ ထေရီထေရာ အပါဒါန်ထဲမှာပါတဲ့ အရိယာတွေပါပဲ။ သူတို့နေသလိုနေမယ်။ သူတို့လုပ်သလို လုပ်မယ်။ သူတို့ ကျင့်သလို ကျင့်မယ်။ သူတို့ ကြိုးစားသလို ကြိုးစားမယ်။ သူတို့ပြောသလို ပြောမယ်။ သူတို့သိသလို သိအောင် ကြိုးစားပါမယ်ဘုရား။*

ဘုရားတပည့်တော်ဘဝမှာ လောကရေးရာပြဿနာ အဆင်ပြေမှု တစ်စုံတစ်ရာ ကြုံတဲ့အခါမှာ ဒီပြဿနာကို အရိယာတွေသာဆိုရင် ဘယ်ကဲ့သို့ တွေးမလဲ? ဘယ်ကဲ့သို့ ဆုံးဖြတ်မလဲ? ဆိုတာကို မရဲတရဲတိတ်တခိုး တွေးစမ်းမိပါတယ်ဘုရား။

ဘုရားတပည့်တော်ရဲ့ ဘဝကို *စတင်ထူထောင်ခဲ့တဲ့ ငယ်စဉ်ကာလကစပြီး ဘဝရဲ့ ရည်မှန်းချက်တွေ၊ ဘဝရဲ့ ရည်ရွယ်ချက်တွေ၊ ဘဝရဲ့ လုပ်ငန်းစဉ်တွေဟာ ရာနှုန်းပြည့် လွဲမှားခဲ့တာပါကလားဆိုတာ ယခု သဘောပေါက်လာပါပြီဘုရား။*

ယခုတော့ Moment to moment တဒင်္ဂပြီးတဒင်္ဂ မလွဲမချော်တဲ့ လမ်းကြောင်းမှန်ကို သွားနေပါတယ်။ ခရီးလည်း ရှေ့ကို တိုးနေပါတယ်ဘုရား။

ယခင် လွဲချော်တိမ်းပါးခဲ့တဲ့ ဘဝရည်မှန်းချက် လုပ်ငန်းစဉ်တွေကို တွေးပြီးတော့လည်း ကိလေသာရဲ့ လှည့်စားချက်က ကြောက်မက်ဖွယ်ပါတကားလို့ သတိသံဝေဂ ဖြစ်မိပါတယ်ဘုရား။ ပူလောင်ပင်ပမ်းနောင်တရပြီး သောကဖြစ်နေတာတော့ မဟုတ်ပါဘူးဘုရား။

နက်နဲလှစွာသော တရားတော်ကို သွန်သင်ပေးတော်မူသည့် ဆရာတော်ဘုရား ကျန်းမာပါစေကြောင်း မေတ္တာပို့သပါတယ်ဘုရား။

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၈ ခု၊ နိုဝင်ဘာလ (၇)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်**။

ဘဝမှာ ဒီလို လုပ်မိလေခြင်းလို့ တွေးမိပြီး နောင်တရတတ်တယ်။ ဟိုလိုမလုပ်မိလေခြင်းလို့ တွေးမိပြီးတော့လည်း နောင်တရတတ်တယ်။ ဒီလိုလုပ်မိရင် ကောင်းမှာပဲ၊ ဒီလိုမလုပ်မိလို့ မကောင်းကြုံတာလို့လည်း မကြာမကြာ စိတ်သောက ဖြစ်တတ်ပါတယ်။

*တကယ်တမ်းကတော့ ဟိုလိုလုပ်ရင်လည်း အလွဲပဲ၊ ဒီလိုလုပ်ရင်လည်း အလွဲပဲဆိုတာ သိလာနိုင်တဲ့ တစ်နေ့မှာတော့ ပရမတ္ထမဂ္ဂလမ်းစဉ်မှအပ ကျန်တာအားလုံးဟာ ဘာမှမဟုတ်ဘူး။ အလွဲတွေပဲဆိုတာ နားလည်ဖို့ ဖြစ်နိုင်ပါတယ်။*

လောကမှာ ဘာလို့ နှစ်သက် သဘောကျတာလည်းလို့ မေးရင် ကောင်းလို့ပါလို့ ဖြေကြမှာပါ။ တကယ်ကောင်းတာကို

သိတာလား? ကောင်းတယ်လို့ ထင်တာလား? ဆိုတာ ဖြေဖို့တော့ သာမန်အားဖြင့် ဖြေရခက်ပါလိမ့်မယ် ထင်ပါတယ်။ *လူတွေဟာ မှားယွင်းနေတဲ့ ယုံကြည်မှုတစ်ခုကို စွန့်ပြီးတော့ အခြားမှားယွင်းတဲ့ ယုံကြည်မှုကို ပြောင်းယူလေ့ ရှိကြပါတယ်။ တစ်ခါ အဲဒီ ယုံကြည်မှုကို မှားတယ်လို့ ယူဆမိလာပြန်ရင် နောက်ထပ် မှန်တယ်လို့ ထင်တဲ့ တတိယ ယုံကြည်မှုကို ပြောင်းပြီး ယူပြန်တယ်။ သေချာတာကတော့ အဲဒါတွေအားလုံးဟာ အမှားတွေချည်းပါပဲ။ ပရမတ္ထဓမ္မမှတစ်ပါး လောကမှာ အမှန်မရှိပါဘူး။ ခုလိုပဲ အမှားတွေကို လုပ်ကိုင်ပြောဆို တွေးခေါ်ရင်းပဲ တစ်ဘဝ ဇာတ်သိမ်းကြတာပါပဲ။*

ဒုက္ခကို သုခက ဖုံးထားပါတယ်။ အသုဘကို သုဘက ဖုံးထားပါတယ်။ အနိစ္စကို နိစ္စက ဖုံးကွယ်ထားတယ်။ မတင့်တယ်တဲ့ ဒီခန္ဓာကိုယ်ကို အမွှေးနံ့သာ အဝတ်အစား ဆင်ယင်မှုတွေနှင့် တင့်တယ်အောင် ဖုံးကွယ်နေကြတယ်။ သူ့သဘာဝအမှန်ကတော့ ဒုက္ခပါပဲ၊ အနတ္တပါပဲ၊ အသုဘပါပဲ၊ အနိစ္စပါပဲ။ ခေတ္တ ခဏတာသာ ဖုံးထားနိုင်ကြတာပါ။

အနိစ္စေ နိစ္စသညိနော၊ ဒုက္ခေ စ သုခသညိနော။
အနတ္တနိ စ အတ္တာတိ၊ အသုဘေ သုဘသညိနော။[၁]

သတ္တဝါတို့သည် မမြဲသောအရာ၌ မြဲ၏ဟု အမှတ်ရှိကုန်၏။ ဆင်းရဲသောအရာ၌လည်း ချမ်းသာဟု အမှတ်ရှိကုန်၏။ အတ္တမဟုတ်သော အရာ၌လည်း အတ္တဟု အမှတ်ရှိကုန်၏။ မတင့်တယ်သော အရာ၌လည်း တင့်တယ်၏ဟု အမှတ်ရှိကုန်၏။

---
၁။ (၄၉) ဝိပလ္လာသသုတ္တ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။

ရုပ်တရားကြီးကတော့ သူ့သဘောအမှန်ကို ပြနေတာပါပဲ၊ မမြင်ကြလို့ပါ။ မမြင်ချင်ယောင် ဆောင်ထားကြတာပါ။ မြင်ကွင်းက၊ ရှင်းနေရဲ့သားနှင့် မမြင်ချင်ယောင် ဆောင်ထားရင်တော့ ဘဝသံသရာကြီး ရှည်လျားပါလိမ့်မယ်။

မာ ပမာဒမနုယုဉ္ဇေထ၊ မာ ကာမရတိသန္ထဝံ။

အပ္ပမတ္တော ဟိ ဈာယန္တော၊ ပပ္ပေါတိ ပရမံ သုခံ။[၁]

*မေ့လျော့ပေါ့ဆခြင်းနှင့် ဝတ္ထုအာရုံကာမဂုဏ်တို့မှာ ပျော်မွေ့နေခြင်းတို့ကို အားမထုတ်ကြပါနှင့်။ မမေ့လျော့မပေါ့ဆဘဲ သမထ ဝိပဿနာ ကမ္မဋ္ဌာန်းကို စူးစူးစိုက်စိုက် ရှုမှတ်နေသူကသာ မြင့်မြတ်သော နိဗ္ဗာန်ချမ်းသာကို ရောက်နိုင်ပါတယ်လို့ ဘဝသံသရာက လွတ်ငြိမ်းတော် မူကြပြီးဖြစ်တဲ့ သူတော်ကောင်းကြီးများက သိတော်မူကြလို့ မိန့်တော်မူပါပြီ။*

ဦးဆုံးဒါကို မိမိတို့နားလည်အောင် ကြိုးစားဖို့လိုပါတယ်။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် နက်နဲတဲ့တရားများကို ဉာဏ်သက်ဝင်နိုင်ပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၈ ခု၊ နိုဝင်ဘာလ (၁၆)ရက်။

---

၁။ (၈၈၄) အင်္ဂုလိမာလတ္ထေရဂါထာ၊ ထေရဂါထာပါဠိ။

**ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေးအကြံနှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် အသီးသီးတို့ဟာ လောကပါပဲ။ ပေါ်ပြီးပျောက် ဖြစ်ပေါ်လာပြီး ချုပ်နေတဲ့ အနှစ်မပါတဲ့ သဘောမျှပါပဲဆိုတာ အနည်းငယ် ပို၍ သိလာပါတယ်ဘုရား။ အံ့ဩဖို့ ကောင်းတာက ဒီရိုးရှင်းတဲ့ သဘောတရားကို တပည့်တော်မ ဟိုတုန်းက လုံးဝ မသိခဲ့ပါဘူးဘုရား။ ဝိပဿနာ၏ သတ္တိထူးကြောင့် ဆရာတော်ဘုရား၏ သွန်သင်မှုကြောင့် သိလာရခြင်းသာ ဖြစ်ပါတယ်ဘုရား။

*<u>လောကကြီးကနေ ဘာများရလေမလဲလို့ပဲ အပတ်တကုတ် ကြိုးကြိုးစားစား ရှာဖွေခဲ့ဖူးပါတယ်။ အခု နားလည်ပါပြီဘုရား။ လောကကြီးကနေ ဘုရားတပည့်တော်မ ဘာမှကို ရမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဘာမှကို ရစရာ မရှိလို့ပါဘဲဘုရား။</u>*

ဘဝမှာ မြင့်ချင်လို့ ပြိုင်ဆိုင်ခဲ့ဖူးပါတယ်။ ခုတော့ သိပါပြီဘုရား။ ဘာမှ မဟုတ်ပါဘူး။ အခု မပြိုင်တော့ပါဘူးဘုရား။

ဘဝမှာ ဝင့်ကြွားခဲ့ဖူးပါတယ်။ လူတွေ အထင်ကြီးစေချင်လို့ပါဘုရား။ အခု သိပါပြီဘုရား။ ဘာမှမဟုတ်ပါဘူး။ မဝင့်ကြွားလိုတော့ပါဘူးဘုရား။

ဘဝမှာ ဝမ်းနည်းခဲ့ဖူးပါတယ်။ ရှုံးနိမ့်ခဲ့လို့ပါဘုရား။ မအောင်မြင်ခဲ့လို့ မကျော်ကြားခဲ့လို့ပါဘုရား။ အခုတော့ သိပါပြီ။ အနိုင်အရှုံး မယူဝံ့တော့ပါဘူးဘုရား။

*<u>ဝိပဿနာတရား အားထုတ်လာပြီး တပည့်တော်မရဲ့ ဘဝကို ကျေနပ်လာတာနှင့်အမျှ သူတစ်ပါးအပေါ်မှာ အားကျတဲ့ စိတ်လည်း နည်းပါးလာပါတယ်။</u>*

*စိတ်ကို ကြည့်တတ်လာတော့ အကုသိုလ်စိတ်ဟာ ပင်ပန်းတယ်၊ ဆင်းရဲတယ်။ ပူလောင်တယ်။ မလွတ်လပ်ဘူး၊ ရှုံ့မှုန်းစရာကောင်းမှန်း သိလာပါတယ်ဘုရား။*

*ကုသိုလ်စိတ်က ချမ်းသာတယ်။ သန့်ရှင်းတယ်၊ လှပတယ်၊ လွတ်လပ်တယ်လို့ ကိုယ်တွေ့ခံစား သိရှိလာပါတယ်ဘုရား။*

*ကုသိုလ် အကုသိုလ်ကို တစ်စုံတစ်ဦးက သတ်မှတ်ပေးထားတဲ့ သဘောတရား မဟုတ်ဘူးလို့ ဆရာတော်ဘုရား ဆုံးမဩဝါဒကို ခုပိုပြီး နားလည်လာပါတယ်ဘုရား။ ကုသိုလ် အကုသိုလ်ကို ခုလိုသိလာတော့မှ ထင်ရာ မလုပ်ရဲတော့ပါဘူးဘုရား။*

သီလ၊ သမာဓိ၊ ပညာကို ဖြည့်ကျင့်နေရတာပင်လျှင် ဘဝရဲ့ အဓိပ္ပာယ် ပြည့်ဝနေတယ်လို့ ခံစားရပါတယ်။ ဘဝအရတော်တယ်လို့ ခံစားရပါတယ်။ စိတ်မှာ တဒင်္ဂခြင်း ကိလေသာ ကင်းငြိမ်းနေတယ်၊ စိတ်ထဲ အေးချမ်းငြိမ်းသက်ကာ အပူကင်းစင်နေတယ်။ သိစရာရှိတာကို သိသိနေပါတယ်၊ ရှုမှတ်မှု ပရမတ်တည့်နေပါတယ်။

*ဘယ်သူ့စီကိုသွားပြီး "ငါ့စိတ်မှာ ကိလေသာတွေ ကင်းနေပါတယ်" "ငါ့စိတ်ငြိမ်းအေးနေပါတယ်"လို့ ပြောပြရမလဲဘုရား။* ပြောလို့လည်း ဘာများ အကျိုးရှိပါတော့မလဲ။

ရိုသေစွာ ဦးညွှတ်ရှိခိုး ကန်တော့ပါ၏ဘုရား။

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၈ ခု၊ နိုဝင်ဘာလ (၃၀)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

လူသားတွေ မူးမူးမေ့မေ့ ခံစားနေကြတဲ့ ကာမဂုဏ်(၅)ဖြာ လမ်းစဉ်ကြီးဟာ အားပေးချီးမြှောက် ထောက်ပံ့ရမယ့် လမ်းစဉ် မဟုတ်ပါဘူး။ ကဲ့ရဲ့ရှုံ့ချရင်တော့လည်း လူသားတွေ မနှစ်မြို့ကြပါဘူး။

ဒါ ဘာမှမဟုတ်ဘူး။ အနှစ်အသားမှ မရှိတာ။ ဒီအပေါ်မှာ မူတည်ပြီးတော့ ဘာလို့ ငြင်းခုံကြမလဲ။ ဘာလို့ ခိုက်ရန်ဖြစ်ကြမလဲ။ ဘာလို့ အချိန်တွေ ဖြုန်းကြမလဲ။ ဘာလို့ တရှုက်မက်မက် ဖြစ်ကြမလဲ။ အသိဉာဏ်ရှိကြတဲ့ လူသားတွေ သေသေချာချာ ဉာဏ်မသက်ဝင် သေးလို့ပါ။ မသိကြသေးလို့ပါ။

အကယ်၍ လူသားအများက *ကာမဂုဏ်တို့ဟာ အာရုံဝတ္ထု တိုက်ဆုံမှု အခိုက်သာ ကိလေသာ ကာမတို့ဖြစ်ပြီး သာယာဖွယ်၊ မြတ်နိုးဖွယ်၊ ချစ်ဖွယ်၊ ခင်ဖွယ် ထင်မှတ်ပြီး စွဲလမ်းကြတာပါလား စိတ်ထဲခံစားမှု တစ်ခဏတာကလေးပါလားလို့ သိလာနိုင်ရင် (သုပိနကူပမာကာမာ) အိပ်မက်ပမာ ကာမပါလို့ မြတ်ဘုရားဟောတော်မူတာကို နားလည်ဖို့ မခဲယဉ်းတော့ပါဘူး။*[၁]

ဒါပေမယ့် အဝိဇ္ဇာတဏှာက အင်မတန့်အင်မတန်ကို အားကြီး လွန်းလို့ လောကကြီးတစ်ခုလုံး မှောင်မဲနေတဲ့ဘက်ကို မျက်နှာမူပြီး ပြေးလွှားနေပါတယ်။ လွတ်မြောက်ရာရဲ့ ဆန့်ကျင်ဘက်ကို သဲသဲမဲမဲ အားကြိုးမာန်တက် သွားနေကြတယ်။ ဒါကြောင့် ရှင်နေတော့လည်း ပင်ပန်းတယ်။ တစ်နေ့ သေရပြန်တော့လည်း ပင်ပန်းပါတယ်။

ကာမာ တေ ပဌမာ သေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ။
တတိယာ ခုပ္ပိပါသာ တေ၊ စတုတ္ထီ တဏှာ ဝုစ္စတိ။

၁။ (၄၆) ပေါတလိယသုတ္တ၊ မဇ္ဈိမပဏ္ဏာသပါဠိ။

ပဥ္စမီ ထိနမိဒ္ဓံ တေ၊ ဆဋ္ဌာ ဘီရူ ပဝုစ္စတိ။
သတ္တမီ ဝိစိကိစ္ဆာ တေ၊ မက္ခော ထမ္ဘော တေ အဋ္ဌမော။
လာဘော သိလောကော သက္ကာရော၊ မိစ္ဆာလဒ္ဓေါ စ ယော ယသော။
ယော စတ္တာနံ သမုက္ကံသေ၊ ပရေ စ အဝဇာနတိ။
ဧသော နမုစိ တေ သေနာ၊ ကဏှာဿာဘိပ္ပဟာရိနီ။
န နံ အသူရော ဇိနာတိ၊ ဇေတွာဝ လဘတေ သုခန္တိ။[၁]

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့လို့ခေါ်တဲ့ အာရုံငါးပါး (ဝတ္ထုကာမ)ကိုလိုလားနှစ်သက် တပ်မက်အပ်တဲ့ အရာဝတ္ထုတွေလို့ ဆိုလိုပါတယ်။ အဲဒီဝတ္ထုကာမတို့မှာ တွယ်တာတတ်တဲ့၊ တပ်မက်တတ်တဲ့၊ လိုလားတတ်တဲ့ တဏှာ၊ အဲဒီတဏှာကိုတော့ (ကိလေသာကာမ)လို့ ခေါ်ရပါတယ်။ ကာမတရားတွေဟာ *<u>မာရ်နတ်ရဲ့ ပထမ စစ်တပ်ပါပဲ။</u>*

မာရ်နတ်က သတ္တဝါတွေ အကုသိုလ် ပြုနေတာကို ကြိုက်တယ်။ ကုသိုလ်ပြုတာ မကြိုက်ဘူး။ ဒီကာမတရားတွေဟာ မာရ်နတ်ရဲ့အလို၊ အကြိုက်ဘက် ပါနေတဲ့အတွက်ကြောင့် သူ့ကို ကျေးဇူးပြုသလို ဖြစ်နေလို့ စစ်တပ်လို့ ဒီလို တင်စားထားတာပါ။

ဒီကာမတရားတွေဟာ သတ္တဝါတွေကို အမြဲတမ်း တိုက်ခိုက်နေတာပါပဲ။ ဒါပေမယ့် ကာမကို ခွါပြီးတော့မှ ရဟန်းပြု၊ အိမ်ကနေထွက်ပြီးတော့မှ ကမ္မဋ္ဌာန်းကျောင်းကိုသွား၊ တရားတွေ အားထုတ်တာဟာ ကာမကို ခွါတာပါ။

ဒါပေမယ့် တရားအားထုတ်ရာမှာ နည်းလမ်း မကျလို့ပဲဖြစ်စေ၊ ဝီရိယ နည်းလို့ပဲဖြစ်စေ၊ တရားမတိုးတက်ဘဲ ဖြစ်နေရင်

၁။ (၂၈) သုဒ္ဓဋ္ဌကသုတ္တ၊ မဟာနိဒ္ဒေသပါဠိ။

ငြီးငွေ့လာတယ်။ တောတောင်ရဲ့ ဆိတ်ငြိမ်မှုမှာလည်း မပျော်မွေ့တော့ဘူး။ သမထ ဝိပဿနာတရား လုပ်ငန်းမှာလည်း မပျော်တော့ဘူး။ အဲဒါ *မာရ်နတ်ရဲ့ ဒုတိယစစ်တပ်က* တိုက်ခိုက်လာတာပါပဲ။

ရဟန်းဆိုတာကတော့ သူများတွေ လှူဒါန်းတာနှင့်ပဲ မျှတပြီး ဘုဉ်းပေးသုံးဆောင်ရတာပါ။ လူတွေလည်း တရားအားထုတ်နေတဲ့ ကာလမှာတော့ အစားအစာနှင့် ပတ်သက်ပြီး မျှတရုံ စားရပါတယ်။ တရားတိုးတက်လို့ နှစ်သက်အားရနေတဲ့ အခါမှာတော့ ဆာလောင်မှုတွေ မပေါ်ပါဘူး။ ဒါပေမဲ့ တရားကလည်း မတိုးတက်၊ တရားထဲမှာလည်း မပျော်မွေ့တော့ဘူးဆိုရင် ဆာလောင်မှုတွေက လာတော့တာပါ။ ဒါက *မာန်နတ်ရဲ့ တတိယစစ်တပ်*လို့ တင်စားပြီး စာမှာပြဆိုပါတယ်။

မာရ်နတ်ရဲ့ စတုတ္ထစစ်သည်ဟာ တဏှာပါပဲ။ တဏှာကတော့ လိုချင်မှုတွေပါ။ အမျိုးမျိုးသော အကြောင်းတွေကို လိုချင်မှုတွေ၊ ဖြစ်ချင်မှုတွေ အဲဒါတွေကတော့ *မာရ်နတ်ရဲ့ စတုတ္ထစစ်သည်*တွေ ဖြစ်ပါတယ်။

တရားက အချိုးမကျ၊ လိုချင်မှု ဖြစ်ချင်မှုတွေက ဝင်လာရင် တရားဓမ္မမှာ တက်တက်ကြွကြွ မရှိလာတော့ဘူး။ အဲဒီမှာ *မာရ်နတ်ရဲ့ ပဥ္စမစစ်တပ်* ထိနမိဒ္ဓ ဝင်လာတော့တာပါပဲ။

တရားဓမ္မမှာ ပျော်ပြီးတော့မှ ဇွဲသန်သန်နှင့် အားထုတ်နေတဲ့ ယောဂီအဖို့မှာတော့ တော်ရုံတန်ရုံလည်းပဲ မကြောက်လန့်ပါဘူး။ ဒါပေမယ့် ငိုက်မြည်းပြီးနေတဲ့ ယောဂီကတော့ ပိုးမွှားတိရစ္ဆာန်ကြောင့်ဖြစ်စေ၊ သစ်ရွက်ကြွေလို့ဖြစ်စေ၊ ဂျိုးဂျိုး ဂျက်ဂျက်၊ ဒိုးဒိုး ဒေါက်ဒေါက် မြည်နေတဲ့ အသံတွေကိုတောင် တစ္ဆေသူရဲတွေပဲလား ဘာလားဆိုပြီး

တော့ ကြောက်လန့်တတ်ပါတယ်။ ဒါက *မာရ်နတ်ရဲ့ဆဋ္ဌမ စစ်တပ်*ပါ။

အဲဒီလို မာရ်နတ်ရဲ့ စစ်တပ်တွေဝင်ပြီးတော့ အနှောင့်အယှက်ပေးပြီဆိုမှတော့ ကိလေသာကင်းဆိတ်တဲ့ အရသာလည်း ပေါ်မှာမဟုတ်တော့ပါဘူး။ အဲဒီအခါကျတော့ အကျင့်လမ်း မှန်မှမှန်ရဲ့လား? ဆရာရော မှန်မှမှန်ရဲ့လား? ဒီလို ယုံမှားသံသယတွေ ဝင်လာတတ်ပါတယ်။ အဲဒီ ယုံမှား သံသယဟာလည်းပဲ *မာရ်နတ်ရဲ့သတ္တမမြောက် စစ်တပ်*လို့ မှတ်သားရပါမယ်။

အဲဒီလိုနှင့်ပဲ တရားကို ဆက်ပြီးတော့ ကြိုးစားလိုက်တာ ဒီဗောဓိပက္ခိယတရားတွေ၊ မဂ္ဂင်တရားတွေဆိုတာ၊ ဘုရားဟော ပါဠိတော်တွေ မမှန်ပဲနေပါ့မလား စသည်အားဖြင့် ဒီလို မိမိအနေနှင့် ယုံမှားသံသယတွေကို ဖယ်ရှားပြီးတော့မှ တရား အားထုတ်လာလိုက်တာ အနည်းငယ်တရားတွေ တိုးတက်လာပြီးတော့မှ ငြိမ်းအေးတဲ့ သဘောလေးတွေ တွေ့လာတဲ့အခါကျတော့ ငါကတော်လို့၊ ငါက ကြိုးစားလို့ ငြိမ်းအေးလာတာ။ မိမိကို ကမ္မဋ္ဌာန်းသင်ပေးတဲ့ ဆရာရဲ့သင်ပြမှု တစ်ခုထဲကြောင့်ဆိုရင် ဘယ်ခုလို ငါငြိမ်းအေးမလဲ။ ဒီလိုကျေးဇူးရှိတဲ့ ဆရာရဲ့ ဂုဏ်ကျေးဇူးကို ဖျက်တဲ့ မက္ခဆိုတဲ့ စစ်တပ် ဝင်လာပါတယ်။ သူနည်းပေးလို့ မဟုတ်ပါဘူး၊ ငါက တော်လို့ပါ။ ငါကကြိုးစားလို့ပါ။ ဒီလိုတွေ ကျေးဇူးကို ချေဖျက်ချင်လာပါတယ်။ မက္ခမာန်နတ်ရဲ့ အဋ္ဌမမြောက် စစ်တပ်လို့ ခေါ်ပါတယ်။

မက္ခတရားတွေက ကိလေသာပဲ။ ဒီတရားတွေက မဖြစ်ကောင်းတဲ့ တရားတွေပဲ။ သတိတရား ထားပြီးတော့မှ ပယ်ဖျောက်ပြီး ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်တဲ့အခါမှာတော့ ယခင်ထက်ပိုပြီးတော့မှ တရားတွေဟာ တိုးတက်လာပါတယ်။

တရားတိုးတက်လာတဲ့ အခါမှာတော့ သီလရဲ့သတ္တိကြောင့် သမာဓိ ပညာရဲ့ သတ္တိတွေကြောင့် လူကြည်ညိုမှုတွေ များလာတယ်။ လာဘ်လာဘတွေ ပေါလာတယ်။ ပူဇော်မှုသက္ကာရတွေ ရှိလာတယ်။ အဲဒီအခါမှာတော့ ခါတ်ခံမြင့်မားတဲ့ ပုဂ္ဂိုလ်အဖို့တော့ ခံနိုင်ရည် ရှိနိုင်ပေမယ့်လည်း ခါတ်ခံညံ့တဲ့ ပုဂ္ဂိုလ်တွေမှာကျတော့ ခံနိုင်ရည် မရှိတော့ပါဘူး။

အဲဒီ လာဘ်လာဘတွေ အပေါ်မှာ နှစ်သက် သဘောကျ လာတယ်။ ကျော်ဇောသထက် ကျော်ဇောအောင်၊ ထင်ရှားသထက် ထင်ရှားအောင်၊ ထင်ပေါ်သထက် ထင်ပေါ်အောင်၊ လာဘ်လာဘ တွေ ပေါသထက် ပေါအောင်၊ တရားအထူးတွေ၊ တရားအဆန်း တွေကို တီထွင်ပြီး ပြလာတယ်။

အဲဒီအခါမှာတော့ မာရ်နတ်က သူ့ရဲ့ နဝမမြောက် စစ်တပ် နှင့် တိုက်တော့တာပါပဲ။ *နဝမမြောက် စစ်တပ်က လာဘ သက္ကာရ သိလောက* ပါပဲ။

အဲဒီလို လာဘ်လာဘတွေ ပရိသတ်တွေ ပေါလာတဲ့ အခါကျ တော့ ငါကမှအဟုတ်၊ သူတစ်ပါးတွေဟာ နည်းလမ်း မမှန်ဘူး ဆိုပြီး မိမိကိုယ်ကိုမိမိ မြှောက်ပင့်ပြီးတော့ သူတစ်ပါးကို ရှုံ့ချ လာပါ တော့တယ်။ အဲဒီမှာတော့ *မာရ်နတ်ရဲ့ ဒသမမြောက် နောက်ဆုံး စစ်တပ်*က အနိုင် ပိုင်းလိုက်တော့တာပါပဲ။

မာရ်နတ်ရဲ့ စစ်တပ်တွေကို တိုက်ဖို့အတွက် အကောင်းဆုံး လက်နက်ကတော့ ဗောဇ္ဈင်တရားတွေပါပဲ။ ဗောဇ္ဈင်တရားကို မာရ သေနာ ပမဒ္ဒနေ မာရ်စစ်သည် တစ်သိန်းကို နိုင်နင်းတတ်တဲ့ တရားလို့ မြတ်စွာဘုရားရှင်က ဗောဇ္ဈင်ဂ္ဂသံယုတ်မှာ မိန့်တော်မူထားပါတယ်။

မာရ်နတ်ရဲ့စစ်တပ်ကို တိုက်ဖို့အတွက် ဗောဇ္ဈင်တရားတွေ ပွားရပါတယ်။ ဗောဇ္ဈင်တရားဆိုင်ရာ သိစရာတွေကို အသေးစိတ် အသိပေးရေးသားပေးလိုက်ခြင်း ဖြစ်ပါတယ်။

မမေ့မလျော့တဲ့ *သတိ*ဦးစီးနေတဲ့ စိတ်မှာက ကြိုက်မကြိုက်၊ ကောင်းမကောင်းနှင့်အတူ အာရုံများ ကြားဝင်ခိုရန် နေရာလပ်ရှိမှာ မဟုတ်ပါဘူး။

စိုက်လိုက်မတ်တတ် *သတိ*ရှိနေတာက *ဓမ္မဝိစယသမ္ဗောဇ္ဈင်* ဆိုတဲ့ပညာကို ဖြစ်စေပါတယ်။ ရုပ်ပဲဖြစ်ဖြစ် နာမ်ပဲဖြစ်ဖြစ် တစ်ခုခုမှာ သတိကပ်တည်လိုက်တဲ့အခါမှာ ဓမ္မဝိစယက ထိုရုပ်နာမ်တို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တသဘောကို စီစစ်ဆင်ခြင်ပါတယ်။

*ဝီရိယ*ကတော့ သတိရဲ့ လုပ်အားကောင်းအောင် ပညာရဲ့ လုပ်အားကောင်းအောင်နှင့် အခြားအတူ ဖြစ်ပေါ်မယ့် ဗောဇ္ဈင် တရားများ လုပ်အားကောင်းအောင် ချီးမြှောက်အားပေးပါတယ်။ *ပီတိ*ကတော့ ဗောဇ္ဈင်အားလုံး ကိုယ့်အလုပ်ကိုယ် လုပ်ရအောင် နှစ်သက်မှုကိစ္စနှင့် ကူညီပေးပါတယ်။ ပဿဒ္ဓိကလည်း ဗောဇ္ဈင် ဖျက်တဲ့ ဥဒ္ဓစ စတဲ့ တရားဆိုးတွေ အနှောင့်အယှက် မပေးနိုင်အောင် နှိမ်နင်းပေးပြီး အငြိမ်းဓာတ်နှင့် ကူညီဖြည့်ပေးပါတယ်။

*သမာဓိ*ကတော့ စူးစိုက်မှုနှင့် တည်ငြိမ်မှုကိစ္စတွေမှာ ကူညီ အားပေးကာ ဗောဇ္ဈင်တရားတွေ ညီညီမျှမျှ အလုပ်လုပ်စေပါတယ်။ ဥပေက္ခာက အဲဒီဗောဇ္ဈင်တရားတွေ ဆုတ်မသွားအောင် ယုတ်မသွား အောင် လွန်မသွားအောင် ထိန်းပေးပြီး ကူညီဆောင်ရွက်ပေးပါတယ်။

အားရှိတဲ့ဝိပဿနာ ဗလဝဝိပဿနာအခိုက်မှာဖြစ်တဲ့ တရား ဖြစ်တာကြောင့် အလွန် ပေါ်လွင် အလွန် ထင်ရှားပြီး အင်အား

ကောင်းကောင်းနှင့် အလုပ်လုပ်နေကြတာ ဖြစ်ပါတယ်။ အဲဒီလို တက်ညီ လက်ညီ ခဏ္ဍတိုင်းခဏ္ဍတိုင်း တစ်ခုနှင့်တစ်ခု ကူညီပြီး ပူးပေါင်း ဆောင်ရွက်တာကြောင့် ဆိုင်ရာရုပ်နာမ်ရဲ့ အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို သိသိသွားတာပါ။

*တဒင်္ဂချင်း တဒင်္ဂချင်း နီဝရဏတရားတွေနှင့် ကိလေသာတရားတွေ ကင်းကွာ ကင်းကွာပါတယ်။ ဝိပဿနာအားကောင်းတဲ့ ဗလဝဝိပဿနာအခိုက်မှာ အဲဒီလို ဗောဇ္ဈင်တရားတွေ အလုပ် လုပ်ကြတာ ဖြစ်ပါတယ်။*

*ထို့အတူ မဂ်အခိုက်မှာလည်း သတိက နိဗ္ဗာန်အာရုံမှာ ကပ်တည်ပါတယ်။ သတိကပ်လိုက်တဲ့ နိဗ္ဗာန်ကို ဓမ္မဝိစယက စီစစ်ဆင်ခြင် မြင်သိကာ ဝီရိယနှင့်အတူ ကျန်ဗောဇ္ဈင်တရားတို့က ဆိုင်ရာ ဆိုင်ရာ ကိစ္စတွေနှင့်အတူ နိဗ္ဗာန်အာရုံဆီကို ဆိုက်ရောက်ရန် အားပေးအားမြှောက် ပြုရပါတယ်။*

*ပီတိကလည်း ထိုဗောဇ္ဈင်တရားတွေ နိဗ္ဗာန်အာရုံမှာ ဆိုက်ပြီး ကိုယ့်ကိစ္စကိုယ် အားရပါးရ ဆောင်ရွက်နိုင်စေရန် နှစ်သက်မှုကိစ္စနှင့် ကူညီ ဆောင်ရွက်ပေးပါတယ်။ ပဿဒ္ဓိကလည်း နိဗ္ဗာန်အာရုံ ယူနေတဲ့ ထိုထိုဗောဇ္ဈင်တရားတွေ အလုပ်ကိစ္စ လုပ်ရာမှာ အနှောင့်အယှက်ဖြစ်စေတဲ့ ပူပန်မှုတွေ ကင်းဝေးစေပြီး မိမိကိစ္စ ငြိမ်းအေးခြင်းနှင့် ကူညီဆောင်ရွက်ပေးပါတယ်။ သမာဓိကလည်း နိဗ္ဗာန်အာရုံ ယူနေတဲ့ ထိုထို ဗောဇ္ဈင်တရားတွေ နိဗ္ဗာန်အာရုံမှ လွတ်မသွားအောင် စည်းရုံးခြင်းနှင့် ကူညီပေးပါတယ်။*

*ဥပေက္ခာကလည်း အတူဖြစ်ဘက် ဗောဇ္ဈင်တရားတွေကို နိဗ္ဗာန်အာရုံယူရာမှာ မယုတ်မလွန် ညီမျှစေရန် ထိန်းပေးသောအားဖြင့် ကူညီပေးပါတယ်။*

<u>*အဲဒီလို ဗောဇ္ဈင်ခုနစ်ပါးတရားတွေက မဂ်ခဏမှာ တက်ညီ လက်ညီ တစ်ခုနှင့်တစ်ခု ကူညီအားပေးပြီး တစ်စုတစ်ဝေး စုပေါင်းကာ မိမိတို့ကိစ္စကို အသီးသီး ဆောင်ရွက်တာကြောင့် နိဗ္ဗာန်ကို သိမှုကိစ္စ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုမှုကိစ္စ၊ ကိလေသာတွေ ပယ်မှုကိစ္စတွေကို မဂ်က အပြီးတိုင် ဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။*</u> ဒါက စာနှင့် ရေးသားရတာပါ။ အလုပ်ခွင်မှာက တဒင်္ဂ တစ်ခဏအတွင်းမှာပင် ဒီဗောဇ္ဈင်တွေ ဖြစ်ကြရတာပါ။

"ဗောဇ္ဈင်္ဂါ ဗောဇ္ဈင်္ဂါတိ ဘန္တေ ဝုစ္စန္တိ၊ ကိတ္တာဝတာ
နု ခေါ ဘန္တေ ဗောဇ္ဈင်္ဂါ"တိ ဝုစ္စန္တိတိ။ ဗောဓာယ
သံဝတ္တန္တီတိ ခေါ ဘိက္ခု၊ တသ္မာ ဗောဇ္ဈင်္ဂါ တိ ဝုစ္စန္တိ[၁]

မြတ်စွာဘုရား. . ဗောဇ္ဈင် ဗောဇ္ဈင်လို့ ဘာကြောင့်ခေါ်တာလဲလို့ ရဟန်းတွေမေးတဲ့အခါမှာ မြတ်စွာဘုရားက ချစ်သားတို့ သစ္စာသိခြင်းကြောင့်၊ နိဗ္ဗာန်ကိုသိတဲ့ အကျိုးဖြစ်တာကြောင့် ဗောဇ္ဈင်လို့ ခေါ်တယ်လို့ မိန့်တော်မူပါတယ်။

ကိုယ်စိတ်ချမ်းသာစွာဖြင့် ဗောဇ္ဈင်တရားတွေ ပြည့်စုံသည့်တိုင် ဝိပဿနာကို အားထုတ်နိုင်ပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၈ ခု၊ ဒီဇင်ဘာလ (၉)ရက်။

---

၁။ (၂၀၂) ဗောဓာယသုတ္တံ၊ ဥဒါယိဝဂ္ဂ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။

**ရှိသေးစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

အာရုံတစ်ခုခုနှင့် တိုက်ဆိုင်လိုက်တာနှင့် တပြိုင်နက်ထဲပဲ အတိတ်က ပြုလုပ်မိခဲ့တဲ့ ဆိုင်ရာဆိုင်ရာ အကြောင်းအရာ (File) တွေဟာ အလိုအလျောက်ပဲ ပွင့်တတ်တာပဲဆိုတာ ခုရက်ပိုင်းတရား အားထုတ်ရာမှာ အထူးသတိပြု သိရှိလာပါတယ်ဘုရား။

အာရုံတိုက်ဆိုံတာက ကွန်ပျူတာသဘောနှင့် လျှောက်ထားရရင် ခလုပ်နှိပ်ပြီးသား ဖြစ်သွားပါတယ်။ (File) အများစုကတော့ စိတ်ကို ပင်ပန်းစေတာတွေပဲ များပါတယ်။ စိတ်ပူလောင်စရာ၊ ယူကြုံး မရဖြစ်စရာ၊ စိတ်သောက ဖြစ်စရာ၊ ဒေါသဖြစ်စရာ၊ ဝမ်းနည်းစရာ တွေပဲ ထပ်တလဲလဲ စိတ်ထဲ ဝင်လာပါတယ်ဘုရား။ တစ်နည်း လျှောက်ထားရရင် အလိုလျှောက် တွေးနေမိသလိုပါပဲ။ တစ်ချို့ဆိုရင် သိပ်ကို ကြာခဲ့ပေမယ့်လည်း အာရုံနှင့် တိုက်ဆိုံရင်တော့ အခုပဲ ခံစားရသလို ပေါ်လာတာပါပဲဘုရား။

*<u>အခုလိုအာရုံနှင့် မတိုက်ဘဲနေလို့ မရနိုင်တဲ့ ဘဝတာမှာ အတိတ်က (File)တွေ ပွင့်ပွင့်နေတာ ပင်ပန်းဆင်းရဲ လှပါတယ် ဘုရား။ ဝိပဿနာ သတိပဋ္ဌာန်နည်းမှအပ ကမ္ဘာလောကမှာ ဒီဆင်းရဲက ထွက်မြောက်ရာလမ်း မရှိဘူးဆိုတာ တပည့်တော်မ ပို၍ ပို၍ သဘောပေါက်လာပါတယ်ဘုရား။</u>*

(File) ဖိုင်ပွင့်ပြီဆိုရင် တစ်ချို့ အကြောင်းအရာတွေဟာ ကာယ ဝစီထိ လွန်ကျွံကုန်ပါတယ်။ စိတ်ထဲတင်ကို ပင်ပန်းတာ ဆိုတော့ ကာယဝစီထိ လွန်ကျွံရင်တော့ ပိုပင်ပန်းပါတယ်။ တကယ် တမ်းတော့ ခုလို ဖိုင်ပွင့်တာကိုက ဆင်းရဲလှပါပြီဘုရား။ ဖဿရဲ့ နောက်ဆက်တွဲ ဒဏ်ချက်တွေပါပဲ။ အဲဒီကိလေသာဖိုင်တွေ လုံးလုံး

မရှိတော့ရင် ကောင်းမယ်လို့ တပည့်တော် တွေးမိပါတယ်ဘုရား။ အခုတော့ သတိထားမိလာပါတယ်ဘုရား။ ရှုမှတ်အား အတန် ကောင်းတဲ့ အခါမှာတော့ တစ်ချို့ တစ်ချို့ ဖိုင်တွေ (Delete) လုပ်ပြီး သား ဖြစ်သွားပါတယ်။

တပည့်တော်လုပ်တာတော့ မဟုတ်ဘူး။ လူကလုပ်လို့ မရနိုင် ဘူးလို့လည်း တပည့်တော် ထင်ပါတယ်။ လူ့ကိစ္စမပါ။ ဝိပဿနာ ကသာ လုပ်သွားတာပါ။ ဓမ္မကပဲ လုပ်သွားတယ်လို့ ထင်ပါတယ် ဘုရား။

ရုံခါ ဆိုင်ရာအာရုံတွေတိုက်ဆုံမှပဲ ဒီ (Case File)ကို ဝိပဿနာ က ဖျက်သိမ်းလိုက်ပြီးပြီကိုးလို့ သိရပါတယ်။ ဒါပေမယ့် ဘုရား တပည့်တော်ရဲ့ *ဘဝမှာရှိတဲ့ (File)တွေ အားလုံးကို ပိတ်သိမ်းနိုင် တဲ့ထိ ဝိပဿနာကို အားထုတ်ပါမယ်ဘုရား။ ဒီ (File)တွေ မရှိမှဘဲ စိတ်က ငြိမ်းချမ်းပြီး လွတ်လပ်သွားမယ်ဆိုတာ ယုံကြည်ပါပြီဘုရား။*

*အရင်ကြုံဆုံခဲ့ဖူးတဲ့ အရမဏာနုသယသတ္တိတွေကတော့ ရှုမှတ်မှု ဝိပဿနာပုဗ္ဗဘာဂမဂ်နှင့်ပယ်နိုင်ပြီး သဏ္ဍာနာနုသယ ကိုတော့ မဂ်ဉာဏ်နှင့်မှ ပယ်နိုင်တယ်လို့ ဆရာတော်ဘုရား ဆိုဆုံး မမှု ရပြီးကတည်းက တပည့်တော်သွားနေတဲ့ တရားလမ်းစဉ် အတွက် အရေးကြီးတဲ့ လမ်းညွှန်မှု ရပြီလို့ ခံယူလိုက်ပါတယ်ဘုရား။ ရှုမှတ်မှုကြောင့် ခုလောက်ပေါ့ပါးလာတဲ့ ဝန်ထုပ်ဝန်ပိုးအတွက်ကို ကျေးဇူးကြီးလှပါပြီဘုရား။ အားလုံးကိုသာ ပယ်နိုင်ရင် ဘယ်မျှ ချမ်းသာမလဲဆိုတာ မှန်းဆပြီး ဝမ်းမြောက်လှပါတယ် ဆရာတော် ဘုရား။*

ဘုရားတပည့်တော် သိချင်လှတဲ့ ဗောဇ္ဈင်တရားတွေကို အသေးစိတ် မဂ်ခဏတိုင် ရှင်းလင်းသွန်သင်ကာ ပြသပေးတော်မူတဲ့အတွက် အလွန်အမင်း ဝမ်းမြောက်လှပါတယ်ဘုရား။ ဆရာတော်ဘုရား၏ ကျေးဇူးကို ဆပ်၍ မကုန်နိုင်တော့ပါ အရှင်မြတ်ဘုရား။

ရိုသေစွာ ရှိခိုးဦးခိုက်ပါ၏။
ဒါယိကာမ
ရက်စွဲ-၁၉၈၈ ခု၊ ဒီဇင်ဘာလ (၁၉)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားသိစေအပ်ပါသည်။**

စက္ခုရူပေဏ သံဝါသ၊ ရာဂပုတ္တော ဝိဇာယတိ။

မျက်စိနှင့်အဆင်း ဆုံတဲ့အခါမှာ အသိသတိမရှိတဲ့ စိတ်မှာ ကိလေသာ ဖြစ်တော့တာပါပဲ။ နားနှင့်အသံ ကြားဆဲမှာ သတိပဋ္ဌာန် လက်လွတ်နေရင် ကိလေသာ ဖြစ်တော့တာပါပဲ။ နှာခေါင်းနှင့်အနံ့ အသီးသီး တွေ့ဆုံဆဲမှာ အသိသတိမရှိရင် ကိလေသာ ဖြစ်တော့တာပါပဲ။

ပမာဆိုပါစို့ နားနှင့်အသံ ကြားလိုက်တယ်၊ အသိသတိမရှိရင် အဲဒါကို တပ်မက်တဲ့စိတ်ဖြစ်ပြီ ကိလေသာပါပဲ။ (၁) တဏှာကိလေသာ ဖြစ်တယ်၊ အဲဒီတဏှာကိလေသာ ဖြစ်တာနှင့် သူများကို ဒါနှင့် မပတ်သက်စေချင်ဘူး (၂) မစ္ဆရိယဖြစ်လာပြန်တယ်။ ငါသာခံစားနိုင်တယ်၊ သူတို့ ခံစားနိုင်လို့လား၊ ငါနှင့်သူတို့က

တူသလား၊ တန်သလားလို့ (၃) လာပြန်တယ်မာန။ အဲသည်လို ကိုယ့်မှာသာ ပြည့်စုံပြီးတော့မှ သူတို့ကို မပြည့်စုံစေချင်ဘူး (၄) လာပြန်ပြီကွသာ။ တစ်စုံတစ်ယောက်သောသူက ဒါနှင့် ပတ်သက်လာလို့ ပြောဆိုလာမယ်၊ ဆန့်ကျင်လာမယ်ဆိုရင် သူ့ကို ရန်သူလို့ သတ်မှတ်ပြီ ဒါက (၅) ဒေါသ။ ကာမဂုဏ်တွေကို ခံစားရတာ အရှက်အကြောက် ဘာမှ မရှိတော့ဘူး။ အရှက်အကြောက် ကင်းနေတာက (၆) အဟိရိက (၇) အနောတပ္ပ။ ဒါကိုပဲ ချမ်းသာတယ်၊ ကောင်းစားတယ်။ ဒီထက် ချမ်းသာကောင်းစားတာ မရှိတော့ဘူးလို့ နှလုံးသွင်းနေတာက (၈)မောဟ။ အဲဒီအခါကြတော့ ကံ ကံ၏အကျိုး မရှိတဲ့သဘော အတ္တကောင်၊ ငါကောင်လို့ ထင်တဲ့ သဘောထိ ရောက်လာပြီ၊ ငါ့ဘဝ အရတော်လိုက်တာလို့ ဖြစ်လာပြီ၊ အဲဒါက(၉) ဒိဋ္ဌိ။ ဒီကာမဂုဏ်ခံစားမှု တစ်ခု တစ်ခုပေါ်မှာ မူတည်ပြီး ကိလေသာတွေ အများကြီး ဖြစ်တတ်တဲ့ သာဓကပါပဲ။ ဒါကြောင့် အသိသတိ လွတ်လို့မရဘူး။

ဥပမာပေးရဦးမယ် ဆိုလို့ရှိရင် ဆိုပါစို့။ ဒီဥပမာလေးတွေက သိမ်မွေ့ပါတယ်။ အားထုတ်ထားတာမှမရှိရင် နားလည်ဖို့ မလွယ်လှပါဘူး။ နေ့စဉ်နှင့်အမျှ ဖြစ်တတ်တာက ထမင်းစားဝိုင်းမှာ ကိုယ်နှစ်သက်တဲ့ဟာလေး ပါလာမလားဆိုတာကို စားပွဲမှာ မထိုင်သေးဘူး ကြည့်ပြီးနေပြီ။ (check) လုပ်ပြီးနေပြီ။

အဲဒီအခါကျတော့ နှစ်သက်တာလေးတစ်ခု တွေ့လိုက်လို့ရှိရင် မျက်စိက မခွာတော့ဘူး။ တစ်ခြားတစ်ယောက်က အဲဒီပန်းကန်ကို ရွှေ့လိုက်ရင်ကို မနှစ်သက်နိုင်ဘူး။ သူများက ယူလို့ရှိရင်တော့ ကုန်သွားမှာကို စိုးရိမ်နေတယ်။ သေသေ ချာချာ အသိသတိဆက်အောင် ကြိုးစားရင် ခုလို နားလည်နိုင်ပါတယ်။

ဒီဟင်းမျိုး ငါမှိလို့ စားနိုင်တာ၊ ဟိုဘက်ကလူတွေ စားနိုင်လို့လား ဒီလိုတွေ ဖြစ်တတ်တယ်။ ဒါမျိုးဟာ ငါကြိုက်တတ်တယ်။ ငါသာလျှင် ဒါမျိုးကို ကြိုက်တာ သူတို့ မကြိုက်တတ်ဘူး။ ဒီလို စိတ်မျိုးလည်း ဖြစ်တတ်ပါတယ်။ တော်တော်ကြီးကို အံ့ဩဖို့လည်း ကောင်းပါတယ်။ သူတစ်ပါးတွေကို မစားစေချင်ဘူး၊ ကိုယ်ပဲ ကောင်းကောင်းစားချင်တယ်။ ကိုယ်ပဲ ပြည့်စုံချင်တယ်။ သူများတွေ မပြည့်စုံစေချင်ဘူး၊ ပုထုဇဉ်ရဲ့ ကိလေသာ ပေလူးနေတဲ့စိတ်က တော်တော်ကို ဆန်းကျယ်လွန်းပါတယ်။

ဒါကို ပါဠိတော်မှာ သတ္တဝါခြောက်ကောင်နှင့် ဥပမာပြပြီး မြတ်စွာဘုရား ဟောတော်မူတာရှိတယ်။ နယ်ပယ်တစ်မျိုးစီ တစ်မျိုးစီမှာ ကျက်စားလေ့ရှိကြတဲ့ သတ္တဝါခြောက်ကောင် ရှိကြတယ် ဆိုပါစို့။ စာမှာက မြွေ၊ မိချောင်း၊ ငှက်၊ အိမ်၊ ခွေး၊ တောခွေး နှင့် မျောက်တို့ကို ဖမ်းယူပြီး ခိုင်ခံ့တဲ့ကြိုးနှင့် ချည်ထား။ ပြီးမှ အလယ်မှာအထုံးဖွဲ့ပြီး လွှတ်လိုက်ရင် သူတို့က နယ်ပယ် တစ်မျိုးစီကို ကျက်စားလေ့ ရှိကြတော့ တစ်ကောင်ချင်း မိမိတို့ ကိုယ်စီ ကျက်စားရာ နယ်ပယ်ဆီကိုပဲ အတင်းရုန်းပြီးတော့ သွားကြမှာပဲ။ မြွေဟာ တောင်ပို့ကိုဝင်မယ်၊ မိကျောင်းက ရေထဲကိုဆင်းမယ်၊ ငှက်က ကောင်းကင်ပျံမယ်၊ အိမ်ခွေးက ရွာကိုပြန်မယ်၊ တောခွေးက သုသာန်ကို ဝင်မယ်၊ မျောက်က သစ်ပင်ပေါ်တက်မယ်။ သတ္တဝါ ခြောက်ကောင်တို့ဟာ ဆာလောင်မွတ်သိပ် ပင်ပန်းတဲ့ အခါမှာတော့ အားအကောင်းဆုံး သတ္တဝါဆွဲတဲ့နောက်ကို ကျန်တဲ့သတ္တဝါ ငါးကောင်က လိုက်သွားကြရမှာပါ။[၁]

၁။ (၂၄၇) ဆပ္ပါဏကောပမသုတ္တံ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။

အသံကြားရာမှာ မစောင့်စည်းနိုင်ခဲ့ရင် ကျန်တဲ့ဒွါရတွေက သူ့နောက်ကို လိုက်ပါပေးရတယ်။ အရသာမှာ မစောင့်စည်းနိုင်ခဲ့ရင် ကျန်တာ သူ့နောက် လိုက်ပေးရမြဲ ဖြစ်ပါတယ်။ မျက်စိမှာ စောင့်စည်းမှုမရှိရင်လည်း အဲဒီနောက်ကို ကျန်တာက လိုက်ပါပေးရတယ်။ ဒါကြောင့် ယောဂီဟာမျက်စိ၊ နား၊ နှာခေါင်း စသည်နှင့် ဆိုသခိုက် ဆိုသခိုက် သတိရှိရင် ချစ်ခင် နှစ်သက်ဖွယ်အဖြစ် မတပ်မက်တော့ဘူး။ မနှစ်သက်ဖွယ် ပေါ်မှာလည်း အမျက်မထွက်တော့ဘူး။

*ရှုမှတ်မှု သတိရှိပြီးတော့ မြင့်မြတ်တဲ့စိတ်နှင့် နေမယ်ဆိုလို့ရှိရင် ကြမ်းတမ်း ယုတ်ညံ့တဲ့ အကုသိုလ် ကိလေသာတရားတွေ စိတ်ကို မလွှမ်းမိုးနိုင်တာမို့ ငြိမ်းအေးတော့တာပါပဲ။*

ဒါကြောင့် စိတ်ကို ဆုံးမထားတဲ့ ယောဂီမှာတော့ မျက်စိက ချစ်ဖွယ်အဆင်းနှင့် ဆုံတဲ့အခါမှာလည်း မစွဲဆောင်နိုင်ဘူး။ မုန်းဖွယ်အဆင်းနှင့် ဆုံတဲ့အခါမှာလည်း မဆွဲဆောင်နိုင်ပါဘူး။

အဲဒီလိုပဲ နားကို အသံအမျိုးမျိုး၊ နှာခေါင်းကို အနံ့အမျိုးမျိုး၊ လျှာကို အရသာအမျိုးအမျိုး၊ ကိုယ်ကို အထိအတွေ့အမျိုးမျိုး၊ စိတ်ကို အတွေးအကြံ အမျိုးမျိုးတွေဟာလည်း မစွဲဆောင်နိုင်တော့ပါဘူး။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ်ဆိုတဲ့ ဒွါရခြောက်ပါးအနက် ဒွါရတစ်ခုခုက အဓိပတိအားရှိရင်တော့ ကျန်တဲ့ ဒွါရကလည်း အားရှိတိရစ္ဆာန်တစ်ကောင်နောက်ကို ငြိုငြိုငြင်ငြင် လိုက်ပါရသလို ငြိုငြိုငြင်ငြင် လိုက်ပါရတော့တယ်။

ဒါပေမဲ့ သတိပဋ္ဌာန်တရားနှင့် ဆုံးမထားမယ်ဆိုရင်တော့ သတ္တဝါတွေ တစ်နေရာထဲမှာ ဝပ်ကုန်ကြသလို တစ်နေရာထဲမှာ ရပ်တည်ကုန်ကြသလို၊ အနီးမှာလည်း အိပ်ကုန်ကြသလို၊ အာရုံက

မစွဲဆောင်နိုင်တော့ဘဲ ခန္ဓာကနေ မခွာတော့ပါဘူး။ ဒါကြောင့် ဣန္ဒြေတို့ကို စောင့်ရှောက်ရပါမယ်။ ဣန္ဒြိယသံဝရသီလဆိုတာဟာ သတိပြဌာန်းတဲ့ စောင့်စည်းမှုပဲ ဖြစ်ပါတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ တံခါးပေါက်တွေကို အလစ်မခံဘဲ သတိဆိုတဲ့ တံခါးရွက်နှင့် ပိတ်ပြီး စောင့်စည်းထားဖို့ ကောင်းမွန်စွာ လေ့ကျင့်ရပါမယ်။ [၁]

မေတ္တာကရုဏာဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၈ ခု၊ ဒီဇင်ဘာ (၂၅)ရက်။

## ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်ဘုရားထံပါးမှ (၂၅၊၁၂၊၈၈) ရက်စွဲပါ ဆုံးမစာများ ရရှိပါတယ်ဘုရား။ ဗောဇ္ဈင်တရားတွေက ဘုရားတပည့်တော် အားထုတ်နေတဲ့ တရားလမ်းကြောင်းမှာ ပါဝင်နေကြောင်းကို ဆရာတော်ဘုရား သွန်သင် ပြသပေးမှုကြောင့် သိခွင့်ရပါပြီ ဘုရား။ မာရ်နတ်ရဲ့ စစ်သည်တွေကို သတိ၊ ဝီရိယ၊ ဉာဏ်ပညာနှင့် တပည့်တော် တိုက်ထုတ်နေပါတယ်ဘုရား။

ဗောဇ္ဈင်တရားတွေ အလုပ်လုပ်ပုံက လွန်စွာအံ့ဩစရာ ပါပဲဘုရား။ ပီတိသဘောတွေ၊ ပဿဒ္ဓိသဘောတွေနှင့် ဥပေက္ခာ ရဲ့သဘောတွေကို ခုလို ဆရာတော်ဘုရားတည်းဟူသော ပညာရှိ

---
၁။ (၃၇) အပရိဟာနိယသုတ္တ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။

ပုဂ္ဂိုလ်က မရှင်းပြပေးရင် ဘုရားတပည့်တော် ဒီတစ်သက် နားလည်ဖို့ မဖြစ်နိုင်ပါဘူးဘုရား။

တရား အားထုတ်ရတာ ပိုမို အားရှိလာပါတယ်ဘုရား။ တပည့်တော် အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းက သစ္စာ(၄)ပါးနှင့် ကိုက်ညီပါတယ်။ ဗောဇ္ဈင်တရားနှင့်လည်း ညီညွတ်နေပါတယ်ဘုရား။

မာရ်နတ်ရဲ့စစ်သည် ကိလေသာကို တပည့်တော် တိုက်ခိုက်နှိမ်နင်းလျှက်ရှိပါတယ်ဘုရား။ ဒါပေမယ့် သူတို့ကလည်း ပရိယာယ်များလွန်းလှပါတယ်။ ဒါကို စိတ္တာနုပဿနာရှုကွက်မှာ တပည့်တော် သေသေချာချာ ရှုမြင်နေရပါတယ်။

လောဘ ဒေါသ မောဟ မာန စတဲ့ ကိလေသာ စိုစွတ်နေတဲ့ နားနှင့် အာရုံတွေတိုက်ဆုံတဲ့အခါမှာ ကာမဝိတက်၊ ဗျာပါဒဝိတက်တွေ ဖြစ်နေတာပါလားဆိုတာ ပိုမို ရိပ်မိလာပါတယ်ဘုရား။ လောဘ ဒေါသ မောဟ ကိလေသာတွေကင်းတဲ့ မျက်လုံးနားတွေနှင့် ကြည့်ရနားထောင်ရတဲ့အခါမှာတော့ လောကအမြင်က တစ်မျိုးပြောင်းသွားပါတယ်ဘုရား။

အဖေအရွယ်ကို အဖေရင်းလို၊ အမေအရွယ်ကို အမေအရင်းလိုပဲ ဘုရားတပည့်တော်စိတ်မှာ ခံစားလာပါတယ်။ အမအရွယ် အစ်ကိုအရွယ်တွေကိုလည်း အမရင်း အစ်ကိုရင်းရယ်လို့ စိတ်ထဲမှာ ခံစားရပါတယ်။ ညီမောင် တူသားအရွယ်တွေကိုလည်း ထို့အတူပါပဲဘုရား။

ဇာတိရယ်၊ လူမျိုးရယ်၊ ယဉ်ကျေးမှုရယ်၊ အသားအရောင်တွေက တပည့်တော်မရဲ့ စိတ်ကို မကွဲပြား စေနိုင်တော့ပါဘူး။ ပညတ်နယ်ကိုသာ ကိလေသာက ချယ်လှယ်နိုင်ပါလား ဆိုတာကို သဘောပေါက် နားလည်လာပါတယ်ဘုရား။

တပည့်တော် တရားအားထုတ်ထားတဲ့ တရားလမ်းကြောင်းဟာ ပိုလို့ ပိုလို့ ရှင်းလာပါတယ်ဘုရား။ *ရှင်းလာမှပဲ အဲ့ဒီနေရာမှာ ဟိုတုန်းက ဇဝေဇဝါ ရှိခဲ့သကိုးလို့ သိရှိလာရပါတယ်ဘုရား။*

*တချို့ကိလေသာတွေက လျှပ်စီးလက်သလောက်ပါပဲဘုရား။ ဒါပေမယ့် တချို့အာရုံကြောင့် ဖြစ်ပေါ်လာတဲ့ ကိလေသာကတော့ တော်တော်လေး ကြာတတ်ပါသေးတယ်ဘုရား။*

ဒါကို ရိပ်မိလာတာကတော့ ၃-၄ ရက်ပဲ ရှိပါသေးတယ်။ *ပရမတ္ထသဘာဝကို သိလာပါသော်လည်း ရုံခါ ပညတ်စကားလုံးတင်ရတာ ခက်ခဲလှပါတယ်အရှင်ဘုရား။*

*ယခင်က ကိလေသာနှင့်ငါကို ငါနှင့်ကိလေသာကို တစ်ထပ်တည်း တစ်တွဲထဲ ထင်မိထားခဲ့ရာမှ အခုတော့ သတိ ဝီရိယ ပညာတွေကို ကိလေသာက ငါလုပ်လာပြန်ပါတယ်ဘုရား။*

နက်နဲလွန်းတဲ့အတွက်ကြောင့် ခုလိုပဲ လျှောက်တတ်ပါတော့တယ်။ တပည့်တော်ဘာမှ မသိသေးပါဘူးဘုရား။ ခုသိသမျှတွေလည်း ဘာမှ မဟုတ်သေးဘူးဆိုတာ ပို၍ ပို၍ သိသာလာတဲ့အကြောင်း ရိုသေစွာ ဝန်ခံ လျှောက်ထားပါရစေ အရှင်ဘုရား။

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၈ ခု၊ ဒီဇင်ဘာလ (၃၀)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

ဘဝမှာ လူသားတွေဟာ အကျိုးရှိတာ မှန်ကန်တာ ကောင်းတဲ့ ထင်တာတွေကို ကြိုးစားပမ်းစား အသက်ပေးပြီး လုပ်လာခဲ့ကြတယ်။ အဲဒီအကျိုးရှိတယ်ဆိုတာကို သိလို့လုပ်ခဲ့တာလား? မဟုတ်ပါဘူး။ ထင်လို့ လုပ်ခဲ့တာ များပါတယ်။ မှန်တယ် ကောင်းတယ် လုပ်သင့်တယ်ဆိုတာလည်း ထင်လို့ပဲ လုပ်ခဲ့ကြတယ်။

ကိုယ်က ကောင်းတယ်ထင်ပြီး အထင်နဲ့ လုပ်ရာကနေ တစ်စ တစ်စ သိပြီးလုပ်နေသလို ဖြစ်သွားတယ်။ လုပ်ဖန်များလာရင် လုပ်ချင် ချင်ဖြစ်လာတယ်။ နောက်တော့ ချည်တုတ်ခံရသလို မလုပ်ဘဲ မနေနိုင် တော့ပါဘူး။ ဒီလိုနှင့်ပဲ သေပွဲ ဝင်ကြရတယ်။ သိတာနှင့် ထင်တာ တစ်ခြားစီပါ။ ဒါပေမယ့် သိတာကို သိလာမှပဲ ဒါက အထင်ပါလားလို့ ရှင်းလာမှာဖြစ်ပါတယ်။

လိုချင်ရာရာ ဖြစ်ချင်ရာရာ များပြားလှတဲ့ လူ့လောကဌာနမှာ လိုချင်တာတွေရရင် ဖြစ်ချင်တာတွေ ဖြစ်နေရင် ကံကောင်းနေတယ် လို့ လူသားတွေထင်နေကြတယ်။ အခုလို တရားအသိဉာဏ်တွေ ရင့် ကျက်လာမှပဲ ရရင်လည်းဖြစ်တယ်၊ မရရင်လည်း ဖြစ်တယ်။ ဖြစ်ရင် လည်းဖြစ်တယ်၊ မဖြစ်ရင်လည်း ဖြစ်တယ်ဆိုတာ လက်ခံနိုင်လာ ပါမယ်။

*အာရုံတွေက ပဓာန မဟုတ်တော့ဘူး။ အသိအမြင်ဉာဏ် ကသာ ပဓာနဆိုတာ သိလာနိုင်တယ်။ ရချင်တာတွေ ရှိတယ်၊ ရအောင် လုပ်ခဲ့ဖူးတယ်၊ အခုသိလာတဲ့ အသိဉာဏ်နှင့်က ဘာမှ မဟုတ်တော့ဘူး။*

ကိလေသာက ပရိယာယ် များလွန်းတယ်။ လူက မာယာများတာ မဟုတ်ပါဘူး။ ကိလေသာက မာယာများတာ၊ မာယာက ကိလေသာ ဖြစ်ပါတယ်။ *အဲဒီမာယာတွေ ပါးသွားမှပဲ ဘဝဟာ ရိုးရှင်းလာတယ်။* ရိုးရှင်းမှ ဘဝဟာ ပေါ့ပါးလာမယ်။

အခုလို သဘာဝကို သဘာဝအတိုင်း သဘောပေါက်လာတော့မှ ငရဲပြည်၊ နတ်ပြည်စည်ပင်ဖွံ့ဖြိုးနေတဲ့အကြောင်းကိုလည်း သိလာနိုင်တယ်။ နိဗ္ဗာန်ကို လူကြိုက်နည်းတာကိုလည်း သဘောပေါက်နိုင်ပါတယ်။ ဆင်းရဲ ချမ်းသာ၊ ရုပ်ညံ့ ရုပ်လှ၊ စိတ်ကောင်း စိတ်ညံ့၊ သက်ရှည် သက်တို၊ လူလိမ္မာ၊ လူမိုက် ကွဲပြားစေတဲ့ အကြောင်းရင်းကိုလည်း သဘောပေါက် နားလည်ဖို့ ဖြစ်နိုင်ပါတော့တယ်။

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အာရမ္ဘပစ္စယာ။
အာရမ္ဘာနံ နိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။[၁]

*“ ‘ကံ’ ဆိုတဲ့အကြောင်းကြောင့် အလုံးစုံသော ရုပ်နာမ်ဒုက္ခတရားတို့ ဖြစ်ရပါတယ်။ ကံတို့၏ ချုပ်ခြင်းကြောင့် ရုပ်နာမ်ဆိုတဲ့ ဒုက္ခတရားဟာ ဖြစ်ခြင်းမရှိတော့ပေ”*လို့ မြတ်ဘုရား ဟောတော်မူပါတယ်။ ဒါက နိဗ္ဗာန်ရဲ့ ပရိယာယ်ကို နားလည်ဖို့ပါ။

ဒါကြောင့် ကံမချုပ်သေးသမျှ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာလည်း ဖြစ်ဦးမှာပဲ။ လူနတ်ဗြဟ္မာလည်း ဖြစ်ရဦးမှာပဲ။ ရလာသမျှဟာ ရုပ်နာမ်ဒုက္ခမှအပ (၃၁)ဘုံမှာ တခြားရစရာ ဘာမှမရှိပါဘူး။

သတိပဋ္ဌာန်လေးပါး ချွတ်ယွင်းရင် နိဗ္ဗာန်ရောက်ကြောင်း အရိယာမဂ်ကို ချွတ်ယွင်းစေတယ်လို့ ခေါ်ပါတယ်။ သတိပဋ္ဌာန်

---
၁။ (၇၅၀) ဒွယတာနုပဿနာသုတ္တ၊ သုတ္တနိပါတပါဠိ။

လေးပါးတို့ကို အားထုတ်ကြသူတွေဟာ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အရိယာမဂ်ကို အားထုတ်တယ်လို့ မည်ပါတယ်။[၁]

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၈ ခု၊ ဇန်နဝါရီလ (၁၄)ရက်

## ကြည်ညိုလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်ဘုရား ကျန်းမာစွာနှင့် သာသနာ့တာဝန်များ ထမ်းဆောင်နိုင်ပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သကာ စာရေး လျှောက်ထားအပ်ပါတယ်ဘုရား။

မြတ်ဗုဒ္ဓဖွားမြင်ရာ၊ ပရိနိဗ္ဗာန်စံရာ နိုင်ငံများနှင့် ဗုဒ္ဓသာသနာ တော်ထွန်းကားရာ အာရှနိုင်ငံများကို တပည့်တော် ခရီးထွက်ခဲ့ပါ သေးတယ်ဘုရား။ ခရီးစဉ်စုစုပေါင်း (၂၂)ရက် ကြာမြင့်ခဲ့ပါတယ် ဘုရား။ ရောက်လေရာရာမှာ သတိပဋ္ဌာန်ဝိပဿနာကို ပွားများ နိုင်ခဲ့ပါတယ်ဘုရား။

သံဝေဇနိယ နေရာဌာနအသီးသီးကို တပည့်တော်စာထဲမှာ ဖတ်ရှုပြီး ကြည်ညိုခဲ့ဖူးပါတယ်။ ဒါပေမယ့် တပည့်တော် လက်တွေ့ ရောက်တဲ့အခါမှာတော့ ပထဝီအနေအထားတွေနှင့် ဒေသန္တရ အခြေ အနေတွေက များစွာကွာခြားပြောင်းလဲနေတာကို တွေ့ရှိရပါတယ်

၁။ (၃၉၉) ဝိရဒ္ဓသုတ္တံ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။

ဘုရား။ B.C (၅)ရာစုခန့်က အခြေအနေနှင့် ယနေ့ A.D (၂၁) ရာစု အကြိုကာလရဲ့ အခြေအနေက နှစ်ပေါင်း (၂၅၀၀)ကျော် ကြာမြင့်ခဲ့ပြီဖြစ်လို့ အပြောင်းအလဲတွေ ရှိနေနိုင်တယ် ဆိုတာကိုလည်း လက်ခံပါတယ်ဘုရား။

ခရီးစဉ်မှာ တရားကမ္မဋ္ဌာန်းပြရာဌာနတစ်ခုမှာ (၁၀)ရက် (Intensive retreat) တရားအားထုတ်ခဲ့ပါသေးတယ်ဘုရား။ တရားအတွေ့အကြုံတစ်ချို့ လျှောက်ထားပါရစေဘုရား။ တရားပြတဲ့ နေရာမှာတော့ နည်းနည်းလျော့ရဲတယ်လို့ တွေးထင်မိပါတယ်ဘုရား။ ပင်တိုင်အားဖြင့်တော့ အာနာပါနကိုပဲ ပေးပါတယ်။ ဆရာကတော့ လူပုဂ္ဂိုလ်မဟုတ်ဘဲ၊ ရဟန်းပုဂ္ဂိုလ်တစ်ပါး ဖြစ်ပါတယ်ဘုရား။ ဗဟုသုတ အတော်အတန် ပြည့်ဝတယ်လို့ ယူဆရပါတယ်ဘုရား။ အင်္ဂလိပ်ဘာသာစကားကိုတော့ ပြောဆိုတာ မရှိပေမယ့် ကောင်းမွန်စွာ နားလည်တယ်လို့ ထင်မိပါတယ်ဘုရား။

ရိပ်သာမှာ အနောက်နိုင်ငံအသီးသီးက အားထုတ်လာကြတဲ့ ပုဂ္ဂိုလ်များနှင့် တွေ့ခဲ့ရပါတယ်။ သူတို့နှင့်လည်း အတော်အတန် ရင်းနှီးခွင့် ရခဲ့ပါသေးတယ်ဘုရား။

ဗုဒ္ဓဘာသာထွန်းကားတဲ့ အာရှနိုင်ငံတစ်ချို့ကဘိက္ခုနီများ သီလရှင်များကိုလည်း တွေ့ခဲ့ရပါတယ်ဘုရား။ ဘိက္ခုနီများက မဟာယာနဗုဒ္ဓဘာသာဝင်များ ဖြစ်တယ်လို့ သိရပါတယ်။ အဝါရောင်သင်္ကန်းနှင့် မဟုတ်ဘဲ အခြားအရောင်သင်္ကန်းတွေနှင့် မဟာယာန ရဟန်းတော်တွေကိုလည်း ဖူးတွေ့ခဲ့ရပါတယ်။ သူတို့အားလုံး ကြိုးကြိုးစားစား အားထုတ်နေတာ တွေ့ခဲ့ရတော့ အားကျမိပါတယ်ဘုရား။

အဲ့ဒီရိပ်သာမှာ အားထုတ်နေတုန်း ဝါရင့်ယောဂီတစ်ဦးကို ရင်းနှီးခွင့် ရရှိခဲ့ပါသေးတယ်ဘုရား။ သူက ပြင်သစ်လူမျိုးပါဘုရား။ အရိယာတစ်ဦးဖြစ်ကြောင်း သိရပါတယ်။ တရားအားထုတ်လို့ (၁၈)ရက်တာ ကာလကြာတဲ့အခါမှာ ရုပ်နာမ် ချုပ်ငြိမ်းခဲ့တယ်လို့ သိရပါတယ်ဘုရား။

ရုပ်ဓမ္မကိုလည်း ရှုမှတ်စရာမရှိဘူး၊ နာမ်ဓမ္မကိုလည်းပဲ ရှုမှတ်စရာမရှိဘူး။ ဘာကိုမှ ရှုမှတ်စရာမရှိတော့ဘဲနှင့် ချုပ်ငြိမ်းတဲ့ သဘောကို ရောက်တယ်လို့ သိရပါတယ်။ တပည့်တော်လည်း စိတ်ဝင်စားလို့ မေးကြည့်တဲ့အခါမှာ ကျမ်းစာအုပ် အထောက်အထားတွေနှင့် ပြန်လည် ရှင်းပြပါတယ်။

အဲဒီလို တစ်ကြိမ်ချုပ်ငြိမ်းမှုထဲ ရောက်တဲ့အခါမှာ ပထမမဂ်ကို ရတယ်လို့ သိရပါတယ်။ ဒုတိယအကြိမ် ချုပ်ငြိမ်းရင်တော့ သကဒါဂါမ် ပုဂ္ဂိုလ်ဖြစ်တယ်လို့ သိရပါတယ်။ တတိယအကြိမ် ချုပ်ငြိမ်းတဲ့ ပုဂ္ဂိုလ်တွေလည်း တွေ့ခဲ့ရပါတယ်။ သူတို့ကတော့ အနာဂါမ်ပုဂ္ဂိုလ်လို့ ပြောပါတယ်။ အင်္ဂလန်နိုင်ငံသား ယောဂီတစ်ဦးကလည်း စတုတ္ထအကြိမ် ချုပ်ပျောက်ဖို့ ကြိုးစားအားထုတ်နေလို့ တပည့်တော် အလွန်အားကျပြီး လေးစား မိပါတယ်ဘုရား။

ဒါပေမယ့်လည်း တပည့်တော် အဲဒီရိပ်သာမှာ (၇)ရက်ခန့် ကျော်လာတဲ့အခါမှာတော့ ဒါကို နည်းနည်း တွေးတော ဆင်ခြင်စရာ ဖြစ်လာပါတယ်။ သူတို့ရဲ့ အနေအထိုင် အပြောအဆိုတွေကို မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ကောသမ္ဗိယ သုတ်တော်မှလာတဲ့ မဟာပစ္စဝေက္ခဏာ (၇)ပါးနှင့် စိတ်ထဲမှာ တိုက်ဆိုင်ကြည့်မိရက်သား ဖြစ်သွားပါတယ်ဘုရား။

တပည့်တော် ဉာဏ်မမှီသော်လည်း အဲ့ဒီလို ချုပ်ငြိမ်းပြီးတဲ့ ပုဂ္ဂိုလ်တွေရဲ့ အပြောအဆို အနေအထိုင် အပြုအမူတွေအနက် အထူးသဖြင့် သီလကို မြတ်နိုးမှုအပိုင်းမှာ အားမရမိပါဘူးဘုရား။ တပည့်တော် နားလည်ထားသလိုဆိုရင် ရဟန်းတော်များက ငွေမကိုင်ရဘူး၊ အရောင်းအဝယ်မလုပ်ရဘူး၊ ဒါမြတ်ဘုရားရှင်ရဲ့ အာဏာပါတိမောက် ပညတ်ချက်လို့ လေ့လာ မှတ်သားထားဖူးပါတယ်ဘုရား။

သို့သော် ရုပ်နာမ်ချုပ်ငြိမ်းပြီးတဲ့ အရိယာ ထေရဝါဒရဟန်းတော်တွေက ဒေါ်လာငွေစက္ကူ ကိုင်နေတာတွေ၊ အလှူခံနေတာတွေ တစ်ရက်ကဆိုရင် ဘုန်းကြီးတစ်ပါးကိုယ်တိုင် ဈေးဝယ်သွားတာကို တပည့်တော် သတိထားခဲ့မိပါတယ်ဘုရား။ အလှူခံရာမှာ အပ်စပ်တဲ့ ကပ္ပိယထံ လှူဒါန်းနည်း ရှိတယ်ဆိုတာ တပည့်တော် မှတ်သားဖူးပါတယ်။

ဒါပေမယ့် ရုပ်နာမ်ချုပ်ငြိမ်းဖူးတဲ့ သောတာပန်၊ သကဒါဂါမ် အရိယာ ရဟန်းတော်များအနေနှင့် ဒေါ်လာငွေတွေ၊ ယူရိုငွေတွေကို လက်ဝယ် ကိုင်ဆောင်ထားပြီး သုံးစွဲနေတာကို သေသေချာချာ တွေ့ခဲ့ရပါတယ်ဘုရား။

ဒါပေမယ့် အရိယာလူဆိုလည်း လူအလျောက်၊ အရိယာ ရဟန်းဆိုလည်း ရဟန်းအလျောက် သီလသိက္ခာပုဒ်တွေကို မြတ်မြတ်နိုးနိုး လေးလေးစားစား တန်ဖိုးထား စောင့်ရှောက်လိမ့်မယ်လို့ပဲ တပည့်တော် မျှော်လင့် ထားခဲ့မိပါတယ်ဘုရား။ မဟာယာနဘိက္ခုနှင့် ဘိက္ခုနီတွေရဲ့ သီလသိက္ခာပုဒ်တွေကိုတော့ လက်လှမ်း မမှီသေးတဲ့

အတွက် ကျယ်ကျယ်ပြန့်ပြန့် မလေ့လာ ဖြစ်သေးပါဘူးဘုရား။ ထေရဝါဒရဟန်းတော်များရဲ့ ဝိနည်းသိက္ခာပုဒ်တွေကို ကြည်ညို လွန်းလို့ ဘိက္ခုပါတိမောက်ကို (၃)ကြိမ် ဖတ်ရှုထားဖူးပါတယ်ဘုရား။

ပြီးတော့ လူပုဂ္ဂိုလ်တွေထဲမှာလည်း အဲဒီလိုနှစ်ကြိမ် သုံးကြိမ် ချုပ်ငြိမ်းတဲ့ ပုဂ္ဂိုလ်(၂)ဦးနှင့် ရင်းနှီးခွင့် ရခဲ့ပါတယ်။ သူတို့ရဲ့ စိတ်နေ စိတ်ထားနှင့်ပတ်သက်ပြီး ပြောင်းလဲတာကို တပည့်တော် အားမရ ခဲ့ပါဘူး။ သီလမြတ်နိုးမှုကိုလည်း ဘဝင်မကျခဲ့ပါဘူး။ ဆရာတော် ဆုံးမတော်မူထားတဲ့ ကောသမ္ဗိယသုတ်တော်လာ ပစ္စဝေက္ခဏာ နှင့် စိတ်ထဲ တိုက်ဆိုင် ကြည့်မိပါသေးတယ်ဘုရား။

ဒါကြောင့် ချုပ်ငြိမ်းမှုနှင့် ပတ်သက်လာလို့ ဒီလိုချုပ်ငြိမ်းတဲ့ ပုဂ္ဂိုလ်များဟာ မြတ်ဘုရားရဲ့ သာသနာတော်မှာ အရိယာတွေ ဖြစ်ကြ ပြီဆိုတော့ သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာ သာသနာ (၃)ရပ် ဖြည့်ကျင့်ဆဲ ဖြည့်ကျင့်ပြီးဖြစ်တယ်လို့ တပည့်တော် နားလည် ထားပါတယ်ဘုရား။ သို့သော် ဒီမှာမြင်တွေ့ရတဲ့ အခြေ အနေနှင့် ကွာခြားနေပါတယ်ဘုရား။

တပည့်တော် တရားစခန်းပြည့်ပြီး ရက်တိုး(၂)ရက် အခမဲ့ နေခွင့်ရပါတယ်ဘုရား။ ဒီ(၂)ရက်မှာတော့ တပည့်တော်တို့ကို ရောက်သင့်တဲ့ နေရာဌာနများကို သွားလိုရင် လိုက်ပို့ပေးပါတယ်။ ဈေးဝယ် ထွက်ခဲ့ပါတယ်။ ကျန်တဲ့အချိန်မှတော့ အဲဒီတရားစခန်းက ယောဂီတွေနှင့်ပဲ ရင်းရင်းနှီးနှီး စကားပြောခဲ့ပါတယ်ဘုရား။

အခြေအနေအားလုံး တပည့်တော် မြင်ရတာကို တောင်းပန် လျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား။ တစ်စုံတစ်ဦးသောသူကို

ဝေဖန်ပြီး ပြစ်တင်နေတဲ့သဘောမျိုး မဟုတ်ပါဘုရား။ တပည့်တော် စိတ်ထဲမှာ မရှင်းလင်းဖြစ်သွားလို့ ဇဝေဇဝါ ဖြစ်သွားလို့ စာပေ ပရိယတ် ရှုထောင့်ကိုလည်း သိလို၍ မေးလျှောက်ထားခြင်းမျှသာ ဖြစ်ပါတယ် အရှင်မြတ်ဘုရား။

အမှားများ ပါသွားခဲ့ရင်လည်း တပည့်တော်အား ခွင့်လွှတ် ပေးသနားတော်မူပါရန် တောင်းပန်အပ်ပါတယ် အရှင်မြတ်ဘုရား။

ကြည်ညိုလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၉ ခု၊ ဇန်နဝါရီလ (၂၅)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

တရားရှုမှတ်လာတာနှင့်အမျှ ငြိမ်းအေးမှုကိုတော့ နည်း အမျိုးမျိုးနှင့် တွေ့ကြုံနိုင်ပါတယ်။ အေးငြိမ်းတဲ့သဘောက အဆင့် ဆင့် ရှိပါတယ်။ ချုပ်ငြိမ်းမှုကိုလည်း ပရိယတ်၊ ပဋိပတ် စွယ်စုံ မနှံ့စပ် မကျွမ်းကျင်ရင် မှားစရာတွေ ရှိနိုင်ပါတယ်။

က။ ကာမဂုဏ်နှင့် အကုသိုလ်တရားတွေ ကင်းဝေးပြီး တော့ ကြံစည်စဉ်းစားမှု သုံးသပ်ဆင်ခြင်မှုတွေ ကင်းဆိတ်ပြီး ပီတိကြောင့်ဖြစ်တဲ့ အေးငြိမ်းမှုလည်း ရှိပါတယ်။

ခ။ ကြံစည်စဉ်းစားမှု သုံးသပ်ဆင်ခြင်မှုတွေတောင်မှ မရှိ တော့ဘဲ စိတ်က ကြည်လင်ပြီးတော့ သမာဓိကြောင့်ဖြစ်တဲ့ ပီတိ သုခရဲ့ အေးငြိမ်းမှုကလည်း ရှိပါတယ်။

ဂ။ ပီတိပါကင်းပျောက်ပြီး အလယ်အလတ် သုခချည်း သက်သက်ကြောင့် ချမ်းသာတဲ့ ငြိမ်းအေးမှု တစ်မျိုးကလည်း ရှိပါသေးတယ်။

ဃ။ သုခကိုတောင် ပယ်ဖျောက်ပြီးတော့မှ ဝမ်းသာဝမ်းနည်းမှုတွေမရှိဘဲ ဥပေက္ခာကြောင့်ဖြစ်တဲ့ ငြိမ်သက်အေးငြိမ်းမှုကလည်း ရှိပါသေးတယ်။

အဲဒါတွေဟာ ရူပဈာန်(၄)ပါးလို့လည်း ခေါ်ပါတယ်။ စာပေမှာတော့ အာဘိစေတသိက (အလွန်နှစ်သက်ဖွယ် စင်ကြယ်သော) ဈာန်(၄)ပါးလို့ ဟောတော်မူပါတယ်။[၁]

က။ ဆက်လက်ပြီးတော့ ရုပ်ဝတ္ထုတွေ မှတ်မှုသညာတွေ အားလုံးကို လွန်မြောက်ပြီးတော့မှ အထူးမှတ်သားမှု နှလုံးသွင်းမှု မရှိဘဲ အာကာသကို မြင်ပြီးတော့ နေနိုင်တဲ့ ငြိမ်းအေးမှုလည်း ရှိတာပါပဲ။

ခ။ အာကာသကိုတောင်မှ နှလုံးမသွင်းဘဲ သိမှု(ဝိညာဏ်) တစ်ခုထဲကိုသာလျှင် မြင်သိပြီးတော့နေတဲ့ ချမ်းသာမှုလည်း ရှိပါတယ်။

ဂ။ သိမှု(ဝိညာဏ်)ကိုပါ နှလုံးမသွင်းတော့ဘူး။ ဘာမှမရှိဘူး ဆိုတာကို သိပြီးတော့နေတဲ့ ငြိမ်းအေးမှုလည်း ရှိသေးတယ်။

ဃ။ အဲ့ဒီဘာမှမရှိဘူး ဆိုတာတောင်မှ မှတ်သိပြီးတော့ မနေတော့ဘဲ မရှိဆိုတဲ့ အမှတ်ရှိပြီးတော့နေတဲ့ ငြိမ်းအေးမှုလည်း ရှိသေးတယ်။ ငြိမ်းအေးမှု အဆင့်ဆင့်တွေ ရှိနေပါတယ်။

အဲဒါကိုတော့ အဘိဓမ္မတ္ထသင်္ဂဟကျမ်းတွေထဲမှာ-

က။ အာကာသာနဉ္စာယတန (ဈာန်)

၁။ (၁၇၉) ပဉ္စကနိပါတ၊ အင်္ဂုတ္တရ အဋ္ဌကထာ။

ခ။ ဝိညာဏဉ္စာယတန (စျာန်)

ဂ။ အာကိဉ္စညာယတန (စျာန်)

ဃ။ နေဝသညာနာသညာယတန (စျာန်) စိတ်တွေလို့ အဆင့်ဆင့် ခွဲပြပါတယ်။[၁] မြတ်စွာဘုရားသာသနာတော်ရဲ့ အနှစ်သာရကတော့ မဂ်ဖိုလ် နိဗ္ဗာန်သာလျှင် ဖြစ်ပါတယ်။

“မယှံ ပန သာသနေ န ဧတံ သာရံ ဝိပဿနာမဂ္ဂဖလာနိ သာရံ”[၂]

မယှံ-ငါဘုရား၏၊ သာသနေ-အဆုံးအမသာသနာတော်၌၊ ဧတံ-ဤသမာဓိကိစ္စသည်၊ န သာရံ-အနှစ်သာရအားကိုးရာမဟုတ်၊ ဝိပဿနာမဂ္ဂဖလာနိ-ဝိပဿနာမဂ်ဖိုလ်တို့သည်၊ သာသနေ-ငါဘုရား၏ သာသနာတော်၌၊ သာရံ-အားကိုးစရာ အနှစ်သာရပေတည်း။

ယောဂီပုဂ္ဂိုလ်များအနေနှင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မကို ဝိပဿနာတင်ရှုပွားကာနေသော်လည်း ကျွမ်းကျင်လိမ္မာမှု မရှိသေးရင်၊ ဆရာကောင်းမမှီရရင် ဉာဏ်ပိုင်းမရောက်ဘဲ စျာန်ပိုင်းကို ရောက်တတ်ပါတယ်။ ဒါပေမယ့် ပရိယတ် ပဋိပတ် ကျွမ်းကျင်လိမ္မာတော်မူတဲ့ ဆရာကောင်းနှင့် တွေ့နိုင်ရင်လည်း လိုရာပန်းတိုင်ကို ချောချောမောမော ရောက်နိုင်ပါတယ်။

စတဿော ဣမာ ဘိက္ခဝေ သမာဓိဘာဝနာ၊ ကတမာ

စတဿော? အတ္ထိ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ၊ ဒိဋ္ဌဓမ္မသုခဝိဟာရာယ သံဝတ္တတိ၊ (ပ) အတ္ထိ ဘိက္ခဝေ သမာဓိ ဘာဝနာ ဘာဝိတာ ဗဟုလီကတာ အာသဝါနံ ခယာယ သံဝတ္တတိ။[၃] ရဟန်းတို့ သမာဓိ ပွားများမှုတို့သည် ဤလေးမျိုးတို့တည်း။

၁။ အဘိဓမ္မတ္ထသင်္ဂဟပါဠိ။

၂။ (၈၈) အဿဇိသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တ အဋ္ဌကထာ။

၃။ (၄၁) သမာဓိဘာဝနာသုတ္တ၊ စတုက္ကပါဝ၊ အင်္ဂုတ္တရပါဠိ။

အဘယ်လေးမျိုးတို့နည်းဟူမူ ရဟန်းတို့ပွားများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရန်ဖြစ်သော သမာဓိပွားများမှုသည် ရှိ၏။

ရဟန်းတို့ ပွားများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော် (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ကို ရရန်ဖြစ်သော သမာဓိကို ပွားများမှုသည်ရှိ၏။

ရဟန်းတို့-ပွားများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော် အောက်မေ့ခြင်း "သတိ"နှင့် ဆင်ခြင်ဉာဏ် "သမ္ပဇည" အလို့ငှာ ဖြစ်သော သမာဓိကို ပွားများမှုသည် ရှိ၏။

ရဟန်းတို့ ပွားများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော် အာသဝေါတရားတို့ ကုန်ခမ်းရန်ဖြစ်သော သမာဓိကို ပွားများမှုသည် ရှိ၏။

ဝိပဿနာ ရှုတဲ့နေရာမှာလည်း ဈာန်သဘောတွေ ပါနေတတ်ပါတယ်။ ဒါက ပဋိပတ် ပရိယတ် ကျွမ်းကျင်နှံ့စပ်ဖို့လိုပါတယ်။ (၁) အာရုံပေါ် အောင် ကြံမှု ဝိတက်၊ (၂) အာရုံကို ထပ်ခါထပ်ခါ သုံးသပ်ဆင်ခြင်မှု ဝိစာရ၊ (၃) နှစ်သက်အားရမှု ပီတိ၊ (၄) စိတ်ရွှင်လန်းချမ်းသာမှု သုခနှင့် (၅) ရှုခိုက်အာရုံနှင့် ကပ်ခနဲ ကပ်ခနဲ အားစိုက်တည်ကြည်မှု သမာဓိတို့ ထင်ရှားပါတယ်။ ရှုမှတ်တိုင်းမှာ ဈာန်အင်္ဂါ (၅)ပါးရှိတဲ့ _ပထမဈာန်_နှင့် ခပ်တူတူ ဖြစ်နေတတ်ပါတယ်။

ဥဒယဗ္ဗယဉာဏ်ရောက်တဲ့အခါမှာ ပေါ်လာသမျှ အာရုံကို မှတ်သိရုံမျှ မှတ်သိသွားပြီး ပီတိသုခတွေ အလွန်အကဲ ဖြစ်နေတယ်။ စိတ်ပျံ့လွင့်မှုမရှိဘဲ တည်ငြိမ်နေတယ်။ ဒါကြောင့် ဒီရှုမှတ်တိုင်း ရှုမှတ်တိုင်းမှာ ဈာန်အင်္ဂါ (၃)ပါးရှိတဲ့ _ဒုတိယဈာန်_နှင့် ခပ်တူတူ ဖြစ်နေတယ်။

ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းမှာတော့ အရောင်အလင်းစတဲ့ ဥပက္ကိလေသာတွေ ပျောက်သွားပြီး အာရုံတွေ အဖြစ်အပျက်တွေကို ရှင်းလင်းပြတ်သားစွာ သိရပါတယ်။ အဲဒီအခါမှာ ပီတိသဘောမပါတော့ဘဲ စိတ်ချမ်းသာမှုက အလွန်အကဲ ထင်ရှားပါတယ်။ စိတ်ပျံ့လွင့်မှု မရှိဘဲ တည်ငြိမ်နေတယ်။ အဲဒီမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း သုခ ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ(၂)ပါးရှိတဲ့ *တတိယဈာန်* နှင့် ခပ်တူတူဖြစ်နေတယ်။

ဘင်္ဂဉာဏ်အစရှိတဲ့ အထက်ပိုင်းဉာဏ်တွေကတော့ ဥပေက္ခာနှင့် ဧကဂ္ဂတာ ထင်ရှားတတ်တယ်။ သင်္ခါရုပေက္ခာဉာဏ်မှာ လျစ်လျူရှုတဲ့ ဥပေက္ခာ ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ(၂)ပါးရှိတဲ့ *စတုတ္ထဈာန်*နှင့် ခပ်တူတူ ဖြစ်နေတတ်တယ်။

တစ်ခါတစ်ရံမှာ ကိုယ်ကြီးတစ်ကိုယ်လုံးပျောက်ပြီး ဟင်းလင်းပြင်ထဲ ရောက်နေသလို ထင်ရတဲ့အခါမှာ အာကာသနဉ္စာယတနဈာန်၊ စိတ်တစ်မျိုးတည်း ပေါ်နေလို့ အဲဒီစိတ်ကို ကြည့်ရှုနေတဲ့အခါမှာ ဝိညာဏဉ္စာယတနဈာန်၊ ဘာမျှမရှိတာကိုချည်း ရှုမှတ်နေရသလို ထင်ရတဲ့ အခါမှာ အာကိဉ္စညာယတနဈာန်နှင့် ပေါ်လာတဲ့စိတ်ကော မှတ်သိတဲ့စိတ်ပါ အလွန် သိမ်မွေ့နေလို့ စိတ်ဟာ မရှိသလိုလို ဖြစ်နေတဲ့အခါမှာ နေဝသညာနာသညာယတနဈာန်တွေနှင့် ခပ်တူတူ ဖြစ်နေတယ်လို့ ပရိယတ္တိ ပဋိပတ္တိ အရာမှာ ကမ္ဘာထိအောင် ထင်ရှားတော်မူတဲ့ မြန်မာနိုင်ငံက ဆဋ္ဌသင်္ဂါယနာ ပုစ္ဆက မဟာစည်ဆရာတော်ဘုရားကြီးက မိန့်တော်မူဖူးပါတယ်။

ဒါကြောင့်အဲဒီလို ငြိမ်းအေးမှုတွေ အမျိုးမျိုး ရှိနိုင်ပါတယ်။ ဒါတွေဟာ ဈာန်ပိုင်းတွေမှာလည်း ချုပ်ပျောက်မှုနှင့် ဆင်တူတဲ့

သဘောတွေပါပဲ။ ပီတိကြောင့် ဖြစ်တတ်တယ်။ သုခကြောင့်လည်း ဖြစ်တတ်တယ်။ သမာဓိကြောင့်လည်း ဖြစ်တတ်တယ်။ ဒါတွေဟာ မှားနိုင်တဲ့ အရာတွေပါပဲ။ ထိနမိဒ္ဓကြောင့်လည်း မှားတတ်ပါသေးတယ်။

တရားအားထုတ်ရင်း လင်းကနဲ၊ သိမ့်ကနဲ၊ လက်ကနဲ ဖြစ်ဖြစ်သွားတယ်။ တရားအားထုတ်ရင်း ဘာမှမသိတဲ့ သဘောတွေ ဖြစ်သွားတယ်ဆိုတာလည်း ဖြစ်တတ်တာပါပဲ။

အားထုတ်ရင်းနှင့် သတိ အတော်အတန် ကောင်းလာတဲ့ အခါမှာတော့ ဘဝင်စိတ် ခြားသွားတဲ့ အခါမှာလည်း ဘာမျှမသိလိုက်တဲ့သဘောမျိုး ဖြစ်တတ်တာပါပဲ။ ဒါကြောင့် မှားစရာ အများကြီးရှိပါတယ်။ ပရိယတ် ပဋိပတ် စွယ်စုံ ကျွမ်းကျင်တော်မူတဲ့ ဆရာသမားများထံ နည်းခံယူမိဖို့ အလွန်ပဲ အရေးကြီးလွန်းပါတယ်။

ဒါယိကာမကြီး လျှောက်ထားသလို အရိယာဖြစ်တယ်ဆိုတာကိုတော့ အလေးအနက် ထားရပါမယ်။ ဒီနေရာမှာ မှားသွားရင်တော့ သာသနာနှင့် လွဲသွားမှာပါ။

မှားတဲ့သာကေတွေလည်း အလွန်ပဲများလှပါတယ်။ ဒါကြောင့် စိတ်ရဲ့ အဆင့်ဆင့်မြင့်တက်လာတဲ့ သဘောတွေကိုလည်း သဘောပေါက် နားလည်အောင် အထူးဂရုပြုရပါမယ်။

*မိမိကိုယ်တိုင် တကယ်ပဲ အရိယာဖြစ်မဖြစ် သိချင်ရင်တော့ မိမိရဲ့ သီလ လုံ, မလုံကိုပဲ ရိုးရိုးသားသား စောင့်ကြည့်ပါ။ ဘေးက မသိပါဘူး။ ဝိတိက္ကမကိလေသာနှင့် ပရိယုဋ္ဌာနကိလေသာကို ကိုယ်တိုင်ပဲ သိနိုင်ပါတယ်။*

ဣမေဟိ ပဉ္စဟိ ပဓာနိယင်္ဂေဟိ သမန္နာဂတော ဘိက္ခု တထာဂတံ ဝိနာယကံ လဘမာနော သာယမနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတိ၊ ပါတမနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ။[၁]

ဒီပဓာနအင်္ဂါတရား (၅)ပါးနှင့် ပြည့်စုံပြီး မြတ်စွာဘုရား၏ အဆုံးအမကို ကောင်းစွာ ရယူအားထုတ်တဲ့ ယောဂီဟာ ညချမ်းအခါ တရားပြ၍ ဆုံးမအားထုတ်စေရင် နံနက်မှာ မဂ်ဖိုလ်တရားထူးကို ရနိုင်ပါတယ်။ နံနက်အချိန် တရားညွှန်ပြ ဆုံးမအားထုတ်စေရင် ညချမ်းမှာ မဂ်ဖိုလ်တရားထူးကို ရနိုင်ပါတယ်။

ဆိုလိုရင်းကတော့ လိုအပ်တဲ့ ပဓာနအင်္ဂါ(၅)ပါးနှင့် ပြည့်စုံပြီး မြတ်စွာဘုရား၏ အဆုံးအမ ညွှန်ကြားမှုကို လိုက်နာ အားထုတ်သူ မှန်ရင် ညနေအားထုတ်က နံနက်မိုးသောက်ရင် တရားရမယ်။ နံနက်အားထုတ်ရင် ညနေချမ်းမှာ တရားရမယ်။ တရားတော်မြတ်ရဲ့ (အကာလိက) ကာလမခြား အကျိုးပေးတတ်တဲ့ ဂုဏ်တော်ဖြစ်တဲ့ အကြောင်း ယုံကြည်အပ်ပေတယ်။

ပဓာနအင်္ဂါ (၅)ပါး-

၁။ ယုံကြည်သော သဒ္ဓါရှိရမည်။

၂။ ကျန်းမာရေး ကောင်းရမည်။

၃။ မာယာပရိယာယ်ကင်းကာ ပကတိရိုးသားရမည်။

၄။ ထက်သန်သောဝီရိယ ရှိရမည်။

၅။ ကိလေသာကို ဖောက်ခွဲနိုင်သော မြတ်သောပညာနှင့် ပြည့်စုံရမည်။

---

၁။ (၃၄၅) ဗောဓိရာဇကုမာရသုတ္တ၊ မဇ္ဈိမပဏ္ဏာသပါဠိ။

ယုံကြည် ကျန်းမာ၊ မာယာ ကင်းကာ။
ထက်သန် ဝီရိယ၊ ဉာဏ် မြင့်မား
ပဓာန အင်္ဂါ ငါးပါးတည်း။[၁]

*သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရား သက်ရှိထင်ရှား ကာလမှာတော့ ဒီကိစ္စတွေကို ဘုရားရှင်ရဲ့ ဉာဏ်တော်ကြီးနှင့် ဆုံးဖြတ်ပြီးတော့မှ ဘယ်သူကတော့ သောတာပန်ဖြစ်တယ်၊ ဘယ်သူကတော့ အနာဂါမ်ဖြစ်တယ်လို့ ဆုံးဖြတ်ချက် ပေးတော်မူပါတယ်။*

ဒါပေမယ့် အခုအခါ မြတ်စွာဘုရားရဲ့ သာသနာတော်ဟာ နှစ်ပေါင်း ၂၅၀၀ ကျော်ပါပြီ၊ သာသနာတော်ရဲ့ နောက်ပိုင်းကာလ ရောက်လာပြီ ဖြစ်သော်လည်းပဲ ပရိယတ္တိစာပေ အထောက် အထားတွေ ရှိတဲ့အတွက်ကြောင့် စာပေအထောက်အထားတွေကို ယူပြီးတော့ အားထုတ်ရပါတယ်။ ယောဂီကိုယ်တိုင် ပကတိ ရိုးသားတဲ့စိတ်နှင့် မိမိစိတ်ထဲမှာ ဖြစ်တတ်တဲ့ ကိလေသာတွေ ဘယ်လောက် ပါးလာပြီလဲ၊ ဣဿာမစ္ဆရိယတွေ ဘယ်လောက် ပါးပြီလဲ၊ ကြမ်းတမ်းတဲ့ လောဘ ဒေါသတွေ ဘယ်လောက် ယဉ်ကျေးသိမ်မွေ့လာပြီလဲ၊ ဒါတွေကိုလည်း စီစစ်ဖို့ ကောင်းပါတယ်။ ယောဂီကိုယ်တိုင်ကပဲ သိရှိနိုင်ပါတယ်။

မိမိကိုယ်မိမိ စိတ်အေးချမ်းအောင် ဘယ်လောက်ထိ နေနိုင် ပြီလဲ။ လောဘ၊ ဒေါသကတော့ ဖြစ်ဦးမှာပါပဲ ရဟန္တာ၊ အနာဂါမ် မဖြစ်သေးသမျှ ကာလပါတ်လုံး လောဘ ဒေါသ ဖြစ်ဦးမှာပါ။ ဖြစ်ပေမယ့်လည်း ဖြစ်ပြီးတဲ့အခါမှာ ဘယ်လောက်ထိ မြန်မြန်

၁။ (၅၃) ပဓာနိယင်္ဂသုတ္တံ၊ နီဝရဏဝဂ္ဂ၊ ပဉ္စကနိပါတ၊ အင်္ဂုတ္တရပါဠိ။

ဆန်ဆန် ငြိမ်းအောင် နေနိုင်ပြီလဲ၊ တနည်းပြောရရင် ဖြစ်ကြော ဘယ်လောက် တိုပြီလဲ။ သီလကို ဘယ်လောက်မြတ်နိုးလာပြီလဲ၊ ဒါတွေဟာအလွန်ပဲ စစ်ဆေးကြည့်ဖို့ကောင်းတဲ့ အချက်အလက် တွေပါပဲ။

*လူဆိုရင် ငါးပါးသီလ၊ ရှစ်ပါးသီလပေါ့၊ သီလကို အသက်နှင့် လဲဝံ့ပြီလား။ ရဟန်းများဆိုရင်လည်း ပါတိမောက္ခသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိသိတသီလစတဲ့ သီလလေးပါးကို မိမိတို့ ဘယ်လောက်ထိ မြတ်နိုးလာပြီလဲ။ ဒါတွေဟာ အလွန်ပဲစစ်ဆေးဖို့ ကောင်းတဲ့ စံချိန်စံညွှန်း ကိုက်ညီတဲ့ ဘယ်တော့မှ မမှားနိုင်တဲ့ အမာခံ ပေတံတွေပါပဲ။*

အဲဒီလို ချုပ်ငြိမ်းပြီးတော့ တကယ်ပဲ သောတာပန် ဖြစ်ထားတဲ့ ရဟန်းတစ်ပါးဆိုလို့ရှိရင် မြတ်စွာဘုရားရှင် ကရုဏာတော်နှင့် ပညတ်တော်မူတဲ့ သီလကို ဘယ်ကဲ့သို့မှ ချိုးဖောက်တော့မှာ မဟုတ်ပါဘူး။ သူ့အနေနှင့် အသက်သာ အသေခံသွားမယ်၊ သီလတွေကို ချိုးဖောက်ဖို့ ဖြစ်လည်း ဖြစ်နိုင်ပါဘူး၊ ဖြစ်လည်း မဖြစ်ကောင်းပါဘူး။

မြတ်စွာဘုရားဟောတော်မူထားတဲ့ ပါဠိတော်အဋ္ဌကထာတွေမှာ ဥပမာတွေ အထောက်အထားတွေ အများကြီး ရှိပါတယ်။ လူပုဂ္ဂိုလ်ဆိုလည်း (၅)ပါးသီလနှင့် ပတ်သက်လို့ ခြောက်လို့ဖြစ်စေ၊ မြှောက်လို့ ဖြစ်စေ၊ သူ့သီလ အပျက်ခံမှာ မဟုတ်ပါဘူး။

သာဓကအားဖြင့် အကျဉ်းချုပ်ပြီး ဖော်ပြရမယ်ဆိုရင် ဓနဥ္စာနီပုဏ္ဏေးမကြီးကို သူ့ရဲ့ဒကာကြီး ဘာရဒွါဇပုဏ္ဏားကြီးက မင်းပါးစပ်ကနေ (နမောဗုဒ္ဓဿ)သာဆိုလို့ရှိရင် အခုသတ်မယ် ဆိုပြီး သန်လျက်ကို ထုတ်ပြကာ ခြိမ်းခြောက်ပြောတဲ့အခါမှာ

အရိယာ ပုဏ္ဏေးမကြီးက သတ်လိုကလည်းသတ် ဘုရားရဲ့ အဆုံးအမတွေကိုတော့ သွေဖီမှာ မဟုတ်ဘူးလို့ ပြောလိုက်တော့ ပုဏ္ဏားကြီး လက်လျှော့သွားရပါတယ်။[၁]

နောက်တစ်ဦးကတော့ သုပ္ပဗုဒ္ဓဖြစ်ပါတယ်။ သုပ္ပဗုဒ္ဓဟာ မြတ်စွာဘုရားရဲ့ တရားတော်ကြားနာပြီး သောတာပန် ဖြစ်ပြီးနောက် သိကြားမင်းက လာပြီး ဖြားယောင်းပါတယ်။ "သုပ္ပဗုဒ္ဓ သင်က လူငမွဲဖြစ်တယ်။ သင့်အနေနှင့် ဘုရား တရား သံဃာကို အလိုမရှိပါဘူးလို့ ပြောပါ။ သင့်ကို စည်းစိမ်ဥစ္စာတွေ ပေးမယ်" ဆိုတော့ သုပ္ပဗုဒ္ဓက "အရှက်မဲ့တဲ့ သိကြားမင်း၊ သင်ဟာ ငါနှင့် စကားပြောဖို့ မထိုက်တန်ပါဘူး။ ငါ လူမွဲမဟုတ်ဘူး။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းဥစ္စာ ငါ့မှာ ပြည့်စုံတယ်" လို့ ပြောလိုက်ပါတယ်။[၂]

အဲဒီလို သာဓကကိုကြည့်ပြီး အရိယာပုဂ္ဂိုလ်ဆိုတာ သီလနှင့် ပတ်သက်လာရင် လှည့်စားလို့ မရနိုင်ဘူးဆိုတာ မှတ်သားရပါမယ်။ သိကြားမင်းကဲ့သို့သောပုဂ္ဂိုလ် အယောက်တစ်ရာ တစ်ထောင်က လာပြီးတော့ ဖြားယောင်းသော်လည်း သုပ္ပဗုဒ္ဓရဲ့ သဒ္ဓါတရားကို လှည့်စားလို့ မရနိုင်တော့ပါဘူးလို့ ဘုရားရှင် ဟောတော်မူထားတာ အလွန် မှတ်သားဖို့ ကောင်းပါတယ်။

ဒါကြောင့် မိမိအရိယာမဖြစ်ဘူး၊ ဖြစ်တယ်ဆိုတာကတော့ သူများ သတ်မှတ်ပေးထားတာ ဆုံးဖြတ်ချက်ပေးတာကိုပဲ ကျေနပ်မယ်ဆိုရင်တော့ မှန်ကန်မှုရှိတယ် ဆိုရင်တော့ ကောင်းပါတယ်။ မှားယွင်းမှု ရှိမယ်ဆိုရင်တော့ ကိုယ့်အတွက် အများကြီး နစ်နာ

၁။ (၁၈၇) ဓနဉ္စာနိသုတ္တ၊ အရဟန္တဝဂ္ဂ၊ သဂါထာဝဂ္ဂသံယုတ္တ-ဌ။
၂။ (၆၆) သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု၊ ဗာလဝဂ္ဂ၊ ဓမ္မပဒ-ဌ။

သွားပါပြီ။ ဘုရားသာသနာနှင့် ဒီဘဝ လွဲချော်သွားပါပြီ။ မဂ္ဂင် လမ်းမှန် မဟုတ်တာကို အမှန်လို့ယူပြီး၊ နိဗ္ဗာန် မဟုတ်တာကို နိဗ္ဗာန်လို့ ယူမိရင် လွန်စွာ နစ်နာပါတယ်။

'ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ၊ နိဗ္ဗာန' န္တိ ၁

ငါ့ရှင် ရာဂကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာကို နိဗ္ဗာန်ဟု ဆိုအပ်၏။

ဝိပဿနာ နယ်ပယ်မှာ မင်္ဂဆိုက်တာကိုတော့ လူပြော သူပြော များကြပါတယ်။ ယောဂီတိုင်းလည်း စိတ်ပါဝင်စားကြ ပါတယ်။ ဒါပေမယ့် ပဓာနလိုရင်းကျတဲ့ လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာ၊ မာနကိလေသာ၊ မနာလို ဝန်တိုစတဲ့ မကောင်းတဲ့စိတ်တွေ ပါးပြီလား ရှားပြီလားလို့တော့ မစစ်ဆေးမိကြဘူး။ မေ့နေကြတာ ထင်ပါတယ်။ သီလပြည့်စုံသူ ဖြစ်အောင် ကျင့်ဖို့ရာလည်း သတိရကြဟန် မတူပါဘူး။

သောတာပန် အရိယာဆိုတာ (သီလေသု ပရိပူရကာရီ) သီလနှင့် အကြွင်းမဲ့ပြည့်စုံတဲ့ သူတော်ကောင်းတုံး၊ သူတော် ကောင်းခဲကြီး ဖြစ်ပါတယ်။

ဒါယိကာမကြီး စစ်မှန်တဲ့ အရိယာလမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းနိုင်ပါစေ။

မေတ္တာကရုဏာဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခု၊ ဖေဖော်ဝါရီလ (၁၀)ရက်

၁။ (၃၁၄) နိဗ္ဗာနပဉှာသုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။

**ကြည်ညိုလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။**

ဆရာတော်ဘုရား ခြေစုံတော်ကို စိတ်ဝယ်မှန်းပြီး ရှိခိုးကန်တော့၍ စာရေး လျှောက်ထားလိုက်ပါတယ်ဘုရား။

ဘုရားတပည့်တော် ကြီးကျယ်တဲ့ လောကဓံတစ်ခုကို ဒီရက်ပိုင်းမှာ ကြုံဆုံခဲ့ပါတယ်ဘုရား။ ဘုရားတပည့်တော်မှာ မြေးလေးတစ်ယောက် ရှိပါတယ်ဘုရား။ အလွန် ချစ်ခင်မြတ်နိုးတဲ့ မြေးလေးဟာ ပြီးခဲ့တဲ့ တနင်္လာနေ့မနက် (၈) နာရီ မိနစ် (၂၀) မှာ မမျှော်လင့်ဘဲ ရုတ်တရက် (Accident) ဖြစ်ပြီး ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ပါတယ်ဘုရား။

မြေးကလေးဟာ တပည့်တော်ကို နှုတ်ဆက်ပြီးတော့ မနက် (၆) နာရီကျော်မှာ ခရီးတစ်ခု ထွက်သွားခဲ့တာပါ။ ကားကိုတော့ ကလေးရဲ့အဖေ တပည့်တော်ရဲ့သားက မောင်းသွားပါတယ်ဘုရား။ (High way) လမ်းမကြီးပေါ် ရောက်တဲ့အခါမှာ ကားက (Accident) ဖြစ်သွားတာပါဘုရား။ လူရမ်းကားတစ်ယောက်က ကုန်အပြည့်တင်ထားတဲ့ ထရပ်ကားတစ်စီးရဲ့ ဒရိုက်ဘာကို ရိုက်ပြီးတော့ ကားကို လုယူလိုက်တယ်တဲ့ဘုရား။ အဲသည်ကားကြီးနှင့် (High way) လမ်းမကြီးပေါ်မှာ မောင်းနေတဲ့ ကြုံသမျှ ကားသေးလေးတွေအားလုံးကို လိုက်ပြီး တိုက်ပစ်လိုက်တယ်။ မိနစ်ပိုင်းမှာပဲ ကား (၁၈)စီး ထိခိုက် ဖျက်ဆီးခံ ရပါတယ်ဘုရား။ လူအများကြီး ဒဏ်ရာရပြီးသေဆုံး သွားကြပါတယ်။

ပြီးမှ သူက ရဲစခန်းကို မောင်းသွားပြီး အဖမ်းခံလိုက်ပါတယ်။ ဘာဖြစ်လို့ လုပ်တာလဲလို့ သတင်းထောက်တွေက မေးတဲ့အခါမှာတော့ အဲဒီကားသေးတွေ စီးတဲ့လူတွေကို မုန်းလို့ဆိုပါတယ်။

ဘာလို့ မုန်းတာလဲမေးတော့ သူ့ချစ်သူ ကားတိုက်မိပြီး သေတဲ့ ကားအရွယ်နှင့်တူလို့ သူမုန်းတာတဲ့။ ဘုရားတပည့်တော် မြေးလေး သေဆုံးတဲ့ သတင်းကို မနက် (၉) နာရီထိုးဖို့ မိနစ်အနည်းငယ် အလိုမှာ ကြားသိရပါတယ်။

ကြားကြားခြင်း တပည့်တော် ခြေဖျားတွေ၊ လက်ဖျား တွေရော တစ်ကိုယ်လုံးပါ တောင့်တင်းသွားပါတယ်။ တပည့်တော် တမုဟုတ်ချင်း တရားအသိသတိ လက်လွတ်သွားပါတယ်။ ဝမ်းနည်း ပူဆွေးလွန်းလို့ မျက်ရည်အပူတွေ ကျလာပါတယ်ဘုရား။

တပည့်တော် ဘာလုပ်ရမှန်းလည်း မသိတော့ပါဘူး။ အော် ပြီး ငိုလိုက်ချင်တဲ့စိတ်တွေ ပေါ်လာပါတယ်။

သို့ပါသော်လည်း အလွန့် အလွန် အံ့ဩစရာကောင်းတာက တပည့်တော်စိတ်အထင် တစ်မိနစ် မပြည့်ခင် အချိန်မှာပဲ ခန္ဓာ ကိုယ်မှာ ဖြစ်နေတဲ့ ကြမ်းတမ်းလွန်းတဲ့ စိတ္တဇရုပ် (Bio-chemical reaction) ရဲ့သဘောတွေကို တပည့်တော် မရှုမှတ်သော်လည်း ရှုမှတ်မိရက်သား ဖြစ်သွားပါတယ်ဘုရား။ တပည့်တော် သတိ ထားမိတာက အဲဒီသတင်းကို ကြားတဲ့အခါမှာ စိတ်ဟာ အလွန့် အလွန် ပူဆွေးသောက ဖြစ်သွားတာနှင့် တပြိုင်တည်း နှလုံးက အလုပ်လုပ်ပုံ မူမမှန်တော့ပါဘူး။ နှလုံးအလုပ်လုပ်ပုံ သူ့အလိုလို မြန်ဆန်ပြီးတော့ လာပါတယ်ဘုရား။

*စိတ်ထဲ ပူလောင်ပင်ပန်းမှု သောကကြောင့် ဖြစ်ပေါ်လာတဲ့ (Bio-chemical reaction) စိတ္တဇရုပ်တွေဟာ တစ်ကိုယ်လုံးကို တင်း ကြပ် သွားစေပါတယ်။ ဆို့နှစ်သွားစေပါတယ်။ မွန်းကြပ်လာစေ ပါတယ်။ တောင့်တင်းမှုကို ဖြစ်ပေါ်စေပါတယ်၊ မာကျောမှုကို*

*ဖြစ်ပေါ်စေလိုက်ပါတယ်၊ အမျိုးမျိုး ပြောင်းလဲသွားတာကို တပည့်တော်အနေနှင့် အလိုအလျောက် ရှုမိလျက်သား ဖြစ်သွားပါတယ်။ စက္ကန့် (၃၀) လောက်အတွင်း ခန္ဓာကိုယ်ပေါ်ကို သတိထားမိလျက်သား အလိုလို ဖြစ်သွားပြီး ခန္ဓာကိုယ်ရဲ့ တောင့်တင်းမှု အဆင်မပြေမှု၊ လှုပ်ခါမှုတွေကို တပည့်တော် သေသေချာချာ သိသိသိနေပါတယ်ဘုရား။ သိလိုက်တာနှင့် မကြာခင်မှာပဲ တပည့်တော်ရဲ့ ခန္ဓာကိုယ်ဟာ ပုံမှန် ဖြစ်သွားသလို၊ စိတ်လည်းပဲ ပုံမှန် ပြန်ဖြစ်သွားပါတယ်ဘုရား။ ခန္ဓာမှာ စိတ်မှာ ပုံမမှန်တဲ့ အခြေအနေနှင့် ပုံမှန်ဖြစ်တဲ့ အခြေအနေက အလွန့်အလွန် ကွာခြားတာကို တပည့်တော် ပိုင်းပိုင်းခြားခြား သိခွင့် ရလိုက်ပါတယ်ဘုရား။*

အဲဒီပြဿနာကို ခေါင်းအေးအေးနှင့်ပဲ တပည့်တော် စဉ်းစားနိုင်လာပါတယ်။ တပည့်တော်ကိုယ် တပည့်တော်လည်း အံ့ဩသွားတယ်။ ဘယ်လို ဖြစ်သွားတယ်ဆိုတာလည်း တပည့်တော်နားမလည်နိုင်အောင် ဖြစ်သွားပါတယ်။

*စက္ကန့်ပိုင်း မိနစ်ပိုင်း အတွင်းမှာပဲ တပည့်တော်ရဲ့ စိတ်ခံစားမှုတွေနှင့် ခန္ဓာကိုယ်ရဲ့ တုန့်ပြန်မှုတွေ မတူတော့ပါဘူး။ တမင်တကာ ဝိပဿနာတရား ရှုမှတ်တာတော့ မဟုတ်ပါဘုရား။ "လေးနှစ်ခွဲ သက်တမ်းသာ ရှိသေးတဲ့ မြေးလေးလည်း သေတတ်တာပဲ" ဆိုတဲ့အသိ တပည့်တော် စိတ်ထဲမှာ ဘယ်ကဘယ်လိုမှန်းမသိဘူး အံ့ဩဘွယ် ရုတ်တရက် ရောက်လာပြီး ဖြစ်စဉ်ကို ဘုရားတပည့်တော် အေးအေးဆေးဆေး လက်ခံနိုင်သွားပါတယ်။*

ဒီအတွေးမျိုး တပည့်တော် ယခင်က မတွေးဖူးပါဘူး။ ဒီမြေးကလေး ကြီးလာရင် တပည့်တော်အနေနှင့် ဘယ်လိုလုပ်ပေးမယ်၊

ဘဝကို ဘယ်လို ပုံသဏ္ဌာန်ဖြစ်အောင် လေ့ကျင့်ပေးမယ်၊ ယောက်ျားလေး ဖြစ်တဲ့အတွက် သူ့ကို ဘယ်လိုပညာတွေ သင်ဖို့ အတွက် စီစဉ်ပေးမယ်ဆိုတဲ့ စီမံကိန်းတွေကိုတော့ မကြာမကြာ စဉ်းစားဖူးပါတယ်။ လူကြီးသူမတွေနှင့် ဆက်ဆံတဲ့ နေရာမှာ လိုက်နာရမယ့် ယဉ်ကျေးမှုတွေ၊ ခရီးသွားတဲ့အခါမှာ လိုက်နာ ရမယ့် စည်းကမ်းတွေကို သွန်သင်ပေးပါတယ်။ ကျောင်းမှာ လိုက်နာရမယ့် စည်းကမ်းတွေကို သွန်သင်ပေးပါတယ်။ သူ ခုလို ငယ်ငယ်ရွယ်ရွယ်မှာ သေလိမ့်မယ် ဆိုတာကိုတော့ တစ်ခါမှ မတွေး မိခဲ့ဘူးတာ အမှန်ပါဘုရား။

မနက် (၆) နာရီမှာ တပည့်တော်ကို နမ်းရှုပ်ပြီး လက်ပြ နှုတ်ဆက်သွားပါတယ်။ (၉) နာရီမှာ သေဆုံးသွားကြောင်း သိရတယ်။ <u>*သတင်းကြားပြီး အဲဒီမိနစ်ပိုင်း အတွင်းမှာကို ဒီကလေး လေးလည်းပဲ သေတတ်တာပဲလို့ တပည့်တော်စိတ်ထဲမှာ သေသေ ချာချာ, ခိုင်ခိုင်မာမာ, ပိုင်ပိုင်နိုင်နိုင် လက်ခံလိုက်နိုင်ပါပြီ။ တွေးပြီး လက်ခံနိုင်အောင် ကြိုးစားရင်တော့ တပည့်တော် လုံးဝ လက်ခံ နိုင်မှာ မဟုတ်ပါဘူး။ အော်အော်ပြီး ငိုမိဖို့မှအပ တပည့်တော်မှာ တစ်ခြားထွက်ပေါက် မရှိနိုင်တော့ပါဘူးဘုရား။*</u>

ဒါဟာ တော်တော်ကြီးကျယ်တဲ့ လောကဓံပါပဲလို့ တပည့် တော် လျှောက်ထားပါရစေဘုရား။ အဆိုးဆုံး လောကဓံလို့ လည်း တပည့်တော် လျှောက်ထားပါရစေဘုရား။ ဘာဖြစ်လို့လဲ ဆိုတော့ တပည့်တော် ဒီမြေးကို အလွန် ချစ်ခင် မြတ်နိုးမိခဲ့တယ်။ အလွန်လည်း တန်ဖိုးထားခဲ့မိပါတယ်။

ဒါပေမယ့် အခုဒီမြေးကလေးကို တပည့်တော် အပြီးအပိုင်

ခွဲခွာလိုက်ရပါပြီ။ အံ့သြစရာကောင်းတာက ဒီစာရေးနေတဲ့ချိန်မှာ စိတ်က ခိုင်ခိုင်မာမာ လက်ခံနိုင်နေပါတယ်။ မတွန့်မဆုတ် လက်ခံနေပါတယ်။ ဟန်ဆောင်ထားတာ မဟုတ်ပါဘူးဘုရား။ နှမြောတဲ့ စိတ်တွေ၊ ဝမ်းနည်းတဲ့စိတ်တွေ၊ ပူဆွေးတဲ့ စိတ်တွေတော့ မြေးလေးနဲ့ ပတ်သက်တဲ့ အာရုံတစ်ခုခုနှင့် တိုက်ဆုံလိုက်သခိုက် တစ်ခဏလေးတော့ ဖြစ်ပါသေးတယ်ဘုရား။

သူနှင့် ပြောခဲ့တဲ့စကားတွေ နှုတ်ဆက်ခဲ့တာတွေ သူ့ဓာတ်ပုံတွေ သူ့ကစားစရာတွေ သူ့အဝတ်အစားတွေနှင့် အာရုံ ဆုံသခိုက်မှာတော့ တစ်ချက်ကလေးလောက်ပဲ စိတ်ထဲ ပင်ပန်းမှု ဖြစ်သွားပါတယ်ဘုရား။ တစ်ချက်ကလေးဆိုတာက တပည့်တော် အတိအကျ လျှောက်ထားရရင် စက္ကန့်ပိုင်းလေးပါဘုရား။ (၁၀) စက္ကန့်လောက် တပည့်တော်အထင် စက္ကန့် (၃၀) ထက် ပိုမယ် မထင်ပါဘူးဘုရား။

အာရုံ တိုက်ဆုံလိုက်တိုင်း တိုက်ဆုံလိုက်တိုင်း ဒီခန္ဓာကိုယ်မှာ ဖောက်ပြန်ပြီး ချက်ချင်း အပြောင်းအလဲ ဖြစ်သွားပါတယ်ဘုရား။ အဲဒီ အပြောင်းအလဲဖြစ်တဲ့ စိတ္တဇရုပ်တွေကို (Bio-Chemical Reaction) က ပြင်းထန်လွန်းပါတယ်ဘုရား။ ကြမ်းလွန်းပါတယ်ဘုရား။ တပည့်တော်စိတ်ထဲ ပူပန်လို့ ပင်ပန်းရတာက တစ်မျိုး၊ ရုပ်ကိုယ်မှာ ကြမ်းတမ်း ပြင်းထန်တဲ့ တုန့်ပြန်မှုကြောင့် ပင်ပန်းတာက တစ်မျိုးပါဘုရာ။ တပည့်တော်အနေနှင့် ဒီကြမ်းတမ်း ပင်ပန်းပူလောင်တဲ့ အာရုံနှင့် ဘယ်လိုမှ နေမရတော့ပါဘုရား။ စဉ်းစား ဆင်ခြင်နေခြင်း မဟုတ်ဘဲ အလိုအလျောက်ပဲ ဒီထင်ရှားထင်ရှားနေတဲ့ ရုပ်ဓမ္မ နာမ်ဓမ္မကို ရှုမိလျက်သား ဖြစ်နေပါတယ်

ဘုရား။ ဘာကိုတော့ ဘယ်လိုရှုရမယ်ဆိုတာ မဟုတ်တော့ပါဘုရား။ ထင်ရှားလွန်းလို့ ပင်ပန်းမှုက လွန်မြောက်ချင်လွန်းလို့ ဓမ္မသဘာဝက ဝင်ပြီး ရှုမှတ်ပေးလိုက်တာပါဘုရား။

ဒါကြောင့် မြေးလေးဆုံးသွားတဲ့ ရက်သတ္တတစ်ပတ်ကျော် ကာလအတွင်းမှာ အချိန်များစွာပဲ သူ့အကြောင်း တွေးတွေးမိပါ တယ်။ *ဒါပေမယ့် ဝမ်းနည်းပူဆွေးမှုအထိ မကူးသွားပါဘူး။ အာရုံနှင့် တိုက်လိုက်တယ်၊ သိလိုက်တယ်၊ ပူလောင်မှုဘက် ရောက် သွားရင် အလိုလို သတိပဋ္ဌာန်တရား ရှုမှတ်မိလျက်သား ဖြစ်သွား ပါတယ်ဘုရား။*

မြတ်ဗုဒ္ဓ သွန်သင် ဆုံးမပေးတော်မူတဲ့ ဒီတရားတော် များဟာ အခုလို လောကဓံတွေကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင် နိုင်တာကို တပည့်တော် ကိုယ်တွေ့ကြုံမှပဲ အလွန် အားရပါတယ်။ အလွန်ဝမ်းမြောက်ပါတယ်။ အလွန်ပဲ ယုံကြည်ပါတယ်။ ယုံကြည်မှု သဒ္ဓါတရားတွေလည်း ပိုပြီး တိုးလာပါတယ်။ အသိအမြင်တွေလည်း ပိုမို ရှင်းသွားပါတယ်ဘုရား။

အရင်တုန်းက စိတ်အတိုင်းသာ ယခုလိုလောကဓံမျိုး ကြုံရရင် ပူပင်သောကတွေ များလွန်းပြီး မျက်ရည်နှင့် မျက်ခွက်ဖြစ်ကာ တပည့်တော် ကျန်းမာရေး များစွာ ချို့တည့်သွားမယ်လို့ ထင်မိ ပါတယ်ဘုရား။ ဒီအဆိုးလောကဓံက လောကဝေါဟာရအားဖြင့် အမင်္ဂလာလို့ ဆိုနိုင်သော်လည်း *ဒီလောကဓံပေါ်မှာ မူတည်ပြီးတော့ တပည့်တော်မှာ အသိတွေ တိုးလာပါတယ်။ ဉာဏ်တွေ တိုးလာ ပါတယ်။ လောကဓံကို ရင်ဆိုင်တတ်တဲ့ အသိဉာဏ်ပညာ ဗဟုသုတ တွေ များစွာ ရရှိလာပါတယ်ဘုရား။*

*ဒါကြောင့် ဒီတရားကို အားထုတ်ခြင်းကြောင့် သောက ပရိဒေဝတွေ ကင်းဝေးမယ်လို့ မြတ်ဗုဒ္ဓ ဟောတော်မူထားတာကို အကြွင်းမဲ့ ယုံကြည်လာပါတယ်ဘုရား။*

မြတ်ဗုဒ္ဓဖွားမြင်တော်မူရာ၊ ပရိနိဗ္ဗာန်စံတော်မူရာ အာရှနိုင်ငံများကို ခရီးထွက်ခဲ့စဉ်က ထေရဝါဒသာသနာ ထွန်းကားတဲ့ မြန်မာနိုင်ငံသို့လည်း ရောက်ခဲ့ပါသေးတယ်။ သင်္ဂါယနာနှစ်ကြိမ် တင်နိုင်ခဲ့တဲ့ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် မန္တလေးမြို့သို့လည်း ရောက်ရှိခဲ့ပါတယ်ဘုရား။ မြန်မာပြည်မှ သာသနာ့တက္ကသိုလ်များကိုလည်း ရောက်ခဲ့လို့ ဗုဒ္ဓတရား (ပရိယတ္တိ)အားက မြန်မာနိုင်ငံမှာ ခိုင်ခိုင်မာမာ ရှိတယ်လို့ ထင်ပါတယ်ဘုရား။ မြန်မာနိုင်ငံ မြို့တိုင်း၊ နေရာတိုင်းမှာ ဘိက္ခုရဟန်းများကို ဖူးမြင်ခဲ့ရပါတယ်ဘုရား။ ထို့အတူ ထူပါစေတီတော်များကိုလည်း မြို့တိုင်း၊ နေရာတိုင်းမှာ ဖူးမြင်ခဲ့ရပါတယ်ဘုရား။ အကယ်၍ နောင်ဘဝတွေမှာ လူဖြစ်သေးရင်တောင် ဗုဒ္ဓတရားထွန်းကားရာ နိုင်ငံမှာပဲ ဖြစ်ချင်ပါတယ်ဘုရား။

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးရဲ့ ကျေးဇူးတော်တွေကို ကြည်ညိုရှိခိုး ကန်တော့လျက် ဒီစာကို ရပ်နားခွင့်ပြုတော်မူပါ အရှင်မြတ်ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၉ ခု၊ ဖေဖော်ဝါရီလ (၂၁)ရက်။

**ဒါယိကာမထံသို့ အသိပေးပြန်ကြားအပ်ပါသည်။**

*စာအဆက်အသွယ် ပြတ်သွားပါသော်လည်း ကြိုတင်သိစရာတွေကို သုတမယအသိ ဖြစ်ဖို့အတွက် သိစေလိုပါတယ်။ အရင်တုန်းက မြင်လည်း မမြင်ခဲ့ဖူးဘူး၊ အခုလည်း မမြင်ရသေးဘူး။ နောင်မြင်ဘို့ရာလည်း စိတ်ကူးထဲမှာတောင် မပေါ်ဘူးသေးတဲ့ သက်ရှိ သက်မဲ့အကြောင်းအရာ ကိစ္စတစ်ခုခုနှင့် ပတ်သက်ပြီးတော့ ပိုင်ဆိုင်လိုစိတ် မဖြစ်နိုင်ပါဘူး။ ပြစ်မှားချင်စိတ်လည်း မဖြစ်နိုင်ပါဘူး။ မနာလို ဝန်တိုစိတ်လည်း မဖြစ်နိုင်ပါဘူး။ သောကဖြစ်စရာလည်း အကြောင်းမရှိပါဘူး။*[၁]

ဘာဖြစ်လို့ လိုချင်လောဘ၊ မလိုချင်ဒေါသ ဖြစ်ရတာလည်းဆိုရင် အသိသတိမရှိခဲ့လို့၊ တစ်နည်းအားဖြင့် မေ့မေ့လျော့လျော့နေမိလို့ပါ။ ပမာပြရရင် Video camera lens ဗီဒီယို ကင်မရာ မှန်ဘီလူးရှေ့မှာဖြစ်စေ၊ ကြည့်မှန် တစ်ချပ်ရှေ့မှာဖြစ်စေ ဖြတ်သန်းသမျှ သက်ရှိသက်မဲ့ အားလုံးရဲ့ ပုံရိပ်ဟာ မုချပေါ်မှာပါပဲ။

ဒါပေမယ့် ကြည့်မှန်ချပ်က ဖြတ်သန်းခိုက် ပေါ်ကာမျှ၊ ပေါ်ကာမျှပဲ ဖြစ်ပါသော်လည်း Video camera မှာကျတော့ Record ခလုပ်နှိပ်ပြီး မှတ်တမ်း တင်ထားလိုက်ရင် ဘယ်အချိန် ဖွင့်ကြည့်ကြည့် ပြန်ကြည့်လို့ ရနေတယ်။

*အသိသတိရှိတဲ့ စိတ်က ကြည့်မှန်ချပ်လိုပါပဲ၊ မြင်, မြင်ကာမျှ၊ ကြား ကြားကာမျှ၊ နံ နံကာမျှ၊ ထိ ထိတွေ့ကာမျှပဲ ဖြစ်ပါတယ်။ ရှုမှတ်မှု အသိသတိ ဆက်နေမယ်ဆိုရင် ဖြစ်နိုင်ခွင့်ရှိတဲ့ ကိလေသာကို ပယ်နိုင်ပါတယ်။ အဲဒီအချိန်မှာတော့ မမြင်ဘူးတဲ့ အာရုံဝတ္ထုအကြောင်းအရာတစ်ခုလိုပဲ ကိလေသာ ဖြစ်ခွင့် မရှိတော့ပါဘူး။*

၁။ (၉၅) မာလုကျပုတ္တသုတ္တံ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။

အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။
ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒ္ဓါ မနုဗြူဟယေ။[၁]

"အတိတ်ခန္ဓာသို့လည်း မလိုက်ရာ။ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ။ အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ။ အနာဂတ်ခန္ဓာလည်း မရောက်လာသေး"

"ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌ သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း ပျက်စီးခြင်း မရှိသော ထိုဝိပဿနာရှုမှုကို အဖန်ဖန်ပွားများရာ၏။"

ဝိပဿနာ တရားအားထုတ်လို့ သဘောပေါက်လာတာတွေက နက်နဲပါတယ်။ ဒါပေမယ့် သိပ်ကိုရိုးတယ်။ သဘောပေါက်တိုင်းမှာတော့ တုပ်နှောင်ထားတဲ့ ကြိုးတွေဟာ ပြေပြေသွားနေပါတယ်။ သဘောပေါက်တာက နှစ်မျိုးရှိတယ်။ *ဘွားကနဲ သဘောပေါက်တာကတစ်မျိုး၊ ဒါကတော့ ဘယ်နေ့ဘယ်နေရာမှာ သဘောပေါက်တယ်လို့ ပြောနိုင်ပါတယ်။ နောက်တစ်မျိုးကတော့ တဖြည်းဖြည်း သဘောပေါက်လာတာပါ။ ဒီနှစ်မျိုးစလုံးဟာ နက်နဲလွန်းပါတယ်။ လုပ်ယူလို့တော့ မရဘူး။ ဝိပဿနာဘာဝနာ သတ္တိကြောင့်ပါပဲ။*

ဘေးကတော့ စိတ်နေစိတ်ထားတွေ ပြောင်းလဲသွားတာကို (Mind changing) မြင်နိုင်အောင် ကြည့်တတ်ရင်တော့ နည်းနည်း မှန်းဆလို့ ရနိုင်ပါတယ်။ ကာယကံရှင်ကတော့ သေသေချာချာ သိနိုင်ပါတယ်။ ဘဝအမြင် လောကအမြင်တွေ ပြောင်းသွားပါတယ်။

၁။ (၂၇၂) ဘဒ္ဒေကရတ္တသုတ္တ၊ ဥပရိပဏ္ဏာသပါဠိ။

ဥပမာအားဖြင့်ပြောရရင် ပြဿနာကို မြင်လိုက်တာနှင့် အဖြေကိုပါ သိလိုက်တယ်။ ပြဿနာဖြစ်ရတဲ့ အကြောင်းအရင်းကို သိမှတော့ ရင်ထဲ ပူလောင်ပင်ပန်းမှု မဖြစ်လာတော့ပါဘူး။ ပြဿနာမရှိတော့ဘူး။ အဖြေပဲရှိတယ်။

စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊ စိတ္တဝေါဒါနာ သတ္တာ ဝိသုဇ္ဈန္တိ။[၁]

ရဟန်းတို့ စိတ်ညစ်ညူးခြင်းကြောင့် သတ္တဝါတို့ ညစ်ညူးကုန်၏။ စိတ်ဖြူစင်ခြင်းကြောင့် သတ္တဝါတို့ ဖြူစင်ကုန်၏။

*ကိလေသာက အရာကျယ်လွန်းပါတယ်။ ကိလေသာကို အထင်မသေးပါနှင့်၊ ကိုယ်အားထုတ်တဲ့ တရားကို အထင်မကြီးပါနှင့်။ အသိသတိဆက်ပြီးတော့မှ ဝိပဿနာဉာဏ်တွေ ဖြစ်ပြီးတော့ နေပါတယ်။ ခန္ဓာမှာ ပေါ်ပြီးပျောက် ဖြစ်ပေါ်လာပြီး ချုပ်တဲ့သဘောကိုလည်း သိနေတယ်။ ကိလေသာဖြစ်စရာ အာရုံတွေနှင့် တိုက်ဆိုသော်လည်း ဝီတိက္ကမဖြစ်ဖို့နေနေသာသာ ပရိယုဋ္ဌာနကိလေသာ အရိပ်အရောင်တောင် မတွေ့ရဘူး။ ပကတိ အရိယာစိတ်ပမာပါလို့ ထင်ရတတ်တယ်။*

*ဒါပေမယ့်လည်းပဲ အသိသတိအနည်းငယ်မျှ လျော့ပါးလာတဲ့အခါမှာတော့ ရက်မှလတိုင် ပရိယုဋ္ဌာန အရိပ်အရောင်တောင် မပြခဲ့တဲ့ အဲ့ဒီကိလေသာက တစ်မုဟုတ်ခြင်း ဝီတိက္ကမတိုင်အောင် ရောက်သွားတတ်ပါတယ်။ အရာ ကျယ်လွန်းလှပါတယ်။ အနုသယသတ္တိကြောင့်ပါ။ ဒါကြောင့် မဂ်ဉာဏ်နှင့် ကိလေသာကို အမြစ်ပြတ် မပယ်သေးသမျှ ကာလပတ်လုံး ဘယ်လိုမှ စိတ်မချရပါဘူး။*

၁။ (၁၀၀) ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။

<u>*ဒါပေမယ့် လူသားရဲ့ နှလုံးသားမှာ အဲ့ဒီ အနုသယ ကိလေသာကို အရိယမဂ်နှင့် အပြီးတိုင် ပယ်နိုင်ခဲ့လို့ ပရိယုဋ္ဌာန မဖြစ်တာလား? ဒါမှမဟုတ် ဝိပဿနာဉာဏ်အားရဲ့သတ္တိ ဘာဝနာစွမ်းအားကြောင့် ကာလအတန်ကြာအောင် ဝိက္ခမ္ဘနာပဟာန်အားဖြင့် ခေတ္တခေါင်းရှိုးပြီး မထောင်လာတာလား? အဲ့ဒီ မေးခွန်းကို ဖြေဖို့အတွက်က အလွန် တာဝန်ကြီးလှပါတယ်။ အဲ့ဒီမေးခွန်းက အလွန်ပဲ တာဝန်ကြီးလေးပါတယ်။ မြတ်စွာဘုရားတို့ရဲ့ အရာသာ ဖြစ်ပေတယ်။*</u>

သို့ပါသော်လည်းပဲ မြန်မာနိုင်ငံမှ ပရိယတ် ပဋိပတ် စွယ်စုံရ စာပေအကျော်အမော် D.lit., (Doctor of Literature) ဘွဲ့ရ လယ်တီဆရာတော်ဘုရားကြီးက အဲဒီလိုမျိုးအခြေ အနေကြုံရင် (၇)နှစ်စောင့်ကြည့်ပြီး ဆုံးဖြတ်ပါ အမောင်တို့၊ ဆန္ဒစောရင် မှားတတ်ပေတယ်လို့ မိန့်တော်မူခဲ့ပါတယ်။ နက်နဲလှပါပေတယ်။ ဒါကြောင့် မိမိအားထုတ်ထားတဲ့ တရားကို အထင်မကြီးပါနှင့်၊ ကိလေသာကို အထင်မသေးပါနှင့်လို့ အထပ်ထပ်အခါခါ သတိပေးနေရခြင်း ဖြစ်ပါတယ်။

ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာစွာဖြင့် မြင့်မြတ်တဲ့ တရားကို မျက်မှောက်ပြုနိုင်ပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခု၊ မတ်လ (၁)ရက်

**ရှိသေလေးစားစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဆရာတော်ဘုရား ထံပါးမှ ၁၊ ၃၊ ၈၉ ရက်စွဲဖြင့် စာတိုက်မှ မှတ်ပုံတင်စာကို လက်ခံ ရရှိပါတယ်ဘုရား။ မတ်လအကုန်မှာ ဆရာတော်ဘုရား ခြေတော်ရင်းသို့ လာရောက်ခွင့် ပြုပါရန်လည်း ကြေးနန်းရိုက် လျှောက်ထားပါသေးတယ်ဘုရား။

ဘုရားတပည့်တော်၏ တရားအတွေ့အကြုံတွေ ခပ်ဆင်ဆင် ဖြစ်နေပါသော်လည်း သဒ္ဓါ ဆန္ဒတွေကတော့ ပို၍စင်ကြယ် လာပါတယ်။ ဉာဏ်ပညာတွေလည်း ပိုလို့ပွင့်ထွန်းလာပါတယ်လို့ ယုံကြည်ပါတယ်ဘုရား။ ဘုရားတပည့်တော် တရားအတွေ့အကြုံတွေ လျှောက်ထားပါမယ်ဘုရား။ တရားအားထုတ်တာကတော့ နေရာတိုင်း အချိန်တိုင်း အိပ်ပျော်ချိန်မှအပ အားထုတ်လျှက်၊ သတိသမ္ပဇဉ် (Intuitive awareness)နှင့်ပဲ နေပါတယ်ဘုရား။ အိပ်မပျော်မခြင်းနှင့် နိုးနိုးခြင်းလည်း တရားနှင့်ပဲ နေပါတယ်ဘုရား။

*ဥစ္စာခနေ အိုးအိမ် ပရိဘောဂ ပစ္စည်းပစ္စယများ ရာထူး စည်းစိမ်တွေကို စောင့်ရှောက်ပြီး နေရတာက ဆင်းရဲတယ် ဆိုတာကို ဘုရားတပည့်တော်မ တစ်စတစ်စ နားလည်လာပါတယ် ဘုရား။*

တစ်နေ့နေ့မှာ အကြောင်းကြောင်းကြောင့် အဲဒီပိုင်ဆိုင်မှု တွေနှင့် ခွဲခွာရရင်ဖြစ်စေ၊ ပျက်စီးသွားရင်ဖြစ်စေ၊ ဝမ်းနည်းပူဆွေး ရမယ်ဆိုတာကိုလည်း မကြာမကြာတွေးမိပြီး ရင်ထဲမှာ တင်းကြပ် မှုကို ယခင်က ခံစားခဲ့ရဖူးပါတယ်ဘုရား။ ဒါပေမယ့် အဲဒါတွေ နှင့် ဝေးရာကင်းရာ ဌာနဟာ ဒီကမ္ဘာမြေကြီးပေါ်မှာ ရှိမယ်လို့

တောင် မထင်ထားခဲ့ပါဘူး။ ဘယ်သူမှလည်း တပည့်တော်ကို မညွှန်ပြ မသွန်သင် ပေးခဲ့ပါဘူးဘုရား။

အဲဒီဥစ္စာခေ ရာထူးစည်းစိမ်တွေ ကြီးကျယ်ဖို့၊ များပြားဖို့ ကြွယ်ဝဖို့၊ ချမ်းသာဖို့ နည်းလမ်းတွေကိုသာ သွန်သင်ပေးခဲ့ပါတယ်။ ဆိုဆုံးမပေးခဲ့ကြပါတယ်။ သို့ပါသော်လည်း ဒါတွေနှင့် ဆက်ဆံထိတွေ့ နေရစေကာမူ အစွဲအလမ်း အငြိအချိတ်နည်းရမယ်၊ *အစွဲအလမ်း နည်းနည်း နည်းရင် နည်းနည်း အေးချမ်းမယ်၊ များများနည်းရင် များများအပူကင်းမယ်၊ လုံးလုံးကင်းရင်တော့ သောက လုံးဝ ကင်းဝေးမယ်ဆိုတာကို သဘောပေါက် လာပါတယ် ဘုရား။*

*တပည့်တော်ဒါတွေနှင့် တစ်နေ့မှာ သေသေချာချာပဲ ခွဲခွါရမယ်၊ ကွေကွင်းရမယ်ဆိုတာကို လက်ခံထားလိုက်မှပဲ တပည့်တော်ဘဝဟာ စိုးရိမ်မှုသောကကနေ လွတ်ငြိမ်းလာပါတော့တယ် ဘုရား။*

ယခုလက်ရှိ ဘဝခန္ဓာကိုလည်း ငြီးငွေ့ပါပြီဘုရား။ ဒီခန္ဓာက ပင်ပန်းလှပါတယ်။ ဆင်းရဲလှပါတယ်။ မလိုချင်တော့ပါဘူး ဆိုတာကိုတော့ ဉာဏ်ထဲ မကြာမကြာ ဖြစ်မိပါတယ်ဘုရား။ သို့သော် ပြဟ္မာခန္ဓာရဲ့ ဘဝနိကန္တိ တွယ်တာတာကတော့ ရှိနေတုန်းပါပဲ ဘုရား။ ခုဘဝ ခန္ဓာက ဆင်းရဲလှခြည့်လို့ မြင်နိုင်သော်လည်း အဲဒီခန္ဓာရဲ့သက်တမ်းက ကမ္ဘာပေါင်းများစွာကို ဆင်းရဲတယ်ဆိုတာ နှလုံးသွင်းလို့ မရဘူး ဖြစ်နေပါတယ်ဘုရား။ အစွဲက ကြီးလွန်းလှပါတယ်။ ဒီအစွဲကိုတော့ ခွင့်ပြုထားမိပါတယ်။ သဘောကျနေမိပါတယ်ဘုရား။ ဒါလည်း ကိလေသာပဲလို့ တပည့်တော် ထင်မိပါတယ်ဘုရား။

တရားရှုမှတ်မှုဆိုင်ရာ လိုအပ်တာရှိရင်လည်း ဆုံးမပေးတော်မူပါရန်လို့ တောင်းပန် လျှောက်ထားပါသည်ဘုရား။

ကြည်ညိုလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၉ ခု၊ မတ်လ(၁၁)ရက်

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

*ကိလေသာက အရာကျယ်လွန်းလှပါတယ်။ ပရိယာယ်လည်း များလွန်းလှပါတယ်။ နူးညံ့တဲ့ကိလေသာက ဉာဏ်လို့ ထင်ရလောက်အောင်ကို လှည့်စားတတ်ပါတယ်။*

*ဒါကြောင့် ဒီကိလေသာတွေ စင်ကြယ်ပြီး ဘဝသံသရာကနေ လွတ်မြောက်တော်မူသွားကြတဲ့ သူတော်ကောင်းကြီးတို့ရဲ့ လုံ့လဝီရိယ ဉာဏ်ပညာကို အလွန့်အလွန်ပဲ ကြည်ညိုထိုက်ပါတယ်၊ အားကျထိုက်ပါတယ်။*

လောကမှာ မှားတာကို မှားမှန်းသိဖို့နှင့် မှန်တာကို မှန်တယ်လို့ သိဖို့ အရေးကြီးလှပါတယ်။ ဒါပေမဲ့ အမှန်ကို အမှားထင်၊ အမှားကို အမှန်လို့ထင်တဲ့ လောကသတ္တဝါတွေ အဖို့တော့ သံသရာ ထွက်ပေါက် တံခါး ပိတ်ပါပြီ၊ အမှောင်ထဲက လာပြီး အမှောင်ထဲ ပြန်သွားနေကြသူတွေသာ များပါတယ်။

*မသိတာကို မသိမှန်း မသိသေးသရွေ့ သိတာကိုလည်း မသိနိုင်သေးပါဘူး။ မသိတာကို မသိဘူးဆိုတာကို အမှန်အတိုင်း*

*သိလာနိုင်ရင်တော့ သိတာကိုလည်း သိနိုင်တော့မှာပါ။ ထိုနည်း အတူ မသိတာကိုလည်း သိနိုင်မှာပါ။*

*ကိလေသာပါးမှပဲ အရင်ကိလေသာ ထူတာကို သိလာ နိုင်ပါတယ်။ သောကငြိမ်းမှပဲ အရင်ကသောက များခဲ့တာကို သိလာနိုင်ပါတယ်။ စိတ်တွေ ယဉ်ကျေးလာမှပဲ အရင်စိတ်တွေ မယဉ်ကျေးတာကို သိလာနိုင်ပါတယ်။ စိတ်ချမ်းသာအောင် နေတတ်လာမှ အရင် စိတ်မချမ်းသာ နေခဲ့မိတာကို သဘော ပေါက် လာနိုင်ပါတယ်။ အပ္ပမာဒတရားနှင့် နေတတ်လာမှပဲ ပမာဒ တရားနှင့် အရင်နေခဲ့မိတာကို သေသေချာချာ ကွဲကွဲပြားပြား သိသာ နိုင်တယ်။*

သံယောဇဉ် ငြိကပ်မှုဟာ ကြီးကျယ်လှပါတယ်။ ဒါကို သဘောပေါက်ဖို့ လိုပါတယ်။ ပမာပြရရင် နွားနက်နှင့် နွားဖြူကို ကြိုးတစ်ချောင်းထဲနှင့် ချည်ထားလိုက်တယ်။ နွားနက်က နွားဖြူရဲ့ အနှောင်အဖွဲ့လို့ ပြောလို့ရှိရင် မပြည့်စုံနိုင်ပါဘူး။ မမှန်ကန်ပါဘူး။

နွားနက်ကလည်း အနှောင်အဖွဲ့ မဟုတ်ပါဘူး။ နွားဖြူကလည်း အနှောင်အဖွဲ့မဟုတ်ပါဘူး။ ချည်ထားတဲ့ကြိုးကသာ သံယောဇဉ် အနှောင်အဖွဲ့လို့ ပြောလို့ရှိရင် ပြည့်စုံ မှန်ကန်ပါတယ်။

ထို့အတူပါပဲ မျက်စိကလည်းပဲ အဆင်းရူပါရုံရဲ့ သံယောဇဉ် မဟုတ်ပါဘူး။ နားကလည်း အသံရဲ့သံယောဇဉ် မဟုတ်ပါဘူး။ အသံ ကလည်း နားရဲ့သံယောဇဉ် မဟုတ်ပါဘူး။ နှာခေါင်းလျှာနှင့် ကိုယ်ရဲ့ ထိတွေ့ကလည်း အနံ့အရသာ အထိအတွေ့တွေရဲ့ သံယောဇဉ် မဟုတ်ပါဘူး။ အနံ့အရသာ အထိအတွေ့ တွေကလည်းပဲ နှာခေါင်း၊ လျှာနှင့် ကိုယ်တွေရဲ့ သံယောဇဉ် မဟုတ်ပါဘူး။ အဲဒီ(အာယတန)

အတွင်းနှင့် အပြင်နှစ်ပါးကိုမှ စွဲပြီးဖြစ်တဲ့ လိုချင်မှု စွဲလမ်းမှု ဆန္ဒရာဂသည်သာ သံယောဇဉ် အနှောင်အဖွဲ့ဖြစ်ပါတယ်။

စိတ်ကလည်း သဘောတရားတို့ရဲ့ သံယောဇဉ်မဟုတ်ဘူး။ သဘောတရားကလည်း စိတ်ရဲ့ သံယောဇဉ်မဟုတ်ဘူး။ အဲ့ဒီနှစ်ပါးကို စွဲပြီးဖြစ်တဲ့ ဆန္ဒရာဂသည်သာ သံယောဇဉ် အနှောင်အဖွဲ့ဖြစ်ပါတယ်။[၁]

*ငြိတာတွေ နည်းနည်းလွတ်လာမှပဲ မလွတ်တာကိုလည်း သိလာနိုင်တယ်။ ဒါကြောင့် ငြိတာသိရင် လွတ်တာလည်း သိတယ်။ လွတ်ဖို့ လိုသေးတာကိုလည်း သိတယ်။ လွတ်သွားတာကိုလည်း သိလာတယ်။ လွတ်ရာသို့ သွားမယ့်လမ်းကိုလည်း သိတယ်။ ငြိလို့ ပင်ပန်းတာ ဆင်းရဲတာကိုလည်း သိတယ်။ ပယ်ရမယ့် ငြိကပ်မှုကိုလည်း သိတယ်။ ပယ်လို့ ငြိမ်းချမ်းတာကိုလည်း သိတယ်။*

တစ်ချို့ငြိကပ်မှုတွေက ဘဝခြားသည့်တိုင်အောင် ပါမယ့် ငြိကပ်မှုတွေဖြစ်တယ်။ ဒါမှမဟုတ် ဒီဘဝမှာ ဖြည့်မရတော့တဲ့ ငြိကပ်မှုလို့လည်း သဘောပေါက်လာနိုင်ပါတယ်။

ဖြည့်မရတာတော့ မဟုတ်ပါဘူး။ မဖြည့်ချင်တာ၊ မဖြည့်ဘဲ နေရတာကို သဘောကျနေတာပါ။ ပမာဆိုရရင် ဘဝနိကန္တိလို ဘဝကို လိုချင်နေတာမျိုး၊ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ ဖြစ်ချင်နေသေးတာမျိုးလည်း ပါဝင်တာပါပဲ။

ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခု၊ မတ်လ (၂၂)ရက်။

---
၁။ (၃၄၃) သံယောဇနသုတ္တံ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။

**ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

တပည့်တော် ဘဝတစ်သက်တာမှာ ဆရာ၊ မိဘများက မကောင်းတဲ့ရက် (ပြဿဒါးရက်)တွေကို သင်ပြပေးခဲ့ပါတယ် ဘုရား။ ရှောင်ရမဲ့ အလုပ်ကိုလည်း သင်ပြပေးခဲ့ပါတယ်ဘုရား။ မင်္ဂလာမပြုကောင်းတဲ့ အချိန်နာရီတွေကိုလည်း ထဲထဲဝင်ဝင် စွဲမှတ်မိအောင် သင်ကြားပေးခဲ့ ကြပါတယ်ဘုရား။ မင်္ဂလာ အချိန် ကာလ ရက် လတို့ကိုလည်း သင်ကြားပေးခဲ့ပါတယ်။

သို့သော်လည်းပဲ *အဗြဟ္မစရိယအကျင့်က မပြုကောင်းဘူး။ ဒီအကျင့်က ကောင်းကျိုးမပြုဘူး။ ဒီအကျင့်ဟာ အကျိုးမဲ့ကို ဖြစ်စေတတ်တယ်။ ယုတ်ညံ့တယ် ပင်ပန်းစေတယ် ဆိုတာကိုတော့ ဘယ်သူကမှ သင်ကြား ပြသပေးနိုင်ခဲ့ခြင်း မရှိပါဘုရား။* မြတ်စွာဘုရား သာသနာရှိလျက်နှင့် အမှောင်ထုကြီးထဲမှာ နေခဲ့မိတာ ပါလားလို့လည်း ဘုရားတပည့်တော် တွေးထင်မိပါတယ်ဘုရား။

ရှေ့တစ်ပတ်ထဲ ဆရာတော်ဘုရားထံပါး လာရောက်ဖူးမျှော်ရန် စီစဉ်ထားပါတယ်ဘုရား။ ဆရာတော်ဘုရား ကျန်းမာရေး အတွက် ဆေးဝါးများကိုလည်း လှူဒါန်းခွင့် ရချင်ပါတယ်ဘုရား။ ကျောင်းကို လာရောက်ခွင့်နှင့် ဆေးဝါးလှူဒါန်းခွင့် ပြုတော်မူပါရန် ရှိသေစွာ လျှောက်ထား တောင်းပန်အပ်ပါတယ်ဘုရား။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခု၊ မတ်လ (၃၁)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

ပုထု သတ္ထာရာနံ မုခမုလ္လောကိကာတိ ပုထုဇ္ဇနာ။[၁]

ပုထုဇဉ်ဆိုတာ အမျိုးမျိုးသောဆရာ၊ အမျိုးမျိုးသော ဘုရားတို့ရဲ့ မျက်နှာကို တမော့မော့ ကြည့်တတ်လို့ကို ပုထုဇဉ်လို့ ခေါ်ပါတယ်။

ဘဝသံသရာ တစ်လျှောက်လုံးမှာ နေကိုးကွယ်တဲ့ ဆရာနှင့် တွေ့တုန်းက နေကို ကိုးကွယ်ခဲ့ကြတယ်။ လကို ကိုးကွယ်တဲ့ ဆရာနှင့် တွေ့တုန်းက လကို ကိုးကွယ်ခဲ့ကြတယ်။ တောတောင်ကို ကိုးကွယ်တဲ့ ဆရာကို ပေါင်းမိတဲ့ အခါကျတော့ ဆရာ့နည်းယူ တပည့်ခံပြီး တောင်ပို့ကို ကိုးကွယ်ခဲ့ကြတယ်။ မြစ်ကို ကိုးကွယ်တဲ့ ဆရာကိုတွေ့ပြီး မြစ်ကို ကိုးကွယ်ခဲ့ပြီးပြီ၊ မီးကို ကိုးကွယ်တဲ့ ဆရာနှင့်တွေ့တုန်းကတော့ မီးကို ကိုးကွယ်နည်း သင်ပြီးတော့မှ ကိုးကွယ်ခဲ့ပြီးပြီ။ သစ်ပင်ကြီးကြီးကို ကိုးကွယ်တဲ့ ဆရာနှင့်တွေ့တဲ့အခါ သစ်ပင်ကြီးကြီး ကိုးကွယ်ခဲ့တယ်။ ဒီနေ့လည်း ကမ္ဘာပေါ်မှာ ဒီလို ကိုးကွယ်တဲ့ ဆရာနှင့် နောက်လိုက်တပည့်တွေ အမြောက်အများ ရှိနေပါသေးတယ်။

ဘေးဘယာကို ကြောက်ရွံ့ ထိတ်လန့်တဲ့လူများ တော၊ တောင်၊ ဥယျာဉ်၊ နတ်ကွန်း၊ သစ်ပင်တို့ကို ကိုးကွယ်လို့ ဘေးမကင်းဘူး။ မြတ်လည်း မမြတ်ဘူး။ ဆင်းရဲ ဒုက္ခကနေလည်း မလွှန်မြောက်ပါဘူး။

ရတနာသုံးပါး ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်မှသာ အရိယာ သစ္စာလေးပါး မဂ်ဉာဏ်ကိုရမယ်၊ ဘေးလည်းကင်းတယ်၊ မြတ်လည်းမြတ်တယ်၊ ဆင်းရဲဒုက္ခလည်း လွတ်မြောက်ပါတယ်လို့

၁။ (၂) မူလပရိယာယသုတ္တ၊ မူလပဏ္ဏာသဋ္ဌကထာ။

မြတ်စွာဘုရားရှင်က သာဝတ္ထိပြည့်ရှင် ကောသလမင်း၏ ပုရောဟိတ် ဆရာအဂ္ဂိဒတ္တပုဏ္ဏားကို အကြောင်းပြုပြီး ဟောတော်မူပါတယ်။[၁]

လူမိုက်တို့သည် ဟုတ်တိုင်းမှန်စွာ မသိကြကုန်။ *ထို့ကြောင့် ဂြိုလ်နက္ခတ်တို့ကို ရှိခိုးကြကုန်လျက် တော၌မီးကို လုပ်ကျွေး ပူဇော်လျှင် ကိလေသာမှ စင်ကြယ်၏ဟု မှတ်ထင်ကြလေသည်။*

ငါသည်ကား *မြတ်စွာဘုရားကို ရှိခိုးလျက် မြတ်စွာဘုရား ဟောကြား ဆုံးမတော်မူသည့်အတိုင်း လိုက်နာပြုကျင့်သည် ဖြစ်၍ ဆင်းရဲအားလုံးတို့မှ လွတ်မြောက်ခဲ့လေပြီ။*[၂]

*မိစ္ဆာဒိဋ္ဌိဆရာနှင့် မိစ္ဆာဒိဋ္ဌိဝါဒကတော့ ဒီကမ္ဘာကြီးပေါ်မှာ မြေနှင့် မြေဇာမြက်လိုပါပဲ။* အဲဒါကို ကြပ်ကြပ် ကိုးကွယ်လေ၊ အဲဒါကို များများကိုးကွယ်လေ ငရဲကြပ်ကြပ်ကြီးလေ၊ ငရဲတွင်း များများ နက်လေပါပဲ။[၃]

ကမ္ဘာလောကမှာ မှားတတ်ကြပါတယ်။ အမှားတွေ ရှိတတ်ကြပါတယ်။ ဒါပေမဲ့ *အမှားတကာ အမှားထဲမှာ ကိုးကွယ်ရာ မှားရင် ကိုယ်ကျင့်သီလပါ ပျက်ပြားတော့တယ်။ ကိုယ်ကျင့် ပျက်မှတော့ လူသားဘဝကနေ ငရဲသားဘဝဖြစ်ဖို့ပဲ ရှိတော့တယ်။ အလွန့် အလွန်ကို နစ်နာလှပါတယ်။*

အယူဝါဒမှားယွင်းမှုကို ထင်ဟပ်စေတဲ့ ပုံဝတ္ထု ဥပမာတစ်ခု လည်း လယ်တီဒီပနီမှာ ရှိပါတယ်။

တောကြီးတစ်ခုမှာ နတ်ဆိုးတို့က မြို့ရွာ တည်ထောင်ပြီး နေကြတယ်။ လမ်းခရီးမကျွမ်းကျင်တဲ့ ခရီးသည်တွေက အဲဒီတောကို

---

၁။ (၁၉၂) အဂ္ဂိဒတ္တဗြာဟ္မဏဝတ္ထု၊ ဓမ္မပဒပါဠိ။

၂။ (၁၄၃-၁၄၄) ခေမာထေရီ၊ ထေရီဂါထာပါဠိ။

၃။ လယ်တီဒီပနီ။

ရောက်လာရင် နတ်ဆိုးတို့က မိမိတို့မြို့ရွာကို နတ်မြို့၊ နတ်ရွာပမာ မိမိတို့ကိုယ်ကိုလည်း နတ်သမီး၊ နတ်သားတို့ပမာ ဖန်ဆင်းပြပြီး၊ လမ်းကိုလည်း နတ်လမ်းတမျှ သာယာအောင် ဖန်ဆင်းထားကြတယ်။

ခရီးသည်တို့က အဲဒီလမ်းအတုကို မြို့ကြီး၊ ရွာကြီးကို သွားတဲ့ လမ်းလို့ ယုံကြည်ကြပြီး လမ်းရိုးလမ်းမှန်ကို စွန့်လွှတ်ပြီးတော့ လမ်းဆိုး လမ်းမှားကြီးကို လိုက်သွားတယ်။ နတ်ဆိုးတို့ရဲ့ မြို့ရွာကို ရောက်တော့ နတ်ဆိုးတွေက လူတွေရဲ့ အသည်း၊ အဆုပ်၊ နှလုံး သည်းပွတ်တို့ကို စုပ်ယူ မျိုသောက်ကြလို့ ခရီးသည်တွေလည်း သေဆုံးကြရပါတယ်။

ဒီဥပမာမှာ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဆိုတဲ့ ဘုံသုံးပါးဟာ တောကြီးနှင့်တူတယ်။ သတ္တဝါတွေက ခရီးသည်နှင့်တူတယ်။ *သမ္မာဒိဋ္ဌိအယူက လမ်းရိုးလမ်းမှန်နှင့် တူတယ်။ မိစ္ဆာဒိဋ္ဌိအယူက လမ်းဆိုး လမ်းမှားကြီးနှင့် တူတယ်။* ဆက်ပြီးတော့ မိမိခန္ဓာကိုယ်ကို ငါ၏ အတ္တဟု စွဲလမ်းတဲ့ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိဟာ လမ်းဆိုးလမ်းမှား ကြီးနှင့် တူတယ်။ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်နှင့်တကွသော သံသရာလောကကြီးဟာ နတ်ဆိုးတို့၏ မြို့ရွာနှင့်တူတယ်။

ဗောဓိပက္ခိယသမ္မာဒိဋ္ဌိဟာ လမ်းရိုးလမ်းမှန်ကြီးဖြစ်ပြီး မဂ္ဂင်ရှစ်ပါးလမ်းဟာ လူကောင်းသူကောင်းတို့ရဲ့ မြို့ရွာသွားတဲ့ လမ်းရိုး လမ်းကောင်း ဖြစ်ပါတယ်။

မတ်လ (၃၁)ရက်စွဲပါ လျှောက်ထားစာအရ ဆက်လက်ပြီး သိစေလိုတာက အသိလွဲ၊ အစွဲလမ်း၊ အမှတ်လွဲရာကနေ ထင်ချင်ရာ ထင်၊ သံသယတွေများပြီး ငါ့ဟာမှဟုတ်တယ်၊ သူတို့လွဲတယ်လို့ စွပ်စွဲ၊ မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြစ်တာတွေဟာ ဘဝကို ရှုပ်ထွေးနောက်ကျို ပူလောင်စေပါတယ်။

ဝိပဿနာတရား ရှုမှတ်ကာ၊ တရားနာကာ၊ တရားဆွေးနွေး မေးမြန်းကာ၊ တရားကို သုံးသပ်ဆင်ခြင်ကာဖြင့် တစ်စတစ်စ အသိအမြင် ရှင်းသွားမှပဲ စိတ်ရှင်းပါတော့တယ်။ အဲသလို စိတ်ရဲ့ အမှိုက်တွေကို ဉာဏ်ကဖယ်ရှားပေးလိုက်မှပဲ စိတ်ငြိမ်းအေးလာတယ်။ စိတ်ချမ်းသာလာတယ်။ စိတ်လွတ်လပ်လာပါတယ်။ ဒါမှပဲ စိတ်ရဲ့ Freedom ကို နားလည်နိုင်ပါမယ်။ ဒီတရားဆိုးတွေကြောင့် စိတ်က မလွတ်လပ်တာကိုးဆိုတာက လွတ်လပ်သွားမှ သိနိုင်တဲ့ သဘော တရားပါ။

စိတ်ရဲ့ လွတ်လပ်မှုမှသည် ဘဝလွတ်မြောက်မှုကို ရရှိခံစား နိုင်ပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခု၊ ဧပြီလ (၉)ရက်။

## ကြည်ညိုလေးမြတ်စွာ သျှောက်ထားအပ်ပါသည်ဘုရား။

ဥဒ္ဓစ္စကတော့ ဖြစ်ပါတယ်ဘုရား။ ဟိုတွေးဒီတွေး တွေးတတ် ပေမယ့် ကုက္ကုစ္စဘက်ကို စိတ်ဦးလှည့်ရုံမျှပဲ ရှိသေးတယ် အသိ သတိက အလိုအလျောက် ရောက်လာပါတယ်။ ကုက္ကုစ္စကြောင့် စိတ်ပင်ပန်းတော့မယ် ဆိုတာကို ဉာဏ်ကသိပြီး စိတ်ကောရုပ်ပါ မပင်ပန်းစေရအောင် စောင့်ရှောက်တယ်လို့ တပည့်တော် သိလာ ပါတယ်ဘုရား။

*ဝိပဿနာဉာဏ်နှင့် နေတတ်လာတာနှင့်အမျှ ကိုယ်ရော စိတ်ပါ မပင်ပန်းတော့ဘူးဆိုတာကို ဘုရားတပည့်တော် နားလည် လက်ခံလာပါတယ်ဘုရား။*

ကိလေသာတွေ ပါးလာတာနှင့်အမျှ ရတနာ(၃)ပါးကို ပို၍ သက်ဝင်လာပါတယ်ဘုရား။ ဘဝသံသရာနှင့် စပ်လျဉ်းပြီးတော့လည်း ပိုပြီး သံသယ ရှင်းလာပါတယ်ဘုရား။ ဘုရားဟောစာပေတွေကို ဖတ်တဲ့အခါမှာလည်း အရင်ထက် နက်နက်နဲနဲ သဘောပေါက် လာပါတယ်ဘုရား။

ရင်ထဲအပူမခံတာ ကြာပါပြီ။ အသိသတိဆက်ပြီး ကိလေသာ တွေ ကင်းငြိမ်းတဲ့ စိတ်နှင့်ပဲ နေတာများပါတယ်။ အရင်က ပူခဲ့တာတွေကို တွေးပြီးတော့ ရံခါ စိတ်ပင်ပန်းလှပါတယ်။ *သောက ဖြစ်စရာ ဒေါသဖြစ်စရာ ပူပင်စရာတွေလည်း မတွေးချင်တော့ပါဘူး။ ပူစရာနှင့် ပတ်သက်တာကို ပြောလည်း မပြောချင်တော့ပါဘူး။ နားလည်း မထောင်ချင်တော့ပါဘုရား။*

အရင်က တပည့်တော် ငွေကြေး ဝတ္ထု ရာထူး ဌာနန္တရနှင့် ပျော်ခဲ့ပါတယ်။ ရာထူးတွေကို တန်ဖိုးထားခဲ့တယ်၊ ငွေကြေး ခနဉစ္စာ တွေကို ဘဝပန်းတိုင်အဖြစ် ထားခဲ့ပါတယ်။ အဲဒါချမ်းသာ အတုကြီးပဲ ဆိုတာကို တပည့်တော် အခုနားလည်လာပါပြီဘုရား။ *အခုမှ ချမ်းသာအစစ်နှင့် တပည့်တော် နေတတ်လာခဲ့ပါတယ်။ ချမ်းသာ အစစ်နှင့် ချမ်းသာအတုကို အသက် (၇၀)ကျော် ဘဝနေဝင်ချိန် ရောက်မှပဲ ကွဲကွဲပြားပြား သိရပါတော့တယ်ဘုရား။*

*ချမ်းသာအတုက ပူလောင်မှု ပင်ပန်းမှု ပြိုင်ဆိုင်မှု ပလွှားမှု တွေ ပြည့်နှက်နေပါတယ်။ ချမ်းသာအစစ်က ပကတိ အေးချမ်း ပါတယ်။ တည်ကြည်ပါတယ် ခံ့ညားပါတယ်။*

ခန္ဓာကိုယ်ကောင်ကတော့ စကြံ လျှောက်လှမ်းနေပါတယ်။ စိတ်ကတော့ ကျောက်တောင်ကျောက်စိုင်ပမာ တည်တံ့ ခိုင်ခံ့နေပါတယ်ဘုရား။

စိတ်ပျက်တာ၊ အားလျော့တာ၊ ပူပန်တာ၊ သောကဖြစ်တာ၊ လောဘဖြစ်တာ၊ မာနဖြစ်တာ၊ ဣဿာမစ္ဆရိယဖြစ်တာစတဲ့ စိတ်ယုတ်တွေ တဒင်္ဂကင်းဆိတ်ကာ ရှုမှတ်မှု ပစ္စုပ္ပန်တည့်ပြီးတော့နေပါတယ်။ Now and Here ဖြစ်နေတယ်။ တဒင်္ဂချင်း တဒင်္ဂချင်း ပညတ်အာရုံ ကွာနေပါတယ်။ စိတ်က အနားရနေပါတယ်။ စကြံမှာ သိစရာ ရှိနေတာကိုလည်း အလိုက်သင့်လေး သိသိပြီး နေနေပါတယ်ဘုရား။

အိပ်ပျော်စားဝင်တဲ့ဆေးကို မိတ်ဆွေဆရာဝန်တစ်ယောက်က ဆေးစာ အညွှန်းစာအုပ် လာပြပါတယ်။ ယခင်က အဲဒီလို အိပ်ပျော်တဲ့ဆေးတွေ စားဝင်တဲ့ဆေးတွေကို စိတ်ဝင်စားခဲ့ဖူးပါတယ်။

ဒါပေမယ့် _တပည့်တော်အတွက်က ဒီလောက်အိပ်ရရင် လုံလောက်နေပါပြီ။ ဒီလောက်စားရရင် လုံလောက်ပါပြီ ဒီထက်ပိုအိပ်ရင် ဒီထက်ပိုစားရင် တပည့်တော်စိတ်တွေ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်သွားတော့မယ်။ ဒါကြောင့် တပည့်တော် အိပ်ပျော်စားဝင်စေတဲ့ဆေးကို စိတ်မဝင်စားတော့ဘူးလို့ ပြောလိုက်မိပါတယ်ဘုရား။ ဟိုတုန်းကအသိနှင့် လုပ်သင့်တာ လုပ်ခဲ့တာပါပဲ။ အခုဉာဏ်နှင့် သိလာတော့မှပဲ မှားတာနှင့် မှန်တာကို နားလည်လာပါတယ်ဘုရား။_

တပည့်တော် တရားအားထုတ်လာတာနှင့်အမျှ တရားအတွေ့အကြုံအရ ရှေ့ဆက်ပြီးတော့လည်း ကြုံရဦးမယ် ဘဝအကြောင်း

ကိစ္စရပ်များဟာ အမှားတွေ ထပ်ထပ်များ ဖြစ်နေဦးမလားလို့ တွေးထင် မိပါတယ်ဘုရား။ ယခုအသိနှင့် ယခင်လုပ်ရပ်တွေက ရယ်စရာတွေ ဖြစ်နေပါပြီဘုရား။

နောင်သိလာဦးမယ့် အသိနှင့် ယခု လုပ်ရပ်တွေကော ရယ်စရာများ ဖြစ်နေလေဦးမလား မသိပါဘူးဘုရား။ ဒါပေမယ့် ဘုရားတပည့်တော် ယခုညာဏ်နှင့် ဆုံးဖြတ်တတ်လာပါပြီဘုရား။ နေတတ်လာပါပြီဘုရား။

ဆရာတော်ဘုရား ဆုံးမတာကို မြေ့ဝယ်မကျ နာခံလျှက် ရှိနေပါတယ်ဘုရား။ ဆရာတော်ဘုရား ကျန်းမာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါတယ် အရှင်မြတ်ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၉ ခု၊ ဧပြီလ (၂၀)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

ရုပ်ခန္ဓာကို သတ္တဝါတိုင်းက မြတ်နိုးတတ်ကြပါတယ်။ တွယ်တာနှစ်သက်ကြတယ်။ လှပချင်ကြတယ်။ ဒါပေမဲ့ ဒီခန္ဓာရှိလို့ ရောဂါဘယ နှိပ်စက် ခံနေရတာပါလားဆိုတာကို မသိကြဘူး။ ခန္ဓာရှိလို့ကို ရာသီဥတုရဲ့ နှိပ်စက် ခံနေရတာပါလားလို့ မသိကြဘူး။ ဒီခန္ဓာရှိလို့ ပိုးမွှား တိရစ္ဆာန်တွေ ရန်ရှာနေတာပါလား။ ဒီခန္ဓာရှိလို့ ရန်သူတွေက

နှိပ်စက် နေကြပါလားဆိုတာတွေလည်း မသိကြပါဘူး။ သေတော့လည်း ပိုးလောက်တွေရဲ့ အစာဖြစ်မှာပါလား ဆိုတာလည်း သဘောကျတဲ့သူ ရှားပါတယ်။

ဒါယိကာမရဲ့မေးခွန်းကို ဖြေကြားပေးပါမယ်။ အိပ်တာက နှစ်မျိုးရှိပါတယ်။ *ခန္ဓာကိုယ် ညှိုးနွမ်းပင်ပန်းလို့၊ ကိုယ်ကောင်ကြီးကိုအိပ်ပေးရတာကတော့ ထိနမိဒ္ဓအပြီးတိုင် ပယ်သတ်ပြီးတော်မူတဲ့ ဘုရား၊ ရဟန္တာများလည်း ကျိန်းစက်တော်မူကြရပါတယ်။*

ဇဝံ ဥပဒိန္နကာယ ကာယဿ ဒရထောယေဝ ဒရထဝသေန ဘဝင်္ဂသောတစ္စ ဣဓ နိဒ္ဒါတိ အဓိပ္ပေတံ၊ တံ ခီဏာသဝါနမ္ပိ ဟောတိ။[၁]

ထို့အတူ ကိုယ်ခန္ဓာ၌လည်း ပူလောင်ညှိုးနွမ်းမှု ဖြစ်လာရသည်သာ၊ ယင်းညှိုးနွမ်းမှု အရှိန်ကြောင့် ဘဝင်စိတ်အစဉ် ကျရောက်လာရသည်။ ယင်းသို့ ဘဝင်စိတ်အစဉ် ကျရောက်လာသည်ကိုပင် "အိပ်သည်၊ ကျိန်းစက်သည်"ဟု ဆိုရသည်။ ထိုသို့ ဘဝင်ကျရောက် အိပ်ပျော်ခြင်းသည် ရဟန္တာများမှာလည်း ရှိသည်သာ။

နောက်တစ်မျိုးက *ကိလေသာကို အပြီးတိုင် မပယ်ရသေးတဲ့ ပုဂ္ဂိုလ်များမှာတော့ ထိနမိဒ္ဓ ကိလေသာကြောင့် အိပ်စက်တာရှိပါတယ်။*

ကိုယ်ပင်ပန်းတာမှာလည်း လှုပ်ရှားသွားလာ ဆောင်ရွက်မှုကြောင့် ပင်ပန်းတာတော့ သဘာဝပါပဲ။ လောဘ၊ ဒေါသ၊ မောဟ ကိလေသာကြောင့် မပင်ပန်းဖို့ကိုတော့ စောင့်ရှောက်ရပါမယ်။ သို့မဟုတ်ရင် သဘာဝကြောင့် ခန္ဓာကိုယ်နွမ်းပြီး ကိလေသာကြောင့် စိတ်ပါ ပင်ပန်းရင်တော့ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်တော့မယ်။

၁။ (၃၈၈) မဟာသစ္စကသုတ္တ၊ မူလပဏ္ဏာသ-ဌ။

အများစုကတော့ များများကြီး ပိုင်ဆိုင်ချင်တယ်။ ဒါပေမဲ့ များများကြီးရှိရင် များများကြီးနှိပ်စက်တာ ခံရမှာပါလား ဆိုတာကို သူတို့ မေ့လျော့နေကြပါတယ်။

ပုထုဇဉ် သတ္တဝါမှန်သမျှ အာရုံတွေမှာ မူးမူးမေ့မေ့ငြိကပ်တတ်ကြတယ်။ ငြိကပ် စွဲလမ်းနေတုန်းမှာတော့ ပင်ပန်းမှန်းကိုလည်း မသိတတ်ကြပါဘူး။ ဒါပုထုဇဉ်ရဲ့ သဘာဝပါပဲ။

ဒါပေမဲ့ အကြောင်းတစ်ခုခုကြောင့် ခွဲခွာရပြီ ကွေကွင်းရပြီ ဆိုရင်တော့ သေသေချာချာ ပင်ပန်းပါပြီ။ ငိုကြွေးပြီး သောက ပရိဒေဝတွေနှင့် ဝမ်းနည်း ပူဆွေးနေပါတော့တယ်။ ခန္ဓာဝန်ကြီး ကတော့ သဘာဝကိုက လေးလံလှပါတယ်။ မနားတမ်းခိုင်းနေတာ မဆုံးနိုင်ဘူး။ ဒါပေမဲ့ ပင်ပန်းရင်လည်း ပင်ပန်းတယ်လို့ မထင် တတ်ကြဘူး။ သတိသံဝေဂ တစ်စိုးတစ်စိမျှ ဖြစ်မလာတဲ့အပြင် လင်ကျွန်၊ သားကျွန်၊ မယားကျွန်ခံပြီးတော့မှကို သူတို့ရဲ့ခန္ဓာ့ တာဝန်ကိုပါ ပူးတွဲပြီးတော့မှ ထမ်းဆောင်ကြပြန်တယ်။ နှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်း အထပ်ထပ် လေးလံနေပါပြီ။

*လူတွေ ဘာဖြစ်လို့ မမြင်နိုင်ရတာလဲ။ မြင်ဖို့ သိပ်ကောင်းတယ်။ ဒါပေမဲ့ အဝိဇ္ဇာအိပ်မက်ရှည်ကြီး မက်နေတာကိုး၊ ကာမဂုဏ်တို့ဟာ သာယာဖွယ်နည်းပြီး အပြစ်များလှတယ်။ ခံစားသခိုက်လည်းပဲ အိပ်မက်ပမာပါပဲ ဘာမှ အနှစ်အသား မရှိပေဘူး။*

ဘုရားသာသနာတော်တွင်း ကာလမှာ သတိပဋ္ဌာန်တရားနှင့် မဟုတ်ရင် ဒီသဘောတရားတွေကို နားလည်ဖို့ မဖြစ်နိုင်ပါဘူး။ ဝိပဿနာတရား အားထုတ်ပြီး ခုလိုသိလာမှပဲ မိမိပြောခဲ့သမျှ မိမိလုပ်ခဲ့သမျှတွေဟာ ရယ်စရာပဲ ဖြစ်ပါတော့တယ်။ ဘာမှမဟုတ်တာကို အဟုတ်ထင်ခဲ့မိတာကိုး။

*ယခုလုပ်နေတာကို နောင်သိလာမည့် ဉာဏ်နှင့် ကြည့်တဲ့အခါမှာတော့ ရယ်စရာဖြစ်နေမလားလို့ ဆိုတာကတော့ အရင်က ကိုလေသာနှင့် ဆုံးဖြတ်ခဲ့လို့ ရယ်စရာ ဖြစ်သွားတာပါ။ ယခုတော့ ဉာဏ်နှင့် ဆုံးဖြတ်တာဆိုရင်တော့ ရယ်စရာမဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ကိလေသာ ကြားဝင်ခိုပြီး ဆုံးဖြတ်ခဲ့ရင်တော့ မှားဦးမှာပါပဲ။*

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခု၊ ဧပြီလ (၃၀)ရက်။

**ကြည်ညိုလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။**

ဘုရားတပည့်တော်မ ဆရာတော်ဘုရားထံတော်ပါး ခြေတော်ရင်းသို့ ရောက်တဲ့နေ့က မေးလျှောက်ရန် မေ့နေခဲ့တဲ့ မေးခွန်းတစ်ခုကိုလည်း ဤနေ့တွင် မေးလျှောက်ခွင့် ပြုပေးတော်မူပါဘုရား။

နှစ်သစ်ရောက်တော့လည်း ဒီတရားကိုပဲ အားထုတ်လျှက်ပါဘုရား။ ကိလေသာရှုကွက်ကိုပဲ စိတ်ဝင်တစား ရှုပွားပါတယ်ဘုရား။ *ယခုဘဝရဲ့ နောက်ကြောင်းကို ရံခါ တွေးကြည့်မိရင် ရုပ်ရှင်ပိတ်ကားအဖြူကို ကြည့်ရသလိုပါပဲ၊ သောကတွေ နောင်တတွေ နာကြည်းမှုတွေ အာဃာတတွေမရှိဘဲ ပကတိဖြူစင်ပြီး စိတ်ကရှင်းနေပါတယ်ဘုရား။*

သီလပြည့်စုံရင် လိုအင်ဆန္ဒတွေ ပြည့်ဝတယ်လို့ မှတ်သားခဲ့ဖူးပါတယ်ဘုရား။ ယခင်က လိုအင်ဆန္ဒတွေ များလွန်းလို့ သီလတွေ ဖြည့်ကျင့်ခဲ့မိတာကို သတိရပြီး ရှက်မိပါတယ်။ *သို့သော် ယခု သီလကို နှစ်နှစ်သက်သက် ဖြည့်ကျင့်နေပါတယ်ဘုရား။ လိုအင်ဆန္ဒပြည့်ဝဖို့ မဟုတ်တော့ပါလားဆိုတာကို အံ့ဩဖွယ် သတိပြုမိပါတယ်ဘုရား။ ဘာဖြစ်လို့ သီလဖြည့်ကျင့်ရတာလဲဆိုရင် သီလပြည့်စုံချင်လို့ကို ဖြည့်ကျင့်နေတာပါဘုရားလို့ တပည့်တော် လျှောက်ထားပါရစေဘုရား။*

မြတ်စွာဘုရားဟောတော်မူခဲ့တဲ့ တရားတော်ကိုလည်းကောင်း၊ မြတ်စွာဘုရားရဲ့ တပည့်သံဃာတော်များကိုလည်းကောင်း (Bias) ဘက်လိုက်မှုကင်းစွာ၊ ငါ့ဆရာ၊ ငါ့ဘုရား၊ ငါ့ဘာသာဆိုတာ မထားပဲ ဆည်းပူးခဲ့ပါတယ် ချည်းကပ်ခဲ့ပါတယ်ဘုရား။ တပည့်တော်က ပါရမီကောင်းလှပါတယ်၊ အမှန်တရားကို ဆည်းပူး ရရှိမိလျက်သား ဖြစ်သွားပါတယ်ဘုရား။

ကံကောင်းလှပါပြီ အောင်မြင်လှပါပြီဘုရား၊ လူသားများစွာကတော့ ဘဝရဲ့အောင်မြင်မှုကို ကိလေသာ ကာမဂုဏ်ခံစားနိုင်တာနှင့် တိုင်းတာလျှက် ရှိနေကြပါတယ်။ *တပည့်တော်နှင့် သူတို့ ပေတံခြင်း၊ အမြင်ခြင်း၊ ရှုထောင့်ခြင်း မတူတော့ပါဘူးဘုရား။* သူတို့က ဘူတာဟောင်းမှာပဲ ကျန်ရစ်ခဲ့ပြီလို့ပဲ မြင်မိပါတယ်ဘုရား။

ရဟန်းအသုံးအဆောင်တွေက လူနှင့် မတူရဘူး၊ ပုဏ္ဏားနှင့် မတူရဘူး၊ သူဌေးနှင့် မတူရဘူး၊ ရှင်ဘုရင်နှင့် မတူရဘူးလို့ စာထဲမှာ ဖတ်ထားဖူးပါတယ်။ ဝိပဿနာဉာဏ် ရင့်သန်လာတဲ့ ယောဂီရဲ့နေထိုင်ပြုမူ သုံးဆောင် ခံစားမှုတွေကလည်း လောဘ၊ ဒေါသ၊ မောဟ၊

မာနကိလေသာ အားကြီးတဲ့သူတွေနှင့်တော့ မတူတော့ပါဘူးလို့ လျှောက်ထားအပ်ပါတယ်ဘုရား။ သူတို့နှင့် တွေးခေါ်ပြောဆို လုပ်ကိုင်မှုတွေက မတူတော့ပါဘူးဘုရား။

ရဟန်းတော်တွေကို ဥပဒေနှင့် မြတ်စွာဘုရားက မတူစေတာကလည်း ဝိပဿနာ အရိယာပညာဉာဏ်နှင့် လိုက်လျော ညီစေဖို့ ဖြစ်မယ်ထင်ပါတယ်။

ဒါကြောင့် သီလက သီလသက်သက် ဖြည့်ကျင့်ဖို့ မဟုတ်ဘဲ သမာဓိ ပညာအတွက် အထောက်ပံ့ကောင်း ဖြစ်စေနိုင်တယ်လို့ ယုံကြည်ပါတယ်ဘုရား။ ရိုသေစွာ လျှောက်ထားအပ်ပါတယ်ဘုရား။

မြတ်စွာဘုရားရှင် လက်ထက်မှာ ဧကတဂ်ဘွဲ့ရ ရဟန္တာ ထေရီများ ဘယ်နှစ်ပါး ရှိပါသလဲဘုရား။ လူဝတ်ကြောင်နှင့် ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်က အဲဒီနေ့မှာပဲ ရဟန်းမပြုနိုင်ရင် ပရိနိဗ္ဗာန်စံရတယ်ဆိုတာ မှန်ပါသလားဘုရား။ ဘုရားတပည့်တော်၏ မေးခွန်း လျှောက်ထားမိခြင်းကြောင့် ဆရာတော်ဘုရား ပင်ပန်းမှုကိုတော့ မလိုလားပါဘုရား။

ဆရာတော်ဘုရား ကျန်းမာစွာနှင့် သီလ သမာဓိ ပညာ သာသနာ(၃)ရပ် သာသနာပြုနိုင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သပါတယ် အရှင်မြတ်ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၉ ခု၊ မေလ (၁၂)ရက်

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်သည်။**

ဓမ္မတရားတော်များကို မိမိကိုယ်တိုင် ထိုးထွင်း၍ သိဖို့ နေနေသာသာ၊ မြတ်ဗုဒ္ဓဘုရားရှင် ထိုးထွင်းသိတော်မူပြီး ဟောကြား တော်မူသော တရားတော်များကို နားလည်ဖို့တောင်မှ ခက်ခဲလှပါ တယ်။ သဘောပေါက် လက်ခံဖို့ဆိုတာ သာ၍ ခက်ခဲလှပါတယ်။

ရဟန်းတစ်ပါးရဲ့ ဘဝဟာ ချမ်းသာပေစွ၊ မကောင်းမှုကို ဆိတ်ကွယ်ရာမှာတောင် မပြုရပါတကား၊ မပြုဖြစ်ပါတကား။ မြတ်စွာ ဘုရားပညတ်တော်မူထားတဲ့ ဝိနည်းတော်တွေနှင့်လည်းကောင်း၊ ကမ္မဋ္ဌာန်းတွေနှင့်လည်းကောင်း ဆုံးမထားတာဆိုတော့ စိတ်က အတော်အတန်ကို ယဉ်ကျေးနေပါပြီ၊ ဒါ့ကြောင့် ရဟန်းတော်များအဖို့ ဆိတ်ကွယ်ရာမှာတောင် အကုသိုလ် မပြုဖြစ်တော့ပါဘူး။

ကိလေသာတိုက်ပွဲမှာ ရဟန်းဘဝက တပန်းသာပါတယ်။ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ နှင့် ပစ္စယသန္နိဿိတသီလရယ်အပြင် ထပ်မံပြီး၊ ဓုတင်အကျင့်တွေက ဗျူဟာမြောက် နည်းပရိယာယ် လက်နက်ကောင်းတွေပါပဲ။ လွတ်လပ် တဲ့ ရဟန်းဘဝနှင့် မိခင်တစ်ဦးရဲ့ မေတ္တာကိုဖော်ပြတဲ့ ကဗျာတစ်ပုဒ် ရှိပါတယ်။

သားနဖူးဆံစကိုကိုင်ပြီး သားကို အသက်ရာကျော် ရှည်စေ ချင်သောအမေ၊ သားကို ပညာတတ်စေချင်သော အမေ၊ ပန်ကာ အောက် လေအေးပေးစက်တပ်ထားတဲ့ အခန်းထဲမှာ ထိုင်တာကို မြင် ချင်တဲ့ အမေ၊ ငွေကြေးနေ ဥစ္စာရာထူးတွေနှင့် ပြည့်စုံ ကုံလုံစေဖို့ ဆုတောင်းပေးခဲ့တဲ့ အိုအမေ၊ သားပညာလည်းတတ်ပြီ၊ ဘဝသက် တမ်းလည်း ထက်ဝက်ကျော်ပါပြီ၊ ငွေကြေးရာထူးလည်း ရှိပါပြီ၊

ပန်ကာအောက်လည်း ထိုင်နေပါပြီ၊ ဒါပေမယ့် စိတ်ဆင်းရဲမှု အပူသောကကြောင့် ပန်ကာလေလည်း မအေးတော့ပါအမေ။ အိပ်မရတဲ့ည၊ စားမဝင်တဲ့ ညတွေလည်း များလှပါပြီ အမေ။ သားရဲ့ အသက်ရာကျော်ဖို့ကိုသာ ဆုတောင်းပေးခဲ့ပြီတော့ သားစိတ် ချမ်းသာပါစေလို့ ဆုတောင်းပေးဖို့ မေ့ကျန်ခဲ့လေရော့သလား အမေ။

အခုတော့ ရာထူးလည်းမရှိတော့ဘူး၊ ပန်ကာလည်း မရှိတော့ ဘူး၊ လေအေးပေးစက်လည်း မရှိတော့ဘူး၊ ငွေကြေးဥစ္စာဓန ရွှေငွေ ပတ္တမြားတွေလည်း မရှိတော့ဘူး။ ဘွဲ့ထူးဂုဏ်ထူးဆောင် လက်မှတ် လည်း မရှိတော့ပါဘူး။ သူများပေးကမ်း လှူဒါန်းထားတဲ့ နီညိုရောင် တစ်ခုတည်းသော ဝတ်စုံကို ဝတ်ဆင်ပြီး သူတစ်ပါးအိမ်ရှေ့မှာ သပိတ် ကို လက်ဆွဲကာအလှူခံပြီး (တောင်းရမ်းပြီး)နေမှ စိတ်ထဲ အကျေ အနပ်ကြီး ကျေနပ်မှုကို ရပါပြီအမေ။ သားရဲ့ဘဝကို အခုမှ တကယ် ကျေနပ်ပါတယ်အမေ။ သားကို ဆင်းရဲဇာတာ ပါတယ်လို့များ ပြောလေရော့မလား။ ဒီကဗျာစာစုလေးကတော့ တောနေရဟန်း တစ်ပါး ရေးဖွဲ့ထားတယ်လို့ ယူဆပါတယ်။ ကဗျာရေးသူအမည် စသည်ကတော့ မထင်ရှားဘူး။

<u>ဇေတဒဂ်ဘွဲ့ရ ရဟန္တာထေရီများ</u>[၁]

၁။ အသျှင်မ မဟာပဇာပတိဂေါတမီ ဝါရင့်ခြင်း ရတ္တညူအရာ။

၂။ အသျှင်မ ခေမာ ဉာဏ်ပညာကြီးခြင်း။

၃။ အသျှင်မ ဥပ္ပလဝဏ္ဏာ တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်း။

၄။ အသျှင်မ ပဋာစာရီ ဝိနည်းဆောင်ခြင်း။

၅။ အသျှင်မ ဓမ္မဒိန္နာ ဓမ္မကထိကအရာ။

---

၁။ အပါဒါနပါဠိ။

| | |
|---|---|
| ၆။ အသျှင်မ နန္ဒာ | စျာန်ဝင်စားခြင်း။ |
| ၇။ အသျှင်မ သောဏာ | လုံ့လဝီရိယကြီးခြင်း။ |
| ၈။ အသျှင်မ သကုလာ | ဒိဗ္ဗစက္ခုအဘိညာဉ်ရခြင်း။ |
| ၉။ အသျှင်မ ဘဒ္ဒါကုဏ္ဍလကေသာ | လျှင်မြန်စွာ ထိုးထွင်းသိခြင်း။ |
| ၁၀။ အသျှင်မ ဘဒ္ဒါကာပိလာနီ | ပုဗ္ဗေနိဝါသအဘိညာဉ်။ |
| ၁၁။ အသျှင်မ ဘဒ္ဒါကစ္စနာ | အားကြီးသော အဘိညာဉ်။ |
| ၁၂။ အသျှင်မ ကိသာဂေါတမီ | ခေါင်းပါးသော သင်္ကန်းကို ဆောင်ခြင်း။ |
| ၁၃။ အသျှင်မ သိင်္ဂါလကမာတာ | သဒ္ဓါတရား လွန်ကဲခြင်း။ |

ဆရာတော် ကိုယ်စိတ်နှစ်ပါး ကျန်းမာပါစေ
ရက်စွဲ-၁၉၈၉ ခု၊ မေလ (၂၃)ရက်

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်သည်။**

*လူကသာ တစ်ဘဝပြီးတစ်ဘဝ သေသေနေကြတာ၊ ကိလေသာက သေမှမသေတာ။ သူကပျော်ပျော်ပဲ။* ဒါကြောင့် ကံကောင်းထောက်မပြီး သာသနာနှင့် ကြုံလာတဲ့ အခါသမယမှာတော့ *လူက အသက်တမ်း ကုန်လို့ဖြစ်စေ အကြောင်းကြောင်းကြောင့် သေရင် သေမယ်။ ကိလေသာသတ်တဲ့ အလုပ်ကိုတော့ မရပ်ရပါဘူး။ ဒီဘဝမှာ လိုရင်းမရောက်ရင် ရှေ့ဘဝမှာ ဆက်ပြီး ကိလေသာသတ်တဲ့အလုပ် ဆက်လုပ်ရပါမယ်။ ဒီလုပ်ငန်း မျက်ခြည်ပြတ်ပြီးတော့သေရင်တော့ များစွာ ဆုံးရှုံးနစ်နာပါမယ်။*

*လိုချင် လိုချင် လိုချင်နှင့် လောဘမီးလောင်ပြီးသေရင် ပြိတ္တာဖြစ်တယ်။ မလိုချင် မလိုချင် မလိုချင်နှင့် ဒေါသမီးလောင်ပြီး သေရင် ငရဲကျတယ်။ ဘာမှန်းမသိ၊ ညာမှန်းမသိ ယောင်တိယောင် တောင်နှင့် မောဟမီးလောင်ပြီးသေရင် တိရစ္ဆာန်ဖြစ်တယ်။*[၁]

ဒါကြောင့် စတ္တာရော အပါယာ သကဂေဟာသဒိသာ။[၂] အပါယ်လေးဘုံသည် မိမိအိမ်နှင့် တူကုန်၏လို့ သိတော်မူတဲ့ မြတ်စွာ ဘုရားက ဟောကြားတော်မူပါသည်။

ပုထုဇဉ်ကတော့ ကတိမမြဲဘူး။ ဒါကြောင့် ဘဝဟာ စိတ်မချ ရဘူး။ ပမာပြရရင် ထန်းပင်အုန်းပင်ပေါ်က ကြွေကျတဲ့ ထန်းသီး၊ အုန်းသီးလိုပါပဲ။ ကျချင်တဲ့နေရာကျပြီး ရောက်ချင်တဲ့နေရာ ရောက် တော့တယ်။ အမှတ်အသား အသေအချာ မရှိပါဘူး။

အရိယာပုဂ္ဂိုလ်ကတော့ ကတိမြဲတယ်။ ပမာပြရရင် အုန်းပင်၊ ထန်းပင်ပေါ်ကို နားနေတဲ့ ငှက်များလိုပဲ။ ထန်းပင်၊ အုန်းပင်ပေါ်က ငှက်များဟာ ပျံသန်းလိုရာကို ပျံသန်းလို့ရပါတယ်။ အရိယာများ လည်းပဲ မိမိလိုရာဌာနကို ရောက်ရှိနိုင်တယ်။

အကယ်၍ ဘုံဌာနကို စိတ်ညွတ်ထားမှု မရှိလျှင်တောင်မှ သုဂတိဘုံကိုသာလျှင် ရောက်ကြရပါတယ်။[၃]

*ပုထုဇဉ်က ရုပ်ကိုယ်ကောင်ကြီးကိုလည်း ငါလုပ်တတ်ကြ တယ်။ ဝိပဿနာတရားအားထုတ်လာတဲ့ နောက်ပိုင်းမှာတော့ စိတ် ကိုပဲငါလုပ်တယ်၊ ထိုက်သည့်အားလျော်စွာ အသိကလေးတွေ ရှင်း လာတဲ့အခါမှာတော့ လောဘနှင့်တကွ ဖြစ်တဲ့စိတ်တွေ၊ ဒေါသနှင့်*

၁။ (၁၇၂) အဘိ-ဌ-၁ ၂။ စက္ခုပါလတ္ထေရဝတ္ထု၊ ဓမ္မပဒ-ဌ (၁)
၃။ လယ်တီဒီပနီပေါင်းချုပ်

*တဏှာ ဖြစ်တဲ့စိတ်တွေ၊ မောဟနှင့်တကွ ဖြစ်တဲ့စိတ်တွေ သိလာပြန်တော့ ကိလေသာကို ငါလုပ်လာပြန်တယ်။ နောက်ပိုင်းမှာတော့ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာဉာဏ်တွေကို ငါလုပ်ပြန်တယ်။ နောက်ပိုင်း အသိတွေ ပြည့်စုံလာတဲ့အခါမှာတော့ ငါလို့တော့ ပြောလိမ့်မယ်၊ ဒါပေမယ့် ပညတ်တင် ဝေါဟာရမျှပဲ ပြောတော့တယ်။ စိတ်ရော၊ ရုပ်ရောကိုမှ ငါစွဲတာ မဟုတ်တော့ပါဘူး။*

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။

သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။[၁]

ကံကိုပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ မရှိပါဘူး။ ကံရဲ့အကျိုးကို ခံစားတတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါလည်း မရှိပါဘူး။ *ပုဂ္ဂိုလ်သတ္တဝါနှင့် မရောယှက်တဲ့ အကြောင်းနှင့် အကျိုးတရားသာ အဆက်မပြတ် ဖြစ်နေတဲ့ သဘောမျှပဲရှိတယ်။*

ဒါနပြုသူ မရှိဘူး။ ဒါနကုသိုလ်သဘောပဲ ရှိပါတယ်။ ဒေါသထွက်သူ မရှိဘူး။ ဒေါသကိလေသာပဲ ရှိတယ်။ လောဘကြီးတဲ့ ပုဂ္ဂိုလ်သတ္တဝါကတော့ မရှိဘူး။ လောဘကိလေသာပဲ ရှိပါတယ်။

ဒီသဘောကိုသိတဲ့ ဉာဏ်အမြင်က မဖောက်မပြန်တဲ့ဉာဏ်၊ ဟုတ်မှန်တဲ့အတိုင်း သိတဲ့ဉာဏ် ဖြစ်ပါတယ်။ ဒါကြောင့် ပုထုဇဉ်ဟာ အဆင်မပြေမှုကြုံတာကို ပညတ်တင်ပြီးတော့မှ လူပုဂ္ဂိုလ် သတ္တဝါတွေကို အပြစ်တင်တတ်တယ်။ သတ္တုချတတ်တယ်၊ စွပ်စွဲတတ်တယ်။

အရိယာကတော့ ဘဝရဲ့ အဆင်မပြေမှု အဖုံဖုံကို ခန္ဓာကို ရစေခဲ့တဲ့၊ ခန္ဓာကို ဖန်ဆင်းပေးခဲ့တဲ့ ဝဋ်ကိုပဲ အပြစ်လို့ မြင်တော်မူတယ်။ သံသရာကို ဘေးလို့ မြင်တော်မူကြပါတယ်။

---

၁။ (၆၈၉) ပစ္စယပရိဂ္ဂပါကထာ၊ ဝိသုဒ္ဓိမဂ္ဂ-၅။

မြတ်စွာဘုရားရှင် လက်ထက်တော်ကာလ သာဝတ္ထိမြို့က ရွံ့ထွင်းသမားအိမ်ကို ရဟန္တာမထေရ်မြတ်ကြီးတစ်ပါး ဆွမ်းခံကြွတော်မူခဲ့တာ နှစ်များစွာကြာခဲ့ပြီး ဖခင်အရင်းပမာ ချစ်ခင် ကြည်ညိုကြပါတယ်။

တစ်နေ့သောအခါမှာတော့ မထေရ်မြတ်ကြီး ဆွမ်းခံအိမ်ကို ရောက်တဲ့အခါမှာပဲ ဘုရင့်နန်းတော်ကနေ ပတ္တမြားတစ်လုံး အပ်နှံလာပါတယ်။ ရွံ့ထွင်းသမားကလည်း ဟင်းချက်ဖို့ အမဲသားကို ကိုင်တွယ်နေတာနှင့် ပတ္တမြားကို သွေးစွန်းတဲ့လက်နှင့်ပဲ ကိုင်တွယ် ကြည့်ရှုပြီးတော့ မထေရ်မြတ်ကြီး အနားမှာရှိတဲ့ ခုံပေါ်မှာ တင်ထားပြီး ဟင်းချက်စရာ ကိစ္စကို ဆက်လက် ဆောင်ရွက်နေဆဲမှာပဲ သူ့အိမ်မှာ မွေးထားတဲ့ ကြိုးကြာတစ်ကောင်က သွေးအညှီနံ့ရပြီး နီရဲရဲမြင်တော့ အသားတုံး ထင်မှတ်ပြီး မျိုချလိုက်တာကို ရဟန္တာမထေရ်မြတ်ကြီးက အစအဆုံး မြင်တော်မူပါတယ်။

ပန်းတိမ်သည် အိမ်ရှေ့ကို ထွက်လာတဲ့အခါမှာတော့ ပတ္တမြားက မရှိတော့ပါဘူး။ ပတ္တမြားပျောက်လို့ သူက မထေရ်မြတ်ကြီးကို စွပ်စွဲပါတယ်။ ဒါကြောင့် ‘ကျုပ်ပတ္တမြားပေးပါလို့” တောင်းတယ်။ မထေရ်မြတ်ကြီးက ‘ငါမယူဘူးလို့’ အမိန့်ရှိတော်မူပါတယ်။ ပန်းတိမ်သည်က ပတ္တမြားအာရုံကြောင့် မှန်ထူပြီးတော့ မထေရ်မြတ်ကြီးကို ကြိုးတုတ်ပြီး ရိုက်နှက်တော့ အာခေါင်ပါးစပ်တွေကနေ သွေးတွေ ယိုစီးကျလာပါတယ်။ အဲဒီအချိန်မှာ ကြိုးကြာငှက်ကလာပြီး သွေးကို သောက်တဲ့အခါမှာ ပန်းတိမ်သည်က စိတ်ဆိုးပြီး ကြိုးကြာငှက်ကို ကန်လိုက်တာ နံရံထောင့်မှာ ရိုက်မိပြီး သေသွားပါတယ်။ မထေရ်မြတ်ကြီးက မေးတော်မူတယ်။ “ဒီကြိုးကြာ သေသွားပြီလား”၊

"ကိုယ်တော် အဲဒီကြိုးကြာသေသလို ကိုယ်တော့်ကိုလည်းသတ်မှာ ပေး ကျုပ်ပတ္တမြား"လို့ ပန်းတိမ်သည်က ပြောတော့မှ ခေတ္တ စောင့် ဆိုင်းငံ့ပြီး "အဲဒီကြိုးကြာ သေတာမှန်ရင် အဲဒီပတ္တမြားဟာ ကြိုးကြာ မျိုထားတယ်"လို့ အမိန့်ရှိလိုက်တယ်။ ရဟန္တာမထေရ်မြတ်ကြီးက အစောကမိန့်ကြားလိုက်ရင် ကြိုးကြာဟာ မထေရ်မြတ်ကြီးရဲ့ ဝစီ ပယောဂကြောင့် သေမှာကို လိုလားတော်မမူပါဘူး။

ဒါကြောင့် အဲဒီအချိန်မှာ ပန်းတိမ်သည်ဟာ ချက်ချင်းပဲ ကြိုးကြာရဲ့ ဝမ်းဗိုက်ကို ခွဲလိုက်တဲ့ အခါမှာတော့ ပတ္တမြားကို တွေ့ ပါတယ်။ အားလုံးလက်လွန်သွားပါပြီ။ ဘာမျှ မတတ်နိုင်တော့ ပါဘူး။ ရွှေထွင်းသမား ပန်းတိမ်သည်က ရဟန္တာမထေရ်မြတ်ကြီးကို ငိုယိုပြီးတော့မှ သူ့အပြစ်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။

မထေရ်မြတ်ကြီးက အပြစ်တွေခွင့်လွှတ်ကြောင်း *ဒါယကာကြီး မှာ အပြစ်မရှိကြောင်း၊ ဘဝသံသရာကပါလာတဲ့ ဝဋ်သာလျှင် အပြစ် ဖြစ်ကြောင်း၊ ပြုခဲ့တဲ့ကံသာလျှင် အပြစ်ဖြစ်ကြောင်း မိန့်တော် မူပါတယ်။*

"ဂဗ္ဘမေကေ ဥပ္ပဇ္ဇန္တိ၊ နိရယံ ပါပကမ္မိနော။
သဂ္ဂံ သုဂတိနော ယန္တိ၊ ပရိနိဗ္ဗန္တိ အနာသဝါ"[၁]

အချို့သော သူတို့သည် (ဤလူ့ပြည်၌) အမိဝမ်းဝယ် ပဋိ သန္ဓေ နေကြကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲ၌ ဖြစ်ကြကုန်၏။ ကောင်းမှုပြုသူတို့သည် နတ်ပြည်သို့ ရောက်ကြကုန်၏။ ရဟန္တာ အရှင်မြတ်တို့သည် (ပဋိသန္ဓေမရှိ) ပရိနိဗ္ဗာန် ဝင်စံကြကုန်၏။

---

၁။ (၁၂၆) မဏိကာရကုလူပကတိဿတ္ထေရဝတ္ထု၊ ဓမ္မပဒပါဠိ။

ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ၊ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ။ ပ ။ "ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီ ယံ၊ နာပရံ ဣတ္ထတ္တာယာ"တိ ပဇာနာတိ။[၁]

ရဟန်းတို့ ရုပ်သည် အတ္တမဟုတ်၊ ဝေဒနာသည် အတ္တမဟုတ်၊ သညာသည် အတ္တမဟုတ်၊ သင်္ခါရတို့သည် အတ္တမဟုတ်ကုန်၊ ဝိညာဏ်သည် အတ္တမဟုတ်။ ရဟန်းတို့ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏။ ဝေဒနာ၌လည်း ငြီးငွေ့၏။ သညာ၌လည်း ငြီးငွေ့၏။ သင်္ခါရတို့၌လည်း ငြီးငွေ့၏။ ဝိညာဏ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်မှုကင်း၏။ တပ်မက်မှုကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်၏။ (ကိလေသာ) မှ လွတ်သော် (ကိလေသာ)မှ လွတ်ပြီဟု အသိဉာဏ်ဖြစ်၏။ ပဋိသန္ဓေနေမှုကုန်ပြီး အကျင့်မြတ်ကို ကျင့်ပြီးပြီ။ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ။ ဤ(မဂ်ကိစ္စ)အလို့ငှာ တစ်ပါးသောပြုဖွယ် မရှိတော့ပြီဟု သိ၏။

*သင်္ခါရတရားတို့၌ အတ္တ သုခ နိစ္စ စွဲလမ်းမှု လုံးဝကင်းလျှင် သင်္ခါရငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြု ဆိုက်ရောက်၏။ ထိုသို့သော ပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန် မပြုရသေးမီ၌လည်း ထိုသင်္ခါရတရားတို့၌ စိုးရိမ်ကြောင့်ကြခြင်း စိတ်ဆင်းရဲခြင်း မရှိတော့ပြီ။ ဆက်လက်ပြီး သိစေလိုတာကတော့ ခန္ဓာပရိနိဗ္ဗာန် မစံဝင်သေးခင်လည်း ထိုသင်္ခါရတို့မှ လွတ်မြောက်၏။ ပရိနိဗ္ဗာန် စံဝင်သောအခါ၌ ထိုသင်္ခါရတို့မှ လွတ်မြောက်သည်မှာကား ဆိုဖွယ်ရာမရှိပေ။ ထို့ကြောင့် သင်္ခါရလွတ်ဖို့ရန်က အခြားတစ်ပါး လုပ်ရန်မလိုပေ။*

---

၁။ (၁၄) အနတ္တသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။

*<u>သင်္ခါရတရားတို့ကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ(၃)ပါးကို နိုင်နင်းအောင် သိမြင်လျှင်၊ လစ်လျူရှုနိုင်အောင် အမြဲမပြတ် ရှုမြင်ဖို့သာ လိုပေသည်။</u>*

လူအသွင်အပြင်နှင့် ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ ရဟန်းအသွင် မပြောင်းရင် ပရိနိဗ္ဗာန်ပြုပါတယ်။ ဘာကြောင့်လဲဆိုရင် လူ့အသွင် အပြင်ဟာ အားနည်းတယ်။ ပမာပြရရင် သတ္တဝါတို့ရဲ့ အသက်ရဲ့ မှီခိုရာဖြစ်တဲ့ အစာအာဟာရတွေဟာ အပြစ်မဟုတ်ပေဘူး။ ဝမ်းမီး အားနည်းတာကြောင့်သာ ဖြစ်တယ်။ ထိုနည်းတူပဲ ဒီမှာလည်းပဲ အရဟတ္တဖိုလ်ရဲ့ အပြစ်မဟုတ်ဘူး။ လူ့အသွင်ပြင်ရဲ့ အပြစ်သာ ဖြစ်တယ်။[၁]

မေတ္တာကရုဏာဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခု၊ ဇွန်လ (၅)ရက်

**ဘုရားတပည့်တော်မ ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။**

တိုးတက်နေတဲ့ ကမ္ဘာကြီးမှာ အမျိုးမျိုးသော လူထုဆက် သွယ်ရေး (Media) များကနေပြီးတော့မှ သတင်းတွေ ထုတ်လွှင့် နေကြပါတယ်။ တစ်ကမ္ဘာလုံးမှာ ဖြစ်ပျက်နေတဲ့ အကြောင်းတွေကို နာရီ စက္ကန့်၊ မိနစ်မလပ် ထုတ်လွှင့် ပေးကြပါတယ်ဘုရား။

မီးတောင် ပေါက်ကွဲလို့ လူတွေတစ်မြို့လုံး ချော်ရည်ပူ တွေအောက် ရောက်သွားတဲ့ ရုပ်ပုံတွေ၊ သတင်းစာတွေ၊ ရုပ်မြင်

---
၁။ နိပ္ပပဥ္စဝဂ္ဂ၊ မိလိန္ဒပဉှပါဠိ။

သံကြား သတင်းတွေ၊ လူရမ်းကားတွေ ဗုံးခွဲလို့ ဘတ်စ်ကား တစ်စီးလုံးမှာပါတဲ့ ခရီးသည်တွေ သေကြေ ပျက်ဆီး ဒဏ်ရာ ရတဲ့ပုံတွေ၊ ရေကြီးလို့ လူတွေ ရေဘေးဒုက္ခ ကြုံတာတွေ၊ လူတွေ ရာပေါင်းထောင်ပေါင်းများစွာ အိုးအိမ်မဲ့ပြီး သေတဲ့သတင်းပုံတွေ၊ လေမုန်တိုင်းကြောင့် ပျက်စီးတဲ့ပုံတွေ၊ စစ်တွေဖြစ်လို့ လူတွေ သေကြေ ပျက်စီးတဲ့ပုံတွေ၊ နှိပ်စက် ညှင်းပန်းခံရတဲ့ပုံတွေ ဖြစ်ပါ တယ်ဘုရား။ ခုလိုသတင်းတွေကြောင့် တပည့်တော်မရဲ့ စိတ် အလွန် ရှုပ်ထွေး နောက်ကျိစေတတ်တာကို ခုမှ သေသေချာချာ သိလာပါတယ်ဘုရား။

တပည့်တော် ထိုက်သင့်သလောက်တော့ နားလည်လာပါ တယ်။ အဲဒါတွေကို ကြည့်ခြင်းကြောင့် *တပည့်တော်ရဲ့ စိတ် ငြိမ်းချမ်းမှုကို ဘယ်လိုမှ မတိုးတက်စေနိုင်ခဲ့ပါဘူး။ တပည့်တော် စိတ်ကို မငြိမ်းချမ်းအောင် ပူလောင်ပင်ပန်းအောင်ပဲ ဖြစ်ပေါ်စေခဲ့ ပါတယ်ဘုရား။*

ဆက်လက်ပြီး ရိုသေစွာ လျှောက်ထားပါမည်ဘုရား။ ပြီးခဲ့တဲ့ တစ်ပတ်လွန်ခန့်က နိဗ္ဗာန်နှင့် ပတ်သက်ပြီး ဆန်းပြားစွာ ရေးသား ထားတဲ့ စာပေတစ်ခုကို ဖတ်ရှုခွင့် ရခဲ့ပါတယ်ဘုရား။ အလွန့် အလွန် နက်နဲလွန်းလှပါတယ်။ အဲဒါကို ကြုံဆ ဆင်ခြင်ရင်း အခေါက် ခေါက် အခါခါ ပြန်ဖတ်ရင်း နေလိုက်တာ ရက်သတ္တ(၁)ပတ်ခန့် ကြာသွားခဲ့ပါတယ်။ စိတ်တွေ နောက်ကျို ပူလောင်လာတယ်။ စိတ် မငြိမ်းချမ်းတော့ဘူးဘုရား။ အဲဒီမှာ ဝိပဿနာဉာဏ်ရော သံဝေဂ ဉာဏ်တွေပါ နည်းနည်းမှကို ဖြစ်မလာတော့ပါဘူး။ သည်တော့မှ

ဘုရားတပည့်တော် ဆင်ခြင်မိတယ်။ ဓမ္မဝိတက်တောင်မှ လိုတာထက် ပိုရင် မသင့်တော်ပါလားလို့ သတိပြုမိပါတယ်ဘုရား။

ဘုရားတပည့်တော်မ ဆက်လက်ကျှောက်ထားပါရစေဘုရား။ အသိဉာဏ်ပွင့်ထွန်းမှုကို အထူးစိတ်ဝင်တစား ရှိနေပါတယ်ဘုရား။ ရံခါ တရားထိုင်နေစဉ်မှာ ဉာဏ်မပွင့်ဘဲ ဖြစ်နေတယ်၊ စင်္ကြံလျှောက်ရာမှာလဲ မပွင့်ဘဲဖြစ်နေရာကနေ ပြုန်းကနဲ ဣရိယာပုထ်တစ်ခုကနေ နောက်တစ်ခုအပြောင်းအလဲမှာ ဉာဏ်ပွင့်ပွင့်နေတာကို သတိပြုမိလာပါတယ်ဘုရား။ အခွင့်အခါသင့်ရင် ဝေယျာဝစ္စများ ဆောင်ရွက်ရင်းလည်းပဲ ဉာဏ်တွေ ပွင့်ပွင့်နေတတ်တာ၊ ရံခါ ရေချိုးခန်းထဲမှာလည်း ဘွားကနဲ နက်နဲတဲ့တရားကို ထိုးထွင်းသိလာတာကိုလည်း သတိပြုမိ လာပါတယ်။

အခုမှပဲ နေရာမရွေး၊ ဣရိယာပုထ်မရွေး၊ အချိန်မရွေး အားထုတ်တာရဲ့ အကျိုးကျေးဇူးတရားကို သိလာပါတော့တယ်ဘုရား။ ဆရာတော်ဘုရား ခြေတော်ရင်းသို့ ရှိခိုး ကန်တော့ပါတယ်ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၉ ခု၊ ဇွန်လ (၂၈)ရက်

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

သိစရာတွေ များလွန်းတဲ့ ကမ္ဘာမှာ သိမှုဖြစ်မယ်ဆိုပြီးတော့ သိကိုသိချင်နေကြတယ်။ နိုင်ငံရေးရာ၊ စီးပွားရေးရာ၊ သိပ္ပံရေးရာ၊ လူမှုရေးရာ၊ လောကရေးရာ စသည့် စသည့်ရေးရာ ကိစ္စတွေက များလွန်းလှပါတယ်။ ဒါပေမယ့် အဲဒါတွေဟာ ပုထုဇဉ် နှလုံးသားမှာ လောဘ၊ ဒေါသ၊ သောကတွေ ဖြစ်စရာ အာရုံတွေပါပဲ။

ကိလေသာငြိမ်းအေးစရာတွေကိုပဲ ဆည်းပူးလာတာကြာရင် ကိလေသာဖြစ်စရာ၊ ကိလေသာပွားစရာတွေကို သိလိုစိတ် တဖြည်းဖြည်း နည်းပါးလာပါတော့တယ်။

အဆုံးမရှိနိုင်တဲ့ သဘောတရားတွေ ပါကလားလို့ လူသားထုကြီးက မသိလို့ စူးစမ်းနေကြ၊ ပွားများနေကြ၊ လေ့လာနေကြတာပါ။ သတ္တဝါတွေဟာ အသိဉာဏ် အလင်းရမှ ချမ်းသာမယ်၊ ဒါမှမဟုတ်ရင်တော့ ဒီဘဝသေပြီး ရှေ့ဘဝဆက်တိုင်း ဆင်းရဲမြဲဆင်းရဲနေကြပါလိမ့်မယ်။

ဒါကြောင့် *<u>သတ္တဝါတွေကို ချမ်းသာပါစေ၊ ဆင်းရဲလွတ်မြောက်ပါစေ၊ အသိဉာဏ် ပွင့်ထွန်းပါစေလို့ မေတ္တာကရုဏာပွားရပါမယ်။</u>* သူတို့ဆောင်ရွက်နေတဲ့ အကြောင်းတရားတွေရဲ့ အကျိုးက ဆင်းရဲကိုပဲ ရမှာပါ။ ဒါက အကြောင်းအကျိုး သဘောမျှပါပဲ။ အဲဒီ သတ္တဝါတွေကို ဘာဖြစ်လို့ စိတ်ဆိုးရမလဲ၊ သူတို့ဘာမှမျှ မသိကြရှာတာပဲ။

ကမ္ဘာ့လူသားတွေက လူမျိုး၊ ဘာသာ၊ စကား၊ ဇာတိ၊ ဌာနတွေက များပြား ကွာခြားသော်လည်း တူညီမှုတော့ရှိပါတယ်။ ဒါကတော့ သားစဉ်မြေးဆက် သို့မဟုတ် နည်းပညာတွေ၊ ဝတ္ထု

ပစ္စည်းတွေ ယဉ်ကျေးမှုတွေ၊ ထုံးတမ်းစဉ်လာတွေ အမွေပေးခဲ့ကြခြင်းပါပဲ။

*အဲဒီ အမွေတိုင်း အမွေတိုင်းဟာ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာ ပွားစီးရေး၊ ကိလေသာ ကြီးပွားရေးကို ဖြစ်စေတဲ့ နည်းလမ်းများ၊ ပစ္စည်းပစ္စယများသာလျှင် ဖြစ်နေတယ်ဆိုတာကို သတိပြုရပါမယ်။ ကိလေသာ လျော့စေတဲ့၊ ပါးစေတဲ့ အမွေတွေ သားသမီးတွေကို လက်ဆင့်ကမ်း ပေးနိုင်ကြတဲ့ မိဘများ ဒီကမ္ဘာမှာ အလွန့်အလွန်ကြီးကို ရှားပါးပါတယ်။*

စားစရာ မပြည့်စုံတာကို ဒုက္ခလို့ လူကသိနိုင်ပါတယ်။ သိကြပါတယ်။ ဒါပေမယ့် စားစရာပြည့်စုံလာရင် ဒုက္ခမရှိတော့ဘူး။ ဝတ်စရာမရှိရင် ဒုက္ခလို့ လူတွေသိကြတယ်။ ဒါပေမယ့် ဝတ်စရာ ပြည့်စုံရင် ဒုက္ခမရှိတော့ဘူး။ နေစရာမရှိရင် ဒုက္ခလို့ လူတွေ သိကြတယ်။ ဒါပေမယ့် နေစရာပြည့်စုံရင် ဒုက္ခမရှိတော့ပါဘူးလို့ တွေးသိ ကြံသိနှင့်တော့ စားရ၊ ဝတ်ရ၊ နေရတဲ့၊ ဒုက္ခလောက်ပဲ သိနိုင်ပါလိမ့်မယ်။ ဝိပဿနာဉာဏ်နှင့်မှ မဟုတ်ရင် ခန္ဓာရဲ့ဒုက္ခကို သစ္စာထိုက်တဲ့ ဒုက္ခလို့ သိဖို့ မဖြစ်နိုင်ပါဘူး။

ကာလပညတ်၊ ဒိသာပညတ်၊ နာမပညတ်တွေဟာ တွေးမှပဲ ပေါ်ပါတယ်။ ရုပ်၊ နာမ်ကို ဉာဏ်နှင့် ပိုင်းပိုင်း ခြားခြားသိနေရင် ပညတ်အာရုံတွေကနေ လွတ်နေပါတယ်။ ဒါကြောင့် Time and space အချိန်နှင့် ကာလမရှိဘူး။ ဒါက ပညတ်တွေပါပဲ။

*သတိ၊ ဝီရိယ၊ ဉာဏ် ဆက်နေရင်တော့ စိတ်က သူ့အလိုလိုပဲ ကောင်းနေပါတော့တယ်။ စိတ်ကို ကောင်းအောင် တမင်*

*လုပ်စရာ မလိုတော့ပါဘူး။ ဒါက အင်္ဂါရှစ်ပါးရှိတဲ့ ဉာဏ်အမြင် စင်ကြယ်ရာလမ်း၊ ဘဝလွတ်မြောက်ရာလမ်း၊ ကိလေသာရန်သူ မမြင်ရာလမ်း၊ သေမင်းမမြင်ရာ လမ်းပါဘဲ။*

ဧသေ၀ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ၊
ဧတဉှိ တုမှေ ပဋိပဇ္ဇထ၊ မာရဿေတံ ပမောဟနံ။[၁]

အင်္ဂါရှစ်ပါးရှိတဲ့ မဂ်ခရီးကသာလျှင် ဉာဏ်အမြင်စင်ကြယ်ဖို့ ခရီးမှန်ဖြစ်တယ်။ မဂ်ခရီးမှတစ်ပါး အခြားခရီး မရှိတော့ဘူး။ ဒါကြောင့် ဒီခရီးလမ်းမှန်ကိုသာ သွားကြကုန်လော့။ ဒီခရီး လမ်းမှန်သာ မာရ်မင်း မမြင်နိုင်တဲ့ လမ်းခရီးဖြစ်တယ်။

*ရုပ်မြင်သံကြားခလုတ် TV swich ဖွင့်ထားရင် Programe အစီအစဉ်တွေကတော့ ဝင်နေမှာပဲ။ ဒီအစီအစဉ်လေးကိုတော့ ပိုင်ရှင် မကြိုက်တတ်ဘူးဆိုပြီး TV က သူ့အလိုလို ပိတ်မပေး တတ်ဘူး။ ပိတ်စေချင်ရင် ရုပ်အောင် ခလုတ်နှိပ်ပေးရပါမယ်။*

*အသိသတိမရှိရင် သညာကလည်း ကောင်း မကောင်း မရွေးချယ်ဘဲ မှတ်သားပေးနေမှာပဲ၊ ဝေဒနာကလည်း ကောင်း မကောင်း မရွေးချယ်ဘဲ ခံစားပေးနေမှာပဲ။ ဒါမသင့်တော်ဘူး ဆိုပြီးတော့မှ သညာရဲ့ မှတ်ယူတဲ့ကိစ္စ၊ ဝေဒနာရဲ့ ခံစားတဲ့ကိစ္စတွေ ရပ်တန့်မှာ မဟုတ်ပါဘူး။ ခံစားသင့် မသင့် မှတ်သားသင့် မသင့်၊ သွားသင့် မသွားသင့်၊ လုပ်သင့် မလုပ်သင့်စတာတွေက ဉာဏ်ရဲ့ အရာသာ ဖြစ်တယ်။ လူက ဘာမှ မတတ်နိုင်ဘူး။ ငါဆိုတဲ့ အတ္တမှ မရှိတာ။ ဒီခန္ဓာကြီးက သူ့သဘောသူ လုပ်နေတဲ့ ယန္တရားကြီး တစ်ခုလိုပါပဲ။ စိတ်ကို စောင့်ရှောက်မှပဲ ကျေးဇူးများပါမယ်။*

---

၁။ (၂၇၄) ပဉ္စသတဘိက္ခု၊ ဓမ္မပဒပါဠိ။

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ အရက္ခိတံ မဟတော အနတ္ထာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ စိတ္တံ။[၁]

ချစ်သားတို့ မပွားအပ်သေးသော အဖန်ဖန်မလေ့လာ မပြု အပ်သော မဆုံးမအပ်သော မစောင့်ရှောက်အပ်သော ဤစိတ်သည် များစွာ အကျိုးမဲ့ကို ဖြစ်စေသကဲ့သို့ ဤအတူ များစွာအကျိုးမဲ့ စေတဲ့ အခြားတစ်ခုသော တရားကို ငါဘုရားမမြင်။

အရိယာသစ္စာ ဉာဏ်ပွင့်ဖို့ရာက မဂ္ဂင်ရှစ်ပါး သတိပဋ္ဌာန် လမ်းခရီးစဉ် မှန်ဖို့ပဲ လို့ပါတယ်။ အချိန်မရွေး။ နေရာမရွေး၊ က္ကရိယာပုတ်မရွေး ဉာဏ်ပွင့်ဖို့ရာ စားကျက်တွေပါပဲ။ ဝိပဿနာ မဂ်လည်း ဒီအတိုင်းပဲ၊ အရိယာမဂ်လည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။ ဝိပဿနာတရားကို ပန်းတိုင်ထိတိုင် ပွားများနိုင်ပါစေ။

မေတ္တာကရုဏာဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခု၊ ဇွန်လ (၂၉)ရက်

---

၁။ (၃၅) အဒန္တဝဂ္ဂ၊ ဧကကနိပါတ၊ အင်္ဂုတ္တရပါဠိ။

**ရှိသေးခွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

တစ်ယောက်တည်း ဆိတ်ငြိမ်ရာမှာ နေတဲ့အခါ ဘုရားတပည့်တော်ရဲ့ ဘဝနောက်ကြောင်းတွေကိုလည်း ရံခါ အတွေးဝင်လာတတ်ပါတယ်ဘုရား။

မိသားစုတွေ၊ မောင်နှမတွေ၊ ရာထူးဌာနန္တရတွေ၊ ငွေကြေးဓနဆိုင်ရာတွေကိုပဲ ဘဝပန်းတိုင်ထားပြီး ဘဝကိုရုန်းကန် လှုပ်ရှားမိတဲ့အကြောင်းတွေကို ရံခါ ပြန်ပြီး သတိရ အောက်မေ့မိတတ်ပါတယ်ဘုရား။

တမင်တွေးတာတော့ မဟုတ်ပါဘူး၊ သူ့ဟာသူ အတွေးကဝင်လာတာပါ။ ဟိုတုန်းကတော့ အဲဒါတွေတွေးပြီး ရံခါ ဝမ်းလည်းနည်းခဲ့ဖူးပါတယ်။ ရံခါ ဝမ်းလည်းသာခဲ့ဖူးပါတယ်။ အခုတော့ ဘာမှ မဟုတ်ဘူးဆိုတာကို သေသေချာချာ သိထားတော့ အတွေးရဲ့နောက်က ကပ်ပြီး ဉာဏ်က တစ်မုဟုတ်ခြင်းပဲ ဝင်ဖြတ်ပေးပါတယ်။ ဓမ္မဗျာပါဒလို့ ခေါ်ရမယ် ထင်ပါတယ်ဘုရား။

ဘာမှမဟုတ်ဘူးလို့လဲ ဉာဏ်က ဆုံးဖြတ်လိုက်ရော ဝမ်းသာဝမ်းနည်းမလာတော့ဘူး။ သို့လော၊ သို့လောလည်း မဖြစ်တော့ပါဘူး။ သူ့အလိုလိုပဲ စိတ်က ငြိမ်းချမ်းနေပါတယ်။ အသိသတိလည်းဆက်နေပါတယ်ဘုရား။ ဒါပေမယ့် တချို့ကိစ္စမှာတော့ အခုလိုဉာဏ်က ဝင်မလာနိုင်ပါဘူးဘုရား။ အသိသတိနှင့် ရှုမှတ်မှုနှင့်ပဲပယ်နေရပါသေးတယ်ဘုရား။

*လောကဆိုင်ရာ ကိစ္စရပ်တိုင်း အားလုံးကို ဉာဏ်က ဘာမှမဟုတ်ဘူးလို့ တစ်နေ့တော့ လက်ခံနိုင်လိမ့်မယ်လို့ မျှော်လင့် ထားပါတယ်ဘုရား။ လက်ခံနိုင်အောင်လည်း ကြိုးစားအားထုတ် နေပါတယ်ဘုရား။*

ဆရာတော်ဘုရား ကျန်းမာ ချမ်းသာစွာဖြင့် သာသနာ့တာဝန်များ ထမ်းဆောင်နိုင်ပါစေကြောင်း မေတ္တာ ပို့သလိုက်ပါတယ်ဘုရား။

ရိုသေလေးစားစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၉ ခု၊ ဇူလိုင် (၇)ရက်

**ဒါယိကာမသို့ ပြန်ကြားသိစေအပ်ပါသည်။**

အနိစ္စအတိ ဖြစ်နေတဲ့ သဘောတရားကြီးကို နိစ္စထာဝရလို့ ယူထားရတာ ပင်ပန်းပါတယ်။ ဒုက္ခအတိ ဖြစ်နေတဲ့ သဘောတရားကြီးကို ချမ်းသာလို့ ယူရတာ ပင်ပန်းပါတယ်။ အစိုးမပိုင်သူ့သဘောအတိုင်း ဖြစ်နေတဲ့ သဘောတရားကြီးကို ငါစိုး ငါပိုင် အတ္တအဖြစ်နှင့် ယူရတာ ပင်ပန်းပါတယ်။ မတင့်မတယ် အသုဘ အတိဖြစ်နေတဲ့ သဘောတရားကို သုဘ တင့်တယ်တယ်ရယ်လို့ ယူထားရင် ပင်ပန်းပါတယ်။ ဖောက်ပြန်ပြောင်းလဲနေတဲ့ သဘောတရားအစုကြီးကို တည်တံ့ခိုင်မြဲတယ်လို့ ယူမှားရတာလည်း ပင်ပန်းလှပါတယ်။

*သူ့သဘော မူလအတိုင်း၊ သဘာဝကို ဘဘာဝအတိုင်းပဲ အလိုက်သင့် ယူလိုက်နိုင်လျှင် ချမ်းသာပါတယ်။ ဒါတွေ လူက လုပ်ယူလို့တော့ မရပါဘူး၊ ဉာဏ်ရဲ့ အရာပါ။*

ပိုင်ဆိုင်မှုနှင့်ပဲ ချမ်းသာကို တိုင်းတာ နေကြပါတယ်။ လောကမှာ စွန့်လွှတ်ခြင်း ချမ်းသာလည်း ရှိကြောင်းကို နားလည်ဖို့ လွယ်တော့ မလွယ်ပါဘူး။ ဘာကြောင့်လဲဆိုရင် လောကသား တို့ရဲ့ အမြင်နှင့် အဖြောင့် ဆန့်ကျင်နေလို့ ဖြစ်ပါတယ်။ လူသားတွေ ထင်တာက *ပိုင်ဆိုင်မှုကြီးလေ ချမ်းသာလေလို့ ထင်ကြတာကိုး။ အမှန်စင်စစ်ကတော့ ပိုင်ဆိုင်မှုကြီးလေ ဆင်းရဲလေ၊ စွန့်လွှတ်မှု ကြီးလေ ချမ်းသာလေပါ။*

စွန့်လွှတ်တယ် ဆိုရာမှာလည်း ဉာဏ်နှင့် စွန့်လွှတ်တာကို ဆိုလိုပါတယ်။ စည်းစိမ်တွေ ရာထူးဌာနန္တရ အသီးသီးကို စွန့်ပြီး တော့မှ တောထဲ၊ တောင်ထဲ၊ ဂူထဲမှာ ရဟန်းဘဝ ရသေ့ဘဝနှင့် နေတာတစ်ခုထဲကိုပဲ စွန့်လွှတ်နိုင်တယ်လို့ မဆိုနိုင်သေးပါဘူး။

တောထဲ၊ တောင်ထဲ၊ ဂူထဲမှာနေပြီးတော့မှ "ငါသည်သူများ မစွန့်လွှတ်နိုင်တဲ့ ရာထူးတွေ၊ စည်းစိမ်တွေ၊ ဥစ္စာဓနတွေ၊ တိုက်တွေ၊ ကားတွေ၊ ငွေကြေးတွေကိုတောင် စွန့်နိုင်ခဲ့သေးတာ ငါ့လို သူတို့ စွန့်နိုင်လို့လား" လို့ တွေးမိရင်ကို မလွတ်လပ်သေးပါဘူး။ ဒါကို ဉာဏ်နှင့် မြင်လာနိုင်ရင်တော့ လွတ်လပ်မှုရဲ့ အစကို မြင်တယ် လို့ ဆိုလို့ရပါတယ်။

အနုဝဇ္ဇေန တုဋ္ဌဿ၊ အပ္ပေန သုလဘေနစ။ (ပ)။

အဓိဂ္ဂဟိတာ တုဋ္ဌဿ၊ အပ္ပမတ္တဿ သိက္ခတော။[၁]

ရဟန်းတစ်ပါးအနေနှင့်တော့ မိမိအသုံးပြုမယ့် ပစ္စည်းဟာ အပြစ်လည်း ကင်းရမယ်၊ တန်ဖိုးလည်း နည်းရမယ်၊ ရှာဖွေလို့

၁။ (၂၇) သန္တုဋ္ဌိသုတ္တ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။

လည်း လွယ်ကူရပါမယ်။ ဒီလိုပစ္စည်းမျိုးနှင့် နှစ်သက် ကျေနပ်သူမှာတော့ နေရာထိုင်ခင်း အသုံးအဆောင်၊ အဝတ်အစားတွေကို အကြောင်းပြုလို့ စိတ်ပင်ပန်းစရာ၊ စိတ်ဆင်းရဲစရာ မရှိတော့ပါဘူးလို့ မြတ်စွာဘုရား ဆုံးမတော်မူပါတယ်။

အရှင်ရဋ္ဌပါလ မထေရ်မြတ်ကို မယ်တော်၊ ခမည်းတော်များက ဆွမ်းကပ်ဖို့ အိမ်ပင့်ပြီးတော့ ရွှေ ငွေ ဘဏ္ဍာထည့်ထားတဲ့ သေတ္တာတွေကို မထေရ်မြတ်ရှေ့မှာ ဖွင့်ပြပြီး "ချစ်သားရဋ္ဌပါလ ဒီရတနာ ပစ္စည်းတွေဟာ အမိဘက်က ပါလာတဲ့ပန်းဖိုး၊ သနပ်ခါးဖိုးမျှပဲ၊ အဖဘက်ကပါတဲ့ ရွှေ ငွေ ရတနာ လယ်ယာ ဥယျာဉ်ဥစ္စာ ပစ္စည်းတွေ အများကြီး ရှိသေးတယ်။ ငါ့သားတစ်ဦးတည်းပဲ ပိုင်ဆိုင်တဲ့ စည်းစိမ်တွေပါ။ အသက် ငယ်ပါသေးတယ်။ စည်းစိမ်ခံစားပါဦး။ လူဝတ်နှင့်ပဲ ကုသိုလ် ပြုပါဦး"လို့ သွေးဆောင် ဖြားယောင်းပါတယ်။

အရှင်မြတ်ရဲ့ တုန့်ပြန်စကားကတော့ "အို ဒကာကြီး ဦးဇင်းပြောတဲ့စကားကို နားထောင် လိုက်နာမယ်ဆိုရင် အဲဒီရွှေငွေရတနာတွေကို လှည်းနှင့်တင်ပြီး ဂင်္ဂါမြစ်လယ် ရေအယဉ်မှာ သွားရောက် ပစ်ချလိုက်ပါ။ ဘာကြောင့်လဲဆိုရင် ဒီဥစ္စာကြောင့် ခမည်းတော် ဒါယကာကြီးမှာ ပူဆွေးနေရလို့ပါ။ ငိုကြွေးနေရလို့ပါ။ ကိုယ်စိတ်နှစ်ပါးလုံး ဆင်းရဲနေရလို့ပါ"[၁]

သူတော်ကောင်းကြီးတွေရဲ့ ဥစ္စာစည်းစိမ် ရွှေ ငွေ ကျောက်သံ ပတ္တမြားတွေပေါ်မှာ မြင်တော်မူတဲ့ အမြင် ဖြစ်ပါတယ်။

---

၁။ (၃၀၁)ရဋ္ဌပါလသုတ္တ၊ မဇ္ဈိမပဏ္ဏာသပါဠိ။

ဒီကိစ္စအတွက်ကြောင့် သောကဖြစ်နေရရင်၊ ဝမ်းနည်းပူဆွေး နေရရင်၊ ဒါကို စွန့်လွှတ်လိုက်ရမယ်ဆိုတာ အလွန်ပဲ သဘာဝ ကျပြီး သေချာတဲ့ လမ်းစဉ်တစ်ခုပါ။

စွန့်လွှတ်မှု ချမ်းသာကို နားလည်နိုင်ပါစေ. . .။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခု၊ ဇူလိုင် (၁၆)ရက်

**ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဆရာတော်ဘုရား ကျန်းမာစွာဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း အမြဲတမ်း ဆုတောင်းမေတ္တာ ပို့သ ပါတယ်ဘုရား။

ဘုရားတပည့်တော်ရဲ့ မျက်စိ၊ နား၊ သွားတွေလည်း ဇရာ ဒုက္ခကြီးက ဝါးစားနေပါပြီဘုရား။ မှတ်သားမှု သညာတွေလည်း ချို့တဲ့နေပါပြီ။ ခန္ဓာကိုယ်ကောင်ကြီးကတော့ သေသည့်တိုင် နှိပ်စက်တော့မှာပါတကားလို့ တွေးထင်မိပြီး သံဝေဂကြီးစွာ ဖြစ်မိ ပါတယ်ဘုရား။

သို့သော် တပည့်တော် ကျေနပ်နေမိပါတယ်ဘုရား။ တပည့် တော် ဒီကိုယ်ကောင်ကြီးကို ရင်းနှီးပြီးတော့ သီလ၊ သမာဓိ၊

ပညာ သိက္ခာ (၃)ရပ်ကို ကျင့်သုံးခွင့် ရရှိတာဟာ အလွန့် အလွန် ကိုပဲ နိုင်းဆမရအောင် ဘဝအရ တော်နေပါပြီဘုရား။

ကျေနပ်ပါတယ်ဘုရား။ ဒါကြောင့် သေချင်နေတာလည်း မဟုတ်တော့ဘူး၊ မသေချင်တာလည်း မဟုတ်တော့ပါဘူး။ *နေဖို့ရှိ သလောက်မှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် ဖြည့်ကျင့် ပြီးတော့နေမယ်။*

*သေဖို့အကြောင်း ပြည့်စုံလာရင်လည်း ဒီတရားနှင့်ပဲ သေမယ်ဆိုတာကို နှလုံးသွင်းထားပါတယ်ဘုရား။ ဘဝနေနည်း နှင့် သေနည်းကို တပည့်တော် သဘောပေါက်ပါပြီဘုရား။*

ဘုရားတပည့်တော် သတိပဋ္ဌာန်တရား ရှုပွားရာမှာ ဥပေက္ခာ သဘောကို ရှုမှတ်မှုမှာ ပါဝင်နေပါတယ်။ သို့သော် ရံခါ မေတ္တာ ကမ္မဋ္ဌာန်းရှုပွားရာမှာလည်း သဗ္ဗေသတ္တာ ကမ္မသကာပါပဲလားလို့ ဥပေက္ခာသဘောကို သတိပြုမိပါသဖြင့် ဥပေက္ခာသဘောကို သိရှိ လိုတဲ့ ဆန္ဒအာသီသ ပြင်းပြလျှက် ရှိနေပါသည်ဘုရား။

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၉ ခု၊ ဇူလိုင်လ (၂၅)ရက်

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

ပရိယတ္တိစာပေ ဗဟုသုတ ရှိထားသူအဖို့ *တရားအားထုတ်လာတာနှင့်အမျှ အသိအမြင်တွေ ပြောင်းလာတာနှင့်အမျှ ပါဠိတော်စာပေနှင့် မိမိအားထုတ်တဲ့ တရားတော်များ ကိုက်ညီနေတာကို တွေ့ရှိရမှာပါ။ အဲဒီအခါမှ "သြော် တရားတော်က ဟုတ်ပါပေတယ်" မြတ်ဘုရားရဲ့"ဓမ္မတရားတော်က မှန်ပါပေတယ်" ဆိုပြီး ကျေနပ်မှု ရလာတတ်ပါတယ်။*

အဲဒီလိုနှင့်ပဲ အားထုတ်လာလိုက်တော့ ကျေးဇူးရှင် ဆရာသမားတွေရဲ့ သွန်သင်မှုဟာ သာသနာတော်သက်တမ်း ၂၅၀၀ ကျော်ခဲ့ပါသော်လည်း ဘုရားဟော အာဂုံပါဠိတော်များနှင့် ညီညွတ်ပါပေတယ် လို့ သဘောကျမိတတ်ပါတယ်။

*ကြိုးစားပြီး အားထုတ်လာလိုက်၊ မှန်ပါပေတယ်လို့ ခေါင်းငြိမ့်လိုက်၊ ပိုပြီး သိသိလာလေ ခေါင်းငြိမ့်လေ၊ ဝမ်းမြောက်လေ၊ သံသယတွေ ရှင်းလေ ဉာဏ်တွေ တိုးတက်လာလေ ယုံကြည်မှု သဒ္ဓါတရားတွေ ထက်သန် ခိုင်မာလာလေပါပဲ။*

*ပညတ်ပိုင်းမှာသာ အငြင်းပွားစရာ များနေကြတာပါ။ ပရမတ်ပိုင်းမှာက ငြင်းစရာရှိမှ မရှိတာ။* တရား အားထုတ်သွားကြတဲ့ ဆရာတော်ဘုရားကြီးတွေရဲ့ သြဝါဒစကားတွေဟာ အနှစ်တွေ ချည်းပါပဲ။ အခုလို ဝိပဿနာတရား အားထုတ်လာလို့ ဆရာတော်ဘုရားများ သွန်သင်ပေးတော်မူတဲ့ ပရမတ္ထဓမ္မကို ဉာဏ်သက်ဝင်နိုင်လာတဲ့ အခါမှာတော့ *ဆရာတော်ဘုရားကြီးများရဲ့ သြဝါဒ စကားတော်တွေဟာ လုပ်ငန်းခွင်နှင့် အံဝင်ခွင်ကျပဲ၊ ပယ်စရာလည်း မရှိပါလား။ ဖြည့်စရာလည်း မလိုအပ်ပါလားလို့ သိလာနိုင်ပါတယ်။*

အာရဒ္ဓဝိပဿကဿ ဝိပဿနာဉာဏေန လက္ခဏတ္တယေ ဒိဋ္ဌေ (ပ)ဏ္ဍတိ ဝိပဿနုပေက္ခာယ သိဒ္ဓါယ သင်္ခါရုပေက္ခာပိ သိဒ္ဓါဝ ဟောတိ။[၁]

"ဝိပဿနာရှုအားသန်သော ယောဂီအား ရုပ်နာမ်ပရမတ်သဘောတရားကို မှန်မှန်မြင်သော ဝိပဿနာဉာဏ်သည် ထိုသင်္ခါရတို့၏ မမြဲ၊ ဆင်းရဲ၊ အနှစ်မဲ့သည့် သဘောတို့ကို မြင်သောအခါမှာ ထိုသင်္ခါရတို့ မမြဲခြင်း စသည်ကို တွေ့မြင် စိစစ်ပြီး "ဤသင်္ခါရတို့သည် ဤသဘောမျှပါတကား"လို့ ရှုမြင်တဲ့ ဉာဏ်ဟာ ဝိပဿနုပေက္ခာဖြစ်လို့ ထိုသို့ မမြဲခြင်း၊ ဖြစ်ခြင်း၊ ပျက်ခြင်း စသည်ကို ဉာဏ်နှင့် မြင်သိသည့် ယောဂီသည် သဘောတို့ကို မြင်သည့်အတွက် "ဤကဲ့သို့သော သင်္ခါရတို့သည် ဤသဘောမျိုး ရှိလေသောကြောင့် ဤသို့ ရုပ်နာမ်သင်္ခါရ ဖြစ်လျက်ရှိသော ဘုံသုံးပါးသည် မီးတောက်ကြီးကဲ့သို့ ပူလောင် ဆင်းရဲလှချေ၏။" "စသည်ဖြင့် ရုပ်နာမ်သင်္ခါတို့၌ ဉာဏ်ဖြင့် ရှုကြည့်သိမ်းဆည်းလျက် သံဝေဂဉာဏ်ဖြင့် ထိုဖြစ်ပျက်လျက်ရှိသော ရုပ်နာမ်သင်္ခါရတို့ကို တရားသဘောအတိုင်း မဖွဲ့မ ပဋိပဒါကျစွာ မျှတအောင် ရှု၍ လွတ်အောင် နှလုံးသွင်းနိုင်မှုသည် သင်္ခါရုပေက္ခာ ဖြစ်လေသည်။"

ဥပေက္ခာဟာ (၁၀)ပါး ရှိပါတယ်။

၁။ _ဆဠင်္ဂုပေက္ခာ_ = ကောင်း၊ မကောင်း အာရုံခြောက်ပါး၌ ဝမ်းသာလည်းမရှိ၊ ဝမ်းနည်းလည်းမရှိ လျစ်လျူရှုခြင်း။

၂။ _ဗြဟ္မဝိဟာရုပေက္ခာ_ = သဗ္ဗေသတ္တာ ကမ္မဿကာစသော ခမ်းသိမ်းသော သတ္တဝါတို့၌ လျစ်လျူရှုခြင်း။

---
၁။ (၈၄) တတိယဈာနကထာ၊ ပထဝီကသိဏာနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂ-၄။

၃။ *ဗောဇ္ဈင်္ဂုပေက္ခာ* = ဝိဝေကမည်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားစေပြီး အတူတကွဖြစ်သော တရားတို့တွင် အလယ်အလတ်သသောရှိခြင်း။

၄။ *ဝီရိယုပေက္ခာ* = လုံ့လဝီရိယ အားထုတ်ခြင်းလည်း မရှိသော လျစ်လျူရှုခြင်းကို ဝီရိယုပေက္ခာမည်၏။

၅။ *သင်္ခါရုပေက္ခာ* = သင်္ခါရတရားတို့၌ လျစ်လျူရှုခြင်းသည် သင်္ခါရုပေက္ခာမည်၏။

၆။ *ဝေဒနုပေက္ခာ* = အဒုက္ခမသုခဝေဒနာကား ဝေဒနုပေက္ခာ မည်၏။

၇။ *ဝိပဿနုပေက္ခာ* = ဝိပဿနာဉာဏ်ဖြင့် ခန္ဓာငါးပါး သင်္ခါရ ရုပ်နာမ်တရားတို့၌ ဖြစ်ပျက်မြင်ကာ ကိလေသာကို ဥပေက္ခာရှုခြင်းသည် ဝိပဿနုပေက္ခာမည်၏။

၈။ *တတြမဇ္ဈတ္တုပေက္ခာ* = အတူတကွ ဖြစ်တဲ့တရားတို့ကို အညီအမျှရှုသော ဥပေက္ခာစေတသိက်ကို တတြမဇ္ဈတ္တုပေက္ခာမည်၏။

၉။ *ဈာနုပေက္ခာ* = မြတ်သောသုခပင် ဖြစ်စေကာမူ တတိယဈာန်ဘုံစဉ် တစ်ဘက်သို့ ကျခြင်းကို မဖြစ်စေတတ်သော ဥပေက္ခာကို ဈာနုပေက္ခာမည်၏။

၁၀။ *ပါရိသုဒ္ဓုပေက္ခာ* = စတုတ္ထဈာန် ဥပေက္ခာကား ပါရိသုဒ္ဓုပေက္ခာမည်၏။[၁]

(က) ဆဠင်္ဂုပေက္ခာ (ခ) ပြဟ္မဝိဟာရုပေက္ခာ (ဂ) ဗောဇ္ဈင်္ဂုပေက္ခာ (ဃ) တတြမဇ္ဈတ္တုပေက္ခာ (င) ဈာနုပေက္ခာ (စ) ပါရိသုဒ္ဓုပေက္ခာ။ ဤခြောက်ပါးကား အမည်ကွဲသော်လည်း တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တုပေက္ခာသာလျှင် ဖြစ်ပေ၏လို့ ဝိသုဒ္ဓိမဂ်ကျမ်းက ပြပါတယ်။[၁]

၁။ (၈၄) တတိယဇ္ဈာနကထာ၊ ပထဝီကသိဏနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂ-၁၅၂။

ဆက်လက်ပြီး သိစေလိုတာကတော့ ခန္ဓာဝန်က လေးလံလှပါတယ်။ နည်းနည်းမှ အတိမ်းအစောင်း မခံပါဘူး။ မြွေပွေး၊ မြွေဟောက်တွေနှင့် အခန်းကျဉ်းထဲမှာ အတူတူနေရတာတောင် သတိပြုပြီး နေနိုင်ရင် အကိုက်မခံရဘဲ ချမ်းသာဖို့ရှိတယ်။ ဒီခန္ဓာကြီးကတော့ ရုပ်လည်း ရုပ်အလျှောက်၊ နာမ်လည်း နာမ်အလျှောက် အချိန်ရှိသရွေ့ နှိပ်စက်နေပါတယ်။

ဒါကြောင့် *ဘုရားအစရှိသော သူတော်ကောင်းကြီးတွေက ခန္ဓပရိနိဗ္ဗာန် ပြုခြင်းသည်သာ ဆင်းရဲဒုက္ခရဲ့အဆုံးလို့ မိန့်တော်မူတာဖြစ်ပါတယ်။*

*ကိလေသာပရိနိဗ္ဗာန်ကတော့ အရဟတ္တမဂ်မှာ ပြုပြီးပါပြီ၊ ခန္ဓာဒုက္ခက ရှိနေတုန်းပါပဲ။ ခန္ဓပရိနိဗ္ဗာန် စံတော့မှ ဒုက္ခမှ လွတ်ပေတော့တယ်။*

*ဒုက္ခဆင်းရဲအလုံးစုံချုပ်ရာ၊ ဆုံးရာ၊ ကင်းရာရှိတယ်လို့ ကြားရ၊ နာရရုံတင်မက ကျင့်သုံးခွင့် ရနေတဲ့ ဒီဘဝက အလွန်အားရစရာ ကောင်းနေပါပြီ။ အလွန့်အလွန်ကြီးကို ကံကောင်းကံထူးနေပါပြီ။*

မေတ္တာကရုဏာဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခု၊ ဩဂုတ်လ (၄)ရက်။

**ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

ဘုရားတပည့်တော် တရားအားထုတ်ရတာ အချိန်ရယ်လို့၊ နေရာရယ်လို့၊ ဣရိယာပုထ်ရယ်လို့ သီးသန့်ယူရတာ မရှိတော့ပါဘူး ဘုရား။ ထိုင်တာရယ်လို့ စင်္ကြံလျှောက်တာရယ်လို့ မဟုတ်တော့ပါဘူးဘုရား။ *အချိန်တိုင်း တရားနှင့်ပဲနေနိုင်အောင် ကြိုးစားနေပါတယ်လို့ လျှောက်ထားရင် မမှားဘူးလို့ ထင်ပါတယ်။ အချိန်တိုင်း နေရာတိုင်း တရားနှင့်ပဲ နေနေပါပြီဘုရားလို့ပဲ လျှောက်ထား ပါရစေဘုရား။*

သို့သော် ရံခါတော့လည်းပဲ အတိတ်က ပြုလုပ်ခဲ့ဖူးတဲ့ အကြောင်းအရာတွေ၊ ကြုံခဲ့ဖူးတဲ့ အကြောင်းအရာတွေ စိတ်ထဲ သူ့အလိုလိုပဲ တွေးထင် မိနေတတ်ပါတယ်။ အဲဒီအကြောင်း အရာတွေကို "ဘာမှမဟုတ်တာပါပဲ"လို့ ရံခါ ဉာဏ်က တစ်မုဟုတ်ဝင်ပြီး ပိုင်းဖြတ် ပေးလိုက်ပါတယ်။

တရား ရှုမှတ်နေတယ်ရယ်လို့ မဟုတ်ပါဘုရား။ အတွေး လေးတစ်ခု ဝင်လာတယ်။ သိလိုက်တယ်။ ဟိုတုန်းကတော့ နင့်ကနဲ ခံစားရတတ်ပါတယ်၊ ပင်ပန်းပါတယ်။ အဲဒီအတွေးပေါ် မူတည်ပြီး ခုနှစ်စဉ် အမျှင်တန်းပြီးတော့လည်း အလွန်ရှည်လျားတဲ့ အတွေးတွေ ဝင်သွား တတ်ပါတယ်။ အခုတော့ဉာဏ်က ဝင်ပြီး ဆုံးဖြတ်ပေး လိုက်တဲ့အတွက် အတွေး မရှည်တော့ပါဘူး၊ အတွေးကြောင့် ဖြစ်ရမယ့်သောက နောင်တ စတဲ့ စိတ်ကို ပူလောင်ပင်ပန်းစေတဲ့ ခံစားမှုတွေလည်း မရှိတော့ပါဘူး။ ရံခါတော့လည်း အတွေးလေး နည်းနည်းတော့ ရှည်သွားသေးတယ်။ *"သြော် အသိနည်းခဲ့လို့ လုပ်ခဲ့မိတာ အခုလို အသိဉာဏ်နှင့်ဆိုရင် ဒါကို ဘယ်လုပ်လိမ့် မလဲ"* အဲဒီလိုအလိုလိုပဲ ဆင်ခြင်မိရက်သား ဖြစ်သွားပါတယ်။ ရံခါတော့လည်း အတွေးကြမ်းကြီးက မနိုင်မနင်း ဖြစ်ပြီးတော့မှ

အတွေးထဲကို ခေတ္တမျှ မျောပါပြီး ရောက်သွားတတ်မိ ပါသေးတယ်ဘုရား။ သို့ပါသော်လည်း စိတ်ပင်ပန်းတာကို ဉာဏ်က မလိုလားပါဘူးဘုရား။

*စိတ်အိမ်ဟာ မလုံခြုံမှု၊ စိုးရိမ်မှု၊ ပူပန်မှု၊ သောကဖြစ်မှု၊ ထိတ်လန့်မှု စတာတွေကနေ တစ်စတစ်စ လွတ်မြောက်လာမှပဲ တပည့်တော်မစိတ်ဟာ ပေ့ါပါးပြီး၊ လှပပြီး၊ ငြိမ်းအေး ချမ်းသာပြီး နေပါတယ်လို့ အခု လျှောက်ထားရဲပါပြီဘုရား။ အသိ သတိ ဆက်ပြီး ငြိမ်းအေးချမ်းသာတဲ့ စိတ်နှင့်ပဲ နေဖို့ ကြိုးစားပါတယ် အရှင်မြတ်ဘုရား။ ခုလိုနေနိုင်ဖို့ တပည့်တော်မက အထူးလုံ့လပြုပြီး ကြိုးစားနေရတာတော့ မဟုတ်တော့ပါဘူးဘုရား။*

စိတ်ကို နှိပ်စက်မယ့် ကိလေသာကတော့ ဝင်နေပါသေးတယ်ဘုရား။ *သို့သော် လျှပ်စီးလက်လိုက်သလောက်ပါပဲ။ တစ်ခဏလေးပဲ၊* တစ်နည်း လျှောက်ထားရရင် ပေါ်ကာမျှပဲ၊ ကိလေသာဖြစ်ကာမျှပဲလို့ လျှောက်ထားအပ်ပါတယ်ဘုရား။ *အနုသယသတ္တိ ရှိနေသေးလို့ ဆိုတာကိုလည်း တပည့်တော် နည်းနည်းစီ ပိုပြီး နားလည်လက်ခံလာပါပြီ။* ဒီသတ္တိကြောင့် အာရုံနှင့် တိုက်ဆုံရင် အချို့ ကိလေသာတွေတော့ ပေါ်ဦးမှာပါပဲ ဆိုတာကိုလည်း သဘောကျ လက်ခံထားပါတယ်ဘုရား။

သညာမှတ်သားမှု ခြွတ်ချော်တိမ်းပါးကာ မှားယွင်းလျှောက်မိသည် သို့မဟုတ် ထပ်ပြန်ကာ လျှောက်မိလျှင်လည်း ခွင့်လွှတ်ပေးသနားတော်မူပါဘုရား။ တရားလမ်းကြောင်း၌ လိုအပ်တာရှိလျှင်လည်း သွန်သင် ဆုံးမ ပေးတော်မူပါဘုရား။

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ

ရက်စွဲ-၁၉၈၉ ခု၊ ဩဂုတ်လ (၁၅)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

(၁၅၊ ၈၊ ၈၉) ရက်စွဲပါ ဒါယိကာမရဲ့ မှတ်ပုံတင်လျှောက်ထားစာကို လက်ခံရရှိပါတယ်။ ဝိပဿနာတရား ရှုပွားရာမှာ ရုပ်ဓမ္မ၊ နာမ်ဓမ္မ သင်္ခါရတရားတွေဟာ ကောင်းကင်ပြင်မှာ လျှပ်စီးများလက်သလို ပေါ်လာပြီး ချက်ချင်းပဲ ချုပ်ပျောက်သွားပါတယ် အလွန်ပဲ မြန်ဆန်လွန်းလှပါတယ်။

ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။[၁]

အသံကြားရာမှာ ကြားတိုင်း ကြားတိုင်း သေသေချာချာ ရှုမှတ်နေရင် အနက်အဓိပ္ပာယ် မပေါ်နိုင်ပါဘူး။ ဘယ်သူ့အသံပဲ၊ ခွေးအသံပဲ၊ လူအသံပဲ၊ နွားအသံပဲ စသည်ဖြင့် ပညတ်တွေဆီ မရောက်တော့ပါဘူး။ ကြားရုံမျှတွင် တည်တယ် ဆိုတာကို ဝိပဿနာဉာဏ် အတော်အတန် ရင့်ကျက်တဲ့ ယောဂီများကိုယ်တိုင် သိလာနိုင်ကြပါတယ်။

ကလေးသူငယ်တွေဟာ သဲပုံတွေပေါ်မှာ အိမ်ငယ်လေးတွေ ဆောက်လုပ်ပြီး ဆော့ကစားလေ့ ရှိကြပါတယ်။ သူတို့ ဖန်တီးဆောက်လုပ်ထားတဲ့ သဲအိမ်ကို တစ်စုံတစ်ဦး တစ်ယောက်က လာရောက် နှောင့်ယှက် ဖျက်ဆီးရင် မလိုလားကြပါဘူး။ မနှစ်မြို့ကြပါဘူး။ ရွှေတုံး၊ ငွေတုံး၊ ပတ္တမြားတုံးပမာ အမြတ်တနိုး ထွေးထွေးပိုက်ပိုက် ယုယုယယ တန်ဖိုး ထားတတ်ကြပါတယ်။ ဒါပေမယ့် သဲပုံပေါ်က ကစားပွဲ ပြီးသွားရင်တော့ သူတို့ ဆောက်လုပ်ထားတဲ့ အိမ်လေးတွေကို သူတို့ရဲ့ခြေတွေ လက်တွေနှင့်ပဲ ကြဲဖြန့် ဖျက်ဆီးပြီး အဝေးကို လွှင့်ပစ်လိုက်ကြပါတော့တယ်။

ဘာဖြစ်လို့ ခုလိုလုပ်ရတာလဲဆိုရင် ကလေးတွေ ကစားရတာ ငြီးငွေ့သွားလို့ပါ။ ကစားပွဲပြီးသွားလို့ပါ။ ဒါကြောင့် သူတို့

၁။ (၁၀) ဂုဟဋ္ဌကသုတ္တနိဒ္ဒေသ၊ မဟာနိဒ္ဒေသပါဠိ။

အိမ်ကလေးတွေပေါ်မှာ စွဲမက်မှု(ရာဂ)၊ ခင်တွယ်မှု (ပေမ)၊ မွတ်သိပ်မှု (ပိပါသာ)၊ ပူလောင်မှု (ပရိဠာဟ)၊ တပ်မက်မှု (တဏှာ) ကင်းသွားလို့ပါပဲ။

လူကြီးတွေလည်း သူတို့တန်ဖိုးထား မြတ်နိုးနေကြတဲ့ ဝတ္ထုကာမဂုဏ် အာရုံတွေပေါ်မှာ စွဲမက်ကာ တပ်မက်သေးသရွေ့၊ ခင်တွယ်ကာ နှစ်သက်သေးသရွေ့တော့ ယုယုယယ ထွေးထွေးပိုက်ပိုက် ဂရုတစိုက် ရှိနေကြဦးမှာပါ။

တဏှာ ပေလူးနေတဲ့ မျက်လုံးနှင့် ကြည့်လို့သာ ဝတ္ထုကာမဂုဏ် အာရုံတွေကို မြတ်နိုး ခင်မင် တွယ်တာနေကြတာပါ။ တဏှာ နည်းနည်းပါးရင် တွယ်တာမြတ်နိုး ကပ်ငြိမှု နည်းနည်းပါးပြီး တဏှာ များများပါးရင် တွယ်တာမြတ်နိုး ကပ်ငြိမှု များများပါးသွားပါပြီ၊ တဏှာအလုံးစုံ ကုန်သွားရင်တော့ တွယ်တာ မြတ်နိုး ကပ်ငြိမှု ဘယ်လိုလုပ် လာပါတော့မလဲ။ တဏှာကုန်ပြီးသူဟာ သဲအိမ်တွေဆောက်လုပ်ပြီး မဆော့တော့ပါဘူး။ မကစားတော့ပါဘူး။

ဒါကြောင့် မြတ်စွာဘုရားရှင်က ရာဓသံယုတ်မှာ လူကြီးတွေလည်း ကစားပွဲ အပြီးတိုင်ကြပါတော့၊ တဏှာကုန်အောင် ကျင့်ကြပါတော့။ (တဏှာက္ခယော ဟိ ရာဓ နိဗ္ဗာနန္တိ။) တဏှာကုန်ခြင်းသည် နိဗ္ဗာန်မည်၏လို့ မိန့်ကြားတော်မူပါတယ်။[၁]

ဒါကြောင့် ဒါယိကာမကြီးသည်လည်း တဏှာပါးရာမှသည် တဏှာကုန်သည့်တိုင် ကျင့်ကြံပွားများ အားထုတ်နိုင်ပါစေ။

မေတ္တာတရားဖြင့်

ဆရာတော်

ရက်စွဲ-၁၉၈၉ ခု၊ ဩဂုတ်လ (၂၅)ရက်။

---

၁။ (၁၆၁) သတ္တသုတ္တ၊ ရာဓသံယုတ္တ၊ ခန္ဓာဝဂ္ဂသံယုတ္တပါဠိ။

**ကြည်ညိုစွာ လျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား။**

တပည့်တော်မရဲ့ ဘဝတာမှာ အများကြီး သိရမယ်၊ သိမှ ဘဝဟာ ပြီးပြည့်စုံမယ်လို့ အရင်က အစဉ်အဆက် တွေးထင်ခဲ့ဖူးပါတယ်။ ဒါကြောင့် တပည့်တော် အများကြီး ကြိုးစား လေ့လာ ဆည်းပူးခဲ့ဖူးပါတယ်ဘုရား။

ကျောင်းစာတွေလည်း အများကြီးတတ်အောင် သင်ကြားခဲ့ပါတယ်။ တက္ကသိုလ်မှာလည်း အများကြီးသိအောင် တတ်အောင် ဆည်းပူးခဲ့ပါတယ်။ ဒါပေမယ့် တပည့်တော်ဘဝမှာ သိစရာတွေ မဆုံးခင် သိစရာတွေမကုန်ခင် တပည့်တော်သက်တမ်းက ကုန်ဆုံးပြီး သေရလိမ့်မယ်ဆိုတာကို အရင် မတွေးခဲ့ဖူးပါဘုရား။

*လူ့ဘဝတိုကလေးမှာ အကုန်လုံးသိဖို့ ဖြစ်လည်းမဖြစ်နိုင်ဘူး၊ သိဖို့လည်း မလိုအပ်တော့ဘူး။ ဘဝလွတ်မြောက်ရေးနှင့် ဆိုင်တဲ့ အကြောင်းအရာမျှကိုပဲ သိရရင် လုံလောက်ပါပြီလို့ ဆုံးမစကား ကြားရတော့မှ ဘဝမှာ လုပ်စရာက ဒါပဲရှိတော့တယ်ဆိုတာ သိလာရပါပြီဘုရား။*

ဘဝါဘဝေများစွာက ဘဝသံသရာ လွတ်မြောက်ရေးကို လုပ်ခဲ့ဖူးမယ်ဆိုတာ သေချာလှပါတယ်။ ပါရမီဓာတ်ခံ ဝါသနာတွေ ပါနေတာကို ကြည့်ပြီးတော့လည်း တပည့်တော် မှန်းဆမိပါတယ်ဘုရား။

သို့သော် တပည့်တော် လွဲချော်ကာ လမ်းမှားခဲ့လို့ ဘဝသံသရာမှ မလွတ်မြောက်ဘဲ တဝဲလည်လည် ဖြစ်ခဲ့ရပါတယ်။ *ဂင်္ဂါဝါဠု သဲစုမက ပွင့်ထွန်းတော်မူခဲ့တဲ့ ဘုရားအဆူဆူနှင့် လွဲချော်ခဲ့တယ်ဆိုတာလည်း တပည့်တော် သဘောပေါက်လာပါတယ်ဘုရား။*

ဒီဘဝမှာတော့ ဘဝသံသရာ လွတ်မြောက်ရေး လမ်းက ရာနှုန်းပြည့် သေချာနေပါပြီ၊ ဘဝသံသရာက လွတ်လည်း လွတ်ချင် နေပါပြီဘုရား။ လွတ်သလောက်လည်း လွတ်နေပါပြီလို့ တပည့်တော် လျှောက် ထားပါရစေဘုရား။

လျှောက်ထားရာမှာ အမှားများ ပါရှိခဲ့ရင်လည်း တပည့် တော်မကို ကရုဏာရှေ့ထားပြီး သွန်သင် ဆုံးမပေးတော်မူပါ အရှင်မြတ်ဘုရား။

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၉ ခု၊ စက်တင်ဘာလ (၄)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်**။

လူတွေအကြောင်း၊ တိရစ္ဆာန်တွေအကြောင်း၊ သတ္တဝါတွေ အကြောင်း၊ လအကြောင်း၊ နေအကြောင်း၊ နက္ခတ်တာရာအကြောင်း၊ ကုန်းအကြောင်း၊ တောအကြောင်း၊ တောင်အကြောင်း၊ ဓါတု ဗေဒအကြောင်း၊ ရူပဗေဒအကြောင်း၊ သတ္တဗေဒအကြောင်း စတဲ့ စတဲ့ အကြောင်းတွေကိုတော့ သည်ကမ္ဘာမှာ လေ့လာလို့ မဆုံး နိုင်ပါဘူး။ လေ့လာတဲ့သူသာ သေသွားရင် သေသွားဖို့ ရှိပါမယ်။ *အရိယာအကြောင်း အရိယာဖြစ်ဖို့ အကြောင်းကတော့ လေ့လာရင် ဆုံးခန်းတိုင်နိုင်ပါတယ်။ ကျင့်ကြံအားထုတ်လို့လည်း အဆုံးရှိတဲ့ လမ်းစဉ် ဖြစ်ပါတယ်။*

*ဒါနမှု သီလမှု ဘာဝနာမှုတွေကို ဖြည့်ကျင့်ပြီးတော့မှ လူ့ဘဝကို ကောင်းမွန်စွာ နေထိုင်သွားနိုင်တာက ထူးဆန်းပါတယ်။ ဘဝကို ငြိမ်းအေးချမ်းသာစွာနှင့် နေသွားနိုင်တာကလည်းပဲ ထူးဆန်းပါတယ်။ သောကကင်းဝေးစွာ နေနိုင်တာကလည်း ထူးဆန်းပါတယ်။ လောဘ ဒေါသ မောဟ မာနတွေ နည်းပါးအောင် ကျင့်ပြီး နေသွားနိုင်တာလည်း ထူးဆန်းပါတယ်။ အရိယာလမ်းစဉ်ကို ကျင့်သုံးပြီးတော့မှ အရိယာဖြစ်သွားတာက ပိုလို့ ထူးဆန်းပါတယ်။*

*ဒါပေမယ့် လူသားတစ်ဦး မွေးဖွားလာပြီးနောက် သူ့ဘဝတာ တစ်လျှောက်လုံး ယောင်တောင် ပေါင်တောင်နေပြီးတော့ နောက်ဆုံးတစ်နေ့မှာ ယောင်တောင် ပေါင်တောင်နှင့်ပဲ သေသွားတာကတော့ ဘာမှ မထူးဆန်းပါဘူး။*

ယံ ဘိက္ခဝေ လောဘပကတံ ကမ္မံ လောဘဇံ လောဘနိဒါနံ လောဘသမုဒယံ၊ တံ ကမ္မံ အကုသလံ၊ တံ ကမ္မံ သာဝဇ္ဇံ၊ တံ ကမ္မံ ဒုက္ခဝိပါကံ၊ တံ ကမ္မံ ကမ္မသမုဒယာယ သံဝတ္တတိ၊ န တံ ကမ္မံ ကမ္မနိရောဓာယ သံဝတ္တတိ။[၁]

ချစ်သားတို့ - လောဘတဏှာသာလျှင် အကြောင်းအရင်းဖြစ်သော၊ လောဘတဏှာသည် တိုက်တွန်းအပ်သော၊ လောဘတဏှာရှိသူသည် ပြုလုပ်အပ်သော အကြောင်းကံသည် (ပြုလုပ်မှုသည်) ရှိ၏။ ထိုလောဘတဏှာ အရင်းခံပြုလုပ်အပ်သော အမှုသည် မကောင်းသဖြင့် ပြုအပ်သောအမှု (အကုသိုလ်ကံ)မည်၏။ ထိုကံသည် အပြစ်နှင့်တကွဖြစ်၏။ ထိုလောဘသာလျှင် ဦးဆောင်ချက်နှင့် ပြုအပ်သောကံသည် ဆင်းရဲသော ရုပ်နာမ်အကျိုးကို ပေး၏။

၁။ (၁၁၂) ပဌမနိဒါနသုတ္တ၊ တိကနိပါတ၊ အင်္ဂုတ္တရပါဠိ။

ထိုမကောင်းကံသည် သံသရာဝဋ်တွင် တစ်ခုခုသော ဝဋ်သို့ ရောက်ကြောင်းဖြစ်သော ကံ၏နောက်ဆက်၍ ဒုက္ခတစ်ဖန် ဖြစ်အောင်ပြု၏။ ထိုလောဘတဏှာ အကြောင်းခံရာ ပြုအပ်သော မကောင်းမှုသည် ကံအဆက်ဆက် ဝဋ်အဆက်ဆက် ကင်းပျောက်ချုပ်ငြိမ်းခြင်းငှာ မဖြစ်နိုင်ပေ။

*<u>တဏှာလောဘဟာ သံသရာခရီးရှည် သွားလိုသူအတွက်တော့ အဖော်မွန် ဖြစ်ပါတယ်။ ဘဝသံသရာခရီးကို ဖြတ်တောက်လိုသူများအတွက်တော့ ရန်သူပါပဲ။</u>*

ဆက်လက်ပြီး ရှုမှတ်မှုနှင့် စပ်လျဉ်းပြီး သိသင့်တာတွေ အသိပေးလိုက်ပါတယ်။ ဒွါရခြောက်ပါးကနေ ထင်ရှားဖြစ်ပေါ်နေတာတွေဟာ ဥပဒါနက္ခန္ဓာတရားလို့ခေါ်တဲ့ ရုပ်တရား နာမ်တရားတွေပါပဲ။ ရုပ်ဓမ္မ၊ နာမ်ဓမ္မတွေကို သဘောမျှပဲလို့ သိရတဲ့အခါမှာတော့ အာရုံမှာ မြဲတဲ့အနေ၊ ချမ်းသာတဲ့အနေ၊ အတ္တကောင်အနေနှင့် စွဲလမ်းပြီးတော့ဖြစ်မယ့် ကိလေသာတွေ မဖြစ်တော့ပါဘူး။

*<u>ရုပ်ဓမ္မ နာမ်ဓမ္မတွေကို အမှန်အတိုင်းသိရင် ဖြစ်ခွင့်ရှိတဲ့ ကိလေသာကို တဒင်္ဂပဟာန်အားဖြင့် ပယ်တာပါပဲ၊ အလင်းက အမှောင်ကို ပယ်လိုက်သလိုပါပဲ။ ဆန့်ကျင်ဘက်သဘော ပယ်ခြင်းကို ဆိုလိုတာပါ။</u>*[၁] *<u>ဖြစ်ပေါ်ဆဲရုပ်နာမ်ကို ရှုနေတဲ့ယောဂီမှာတော့ ရှုမိတဲ့ အာရုံကိုလည်း အတိအကျသိတယ်။ မရှုမိတဲ့ အာရုံကိုလည်းသိပါတယ်။ ရှုမိတဲ့အာရုံမှာ ဖြစ်ခွင့်ရှိတဲ့ အာရမ္မဏာနုသယ ကိလေသာကိုပယ်တယ်၊ မရှုမိတဲ့ အာရုံမှာဖြစ်တဲ့ ကိလေသာကိုတော့ မပယ်နိုင်ပါဘူး။</u>*

၁။ (၈၄၉) ပရိညာဒိပ္ပဘေဒကထာ၊ ဉာဏဒဿနဝိသုဒ္ဓိ-၄-၂။

ရှုမိတဲ့အာရုံမှာ ဖြစ်ခွင့်ရှိတဲ့ အာရမ္မဏာနုသယကို ဝိပဿနာမဂ္ဂင်တို့က တဒင်္ဂအားဖြင့် ပယ်ပြီးတဲ့နောက် သန္တာန်မှာ ဖြစ်ထိုက်တဲ့ သဏ္ဍာနာနုသယကိုတော့ အရိယာမဂ္ဂင်ကမှ ပယ်နိုင်ပါတယ်။

ပမာအားဖြင့် သောတာပန်ဟာ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသနှင့်တကွ အပါယ်ကို ကျစေနိုင်တဲ့ ကိလေသာ မှန်သမျှ အားလုံးကို အပြီးပယ်လိုက်တယ်။ သကဒါဂါမ်ကတော့ ကြမ်းတမ်းတဲ့ ကာမရာဂ၊ ဗျာပါဒတွေ အကုန်လုံးကို ငြိမ်းစေတယ်။ အနာဂါမ်မှာ သိမ်မွေ့တဲ့ ကာမရာဂ၊ ဗျာပါဒတွေ အကုန်ငြိမ်းတယ်။ ရဟန္တာမှာတော့ ရူပရာဂ အစရှိတဲ့ ကိလေသာတွေ အကုန်လုံး ငြိမ်းပါပြီ။[၁]

*အဲဒီလိုဝိပဿနာမဂ္ဂင် အရိယမဂ္ဂင်တွေဟာ ကိလေသာတွေကို တဒင်္ဂအားဖြင့် ပယ်တာ၊ သမုစ္ဆေဒအားဖြင့် အပြီးပယ်တာ ဆိုပြီးတော့မှ ပယ်ခွာတာ နှစ်မျိုးရှိပါတယ်။*

ရုပ်နာမ်တရားတွေကို ဝိပဿနာတင်ပြီးရှုသိတိုင်း ရှုသိတိုင်း အဝိဇ္ဇာကင်းတယ်။ အဝိဇ္ဇာကင်းတော့ သင်္ခါရ၊ ဝိညာဏ် အစရှိတဲ့ ဆင်းရဲတွေလည်း ကင်းငြိမ်းတယ်။ အဲဒီလိုတဒင်္ဂအားဖြင့် ဆင်းရဲ လွတ်ငြိမ်းတာ တဒင်္ဂနိရောဓပေါ့ပဲ။ *အဲဒီ တဒင်္ဂနိရောဓကိုလည်းပဲ ရှုတိုင်းရှုတိုင်း ဆိုက်ရောက် ဆိုက်ရောက်သွားတာပါ။ တဒင်္ဂနိရောဓကို ဝိပဿနာဖြင့် မျက်မှောက်ပြုတာဖြစ်ပြီး အာရုံပြုတာတော့ မဟုတ်ပါဘူး။*

မြင်တိုင်း၊ ကြားတိုင်း၊ တွေးတိုင်း၊ အဝိဇ္ဇာက အလွဲကို သိနေတယ်။ အမှန်ကို ဖုံးကွယ်နေတယ်။ ဒါကြောင့် သစ္စာလေးပါးကို

၁။ (၈၃၀) ဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ-၂။

မသိနိုင်ဘဲ ရှိနေကြတယ်။ အဲ့ဒီလို ရှိနေတဲ့ဟာကို ရှုမှတ်ပြီးတော့ မဂ္ဂင်ရှစ်ပါး ပွားလိုက်တော့ ရှေးကမသိနိုင်ခဲ့တဲ့ အမှန်တရားကို ဝိပဿနာဉာဏ်နှင့် သိတာလို့ ဆိုလိုပါတယ်။ ခုလိုနားလည်လာတဲ့ ယောဂီဟာ ကာမဂုဏ်ရဲ့ အပြစ်နှင့်တကွ ဒီခန္ဓာရဲ့တာဝန် ထမ်းဆောင်ရတာကို ပင်ပန်းတယ်လို့ သိလာပါတယ်။

ကိစ္ဆော မနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။[၁]

လူအဖြစ်ကို ရခြင်းသည် (ကိစ္ဆော) ငြိုငြင်ပင်ပန်းခဲယဉ်း၏။ သတ္တဝါတို့၏ (ဇီဝိတံ) အသက်တာရှည်နေနိုင်အောင် ပြုစုလုပ်ကျွေး ရခြင်းသည် (ကိစ္ဆံ) ငြိုငြင်ပင်ပန်းဆင်းရဲ၏။

ဘဝရပ်တည်နိုင်ဖို့ ငယ်စဉ်က အတတ်ပညာတွေ သင်ကြား ရတာတွေ ပြန်လည် စဉ်းစားကြည့်ရင် ပင်ပန်းလှပါတယ်။ စာ မရလို့ ဆရာရဲ့ အပြစ်ပေးခံရတာတွေ၊ ငြိုငြင်ခံရတာတွေ၊ အရိုက် ခံရတာတွေ၊ အဆူခံရတာတွေ များလှပါတယ်။ တစ်ချို့အကြောင်း အရာတွေဟာ အသက် (၆၀)ကျော်ထိတိုင်အောင် အိပ်မက်ထဲထိ ပါဝင် မက်နေပါသေးတယ်။

သားသမီးတွေကို ဒါတွေ သင်ကြားပေးနေကြတာက ဘာ လုပ်ဖို့လဲဆိုရင် အလုပ်ကောင်းကောင်းရဖို့၊ ဝင်ငွေကောင်းကောင်း ရဖို့အတွက် မိဘတွေက အနစ်နာခံပြီး ကြိုးကြိုးစားစား စီမံပေးကြ ရှာတာပါ။

အဲ့သလိုဝင်ငွေတွေရတော့ ဘာလုပ်ဖို့လည်းဆိုရင် အရင်းစစ် လိုက်တော့ *ကာမဂုဏ်တွေ ချမ်းချမ်းသာသာ သက်သက်သာသာ ခံစားနိုင်ဖို့ပါပဲ။ ဒါပေမယ့် သံသရာဝဋ်ဆင်းရဲက လွတ်မြောက်တော်*

---

၁။ (၁၈၂) ဧရကပတ္တနာဂရာဇဝတ္ထု၊ ဓမ္မပဒပါဠိ။

*<u>မှုသွားကြတဲ့ ရဟန္တာ အရှင်မြတ်ကြီးတို့ရဲ့ အမြင်မှာတော့ ကာမဂုဏ်ဟာ အပြစ်ကြီးလေးလှပါတယ်။ ရှုံရှာစက်ဆုပ်စရာလည်း ကောင်းပါတယ်။ အနှစ်ဆိုတာလည်း လုံးလုံးကို ရှာမရဘူးလို့ မြင်တော်မူတယ်။ အဲ့ဒီလို ရဟန္တာ အရှင်မြတ်ကြီးတွေ မြင်တော်မူသလို သိတော်မူသလို မိမိတို့သိလာနိုင်ဖို့ ပဓာနလိုရင်းပါပဲ။</u>*

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခု၊ စက်တင်ဘာလ (၁၉)ရက်။

**ရှိသေစွာ လျှောက်ထားပါသည် ဆရာတော်ဘုရား။**

တပည့်တော် ငယ်သူငယ်ချင်းတစ်ဦးနှင့် စကားပြောဖြစ်ခဲ့ပါတယ်။ သတိက အလိုလိုပဲ ကပ်နေပါတယ်။ သတိထားနေရတာ မဟုတ်တော့ပါဘုရား။ သတိက ချထားလို့လည်း မရပါဘုရား။ သူငယ်ချင်းက (Our country) ကျမတို့ တိုင်းပြည်လို့ ခဏခဏ ပြောတယ်၊ (My country) လို့လည်း ပြောပါတယ်ဘုရား။ တပည့်တော် စိတ်ထဲမှာ ဒီစကားလုံးကို ခံစားလို့ မရတော့ပါဘူးဘုရား။ ဒီတိုင်းပြည် တစ်ခုထဲကိုပဲ ကွက်ပြီးတော့မှ (My country) (Our country)လို့ ဘုရားတပည့်တော် မပြောချင်တော့ပါဘူး။ တစ်ကမ္ဘာလုံးကို ခြုံပြီးတော့မှ (Our world) လို့ပြောရင် နည်းနည်းအားရတယ်။ ဒါပေမယ့် (၃၁)ဘုံလုံးဟာ ဘုရားတပည့်တော်တို့ရဲ့ ဌာနပါဘုရား။

ဘုရားတပည့်တော်ကို သူတစ်ပါးတွေ နားလည်ဖို့ကတော့ ပို၍ ခက်ခဲလာပါပြီဘုရား။ သို့သော် တပည့်တော်ကို တပည့်တော်

တော့ ပို၍ ပို၍ အတွင်းကျကျ နားလည်လာပါတယ်။ တစ်ခုခုကို တိုးပြီးသိလာတိုင်း သိလာတိုင်း တပည့်တော်မရဲ့ ဘဝဟာ ပိုပြီး ပိုပြီးတော့ ပြည့်စုံလာတယ်လို့ ခံစားရပါတယ်ဘုရား။ ဒီအကြောင်း အရာတွေကို တပည့်တော် ပြောပြချင်ပေမဲ့ နားလည်နိုင်မယ့်လူ တဖြည်းဖြည်း ရှားလာပါတယ်ဘုရား။ ရံခါ အသိတစ်ခု ရလိုက်တယ်။ ဘယ်သူ့ကို ပြောရမလဲ၊ နားလည်မည့်သူ ရှာမတွေ့တော့ပါဘုရား။ ရံခါ နားထောင်ပါသော်လည်း လက်ခံပေးနိုင်ပါ့မလားလို့ စိတ်ထဲ တွေးထင်မိပါတယ်။ ဒါကြောင့် ရေရှည်မှာတော့ စကားပြောဖို့ သိပ်ရှိတော့မယ် မထင်ပါဘူးဘုရား။

ဆက်လက် လျှောက်ထားပါရစေ ဆရာတော်ဘုရား။ သဘော ပေါက်လာတဲ့ဉာဏ်မှာ ခံစားမှုသဘောတွေ၊ (Language) ဘာသာ စကားလုံးတွေ၊ Time and Space အချိန်ဒေသ အကွာအဝေးတွေ လည်း မပါဘူး။ နားလည်သွားတာမျှပါပဲ၊ သဘောပေါက် သွားတာ မျှပါဘုရား။ သို့သော် ရိုးတိုးရိတ်တိတ် မထင်မရှား မဟုတ်ပါဘူး။ ထင်ရှားလွန်းတယ်၊ သိသာလွန်းပါတယ်ဘုရား။

*သိလာတာတွေဟာ တရား အားမထုတ်ထားသူ တစ်ဦး အနေနှင့် နားထောင်ဖို့တောင်မှ စိတ်ဝင်စားဖို့ အကြောင်းမရှိပါဘူး။ အနိစ္စကို အနိစ္စ၊ ဒုက္ခကို ဒုက္ခ၊ အနတ္တကို အနတ္တ၊ အသုဘကို အသုဘလို့ နက်နက်နဲနဲ သိလာတာပါဘုရား၊ ယခင် သိထားတာ ထက် ပိုပြီး နက်နဲတယ်လို့ လျှောက်ထားပါရစေဘုရား။*

နက်နဲတဲ့တရားကို သဘောပေါက်တိုင်း၊ သဘောပေါက် လာတိုင်း တပည့်တော်အဖို့မှာတော့ အံ့သြလောက်အောင် ထခုန် မတတ် ဝမ်းမြောက်ပါတယ်ဘုရား။ တုတ်နှောင်ထားတဲ့ တုတ်နှောင်မှု

တစ်ခု ပြေသွားသလို လွတ်လပ်မှုကို ရင်ထဲ အပြည့် ခံစားရပါတယ် ဘုရား။ အခုမှ ဘုရားတပည့်တော်ဟာ လွတ်လပ်လာသူ ဖြစ်ပြီလို့ ရဲရဲဝံ့ဝံ့ လျှောက်ထားပါရစေဘုရား။

တပည့်တော် လျှောက်ထားစရာတွေ ရှိနေပါသေးတယ်။ ဘုရားတပည့်တော်ရဲ့ စကားတွေကို နားထောင်ပေးနိုင်စွမ်းတဲ့ ပုဂ္ဂိုလ်ဟာ အရှင်ဘုရားတည်းဟူသော သူတော်ကောင်းမှအပ ဒီကမ္ဘာမှာ နည်းပါးသွားပါပြီဘုရား။ အမှားပါရင် ခွင့်လွှတ်ပေးသနားပါရန် လျှောက်ထား တောင်းပန်ပါရစေဘုရား။

ကြည်ညိုရိုသေစွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၉ ခု၊ စက်တင်ဘာလ (၂၀)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

သင်္ခတပရမတ္ထတရားဖြစ်တဲ့ စိတ် စေတသိက် ရုပ်တို့ရဲ့ သဘောသဘာဝကို ဉာဏ်ထဲမှာ သိနေတာ ဓမ္မပါပဲ။ ရုပ်တစ်လုံး နာမ်တစ်လုံးရဲ့ ပေါ်ပြီးပျောက် ဖြစ်ပေါ်လာပြီးချုပ် ပြောင်းလဲနေတဲ့ သဘောကို သိတာလည်း ဓမ္မပါပဲ။ ပရမတ္ထဓမ္မရုပ်တရား နာမ်တရား တစ်လုံးရဲ့ ပေါ်ပြီးပျောက် မမြဲတဲ့သဘော ဆင်းရဲတဲ့ သဘော အစိုးမရတဲ့သဘောကို သိနေတာလည်း ဓမ္မပါပဲ။

ဓမ္မကတခြားမှာမရှိပါဘူး။ ဒီခန္ဓာမှာပါပဲ။ မသိရင် ဝေးလွန်းပါတယ်။ ရှာတွေ့ဖို့ ခက်ပါတယ်။ ဒါပေမယ့် နည်းလမ်းမှန်ရင်တော့ မခက်လှပါဘူး။

လိုချင်မှု၊ မလိုချင်မှု၊ မုန်းတီးမှု၊ ရန်လိုမှု၊ ပြစ်မှားမှုတွေ စိတ်ထဲမှာ ခိုဝင်လာတာနှင့် စိတ်ဟာ မလွတ်လပ်တော့ပါဘူး။ ဒါကိုပဲ ထပ်တလဲလဲ တွေးနေမိတတ်တယ်။ ဒါကိုက စိတ်ရဲ့လွတ်လပ်မှု ဆုံးရှုံးသွားပါပြီ။ အတွင်းစိတ် လွတ်လပ်မှုကသာ ပဓာနပါ။ ပြင်ပ လွတ်လပ်မှုက အပဓာနပါ။

သတိတစ်လုံး ဆက်နေရင် ကိလေသာ အပူကင်းငြိမ်းတယ်။ ငြိမ်းအေးစွာ နေနိုင်တယ်ဆိုတာကကို ကျေးဇူး အင်မတန် များသွားပါပြီ။ အဲဒီလို အသိသတိ ဆက်သွားရင် သမာဓိလည်းတိုးတယ်၊ ဝီရိယလည်းတိုးတယ်၊ သဒ္ဓါလည်း တိုးတယ်၊ ပညာလည်းတိုးတယ်၊ ဣန္ဒြေလည်း ထက်မြက်လာတယ်။ ဗောဓိပက္ခိယတရားက တစ်ချက် မိလိုက်တာနှင့် အလုပ်အကုန် ပြီးစီးပါတယ်။

အပ္ပမာဒသတိရှိရင် ရရှိနိုင်တဲ့ အကျိုးကျေးဇူးတွေက ဖော်ပြ မကုန်နိုင်အောင်ဘဲ များပြားပါတယ်။ အပ္ပမာဒတရားဟာ သီလ ဖြည့်ကျင့်ရာမှာလည်း ကျေးဇူးပြုတယ်။ ဣန္ဒြေတို့ကို စောင့်ရှောက် ရာမှာလည်း ကျေးဇူးပြုတယ်။ နိုးကြား၊ ထကြွ ကြိုးစား အားထုတ် ရာမှာလည်း ကျေးဇူးပြုတယ်။ သူတော်ကောင်းတရား ခုနစ်ပါး တို့ကို ဖြစ်ပွားစေရာမှာလည်း ကျေးဇူးပြုတတ်တယ်။ မဂ်၏ရှေ့ အဖို့၌ဖြစ်တဲ့ ပုဗ္ဗဘာဂ ဝိပဿနာဉာဏ်ကို ပွားစေရာမှာလည်း ကျေးဇူးပြုတယ်။ အဇ္ဈတ္တပဋိသမ္ဘိဒါ စသည်တို့ကို ရရှိရာမှာလည်း ကျေးဇူးပြုတယ်။ သီလက္ခန္ဓ (သီလအစု)စတဲ့ ငါးပါးသော တရား အစု တိုးပွားဖို့ရာမှာလည်း ကျေးဇူးပြုတယ်၊ အကြောင်းဟုတ်တယ် အကြောင်းမဟုတ်ဘူးကို သိနားလည်ရာမှာလည်း ကျေးဇူးပြုတယ်။ မြင့်မြတ်တဲ့ ဈာန်သမာပတ်ကို ဝင်စားခြင်း အရာမှာလည်း ကျေးဇူး

ပြုတယ်၊ အရိယသစ္စာတို့ကို ပွားများရာမှာလည်း ကျေးဇူးပြုတယ်၊ သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရား-၃၇ ပါး ဖြစ်ပွား စေရာမှာလည်း ကျေးဇူးပြုတယ်၊ ဝိပဿနာဉာဏ် စသည်တို့မှာလည်း ကျေးဇူးပြုတယ်၊ အမ္ဗဋ္ဌသုတ္တန်လာ ဝိဇ္ဇာရှစ်ပါးတို့မှာလည်း ကျေးဇူးပြုတယ်၊ တွန်းအားပေးတတ်တယ်၊ အပ္ပမာဒတရားဟာ အပြစ်ကင်းတဲ့ ကုသိုလ်တရား အကုန်လုံးတို့ကို ကျေးဇူးများလှပါတယ်။[၁]

သတိတစ်လုံးပြည့်စုံရင် မိမိတို့ လိုအင်ကိစ္စအားလုံးကို ပြီးစီးစေနိုင်ပါတယ်။ ကုသိုလ်အမှုမှာ သတိမပါရင် မရပါဘူး။ "သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ"[၂] ဟူ၍ ဟောတော်မူတယ်။ _သတိသည် အလုံးစုံသော စိတ်အမှု ကိစ္စတို့တွင် ထိရောက်စွာ ပါဝင်နိုင်က နိဗ္ဗာန်နှင့် နီးပေသည်။ သတိအစောင့် မရှိသောသူသည် နိဗ္ဗာန်နှင့် ဝေးပေသည်ဟူ၍_ မြတ်ဘုရား ဟောတော်မူလေတယ်။

သတိဟူသည် အလုံးစုံသော စိတ်အမှုကိစ္စတို့မှာ အလိုအပ်ဆုံးဖြစ်၍ သတိပါလျှင် အလုံးစုံသော ကိစ္စများ ပြီးစီး အောင်မြင်နိုင်ကြောင်း ဟောတော်မူခြင်းဖြစ်လို့ ထိုသတိက 'သမ္မာ' ပုဒ်နှင့် တွဲနေတာကြောင့် အမှန်တရား ရုပ်နာမ်ပေါ်မှာ မမေ့အပ်တဲ့ သတိမျိုးဖြစ်လို့ "သမ္မာသတိ"ဆိုတဲ့ အမည်ကို ရလေတယ်။ ဆိုလိုရာမှာ သာမညအမှတ်ရတဲ့ သတိမျိုးမဟုတ်၊ ပရမတ်အမှန်ကို အမှတ်ရတဲ့ "သမ္မာသတိ"လို့ ခေါ်ရပါတယ်။

ယေ ကေစိ ကုသလာ ဓမ္မာ သဗ္ဗေ တေ အပ္ပမာဒမူလကာ။[၃]

၁။ (၃၅၁) ပါထိက-၌။
၂။ (၂၃၄) အဂ္ဂိသုတ္တ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။
၃။ (၁၃၉)တထာဂတသုတ္တ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။

ယေ ကေစိ-အကြင်အကြင် ခပ်သိမ်းကုန်သော၊ ကုသလာ ဓမ္မာ-ကုသိုလ်တရားတို့သည်၊ သန္တိ-ရှိကုန်၏။ သဗ္ဗေ တေ-ထိုခပ်သိမ်းကုန်သော ကုသိုလ်တရားတို့သည်၊ အပ္ပမာဒမူလကာ-မမေ့မလျော့ခြင်း သတိမူလ ရှိကုန်၏။ သို့သော် လူသားများစွာတို့ကတော့ ခန္ဓာဝန်အတွက် အကုသိုလ်တွေများပြီး တာဝန် လေးလံလိုက်တာ၊ ဘာမှ မဟုတ်ပါလားလို့ သိလာတဲ့ သူအဖို့တော့ ဒီအကုသိုလ် ကိလေသာ တရားစုနှင့် လက်ရှိရထားတဲ့ ခန္ဓာကို မလဲဝံ့ကြတော့ပါဘူး။

*ဒါကြောင့် လူတွေ သီလမပြည့်စုံတာကို ရှက်စရာကြီးလို့ သိစေချင်လိုက်တာ။ လိမ်ညာ ဝါကြွားရတာ ရှက်စရာကြီးလို့ သိစေချင်လိုက်တာ။ ယောကျ်ားတွေ မိန်းမတွေ ကြီးကျယ်ခမ်းနားဝါဝါကြွားကြွား လက်ထပ်ပွဲတွေ လုပ်နေကြတာကို ဘယ်တော့များ ရှက်တတ်တော့မလဲနော်။*

အပ္ပမာဒ သတိတရား ရှိလာမှပဲ သိလာနိုင်ပါတော့မယ်။ လူသားအများရဲ့ နှလုံးသားမှာ အပ္ပမာဒသတိတရား ပြည့်ဝ နိုင်ကြမှသာ လူတစ်ဦးချင်း ငြိမ်းချမ်းနိုင်ပြီး လောကကြီး၏လည်း ငြိမ်းချမ်းသာယာပါလိမ့်မယ်။

မေတ္တာကရုဏာဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခု၊ စက်တင်ဘာလ (၂၅)ရက်။

**ဒါယိကာမထံသို့ ပြန်ကြားအသိပေးအပ်ပါသည်။**

လူသားတွေဟာ အမှန်တရားကို မိမိတို့ လေးစားလောက်တဲ့ ပုဂ္ဂိုလ်တွေက ပြသပေးနိုင်လိမ့်မယ်ဆိုပြီး အားကိုးကြပါတယ်ဘုရား။ ကျမ်းစာအုပ်တွေမှာလည်း အမှန်တရား ရှိလိမ့်မယ်လို့လည်း မျှော်လင့်ချက်ကြီးကြီး ထားကြပါတယ်။

သမိုင်းကြောင်းကိုကြည့်လျှင် လူတွေက မိမိတို့ရဲ့ အထင်နှင့်ပဲ အမှားအမှန်ကို (Judge) ဆုံးဖြတ် သတ်မှတ်ခဲ့ကြပါတယ်။ မိမိတို့ စိတ်ကူးဝါဒနှင့် မတူလျှင် မှားတယ်။ မိမိတို့ အဖွဲ့အစည်းမူနှင့် မကိုက်ရင် မှားတယ်။ မိမိတို့ဆောင်ရွက်ချက်နှင့် သွေဖီရင် လွဲတယ်လို့ ဆုံးဖြတ် တတ်ကြပါတယ်။[၁]

ရုပ်ဓမ္မ နာမ်ဓမ္မ ပရမတ္ထတရားက အမှန်တရားဖြစ်တယ်ဆိုတာငြင်းလို့မရပါဘူး။ ဖြစ်ချင်လို့လည်း မရဘူး။ မဖြစ်ချင်လို့လည်း မရဘူး။ ပိုဖြစ်ချင်လို့လည်း မရဘူး။ လျော့ဖြစ်ချင်လို့လည်း မရဘူး။ ချမ်းသာတယ် ဆင်းရဲတယ်ဆိုပြီး သတ်မှတ်လို့လည်း မရဘူး။ သူ့သဘောသူ ပေါ်ပြီး ပျောက်နေပါတယ်။ ဒါသစ္စာတရားဖြစ်ပါတယ်။ သစ္စာတရားက ကြိုက်ခြင်းကြောင့် ဖြစ်စေ၊ သတ်မှတ်ချက်ကြောင့်ဖြစ်စေ မပြောင်းလဲပါဘူး။ *<u>အမှန်တရားကို တစ်စုံတစ်ယောက်သောသူကမှ ပိုင်ဆိုင်တာ မဟုတ်ပါဘူး။ ပိုင်ဆိုင်လို့လည်း မရပါဘူး။ မြတ်စွာဘုရားသည်ပင် သစ္စာတရားကို ညွှန်ပြပေးသူသာ ဖြစ်တော်မူတယ်။ ပိုင်ဆိုင်သူ မဟုတ်ပါဘူး။</u>*

ဆက်လက် သိစေလိုတာကတော့ ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး ကျန်ပုဂ္ဂိုလ်များဟာ ကျင့်ဆဲသေက္ခ ပုဂ္ဂိုလ်များသာ ဖြစ်ပါတယ်။ အကျင့်မြတ်ကလည်း သီလ၊ သမာဓိ၊ ပညာသာလျှင် ဖြစ်ပါတယ်။

---
၁။ (၆၆) ကေသမုတ္တိသုတ္တ၊ တိကနိပါတ၊ အင်္ဂုတ္တရပါဠိ။

ရှင်တော်မြတ်ဘုရား "သေက္ခ၊ သေက္ခ"လို့ ပြောဆိုနေကြပါတယ်။ ဘယ်မျှလောက်ဖြင့် "သေက္ခ"ဖြစ်ပါသလဲ?

"ချစ်သား-ကျင့်ဆဲဖြစ်တဲ့အတွက်ကြောင့် 'သေက္ခ'လို့ ဆိုရပါတယ်။ ဘာကိုကျင့်တာလည်း အဓိသီလကိုလည်း ကျင့်တယ်၊ အဓိစိတ္တကိုလည်း ကျင့်တယ်၊ အဓိပညာကိုလည်း ကျင့်တယ်။ ချစ်သား-ဒီလိုကျင့်ဆဲဖြစ်တဲ့အတွက်ကြောင့် 'သေက္ခ'လို့ ခေါ်ဝေါ် ပြောဆိုရပါတယ်။[၁]

အရိယာ သဒ္ဓါကျတော့ ကောင်းတယ်ဆိုတဲ့ အနက်ကို ဟောပါတယ်။ အရိယာဟာ အာစာရအရိယာ၊ ဒဿနအရိယာ၊ လိင်္ဂအရိယာ၊ ပဋိဝေဓအရိယာလို့ (၄)မျိုးရှိပါတယ်။

၁။ အရိယာတွေရဲ့ အကျင့်တရားမှာ တည်တဲ့သူဟာ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် *အာစာရအရိယာ* မည်ပါတယ်။

၂။ ရုပ်ဆင်းသဏ္ဌာန် အနေနှင့်ပဲ ဖြစ်ဖြစ်၊ လျှောင်း၊ ထိုင်၊ ရပ်၊ သွား၊ ဣရိယာပုထ်(၄)ပါး အနေနှင့်ပဲဖြစ်ဖြစ်၊ ကြည်ညိုစဖွယ် ဂုဏ်နှင့်ပြည့်စုံသူဟာ *ဒဿနအရိယာ* မည်ပါတယ်။

၃။ အဝတ်အရုံအသွင်အပြင် အနေနှင့်တူတဲ့ပုဂ္ဂိုလ်ဟာ သီလ မရှိသူပင် ဖြစ်စေကာမူ *လိင်္ဂအရိယာ* မည်ပါတယ်။

၄။ ဘုရား၊ ပစ္စေကဗုဒ္ဓါနှင့် အရိယာသာဝကတွေကတော့ *ပဋိဝေဓအရိယာ* မည်ပါတယ်။

ဆက်လက်ပြီး သိစေလိုတာကတော့ သတိပဋ္ဌာန်ဘာဝနာနှင့်ပဲ နေရပါမယ်၊ သတိပဋ္ဌာန် ဘာဝနာနှင့်ပဲ သေရပါမယ်။ အကယ်၍ မိမိလိုချင်တဲ့ ပန်းတိုင်ကို မရောက်သေးဘဲနှင့် သေခဲ့ရင် ရှေ့ဘဝ

---

၁။ (၈၆) သေက္ခသုတ္တ၊ တိကနိပါတ၊ အင်္ဂုတ္တရပါဠိ။

ဒီလုပ်ငန်းကိုပဲ ဆက်လုပ်သွားရမယ်။ အလုပ်တန်းလန်းနှင့် လုပ်ငန်းခွင်ထဲမှာ သေတတ်ဖို့ အရေးကြီးတယ်။ ဒါကြောင့် သေတာနှင့် ရှင်တာဟာ သတိပဋ္ဌာန် လုပ်ငန်းစဉ်ကို အနှောင့်အယှက် မဖြစ်ပါဘူး။

အဓိမောက္ခသဒ္ဓါကြောင့် ပြတ်သားတဲ့ ရည်ရွယ်ချက်ရှိလာတဲ့ အခါမှာတော့ ပတ်ဝန်းကျင် လူသားများရဲ့ အမြင်နှင့်တော့ မတူတော့ပါဘူး။ နားလည်ဖို့ရာမှာလည်း သူတို့ ခက်လာကြပါတယ်။ သူတို့က နားမလည်သော်လည်းပဲ မိမိအဖို့ မိမိကိုယ်မိမိ နားလည်ဖို့ မခက်သလို သူတို့ကိုလည်း ပိုပြီး နားလည်ဖို့ မခက်ခဲပါဘူးဘုရား။

ဝတ္ထုကာမော ပရိညေယျော၊ ကိလေသကာမော ပဟာတဗ္ဗော။[၁] အာရုံငါးပါး ကာမဂုဏ်တရားဆိုတဲ့ ဝတ္ထုကာမဟာ ရုပ်ဝတ္ထု ဒုက္ခသစ္စာတရားဖြစ်လို့ ဒါကို ပိုင်ပိုင်နိုင်နိုင် သိဖို့လိုပါတယ်။ အဲဒီ အာရုံငါးပါးမှာ သာယာခင်မင်နှစ်သက် စွဲငြိတတ်တဲ့ ကိလေသာကာမကိုတော့ လောဘတဏှာ  သမုဒယသစ္စာဖြစ်လို့ ပယ်ရမှာ ဖြစ်ပါတယ်။

အပ္ပမာဒတရားဟာ မဖြစ်သေးတဲ့ ကုသိုလ်ကို ဖြစ်စေတတ်တယ်၊ ဖြစ်ပြီးတဲ့ အကုသိုလ်ကို ဆုတ်ယုတ်စေတတ်တယ်။ မမေ့မလျော့တဲ့ ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ ကုသိုလ်တို့လည်း ဖြစ်ကြတယ် ဖြစ်ပြီးသော အကုသိုလ်တို့လည်း ဆုတ်ယုတ်ကုန်ကြတယ်။[၂]

တရားအားထုတ်ဖို့ အခွင့်အရေးက အကြောင်းအကျိုးတွေ ပြည့်စုံသခိုက်မှာမှ ရယူကြရပါတယ်။ အမြဲ အဲဒီလိုအခွင့်အရေးမျိုး မရနိုင်ပါဘူး။

---

၁။ (၁) ကာမသုတ္တနိဒ္ဒေသ၊ မဟာနိဒ္ဒေသ. ၄။
၂။ (၅၉) အစ္ဆရာသင်္ဃာတဝဂ္ဂ၊ ဧကကနိပါတ၊ အင်္ဂုတ္တရပါဠိ။

တေန မေ အဿ ကာလံကိရိယာ၊ သော မမဿ အန္တရာယော၊ ဟန္ဒာဟံ ဝီရိယံ အာရဘာမိ အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကရိယာယ။[၁]

ငါသည် ဘေးအမျိုးမျိုး ရှိတဲ့အနက် တစ်မျိုးမျိုးသော ဘေးကြုံလို့ သေနိုင်တယ်။ ယခုအခါဟာ မရောက်သေးတဲ့ တရားထူးကို ရောက်ဖို့၊ မရသေးတဲ့ တရားထူးကိုရဖို့၊ မျက်မှောက်မပြုရသေးတဲ့ မဂ်ဖိုလ်ကို မျက်မှောက်ပြုဖို့ လုံ့လဝီရိယထားပြီး အားထုတ်မှ ဖြစ်မယ်လို့ စွဲမြဲ နှလုံးသွင်းကာ ကြိုးစား ကြရပါမယ့် အကြောင်း မြတ်ဘုရား မိန့်တော်မူပါတယ်။

*မအိုမီ၊ မနာမီ၊ လူ့လောကမှာ အစာရေစာ မရှားပါးသေးခင် (ထမင်းမငတ်မီ) လူတို့ ညီညွတ်နေတုန်း၊ ကိုးကွယ်တဲ့ ရဟန်းတို့ ညီညွတ်နေတုန်း အချိန်အခါကောင်းမှာ မရသေး၊ မရောက်သေး၊ မျက်မှောက်မပြုရသေးတဲ့ မဂ်ဖိုလ်ကို ရအောင် ရောက်အောင် မျက်မှောက်ပြုနိုင်အောင် မမေ့မလျော့ မပေါ့မဆဘဲ လုံ့လ ဝီရိယ ပြင်းစွာထားပြီး အားထုတ်ဖို့ စိတ်ကိုပြဋ္ဌာန်းပြီး ကြိုးစားရပါမယ်။*[၂]

ဒီလိုသာသနာနှင့် ဒီလိုအခွင့်အရေးမျိုး နောက်တစ်ခါရဖို့ မလွယ်ကူတော့ပါဘူး။ ဘဝအာမခံ ရှိထားရင်တော့ အကြောင်းမသင့်လို့ ကျွတ်တမ်း မဝင်သေးရင်တောင် သာသနာမကွယ်ရာ ဘုံဌာနကို ရောက်ရှိပြီး လိုအပ်တဲ့တရား ဆက်ဖြည့်ကျင့်နိုင်ပါသေးတယ်။

သုဒ္ဓါဝါသ ပြဟ္မာဘုံရဲ့ ငါးဘုံမြောက် အထက်ဆုံး အကနိဋ္ဌ ဘုံရဲ့ သက်တမ်းဟာ ကမ္ဘာပေါင်း (၁၆၀၀၀) ရှည်လျားပါတယ်။

၁။ (၇၇) ပဌမအနာဂတဘယသုတ္တ၊ ပဉ္စကနိပါတ၊ အင်္ဂုတ္တရပါဠိ။
၂။ (၇၈) ဒုတိယအနာဂတဘယသုတ္တ၊ ပဉ္စကနိပါတ၊ အင်္ဂုတ္တရပါဠိ။

ကမ္ဘာပေါ်မှာ ပွင့်တော်မူပြီးတဲ့ မြတ်စွာဘုရားရှင်များအနက် လွန်ခဲ့တဲ့ ကမ္ဘာပေါင်း သုံးသောင်းကျော်အထက်က မဏ္ဍကမ္ဘာမှာ ပွင့်တော်မူခဲ့တဲ့ ဘုရားရှင်ရဲ့ နောက်ပိုင်းဘုရားများရဲ့ သာသနာတော်ဟာ ပြဟ္မာဘုံမှာ မကွယ်သေးပါဘူး။

ဒီကမ္ဘာမှာ ပွင့်တော်မူပြီးတဲ့ ကဿပမြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရားနှင့် ကကုသန်မြတ်စွာဘုရား အပါအဝင် ရှေးက ပွင့်တော်မူပြီးဖြစ်တဲ့ တစ်ကျိပ်ကျော် မြတ်စွာဘုရားရှင်များရဲ့ သာသနာတော်ဟာ ဤကမ္ဘာမြေမှာ မရှိတော့သော်လည်း ရှိနိုင်တဲ့ ဘုံဌာနတွေမှာ ရှိပါသေးတယ်။

သာသနာတော်ဆိုတာ မကွဲပြားပါဘူး။ ပွင့်ခဲ့ပြီးသမျှ မြတ်စွာဘုရားရှင်တိုင်းလည်း ယခု မိမိတို့ ရှုပွားအားထုတ်နေတဲ့ ဥပါဒါနက္ခန္ဓာငါးပါးတို့ရဲ့ ဖြစ်ပြီးပျက်၊ ပေါ်ပြီးပျောက် ပြောင်းလဲ ဖောက်ပြန်တာကိုပဲ ဟောကြား သွန်သင် ဆုံးမတော်မူတာပါပဲ။

အထ ခေါ ဘိက္ခဝေ ဝိပဿီ ဗောဓိသတ္တော အပရေန သမယေန ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာနုပဿီ ဝိဟာသိ။[၁]

ရဟန်းတို့ ထိုအခါ နောက်ပိုင်းအချိန်၌ ဝိပဿီဘုရားလောင်းသည် စွဲလမ်းရာဖြစ်သော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အဖြစ်အပျက်ကို ရှုလျက်နေ၏။

ချမ်းသာနှင့် ပတ်သက်လို့ သိစေချင်ပါသေးတယ် လောကမှာ ချမ်းသာတွေ ရှိကြပါတယ်။ ကာမအာရုံကြောင့် ချမ်းသာတာလည်း သတ္တဝါတွေမှာ ချမ်းသာလို့ပဲ ခံယူ သိရှိကြပါတယ်။ ဒါက လူတိုင်းသိတဲ့ ချမ်းသာအတု၊ အနှစ်မဲ့ ချမ်းသာပါ။

၁။ (မြ၃) ဗောဓိသတ္တအဘိနိဝေသ၊ မဟာပဒါနသုတ္တ၊ မဟာဝဂ္ဂပါဠိ။

သမာဓိကြောင့် စိတ်စူးစိုက်နစ်မျောတဲ့ ဈာန်ချမ်းသာက လည်းပဲ ချမ်းသာပါပဲ။ သတ္တဝါ အနန္တကို ချမ်းသာစေလိုတဲ့စိတ်၊ ငြိမ်းချမ်းစေလိုတဲ့စိတ်၊ ပျော်ရွှင်စေလိုတဲ့စိတ်နှင့် အရပ် လေး မျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာကို ဖြန့်ကျက်ကာ အဆုံးအစမရှိ မေတ္တာစိတ် ပို့လွှတ်ရတာလည်း ချမ်းသာပါတယ်။ စိတ်ကို ကြည်လင်ချမ်းမြေ့စေပြီး ငြိမ်းအေးစေတဲ့ ဂုဏ်သတ္တိရှိပါတယ်။

သဘာဝတရားကို သဘာဝတရားလို့ အမှန်ကို အမှန်အတိုင်း ရှင်းရှင်းလင်းလင်း မှန်မှန်ကန်ကန် ဉာဏ်နှင့် ထိုးဖောက်ပြီး သိတဲ့ အရာမှာလည်း ချမ်းသာတာပါပဲ။ ဉာဏ်အဆင့်လိုက် ဉာဏ် အဆင့်လိုက် ချမ်းသာမှုလည်း အဆင့်ဆင့် မြင့်တက်သွားပါတယ်။ ကိလေသာ အနှောင်အဖွဲ့တို့မှ လွတ်မြောက်တဲ့ ဝိမုတ္တိချမ်းသာ ကတော့ အမြင့်မြတ်ဆုံးချမ်းသာ ဖြစ်ပါတယ်။

ယခုဘဝမှာပင် အမြင့်မြတ်ဆုံး ချမ်းသာသုခကို ဒါယိကာ မကြီး ရရှိ ခံစားနိုင်ပါစေ။

မေတ္တာတရားဖြင့်
ဆရာတော်
ရက်စွဲ-၁၉၈၉ ခု၊ အောက်တိုဘာလ (၂၅)ရက်။

**ရှိသေးလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဆရာတော်ဘုရား။**

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးကာလမှာ သိကြားမင်း လျှောက်ထားတဲ့ ဂါထာတစ်ပုဒ်ကို အင်္ဂလိပ်လို ဘာသာပြန်ထားတာ ဖတ်ရပါတယ်ဘုရား။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။[၁]

ပြုပြင်စီရင်အပ်သော “သင်္ခါရ”တရားတို့သည် မမြဲကုန်စွ တကား။ ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိကုန်၏။ ဖြစ်ကုန်ပြီး၍ ချုပ်ပျက်ကုန်၏။ ထိုသင်္ခါရတရားတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန် သည်သာ ချမ်းသာပေလိမ့်မည်တကား။

အဲဒါကို တပည့်တော် (၁၅)ကြိမ်ခန့် ဖတ်မိပါတယ်ဘုရား။ အလွန်ပဲ ကြည်နူးမိပြီးတော့ ဘုရားဟောပါဠိတော်ကို နှုတ်ငုံ ကျက်မှတ် ထားလိုက်ပါတယ်ဘုရား။ ဒီဂါထာပေါ်မှာပဲ စိတ်က ညွတ်နေပါတယ်။ တပည့်တော်စိတ်က တစ်ခြားကို မထွက်တော့ ပါဘူး။ ဂါထာကပဲ တပည့်တော်စိတ်ကို တစ်နေ့လုံး ဖုံးလွှမ်းပြီး တော့မှ နေပါတော့တယ်။

*အားလုံးဟာ ဆင်းရဲတဲ့သဘောတွေ ပေါ်ပြီးပျောက် ဖြစ်ပေါ် လာပြီး ချုပ်တဲ့သဘောဆိုတာကို နက်နက်နဲနဲ သိလာပြီးတော့ ညမှာသာမက ဒီကနေ့ထိတောင် စိတ်ထဲမှာ စွဲထင်ပြီးတော့မှ ဘယ်အာရုံပဲ ကြုံကြုံ ပျက်စီးတတ်တဲ့၊ ပြောင်းလဲတတ်တဲ့၊ မမြဲတဲ့ သင်္ခါရ သဘောတရားမျှပဲဆိုတာ အလိုလို သိနေတော့တယ်။ ဝိပဿနာကို ထူးထူး ခြားခြား ရှုနေရတာလည်း မဟုတ်တော့ပါဘူး။*

---

၁။ (၂၂၁) မဟာပရိနိဗ္ဗာနသုတ္တ၊ မဟာဝဂ္ဂပါဠိ။

အလွန်ရိုးတဲ့ခမ္မ အလွန်ရိုးတဲ့တရားကို ရိုးရိုးလေးပဲ သိလိုက်ရတာပါဘုရား။ သို့သော် တရားက အလွန်နက်နဲလွန်းပြီး ဉာဏ်ထဲရှင်းပြီးနေပါတယ်။ တပည့်တော် စကားလုံး ဝေါဟာရဖြင့် ဤမျှသာ လျှောက်တတ်ပါတယ်ဘုရား။ သို့သော် ဤလျှောက်ထားချက်က တပည့်တော်သိရှိတာ အားလုံးကို ကိုယ်စား မပြုနိုင်သော်လည်း ဘုရားတပည့်တော်မှာ ပညတ်တင်ရန် စကားလုံးဝေါဟာရ ရှားပါးလှပါတယ်ဘုရား။

ဆက်လက်လျှောက်ထားပါမည်ဘုရား။ ဒီစာအုပ်တစ်အုပ်ဖတ်သင့် မသင့် ဆုံးဖြတ်ခဲ့ဖူးပါတယ်။ ဒီခရီး သွားသင့် မသင့်လည်း ဆုံးဖြတ်ခဲ့ဖူးပါတယ်။ ဒီအလုပ် လုပ်သင့်မသင့်လည်း ဆုံးဖြတ်ခဲ့ဖူးပါတယ်။ ဒီစကားပြောသင့် မသင့်ဘူးဆိုတာကို အလိုလိုပဲ သတိဉာဏ်ကနေပြီးတော့မှ ဆုံးဖြတ်ပေးပါတယ်။ မပြောသင့်တာ မပြောဖြစ်တော့ဘူး။ မပြောသင့်တာကို မပြောတော့တာနှင့်ပဲ စိတ်ထဲမှာ ဝန်ထုပ်ဝန်ပိုး ပေါ့ပါးလာတယ်။

အခုနည်းနည်း ပိုရိပ်မိလာပါတယ်ဘုရား။ တွေးသင့် မသင့် ဆုံးဖြတ်တတ်လာတယ်။ စိတ်ထဲကို ပူလောင် ပင်ပန်းစေမဲ့အကြောင်းအရာတွေကို မတွေးတော့ဘူး။ ကမ္မဋ္ဌာန်း အားထုတ်လာတဲ့ အခါမှာတော့ ဒီသဘောလေးတွေ နည်းနည်း ပိုမြင်လာပါတယ်ဘုရား။

ခန္ဓာပရမတ်ကို သိရှိနိုင်လောက်တဲ့ ဝီရိယက ထင်ထားတာထက် လျှော့နည်းတယ်ဆိုတာကို နားလည်လာပါတယ်။ ယခင်အားထုတ်ခဲ့တဲ့ ဝီရိယထက် အမှန်တကယ် လိုအပ်တဲ့ ဝီရိယက နည်းတယ်ဆိုတာကို သဘောပေါက်လာတာပါဘုရား။

ဆက်လက် လျှောက်ထားခွင့် ပြုပါဘုရား။ ဘုရားတပည့်တော်ရဲ့ ခန္ဓာဝန်ကြီးက ရောဂါဘယကြောင့် ပင်ပန်းဆင်းရဲ လှပါတယ်ဘုရား။ ရံခါနှလုံးခုန်မှု (Heart beat)က ရံခါ တစ်မိနစ်ကို (၉၀) ကျော်ထိ ခုန်နေလို့ မောပန်းပါတယ်။ ဘေးကမြင်ရရင် တပည့်တော်ရုပ်ကြီးက အားမရစရာကြီးပဲဘုရား။ ကမ္မဋ္ဌာန်းနှလုံးသွင်းပြီးနေပါတယ်ဘုရား။ ရုပ်ဓမ္မ နာမ်ဓမ္မတွေကို နှလုံးသွင်းပြီးတော့ အချိန်အတန်ကြာ နေပြီးရင်တော့ အကောင်း ပကတိပမာ အားတွေရှိလာပါတယ်။ စင်္ကြံလည်း လျှောက်နိုင်လာပါပြီ။ တရားစာလည်း ဖတ်နိုင်လာပါပြီ။ တရားစကားတွေလည်းပဲ ပြောနိုင်ပါပြီ။ ဘယ်က အားတွေ ရလိုက်တာပါလဲ။ ဓမ္မစွမ်းအားတွေပဲလို့ ယုံကြည်ပါတယ်ဘုရား။ ဓမ္မသတ္တိတွေပါပဲဘုရား။ အံ့သြစရာ ကောင်းလောက်အောင် အံ့သြပြီးရင်း အံ့သြနေရပါတယ်ဘုရား။

အသိသတိတွေ ဆက်နေပါတယ်။ ဒီနေ့မနက်က တရားထိုင်နေပါတယ်ဘုရား။ ရင်ထဲကြည်လင်ပေါ့ပါးနေပါတယ်ဘုရား။ ငြိမ်းချမ်းနေပါတယ်ဘုရား။ ပြီးတော့လည်း အရာရာ ညီညွတ်မျှတ နေပါတယ်ဘုရား။ ရုပ်နာမ်ဓမ္မလည်း ထင်ရှားနေပါတယ်။ နှလုံး ခုန်နှုန်းလည်း အလွန်ပဲညင်ညင်သာသာ ဖြစ်နေပါတယ်ဘုရား။ (Heart beat) က တစ်မိနစ်ကို (၅၀) ကျော်ကျော်ပဲ ရှိမယ်ထင်ပါတယ်။ ခန္ဓာရဲ့ ပြင်ပမှာပါ အေးစိမ့်လာပါတယ်ဘုရား။

ဥပါဒါနခန္ဓာရဲ့ ပေါ်ပြီးပျောက် ဖြစ်ပေါ်လာပြီးချုပ်နေတာတွေလည်း ထင်ရှားနေပါတယ်။ တဒင်္ဂခြင်း တဒင်္ဂခြင်း အသိတွေ ဆက်နေပါတယ်။ သိတာက ဒုက္ခသစ္စာ၊ ပယ်တာက သမုဒယသစ္စာ

ဆိုက်တာက နိရောဓသစ္စာ၊ ရှုပွားနေတာက မဂ္ဂသစ္စာ ပြည့်စုံနေပါတယ်ဘုရား။ တဒင်္ဂချင်း နိရောဓ ဆိုက်ရောက်နေပါတယ်ဘုရား။ တဒင်္ဂချင်း နိရောဓနှင့် အမြဲနိရောဓတို့သည် ဓမ္မရဲ့ သတ္တိချင်း တူတူပဲ၊ သဘောပဲ ကွာတယ်လို့ ဆရာတော်ဆုံးမမှုကို တပည့်တော် ပို၍ သဘောပေါက် လာပါတယ်ဘုရား။ တရားရှုမှတ်မှု လမ်းစဉ်မှာ မှားရင်လည်း တပည့်တော်ကို ခွင့်လွှတ်သည်းခံပေးတော်မူပါဘုရား။ လမ်းညွှန်ဆုံးမ ပေးတော်မူပါဘုရား။ ဒီဘဝ ဒီအိုမင်းနေတဲ့ ခန္ဓာကို ကြုံကြိုက်ခဲလှတဲ့ သာသနာ အကျိုးအတွက်ပဲ အရင်းအနှီးပြုကာ အသုံးပြုလိုပါတယ်ဘုရား။

တပည့်တော်မဘဝရဲ့ အားထားရာ၊ လဲလျောင်းရာ၊ မှီခိုရာ၊ ကိုးကွယ်ရာ၊ ဆည်းကပ်ရာဟာ ဒီသီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာပဲ ဖြစ်ပါတယ်ဘုရား။

ရိုသေလေးမြတ်စွာဖြင့်
ဒါယိကာမ
ရက်စွဲ-၁၉၈၉ ခု၊ အောက်တိုဘာလ (၂)ရက်။

## နိဂုံး

အရိယာတပည့်သာဝက တရားအသိသတိရှိတဲ့ လူလိမ္မာလည်း လောကရဲ့ ကိစ္စရပ်တွေကို လုပ်ပါတယ်။ တရားအသိမရှိတဲ့ ဗာလ လူမိုက်ပုထုဇဉ်ကလည်း လောကရဲ့ ကိစ္စတွေကို ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တာချင်း ပြုလုပ်တာချင်းကတော့ အတူတူပါပဲ။ ဒါပေမယ့် ထားတဲ့စိတ်စေတနာ သဘောထားအမြင်က ကွာခြားလွန်းလှပါတယ်။

ဗာလလူမိုက်က အတ္တနှင့် တွေးတယ်၊ ပြောတယ်၊ လုပ်တယ်။ တရားအသိသတိရှိတဲ့ လူလိမ္မာပညာရှိက အနတ္တသဘောကို နားလည်တယ်။

အန္ဓဗာလလူမိုက်က တည်တံ့ခိုင်မြဲတဲ့ နိစ္စအနေနှင့် တွေးတယ်၊ ပြောတယ်၊ လုပ်တယ်။ လူလိမ္မာကတော့ သူ့သဘာဝအတိုင်း၊ အမှန်အတိုင်း အနိစ္စနှင့် တွေးတတ်၊ ပြောတတ်၊ လုပ်တတ်ပါတယ်။

လူမိုက်ကတော့ သုခအနေနှင့်ပဲ တွေးတတ်တယ်၊ ပြောတတ်တယ်၊ လုပ်တတ်တယ်။ လူလိမ္မာက သူ့သဘောဝ အမှန်အတိုင်းဒုက္ခကို လက်ခံပြီးတော့မှ တွေးတတ်တယ်၊ ပြောတတ်တယ်၊ လုပ်တတ်တယ်။

လုပ်ကိုင် ဆောင်ရွက်တာကတော့ အတူတူပါလို့ ထင်စရာ ရှိပါတယ်။ ဒါပေမယ့် စိတ်သဘောထားက ဝေးကွာလွန်းပါတယ်။ ဒါကို ဘေးကကြည့်ပြီး ဝေဖန်ဖို့တော့ အလွန်ပဲ ခက်ခဲပါတယ်။

ဘဝမှာ တရားအသိသတိရှိတဲ့ လူလိမ္မာလည်း ကဲ့ရဲ့ပြစ်တင်မှုတွေခံရတာ ရှိတတ်တာပဲ။ ဗာလလူမိုက်မှာလည်း ကဲ့ရဲ့ပြစ်တင်မှု

ခံရတာတွေ ရှိတတ်တာပဲ။ ဒါပေမယ့် တရားအသိရှိတဲ့ လူလိမ္မာနှင့် ဗာလလူမိုက်တို့ရဲ့ တုန့်ပြန်မှုက ကွာလွန်းပါတယ်။ လူမိုက်က ဒေါသ၊ အာဃာတ၊ မာန်မာနတွေနှင့်ပဲ တုန့်ပြန်တတ်ပါတယ်။ လူလိမ္မာကတော့ အမောဟဉာဏ်နှင့် ယှဉ်ပြီး အဒေါသမေတ္တာနှင့် တုန့်ပြန်တတ်ပါတယ်။

အပြစ်တင်ခံရတာကတော့ အတူတူပါပဲ။ လူလိမ္မာလည်း အပြစ်တင်ခံရတတ်တယ်၊ လူမိုက်လည်း အပြစ်တင်ခံရတယ်။ စိတ်နေ သဘောထားတွေ ကွာလို့ တုန့်ပြန်မှုကြတော့ ကွာဟလွန်းတာပါ။

အဲ့ဒါကို လူလိမ္မာက သေသေချာချာ သိတယ်။ လူမိုက်ကတော့ လုံးလုံးမသိပါဘူး။ အန္ဓဗာလလူမိုက်က သူ့မှာ ဒေါသ၊ အာဃာတ၊ မာန်မာနတွေ ဖြစ်တာကိုပဲ ဖြစ်သင့်တယ်၊ ဖြစ်ထိုက်တယ်၊ ဖြစ်ကောင်းတယ်လို့ တလွဲယူတယ်။ ရန်ငြိုးထားရတာကိုပဲ ထားသင့်တယ်၊ ထားထိုက်တယ်၊ ထားကောင်းတယ်လို့ တလွဲယူတယ်။ ဒါကြောင့် ဒီဘဝ စုတေသေလွန်ပြီးတဲ့ နောက်ပိုင်းမှာလည်းပဲ သူတို့ စိတ်တွေနှင့် ထိုက်တန်တဲ့ အကျိုးတွေရကြမှာပါ။ ဗာလလူမိုက်က သူ့စိတ်နှင့် ထိုက်တန်တဲ့ ဘုံဘဝကို ရောက်ရပါတယ်။

အန္ဓဗာလပုထုဇဉ် လူမိုက်ကလည်း ခန္ဓာကိုယ်နှင့် စပ်လျဉ်းပြီး သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကို ခံစားတယ်။ အရိယာတပည့်သာဝက တရားအသိအမြင်ရှိတဲ့ လူလိမ္မာပုဂ္ဂိုလ်ကလည်း သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတွေကို ခံစားတယ်။

ဘာများ ကွာခြားပါသလဲဆိုရင် အသိအမြင်မရှိတဲ့ လူမိုက်

ကတော့ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ကိလေသာတွေနှင့် ယှဉ်ပြီး တော့မှပဲ ခံစားတယ်။ တရားအသိအမြင်ရှိတဲ့ လူလိမ္မာပုဂ္ဂိုလ်ကျတော့ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ကိလေသာနှင့် မခံစားတော့ဘူး။ အဲဒါ လူလိမ္မာနှင့် လူမိုက်တွေရဲ့ ထူးခြားမှုပါ၊ ကွာဟချက်ပါပဲ။

*ဗာလလူမိုက်ကတော့ ဆင်းရဲမှ လွတ်မြောက်ရာဆိုတာ ကာမဂုဏ်ချမ်းသာပဲ ရှိတယ်လို့ ထင်ထားတယ်။ တရားအသိအမြင်ရှိတဲ့ လူလိမ္မာကတော့ ကာမဂုဏ်ချမ်းသာသည်ကား ဆင်းရဲဒုက္ခ လွတ်မြောက်ရာ မဟုတ်ဘူး။ ဆင်းရဲလွတ်မြောက်ရာနှင့် ကာမဂုဏ်ချမ်းသာတို့ဟာ တစ်ခြားစီဆိုတာ သိတဲ့အပြင် ကာမဂုဏ်ချမ်းသာရဲ့ အပြင်ဘက်မှာသာ ဆင်းရဲ လွတ်မြောက်ရာ ရှိတယ်ဆိုတာကို သေသေချာချာ သိပါတယ်။*

သူက ဝေဒနာတို့ရဲ့ဖြစ်ကြောင်း (သမုဒယ)ကိုလည်း သိတယ်။ ချုပ်ကြောင်းကိုလည်း သိတယ်။ သာယာဖွယ် (အဿာဒ) ကိုလည်း သိတယ်။ အပြစ် (အာဒီနဝ)ကိုလည်း သိတယ်။ လွတ်မြောက်ရာ ထွက်မြောက်ရာ (နိဿရဏ)ကိုလည်း သိတယ်။[၁]

လူမိုက်က ကောင်းကောင်းစားရ၊ ကောင်းကောင်းဝတ်ရ၊ ကောင်းကောင်းနေရတာကိုပဲ ဘဝရဲ့ အလွန်ကြီးကျယ်တဲ့ ချမ်းသာကြီးလို့ထင်ပြီး ထွေးထွေးပိုက်ပိုက် မြတ်မြတ်နိုးနိုး တန်ဖိုးထားတတ်တယ်။ သို့သော် အကြောင်းကြောင်းကြောင့် သူ ယုယုယယ မြတ်မြတ်နိုးနိုး သိမ်းပိုက်ထားတဲ့ အဲ့ဒီ(ဝတ္ထုကာမ) ကောင်းကောင်းတွေ ဆုံးရှုံး လက်လွှတ်လိုက်ရရင်တော့ အလွန့်အလွန် ပူပင်ဆင်းရဲ

၁။ (၂၅၄) သလ္လသုတ္တ၊ ဝေဒနာသံယုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။

ဝမ်းနည်း ကြေကွဲပါတော့တယ်။

ဒါပေမယ့် တရားအသိသတိရှိတဲ့ လူလိမ္မာပုဂ္ဂိုလ်ကတော့ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ သဘောတရားတွေဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကွဲကွာရမှာက ဓမ္မတာပဲ။ ခွဲခွာရမှာက နိယာမပဲ။ ကွေကွင်းရမှာက သဘာဝပဲဆိုတာကို သုတမယ (Knowledge)အသိ၊ စိန္တာမယ (Intellectual)အသိနှင့်ရော၊ ဘာဝနာမယ (Experience) အသိတွေနှင့်ပါ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာ ပြတ်ပြတ်သားသား သိထားပါတယ်။

ဒါကြောင့် ကောင်းတဲ့သဘောတရားဖြစ်စေ၊ မကောင်းတဲ့ သဘောတရားဖြစ်စေ၊ ဒီထက်မပိုပါဘူး၊ (Just that much)လို့ သိထားတဲ့ အရိယာတပည့် လူလိမ္မာဖို့ ဝမ်းသာဝမ်းနည်းဖြစ်စရာ မရှိတော့ပါဘူး။

ဗာလလူမိုက်က ဆန်ကောင်းကောင်း၊ ဟင်းကောင်းကောင်း နှင့် ထမင်းဟင်း ကောင်းကောင်းစားရတာကိုပဲ ငါ့ဘဝ အရတော် လှတယ်လို့ထင်ပြီး မာန်ဝင့်တတ်တယ်။ အကြောင်းကြောင်းကြောင့် ဆန်ကြမ်း ဟင်းကြမ်း စားရတဲ့အခါမှာတော့ 'ငါ့ဘဝ အရမတော်လေစွ၊ ဖြစ်မှ ဖြစ်ရပလေ'ဆိုပြီး ဝမ်းနည်းပူဆွေးကာ သောကကြီးစွာ ဖြစ်ပါတော့တယ်။

ဒါပေမယ့် လူလိမ္မာကတော့ ဆန်ကောင်းဟင်းကောင်းနှင့် စားရတဲ့အခါဖြစ်စေ ဆန်ကြမ်းဟင်းကြမ်းနှင့် စားရတဲ့အခါမှာဖြစ်စေ လျှာပေါ်မှာ အရသာကွာမှာ ဖြစ်သော်လည်း ရသတဏှာရဲ့သဘောကို သိထားလို့ စိတ်ထဲပင်ပန်းဆင်းရဲမှုတော့ မဖြစ်ပါဘူး။ ဘာဖြစ်လို့ လဲဆိုတော့ လူလိမ္မာက ဒါဒီမျှပဲ၊ ဒီထက်မပိုဘူး (Just that much)

ဆိုတာသိထားလို့ပါပဲ။

လူမိုက်သော်လည်းကောင်း၊ တရားအသိသတိရှိတဲ့ လူလိမ္မာသော်လည်းကောင်း၊ ဖဲမွေ့ယာပေါ်မှာ အိပ်ရရင်တော့ ချမ်းချမ်းသာသာ အိပ်ရမှာပါပဲ။ ဗာလလူမိုက်ကတော့ ဒါကိုပဲ အလွန်နှစ်သက်သာယာကာ သဘောကျနေတတ်ပြီး ခိုင်တယ်၊ မြဲတယ် အနေနှင့် ယူတော့ မှာပါ။ အရိယာတပည့်ကတော့ သဘောကျငြိတွယ်နေမှာ မဟုတ်ပါဘူး။ တစ်ညတာ လွန်မြောက်အောင်သာ တရားအသိသတိနှင့် နေလိုက်တော့မှာပါ။

အကယ်၍ သူတို့နှစ်ဦးစလုံး ကောက်ရိုးပုံပေါ်မှာ တစ်ညတာ အိပ်ရရင်တော့ လူမိုက်ဟာ ယူကြုံးမရ ဖြစ်ပြီးတော့ သူ ဖဲမွေ့ယာပေါ်မှာ အိပ်ခဲ့ရတာကို တမ်းတမ်းတတဖြစ်ပြီး ပူဆွေးဝမ်းနည်းကာ "ငါ့ဘဝ အဖြစ်ဆိုးလေခြင်းလို့" မြည်တမ်းပြီး သောကပရိဒေဝ ဖြစ်တော့မယ်။ အရိယာတပည့်သာဝက လူလိမ္မာကတော့ ဒီကောက်ရိုးပုံပေါ်မှာပဲ တစ်ညတာ လွန်မြောက်အောင်သာ တရားအသိနှလုံးသွင်းကာ နေမှာပါပဲ။ ကောက်ရိုးကြောင့် ခန္ဓာကိုယ်ပေါ်မှာ ပင်ပန်းဆင်းရဲမှုရှိမှာ ဖြစ်နိုင်သော်လည်း စိတ်ကတော့ ပင်ပန်းမှာ မဟုတ်တော့ပါဘူး။ ဘာကြောင့်လဲဆိုရင် ဒါဟာ သည်မျှသာပဲဆိုတာ သိထားလို့ပါ။

အကယ်၍ သူတို့နှစ်ဦး နူးညံ့တဲ့အဝတ်တွေ ဝတ်ရရင် ခန္ဓာကိုယ် ချမ်းသာပြီး၊ ဖျင်ကြမ်းကို ဝတ်ရရင်တော့ ခန္ဓာကိုယ် ပင်ပန်းမှု နှစ်ဦးစလုံးမှာ ရှိကြမှာပါပဲ။ ဒါပေမယ့် လူမိုက်ကတော့ အဝတ်အနူးအညံ့တွေ ဝတ်ရတာကို ဝမ်းသာ နှစ်သက်အားရကာ

သဘောကျပြီးတော့ ဖျင်ကြမ်းဝတ်ရရင် ရင်ထုမနာဖြစ်ကာ ဝမ်းနည်းပူဆွေးတော့မှာပါ။ တရားအသိ သတိရှိတဲ့ အရိယာသာဝက လူလိမ္မာပုဂ္ဂိုလ်ကတော့ နူးညံ့တဲ့အဝတ်ပေါ်မှာ စွဲလမ်းသာယာမှု ရှိနေမှာမဟုတ်တော့ ပါဘူး။ ဖျင်ကြမ်းအဝတ်လည်းပဲ အချမ်းအပူ မှက်၊ ခြင် အန္တရာယ် လုံဖို့သာ ပဓာနပဲဆိုတာကို သိထားလို့ပါ။[၁]

ရာဂရှိတဲ့ လူမိုက်က လောဘတဏှာနှင့်ပဲ အာရုံတွေကို ခံစားတတ်တယ်။ ရာဂကင်းပြီးသူ၊ တရားအသိရှိတဲ့ လူလိမ္မာကတော့ လောဘတဏှာမပါပဲ အာရုံတွေကို အာရုံမျှပဲလို့ ခံစားတတ်တယ်။ တရားအသိမရှိတဲ့ ဗာလလူမိုက်က ဖြစ်လာတဲ့ လောကဓံရဲ့ မမြဲမှု၊ ဆင်းရဲမှု ဖောက်ပြန်ပျက်စီးရတဲ့ သဘောရှိတတ်တာကို မဆင်ခြင်တတ်ပါဘူး။ ဒါကြောင့် သူရဲ့စိတ်မှာ လောကဓံရဲ့ လွှမ်းမိုးဖိစီးမှုတွေကို အလူးအလိမ့် ခံရတတ်ပါတယ်။ အကောင်းလောကဓံနှင့် တွေ့ကြုံရတဲ့အခါ ကောင်းသည့် အားလျော်စွာ ခြေတကြွကြွနှင့် ပျော်တတ်ပြီး အဆိုးလောကဓံနှင့် တွေ့ကြုံရတဲ့အခါမှာတော့ နှလုံးကြေကွဲ ယူကြုံးမရ စိတ်ဆင်းရဲတတ်ပါတယ်။

တရားအသိသတိရှိတဲ့ အရိယာသာဝက လူလိမ္မာကတော့ လောကဓံရဲ့ မမြဲမှု၊ ဆင်းရဲမှု၊ ဖောက်ပြန်ပျက်စီးတတ်တဲ့ သဘောရှိမှုတွေကို ဆင်ခြင် နှလုံးသွင်းတတ်ပါတယ်။ ဒါကြောင့် လောကဓံတရားက သူတို့ရဲ့စိတ်ကို မလွှမ်းမိုးနိုင်ပါဘူး။ အကောင်းလောကဓံနှင့်ကြုံလည်း ကောင်းသည့်အားလျော်စွာ ခြေတကြွကြွနှင့် မပျော်တတ်သလို အဆိုးလောကဓံနှင့် ကြုံရတဲ့ အခါမှာလည်း နှလုံးကြေကွဲ

---

၁။ သတိဝဂ္ဂ၊ မိလိန္ဒပဉှာပါဠိ။

၂။ (၈) ဒု-လောကဓမ္မသုတ္တ၊ အဋ္ဌကနိပါတ၊ အင်္ဂုတ္တရပါဠိ။

*စိတ်ဆင်းရဲမှု ဖြစ်စရာ မရှိပါဘူး။*[၂]

အကြင်သူသည် အမျက်ထွက်တတ်၏။ ရန်ငြိုးလည်း ဖွဲ့တတ်၏။ ယုတ်မာလျက် ကျေးဇူးကိုလည်း ချေဖျက်တတ်၏။ ပျက်သောအယူလည်း ရှိ၏။ ကောက်ကျစ်စဉ်းလဲတတ်၏။ ထိုသူကို သူယုတ်ဟု သိရာ၏။

အမျက်လည်း မထွက်တတ်၊ ရန်ငြိုးလည်း မဖွဲ့တတ်၊ စင်ကြယ်၏။ စင်ကြယ်သည့် အဖြစ်သို့လည်း ရောက်၏။ ကောင်းသော အဖြစ်သို့ ရောက်သောအယူလည်း ရှိ၏။ ပညာလည်း ရှိ၏။ ထိုသူကို သူမြတ်ဟု သိရာ၏။[၁]

ဆရာတော်ဘုရားကြီးထံတော်ပါး ရောက်ရှိစဉ် ဒါယိကာမ လျှောက်ကြားကာ မှတ်တမ်းတင်ထားခဲ့သည့် မေတ္တာကမ္မဋ္ဌာန်း ရှုပွားနည်းဆိုင်ရာ မေးခွန်း (၁၈)ပုဒ်၊ ဆရာတော်ဘုရား၏ အဖြေတို့ကို မူလ (File)မှ စုစည်း၍ ဖော်ပြလိုက်ပါသည်။

---

၁။ (၁၅၀) ဘဝဒိဋ္ဌိ ဝိဘဝဒိဋ္ဌိနိဒ္ဒေသ၊ ဒိဋ္ဌိကထာ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိ။

**ဒါယိကာမမှ လျှောက်ထားခြင်း–**

*မေတ္တာပို့တာနဲ့ မေတ္တာဘာဝနာ ပွားတာတို့ဟာ အတူတူပဲ ဖြစ်ပါသလားဘုရား။ အရှေ့က သတ္တဝါတွေ ဘေးရန် ကင်းကြ ပါစေ၊ ချမ်းသာကြပါစေ၊ လန်းဖြာကြပါစေ၊ အနောက်အရပ်က သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ ချမ်းသာကြပါစေ၊ လန်းဖြာကြပါစေ စသည် အားဖြင့် မေတ္တာပို့ပါတယ်။ ဒါကို မေတ္တာ ဘာဝနာပွားတယ်လို့ ဆိုနိုင်ပါသလား ဆရာတော်ဘုရား။*

**ဆရာတော်မှ ပြန်ကြားခြင်း–**

တစ်ဖက်သား ချမ်းသာစေလိုတဲ့ စိတ်တွေ၊ ကောင်းစားစေလိုတဲ့ စိတ်တွေ၊ ဘေးရန်ကင်းစေလိုတဲ့ စိတ်တွေ *အကြိမ်ကြိမ် အထပ်ထပ် အဖန်ဖန်ဖြစ်စေတာကို မေတ္တာဘာဝနာလို့ ဆိုနိုင်ပါတယ်။*

အဲဒီလို ချမ်းသာကောင်းစားပြီး ဘေးရန်ကင်းစေလိုတဲ့ စိတ်တွေပွားအောင် များအောင် *အကြိမ်ကြိမ် အဖန်ဖန် ပြုလုပ်နေတာကိုတော့ မေတ္တာဘာဝနာ ပွားတယ်လို့ ဆိုနိုင်ပါတယ်။* စိတ်ရဲ့ အပေါ်ယံပိုင်းကနေ ပွားနေရုံမျှ မဖြစ်စေဘဲ မိမိစိတ်ရဲ့ အတွင်းပိုင်း အနက်ရှိုင်းဆုံးကနေ မေတ္တာပွားရင် မေတ္တာအင်အား စူးရှထက်မြက်လာမှာဖြစ်တယ်၊ *နှုတ်ကနေ သာမန်ရွတ်ဆိုရုံမျှနဲ့တော့ မေတ္တာဘာဝနာပွားတယ် မမည်သေးပါဘူး။*

* *မေတ္တာပွားရမည့် စကားလုံးဝေါဟာရများကိုလည်း ရှင်းလင်းလွယ်ကူစွာ သိလိုပါတယ်ဘုရား။*

** မေတ္တာပွားရမှာကတော့

“အဝေရာ ဟောန္တု။

အဗျာပဇ္ဈာ ဟောန္တု။

အနီဃာ ဟောန္တု။

သုခီ အတ္တာနံ ပရိဟရန္တု”လို့ အကြိမ် ရာထောင်မက နှလုံးသွင်းပွားများနေရပါမယ်။

* *<u>ပါဠိဝေါဟာရများက မှတ်သားနားလည်ရန် ခက်ခဲပြီး ရှည်လျားနေပါတယ်။ ဖြစ်နိုင်မည်ဆိုလျှင် အတိုဆုံး အရှင်းဆုံး အရပ်သုံးဝေါဟာရစကားနှင့် မေတ္တာပွားနည်းကိုသာ သိလိုပါတယ်ဘုရား။</u>*

** ဦးစွာ မေတ္တာရဲ့ အင်းအား မေတ္တာရဲ့ စွမ်းအင်ကို သံသယမရှိ ယုံကြည်ဖို့က အရင်းခံ ပဓာနကျပါတယ်။ မေတ္တာကမ္မဋ္ဌာန်းအစပိုင်း လေ့ကျင့်ရှုပွားရာမှာ ဝေါဟာရစကားလုံးရဲ့ အနက်ပေါ်လွင်ထင်ရှားမှုကလည်း အရေးပါတယ်၊ ဒါကြောင့် အတိုဆုံးနဲ့ အနက်ထိမိပြီး အဓိပ္ပါယ်လည်း ကျယ်ပြန့်တဲ့ စကားဝေါဟာရကတော့ “ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ”လို့ပဲ သုံးနှုန်းပြီး မေတ္တာဘာဝနာပွားနိုင်ပါတယ်။

* *<u>မေတ္တာကမ္မဋ္ဌာန်းမပွားခင် ကြိုတင်သိစရာ ကြိုတင် ဆောင်ရွက်ဖွယ်ရာ အထူးများ ရှိပါသေးသလားလို့ တွေးမိပါတယ်ဘုရား။</u>*

** မေတ္တာရဲ့ အင်အားစွမ်းကို ယုံကြည်ဖို့ ကြိုတင် လေ့လာဆည်းပူးထားရမယ့်အပြင် မေတ္တာခံယူမယ့် သက်တော်ထင်ရှားရှိပြီး မိမိအပေါ် အကျိုးကျေးဇူးကြီးမားတဲ့ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ် လေးဦး၊ ငါးဦးခန့်ကို ဦးစွာ ရွေးချယ်ထားပြီး ဖြစ်ရပါမယ်။

မေတ္တာကို အရပ်မျက်နှာများနှင့် လူပုဂ္ဂိုလ်များကို ပို့တဲ့အခါမှာ မိမိပို့လွှတ်ရာကို မေတ္တာလှိုင်းများ ရောက်နိုင်တယ်လို့လည်း ကြိုတင် သိထားရမယ်။ နောက်ပိုင်း မေတ္တာဘာဝနာပွားတာ အလေ့

အကျင့် အားကောင်းသွားတဲ့ အခါမှာတော့ မေတ္တာလှိုင်းတွေ မိမိခန္ဓာကိုယ်က ဖြာထွက်ပြီး ပို့တဲ့ဆီကို ရောက်နေတယ်လို့ကို ကိုယ်တိုင် သဘောကျနိုင်ပါတယ်။

ဒါပေမယ့် မေတ္တာပွားတဲ့ နေရာမှာ *ကိုယ်ကျိုးစီးပွားရလိုမှု လုံးလုံးကို မပါသင့်ပါဘူး။ မေတ္တာခံယူသူအတွက် ချမ်းသာစေလိုတဲ့စိတ်၊ ကောင်းစားစေလိုတဲ့စိတ်သာ ရှိနေရပါမယ်။*

ဩဓိသမေတ္တာ ပုဂ္ဂိုလ်ရည်ညွှန်းပြီး ပို့တဲ့အခါမှာတော့ မေတ္တာခံယူမည့်ပုဂ္ဂိုလ် မိမိရှေ့မှာ မျက်နှာချင်းဆိုင် ထိုင်နေတယ်လို့ကို စိတ်ညွှတ်ပြီး အဲဒီပုဂ္ဂိုလ် မျက်နှာသဏ္ဌာန်ကို စိတ်ထဲပုံဖော်မြင်အောင် ကြည့်ပြီး ရာထောင်မက မေတ္တာပွားရပါတယ်။

မေတ္တာကမ္မဋ္ဌာန်းမပွားခင် ဦးစွာ ဘုရားရှိခိုးတာ သီလခံယူဆောက်တည်တာစတဲ့ ပုဗ္ဗကိစ္စ ကြိုတင် ပြင်ဆင်မှုများကိုတော့ ဆောင်ရွက်မြဲအတိုင်း ဆောင်ရွက်နိုင်ပါတယ်။

အစပိုင်း လေ့ကျင့်ခါစမှာတော့ တစ်ကြိမ်ကို (၅)မိနစ် (၁၀) မိနစ်စီ သတ်မှတ်ပြီး အကြိမ်များများကို ထိုင်တဲ့ဣရိယာပုထ်နှင့်သာ ပွားသင့်ပါတယ်။

နေရာကျပြီဆိုရင်တော့ နောက်ပိုင်း သိပ်ကို လွယ်ကူပါတယ်၊ မေတ္တာပွားပြီးနေရတာသက်သာတယ်၊ ပေါ့ပါးတယ်၊ ငြိမ်းချမ်းတယ်၊ ဒီလို အတွေ့အကြုံရှိလာတဲ့ ယောဂီပုဂ္ဂိုလ်ဟာ မေတ္တာကမ္မဋ္ဌာန်း မပွားဘဲ မနေနိုင်တော့ပါဘူး၊ ဣရိယာပုထ် လေးပါးလုံးမှာ အလိုလိုပဲ စိတ်က မေတ္တာကမ္မဋ္ဌာန်း ပွားပြီးသား ဖြစ်နေတတ်ပါတယ်။

* *မေတ္တာပို့ (ပွား)တဲ့အခါ ထိုင်တဲ့ဣရိယာပုထ် တစ်မျိုးနဲ့သာ ပို့နိုင် ပွားနိုင်ပါသလားဘုရား။*

** မဟုတ်ပါဘူး၊ လျှောင်း၊ ထိုင်၊ ရပ်၊ သွားဆိုတဲ့ ဣရိယာပုထ် ၄-မျိုးထဲမှာ အလျဉ်းသင့်သလို တစ်မျိုးမျိုးနဲ့ ပို့နိုင်၊ ပွားနိုင်ပါတယ်၊ လေးလေးနက်နက် ဖြစ်ဖို့ရာအတွက် ထိုင်တဲ့ဣရိယာပုထ်ကို ညွှန်ပြတာပါ။ (တိင်္ဂ စရံ နိသိန္နောဝ သယာနော-မေတ္တသုတ်)

* *သေပြီးသူကို အာရုံပြုပြီး မေတ္တာ မပွားရဘူးလို့လည်း ကြားဖူးပါတယ်။ မှန်ပါသလားဘုရား။*

** မှန်ပါတယ်၊ သေပြီးသူဟာ မေတ္တာအာရုံယူဖို့ မဖြစ်နိုင်တော့ တာမို့ *သေပြီးသူကို အာရုံပြုပြီး မေတ္တာမပွားရပါဘူး၊ အမှုဝေလိုက ဝေဖို့ပဲ ရှိပါတယ်။*

* *မေတ္တာမပွားရတဲ့ ပုဂ္ဂိုလ်ရှိတယ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးပါလဲ အရှင်ဘုရား၊ သိလိုပါတယ်။*

** မေတ္တာမပွားရတဲ့ ပုဂ္ဂိုလ်တော့ မဟုတ်ပါဘူး၊ ရှေးဦးစွာ မေတ္တာ အာရုံနိမိတ်ယူပြီး မပွားရတဲ့ ပုဂ္ဂိုလ်ကတော့ (၄)ဦး ရှိပါတယ်။

(က) မုန်းသူ
(ခ ) အလွန်ချစ်သူ
(ဂ ) မချစ်မမုန်းသူနှင့်
(ဃ) ရန်သူတို့ဖြစ်တယ်။

မုန်းနေတဲ့သူ ရန်သူတွေကို ချမ်းသာ ကောင်းစားစေလိုတဲ့စိတ်ဖြစ်ဖို့ ခက်တဲ့အပြင် ဦးစွာမေတ္တာပို့မိရင် မေတ္တာရဲ့ ဆန့်ကျင်ဘက် ဒေါသ အာဃာတ တရားသာဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ဦးစွာမေတ္တာ မပွား ရပါဘူး။

ပြီးတော့ အလွန် ချစ်ခင်တဲ့သူ အပေါ်မှာလည်း တဏှာ ပေမစိတ် ရင့်သန်ကြီးထွားနေလို့ မေတ္တာစိတ် မဖြစ်နိုင်ပြန်ဘူး။

အလယ်အလတ် မချစ်၊ မမုန်းသူရဲ့ အကျိုးစီးပွားကို လိုလားတဲ့ မေတ္တာစိတ်ဖြစ်ဖို့ ခက်ခဲပါတယ်။

ဒါကြောင့် ဒီပုဂ္ဂိုလ်တွေကို ဦးစွာ မေတ္တာမပွားရပါဘူး၊ သူတို့ကိုတော့ မေတ္တာစိတ် အစစ်အမှန်ဖြစ်ပြီးတဲ့ အခါမှာသာ ပွားရမယ်။

တစ်ခုကျန်သေးတာက ဆန့်ကျင်ဘက်လိင် (ယောကျ်ားက မိန်းမကို၊ မိန်းမက ယောကျ်ားကို) မေတ္တာပွားမယ်ဆိုရင်လည်း မေတ္တာစိတ်မဖြစ်ပဲရာဂစိတ်ရိုင်းတွေ ဖြစ်လာနိုင်တဲ့အတွက် သတိပြုရပါမယ်။

သို့သော် ဒါယိကာမများအနေနဲ့ သက်တော်ထင်ရှား ကျေးဇူးရှင်ဆရာတော်ကြီးများကို မေတ္တာအာရုံထားပြီး ဘာဝနာပွားတဲ့အခါမှု မမှန်တဲ့ စိတ်ရိုင်းများ မဖြစ်လာရင်တော့ မေတ္တာပွားနိုင်တယ်လို့ပဲ ယူနိုင်လိမ့်မယ်လို့ ယူဆမိတယ်။

* <u>*ဒါဆိုရင်တော့ မေတ္တာစတင်ပွားပို့ရမည့် ပုဂ္ဂိုလ်များကို သိပါရစေ ဆရာတော်ဘုရား။*</u>

** မိမိကိုယ်ကိုပဲ မေတ္တာ စတင်ပွားပို့ရမယ်၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ အကြိမ်ရာထောင်မက မိမိကိုယ်ကို ဦးစွာ မေတ္တာပွားပါ။ မိမိကိုယ်ကို မေတ္တာပွားတာ အားရကျေပွန်ထားရင် သူတစ်ပါးကို မေတ္တာပွားရတာ လွယ်ကူပါတယ်။

ဘာကြောင့်လဲဆိုရင် အရပ်များကို စိတ်ဖြင့် လှည့်လည်ရှာသော်လည်း မိမိကိုထက်သာပြီး ချစ်ခင်မြတ်နိုးသူကို မတွေ့နိုင်ဘူးလို့ ဘုရားရှင် မိန့်တော်မူထားပါတယ်။

ဒါကြောင့် မိမိကိုယ်ကို သက်သေပြုပြီး မေတ္တာပို့တာဟာ မေတ္တာကမ္မဋ္ဌာန်းမှာ အသင့်တော်ဆုံး ဖြစ်ပါတယ်။

ပြီးမှ သက်တော်ထင်ရှားရှိပြီး မေတ္တာ စတင်မပွားရမည့် ပုဂ္ဂိုလ်က လွတ်ကင်းပြီး မိမိအပေါ် ကျေးဇူးကြီးမားတဲ့ ဆရာသမား၊

မိဘ၊ ဘိုးဘွားတွေထဲက (၄) (၅)ဦးခန့်ကို ကြိုတင်ရွေးချယ်ပြီး မေတ္တာပို့ရမယ်။

မိမိကိုယ်ကို မေတ္တာပို့ပြီးနောက် ရွေးချယ်ထားတဲ့ မေတ္တာခံယူမည့် ပုဂ္ဂိုလ်ကို မိမိအနား မျက်နှာချင်းဆိုင် ထိုင်နေသလို စိတ်ဝယ်မှတ်ပြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ အကြိမ်ကြိမ် မေတ္တာပွားရပါမယ်။ မေတ္တာခံယူမည့် ပုဂ္ဂိုလ်တစ်ဦးအပေါ် ကျေနပ်ပြီးမှ နောက်တစ်ဦးကို ပြောင်းရမယ်၊ အကယ်၍ မေတ္တာပွားရတာ အခက်အခဲ ရှိလာရင်တော့ မိမိကိုယ်ကိုပဲ မေတ္တာပွားပါ၊ ပြီးမှ မေတ္တာခံယူမည့် ပုဂ္ဂိုလ်ကို ပြောင်းယူပါ။

တစ်ခါတရံ အချို့ပုဂ္ဂိုလ်ကို မေတ္တာပွားရတာ လွယ်ကူပြီး မျက်နှာပုံပန်းသဏ္ဍာန် ကွက်ကွက်ကွင်းကွင်း ပြုံးပြုံးရွှင်ရွှင် မြင်လာတတ်သော်လည်း အချို့ပုဂ္ဂိုလ်တွေမှာကျတော့ အခက်အခဲ ရှိနေတာလည်း ကြုံရတတ်တယ်။ အဲဒီအခါကျရင် လွယ်ကူတဲ့ မေတ္တာအာရုံခံ ပုဂ္ဂိုလ်တွေကို ဦးစားပေး ပွားရပါမယ်။

မေတ္တာစိတ် ညီညွတ်မျှတကာ ကျေနပ်ပြီဆိုရင်တော့ ရန်သူ၊ မုန်းတဲ့သူ၊ အလွန်ချစ်တဲ့သူတွေကိုလည်း ပွားနိုင်ပါပြီ။

* <u>*မေတ္တာပို့တာ ကျေနပ်ပြီဆိုတဲ့ စိတ်အဆင့်ကို မရှင်းသေးပါဘူးဘုရား။*</u>

** မိမိစိတ်ကို မိမိကြည်ညိုဖူးမလားတော့ မသိဘူး၊ မေတ္တာခံယူမည့် ပုဂ္ဂိုလ်တစ်ဦးကို စူးစိုက်ပြီးတော့ "ကျန်းမာပါစေ၊ ချမ်းသာပါစေလို့၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ"လို့ ကြိမ်ဖန်များစွာ မေတ္တာပို့နေရင် မိမိစိတ်ထဲမှာ တခြားအာရုံတွေ၊ တခြားစိတ်ကူးတွေ ဘာမှ ပေါ်မလာတော့ဘူး၊ အဲဒီမေတ္တာခံ ပုဂ္ဂိုလ်အပေါ်မှာသာ စိတ်က စုပြုံ စူးစိုက်နစ်နေတယ်၊ အဲဒီအချိန်မှာ လိုချင်တပ်မက်တဲ့စိတ်၊

စိတ်ပျက်၊ စိတ်ဆိုး၊ စိတ်အလိုမကျတဲ့စိတ်၊ အိပ်ချင်ငိုက်မြည်း ပျင်းရိတဲ့စိတ်၊ စိတ်ပူပန် ပျံ့လွင့်တဲ့စိတ်၊ ကြောင့်ကြတဲ့စိတ်နှင့် ရတနာသုံးပါးအပေါ် သို့လော သို့လော မပြတ်သားတဲ့စိတ် ဆိုတဲ့ *တားဆီးပိတ်ပင်တတ်တဲ့ နီဝရဏတရားငါးပါး ကင်းကွာနေတယ်။* မေတ္တာအင်အား ကောင်းသထက် ကောင်းအောင် လေ့ကျင့်လာရင် မေတ္တာခံပုဂ္ဂိုလ်နဲ့ မိမိဟာ ပြုံးရွှင် ကြည်လင်တဲ့ သွင်ပြင်နဲ့ မျက်နှာချင်းဆိုင် ထိုင်နေသလိုပဲ စက္ကန့်ပိုင်း၊ မိနစ်ပိုင်း ကြာတဲ့အထိ စိတ်ထဲ စွဲမြဲသက်ဝင် တည်နေနိုင်ပါလိမ့်မယ်။

*တစ်ခြားဘာအာရုံမှ မရှိဘဲ မေတ္တာခံယူတဲ့ ပုဂ္ဂိုလ်ကို ပကတိကျန်းမာစေလိုတဲ့စိတ်၊ ပျော်ရွှင်ချမ်းသာ ပြည့်စုံစေလိုတဲ့ စိတ်တွေ အလိုလိုဖြစ်နေတာဟာ တမင်တကာ စိတ်ကူးကြံဆပြီး ဖြစ်နေတဲ့ စိတ်အဆင့်မျိုး မဟုတ်တော့ဘူး။*

ဝီရိယသန်သန် တိုး၍ ကြိုးစားလေ့ကျင့် ပွားများတဲ့ ယောဂီများဟာ မိနစ်ပိုင်းမှ နာရီပိုင်းထိ ကြည်လင်ချမ်းမြေ့တဲ့ မေတ္တာစိတ်မျှနှင့်ပဲ နေနိုင်လာပါတယ်၊ စိတ်က ကြည်လင်သန့်စင်နေတယ်။

မိမိရည်မှန်းထားတဲ့ အချိန်နာရီ ကာလတစ်လျှောက်လုံးမှာ *ဘာစိတ်မှ မရှိဘူး၊ မေတ္တာစိတ်မျှပဲ ရှိတော့တယ်။*

မေတ္တာစိတ်မျှပဲ ရှိနေတာ အချိန်ကြာလာရင်တော့ တစ်ခါတရံ ငါ့မှာ ဘာစိတ်တွေ ဖြစ်နေပါလိမ့်မလဲလို့လည်း တစ်ချက်တစ်ချက် စစ်ဆေးမိရက်သား ဖြစ်နေတယ်။ သည်လို (ဝိတက်) ဝင်လာခိုက်တော့ မေတ္တာစိတ်အစဉ် ခဏပျက်တယ်၊ ဒါပေမယ့် *ပြန်ပြီးထူထောင်ရတာ ဘာမှမပင်ပန်းဘူး၊ ကြောင့်ကြစိုက်ရတယ်လို့တောင် ပြောလို့မရဘူး။*

အဲဒီလိုအချိန်တွေ တော်တော်ကြာသွားပြီး မေတ္တာစိတ်မှအပ ကျန်တဲ့စိတ်တွေ မဖြစ်တာကို သိရလို့လည်း ယောဂီသဘောကျ

တတ်တယ်။ အဲဒီအခါမှာတော့ *မိမိစိတ်ကိုမိမိ လှိုက်လှိုက်လှဲလှဲ ကြည်ညိုတယ်ဆိုတဲ့သဘောကို ယောဂီကိုယ်တိုင် သဘောကျနိုင်ပါပြီ။*

* *အရပ်မျက်နှာကို မေတ္တာပွားတာကိုလည်း သိချင်ပါတယ် ဆရာတော်ဘုရား။*

** လူပုဂ္ဂိုလ်များကို ကျေပွန်အောင် မေတ္တာပွားပြီးပြီ ဆိုရင်တော့ ဦးစွာ မိမိထိုင်နေတဲ့အခန်းရဲ့ မျက်နှာအားလုံးကို မေတ္တာပွားရပါမယ်၊ မိမိထိုင်ရာမှ အရှေ့ကနေပြီး မေတ္တာစပွားတာ လွယ်ကူပါတယ်၊ ဒါကို အထပ်ထပ်ပွားလို့ ကျေပွန်ရင် အိမ်ဝန်းရဲ့ အရပ်မျက်နှာ အားလုံးကို မေတ္တာပွားရပါမယ်၊ ပြီးရင် ရပ်ကွက်၊ ကျေးရွာနယ်နိမိတ်ထိ ချဲ့ချဲ့ပြီး အရပ်မျက်နှာ အားလုံးကို မေတ္တာပွားရမယ်။ နယ်နိမိတ်ကိုတော့ ရည်မှန်းရတာပေါ့။

*ဆက်ပြီးတော့ ကမ္ဘာကနေ အနန္တစကြဝဠာထိအောင် စိတ်ကို မြှင့်မြှင့်ပြီးတော့ ချဲ့ချဲ့ပြီးတော့ အရပ်မျက်နှာ အားလုံးကို မေတ္တာပွားရမယ်။*

အလေ့အကျင့် ရလာတဲ့အခါမှာတော့ အရပ်မျက်နှာဘောင်တွေ မရှိတော့ဘဲ စက်ဝန်း အဝိုင်းကြီးအတိုင်း မေတ္တာလှိုင်းများ ချဲ့ချဲ့ပြီး သွားနေတယ်လို့ ခံစားရတတ်ပါတယ်။

အဲဒီအဝန်းဟာ ရံခါ လင်းနေတယ်၊ ရံခါ ဖွေးနေတယ်လို့လည်း ထင်ရတတ်ပါတယ်။ မိမိကိုယ်ကနေ မေတ္တာလှိုင်းများ ပို့တဲ့ဆီကို အမှန်တကယ် ရောက်နေပြီလို့လည်း ခံစားရတတ်ပါတယ်။

* *မိမိ၏မေတ္တာကြောင့် တစ်ဖက်သားရန်သူ ငုပ်လျှိုးသွားတယ်ဆိုတာမျိုး ဖြစ်တတ်ပါသလား၊ ဖြစ်ကောင်းပါသလား ဆရာတော်ဘုရား။*

** ဒီမှာ အထူးသတိပြုဖို့လိုတယ်၊ မိမိရဲ့ မေတ္တာကြောင့် ရန်သူ ငုပ်လျှိုး ပြိုလဲစေရမယ်၊ ရန်သူ ဒုက္ခရောက်ရမယ်၊ ငါ့မေတ္တာစူးရင် ဒင်းရှုံးပြီလို့ မတွေးမကြံရဘူး၊ မရည်ရွယ်ရဘူး၊ ဒီလို စိတ်သဘော ထားနှင့် မေတ္တာပို့ရင်တော့ မေတ္တာ မဖြစ်နိုင်တော့ဘူးဗျာ၊ ဆန့်ကျင် ဘက် ဒေါသ အာဃာတ တရားတွေသာ ဖြစ်ဖွယ်ရှိတယ်။

ဒါကြောင့် ပို့တဲ့သူဆီကို မေတ္တာရောက်မှာ မဟုတ်တော့ဘူး၊ ခုလို ပူလောင်ပင်ပန်းစေတဲ့ အကုသိုလ် ကိလေသာစိတ်ဟာ မိမိမှာ ပင်ပန်းဖွယ်ရာပဲ ရှိပါတယ်။ မေတ္တာရဲ့ ငြိမ်းအေးချမ်းသာမှုနှင့်တော့ ဆန့်ကျင်ဘက်ပါပဲ။

* မေတ္တာဘာဝနာ ပွားနည်းတော့ နားလည်ပါပြီဘုရား၊ ဆက် လက်ပြီး မေတ္တာရဲ့အကျိုးနဲ့တကွ မေတ္တာနဲ့စပ်လျဉ်းတဲ့ သာဓကများ ရှိသေးရင်လည်း သိချင်ပါသေးတယ်။

** မေတ္တာရဲ့ ကျေးဇူးနှင့် သာဓကကို ဖော်ပြရင်တော့ သိပ်ကို ကျယ်သွားမယ်၊ တတ်နိုင်သလောက် အကျဉ်းပြောပါမယ်၊ မြတ်စွာ ဘုရားရှင်က "လက်တစ်ဖျစ်တီးကာလမျှ မေတ္တာစိတ်ကို ပွားများ ဖြန့်ဖြူး ပို့သမှီဝဲနေတဲ့ ရဟန်းကို ဈာန်မှ မဆိတ်သုဉ်းသောရဟန်း၊ ဘုရားရှင် ဩဝါဒတော်ကို လိုက်နာ ကျင့်သုံးသောရဟန်း၊ ပြည်သူ့ ဆွမ်းကို အကျိုးရှိအောင် ဘုဉ်းပေးသုံးဆောင်သော ရဟန်းလို့ ဆိုထိုက်တယ်၊ မေတ္တာနှင့်ယှဉ်တဲ့ စိတ်ကို အဖန်ဖန် ပွားသူကိုတော့ ဆိုဖွယ်ရာ မရှိတော့ပါဘူး"[1] ဆိုပြီး ဘုရားရှင် အထူး ချီးမွမ်းတော် မူပါတယ်။

၁။ (၅၃) အစ္ဆရာသင်္ဃာတဝဂ္ဂ၊ ဧကနိပါတ၊ အင်္ဂုတ္တရပါဠိ။

ထင်ရှားတဲ့ သာဓကနေနှင့်တော့ ဓမ္မစကြာဒေသနာဦးကို မဟောကြားခင် ပဉ္စဝဂ္ဂီငါးပါးနှင့် ဘုရားရှင်ရဲ့ မေတ္တာတော်ဟာ အံ့ဖွယ် မှတ်သားစရာပါပဲ။

ဘဂဝါ တေသံ စိတ္တာစာရံ ဉတွာ သဗ္ဗသတ္တေသု အနောဓိ-သကဝသေန ဖရဏာသမတ္ထံ မေတ္တစိတ္တံ သံခိပိတွာ ဩဓိသကဝသေန မေတ္တစိတ္တေန ဖရိ၊ တေ ဘဂဝတော မေတ္တစိတ္တေန ဖုဋ္ဌာတထာဂတေ ဥပသင်္ကမန္တေ သကာယ ကတိ ကာယ သဏ္ဌာတုံ အသက္ကောန္တာ အဘိဝါဒနာဒီနိ သဗ္ဗကိစ္စာနိ အကံသု။[၁]

"မြတ်စွာဘုရားရှင်သည် ထိုပဉ္စဝဂ္ဂီငါးဦးတို့၏ စိတ်ထားကို သိမြင်တော်မူလေလျှင် အလုံးစုံသော သတ္တဝါတို့အပေါ်၌ မည်သည့် သတ္တဝါအတွက်ဟု *ရည်မှန်းပိုင်းခြားမှု မထားသောအားဖြင့် သိမ်းကျုံး ဖြန့်လွှမ်းထားနိုင်သော မေတ္တာစိတ်ဓာတ်တော်ကို အကျဉ်းချုံးရုံးစု၍ သီးသန့် ပိုင်းခြားသတ်မှတ်သောအားဖြင့် ပဉ္စဝဂ္ဂီငါးဦးတို့ အပေါ်၌ သာလျှင် မေတ္တာဖြန့်ပို့တော်မူ၏*။ ဘုရားရှင်မေတ္တာဓာတ် ထိခိုက်ခြင်း ကြောင့် ထိုပဉ္စဝဂ္ဂီတို့သည် ဘုရားရှင် ကြွလာတော်မူလျှင် မိမိတို့ မူလကတိအတိုင်း မရပ်တည်နိုင်ကြတော့ပဲ ရှိခိုးခြင်း၊ ခရီးဦးကြို ဆိုခြင်း စသောအမှုကိစ္စအားလုံးကို ပြုမိကြလေပြီ"၊ ဒါက မေတ္တာရဲ့ သာဓကပါပဲ။

နောက်သာဓကတစ်ခုကလည်း မြတ်စွာဘုရားဟာ *စကြဝဠာ အနန္တ၊ သတ္တဝါအနန္တတို့အပေါ်၌ ဖြန့်လွှမ်းပို့နိုင်တဲ့ မေတ္တာ စိတ်ဓာတ်ကို နာဠာဂိရိ ဆင်တစ်ကောင်တည်း အပေါ်မှာသာ စုပုံ ဖြန့်လွှမ်းတော်မူပါတယ်*၊ နာဠာဂိရိဆင်ဟာ ဘုရားရှင်၏ မေတ္တာ

၁။ သန္တိကေနိဒါနကထာ၊ ဂေါတမဗုဒ္ဓဝံသဝဏ္ဏနာ၊ ဗုဒ္ဓဝံသအဋ္ဌကထာ။

စိတ်ဓာတ်ကို ထိခိုက်နေပြီဖြစ်လို့ နှာမောင်းကိုချပြီး ဘေးရန်ကင်းစွာ ဘုရားရှင်ရဲ့ ခြေတော်အစုံမှာ ခိုလှုံ တုပ်ဝပ်ပါတယ်။[၁]

များမကြာမီ ဖြစ်ခဲ့တဲ့ စိတ်ဝင်စားဖွယ် သာဓကတစ်ခုကလည်း ရှိပါသေးတယ်။

မေတ္တာကမ္မဋ္ဌာန်းကို အစဉ်တစိုက် ရှုပွားနေတဲ့ ယောဂီ တစ်ယောက် ဆောင်းတွင်း နေဝင်ရီတရောအချိန် လှည်းလမ်း အတိုင်း ကမ္မဋ္ဌာန်းအာရုံ ပြုပြီး သွားနေတုန်း ရွာအဝင်နား လမ်းပေါ် မည်းမည်း ရိပ်ကနဲ မြင်လိုက်လို့ သတိထားလိုက်တော့ ရှေ့တစ်လံ ကျော်အကွာမှာ လက်ကောက်ဝတ်လောက်ကြီးပြီး တစ်လံမျှရှည်တဲ့ မြွေဟောက် တစ်ကောင်ကို လှည်းလမ်းမှာ ကန့်လန့်ဖြတ် တွေ့လိုက် ရတယ်၊ မြွေကလည်း ယောဂီကိုမြင်လို့ထင်တယ် မလှုပ်ရှားတော့ဘူး။

မြွေပွေးရဲ့သဘာဝက သူ့ထိမှ တုန့်ပြန်တတ်ပေမယ့် မြွေ ဟောက်နှင့် ငန်းပုတ်က မြင်မြင်သမျှကို ရန်လုပ်တတ်တယ်။ ပါးပျဉ်းကြီးထောင်ပြ၊ နှာမှုတ်ပြနှင့် ဒေါသကြီးတတ်ပြီး ရင်ဆိုင် မိရင်တော့ ပြေးရင်လည်း လိုက်တတ်တယ်။ မြွေလိုက်ခံရရင် ကိုယ် ဝတ်ထားတဲ့ အဝတ်အစား တစ်ခုခုချထားပြီး ဦးတည်ရာ ပြေးမှပဲ လွတ်နိုင်တယ်။ တွေ့တဲ့အဝတ်အစားကို မြွေက ရန်သူအမှတ်နှင့် ခွေပတ်ရစ်ပြီး အားရအောင် ပေါက်သတ်တဲ့ ကောင်မျိုးဆိုတာကို လယ်သမားဖြစ်တဲ့ အဲဒီယောဂီက ကောင်းကောင်း သိထားတယ်။

ဒါကြောင့် မိမိအသက်နှင့် မြွေရဲ့အသက် ဦးသူနိုင်မည့် အခြေအနေ ဖြစ်နေပြီ။ လယ်သမားတိုင်းရဲ့ ရန်သူလိုသိထားတဲ့ မြွေဆိုးကြီးနှင့် ခုလို ရင်ဆိုင်ရရင် လက်မနှေးကြတာ ကလည်း သဘာဝကျပါတယ်။

---

၁။ (၃၄၂)၊ သံဃဘေဒကက္ခန္ဓ၊ စူဠဝဂ္ဂပါဠိ။

ဒါပေမယ့် အဲဒီယောဂီရဲ့ရှေ့ လှည်းလမ်းကြောင်းပေါ်မှာ လည်စင်းပြီး ခံပေးနေသလို မလှုပ်မယှက်နေရှာတဲ့ မြွေကို အဲဒီ ပုဂ္ဂိုလ်က ကြည့်ရင်း၊ ကြည့်ရင်း သနားစိတ် ဖြစ်လာမိတယ်လို့ လျှောက်တယ်။ ဒေါသကြီးပြီး အသိဉာဏ် ကင်းမဲ့တဲ့ တိရစ္ဆာန် တစ်ကောင်ထက်တော့ မိမိ မမိုက်မဲသင့်ဘူးလို့လဲ တွေးနေမိတယ်တဲ့။

အဲသည်အခိုက် အသံကြားလို့ နောက်လှည့်ကြည့်တော့ သူ့လိုပဲ လယ်သမားတစ်ယောက် လှည်းလမ်းအတိုင်း ရှာကိုလာနေတာ မြင်ရတယ်။

အခုချိန်ထိ မြွေကသူ့ကို ရန်လည်း မလုပ်သေးသလို လမ်းလည်း မဖယ်သေးဘူး။ သို့သော် နောက်လူရောက်ရင် မြွေကပဲ ရန်လုပ်လေမလား ဒါမှမဟုတ် လူကပဲ မြွေကို ရန်လုပ်လေမလား လို့လည်း အဲဒီ ယောဂီမှာ အတွေးဝင်ပြန်သတဲ့။

*မေတ္တာကမ္မဋ္ဌာန်း နှလုံးသွင်းထားသူမို့ စိတ်ထားနူးညံ့ သိမ်မွေ့နေတယ်၊ မိမိလည်း ဘေးကင်းချင်တယ်၊ နောက်လူကို လည်း ဘေးကင်းစေချင်တယ်၊ မြွေကြီးလည်း ဘေးကင်းစေချင်တယ်။*

ယောဂီ သတိထားနေတယ်၊ မြွေက မျက်လုံးမှေးမှေးနှင့် လျှာက တစ်ချက်တစ်ချက် တစ်လစ်တစ်လစ် လှုပ်လှုပ်နေပါတယ်။ မေတ္တာကို စူးစူးစိုက်စိုက် ပို့နေတယ်၊ သူနှင့်မြွေက ရှောင်ဖို့နည်းက မြွေရဲ့အမြီးပိုင်းက သွားနိုင်ပြီ ဆိုစေဦးတော့ နောက်လူကမမြင်ဘဲ တည့်တည့်လာခဲ့သော် ခက်ပြီ၊ ဒါမှမဟုတ် မြွေကို ဦးပြီးမြင်ရင် လည်း ခက်ပြီ၊ သွေးစွန်းမည့် ရန်ပွဲတစ်ခု ယောဂီ မဖြစ်စေလိုပေ။

သို့သော် အတွေးမဆုံးမီ နောက်လူမီလာပြီ၊ ကံအားလျော်စွာ မြွေဆိုးကြီးဟာ ဦးတည်ရာ လယ်ကွင်းထဲသို့ ပြေးဆင်းသွားတာကို နောက်လူက အမြီးပဲ မြင်လိုက်တော့တယ်။

ခိုက်ရန်ဒေါသမရှိ၊ သွေးမစွန်းပဲ လမ်းရှင်းသွားလေပြီ၊ မေတ္တာသမားတစ်ယောက်ကြောင့် အသက်သုံးခုလုံး ချမ်းသာသွားပြီ၊ ဒါက မကြာသေးခင်က ဖြစ်ခဲ့တဲ့ မေတ္တာရဲ့ ဖြစ်ရပ်မှန် သာဓကပဲ။

*မေတ္တာစွမ်းအားဟာ ရှေးအခါကသာ စွမ်းတယ်၊ ယခု မစွမ်းဘူးလို့ မမှတ်ရဘူး၊* တရားတို့သည် ပုဂ္ဂိုလ်သတ္တဝါ အချိန်ကာလ နေရပ်ဒေသဟူ၍ မရှိကောင်းပါဘူး၊ အရင်လည်း စွမ်းတယ်၊ အခုလည်း စွမ်းတယ်၊ နောက်လည်း စွမ်းပါမယ်။

မေတ္တာပွားတဲ့ ကံဟာလည်း ဘဝသံသရာမှာ အလွန်ကြီးကိုပဲ အကျိုးပေး သန်လှပါတယ်။

စာပေမှာ ဖော်ပြတဲ့ မေတ္တာအကျိုးကိုလည်း ခုလို မှတ်ထားကြတာပေါ့။

"အိပ်နိုးချမ်းသာ
ကောင်းစွာ အိပ်မက်
ချစ်လျက် လူနတ်
စောင့်ထ နတ်များ
မီးဆိပ်ဓားတို့ ရှောင်ရှားကိုယ်မှာ
လျင်စွာ စိတ်တည်၊ ရွှင်ကြည်မျက်နှာ
သေခါမတွေ၊ လားလေပြဟ္မာ
ဆယ့်တစ်ဖြာသည် မေတ္တာပွားမှု အကျိုးတည်း"တဲ့။

ထပ်ရှင်းအောင် အမှတ်စဉ် ထိုးပြပါဦးမယ်-

(၁) ချမ်းချမ်းသာသာ အိပ်ပျော်ရတယ်။
(၂) ကိုယ်မှာ ဖောက်ပြန်မှုမရှိဘဲ ချမ်းချမ်းသာသာ အိပ်ရာက နိုးရတယ်။

(၃ ) အိပ်မက်ကောင်းတွေကိုပဲ မြင်မက်နိုင်ပြီး ယုတ်ညံ့ရွံ့မုန်း ကြောက်လန့်ဖွယ် အိပ်မက်များ မမက်ရဘူး။
(၄ ) လူအပေါင်းက ချစ်ခင်မြတ်နိုးတယ်။
(၅ ) မမြင်ရတဲ့ နတ်များကလည်း ချစ်ခင်ကြပါတယ်။
(၆ ) မိဘက သားသမီးကို စောင့်ရှောက်သလို နတ်များကလည်း မေတ္တာပွားသူကို စောင့်ရှောက်ကြတယ်။
(၇ ) မေတ္တာဘာဝနာပွားတဲ့သူကို မီး၊ အဆိပ်၊ လက်နက်တွေရဲ့ ဘေးရန် မကျရောက်ဘူး။
(၈ ) မေတ္တာဘာဝနာနှင့် နေလေ့ရှိတဲ့ ပုဂ္ဂိုလ်ဟာ စိတ်တည် ကြည်လွယ်ပြီး သမာဓိ ဖြစ်လွယ်တယ်။
(၉ ) မျက်နှာ အမြဲပဲ ကြည်ကြည်လင်လင်ရှိတယ်။
(၁၀) အိပ်ပျော်သွားသလိုပဲ မတွေမဝေ မပင်မပန်းသေလွန်ရတယ်။
(၁၁) နိဗ္ဗာန်ကို မရသေးသော်လည်း ယခုလူ့ဘဝစုတေပြီးနောက် အိပ်ပျော်ရာမှ နိုးလာသလိုပဲ ဗြဟ္မာ့ပြည်မှာ ဖြစ်ရတယ်။[၁]

မေတ္တာဘာဝနာပွားပြီးနေတဲ့သူဟာ ခုဘဝ အသက်ရှင်နေရ တုန်းလည်း လူချစ်တယ်၊ နတ်ချစ်တယ်၊ ကြံတိုင်းအောင်ပြီး ဆောင် တိုင်းမြောက်တယ်ဗျာ။

သေတော့လည်း အိပ်ပျော်သွားသလိုပဲ မပင်မပန်းဘူး၊ မကြောက်မရွံ့ သေရတယ်။ ဒါကြောင့် မေတ္တာကမ္မဋ္ဌာန်းက ဘဝမှာ နေဖို့ရော၊ သေဖို့ကိုပါ အားကိုးနိုင်လောက်တဲ့ ကမ္မဋ္ဌာန်းပါ။

မေတ္တာပွားပြီးနေတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ ပတ်ဝန်းကျင် လောက တစ်ခုလုံးမှာရှိတဲ့ *မြင်ရ မမြင်ရ သတ္တဝါအားလုံးရဲ့ အကျိုးကို သယ်ပိုး ဆောင်ရွက်နေသူလည်း ဖြစ်တယ်။*

---

၁။ မေတ္တာသုတ္တ၊ ဧကာဒသကနိပါတ၊ အင်္ဂုတ္တရပါဠိ။

သူ့ပတ်ဝန်းကျင် တစ်ခုလုံး *ငြိမ်းချမ်းတယ်၊ အေးမြတယ်၊ နတ်များလည်း အချင်းချင်း ချစ်ခင်ကြတယ်*ဆိုတဲ့ သာဓကတွေ အများကြီးရှိတယ်၊ ယုံယုံကြည်ကြည် ကြိုးကြိုးစားစား အားထုတ်ကြပါ။

နိုင်ငံခြားသွားပြီး အလုပ်လုပ်ရာမှာ ဘေးကင်း ရန်ကင်းဖို့တဲ့၊ အချို့လည်း အစိုးရဌာနမှာ ကုမ္ပဏီတွေမှာ ရာထူးရဖို့တဲ့၊ လူကြီးရဲ့ ချစ်ခင် မျက်နှာသာ ပေးလာဖို့တဲ့၊ အဆောင်တွေ၊ လက်ဖွဲ့တွေ လိုချင်ဟန် တူပါတယ်။

မေတ္တာဘာဝနာကိုပဲ ပွားပါ၊ *ရန်လည်းလုံတယ်၊ လူလည်း ချစ်တယ်၊ စိတ်အကြံလည်း မြောက်တယ်၊ တင်းတင်းရင်းရင်း ဝီရိယစိုက်ပြီး ကြိုးစားတဲ့ ပုဂ္ဂိုလ်များဆိုရင် ပိယသိဒ္ဓိများ အောင်နေပြီလားလို့ ဘေးလူတွေက ထင်ရတယ်နော်* သည့်ထက် ကောင်းတဲ့ ယတြာလက်ဖွဲ့ ဘယ်မှာရှိမလဲ။

ဒါကြောင့် မေတ္တာတရားကို ထပ်ဖန်တလဲလဲ ပွားများမယ်၊ ယာဉ်သဖွယ် ပြုလုပ်မယ်၊ တည်ဆောက်မယ်၊ ကောင်းစွာပွားများမယ်၊ ကောင်းကောင်း အားထုတ်မယ်လို့ ပြုကျင့်ရမည်။ စိတ်ဆုံးဖြတ်ထားရမည်။[၁]

"တစ်ဦးသောသူသည် နံနက်တစ်ကြိမ်၊ နေ့တစ်ကြိမ်၊ ညတစ်ကြိမ် (တစ်နေ့သုံးကြိမ်) ဆွမ်းကောင်း ဟင်းကောင်း အပြည့်ထည့်ထားသော အိုးတစ်ရာကို ပေးလှူရာ၏။ တစ်ဦးသောသူမူကား နွားနို့ညှစ်ခန့်မျှ (နွားမနို့ကို အရင်းမှကိုင်၍ အဖျားသို့ ဆွဲချရုံမျှ) မေတ္တာစိတ်ကို ပွားများရာ၏။ ဤသို့ နွားနို့တစ်ညှစ်ခန့်မျှ မေတ္တာပွားများခြင်းသည် တစ်နေ့မှာ သုံးကြိမ်လှူသည်ထက် အကျိုးကြီး၏။"[၂]

---

၁။ (၂၂၅) ကုလသုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။
၂။ (၂၂၆) ဩက္ခာသုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။

* *<u>အရိယာပုဂ္ဂိုလ်တွေ၊ ရဟန္တာများလည်း မေတ္တာကမ္မဋ္ဌာန်း ပွားပါသလားဘုရား။</u>*

** ရဟန္တာမထေရ်မြတ်ကြီး အရှင်ရေဝတဟာ မေတ္တာစျာန်ဝင်ပြီး နေတော်မူတာ များတယ်လို့ ပါဠိတော်မှာ ဖော်ပြပါတယ်။ ဒီမထေရ်မြတ် လောင်းလျှာ လူ့ဘဝကပဲ မေတ္တာကမ္မဋ္ဌာန်းကို အလေ့အကျင့် ကောင်းခဲ့တယ်လို့ မှတ်သားရပါတယ်။[၁] မေတ္တာကမ္မဋ္ဌာန်းဟာ ပဌမစျာန်၊ ဒုတိယစျာန်သာမက စတုတ္ထစျာန်ထိ ရနိုင်ပါတယ်။[၂]

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာနှင့် ယှဉ်တဲ့စိတ်နှင့် ထက်ဝန်းကျင် အရပ်မျက်နှာအားလုံးကို ပြန့်နှံ့စေပြီးတော့ သတ္တဝါအားလုံးကို မြင့်မြတ်တဲ့ အတိုင်းအရှည်မရှိတဲ့၊ ရန်မရှိတဲ့၊ ကြောင့်ကြမရှိတဲ့ ဗြဟ္မဝိဟာရတရား (၄)ပါးနှင့် ယှဉ်ပြီးနေတာကို အပ္ပမာဒဖြစ်သော စေတောဝိမုတ္တိလို့ စာပေမှာ ပြပါတယ်။ ဒါက အရိယာတွေလည်း နေကြပါတယ်။[၃]

မေတ္တာတရားကို ပွားများလေ့ရှိပြီး မြတ်ဘုရားရဲ့ သာသနာတော်ကို ကြည်ညိုတဲ့ ရဟန်းဟာ သင်္ခါရတို့ငြိမ်းရာ ငြိမ်သက်ချမ်းသာတဲ့ နိဗ္ဗာန်ကို ရနိုင်ပါတယ်။[၄]

မေတ္တာပါရမီကို မဖြည့်ကျင့်ဘဲ သမ္မာသမ္ဗောဓိဉာဏ်ကို မရနိုင်ပါဘူး။[၅]

---

၁။ (၄၅၅) သတ္တသတိကက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။
၂။ ဓမ္မသင်္ဂဏီပါဠိ။ အဘိဓမ္မတ္ထသင်္ဂဟပါဠိနိဿယ။
၃။ (၂၃၀) အနုရုဒ္ဓသုတ္တ၊ ဥပရိပဏ္ဏာသပါဠိ။
၄။ (၃၆၈) ဘိက္ခုဝဂ္ဂ၊ ဓမ္မပဒပါဠိ။
၅။ (၁၁၈၊ ၁၁၉) ဗုဒ္ဓဝံသပါဠိ။

မေတ္တာကမ္မဋ္ဌာန်းပွားတဲ့သူကို ရန်သူတို့ မမြင်ဘူးလို့ အရှင်နာဂသေနမထေရ်မြတ်က မိလိန္ဒမင်းကြီးကို မိန့်ကြားတော်မူပါတယ်။”[၁]

* *ရှုပ်ထွေးပွေလီပြီး ဘေးရန်များလွန်းတဲ့ လူ့ဘောင်လောကလူသားတစ်ယောက်ရဲ့ ဘဝမှာ မေတ္တာကမ္မဋ္ဌာန်းကို လက်တွေ့ဘဝမှာ ကျင့်သုံးပုံများလည်း သိပါရစေ၊ ကရုဏာရှေ့ထားကာ သင်ကြားပေးတော်မူပါဘုရား။*

** မေတ္တာဘာဝနာပွားတာ ဦးစွာမနော (စိတ်)ကနေ ပွားနေခြင်းဖြစ်ပါတယ်။ အလေ့အကျင့် ရလာတဲ့ခါကျတော့ နေ့စဉ်ဘဝထဲကို မေတ္တာရောက်ရှိနေပါပြီ၊ နေ့စဉ်ဘဝထဲကို မေတ္တာတရား ရောက်ရှိနိုင်ရေးမှာ အထောက်အကူဖြစ်နိုင်ဖို့ နည်းလမ်းကတော့ လူတစ်ယောက်ကိုတွေ့ရင် *မိမိက ဦးစွာမေတ္တာပို့ပါ။ တစ်နေရာရာသွားရင် မေတ္တာပို့ပြီးမှ သွားတဲ့ အလေ့အကျင့်လုပ်ပါ။ အိပ်ရာဝင်ရင်လည်း အိပ်မပျော်မချင်း မေတ္တာပို့နေပါ။ မေတ္တာပို့နှင့်ပဲ အိပ်ပျော်ပါစေ၊ နိုးလာရင်လည်း မေတ္တာစိတ်နှင့်ပဲ နိုးနိုင်ဖို့ လေ့ကျင့်ပေးပါ။* စားသောက်တဲ့အခါလည်း ချက်ပြုတ် ပြင်ဆင်သူများကို တစ်ယောက်ယောက်ကို သတိရရင်လည်း မေတ္တာအရင် ပို့ပါဦး။

ဒီလိုနှင့် အလေ့အကျင့် အားကောင်းလာတဲ့အခါမှာတော့ မိမိတမင်တကာ မေတ္တာစိတ်ဖြစ်အောင် လုပ်စရာမလိုဘဲ *အလိုလိုမေတ္တာစိတ်ဖြစ်နေတာ သတိထားမိပါလိမ့်မယ်။* စိတ်ထဲသူ့အလိုလိုပဲ ကျေးဇူးတင်စိတ်တွေ ဖြစ်လာတတ်တယ်။ ဆင်းရဲဒုက္ခ ရောက်သူကို တွေ့ရင်လည်း လှိုက်လှိုက်လှဲလှဲ သနားကရုဏာစိတ်တွေ ရင်ထဲအလိုလိုပဲ ဖြစ်လာတတ်တယ်။

၁။ မေတ္တာဘာဝနာနိသံသပဉှ၊ မိလိန္ဒပဉှပါဠိ။ ပါဠိ။ ဥပရိပဏ္ဏာသပါဠိ။

တမင်တကာ ကြိုးစားရတာတော့ မဟုတ်တော့ဘူး၊ ငှက်တစ်ကောင်ရဲ့ သီကျူးသံကြားရင်လည်း ကျေးဇူးတင်စိတ် ဖြစ်နေတတ်တယ်။ ကျွဲတစ်ကောင်ရဲ့ လည်ပင်းက ခလောက်သံကို ကြားရတော့လည်း သည်အသံတွေကြောင့်ပဲ တောကပိုပြီးတော့ သဘာဝကျသွားတယ်လို့ဆိုပြီး ကျေးဇူးတင်စိတ် ဖြစ်လာနိုင်ပါတယ်။

* *မေတ္တာကမ္မဋ္ဌာန်းမှ ဝိပဿနာ ပြောင်းရှုလို့ ရနိုင်ပါသလား။ ရနိုင်ရင် စိတ်ဝင်စားပါတယ်ဘုရား။*

** မေတ္တာကမ္မဋ္ဌာန်းမှ ဝိပဿနာပြောင်း၍ ရှုမှတ်ရပါမယ်။ မေတ္တာနှင့်ပဲကျေနပ်မည်ဆိုလျှင် ပြဟ္မာ့ဘုံကိုတက်ရမှာဖြစ်သော်လည်း အပါယ်သံသရာဘေးကတော့ မလွတ်သေးပါဘူး။

မေတ္တာကမ္မဋ္ဌာန်း ရှုပွားပြီး မေတ္တာစိတ်မျှသာကို သိရှိတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ပြင်ပလောကနှင့် အဆက်ပြတ်ပြီး မိမိရဲ့ သီးခြားကမ္ဘာလေးထဲမှာနေရသလို မေတ္တာစိတ်နှင့်ပဲ နေချင်တော့တယ်။

ကမ္မဋ္ဌာန်း ရှုပွားပြီးတိုင်း ထိုင်ရတာလည်း ညောင်းတာကိုက်တာ မရှိဘဲ ကိုယ်ရောစိတ်ပါ အားများပြည့်နေသလို ခံစားရတယ်။

တရား ရှုမှတ်ပြီးတဲ့အခါ သုံးသပ် ဆင်ခြင်မိရင်လည်း သဘောကျနေတတ်ပါတယ်၊ အတော် ငြိမ်းချမ်းတာပဲလို့လည်း ထင်နေတတ်တယ်။

ဒါပေမယ့် သည်မျှနှင့် ရောင့်ရဲမနေဘဲ *ထိုပီတိ၊ သုခမေတ္တာစိတ်မျှပဲ ဖြစ်နေတဲ့ သဘောတရားကိုပင် ဝိပဿနာအာရုံယူပြီးတော့ လက္ခဏာရေးသုံးပါး တင်ပြီးရှုမှသာ ဝိပဿနာဉာဏ်များ အဆင့်ဆင့် ပွင့်ထွန်းပြီး အပါယ်သံသရာဘေးမှ ကင်းဝေးကာ ချမ်းသာရာ အစစ်ကို ရကြပါမယ်။*

* *<u>မေတ္တာသဘောကိုတော့ သိရပါပြီ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာသဘောများကိုလည်း အကျဉ်းမျှ သိလိုပါသေးတယ်။</u>*

** သတ္တဝါများကို ကောင်းစားစေလိုတဲ့သဘော၊ ချစ်ခင် မြတ်နိုးစေလိုတဲ့သဘောက မေတ္တာဖြစ်ပါတယ်။

ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြုပြီး သနား၊ ကြင်နာ၊ ကရုဏာသက်ခြင်း သဘောက ကရုဏာဖြစ်ပါတယ်။

သုခိတသတ္တဝါ ပညတ်ကို အာရုံပြုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့သဘောက မုဒိတာဖြစ်ပါတယ်။

သတ္တဝါပညတ်ကိုပဲ အာရုံပြုပြီး ကံစီမံရာအတိုင်း ဖြစ်ကြပါပေတယ်လို့ ရှုဆင်ခြင်ပြီး လျစ်လျူရှုတဲ့သဘောက ဥပေက္ခာဖြစ်ပါတယ်။

မေတ္တာကမ္မဋ္ဌာန်း ကျွမ်းကျင်နိုင်နင်းသူ ယောဂီပုဂ္ဂိုလ်က ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာကိုလည်း မေတ္တာကမ္မဋ္ဌာန်းအတိုင်း စိတ်အာရုံ ပြောင်းရုံပါပဲ။ တစ်ခုအဆင်ပြေနိုင်ရင် ကျန်တာမခက်ပါဘူး။ တစ်ခုမှ မနိုင်သေးခင်တော့ အားလုံးခက်နေတတ်တာက သဘာဝပါ။

* *<u>မေတ္တာဘာဝနာအကြောင်းကို ရေးသားတဲ့ စာအုပ်များလည်း ဖတ်ချင်ပါသေးတယ်၊ ဖတ်သင့်တဲ့ စာအုပ်များ သိလိုပါတယ်။</u>*

** ဝိသုဒ္ဓိမဂ်ပြဟ္မဝိဟာရနိဒ္ဒေသ မေတ္တာပွားပုံ အပိုင်းကို ဖတ်သင့်ပါတယ်။

* *<u>တဏှာကိလေသာ (၁၅၀၀) မေတ္တာနှင့် သန့်စင်တဲ့ (၅၂၈) သွယ် မေတ္တာကို ပြောပြောနေကြတာဟာ ဘာကို ဂဏန်းတည်ပြီး ပြောတာလဲဆိုတာ ဗဟုသုတအဖြစ် သိချင်ပါသေးတယ်။</u>*

⁂ အကျဉ်းပဲ ပြောတာပေါ့။ အကျယ်ကိုတော့ ကျမ်းစာအုပ်တွေမှာ ကြည့်တာကောင်းပါတယ်။

၅၂၈-သွယ် မေတ္တာသချ်ာဖြစ်လာပုံက ဒီလိုပါ။

| | |
|---|---|
| ရည်ညွှန်း၍ အထူးပွားတဲ့ ဩဓိသမေတ္တာ | ၇ |
| မရည်ညွှန်းဘဲ သာမန်ပွားတဲ့ အနောဓိသမေတ္တာ | + ၅ |
| | ၁၂ |
| မေတ္တာပွားပုံ (၄)မျိုး | × ၄ |
| | ၄၈ |
| အရပ် (၁၀)မျက်နှာ | ×၁၀ |
| | ၄၈၀ |
| (၇+၅=၁၂×၄)=၄၈ | ×၄၈ |
| ၅၂၈-သွယ် မေတ္တာရဲ့ သချ်ာ | ၅၂၈ |

၁၅၀၀-မေတ္တာရဲ့ သချ်ာကတော့

| | |
|---|---|
| နာမ်စိတ် | ၁ |
| စေတသိက် | ၅၂ |
| နိပ္ဖန္နရုပ် | ၁၈ |
| လက္ခဏာရုပ် | +၄ |
| | ၇၅ |
| သန္တာန် | ×၂ |
| | ၁၅၀ |
| ကိလေသာ | ×၁၀ |
| (၁၅၀၀)မေတ္တာရဲ့ သချ်ာ | ၁၅၀၀ |

ဆက်လက်ပြီး မေတ္တာရဲ့ လက္ခဏာကိုလည်း အဋ္ဌသာလိနီ အဋ္ဌကထာ (၂၃၇)မှ ကောက်နုတ်ဖော်ပြပေးလိုက်ပါတယ်။

## မေတ္တာ၏ လက္ခဏာဒိစတုက္က

မေတ္တာ ဟိတာကာရပ္ပဝတ္တိလက္ခဏာ၊
ဟိတူပသံဟာရရသာ၊
အာဃာတဝိနယပစ္စုပဋ္ဌာနာ၊
သတ္တာနံ မနာပဘာဝဒဿန ပဒဋ္ဌာနာ။

မေတ္တာ- မေတ္တာသည်၊ ဟိတာကာရပ္ပဝတ္တိ လက္ခဏာ- အစီးအပွားကို လိုလားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ ဟိတူပသံဟာရရသာ- အစီးအပွားကို ဆောင်ခြင်းကိစ္စရှိ၏။ အာဃာတဝိနယပစ္စုပဋ္ဌာနာ- ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်တတ်သော တရားဟု ယောဂီတို့ ဉာဏ်ကထင်လာ၏။ သတ္တာနံ- သတ္တဝါ၏၊ မနာပဘာဝဒဿနပဒဋ္ဌာနာ- မြတ်နိုးဖွယ်ရာတို့၏ အဖြစ်ကို ရှုခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

ဗျာပါဒူပသမော ဧတိဿာ သမ္ပတ္တိ၊
သိနေဟသမ္ဘဝေါ ဝိပတ္တိ။

ဗျာပါဒူပသမော - သတ္တဝါတို့အပေါ်၌ ဒေါသဗျာပါဒ၏ ငြိမ်းအေးခြင်းသည်၊ ဧတိဿာ- ဤမေတ္တာ၏၊ သမ္ပတ္တိ- ပြည့်စုံခြင်းတည်း၊ သိနေဟသမ္ဘဝေါ- ချစ်ခြင်းတဏှာ၏ ဖြစ်ခြင်းသည်၊ ဝိပတ္တိ- ပျက်စီးခြင်းတည်း။

| ၁။ ကိလေသာ (၁၀)ပါး | | | | |
|---|---|---|---|---|
| စဉ် | စိတ်ကို ညစ်နွမ်းစေသော တရားစု | မဂ်ဖြင့်ပယ် | | |
| | | ပ | တ | စ |
| ၁ | (လောဘ)<br>လိုချင်ခြင်း | | | ✔ |
| ၂ | (ဒေါသ)<br>ခက်ထန်ကြမ်းတမ်းခြင်း | | ✔ | |
| ၃ | (မောဟ)<br>အာရုံသဘောမှန်ကို မသိခြင်း | | | ✔ |
| ၄ | (မာန)<br>မောက်မာခြင်း | | | ✔ |
| ၅ | (ဒိဋ္ဌိ)<br>အယူလွဲမှားခြင်း | ✔ | | |
| ၆ | (ဝိစိကိစ္ဆာ)<br>ရတနာသုံးပါးစသည်၌ ယုံမှားခြင်း | ✔ | | |
| ၇ | (ထိန)<br>စိတ်၌ လေးလံထိုင်းမှိုင်းခြင်း | | | ✔ |
| ၈ | (ဥဒ္ဓစ္စ)<br>ပျံ့လွင့်ခြင်း | | | ✔ |
| ၉ | (အဟိရိက)<br>မကောင်းမှုပြုရန် မရှက်ခြင်း | | | ✔ |
| ၁၀ | (အနောတ္တပ္ပ)<br>မကောင်းမှုပြုလုပ်ရန် မကြောက်ခြင်း | | | ✔ |

(၈၃၀) ဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ- ၂။

| ၂။ သံယောဇဉ် (၁၀)ပါး | | | | |
|---|---|---|---|---|
| စဉ် | ထိုထိုဘဝမှ မလွတ်ရအောင် တုတ်နှောင်သော တရားစု | မဂ်ဖြင့်ပယ် | | |
| | | ပ | တ | စ |
| ၁ | (ကာမရာဂ) ကာမဘုံအာရုံ၌ တပ်စွဲခြင်း | | ✔ | |
| ၂ | (ရူပရာဂ) ရူပဘုံအာရုံ၌ တပ်စွဲခြင်း | | | ✔ |
| ၃ | (အရူပရာဂ) အရူပဘုံ အာရုံ၌ တပ်စွဲခြင်း | | | ✔ |
| ၄ | (ပဋိဃ) အမျက်ဒေါသ | | ✔ | |
| ၅ | (မာန) မောက်မှားခြင်း | | | ✔ |
| ၆ | (ဒိဋ္ဌိ) အယူလွဲမှားခြင်း | ✔ | | |
| ၇ | (သီလဗ္ဗတ္တပရာမာသ) မဂ္ဂမပါဘဲ နိဗ္ဗာန်ရဟု စွဲခြင်း | ✔ | | |
| ၈ | (ဝိစိကိစ္ဆာ) ရတနာသုံးပါးစသည်၌ ယုံမှားခြင်း | ✔ | | |
| ၉ | (ဥဒ္ဓစ္စ) ပျံ့လွင့်ခြင်း | | | ✔ |
| ၁၀ | (အဝိဇ္ဇာ) သစ္စာ(၄)ပါး အမှန်တရားမသိခြင်း | | | ✔ |

(၈၃၀) ဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ- ၂။

အပါယ်ကိုလားစေတတ်သော ကာမရာဂနှင့် ပဋိဃတို့ကို ပဌမမဂ်က ပယ်သတ်၏။
ရုန့်ရင်းသော ကာမရာဂနှင့် ပဋိဃတို့ကို ဒုတိယမဂ်က ပယ်သတ်၏။
သိမ်မွေ့သော ကာမရာဂနှင့် ပဋိဃတို့ကို တတိယမဂ်က ပယ်သတ်၏။

| ၃။ ဒုစရိုက် (၁၀)ပါး | | | | |
|---|---|---|---|---|
| စဉ် | မကောင်းသော စရိုက်အကျင့် | မဂ်ဖြင့်ပယ် | | |
| | | ပ | တ | စ |
| ၁ | (ပါဏာတိပါတ)<br>သူ့အသက်ကို သတ်မှု | ✔ | | |
| ၂ | (အဒိန္နာဒါန)<br>သူ့ဥစ္စာခိုးမှု | ✔ | | |
| ၃ | (ကာမေသုမိစ္ဆာစာရ)<br>သူ့လင်၊ သူ့မယား၌ ဖောက်ပြားမှု | ✔ | | |
| ၄ | (မုသာဝါဒ)<br>လိမ်ပြောမှု | ✔ | | |
| ၅ | (ပိသုဏဝါစာ)<br>ကုန်းတိုက်စကားပြောမှု | | ✔ | |
| ၆ | (ဖရုသဝါစာ)<br>ယုတ်မာကြမ်းတမ်းစွာပြောမှု | | ✔ | |
| ၇ | (သမ္ဖပ္ပလာပဝါစာ)<br>အကျိုးမရှိသော စကားကိုပြောမှု | | | ✔ |
| ၈ | (အဘိဇ္ဈာ)<br>သူ့ဥစ္စာကို မတရားလိုမှု | | | ✔ |
| ၉ | (ဗျာပါဒ)<br>သူတစ်ပါးကို ပျက်စီးစေလိုမှု | | ✔ | |
| ၁၀ | (မိစ္ဆာဒိဋ္ဌိ)<br>အယူလွဲမှားမှု | ✔ | | |

(၈၃၀) ဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ- ၂။

| ၄။ အာသဝေါတရား (၄)ပါး | | | | |
|---|---|---|---|---|
| စဉ် | အမြဲတမ်း ယိုထွက်တတ်သောတရား (ဝါ) သံသရာ ဆင်းရဲကို အလွန်ဖြစ်ပွားစေတတ်သောတရား | မဂ်ဖြင့်ပယ် | | |
| | | ပ | တ | စ |
| ၁ | ကာမာသဝ | | ✔ | |
| ၂ | ဘဝါသဝ | | | ✔ |
| ၃ | ဒိဋ္ဌာသဝ | ✔ | | |
| ၄ | အဝိဇ္ဇာသဝ | | | ✔ |

| ၅။ နီဝရဏ (၆)ပါး | | | | |
|---|---|---|---|---|
| စဉ် | ကုသိုလ်စုကို တားဆီး ပိတ်ပင်တတ်သော တရား | မဂ်ဖြင့်ပယ် | | |
| | | ပ | တ | စ |
| ၁ | (ကာမစ္ဆန္ဒ)<br>ကာမဂုဏ်ကို လိုချင်မှုလောဘ | | ✔ | |
| ၂ | (ဗျာပါဒ)<br>ပျက်စီးစေလိုခြင်း ဒေါသ | | ✔ | |
| ၃ | (ထိနမိဒ္ဓ)<br>ထိုင်းမှိုင်းငိုက်မျဉ်းခြင်း | | | ✔ |
| ၄ | (ဥဒ္ဓစ္စ) (ကုက္ကုစ္စ)<br>ပျံ့လွင့်ခြင်း၊ နောင်တပူပန်ခြင်း | ကုက္ကုစ္စ | | ဥဒ္ဓစ္စ |
| ၅ | (ဝိစိကိစ္ဆာ)<br>ရတနာသုံးပါးစသည်၌ ယုံမှားခြင်း | ✔ | | |
| ၆ | (အဝိဇ္ဇာနုသယ)<br>သစ္စာလေးပါး အမှန်တရားမသိခြင်း | | | ✔ |

(၈၃၀) ဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ- ၂။

| ၆။ အနုသယ (၇)ပါး | | | | |
|---|---|---|---|---|
| စဉ် | အနုသယကိလေသာ | မဂ်ဖြင့်ပယ် | | |
| | | ပ | တ | စ |
| ၁ | (ကာမရာဂါနုသယ)<br>ကာမဂုဏ်နှစ်သက်ခြင်းလောဘ | | ✔ | |
| ၂ | (ဘဝရာဂါနုသယ)<br>ဘဝ၌ နှစ်သက်ခြင်းလောဘ | | | ✔ |
| ၃ | (ပဋိဃာနုသယ)<br>အမျက်ဒေါသ | | ✔ | |
| ၄ | (မာနာနုသယ)<br>မောက်မာခြင်း | | | ✔ |
| ၅ | (ဒိဋ္ဌာနုသယ)<br>အယူလွဲမှားမှု | ✔ | | |
| ၆ | (ဝိစိကိစ္ဆာနုသယ)<br>ရတနာသုံးပါးစသည်၌ ယုံမှားခြင်း | ✔ | | |
| ၇ | (အဝိဇ္ဇာနုသယ)<br>သစ္စာလေးပါး အမှန်တရားမသိခြင်း | | | ✔ |

(၈၃၀) ဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ- ၂။

စာဖတ်ပရိတ်သတ် ရဟန်းရှင်လူ ပညာရှင်များ ဆက်လက်သုတေသနပြုလေ့လာနိုင်ရန်အတွက် ဤစာအုပ်ပါ ပါဠိတော်၊ အဌကထာများကို ကျမ်းညွှန်းစာရင်းဖြင့် စုစည်းတင်ပြထားပါသည်။ လေ့လာရာ၌ လွယ်ကူချောမွေ့စေရန်အတွက် ကျမ်းညွှန်းစာမျက်နှာအစား ကျမ်းညွှန်းစာပိုဒ်နံပါတ်ကို လက်သည်းကွင်းတွင်း ထည့်သွင်းဖော်ပြပေးထားပါသည်။

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၁ | သတိပဋ္ဌာန်ကို ဆင်ခြင်ပွားများပြီးသော ရဟန်းသည် လူ့ဘောင်သို့ ပြောင်းလိမ့်မည်မဟုတ်။ ကျမ်းညွှန်း- (၉၀၆) သလဋ္ဌာဂါရသုတ္တ၊ အနုရုဒ္ဓသံယုတ္တ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။ | နိဒါန်း |
| ၂ | ကာမဂုဏ်တို့သည် မဆုံးနိုင်လောက်အောင် များပြားသော အပြစ်ရှိကုန်၏။ ကျမ်းညွှန်း - (၃၆၀) သုဘာကမ္မာရဓီတုထေရီ၊ ထေရီဂါထာပါဠိ။ | နိဒါန်း |
| | ၂(က) ယံ ပရေ သုခတော အာဟု၊ ကျမ်းညွှန်း - (၁၃၆) ပဌမရူပရာမသုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။ | နိဒါန်း |
| ၃ | သတ္တိသူလူပမာ ကာမာ၊ ခန္ဓာ'သံ အဓိကုဋ္ဋနာ။ ကျမ်းညွှန်း- (၁၄၁-၁၄၂) ခေမာထေရီ၊ ထေရီဂါထာပါဠိ။ | ဥဒါန်း |
| ၄ | တမ္ပိ ခေါ ဘိက္ခဝေ စရဏံ နာမ စိတ္တံ. . . . .။ ကျမ်းညွှန်း-(၁၀၀)ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ | ၁၇ |
| ၅ | စို့ခဲ့တဲ့နို့ရည်တွေက သမုဒ္ဒရာလေးစင်းမကများခဲ့ပြီ. . .။ ကျမ်းညွှန်း- (၁၂၇) ခီရသုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။ | ၂၂ |
| ၆ | အနိစ္စသညိနော ဘိက္ခဝေ အနတ္တသညာ သဏ္ဌာတိ။ ကျမ်းညွှန်း-(၁) သမ္ဗောဓိသုတ္တ၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၂၃ |
| ၇ | ဣန္ဒြေတရားတွေမှာ လုံခြုံတဲ့ တံခါးရှိ. . . . .။ ကျမ်းညွှန်း- (၂၄၀) ကုမ္မောပမသုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။ | ၂၄ |

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၈ | ဝရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ. . . . .။<br>ကျမ်းညွှန်း-(၂၅၃) အာဒိတ္တပရိယာယသုတ္တ၊<br>သဠာယတနဝဂ္ဂ သံယုတ္တပါဠိ။ | ၂၄ |
| ၉ | ယထာ ပုပ္ဖူဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။<br>ကျမ်းညွှန်း-(၁၇၀) လောကဝဂ္ဂ၊ ဓမ္မပဒပါဠိ။ | ၂၈ |
| ၁၀ | အနိစ္စတာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ. .။<br>ကျမ်းညွှန်း-(၂၅) ဘာဝေတဗ္ဗနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ-၄-၁။ | ၂၈ |
| ၁၁ | သီလရှိတဲ့ရဟန်းက ဉပါဒါနက္ခန္ဓာ(၅)ပါးတို့ကို. . . .။<br>ကျမ်းညွှန်း-(၁၂၂) သီလဝန္တသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ | ၂၉ |
| ၁၂ | မဂ်ဉာဏ်သို့တိုင်အောင် ဝိပဿနာပြည့်စုံပေပြီ. . .။<br>ကျမ်းညွှန်း-ဝိပဿနာကထာ၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိ။ | ၃၂ |
| ၁၃ | ပုတ္တာ မတ္ထိ ဓနမ္မတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။<br>ကျမ်းညွှန်း-(၆၂) အာနန္ဒသေဋ္ဌိ၊ ဓမ္မပဒအဋ္ဌကထာ။ | ၃၇ |
| ၁၄ | ငါသည် ချစ်မြတ်နိုးအပ်သော အရာအားလုံးနှင့် တစ်နေ့<br>ရှင်ကွဲကွဲရခြင်း. . . . . .။<br>ကျမ်းညွှန်း-(၅၇) ဌာနသုတ္တ၊ ပဉ္စကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၃၇ |
| ၁၅ | စိတ်ကပဲ သတ္တဝါတွေကို ပြုပ္ပြာဖြစ်အောင်. . . .။<br>ကျမ်းညွှန်း-(၁၁၃၀-၁၁၃၁) တာလပုဋ္ဌတ္ထေရဂါထာပါဠိ။ | ၃၇ |
| ၁၆ | ကုဒ္ဓေါ အတ္ထံ နဇာနာတိ. . .။<br>ကျမ်းညွှန်း-(၆၄) ကောဓနသုတ္တ၊ သတ္တကနိပါတ၊အင်္ဂုတ္တရပါဠိ။ | ၃၉ |
| ၁၇ | ဒွါရ(၆)ပါးမှာ တိုက်ဆိုတဲ့အာရုံတိုင်းအပေါ်မှာ. . . .။<br>ကျမ်းညွှန်း-(၉၅) မာလုကျပုတ္တသုတ္တ၊ သဠာယတနဝဂ္ဂ<br>သံယုတ္တပါဠိ။ | ၄၂ |
| ၁၈ | သတိရှိကာသိနေတာ. . .။<br>ကျမ်းညွှန်း-ရွှေဥမင်ဆရာတော်ဘုရားကြီး။ | ၄၄ |

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၁၉ | အပ္ပမာဒေါ အမတပဒံ၊ ပမာဒေါ ပစ္စုနော ပဒံ။ ကျမ်းညွှန်း-(၂၁) အပ္ပမာဒဝဂ္ဂ၊ ဓမ္မပဒပါဠိ။ | ၄၄ |
| ၂၀ | လောဘဖြစ်တာကိုလည်း ဖြစ်မှန်းသိရမယ်။ ကျမ်းညွှန်း-(၃၈၁) မဟာသတိပဋ္ဌာနသုတ္တ၊ မဟာဝဂ္ဂပါဠိ။ | ၄၄ |
| ၂၁ | ဒီရုပ်ခန္ဓာကိုယ်ကောင်ကြီးဟာ အမြဲတမ်းနာကျင်ပြီး နှိပ်စက်နေတဲ့. . . .။ ကျမ်းညွှန်း-(၁) နကုလပိတုသုတ္တ၊ ခန္ဓဝဂ္ဂ သံယုတ္တ-ဋ္ဌ။ | ၄၈ |
| ၂၂ | ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ။ ကျမ်းညွှန်း-(၄၉) ပဏိဟိတအစ္ဆဝဂ္ဂ၊ ဧကကနိပါတ၊ အင်္ဂုတရပါဠိ။ | ၄၉ |
| ၂၃ | မေ့လျော့သူကို စိတ်ပင်ပန်းမှု သောကဖိစီး၏။ ကျမ်းညွှန်း-(၁၈) သုပ္ပဝါသာသုတ္တ၊ ဥဒါနပါဠိ။ | ၅၅ |
| ၂၄ | အဲ့ဒီသင်္ခါရတရားတွေ အားလုံးကုန်လွန်ခဲ့ပြီး. . . . .။ ကျမ်းညွှန်း-(၉၆) ဂေါမယပိဏ္ဍသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ (၉၇) နခသိခါသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ | ၇၀ |
| ၂၅ | အသာရေ သာရမတိနော၊ သာရေ စာသာရဒဿိနော။ ကျမ်းညွှန်း-(၁၁) သာရိပုတ္တထေရဝတ္ထု၊ ဓမ္မပဒပါဠိ။ | ၇၀ |
| ၂၆ | ရူပံ ဘိက္ခဝေ အနိစ္စံ. . . . .။ ကျမ်းညွှန်း-(၁၈) သဟေတုအနိစ္စ သုတ္တ၊ ခန္ဓသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ | ၇၃ |
| ၂၇ | သုခံ ဝေဒယမာနဿ ဝေဒနံ အပ္ပဇာနာတော။ ကျမ်းညွှန်း-(၂၅၁) ပဟာနသုတ္တ၊ ဝေဒနာသံယုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။ | ၇၄ |
| ၂၈ | ဥတုဘောဇနဝသေန ဟိ အာယုဟာယတိပိဝဍ္ဎတိပိ. . .။ ကျမ်းညွှန်း-(၅) အာယုပရိစ္ဆေဒဝဏ္ဏနာ၊ မဟာဝဂ္ဂ-ဋ္ဌ။ | ၇၆ |
| ၂၉ | ကာလမသုတ်၊ (ကေသမုတ္တိသုတ်)။ ကျမ်းညွှန်း-(၆၆) ကေသမုတ္တိသုတ္တ၊ တိကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၇၆ |

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၃၀ | Kãlãmã SUTTA<br>ကျမ်းညွှန်း-A manual of selfawareness by Jittasupho. | ၇၈ |
| ၃၁ | ဖောင်နှင့်တူသော တရားကို ငါဘုရားပြတော်မူပြီ။<br>ကျမ်းညွှန်း-(၂၃၄) အလဂဒ္ဒူပမသုတ္တ၊ မူလပဏ္ဏာသပါဠိ။ | ၈၀ |
| ၃၂ | ဝိပဿနာတရားဟာ မဂ္ဂင်ရှစ်ပါးနှင့်ဖြစ်စေ<br>ဗောဇ္ဈင်(၇)ပါးနှင့်ဖြစ်စေ ညီညွတ်ပြီဆိုရင်ဖြင့် . . . ။<br>ကျမ်းညွှန်း-လယ်တီဒီပနီ။ | ၈၁ |
| ၃၃ | တတ္ထ ဟတ္ထပါဒေ အတိစိရံ သမဇ္ဇေတွာ. . . ။<br>ကျမ်းညွှန်း-(၁၀၉) သတိပဋ္ဌာနသုတ္တ၊ မူလပဏ္ဏာသ-ဋ္ဌ။<br>(၂၁၄) သတိသမ္ပဇညကထာ၊ သီလက္ခန္ဓဝဂ္ဂ-ဋ္ဌ။ | ၈၅ |
| ၃၄ | အာတာပီ သမ္ပဇာနော သတိမာ။<br>ကျမ်းညွှန်း-(၃၇၃) မဟာသတိပဋ္ဌာနသုတ္တ၊ မဟာဝဂ္ဂပါဠိ။ | ၈၇ |
| ၃၅ | ယဉ္စ စုန္ဒ ရတ္တိံ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ<br>အဘိသမ္ဗုဇ္ဈတိ။ ကျမ်းညွှန်း-(၁၈၈) ပဉ္စာဗျာကရဏ၊<br>ပါသာဒိကသုတ္တ၊ ပါထိကဝဂ္ဂပါဠိ။ | ၈၉ |
| ၃၆ | ခန္ဓာ(၅)ပါးဝန်ထုပ် နှစ်သက်ဖွယ်မဟုတ်ပေ။<br>ကျမ်းညွှန်း-(၂၂) ဘာရသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ | ၉၅ |
| ၃၇ | ပုဂ္ဂိုလ် (၄)မျိုး။<br>ကျမ်းညွှန်း-(၂၈၃) ပါသရာသိသုတ္တ၊ မူလပဏ္ဏာသ-ဋ္ဌ။ | ၉၅ |
| ၃၈ | Mother Teresa<br>ကျမ်းညွှန်း-One Dharma by Joseph Goldstein | ၉၈ |
| ၃၉ | ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။<br>ကျမ်းညွှန်း-(၁၀၃) ကုဏ္ဍလကေသိတ္ထေရီဝတ္ထု၊ ဓမ္မပဒပါဠိ။ | ၁၀၄ |
| ၄၀ | ကတမာ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ. . . ။<br>ကျမ်းညွှန်း-(၄၀၂) မဂ္ဂသစ္စနိဒ္ဒေသ၊ မဟာဝဂ္ဂပါဠိ။ | ၁၀၄ |

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၄၁ | လောဘ၊ ဒေါသ၊ မောဟကုန်ရာ နိဗ္ဗာန်။ ကျမ်းညွှန်း-(၃၁၄)<br>နိဗ္ဗာနပဉှာသုတ္တံ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။ | ၁၀၉ |
| ၄၂ | နည်းနည်းကုန်ရင် နည်းနည်းနိဗ္ဗာန်၊ တဒင်္ဂနိရောဓ။<br>ကျမ်းညွှန်း-A Still Forest Pool by Ven Achann Chah | ၁၀၉ |
| ၄၃ | ကိံ ပနေတ္ထ အာဝုသော သာရိပုတ္တ သုခံ. . . .။<br>ကျမ်းညွှန်း-(၃၄)နိဗ္ဗာန်နသုခသုတ္တံ၊ နဝကနိပါတ၊<br>အင်္ဂုတ္တရပါဠိ။ | ၁၀၉ |
| ၄၄ | ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။<br>ကျမ်းညွှန်း-(၉၅)ဖေဏပိဏ္ဍူပမသုတ္တံ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ | ၁၁၀ |
| ၄၅ | ကေသိမ္ဟိ ဟိ အစ္ဆရာက္ခဏော အနေကာနိ. . . . .။<br>ကျမ်းညွှန်း-(၆၁) အဿုတဝါသုတ္တံ၊ နိဒါနဝဂ္ဂသံယုတ္တ-ဋ္ဌ။ | ၁၁၁ |
| ၄၆ | ညီတော်နန္ဒမင်းသား. . .။<br>ကျမ်းညွှန်း-နန္ဒထေရဝတ္ထု၊ ဓမ္မပဒ-ဋ္ဌ။ | ၁၁၄ |
| ၄၇ | ဘိက္ခုနီသာသနာတော်။ ကျမ်းညွှန်း- တတိယသီတိဂါထာ၊<br>ပါရာဇိကကဏ္ဍ-ဋ္ဌ။ (၁၄၁)ဘိက္ခုအပရိဟာနိယဓမ္မဝဏ္ဏနာ၊<br>မဟာဝဂ္ဂ-ဋ္ဌ။ | ၁၂၁ |
| ၄၈ | ယောစ သမထေ အကတာဓိကာရော. . .။<br>ကျမ်းညွှန်း-(၁၇၆-၁၈၀) အဋ္ဌသာလိနီ-အဋ္ဌကထာ။ | ၁၂၆ |
| ၄၉ | အမျိုးသမီးတွေဟာ ပြဟ္မပါရိသဇ္ဇဘုံ၌သာ ဖြစ်ခွင့်ရှိ။<br>ကျမ်းညွှန်း-(၅) ပစ္စုပ္ပန္နာနာဂတဝါရ၊ အနုလောမပုဂ္ဂလ၊<br>ဣန္ဒြိယယမကပါဠိ။ | ၁၃၁ |
| ၅၀ | ကိလေသာရှိတာကို ရှိမှန်းသိသူ. . . . .။<br>ကျမ်းညွှန်း-(၅၇) အနင်္ဂဏသုတ္တံ၊ မူလပဏ္ဏာသပါဠိ။ | ၁၃၃ |
| ၅၁ | အသက်ဝင်လှတဲ့ ဘီလူးရုပ်ပုံကားချပ်။<br>ကျမ်းညွှန်း-One Dharma by Joseph Goldstein | ၁၃၉ |

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
| --- | --- | --- |
| ၅၂ | ဧကေဝါရံ မဂ္ဂညာဏေန ပဋိဝိဒ္ဓမ္ဗာ......။ ကျမ်းညွှန်း-(၈၈) ဒုဒ္ဒုဘဇာတက၊ ကုဋိဒူသကဝဂ္ဂ၊ ဇာတက-ဌ-၃။ | ၁၄၀ |
| ၅၃ | အလှူခံပုဂ္ဂိုလ်နှင့် အလှူခံအကျိုး။ ကျမ်းညွှန်း-(၃၇၆) ဒက္ခိဏာဝိဘင်္ဂသုတ္တ၊ ဥပရိပဏ္ဏာသပါဠိ။ | ၁၄၃ |
| ၅၄ | အလှူအင်္ဂါ (၆)ပါး။ ကျမ်းညွှန်း-(၃၇) ဆဠင်္ဂဒါနသုတ္တ၊ ဆက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၁၄၄ |
| ၅၅ | ဒါနဆိုတဲ့ စရဏသတ္တိနည်းပါးရင်....။ ကျမ်းညွှန်း-လယ်တီဒီပနီ။ | ၁၄၅ |
| ၅၆ | အာတုရကာယဿ မေ သတော....။ ကျမ်းညွှန်း-(၁) နကုလပိတုသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ | ၁၄၉ |
| ၅၇ | ရောဂါ(၂)မျိုးတို့ကား ကိုယ်၌ဖြစ်သောရောဂါ၊ စိတ်၌ဖြစ်သော ရောဂါ။ ကျမ်းညွှန်း-(၁၅၇) ရောဂသုတ္တ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၁၅၀ |
| ၅၈ | သ ခေါ သော ဘိက္ခဝေ ဗာလော....။ ကျမ်းညွှန်း-(၂၄၆) ဗာလပဏ္ဍိတသုတ္တ၊ ဥပရိပဏ္ဏာသပါဠိ။ | ၁၅၀ |
| ၅၉ | Dhamma Language ကျမ်းညွှန်း-Ven.Achaan Chah | ၁၅၀ |
| ၆၀ | အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။ ကျမ်းညွှန်း-(၂၇၂) ဘဒ္ဒေကရတ္တသုတ္တ၊ ဥပရိပဏ္ဏာသပါဠိ။ | ၁၅၃ |
| ၆၁ | ကွေစ ဝဿံ ဝသိဿာမိ၊ ကွေစ ဟေမန္တဂိမှိသု။ ကျမ်းညွှန်း-(၂၈၆) မဟာဓနဝါဏိဇဝတ္ထု၊ ဓမ္မပဒပါဠိ။ | ၁၅၄ |
| ၆၂ | သမ္မုခါ ပဋိဂ္ဂဟိတံ ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ။ ကျမ်းညွှန်း- (၁၁၀၀) ဂဝမ္ပတိသုတ္တ၊ သစ္စသံယုတ္တ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။ | ၁၅၅ |

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၆၃ | ဇော၀ိထိ Compendition of Philosophy of Shwe Zan Aung | ၁၅၈ |
| ၆၄ | ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရား၏<br>မာလုကျပုတ္တတရားစဉ်။ | ၁၆၁ |
| ၆၅ | မြင်တိုင်း ကြားတိုင်း ဝိပဿနာရှုနိုင်ရင် တရားထူးရနိုင်။<br>ကျမ်းညွှန်း-(၉၅)မာလုကျပုတ္တ၊သဠာယတနဝဂ္ဂသံယုတ္တ-ဌ။ | ၁၆၁ |
| ၆၆ | နိဗ္ဗာနနိန္နော နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာရော။<br>ကျမ်းညွှန်း-(၁၇၇) အတ္တဒဏ္ဍသုတ္တ၊ မဟာနိဒ္ဒေသပါဠိ။<br>(၁၁၅)ပဌမပါစီနနိန္နသုတ္တ၊မဂ္ဂသံယုတ္တ၊မဟာဝဂ္ဂသံယုတ္တပါဠိ။ | ၁၆၂ |
| ၆၇ | အပိ စ ခွါဟံ အာဝုသော ဣမသ္မိံယေဝ။<br>ကျမ်းညွှန်း-(၁၀၇)ရောဟိတဿသုတ္တ၊<br>သဂါထာဝဂ္ဂသံယုတ္တပါဠိ။ (၄၅) ရောဟိတဿသုတ္တ၊<br>စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၁၆၂ |
| ၆၈ | အနိစ္စေ နိစ္စသညိနော၊ ဒုက္ခေ စ သုခသညိနော။<br>ကျမ်းညွှန်း-(၄၉) ဝိပလ္လာသသုတ္တ၊ စတုက္ကနိပါတ၊<br>အင်္ဂုတ္တရပါဠိ။ | ၁၆၆ |
| ၆၉ | မာ ပမာဒအနုယုဉ္ဇေထ၊ မာ ကာမရတိသန္ထဝံ။<br>ကျမ်းညွှန်း-(၈၈၄) အင်္ဂုလိမာလတ္ထေရဂါထာပါဠိ။ | ၁၆၇ |
| ၇၀ | သုပိနကူပမာ ကာမာ။<br>ကျမ်းညွှန်း-(၄၆) ပေါတလိယသုတ္တ၊ မဇ္ဈိမပဏ္ဏာသပါဠိ။ | ၁၇၀ |
| ၇၁ | ကာမာ တေ ပဌမာ သေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ။<br>ကျမ်းညွှန်း-(၂၈) သုဒ္ဓဋ္ဌကသုတ္တ၊ မဟာနိဒ္ဒေသပါဠိ။ | ၁၇၁ |
| ၇၂ | ဗောဇ္ဈင်္ဂါ ဗောဇ္ဈင်္ဂါ တိ ဘန္တေ ဝုစ္စန္တိ။<br>ကျမ်းညွှန်း-(၂၀၂) ဗောဓာယသုတ္တ၊ ဥဒါယိဝဂ္ဂ၊<br>မဟာဝဂ္ဂသံယုတ္တပါဠိ။ | ၁၇၇ |
| ၇၃ | သတ္တဝါ (၆)ကောင်ဥပမာ။ ကျမ်းညွှန်း-(၂၄၇)<br>ဆပ္ပါဏကောပမသုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။ | ၁၈၂ |

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၇၄ | ဣန္ဒြိယသံဝရသီလဆိုတာ. . . . . .။ ကျမ်းညွှန်း-(၃၇) အပရိဟာနိယသုတ္တ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၁၈၄ |
| ၇၅ | ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အာရမ္ဘပစ္စယာ။ ကျမ်းညွှန်း-(၇၄၉) ဒွယတာနုပဿနာသုတ္တ၊ သုတ္တနိပါတပါဠိ။ | ၁၈၈ |
| ၇၆ | သတိပဋ္ဌာန်လေးပါးချွတ်ယွင်းရင်အရိယာမဂ်ကိုချွတ်ယွင်းစေ။ ကျမ်းညွှန်း-(၃၉၉) ဝိရဒ္ဓသုတ္တ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။ | ၁၈၉ |
| ၇၇ | ရူပစျာန်(၄)ပါး၊ အာဘိစေတသိကစျာန်(၄)ပါး။ ကျမ်းညွှန်း-(၁၇၉) ပဥ္စကနိပါတ၊ အင်္ဂုတ္တရအဋ္ဌကထာ(၃)။ | ၁၉၅ |
| ၇၈ | အာကာသာနဉ္စာယတန (စျာန်) ကျမ်းညွှန်း-အဘိဓမ္မတ္ထသင်္ဂဟပါဠိ။ | ၁၉၆ |
| ၇၉ | မယှံ ပန သာသနေ နမေတံ သာရံ။ ကျမ်းညွှန်း-(၈၈) အဿဇိသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တ-ဋ္ဌ။ | ၁၉၆ |
| ၈၀ | စတဿော ဣမာ ဘိက္ခဝေ သမာဓိဘာဝနာ၊ ကျမ်းညွှန်း-(၄၁) သမာဓိဘာဝနာသုတ္တ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၁၉၆ |
| ၈၁ | ဣမေဟိ ပဉ္စဟိ ပဓါနိယင်္ဂေဟိ. . . . .။ ကျမ်းညွှန်း-(၃၄၅) ဗောဓိရာဇကုမာရသုတ္တ၊ မဇ္ဈိမပဏ္ဏာသပါဠိ။ | ၂၀၀ |
| ၈၂ | ပဓာနအင်္ဂါ(၅)ပါး ကျမ်းညွှန်း-(၅၃) ပဓာနိယင်္ဂသုတ္တ၊ ပဉ္စကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၂၀၁ |
| ၈၃ | အရိယာသုပ္ပဗုဒ္ဓ. . .။ ကျမ်းညွှန်း-(၆၆) သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု၊ ဗာလဝဂ္ဂ၊ ဓမ္မပဒ-ဋ္ဌ။ | ၂၀၃ |
| ၈၄ | ခေနဉ္စာနိ ပုဏ္ဏေားမ. . .။ ကျမ်းညွှန်း-(၁၈၇) ခေနဉ္စာနိသုတ္တ၊ အရဟန္တဝဂ္ဂ၊ သဂါထာဝဂ္ဂသံယုတ္တ-ဋ္ဌ။ | ၂၀၃ |
| ၈၅ | ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော. . .။ ကျမ်းညွှန်း-(၃၁၄) နိဗ္ဗာနပဉှာသုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။ | ၂၀၄ |

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၈၆ | မြင်နေဆဲ၊ ကြားနေဆဲ၊ နံနေဆဲ၊ ထိနေဆဲ၊ အကြောင်းအရာနှင့် ပတ်သက်ပြီး ပြစ်မှား၊ ဝန်တိုစရာ အကြောင်းမရှိ. . .။ ကျမ်းညွှန်း-(၉၅) မာလုကျပုတ္တသုတ္တ၊ သဠာယတနဝဂ္ဂ သံယုတ္တ-၄။ | ၂၁၂ |
| ၈၇ | အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေအနာဂတံ။ ကျမ်းညွှန်း-(၂၇၂) ဘဒ္ဒေကရတ္တသုတ္တ၊ ဥပရိပဏ္ဏာသပါဠိ။ | ၂၁၃ |
| ၈၈ | စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ. . . .။ ကျမ်းညွှန်း-(၁၀၀) ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ | ၂၁၄ |
| ၈၉ | ချည်ထားတဲ့ကြိုးကသာ သံယောဇဉ်ဖြစ်တယ်။ ကျမ်းညွှန်း-(၃၄၃) သံယောဇနသုတ္တ၊ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။ | ၂၂၀ |
| ၉၀ | ရတနာသုံးပါးကိုးကွယ်မှုသာသစ္စာလေးပါးသိခွင့်ရနိုင်။ ကျမ်းညွှန်း-(၁၉၂) အဂ္ဂိဒတ္တဗြဟ္မဏဝတ္ထု၊ ဓမ္မပဒပါဠိ။ | ၂၂၃ |
| ၉၁ | ကမ္ဘာမြေနှင့် မြေဇာမြက်။ ကျမ်းညွှန်း-လယ်တီဒီပနီ။ | ၂၂၃ |
| ၉၂ | လူမိုက်တို့သည် ဟုတ်တိုင်းမှန်စွာမသိကြကုန်။ ကျမ်းညွှန်း-(၁၄၃) ခေမာထေရီ၊ ထေရီဂါထာပါဠိ။ | ၂၂၃ |
| ၉၃ | ဓဝံ ဥပါဒိန္နကဿ ကာယဿ ဒရတောယေဝ. . . .။ ကျမ်းညွှန်း-(၃၈၈) မဟာသစ္စကသုတ္တ၊ မူလပဏ္ဏာသ-၄။ | ၂၂၉ |
| ၉၄ | တေဒင်္ဂဘွဲ့ရ ရဟန္တာထေရီများ။ ကျမ်းညွှန်း-အပါဒါနဋ္ဌ။ | ၂၃၅ |
| ၉၅ | လိုချင်လိုချင်နှင့် လောဘမီးလောင်သေရင် ပြိတ္တာ ကျမ်းညွှန်း-(၁၇၂) အဘိ-၄-၁။ | ၂၃၇ |
| ၉၆ | ပုထုဇဉ်ကတိကမမြဲ ကျမ်းညွှန်း-လယ်တီဒီပနီ။ | ၂၃၇ |

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၉၇ | ကမ္မသ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။<br>ကျမ်းညွှန်း-(၆၈၉) ပစ္စယပရိဂ္ဂဟကထာ၊ ဝိသုဒ္ဓိမဂ္ဂ-၅။ | ၂၃၈ |
| ၉၈ | ဂမ္ဘမေကေ ဥပ္ပဇ္ဇန္တိ၊ နိရယံ ပါပကမ္မိနော။ ကျမ်းညွှန်း-(၁၂၆)<br>မဏိကာရကုလူပကတိဿတ္ထေရ၊ ဓမ္မပဒပါဠိ။ | ၂၄၀ |
| ၉၉ | ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ<br>ကျမ်းညွှန်း-(၁၄) အနတ္တသုတ္တံ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ | ၂၄၁ |
| ၁၀၀ | လူ့အသွင်အပြင်နှင့် ရဟန္တာဖြစ်ရင် ပရိနိဗ္ဗာန်ပြုတယ်။<br>ကျမ်းညွှန်း-နိပ္ပပဉ္စဝဂ္ဂ၊ မိလိန္ဒပဉှပါဠိ။ | ၂၄၂ |
| ၁၀၁ | ဧသေဝ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။<br>ကျမ်းညွှန်း-(၂၇၄) ပဉ္စသတဘိက္ခု၊ ဓမ္မပဒပါဠိ။ | ၂၄၇ |
| ၁၀၂ | နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ။<br>ကျမ်းညွှန်း-(၃၅) အဒန္တဝဂ္ဂ၊ ဧကကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၂၄၈ |
| ၁၀၃ | အနဝဇ္ဇေန တုဿ။<br>ကျမ်းညွှန်း-(၂၇) သန္တုဋ္ဌိသုတ္တံ၊ စတုက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၂၅၁ |
| ၁၀၄ | အဲဒီရွှေငွေရတနာတွေကို လှည်းနှင့်တင်ပြီးဂင်္ဂါမြစ်လယ်မှာ<br>ပစ်ချလိုက်ပါ။ ကျမ်းညွှန်း-(၃၀၁)ရဋ္ဌပါလသုတ္တံ၊မဇ္ဈိမပဏ္ဏာသပါဠိ၊ | ၂၅၂ |
| ၁၀၅ | အာရဒ္ဓဝိပဿကဿ ဝိပဿနာဉာဏေန။<br>ကျမ်းညွှန်း-(၈၄) ပထဝီကသိဏနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂ-၁။ | ၂၅၆ |
| ၁၀၆ | ဥပေက္ခာ(၁၀)ပါး။ ကျမ်းညွှန်း-(၈၄) တတိယဇ္ဈာနကထာ၊<br>ပထဝီကသိဏနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂ-၁။ | ၂၅၇ |
| ၁၀၇ | ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ။<br>ကျမ်းညွှန်း-(၁၀) ဂုဟဋ္ဌကသုတ္တံ၊ မဟာနိဒ္ဒေသပါဠိ။ | ၂၆၁ |
| ၁၀၈ | ကလေးတွေ ကစားပွဲပြီးပြီလား. . . .။ ကျမ်းညွှန်း-(၁၆၁)<br>သတ္တသုတ္တံ၊ ရာဓသံယုတ္တံ၊ ခန္ဓဝဂ္ဂသံယုတ္တပါဠိ။ | ၂၆၂ |
| ၁၀၉ | ယံ ဘိက္ခဝေ လောဘပကတံ ကမ္မံ. . . .။<br>ကျမ်းညွှန်း-(၁၁၂) ပဌမနိဒါန၊ တိကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၂၆၅ |

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
| --- | --- | --- |
| ၁၁၀ | ကိလေသာကို တဒင်္ဂပဟာန်ပယ်ရှားခြင်းဖြင့် ပယ်တာ။<br>ကျမ်းညွှန်း-(၈၄၉) ပရိညာဒိပ္ပဘေဒကထာ၊ ဉာဏဒဿန ဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ-၅-၂။ | ၂၆၆ |
| ၁၁၁ | မဂ်ဖြင့် ကိလေသာကိုပယ်။<br>ကျမ်းညွှန်း-(၈၃၀) ဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ-၂။ | ၂၆၇ |
| ၁၁၂ | ကိစ္ဆော မနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။<br>ကျမ်းညွှန်း-(၁၈၂) ဧရကပတ္တနာဂရာဇဝတ္ထု၊ ဓမ္မပဒပါဠိ။ | ၂၆၈ |
| ၁၁၃ | အပ္ပမာဒ သတိ၏ကျေးဇူးပြုမှု။<br>ကျမ်းညွှန်း-(၃၅၁) ပါထိက-၅။ | ၂၇၃ |
| ၁၁၄ | သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။<br>ကျမ်းညွှန်း-(၂၃၄) အဂ္ဂိသုတ္တ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။ | ၂၇၃ |
| ၁၁၅ | ယေကေစိ ကုသလာ ဓမ္မာ. . . .။<br>ကျမ်းညွှန်း-(၁၃၉) တထာဂတသုတ္တ၊ မဟာဝဂ္ဂသံယုတ္တပါဠိ။ | ၂၇၃ |
| ၁၁၆ | (၆၆) ကေသမုတ္တိသုတ္တ၊ တိကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၂၇၅ |
| ၁၁၇ | ကျင့်ဆဲဖြစ်တဲ့အကြောင်း "သေက္ခ"<br>ကျမ်းညွှန်း-(၈၆) သေက္ခသုတ္တ၊ တိကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၂၇၆ |
| ၁၁၈ | ဝတ္ထုကာမော ပရိညေယျော။<br>ကျမ်းညွှန်း-(၁) ကာမသုတ္တနိဒ္ဒေသ၊ မဟာနိဒ္ဒေသ-၅။ | ၂၇၇ |
| ၁၁၉ | မမေ့လျော့တဲ့ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ကုသိုလ်လည်းဖြစ်. .။<br>ကျမ်းညွှန်း-(၅၉) အစ္ဆရာသင်္ဃာတဝဂ္ဂ၊ ဧကကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၂၇၇ |
| ၁၂၀ | တေန မေ အဿ ကာလံကိရိယာ။ ကျမ်းညွှန်း-(၇၇) ပဉ္စမ အနာဂတဘယသုတ္တ ပဉ္စကနိပါတ၊ အင်္ဂုတ္တရပါဠိ | ၂၇၈ |
| ၁၂၁ | မအိုမီ၊ မနာမီ တရားကျင့်ရန်။ ကျမ်းညွှန်း-(၇၈) ဒုတိယ အနာဂတဘယသုတ္တ ပဉ္စကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၂၇၈ |

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၁၂၂ | အထ ခေါ ဘိက္ခဝေ ဝိပဿီဗောဓိသတ္တော။ ကျမ်းညွှန်း-(၆၃) ဗောဓိသတ္တအဘိနိဝေသ၊ မဟာပဒါနသုတ္တ၊ မဟာဝဂ္ဂပါဠိ။ | ၂၇၉ |
| ၁၂၃ | အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။ ကျမ်းညွှန်း-(၂၂၁) မဟာပရိနိဗ္ဗာနသုတ္တ၊ မဟာဝဂ္ဂပါဠိ။ | ၂၈၁ |
| ၁၂၄ | ဝေဒနာတို့ရဲ့ဖြစ်ကြောင်း သမုဒယကိုလည်း သိတယ် ချုပ်ကြောင်းကိုလည်း သိတယ်။ ကျမ်းညွှန်း-(၂၅၄) သလ္လသုတ္တ၊ ဝေဒနာသံယုတ္တ သဠာယတနဝဂ္ဂသံယုတ္တပါဠိ။ | ၂၈၇ |
| ၁၂၅ | ရာဂရှိသူနှင့် ရာဂကင်းသူ။ ကျမ်းညွှန်း-သတိဝဂ္ဂ၊ မိလိန္ဒပဉှပါဠိ။ | ၂၉၀ |
| ၁၂၆ | ဗာလလူမိုက်နှင့် အရိယာသာဝကလူလိမ္မာ။ကျမ်းညွှန်း-(၈) ဒု-လောကဓမ္မသုတ္တ၊ အဋ္ဌကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၂၉၀ |
| ၁၂၇ | သူယုတ်နှင့် သူမြတ်။ ကျမ်းညွှန်း-(၁၅၀)ဘဝ-ဝိဘဝဒိဋ္ဌိနိဒ္ဒေသ၊ပဋိသမ္ဘိဒါမဂ္ဂပါဠိ။ | ၂၉၁ |
| ၁၂၈ | လက်တစ်ဖျစ်အတွင်း မေတ္တာစိတ်ကိုပွားများနေသည့်ရဟန်း။ ကျမ်းညွှန်း-(၅၃) အစ္ဆရာသင်္ဃာတဝဂ္ဂ၊ ဧကကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၃၀၀ |
| ၁၂၉ | နာဠာဂိရိဆင်ဟာ ဘုရားရှင်၏မေတ္တာစိတ်ကြောင့် ခြေတော်ရင်းသို့ တုပ်ဝပ်ပါတယ်။ ကျမ်းညွှန်း-(၃၄၂)သံဃဘေဒကက္ခန္ဓက၊ စူဠဝါပါဠိ။ | ၃၀၂ |
| ၁၃၀ | မေတ္တာအကျိုး (၁၁)ပါး။ ကျမ်းညွှန်း-(၁၅)မေတ္တာသုတ္တ၊ ဧကာဒသကနိပါတ၊ အင်္ဂုတ္တရပါဠိ။ | ၃၀၅ |
| ၁၃၁ | မေတ္တာတရားကို ထပ်တလဲလဲပွားများမယ်။ ကျမ်းညွှန်း-(၂၂၅) ကုလသုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။ | ၃၀၆ |
| ၁၃၂ | နွားနို့တစ်ညှစ်ခန့် မေတ္တာပွားခြင်း . . . ။ ကျမ်းညွှန်း-(၂၂၆) ဩက္ခာသုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။ | ၃၀၆ |

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၁၃၃ | အရှင်ရေဝတဟာ လူ့ဘဝကပဲမေတ္တာကမ္မဋ္ဌာန်းအလေ့အကျင့်ကောင်းခဲ့တယ်။<br>ကျမ်းညွှန်း-(၄၅၅) သတ္တသတိကက္ခန္ဓက၊ စူဠဝါပါဠိ။ | ၃၀၇ |
| ၁၃၄ | မေတ္တာကမ္မဋ္ဌာန်းဟာ စတုတ္ထဈာန်ထိရနိုင်တယ်။<br>ကျမ်းညွှန်း-ဓမ္မသင်္ဂဏီပါဠိ။ အဘိဓမ္မတ္ထသင်္ဂဟပါဠိနိဿယ။ | ၃၀၇ |
| ၁၃၅ | အပ္ပမာဏာ စေတောဝိမုတ္တိ။<br>ကျမ်းညွှန်း-(၂၃၀) အနုရုဒ္ဓသုတ္တ၊ ဥပရိပဏ္ဏာသပါဠိ။ | ၃၀၇ |
| ၁၃၆ | နိဗ္ဗာန်ကိုလည်းရနိုင်တယ်။<br>ကျမ်းညွှန်း-(၃၆၈) သမ္ဗဟုလဘိက္ခုဝတ္ထု၊ ဓမ္မပဒပါဠိ။ | ၃၀၇ |
| ၁၃၇ | မေတ္တာပါရမီမဖြည့်ကျင့်ဘဲ သမ္မာသမ္ဗောဓိဉာဏ်ကိုမရနိုင်ဘူး။<br>ကျမ်းညွှန်း-ဗုဒ္ဓဝံသပါဠိ။ | ၃၀၇ |
| ၁၃၈ | မေတ္တာပွားများသူကို ရန်သူတို့က မမြင်ဘူး။<br>ကျမ်းညွှန်း-(၆) မေတ္တာဘာဝနာနိသံသပဉှာ၊ မိလိန္ဒပဉှပါဠိ။ | ၃၀၈ |
| ၁၃၉ | မဂ်ဖြင့်ပယ်သည့် ကိလေသာ(၁၀)ပါး။<br>ကျမ်းညွှန်း-(၈၃၀) ဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ-၂။ | ၃၁၃ |
| ၁၄၀ | မဂ်ဖြင့်ပယ်သည့် သံယောဇဉ် (၁၀)ပါး။<br>ကျမ်းညွှန်း-(၈၃၀) ဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ-၂။ | ၃၁၄ |
| ၁၄၁ | မဂ်ဖြင့်ပယ်သည့် ဒုစရိုက်(၁၀)ပါး။<br>ကျမ်းညွှန်း-(၈၃၀) ဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ-၂။ | ၃၁၅ |
| ၁၄၂ | မဂ်ဖြင့်ပယ်သည့် အာသဝတရား(၄)ပါး<br>ကျမ်းညွှန်း-(၈၃၀) ဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ-၂။ | ၃၁၆ |
| ၁၄၃ | မဂ်ဖြင့်ပယ်သည့် နီဝရဏ(၆)ပါး<br>ကျမ်းညွှန်း-(၈၃၀) ဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ-၂။ | ၃၁၆ |
| ၁၄၄ | မဂ်ဖြင့်ပယ်သည့် အနုသယ(၇)ပါး<br>ကျမ်းညွှန်း-(၈၃၀) ဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိမဂ္ဂ-၂။ | ၃၁၇ |

စိတ်ထဲမှာတည်ငြိမ်မှု၊ အေးငြိမ်းမှုကတော့ အာရုံပြုလိုက်တိုင်း ရှိနေပါတယ်။ ကိလေသာတွေ ကင်းဆိတ်နေပါတယ်။ အသိသတိ ဆက်နေပါတယ်။ ဘဝဟာအခုမှပဲ အဓိပ္ပာယ်ပြည့်ဝတယ်လို့ ခံစားမိပါတယ်။ တစ်စုံတစ်ယောက်ကို ပြောပြလို့တော့ နားလည်မယ် မထင်တော့ပါဘူးဘုရား။

စိတ်က ကြည်လင်တောက်ပနေတယ်။ ညီညွတ်မျှတနေတယ်။ တုန်လှုပ်မှုကင်းနေသော်လည်း ရှုနေတာ၊ မှတ်နေတာ၊ ပွားနေတာ မဟုတ်ပါဘုရား။ သိနေရုံမျှပါဘုရား။ နောက်ထပ်တနည်း လျှောက်ထားရရင် သဘောပေါက်နေတာမျှပါဘုရား။ အဲဒီလို သဘောပေါက်တဲ့အင်အားကြောင့် စိတ်တည်ကြည်ခိုင်ခံ့တာ၊ ငြိမ်းအေးနေတာလို့ တပည့်တော်ပိုပြီး နားလည်နိုင်လာပါပြီ ဘုရား။

စိတ်မှာကြည်လင်အေးချမ်းလာတယ်၊ စိတ်ရဲ့ကြည်လင်အေးချမ်းမှုဟာ ရုံခါရုပ်ထိအောင် ထင်ဟပ်ပြီးတော့မှ ရုပ်တွေပါ ကြည်လင်အေးချမ်းလာတယ်။ လန်းဆန်းလာပါတယ်။ ဒါက ရှုမှတ်မှု တစ်ချက်တိုင်း တစ်ချက်တိုင်းမှာ ဖြစ်နေတဲ့ ဓမ္မရဲ့သတ္တိတွေပဲလို့ ထင်ပါတယ်ဘုရား။